နမောတေဗုဒ္ဓဝီရတ္ထု၊

# မဟာဗောဓိမြိုင် ဆရာတော်
# ဝနဝါသီ ဥယျဓမ္မသာမိထေရ်

# သဍ္ဍုပါဒါန ကာထာ

အစိတ်အပိုင်းများစွာဖြင့် ဖွဲ့စည်းထားသော ကားတစ်စီးအကြောင်း



နတ်တလှူသာသနာပြုအသင်းမှစီစဉ်ထုတ်ဝေသည်

2002 - GRAPHIC DESIGNED BY ZIN MIN LU & AIKE MOON

မြန်ချိုရေး(ပင်မ)

ဦးခင်မောင်သန်း (ဥက္ကဋ္ဌ)၊ နတ်တလုသာသနာပြုအသင်း
ရန်ကြီးအောင်ရပ်၊ ဇီးကုန်းမြို့
ထန်းတပင်စာတိုက်၊ စစ်ကိုင်းတိုင်း
ဖုန်း-ဇီးကုန်း-၅၃

ရန်ကုန်မြန်ချိုရေး

သုဝဏ္ဏသျှမ်
သာသနာပြုစာစဉ်

၇၄၊ သာယာအေးလမ်း
၃-ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်၊
ဖုန်း-၆၆၀၆၇၀

ပထမအကြိမ်

၁၃၆၃ ခုနှစ်၊ တပေါင်းလ

၂၀၀၂ ခုနှစ်၊ မတ်လ

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၄/၂၀၀၂ (၁)

စာမူခွင့်ပြုချက်အမှတ် - ၂၁/၂၀၀၂ (၁)

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံး - ဇင်မင်းလှ & အိုက်မွန်း

စာစီ - "စံ" ကွန်ပျူတာ

အတွင်းဖလင် - AZ

စာအုပ်ချုပ် - ကိုတင်အေး(လှိုင်)

ထုတ်ဝေသူ

ဦးညွန့်ငွေး၊ စိန်ပန်းမြိုင်စာပေ

၂၃-အေ၊ ဦးကောင်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်

ဒေါ်ညွန့်ညွန့်တင်၊ စိမ်းညွန့်စံအော့ဖ်ဆက်

အမှတ်-၂၁၊ ရတနာသိဒ္ဓိလမ်း၊ မုန့်လက်ဆောင်းကုန်း၊

စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဒေါ်ထားထားကြည် (မြဲ-၀၆၀၁၃) ထင်အော့ဖ်ဆက်

အမှတ်-၃၇၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်လုပ်ရေးအဖွဲ့

နတ်တလှသာသနာပြုအသင်း

အကျိုးဆောင်

အောင်ကျော်စံ

တန်ဖိုး - ၁၂၅၀ ကျပ်

မွမ်းမံဖန်တီးမှု - အိုက်မွန်း

နမောတေ ဗုဒ္ဓ ဝိရုဠှ၊

နတ်တလူစာစဉ် ( ၄ )

ကျေးဇူးတော်ရှင်
# မဟာဗောဓိမြိုင်ဆရာတော်
# ဝနဝါသီဥဒ္ဒေသုမ္မဝသာမိထေရ်

စာစဉ်အမှတ် ( ၂၆ )

# ခန္ဓုပါဒါနကထာ

အစိတ်အပိုင်းများစွာဖြင့် ဖွဲ့စည်းထားသော
ကားတစ်စီးအကြောင်း

* ဥပါလိမ်ရဲ့ ခန္ဓာဖွဲ့ကား

အလှည့်တရား လက်ထက်ပွားကြောင့်

သွားရင်းကံပျက် သည်တစ်သက်

နောက်ဆက်မကောင်းသာ

၂၁၃၃၁၉

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသား အားလုံး၏**
**ပဓာနကျသော တာဝန်ဖြစ်သည်။**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း**
**ဘေးရန်ကင်းကွာ ပြည်သာယာ။**



ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်

ဝနဝါသီ ဥဃျဓမ္မသာမိထေရ်

## ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ထုတ်ပြန်တော်မူသော ဝါဆိုတော်စဉ်အညွှန်း

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၃၄၁ | ရန်ကုန် | သာသနာ့ဗိမာန် | ရဟန်းဖြစ်စနှစ် |
| ၂ | ၁၃၄၂ | သာစည် | ရွှေကျောင်းကုန်းတောင် | တောထွက်စနှစ် |
| ၃ | ၁၃၄၃ | ဇင်းကျိုက် | ဇင်းကျိုက်တောင် | သုံးဝါ |
| ၄ | ၁၃၄၄ | ဇင်းကျိုက် | မင်းတစ်ရာ့တစ်ပါးတောင် | |
| ၅ | ၁၃၄၅ | ဇင်းကျိုက် | ကျောက်ခမောက်ဂူ | |
| ၆ | ၁၃၄၆ | ဖူးကြီး | သံသုမာရတောင် | နှစ်ဝါ |
| ၇ | ၁၃၄၇ | ဖူးကြီး | သံသုမာရတောင် | |
| ၈ | ၁၃၄၈ | စစ်ကိုင်း | အရှေ့ပရက္ကမချောင် | နှစ်ဝါ |
| ၉ | ၁၃၄၉ | စစ်ကိုင်း | အရှေ့ပရက္ကမချောင် | |
| ၁၀ | ၁၃၅၀ | သာစည် | ရွှေကျောင်းကုန်း | သုံးဝါ |
| ၁၁ | ၁၃၅၁ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၂ | ၁၃၅၂ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၃ | ၁၃၅၃ | ပျဉ်းမနား | လက်လုပ်တောင် | သုံးဝါ |
| ၁၄ | ၁၃၅၄ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၅ | ၁၃၅၅ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၆ | ၁၃၅၆ | သုဝဏ္ဏသျှံ | ဘုန်းတော်ပြည့်တောင် | သုံးဝါ |
| ၁၇ | ၁၃၅၇ | သုဝဏ္ဏသျှံ | မဟာဗောဓိမြိုင် | (ရှမ်းပြည်နယ်၊ |
| ၁၈ | ၁၃၅၈ | သုဝဏ္ဏသျှံ | မဟာဗောဓိမြိုင် | မိုင်းပျဉ်း) |
| ၁၉ | ၁၃၅၉ | ဓာတိမြေ | နတ်တလူ | တစ်ဝါ |
| ၂၀ | ၁၃၆၀ | ပြင်ဦးလွင် | ဝေဒလ္လ | တစ်ဝါ (ဒီးဒုတ်ဒုဋ္ဌာအနီး) |
| ၂၁ | ၁၃၆၁ | ဂန့်ဂေါ | မဈိမ ဓမ္မမောနိဂူ | တစ်ဝါ (လယ်ဓမ္မအနီး) |
| ၂၂ | ၁၃၆၂ | ဂန့်ဂေါ | မောနေယျတော | (စကားရှာအနီး) |

## ခေတ္တ သီတင်းသုံးခဲ့ပူးသော နေရာများ

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| (က) | ၁၃၄၃ | ဖင်းကျိုက် | ရသေ့မဝ္ဂ | သုံးလခန့် |
| (ခ) | ၁၃၄၅ | ဖင်းကျိုက် | ဖရုံညှာစခန်း | တစ်လ (ပန်းကုန်းရွာအနီး) |
| (ဂ) | ၁၃၄၉ | မိတ္ထီလာ | တောင်စဉ် | တစ်လ |
| (ဃ) | ၁၃၆၀ | ကျောက်ဆည် | ကျောက်ထီးတောင် | နှစ်လ |
| (င) | ၁၃၆၁ | ပုလဲ | ဝါးသုံးရုံစခန်း | ၇၂-ရက် |

# ကျေးဇူးမှတ်တမ်း

* ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီဥေယျ ဓမ္မသာမိထေရ် အရှင်မြတ်သည် ကန့်ဘလူမြို့နယ်၊ နတ်တလူတောရတွင် သုံးနှစ်သုံးဝါ သီတင်းသုံး သာသနာပြုတော်မူပြီးနောက် ၁၃၆၁ ခုနှစ်မှ စ၍ ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာတောတောင်တစ်နေရာတွင် တစ်ပါးတည်း သီတင်းသုံးတော်မူလျက်ရှိပါသည်။ ထိုသို့ သီတင်းသုံးတရားအားထုတ် လျက်က တပည့်၊ ဒကာ ဝေနေယျ အစားစားတို့အတွက် ဤကျမ်းစာမူ **'ခန္ဓပါဒါနကထာ'** ကို ရေးသားပြုပြင် စီရင်ပေးသနားတော်မူခဲ့ပါသည်။

* ဤကျမ်းစာအုပ်ကို ဗုဒ္ဓဘာသာဝင်များအတွက် လက်ရင်းထား အားကိုးထိုက်သော ကျမ်းတစ်စောင်အဖြစ် ရွှေဘိုခရိုင်၊ ဓိးကုန်းမြို့ 'ရွှေဖောင်ဦး ပရိယတ္တိစာသင်တိုက်' နာယကဆရာတော် ဦးသုဇာတမှ စိစစ်တည်းဖြတ်ပေးတော်မူခဲ့ပါသည်။ သို့ပါ၍ ဆရာတော် ဦးသုဇာတ၏ ကျေးဇူးဂုဏ်ကိုလည်း လက်စုံမိုးရှိခိုး၍ မှတ်တမ်းတင်အပ်ပါသည်။ စာအကျ အပေါက်နှင့် ချွတ်ချော်မှုရှိခဲ့ပါသော် ကျွန်တော်တို့မှာသာ တာဝန်ရှိကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

* ထို့အပြင်… မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး၏ လက်ရေး စာမူကို ယူဆောင်ပေးပို့ခဲ့သော ဂန့်ဂေါမြို့နယ်၊ လယ်ဓမ္မအစိုးရမူလတန်း ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်ဘွားနှင့် စာအုပ်ဖြစ်မြောက်ရေး အတွက် အဖက်ဖက်မှ ကူညီသူ ဓမ္မမိတ်ဆွေအားလုံးကိုလည်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

* ဤကျမ်းစာမူကို ပုံနှိပ်ထုတ်ဝေခွင့်ပြုခဲ့သော သာသနာရေးဦးစီး ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စာပေစိစစ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား လည်း အထူးပင်ကျေးဇူးတင်ပါကြောင်း ဂါရဝတရား ဦးထိပ်ထား၍ ဖော်ပြ အပ်ပါသည်။

**နတ်တလူသာသနာပြုအသင်း**
**ကန့်ဘလူမြို့နယ်၊ ရွှေဘိုခရိုင်**
**၁၃၆၂ ခု၊ တော်သလင်းလပြည့်ကျော် (၇) ရက်**

# မာတိကာ


- ဥပါဒါန်လိမ် ခန္ဓာအိမ်ကား
- ခန္ဓုပါဒါနကထာကျမ်းဦး

သက်မဲ့လူသားယန္တရား

ဤကျမ်းကိုစီရင်ရာဝယ်

ဤကျမ်းကိုကြည့် သင့်အကြောင်းသင်သိခဲ့လျှင်

- ပဋိစ္စသမုပ္ပါဒ်တို့၏ သရုပ်သကန်များ ၁

(က) ပဋိစ္စသမုပ္ပါဒ်တို့၏ အခြေခံသရုပ်များ ၇

ဘဝသွားလမ်း သည်စခန်း အလှမ်းစွဲစိတ်သာ ၁၂

ဘဝဖြစ်ရိပ် အစိတ်အစိတ် တွဲချိတ်ချိတ်လျက်သာ ၁၅

တစ်နွယ်ငင်ရာ တစ်စင်ပါ ခြင်းရာနှစ်ဆယ်ရှိ ၁၇

ခြင်းရာ သတ်မှတ် ကြောင်းကျိုးစပ် အဖြတ်လေးခုသာ ၁၉

အဝိဇ္ဇာသို့ ပြန်လှည့်ပေးနေသောအရာ ၂၁

ဝဋ်အမြဲ ငရဲအပ ထိုကထာ ဤမှလာသည်သာ ၂၅

ကိလေသာဝဋ် စိတ်မလွတ် အမွတ်မပြေသာ ၂၉

လက်ရှိ၏ ကမ္မဘဝ ဥပပတ္တိဘဝများ ၃၁

မျိုးချဝဋ်အကြောင်းခံ ကောင်းရန်ဘယ်မရှိ ၃၃

(ခ) ပဋ္ဌာန်းတရား၏အခြေခံသရုပ်များ ၃၅

ပဋ္ဌာန်းသည် သတ္တဝါအားလုံးတို့၏သက်ဦးဆံပိုင် ၃၈

ပဋ္ဌာန်းဆက်မကင်းသော ဤလောက ၄၀

ကိုယ့်ကိုယ်ကိုယ်ကျေးဇူးပြုခြင်းသည် ပဋ္ဌာန်း၏သော့ချက် ၄၂

ပဋ္ဌာန်းတို့၏ သရုပ်သကန်များ ၄၄

ဟေတုပစ္စည်း ၄၄

အာရမ္မဏပစ္စည်း၊ အဓိပတိပစ္စည်း ၄၅

အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း ၄၆
သဟဇာတပစ္စည်း ၄၇
အညမညပစ္စည်း ၄၈
နိဿယပစ္စည်း ၄၉
ဥပနိဿယပစ္စည်း၊ ပုရေဇာတပစ္စည်း ၅၀
ပစ္ဆာဇာတပစ္စည်း ၅၁
အာသေဝနပစ္စည်း ၅၂
ကမ္မပစ္စည်း ၅၃
ဝိပါကပစ္စည်း ၅၄
အာဟာရပစ္စည်း ၅၆
ဣန္ဒြိယပစ္စည်း ၅၇
ဈာနပစ္စည်း ၅၉
မဂ္ဂပစ္စည်း ၆၁
သမ္ပယုတ္တပစ္စည်း ၆၃
ဝိပ္ပယုတ္တပစ္စည်း ၆၅
အတ္ထိပစ္စည်း ၆၆
နတ္ထိပစ္စည်း ၆၇
ဝိဂတပစ္စည်း ၆၉
အဝိဂတပစ္စည်း ၇၀
(ဂ) **စိတ်နှင့်အပေါင်းပါတို့၏အလေ့အထများ** ၇၅
သိဆိုသော သိမှုတစ်ပါး စိတ်ဝယ်ဘာအစွမ်းသတ္တိမျှမရှိ ၇၇
စိတ်ကိုမှီ၍ စိတ်ကို ကြိုးကိုင်ပေးနေသူများ ၇၉
စိတ်ကြိုးကိုင်တို့၏ အုပ်စုကွဲများ ၇၉
ပိတ်ဖြူကိုအမဲဆိုးသော အထက်ဆင်စ အရောင်းသမားပမာ ၈၂
(က) စိတ်ကိုအလိုချင်နိုင်း၍ အရိုင်းဇာတ်သွင်းပေးခြင်း ၈၅
အကြိုက်ညစ် ဘာဖြစ်ဖြစ်ထဲသို့ ဝင်သွားမည် ၈၈
(ခ) စိတ်ကို အမဲဖမ်း၍ ဇာတ်ကြမ်းကစေခြင်း ၉၁
စိတ်မစွဲ ငရဲမကြောက်သာ ၉၃

(ဂ) စိတ်ကို အမွဲဖုံး၍ အညွန့်တုံးစေခြင်း ၉၅
တိုက်ပွဲမှဒဏ်ရာရများကို ကုစားပေးခြင်း ၉၈
၂၇ ဦးကော်မတီဖွဲ့၍နယ်ပယ်ကိုထိန်းချုပ်ထားခြင်း ၁၀၀
(က) တွင်ကျယ်လှသော ပဲခူးဆားခုနစ်မျိုး ၁၀၂
(ခ) သာရာဝေ့ လေလျက်ရှိသော ဆိတ်လစေ့ခြောက်မျိုး ၁၀၆
စီးပွားဖြစ်မည်ဆိုက အလစ်သုတ်သမားများနှင့်လည်း
ပေါင်းမည် ၁၀၈

အမဲကိုလျှော်ဖွတ် ဖြူဆွတ်စေသော ခဝါသည်များပမာ ၁၁၁
(က) ရှောင်ကြဉ်ရေးလုပ်ငန်းစု ၁၁၄
(ခ) ကောင်းကွက်ဖော်ရာ၌မပါမဖြစ်သောထိုတရားနှစ်ပါး ၁၁၆
(ဂ) အမြင်မှာ ပညာပါမှ ပြည့်စုံမည် ၁၁၈
ပညာဦးစီးသော ဆယ်ဦးကော်မတီ ၁၁၉
(က) အယုတ်မှအမြတ်သို့ ၁၂၁
သိစိတ်ကို ကုသိုလ်အဖြစ် ပြောင်းလဲပေးရာ၌ ၁၂၆
(ခ) အမြတ်မှ အမြင့်သို့ ၁၂၉
ဉာဏ်ယှဉ်စိတ်ဖြင့်ပင် ဈာန်ဝင်စားခြင်း ၁၃၅
ဈာန်စိတ်၌ စေတသိက်တို့ အတွဲနည်းလာပြီ ၁၃၈
ကံ၊ဈာန်၊ဉာဏ် ကုသိုလ်တို့၏ အကျိုးပေးလမ်းခွဲများ ၁၃၉
(ဂ) အမြင့်မှသည် အပွင့်ဆီသို့ ၁၄၁
စာရင်းရှင်း ချင်းချင်းအုပ်စုဖွဲ့ကြစို့ ၁၄၈
(ဃ) မြှောက်ပင့်တိုင်းလှုပ် ဤသည့်ရုပ်ရုပ်သေးပမာသာ ၁၅၄
ပန်းပုဆရာ၏ စိတ်မှဖြစ်သောအရုပ်များ ၁၅၅
အကုသိုလ်ခေတ် ယူမဖြစ် နစ်မြဲနစ်မည်သာ ၁၅၇
ဘဝလမ်းဆုံ ဤလူ့ဘုံ အစုံသွားနိုင်သည် ၁၆၁
အစွဲသိလေလူ့ဘဝထဲသို့တည့်တည့်တိုးဝင်လာနေခြင်း ၁၆၄
လယ်-မျိုး-မိုး သုံးမျိုးခလောက် အပင်ပေါက်လိမ့် ၁၆၆
အမေ့အိမ်ရောက်စ သင့်ဘဝ မလှမပသာ ၁၇၀

အမေ့အိမ်ထွက် ငိုရချက် ရှိက်လျက် ရှိက်လျက်သာ ၁၇၂
အသုံးကျရုပ်နှင့် အသုံးမကျရုပ် နှစ်မျိုး ၁၇၃
သင့်ရုပ် မည်သူက ထုလုပ်ပေးသနည်း ၁၈၀
ကံကြောင့်ဖြစ်ပေါ်လာသောရုပ်များ ၁၈၁
စိတ်ကြောင့်ဖြစ်သောရုပ်များ ၁၈၂
ကလပ်မြူမှုန်ကလလဘုံလေးထဲမှာ ၁၈၄
ဥတုနှင့်စိတ်ကြောင့် ဖြစ်သောရုပ်များ ၁၈၅
အဟာရနှင့်စိတ်-ဥတုတို့ကြောင့်ဖြစ်သောရုပ်များ ၁၈၇
အဟာရနှင့်ဥတုကံစိတ်တို့ကြောင့်ဖြစ်ခွင့်ရရုပ်များ ၁၈၈
ကင်းမကင်း အငြင်းပွားရသောရုပ်များ ၁၉၂
ဓာတ်ပန်းကန် အကွက်ရိုက်ပြီးပြီ ၁၉၇
စိတ်အရာပေး လမ်းကလေး ၂၀၀
စိတ်ကျရာဖက် အသက်ဝင်ပေးရသောရုပ် ၂၀၃

၁။ ကုသိုလ်မှ အကုသိုလ်သို့
''ခ''အဆင့် သဘာဝတရားအကျယ်အားဖြင့် ဝေဖန်ခြင်း ၂၀၉
စွန့်လွှတ်မှုနှင့်စောင့်စည်းမှုသည် လွတ်မြောက်မှုကို
အထောက်ကူပြုသည်ဆိုသော်လည်း ၂၁၂
ဒါနကို ပဋ္ဌာန်းဖြင့် အနီးကပ်ကြည့်ခြင်း ၂၁၄
ကုသိုလ်ပြု၍ အကုသိုလ်စုလျက်ရှိသော သင့်အတွက် ၂၃၂
ဒါနကိစ္စရပ် ပဋိစ္စသမုပ္ပါဒ်ဖြင့် ဆက်စပ်ကြည့်သောအခါ ၂၃၄
မသိမှု အရင်းခံ လိုချင်မှု အတွင်းကြံ ကြံမိ၍ ၂၃၇
သင်ပြုစုသောဒါန အဘိဓမ္မာသဘာဝဖြင့်
ဖယားချကြည့်သောအခါ ၂၄၄

၂။ ကုသိုလ်မှ ကုသိုလ်သို့
သရက်တစ်စေ့မှအပင် ဥယျာဉ်တော်အထိ တွင်ကျယ်စေသည် ၂၅၅
သရဏဂုံနှင့်မကင်းသော ငါတို့သာသနာ ၂၆၃
လက္ခဏာဖတ် အတတ်သင်လုပ်ငန်း ၂၆၈

ကောက်စိုက်၍ စပါးကိုသာ သိမ်းပိုက်သော
လယ်သမားကြီးများ ၂၇၃
မြို့ပတ်ဖြစ်နေ၍ ရထားခေါင်း ပြောင်းပြန် ခုတ်မောင်းမည် ၂၇၆

## ၃။ ကုသိုလ်မှ အဗျာကတသို့

မျိုးစေ့တွေ ဘယ်လောက်များစေ ဖိုခွင်တင်လျော်သင်း
မျိုးပင်မကြွင်းနေ ၂၈၃
စားပါလျှင် စားရာမှပင် ရန်သူကိုသေစေ၏ ၂၈၇
ကားထွက်တော့မည့် ခရီးသည်တွေတက် ၂၉၁
တံခါးမလုံခွေးတိုး ခွေးဆိုးပါလျှင် ခိုးစားခံရမည် ၂၉၆
တံခါးလုံရာခွေးတိုး ဘိုးလာသောခွေး ခေါင်းခါပြေးလိမ့် ၂၉၉
ထားရာသို့ စိတ်အားလုံး စုရုံးလာသောအခါ ၃၀၁
အမှုတွဲ နယ်ခွဲ၍စစ်မည် ၃၀၄
အမှုမပြေငြိမ်း ရုံးချိန်းဖြင့် နေလေဦး ၃၀၇
ပဲခူးဆားသတိ ကြားမှဝင်ညှိပေးလိုက်ရာ ၃၁၁
သတိ၏သတ္တိ အပြည့်သုံးကြည့်တတ်သူသာ သိ၏ ၃၁၃
အရှိန်ပြင်း၊ အဆင်းမရှိ ရှင်းမရှိ ၃၁၆
ကဲ...စခန်းရောက်ပြီ၊ ခရီးသည်တွေ ဆင်းကြ ဆင်းကြ ၃၁၈
ကဲ...လမ်းဆုံးပြီ အားလုံးဆင်းကြတော့ ၃၂၀
သဘာဝတရားအားလုံး ပေါင်းရုံးဝေဖန်ခြင်း ၃၂၄
ရှိ၍သာ သွားနေကြသော ထိုနိဗ္ဗာန် ၃၂၈
အစွဲနှင့်အစု ဟုတ်မဟုတ် သန့်ရှင်းကစောင့်ရှု ၃၃၀
အမေဝမ်းအောင်းမှ သန့်ရှင်းမြေအောင်းသို့ ၃၃၇

## ဥပါဒါန်လိမ် ခန္ဓာအိမ်ကား

✓၊ ခန္ဓာသည်ကား-သူ့အုပ်စုနှင့်သူ သဘောတူရာချင်း အုပ်စုဖွဲ့ လျက်က သက်မဲ့စက်ယန္တရားရှိပင်နယ်နှင့် စက်အစိတ်အပိုင်းများပမာ အရှိန်တွန်းအားတို့ကို မလွန်ဆန်နိုင်သဖြင့်သာ ရွေ့လျားနေရချေသည်။

✓၊ သူ့၌မည်သည့် သတ္တိမျှမရှိ၊ တစ်ခုချင်းခွဲထားခံရသော် သက်မဲ့သည် သက်မဲ့မျှသာဖြစ်ဘိ၏။

✓၊ သူသည် မည်သည့်အာရုံမျှ မသိမှီး၊ အာရုံတို့၏ ထိပါးခြင်းကြောင့် ဖြစ်ပေါ်လာသော အနတ္တသတ္တိ သိကာမတ္တ သိဖြစ်နေခြင်းကြောင့်…

✓၊ သူသည် မည်သည့်အာရုံပုံတူကိုမျှ ကူးယူမထားတတ်၊ နောက်နောက်တို့ တိုးဝင်လာတိုင်း ရှေ့ရှေ့တို့အုပ်စုလိုက်ပျက်ကျသွားသောကြောင့်…

✓၊ ဥပါဒါန်တို့သည်သာ အစွဲတေး တေးလျက်က လိုလားခြင်း မလိုလားခြင်းများကိုလည်း ဖန်တီးပေး၏။ လိုလားရာ မလိုလားရာများနှင့် ခန္ဓာကိုလည်း စေ့စပ်ခြင်း၊ ကွာရှင်းခြင်းပြုလုပ်ပေး၏။

✓၊ ထို့အပြင် ငါနှင့်ခန္ဓာကိုလည်း တွဲပေး၏။ ထိုငါ့ခန္ဓာက အကျင့်ကိုလည်းကောင်း၊ အပြော အကြံတို့ကိုလည်းကောင်း တာဝန်ခံစေ၏။

✓၊ ထိုကုလားဖန်ထိုးသမား ဥပါဒါန်ကား သူ့ချည်းမဟုတ်ပါချေ။ ခန္ဓာပိုင်ဝိညာဉ်ကို လည်းကောင်း ဝေဒနာ၊ သညာ၊ စေတနာ စသည်များကိုလည်းကောင်း သူပိုင် သူကိုင် အပိုင်စည်းရုံးသိမ်းသွင်းကာ သူ့နောက်ပါး ထားသေး၏။

အကယ်၍သာ…

✓၊ ထိုဥပါဒါန် သင့်ခန္ဓာ၌ မရှိတော့ပါလျှင် ယနေ့မရှိ ယနေ့ပင် သင့်ဘဝ သင့်ခန္ဓာ သင့်ဖြစ်စဉ်ကြီးကား မောင်းသူမဲ့ယန္တရားစက်ပမာတည်း။

ကျမ်းစာအမှတ် ( ၂၆ )

## ခန္ဓပြဒါနကထာ

နမောတဿ ဗုဒ္ဓ ဝိရဋ္ဌ

(က) ဉေယျမဗ္ဗေ ပဥ္စသဗ္ဗေ သယံ အညာသိ ယောဗုဒ္ဓေါ၊
အထခေါ သမဓိဝါနံ ဝိနေယျာနံ သမံ ဒဒံ၊
သခ်ါရံဝါ ဝိကာရံဝါ ပညတ္တံဝါ လက္ခဏံဝါ၊
နိဗ္ဗာနံ ပဥ္စမံ ဣမေ ဝိညာပေသိ ဒိနေ ဒိနေ၊
တဒေတံ ဂုဏာယံ သရံ-သီသံ ဝန္ဒာမိ နမနံ။ ။

(ခ) ဝန္ဒိတွာ ဗုဒ္ဓသဉေယျံ သတ္တာနံ သံသာရေ စရံ၊
ကေနဋ္ဌေနေဝ စရတိ ဩတရတိ ဘာဝယန္တော
တမှာခေါ ကထမိဒံမံ ဒီပကံယံ ပကာရဏံ
ရစိဿံ ဆေဒအခေဒံ ပဝိဿံ နိက္ခမံ မဂ္ဂံ ။

(က) ယောဗုဒ္ဓေါ - အကြင်ဘုရားမြတ်သည်
ပဥ္စသဗ္ဗေ - ငါးပါးစဉ်လျက် အရေအတွက် ရှိပါကုန်သော
ဉေယျမဗ္ဗေ - သိသင့်သိအပ် ခံစားအပ်သည့် တရားတော်တို့ကို
သယံ - ကိုယ်တော်တိုင်ပင် အညာသိလက်ငင်းဒက်ထိ
ထိုးထွင်းသိ သိရှိတော်မူခဲ့ပါချေပြီ။

နတ်တလူစာစဉ်

**အထခေါ်** - ထိုသို့ သိပြီး ရှိပြီးသောနောက် တောက် လျှောက်သာလျှင် **သမဇိဝါနံ** - အသက်ထက်ဆုံး ဝါ အသက် နှင့်ထပ်တူ **ဝိနေယျာနံ** - ကျွတ်ထိုက်ရှိသူ များဗိုလ်လူတို့အား လည်း သမံ - မိမိအလား သဘောထားကာ ဒဒံ ဒဒတော - ပေးဝေသောအားဖြင့် သောဗုဒ္ဓေါ - ထိုဘုရားမြတ်သည်

**သဒ္ဒါရံဝါ** - သဒ္ဒါရ၏ အကြောင်းချင်းရာ ဓမ္မတာကို လည်းကောင်း၊

ဝိကာရံဝါ - ဝိကာရ၏အကြောင်းချင်းရာ ဓမ္မတာကို လည်း ကောင်း၊

ပညတ္တံဝါ - ပညတ်တရား၏အကြောင်းဖန်ရာ ဓမ္မတာကို လည်းကောင်း၊

လက္ခဏံဝါ - လက္ခဏာများ အစားစား၏ အကြောင်းဖန်ရာ ဓမ္မတာကိုလည်းကောင်း

**ပဉ္စမံ** - ငါးခုမြောက်ဖြစ်သော **နိဗ္ဗာနံ ဝါ** - နိဗ္ဗာန်တရားသူ့ အလား၏ အကြောင်းထံထွာ ဓမ္မတာကိုလည်းကောင်း

ဣမေ - ဤငါးပါးတို့ကို ဒိနေဒိနေ - နေ့စဉ်မပြတ် အထပ် ထပ်ပင် **ဝိညာပေသိ** - သိစေတော်မူခဲ့ပါလေပြီ။

**တဒေတံဂုဏံ** - ကရုဏာထား လွန်ကြီးမားသည့် ထိုထို သို့သော ဂုဏ်ကျေးဇူးများကို **အဟံ** - ဥဒေယျဓမ္မသာမိ မည်တွင်ရှိလည်း ထိသိရုပ်နာမ် သူတို့နှစ်ပါးတို့၏ လုပ်ဟန်သာ ကေန်ရှိပါသော အကျွန်ုပ်သည်

သရံ - ဉာဏ်ဝယ်စွေ့စွေ့ လွန်အောက်မေ့လျက်ကလည်း ကောင်း၊

**သီသံနမန်** - ဥက္ကောင်းအမွတ်ညွှတ်လျက်ကလည်းကောင်း **ဝန္ဒာမိ** - လေးမြတ်ရိုကျိုး မာန်အံပြို့လျက် ပွားပို့ပူဇော်ပါ၏။

(ခ) **ဗုဒ္ဓဿ** - ဘုရားရှင်၏ -

**ဧ_ယံ** - သိစရာရှိသမျှ တစ်စမကျန် ကေန်သိ ထိုးထွင်း ဉာဏ်ကို **ဝန္ဒိတွာ** - ပဏာမထား ရှေ့ပြေးအားဖြင့် ညွှတ်တွား ပြီး၍ **ဝါ** - ရှေ့ပြေးညွှတ်တွား ပဏာမထားပြီးသော် **သတ္တာနံ** - သတ္တဝါအနန္တတို့၏ **သံသာရေ** - သံသရာ၌၊ **စရံ စရန္တော** - ကျင်လည်နေကြရခြင်းသည်ကား **ကောနဗ္ဗေနေဝ** - အဘယ် သို့သော အကြောင်းကြောင့်လျှင် **စရတိ** - လည်ပတ်နေရလေ သနည်း။

**ကထံ** - အဘယ်တရားကို **ဘာဝယန္တော** - ပွားများခဲ့သည် ရှိသော် **ဝါ** ပွားများခဲ့ပါလျှင်၊ **ဟမှာ** - ထိုသံသရာမှ၊ **ဩတရတိခေါ** - တက်ရောက်နိုင်မည်နည်း။

**ဣဒံ** - ဤအကြောင်းတရားနှစ်ပါးကို၊ **ဒီပကံ** - ထွန်းပြရာ ဖြစ်သော၊ **ဆေဒ အဆေဒံ** - ဖြတ်ခြင်း မဖြတ်ခြင်းအရင်း ရှိသော၊ **ပဝိဿံ နိက္ခမံ မဂ္ဂံ** - အဝင်စခန်း အထွက်လမ်း လည်းဖြစ်သော **ဝါ** ဝင်လမ်း ထွက်လမ်း ဝေဖန်ခန်းဖြစ်သော **ဣမံ ပကာရဏံ** - ဤ ခန္ဓပါဒါနကထာ ကျမ်းကို **အဟံ** - ဝနဝါသီထေရ်မဟာ အရညဝါသီတောရပ်မှီလျက် လှည့်လည်ပျော်မွေ့ ကျင့်လေ့ရှိပါသော အကျွန်ုပ် ဧဍယျမဗ္ဗ သာမိမဟာထေရ်သည် **ရစိဿံ** -ရေးသားတီထွင်စီရင်ခဲ့ပါအံ့။

# သက်မဲ့လူသား ယန္တရား

ဝါယုနာ - လေဖြင့် ယန္တံ - သွားသော ယာနံ - ယာဉ်သည် ယန္တာယာနံ - ယန္တယာနမည်၏၊ ဝါ ယန္တရားမည်၏။

လေယာဉ်ဟူသောစကားသည်ကား ပြင်ပလေပြင်ဝယ် ခရီးပြင်းနှင်ရသော စက်တပ်ယန္တရားပင်တည်း။

တစ်ဖန် ရေယာဉ်၊ မော်တော်ယာဉ် စသည် ယာဉ်ပါစကားအစားစားများသည်ကား ယင်းယာဉ်များ၏ အတွင်းရှိ လေသတ္တိများ၏ တွန်းကန်လှုပ်ရှားမှုများဖြင့် ခရီးပြင်းနှင်ကြရသော စက်တပ်ယန္တရားများချည်းပင်တည်း။

သို့ဆိုသော်

လူအစထား သတ္တဝါအစားစားတို့သည်လည်း ၎င်းတို့ခန္ဓာတွင်းရှိ .

(က) မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ အခိုးဓာတ်တည်းဟူသော ဓာတ်သတ္တိထူးများ၏ စွမ်းအားဖြင့်သာ သက်ဝင်လှုပ်ရှားခွင့်ရကြလေသောကြောင့် စက်တပ်ယာဉ်ပမာပင် သမုတ်အပ်ပါကုန်၏။

(ခ) တစ်ဖန် ကံသတ္တိ၊ စိတ်သတ္တိ၊ ဥတုသတ္တိ၊ အဟာရသတ္တိတို့၏ ပြုပြင်စီရင်မှုများဖြင့်သာ လှုပ်ရှားရုန်းကန်ခွင့် ရကြလေသောကြောင့်လည်း စက်တပ်ယာဉ်ပမာသာပင် သမုတ်ထိုက်ပါကုန်၏။

ဤမှာဘက်ခေတ်၏ တီထွင်ဆန်းသစ်မှု ကိရိယာဖြင့် နှိုင်းစာ

မှုပြုရပါလျှင် ကွန်ပျူတာစက်ရုပ်နှင့်လူသား တစ်သားတည်းဟူ၍ပင် ဆိုသင့်ချေတော့၏။ ထိုတွင် -

ကွန်ပျူတာစက်ယန္တရားသည် မသိသေးသော အရှိပုစ္ဆာများကို အဖြေမှန်ထုတ်ဖော်ပေးရာ၌ သူ့ရှိစက်အစိတ်အပိုင်းကိရိယာများ၏ အကူအညီဖြင့်ပင် အရှိသရုပ် အဖြေမှန်ထုတ်ပေးလေ့ရှိသည် ဆို၏။ သက်ရှိလူသား သတ္တဝါအများစုကြီးသည်လည်း မသိသေးသော အရှိပုစ္ဆာများကို အဖြေမှန်ထုတ်ဖော်ပေးရာတိုင်းတို့၌ပင် သူ့ရှိ ခံစားပေးနေရမှု အစိတ်အပိုင်းကိရိယာများက ခံစားပေးလျက်က အသိပေးခြင်း မှတ်သားပေးနေရမှု၊ အစိတ်အပိုင်းကိရိယာများက မှတ်သားပေးလျက်က အသိပေးခြင်း၊ တွန်းအားပေး အစိတ်အပိုင်းကိရိယာများကလည်း မပြတ်စောင့်ထ ကြောင့်ကြစိုက်ပေးလျက်ကပင် အသိပေးခြင်း ကောင်း၏ ဆိုးသည် ထိုနှစ်လီကို သူ့ရှိဝသီဘော်ဖြင့် ထုတ်ဖော်ပေးတတ်သော ဆုံးဖြတ်ချက်ပေး အစိတ်အပိုင်းကိရိယာများကလည်း အရာရာကို သဘောကျသုံးသပ် ဆုံးဖြတ်ချက်ပေးလျက်က သိစေခြင်းဖြင့် တစ်ဖက်ရှိ အာရုံတို့၏ ဂုဏ်သတ္တိများကို အဖြေမှန်ထုတ်ပေးလျက်ကသာရှိချေရာ သက်ရှိအမည်ခံ လူသား သတ္တဝါများသည်လည်း ကွန်ပျူတာစက်ရုပ်နှင့် ဘာမျှမခြားနား တစ်သားတည်းသာ ရှိချေသည်။

ယင်းခံစားမှု မှတ်သားမှု ကြောင့်ကြစိုက်မှု သိပိုင်မှုအစိတ်အပိုင်းတို့ကင်းမဲ့ချေသော် သက်မဲ့သည် သက်မဲ့မျှသာ...

ထိုအခြင်းရာသည် သညာမဲ့ကာလ အသညသတ်ဗြဟ္မာ့ဘဝအဖြစ်သို့ ရောက်ရှိသွားသော လူသားသတ္တဝါများက သက်သေထူကာ ပြသနေ၏။ ၎င်းဗြဟ္မာတို့ကိုကြည့် သိနိုင်၏။

**နတ်တလုစာစဉ်**

ကွန်ပျူတာသည်လည်း သူ့ရှိအစိတ်အပိုင်းများကိုဖြုတ်၍ တစ်စစီ တစ်စစီထားရှိလိုက်လျှင် ထိုနည်းမခြားသာ ရှိချေရာ၏။

လူသည် အားမဲ့ရုပ်ခန္ဓာနှင့် အားမဲ့နာမ်ခန္ဓာ နှစ်ရပ်ပေါင်းစည်းမိလာမှသာ အသက်ဝင်၏။ မပေါင်းစည်းမိချိန် အသက်မဲ့ပင်… ။

ထိုကိစ္စကိုလည်း…

လူသားတို့ နိုးထချိန်နှင့် အိပ်မောကျချိန် ယင်းနှစ်မျိုး ချိန်ထိုးကြည့် သိနိုင်၏။ အိပ်မောကျချိန် သက်မဲ့ကား ထင်ရှား၏။ နိုးထလာချိန်၏ အသက်ဝင်လာခြင်းကလည်း ထင်ရှား၏။

ထိုသို့ စက်ရုပ်နှင့်လူသား ထူးမခြားနားဖြစ်ပါလျက်က

(က) စက်ရုပ်တို့သည်ကား ပျက်သုဉ်းပြီးနောက် တစ်ဖန် ပြန်မဖြစ်။

(ခ) လူသားများစွာ သတ္တဝါတို့သည်ကား အပျက်နောက်အဖြစ် ရောက်လာ၏။ ဤသို့ ကွဲပြားနေခြင်းကား ဘာ့ကြောင့်နည်း။

ယင်းအမေးသည် ဤကျမ်း၏ကျောရိုးပင် ဖြစ်ပါချေ၏။ ယင်းအမေးကို အခြေခံလျက်ကပင် သတ္တဝါတို့၏ လည်ပတ်ခြင်း ပြတ်တောက်ခြင်းကို ဝေဖန်မည် ဖြစ်၏။ ဝင်ရောက်ခြင်းနှင့် ထွက်မြောက်ခြင်းများကိုလည်း ဝေဖန်မည်ဖြစ်၏။

ထိုဝေဖန်ချက်များသည် စာမျက်နှာပေါ်ရှိ စာထက်အက္ခရာများဟူ၍ကား သင်မယူဆစေလို။

ငါတို့ရေးသားနေချိန် ငါတို့အတွက်ဟူ၍ ယူဆဘိသို့

သင်ဖတ်ရှုနေချိန် သင့်အတွက်ဟူ၍ ယူဆစေလို၏။

ထိုသို့ယူဆပါမှသာ…

ငါတို့သည်လည်း စာရေးဝါသနာပါသဖြင့် စာရေးတမ်းကစားနေသော အပျော်တမ်းစာရေးသမား မဟုတ်ဟူသော သရုပ်ပေါ်လွင်

စေမည်ဖြစ်ပြီး····

သင်သည်လည်း စာဖတ်ဝါသနာပါသဖြင့် စာဖတ်တမ်းကစားနေသော အပျော်တမ်းစာဖတ်သမား မဟုတ်ဟူသောသရုပ် အဟုတ်ပေါ်လွင်စေမည်ဖြစ်တော့၏။

ငါတို့သည် ရေးကျင့်ပါ၍ ရေးနေသော စာရေးဆရာ မဟုတ်ချေ။

သင်သည်လည်း ဖတ်ကျင့်ပါ၍ ဖတ်နေသော စာဖတ်သမား မဖြစ်သင့်ချေ။

## ဤကျမ်းကိုစီရင်ရာဝယ်

သင်မဖတ်မှတ်မီ လက်ဦးသိထားသင့်သောအချက်များကား

※ ဤကျမ်းကို စီရင်ရေးသားရာ၌···

(က) သင်လက်ကိုင်ပြုလျက်ကရှိသော- ပစ္စုပ္ပန်တစ်လျှောက်နှင့် ရှေ့နောက်တစ်ခွင် ဘဝတည်းဟူသော သင့်ဖြစ်စဉ် အမျှင်တန်းကြီးကို သင့်သွားလမ်းအဖြစ် တင်စားဖွင့်ဆိုမည်။

(ခ) သင်နေ့စဉ်ကျက်စား အာရုံတင်ကစားလျက်ကရှိသော ပဋိစ္စသမုပ္ပါဒ်တို့၏ သဘာဝများကို လမ်းထွင်လမ်းထား နေ့စားလုပ်သားများအဖြစ် တင်စားဖွင့်ဆိုမည်။

(ဂ) သင်နေ့စဉ်ကျက်စား အာရုံနှင့်ယှဉ် စိတ်ကစားလျက်က ရှိသော ပဋ္ဌာန်းသဘာဝတရားများ၏ ညွှန်ကြားမှုကိုကား လမ်းကြီးကြပ်ရေးလစား လမ်းမိုလ်ကလေးများအဖြစ် တင်စားဖွင့်ဆိုမည်။

(ဃ) သင်လက်ခံ သိမ်းပိုက်ထားလျက်ကရှိသော ရုပ်နာမ်စုံတို့ကိုကား
(၁) ရုပ်သည် ဓာတ်ကုန် သင်္ခါရအကုန် အစုန်စုန်တို့ဝင် ရောက် ခြယ်လှယ်ရာ ဓာတ်ကောင် သင်္ခါရဆောင်ဖြစ် ခြင်းကြောင့် စက်ကိရိယာစုံ အကုန်တပ်ဆင်ထားသော မော်တော်ယာဉ် ကားတစ်စီးပမာ တင်စားကာဖွင့်ဆို မည်။
(၂) နာမ်တွင်လည်း ဝိညာဉ်သည်ကား ကားမောင်းဆရာ အဖြစ်လည်းကောင်း ဝေဒနာ၊ သညာ၊ သင်္ခါရတို့သည် ကား ကားနောက်လိုက် အကူသမားများအဖြစ်လည်း ကောင်း တင်စားကာဖွင့်ဆိုမည်။

(င) ထိုမှကြွင်းသော တစ်ဖက်အာရုံရှင်များစွာတို့နှင့် အာရုံများစွာ တို့သည်လည်းကောင်း၊ ကိလေသာ သံယောဇဉ် စသည့် အတွင်းနေအစု အကုသိုလ်တရားကိုယ်ထုများသည်လည်း ကောင်း၊ ပုညကိရိယာ ဝတ္ထုစသည့် အတွင်းနေအစု ကုသိုလ် ကမ္မ ပထတရားကိုယ်ထုများသည်လည်းကောင်း၊ ခန္ဓာသို့ကပ် အနုသယဓာတ်ဖြင့် ကပ်လျက်လိုက်ပါလေ့ရှိသောကြောင့် ယာဉ်ထက်ပါသွား ခရီးသည်ကားစီးသမားများပမာ တင်စား ကာ ဖွင့်ဆိုမည်။

ထိုဖွင့်ဆိုချက်၏ ရည်ညွှန်းသော အကွက်သည်ကား သင်သည် ပင်လျှင် လမ်းဖောက်လျက်က ကိုယ့်လမ်းကိုယ် သွားလာကျက်စား နေသော တရားခံဟူသော အချက်ကို ပြတ်ပြတ်ထင်ထင် ပေါ်လွင် စေပြီး

* ငါသည်ပင် ပဋိစ္စသမုပ္ပါဒ်၊ ပဋိစ္စသမုပ္ပါဒ်သည်ကား ငါဟူ၍လည်းကောင်း

* ငါသည်ပင် ပဋ္ဌာန်းဆက်၊ ပဋ္ဌာန်းဆက်သည်ကား ငါဟူ၍လည်းကောင်း

* ငါ့လမ်းငါဖောက် ငါသည်ပင်တောက်လျှောက်သွားနေသူ ဟူ၍လည်းကောင်း

ထိုအချက်များပင် ဖြစ်ပါချေ၏။

ကိုယ့်စနက်က ကိုယ့်အားတာထွက်ခိုင်းနေခြင်းဟူသော အမြင်ပင်ဖြစ်ပါချေ၏။

## ဤကျမ်းစီရင်နည်း

ထိုသို့ မြင်သိစေရာဝယ် အကျဉ်းနည်း အကျယ်နည်းနှစ်မျိုး ရှိချေရာ···

(က) ဦးစွာဘဝဖြစ်စဉ်နှင့် ယှဉ်လျက်ကရှိသော ပဋိစ္စသမုပ္ပါဒ် ပဋ္ဌာန်းတို့၏ အကျဉ်းသရုပ်ထုတ်ပြခြင်း။

(ခ) ခန္ဓာငါးပါးတို့တွင် ရုပ်ခန္ဓာအတွက် အဘိဓမ္မာ၏ရုပ်ပိုင်း သရုပ်အကျဉ်းမျှထုတ်ပြခြင်း၊ နာမ်ခန္ဓာလေးပါးအတွက် စိတ်ပိုင်း စေတသိက်ပိုင်းများ၏ အကျဉ်းသရုပ်ထုတ်ပြခြင်း။

ထိုနှစ်ချက်ဖြင့် ဇာတ်ပနက်တည်ဆောက်မည် ဖြစ်၏။ ၎င်းတို့နှင့် ပူးတွဲလျက်ကပင် ထွက်လိုသူများအတွက် ထွက်လမ်းဖြစ်သော မဂ္ဂင်သရုပ်များနှင့် နိဗ္ဗာန်၏အလားကိုလည်း အကျဉ်းအားဖြင့် ထုတ်ဆင့်ထားခဲ့မည် ဖြစ်၏။ ဝင်ပနက် ထွက်ပနက် မည်သည့်

အချက် သင်လက်ကိုင်တတ်နေပါသည်ကို အပြောနှင့်အလုပ် သရုပ်ပေါ်လွင်စေရန်ဖြစ်၏။

အကျယ်ဝေဖန်ရာ၌မူကား…

ထိုအရာအားလုံးတို့ကို ရောနှောမွေနှောက် ရသင့်သမျှဖောက်လျက်က တီးခေါက်ပေးထားမည်ဖြစ်၏။ လမ်းသုံးလမ်းကိုလည်း တစ်ပါတည်း ပါစေမည်ဖြစ်၏။

ထိုတွင်…

ပဋ္ဌိစ္စသမုပ္ပါဒ်က ထွင်ပေးထားသောလမ်းသည်

အကုသိုလ်ရိုးပေါ်ရှိ ပတ်လမ်းသက်သက် အဓိကအချက်ဖြစ်ချေရာ ဤကျမ်း၌လည်း ယင်းကိုပင် မူသေလမ်းအဖြစ်ထားပြီး ကုသိုလ်၏ပတ်လမ်း ကုသိုလ်အကူဖြင့် ဖြတ်ထွက်လမ်းနှစ်မျိုးကိုကား မူသေလမ်းကြည့်လျက်က သိပုံမျိုးအဖြစ် အရိပ်မျှဖွင့်ဆိုမည်ဖြစ်၏။

## ဤကျမ်းကိုကြည့် သင့်အကြောင်း သင်သိခဲ့လျှင်

သင်သည် ဤကျမ်းကို လေ့လာသုံးသပ်လျက်က

❊ သြော် ငါသည်ကား ဝက်သား၊ ဆီ၊ ဆား၊ ချင်း၊ ငရုတ်များကို တခြားချည်းမှသည် တစ်သားတည်းအဖြစ် ဖိုသွင်တင်အိုးမီးပူထိုးကာ တမင်ဖန်တီးလျက်က ဝက်သားဟင်းအဖြစ် ချက်စားပြုတ်စား အလုပ်များနေသည့်ပမာ ခန္ဓာငါးဘုတ် သူ့ အလုပ်သူလုပ်နေပါသည်ကို ဝင်ရှုပ်နေသူသာ ပါတကား။

※ ဩော် ငါသည်ကား ဘဝဖြစ်စဉ် တစ်မျှင်မှ တစ်မျှင်ကို အစွဲဖြင့်ဝင် ခရီးလမ်းတွင်စေသူသာပါတကား… ။

※ ဤသို့နှင်နှင် သင့်အကြောင်း သင်မြင်ခဲ့ပါလျှင် ဤစာစဉ်သည် သင့်အတွက်လမ်းရွေးချယ်ရန် တစ်ခုတည်းသော လမ်းညွှန်စာအုပ်ဖြစ်ပေလိမ့်မည်။

※ ပတ်လမ်း၏အစုန်ဆင်းကိုလည်း ရှင်းလင်းဝေဖန်ထားသောကြောင့်တည်း။

※ ပတ်လမ်း၏အဆန်တက်ကိုလည်း ရှင်းလင်းဝေဖန်ထားသောကြောင့်တည်း။

※ ပတ်လမ်းကိုဖျက် ထိုလမ်းမှအထွက်ကိုလည်း ရှင်းလင်းဝေဖန်ထားသောကြောင့်တည်း။

၁၃၅၉ ခုနှစ်
တပေါင်းလပြည့်ကျော် (၄) ရက်နေ့
ဓမ္မဝိဟာရကျောင်းတိုက်
နတ်တလူသာသနာပြုစခန်း

## ပဋိစ္စသမုပ္ပါဒ်တို့၏ သရုပ်သကန်များ

သစ္စံ သတ္တော ပဋိသန္ဓိ၊ ပစ္စယာကာရ မေဝစ။
ဒုဒ္ဒသာ စတုရောဓမ္မာ၊ ဒေသေတုံစ သုဒုက္ကရာ။ ။

(က) သစ္စာလေးပါးတို့၏ သဘာဝတရားသည် ကိုယ်တိုင်ဒက်ထိ ထိုးထွင်းသိဖြင့် မိမိရရ အသိရှိရန် ခဲယဉ်းလှချေ၏။ ကိုယ်တိုင်ဒက်ထိ အသိမရှိသေးသူ၏ရှေ့ ဟောဖော်ပြရာ၌ကား သာ၍ သာ၍ပင် ခဲယဉ်းလှချေသေးတော့၏။

(ခ) သည့်အတူ သတ္တဝါတစ်ဦးတစ်ယောက် အစဖွာဖြစ်ပေါ်လာရာ၌လည်းကောင်း၊ ထိုသတ္တဝါ တစ်ဘဝမှ တစ်ဘဝသို့ အဆက်အစပ်လုပ်၍ ကူးဝင်လာရာ၌လည်းကောင်း ပစ္စယ

ပရိဂ္ဂဟဉာဏ်အမြင် မဝင်ဆန့်ဖူးသေးသူအဖို့ အတိတ်နှင့် ပစ္စုပ္ပန် အပြန်အလှန် ကျေးဇူးပြုပုံ မမြင်ရသောကြောင့် သဘာဝ အရှိ ထိထိမိမိ သိရှိရန်ခဲယဉ်းလှချေ၏။

သတ္တဝါအစ ဖြစ်ပေါ်လာပုံ သဘာဝကိုလည်းကောင်း၊ တစ်ဘဝမှတစ်ဘဝ ပဋိသန္ဓေစိတ်ဖြင့် ကူးဝင်လာပုံကိုလည်းကောင်း၊ ဇာတိဿရဉာဏ် အတိတ်သို့လှန်၍ မကြည့်နိုင်သေးသူ၏ရှေ့ ဟော ဖော်မြွက်လက် အဆက်အစပ်ဖြင့် ပြရာ၌ကား သာ၍ သာ၍ပင် ခဲယဉ်းလှချေသေးတော့၏။

(ဂ) သည့်အတူပင်လျှင် ပဋိစ္စသမုပ္ပါဒ်က သတ္တဝါအနန္တအား ၄င်း၏ အချိတ်အဆက်လမ်းထား အငြိအတွယ်များဖြင့် သယ်ဆောင် သွားပုံများကိုလည်း ပစ္စယပရိဂ္ဂဟဉာဏ် ကိုသော်လည်း ကောင်း၊ ဇာတိဿရဉာဏ် ကိုသော်လည်းကောင်း၊ သစ္စာ လေးပါးတို့၏ ကတဉာဏ် ကိုသော်လည်းကောင်း ထိုဉာဏ် သုံးပါး တစ်ပါးတစ်ပါးကို အပိုင်စား မရသေးသူအဖို့ သူ့ အဆက်အကွက်ပေါ်ရန် ခဲယဉ်းလှချေ၏။ ကိုယ်တွင် မဟုတ် သူတစ်ပါးတို့သို့ ထုတ်ဖော်ပြောကြား သဘောတရားအဖြစ် ထိုဉာဏ်သုံးပါး တစ်ပါးတစ်ပါး လက်ကိုင်မထားနိုင်သေး သူ၏ရှေ့ သဘာဝချင်းဆက်စပ်ဟောဖော်၍ သတ်မှတ်ပေးရာ ၌ကား သာ၍သာ၍ပင် ခဲယဉ်းလှချေသေးတော့၏။

ထိုသို့ ခဲယဉ်းကြီးလေးပါး အဋ္ဌကထာ ဆရာမြတ်သတ်မှတ် ထားရာ၏ အပါအဝင်ဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်စွမ်းအင်ကို ထင်ရှား စွာဝေဖန်ပြရာ၌ ဉာဏ်မပါသော် ကထာသည် ကထာသာ ဖြစ်ပေ လိမ့်မည်။ စာသည်လည်း စာသာလျှင် ဖြစ်ပေလိမ့်မည်။

**နတ်တလုံစာစဉ်**

သို့ကြောင့်...

ငါတို့၏ ပဋိစ္စသမုပ္ပါဒ် သဘာဝအရှိကို စာဖြင့်ရေးပြရာ၌ သင်သည် စာကိုထွင်းဖောက် စာအောက်ရှိ သဘာဝတရားကို လည်းကောင်း၊ စာနောက်ရှိ ပရမတ်အသားကိုလည်းကောင်း ဉာဏ်မျက်စိဖြင့် ရှုစားလျက်က ဉာဏ်နားဖြင့်ပင် သိကြားစေချင်၏။ ငှက်ပျောသီးမှည့် မြင်ရုံမျှဖြင့် အမျိုးရော သတ္တိပါ သိနေပုံပမာတည်း။

- ဤ၌ ပဋိစ္စသမုပ္ပါဒ်ဟူသည် စွဲ၍သာ ဖြစ်ပေါ်လာခြင်း ဟူသော စကား ဦးစွာမှတ်သားထားသင့်၏။

ယင်းကိုပင်လျှင် -

- အကြောင်းတရားကိုစွဲ၍ အကျိုးတရားများ ဖြစ်ပေါ်လာခြင်း ဆို၏။

- ကြောင်းကျိုးဆက်လျက်က တက်ခြင်း၊ သက်ခြင်း ဟူ၍ လည်းဆို၏။

- ထိုကြောင်းကျိုးဆက်သည် ပဋ္ဌာန်းသဘာဝကဲ့သို့ အကြောင်းခံထဲ၌ သတ္တိမပါ ပစ္စယသတ္တိကင်းကွာလျက်ကသာ ရှိခြင်းကြောင့်

ထိုအကြောင်းခံ၏အမိန့်ကို အကျိုးပေးက လက်မခံ။ သူ့သဘာဝနှင့်သူသာ (တစ်မူထူးခြား အကျိုးသွား တရားကိုယ်များ) သူ့အပေါ် သူနှင်း သူ့ထက်သူမင်းမူကာ ဖြစ်ပေါ်လာနေခြင်းကြောင့် ကိုယ့်မင်းကိုယ်ချင်းဟူ၍ပင် ဆိုရပါချေ၏။

- အဝိဇ္ဇာက အကြောင်းခံအဖြစ် အစပျိုးပေးလိုက်၏။

- အကျိုးပေးကား ၎င်းအတိုင်းမလာ သင်္ခါရအဖြစ် လိုက်ပါလာ၏။

ပဋ္ဌာန်း၌ကား ထိုသို့မဟုတ်ပါပြီ။ ဟေတုပစ္စယသတ္တိကြောင့်

(က) ကုသိုလ်အကြောင်းခံဖြင့် ကုသိုလ်အကျိုးပေးသို့ စေညွှန်းနိုင်၏။

(ခ) ကုသိုလ်အကြောင်းခံဖြင့် ကုသိုလ်ကိုပယ် အကုသိုလ်နယ်ကိုလည်း ထိုးသွင်းနိုင်၏။

(ဂ) ကုသိုလ်အကြောင်းခံဖြင့်ပင် ကုသိုလ်ကိုကွယ် အဗျာကတနယ်လည်း ဖလှယ်နိုင်၏။

ပစ္စယသတ္တိသည် စီမံခန့်ခွဲမှု အာဏာပြည့်ပါသော အရာရှိပမာပင်။ ဤပဋိစ္စသမုပ္ပါဒ်သည်ကား တောင်ကျရေသည် နှုတ်ခမ်းသတ် မြောင်းအတွင်း အစဉ်မပြတ် ထိုးဆင်းသွားသည့်ပမာ-

အဝိဇ္ဇာက အကြောင်းခံပေးလိုက်သည်နှင့် သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ် စသည် တစ်သီတစ်တန်းကြီး ထိုးဆင်းသွားတော့၏။ အတက်ဟူ၍မရှိ။

တဏှာကအကြောင်းခံပေးလိုက်သည်နှင့် ဥပါဒါန်ဘဝ ဇာတိစသည် စဉ်ဆက်ခရီးတွင်း တစ်ခုပေါ်တစ်ခုနင်း၍ ဆင်းသွားတော့၏။ အတက်မရှိ။ ထိုသို့ ဖြစ်စဉ်ချင်းဆက် အောက်အောက်ဘက်ဆီသို့စုန်ဆင်းသွားရာ၌ အစွဲကြောင့်သာ ဖြစ်ပေါ်လာ၏။ မစွဲလျှင်မဖြစ်ဟူသော အဓိပ္ပာယ်လည်းပါ၏။ အကြောင်းရှိနေ၍သာ အကျိုးပေါ်လာသည်။ အကြောင်းပျက် အကျိုးသက်သက်ချည်း မဖြစ်ဟူသောအဓိပ္ပာယ်လည်း ပတ်သက်နေ၏။ သို့ကြောင့်

သင်သည် ပဋိစ္စသမုပ္ပါဒ်တဲ့ဟူ၍ အသံကြားသိခွင့် ရလိုက်သော်...

- ငါ့အစွဲဖြင့် ငါဖန်တီးထားသောဖြစ်စဉ်ကြီးဟူ၍လည်း သဘောပေါက်သင့်၏။

- အကုသိုလ်တက်ပွဲ အဝိဇ္ဇာ တဏှာတို့၏ လက်ချက်ပဲဟူ၍လည်း နားလည်ထားသင့်၏။ သို့မှသာ သင့်ထဲရှိ အဝိဇ္ဇာ တဏှာတို့သည် သင့်အား ပတ်ဆွဲဆွဲလျက်က အာသဝသြဃတို့အတွင်း ပွဲသွင်းပေးနေပါသည်ကို သိသာမြင်သာမည် ဖြစ်၏။

- မသိ၍လိုချင် လိုချင်လွန်းအားကြီး ပို၍မသိ သင့်လက်ထဲ၌ အပြည့်တည်း။

## (က) ပဋိစ္စသမုပ္ပါဒ်တို့၏ အခြေခံသရုပ်များ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊
သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊
ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊
ဇာတိပစ္စယာ ဇရာ မရဏံ
သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။

၁။ မသိခြင်းကို အရင်းခံသော်

(က) ကောင်းမှုနယ်ပယ်တွင်းသို့လည်း အတင်းထိုးဆင်းသွားပေ ရော့မည်။

နှတ်တလုစာစဉ်

(ခ) မကောင်းမှုနယ်ပယ်တွင်းသို့လည်း အတင်းထိုးဆင်းသွားပေရော့မည်။

(ဂ) မထုံတတ်တေး အရေးမစိုက် မေးလိုက်လိုက်နယ်ပယ်တွင်းသို့လည်း အတင်းထိုးဆင်းသွားပေရော့မည်။

မှတ်ချက် - အနုဋ္ဌာဘိသင်္ခါရ အရ အရူပဈာန်စိတ်ဟူ၍ ပညာရှင်တိုင်း သိပိုင်ပြီးပင် ဖြစ်ကြ၏။ ဤဖွဲ့ကား ပညာနယ်ပယ်ကြား မကျက်စားဘူးသူများအား ပြောဆိုရာ ကထာစကားမျှသာဖြစ်ခြင်းကြောင့် ယင်းအနုဋ္ဌာဘိသင်္ခါရအရ သတိမတင် သိမဝင်သော အာရုံမမိရာ မောဟခွင်ကိုသာ ညွှန်းဆိုထားမည် ဖြစ်၏။

၂။ တစ်ဖန် သင်္ခါရခေါ် ပြုပြင်ခြင်းကိုအရင်းခံသော်-

(က) ကောင်းကျိုးရှိသို့ ကောင်းသိ သိနေသော ဝိညာဉ်လည်း ဝင်လာပေရော့မည်။

(ခ) မကောင်းအရှိဖွဲ့ ကောင်းသိ သိနေသော ဝိညာဉ်လည်း ဝင်လာပေရော့မည်။

(ဂ) မကောင်းမသိ ကောင်းမသိ၏ အမည်မျှရှိရာသို့ ပညတ်သိ သိနေသော ဝိညာဉ်သည်လည်း ဝင်လာပေရော့မည်။

၃။ ထိုအသိသုံးမျိုး တစ်မျိုးတစ်မျိုး အရင်းခံထားခဲ့သော်ကား-

(က) နာမ်သည် ကောင်းချက်ဖွဲ့သာညွှတ်သော် ရုပ်သည်လည်း ကောင်းကွက်ဖွဲ့သာ ဝပ်တော့သည်။ ထိုအကောင်းကား ကြိုက်၍ ကောင်းသော ကြိုက်ကောင်းမျှသာတည်း။

(ခ) နာမ်သည် ဆိုးချက်ဖွဲ့သာ ညွှတ်သော် ရုပ်သည်လည်း ဆိုးကွက်ဖွဲ့သာ ဝပ်တော့သည်။

(ဂ) နာမ်သည် မိရာရာအချက်ဖွဲ့သာညွှတ်သော် ရုပ်သည်လည်း

အစွဲသိ၏ မိရာရာအကွက်တည်းသို့သာ ထိုးဝပ်သွားတော့သည်။

**မှတ်ချက်** – ဓာတ်ပုံရိုက်သမားသည် မှန်ဘီလူးတပ်ထားသော ၄င်း၏မျက်လုံးဖြင့် လူပုံကိုဖြစ်စေ၊ ငရဲကောင်ပုံကိုဖြစ်စေ၊ တိရစ္ဆာန်ကောင်ပုံကိုဖြစ်စေ ချိန်ရွယ်လျက်က ရိုက်ကူးချေသော် ထွက်ရှိလာသော ပုံသည်လည်း ထိုချိန်ရွယ်ရိုက်ကူးထားသော ရိုက်ချက်အတိုင်းလျှင် ပေါ်ထင်လာဘိသို့…။ အဝိဇ္ဇာမျက်လုံးဖြင့် ချိန်ရွယ်ကာ ရှုသိထားသော သခၤါရမျိုးမှန်သမျှသည်လည်းကောင်း၊ မကောင်းသိ မိ–မမိအတိုင်း ပင်လျှင် အာရုံကိုညွတ်ကိုင်းခြင်း၊ လေလှုပ်သွေးကြွ ရုပ်အစဉ်ထခြင်း လက်ရှိရုပ်နာမ်တို့အကြား အစွဲပုံရိပ်များထင်ရှားလာစေကြသည်။

တစ်ဖန် ပစ္စုပ္ပန်ရှိ ထင်ရှားပေါ်လွင် ထိုရုပ်နာမ်အစဉ်များသည် ကင်မရာအတွင်းရှိ ပုံဖမ်းဖလင်သဖွယ် ဖြစ်ပေါ်လာကြပြီး လာမည့် အနာဂါတ်ရှိဘဝဖြစ်စဉ်များသို့ ကူးလူးဝင်ဆန့်ရန် မေးတင်ပေးထား ပြီးသား ဖြစ်နေကြပြီ။ တစ်ဖန် လာမည့်ဘဝတို့၏ အကျိုးပေးများ သည်ကား ဤဘဝမှနေ၍ ညွတ်ပြီးသား ဆွတ်ပြီးသားဖြစ်နေပြီးသော ပစ္စုပ္ပန်နာမ်ရုပ် နှစ်ပါး၏အမိန့်ကို မလွန်ဆန်နိုင်ကြပြီ။

၄။ နာမ်ကအညွတ် ရုပ်ကဆွတ်တို့ အရင်းခံထားပြီးဖြစ်နေသော် သူ့ဘက်ရှိ အာရုံခြောက်ခင်းများနှင့် ကိုယ့်ဘက်ရှိ အကြည် ဓာတ်ခွက် ခြောက်ကွက်များကလည်း သူ့သတ္တိသူဆောင်း အကြောင်းပြလာ ကြပေရော့မည်။

၅။ တွင်းပြင်နှစ်ဘက် အကြောင်းလျှင် အကြောင်းချင်းဆက်တို့ အရင်းခံထားသော် အာရုံပုံငွေ့အတွေ့(ဖဿ) များလည်း ပေါ်လွင်ထင်ရှားလာကြပေရော့မည်။

၆။ ထိုအတွေ့များ အရင်းခံထားမိသော်…

အာရုံပုံအတွေ့ကြား မြင်ခံစား ကြားခံစား စသည့်ဝေဒနာများကလည်း တဖွားဖွားထကာ ခံစားနေကြပေရော့မည်။

၇။ ဝေဒနာများ တဖွားဖွာခံစားနေခြင်းကို အရင်းခံထားသော်-
အဆင်း၌ သာယာတပ်စွဲခြင်း၊ အသံ၌ သာယာတပ်စွဲခြင်း စသည့် တဏှာခြောက်ချက်သည်လည်းကောင်း၊ အမြင်ကို သာယာခြင်း၊ အကြားကို သာယာခြင်း စသည့် တဏှာခြောက်ချက်သည်လည်းကောင်း မုချပင်လျှင် ဝင်ရောက်လာကြပေရော့မည်။

၈။ အာရုံမျှင် အခင်ဝင်ခြင်းကို အရင်းခံထားသော် -
ထိုအာရုံ ပုံရိပ်များသည် အမြင်စသည်များ၌မရပ် မနောဓာတ်သို့ပြေးကပ်လျက်က အနုသယမျိုးကိန်းအဖြစ် စွဲနစ်ကျန်နေရစ်ကြပေရော့မည်။

၉။ အာရုံအစွဲ အရိပ်အကဲကို အရင်းခံထားသော်ကား -
အစွဲမှဖြစ်သော ဘဝသစ်ဖြစ်စဉ် အမျှင်တန်းကြီးကိုလည်း မယူမနေရ အလှည့်ကျအတိုင်း လက်ခံသိမ်းပိုက်ကြရပေရော့မည်။

၁၀။ ဖြစ်စဉ်အသစ် ထိုဘဝသစ်ကို နှစ်သက်ပျော်စံ အရင်းခံထားမိခဲ့သော် -
ထိုဖြစ်စဉ်နှင့် လာမည့်ဘဝဖြစ်စဉ်တို့ တစ်ထပ်တည်းကျ တစ်သားတည်းမျှသောအဖြစ်သို့ရောက်ရန် ကူးဆက်ပေးမည့် ပဋိသန္ဓေစိတ်သည်လည်းကောင်း ပဋိသန္ဓေရုပ်စဉ်သည်လည်းကောင်း ဧကန်ပင် ဝင်ရောက်လာပေရော့မည်။

၁၁။ ဘဝတစ်ခုနှင့်တစ်ခု ရှေ့နောက်စဉ် အမျှင်ဆက် ပဋိသန္ဓေသက်ခြင်းကို နှစ်သက်ပျော်စံ အရင်းခံထားမိပါချေသော်ကား-
(က) အိုခြင်းသဘာဝတရားလည်း ဘွားခနဲချည်း ပေါ်လာပေရော့မည်။

(ခ) နာခြင်းသဘာဝတရားလည်း ဘွားခနဲချည်း ပေါ်လာပေရော့မည်။

(ဂ) သေခြင်းသဘာဝတရားလည်း ဘွားခနဲချည်း ပေါ်လာပေရော့မည်။

ထိုနှင့်တွဲဘက် ကပ်လျက်က အမြဲပါနေကြလေသော -

(၁) စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းများမှလည်း မကင်းနိုင်ကြပြီ။

(၂) အော်မြည်တမ်းတ မှန်းဆရခြင်းများမှလည်း မကင်းနိုင်ကြပြီ။

(၃) ကိုယ်မသက်သာ နုံးချိရခြင်းဝမ္မတာမှလည်း မကင်းနိုင်ကြပြီ။

(၄) စိတ်မသက်သာ ညှိုးမှိန်ခြင်းဝမ္မတာမှလည်း မကင်းနိုင်ကြပြီ။

(၅) ငိုမရ ရှိုက်မရ နွမ်းခမ်းသောဝမ္မတာမှလည်း မကင်းနိုင်ကြပြီ။

မသိခြင်းလျှင် အရင်းထားသော သင့်ထံရှိဘဝခေါ် ဤဖြစ်စဉ်အမျှင်တန်းကြီးသည်ကား-

(က) ကောင်းမှုနှင့် ဖက်သော်မှလည်း
ကောင်းကျိုးမဆက် ဆိုးကျိုးသက်သက်မျှသာတည်း။

(ခ) မကောင်းမှုနှင့်ဖက်သော်ကား
ဆိုးကျိုးချည့်ဆက် ဆိုးချက်နာတော့မည်သာတည်း။

(ဂ) စိတ်လျှင်မထက် အလေ့ကျပေါက်နှင့် ဖက်မိပါသော်ကား-

ဆိုးကျိုးချည်းဖိ ကောင်းလည်းမသိ ဆိုးလည်းမသိ ဖာသိ ဖာသာသိဖြင့် အဖိခံရုံမျှသာတည်း။

* ဤကား ပဋိစ္စသမုပ္ပါဒ်တို့၏ အခြေခံသရုပ်များတည်း။

## ဘဝသွားလမ်း၊ သည်စခန်း အလှမ်းစွဲစိတ်သာ

- တယော အဒ္ဓါနိ
- အဝိဇ္ဇာ သင်္ခါရာ အတီတော အဒ္ဓါ
- ဇာတိ ဇရာ မရဏံ အနာဂတော အဒ္ဓါ
- မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ

လူတစ်ဦးသည် နေအိမ်မှခရီးထွက်ခဲ့ရာ၌

(က) မိမိလက်လွှတ်ထားခဲ့သော - နေအိမ်

(ခ) မိမိရောက်ဆဲ ဖဝါးထား - လမ်းမ

(ဂ) မိမိမှန်းထားသော - ပန်းတိုင်စုရပ်

ထိုသို့ ခရီးစဉ်တစ်ခုကို သုံးပိုင်းခွဲရရာ ကျန်ခဲ့ပြီးသော မိမိ နေအိမ်ကား အတိတ်ဖြစ်ခဲ့ရပြီ။ ရောက်ဆဲ ဖဝါးထားလမ်းမကြီးကား ပစ္စုပ္ပန်ဖြစ် နေချေပြီ။ သွားရန်ရှိ ကျန်လမ်းခရီးနှင့် လမ်းဆုံးစုရပ် များကား အနာဂါတ်ဆိုရဦးမည်။ သည့်ပမာလျှင် -

- ပဋိစ္စသမုပ္ပါဒ်တို့၏ သဘာဝဖြစ်စဉ်ကြီး၌လည်း

(က) အတိတ်က လူ့အကြောင်း (နတ်အကြောင်းစသည်) ကောင်း ကောင်း မသိပါဘဲလျက်က နောင်ကောင်းသို့မျှော် ကံဖော် မိခဲ့မှားသော အဝိဇ္ဇာသင်္ခါရခေါ် (သတိမတင် ဉာဏ်မယှဉ်သော) အမှတ်မဲ့ကံပြုမှုများသည်ကား ဤပစ္စုပ္ပန်၌ တစ်ဖန် ပြန်လည်

ပြင်ဆင်ခွင့် မပေးသောအားဖြင့် နောက်ချန်နေရစ်ခဲ့ကြပြီ။

(ခ) ထိုအတိတ်ကံ သင်္ခါရတို့က ပစ်ချလွှတ်ပေးလိုက်သော ဝိညာဉ် နာမ်ရုပ်များမှသည် ဥပါဒါန်လက်ရှိကံပေး ဘဝတိုင်အောင် သောရုစ်မျိုးတို့ကား ကကြိုးစုံ အကုန်တပ်ဆင်ထားပြီးသော အရုပ်မျိုးပမာ-

* အာရုံတွေ့တိုင်းလျှင် မသိကြိုက်လိုက် နှိုက်လျက်ကသော

* အာရုံပေါ်စိတ်မတွေ့ ဇေ့လွှတ်လျက်ကသော

* အာရုံရှိ အမိမရ ဆတာဆတနှင့်ကသော

ထိုသုံးချက်တို့ကို လက်ကိုင်ပြုလျက်ကပင်

(ဂ) အာရုံတစ်ခုကို အချင်းချင်းလုယက်ကြရာတိုင်းတို့၌ မာနဒိဋ္ဌိ စသော အယုတ်လမ်းသို့သွားရာစိတ်ထားနှင့် လုပ်ရပ်များ၊ ဣဿာမစ္ဆရိယ စသော အယုတ်လမ်းသို့ သွားရာစိတ်ထားနှင့် လုပ်ရပ်များ၊ ရာဂနှင့်ပေါင်း ဒေါသနှင့်ပေါင်း၍ သွေးတောင်း နေသော အယုတ်လမ်းသို့သွားရာ သံယောဇဉ်တရားကိုယ်များ စသည်စသည့် မသိသော အသိအမှား၏ မလားသင့်သော အမူအကျင့်များလည်း ဆင့်၍ဆင့်၍လာချေသေးတော့သည်။

**- သို့ကြောင့် ထိုသူ၏လားရန်ရှိ အနာဂတ်ဘဝခရီးစဉ်ကြီးသည် ကိလေသာသံယောဇဉ် အကုသိုလ်တို့ကြီးစိုးရာ ဒုဂ္ဂတိဘဝမျိုးမျှသာ**

- လူသတ်ဗိုလ် ဓားပြကြီးသည်

သူ့ဘဝဖြစ်စဉ်ကြီး၏ရှေ့ တိုးဇေ့ဝင်ရောက်လာကြပါကုန်သော အာရုံမျှင်နှင့် အာရုံရှင်များအပေါ် အနုတောင်း၍ အကြမ်းစီးစီးသော နည်းဖြင့် -

* အချို့ကိုပစ္စည်းယူ လူလွှတ်ထားခဲ့သည်

**နတ်တလုစာစဉ်**

* အချို့ကိုပစ္စည်းယူ လူသတ်ထားခဲ့သည်
* အချို့ကိုကား ပစ္စည်းလည်းယူ လူကိုလည်းမုဒိမ်းကျင့်ခဲ့သေးသည်။

ထိုလူသတ်ဗိုလ်ကြီး ရုံတစ်ခါ အချင်းချင်းစာရင်းရှင်းရ၏။ ရုံတစ်ခါဥပဒေဝန်ထမ်းများနှင့်လည်း စာရင်းရှင်းရသေး၏။ ရုံတစ်ခါ နယ်လုသမားများနှင့်လည်း စာရင်းရှင်းရသေး၏။ ၄င်းနောက်က ပါလာသော အဝိဇ္ဇာကာ၊ သင်္ခါရတို့က စီရင်ပေးထားသည့် ကံရှိန်၊ စိတ်ရှိန်တို့က တွန်းအားပေးနေသေးသမျှ လက်ရှိဥတုရှိန် အဟာရရှိန် (ဖြစ်ဆဲကံ၊ စိတ်တို့ကပါ) ထောက်ခံနေဦးမည်ဖြစ်ရာ -

\- ထိုအတောအတွင်း

* နောက်နောက်က အတုံ့အလှည့်အရ ရစရာကံစ ကံကြွေးသမားကလည်း ပေးဆပ်တုန်း၊
* မိမိ၏အရှုယ်အားမာန်၊ ကာမအားမာန်၊ ကိလေသာအားမာန်များကလည်း သန်တုန်းမြန်တုန်း၊

ဤအခွင့်အရေးများကလည်း ပေးနေပြန်ရာ ခမျာစိတ်သွားတိုင်းကိုယ်ပါ သူလိုရာကိစ္စ သူ့အလိုကျ ဆောင်ရွက်ခွင့်ရစေတော့ပြန်ပါသည်။

\- ယနေ့သူ့ကံကုန်ပြီ····

ထိုနေ့သည်ကား ထိုလူသတ်ဗိုလ်ကြီး သေလှည့်ပင်။ သို့ကြောင့်

* ထိုလူသတ်ဗိုလ်ကြီးရသွားသော ဝေစုမှာ····

မသိမှုဖြင့်ပြုကျင့်ထားသော အမွေများပီပီ အသေဆိုးဖြင့် သေလွန်ရခြင်း၊ နောင်ဘဝအဆိုးတွင်းသို့ ထိုးသွင်းခံလိုက်ရတော့ ခြင်း၊ အဆိုးတွင်း ထိုးသွင်းခံရသည့်အလျောက် အဆိုးလိုနေ အဆိုးလို

သေရဦးမည် ဖြစ်ခြင်းများပင်တည်း။

* ဤကား အခွန့်ခေါ် ပဋိစ္စသမုပ္ပါဒ်တို့၏လမ်းထားတည်း။

## ဘဝဖြစ်ရိပ်၊ အစိတ်စိတ် တွဲချိတ် ချိတ်လျက်သာ

* ဒွါဒသ အင်္ဂါနိ

* အဝိဇ္ဇာ သင်္ခါရာ ဝိညာဏံ နာမရူပံ သဠာယတနံ ဖဿော

* ဝေဒနာ တဏှာ ဥပါဒါနံ ဘဝေါ ဇာတိ ဇရာမရဏံတိ။ ။

## "သောကာဒိဝစနံ ပနေတ္ထ နိဿန္ဒဖလနိဒဿနံ"

ရထားကြီးတစ်စင်းသည်...

ခေါင်းတွဲတစ်တွဲ၊ လူစီးတွဲကား ဆယ်ဘွဲ၊ ဂါတ်ဗိုလ်တွဲတစ်တွဲ၊ ပေါင်းတစ်ဆယ့်နှစ်တွဲ ပါရှိခဲ့သော် ထိုတစ်ဆယ့်နှစ်တွဲစလုံးပေါင်းမှသာ တစ်စင်းအမည်ရ၏။ ထိုတစ်စင်းသည်လည်း ထိုတစ်ဆယ့်နှစ်တွဲ ဆင့်ကဲဆင့်ကဲများ၏ အပေါင်းအစုပင်ဖြစ်ဘိ၏။

* ထိုတစ်ဆယ့်နှစ်တွဲပါ မီးရထားကြီး ရှစ်တွဲမိခုံးကျော်တံတားကြီး၏ လမ်းခရီးထဲဖြတ်သန်းသွားလာရာ၌

* ရှေ့ကိုကား နှစ်တွဲလွန်သွားပြီ၊ နောက်သို့ကား နှစ်တွဲကျန်ရှိနေသေး၊

* အလည်တည့်တည့်၏ တံတားခုံးဘောင်ခရီးလမ်းနှင့် အံကိုက်ကားရှစ်တွဲ၊

* ထိုသို့ မြင်ကွင်းကပြသနေချေရာ-

လမ်းဘေးမှနေ၍ ရေတွက်နေသော နွားကျောင်းသားသည်-

“ရထားကြီးက တစ်ဆယ့်နှစ်တွဲတည်းရယ်”ဟူ၍ပင် သင်္ကေတ ပြုပေလိမ့်မည်။

* သည့်ပမာလျှင်…

ပဋိစ္စသမုပ္ပါဒ်တို့၏ လှည့်ကွက်ဖြင့် ထွက်ခွာခဲ့ရပါသော ဤဘဝ ခေါ် ဖြစ်စဉ်အမျှင်တန်းကြီး၌လည်း လွန်ပြီးအဝိဇ္ဇာနှင့် သင်္ခါရရောက်ဆဲ ဝိညာဉ်၊ နာမ်ရုပ်မှသည် ဥပါဒါန်ဘဝ၊ လာလတ္တံ့ဇာတိ ဇရာ မရဏ ထိုအစိတ်အပိုင်း တစ်ဆယ့်နှစ်မျိုးတို့မျှသာ ရှိပါချေ၏။ ၎င်းတို့သည် လည်း မတူသောသတ္တိကွဲများဖြင့် ဆက်စပ်ထားခြင်းသာ ဖြစ်ပါချေ၏။

* လူဖြစ်စဉ် အမျှင်တန်းကြီးထဲ၌လည်း ထိုထက်မပို ထို့အောက် လည်းမလျော့။

* ခွေးဖြစ်စဉ် အမျှင်တန်းကြီးထဲ၌လည်း ထို့ထက်မပို ထို့အောက် လည်းမလျော့။

* နတ်ဖြစ်စဉ် အမျှင်တန်းကြီးထဲ၌လည်း ထို့ထက်မပို ထို့အောက် လည်းမလျော့။

- ဆင်ကြီးကအကောင်ကြီးသဖြင့်လည်း အစိတ်အပိုင်းများကား မတိုး၊ ပုရွက်ဆိတ်လေးက အကောင်သေးကွေးသဖြင့်လည်း အစိတ် အပိုင်းများကား လျော့မသွား။ သည့်အတူ နတ်၊ သကြား ဗြဟ္မာမျိုးများ ဖြစ်ကြ၍လည်း အစိတ်အပိုင်းများ တိုးလာမည်မဟုတ်။ မသိသော အသိတို့ဖြင့် ကံပြုထားကြသူချင်းအတူတူ ပုညသမားဖြစ်စေ၊ အပုည သမားဖြစ်စေ၊ အနေဉ္စသမားဖြစ်စေ အစိတ်အပိုင်းများ၏ အရေအတွက် ကား ဤမျှချည်းသာ‥ ။

မှတ်ချက်။ ။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပယာသ ဤငါးမျိုးတို့ကား ဘဝရယူလိုသူတိုင်း ပဋိသန္ဓေယူပြီး

သည်နှင့် မယှုမနေရနုန်းဖြင့် စု၍ပါရှိနေပြီးသားဖြစ်သည်က တစ်ကြောင်း၊ အချို့၌ ထင်ရှား၍ အချို့၌ မထင်ရှားသည်က တစ်ကြောင်းတို့ကြောင့် ဤ၌အစိတ်အပိုင်းအဖြစ် သီးသန့်မထားတော့ပြီ။

## တစ်နွယ်ငင်ရာတစ်စင်ပါ ခြင်းရာနှစ်ဆယ်ရှိ

* အဝိဇ္ဇာ သင်္ခါရဂ္ဂဟဏေန တဏှုပါဒါန ဘဝါပိ
ဂဟိတာ တထာ တဏှုပါဒါန
ဘဝဂ္ဂဟဏေနစ အဝိဇ္ဇာသင်္ခါရာ

* ဇာတိဇရာ မရဏဂ္ဂဟဏေနစ ဝိညာဏာဒိဖလ ပဉ္စကမေဝ။

- တသ္မာ -

* အတီတေ ဟေတဝေါပဉ္စ၊ ဣဒါနိဖလ ပဉ္စကံ။

* ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကန္တိ
ဝီသတာကာရာ တိသန္ဓိ စတုသင်္ခေပါ။

- အထက်ကဆိုခဲ့ပြီးသော သွားလမ်းရှိခရီးစဉ်သုံးပိုင်းတို့တွင်-

(က) အတိတ်ကစုဆောင်းထားခဲ့ပြီးသော အဝိဇ္ဇာ၊ သင်္ခါရတို့အပိုင်းဝယ် မသိဘဲကံပြုလုပ်ရာ၌ မသိ၍လိုချင်ခြင်း၊ မသိ၍ စွဲလမ်းတမ်းတခြင်း ၎င်းတို့နှင့်ပူးတွဲနေသော ကံပြုရာရှိ ဘဝခေါ်ရုပ်ဖြစ်စဉ် နာမ်ဖြစ်စဉ်များလည်း တစ်နွယ်ငင်တစ်စင်ပါအားဖြင့် ပါမြဲဖြစ်ရာ အတိတ်အကြောင်းခံ ငါးပါးဖြစ်လာ၏။

(ခ) ထိုအကြောင်းခံများ အရပင် လက်ရှိဘဝ၌ ဝိညာဉ်နာမ်ရုပ်သဠာယတန ဖဿဝေဒနာ ခေါ် ကံပြုရာ၏ တွန်းအားအတိုင်းသာ ကံပေးအကျိုး ခံစားလှည့်ရရာ၏။ အကျိုးပေါ်ထွန်းလာ

ခြင်းများကလည်း ငါးပါးပင် ကွင်းဆက်လိုက်လာပြန်၏။

(ဂ) တစ်ဖန် ထိုကံအကျိုးပေးများကို အားပါးတရခံစားရင်းကပင်

* တပ်မက်ခြင်းတဏှာ စွဲလမ်းခြင်းဥပါဒါန ကံပြုနေဆဲလက်ရှိ ဘဝ ထပ်မံတိုးပွားလာပြန်ရာ အဖော်မရခံစားနေမိခြင်းကြောင့် ဘာမျှ မသိတတ်တော့ခြင်း အဝိဇ္ဇာနှင့် အာရုံဆွဲရာ ဒရွတ်ပါနေခြင်းကြောင့် ဘာဖြစ်ဖြစ်ဟူသော ဇွတ်တိုးသင်္ခါရများလည်း ပါဝင်ပတ်သက်လာ ရချေတော့၏။ သို့ကြောင့် ဤလက်ရှိဘဝ၌ပင် တစ်နွယ်ငင်ငါးမျိုး အကြောင်းခံအဖြစ် တစ်ပြန်ပိုးလျက်က အနာဂတ်ဆိုးကျိုးကို ဖန်ဆင်း ပေးရန်အတွက် အခြေခံဖြစ်လာရပြန်ပါ၏။

(ဃ) တစ်ဖန် ထိုလက်ရှိအကြောင်းခံများအရပင် နောင်အနာဂတ် ဝယ် ဝိညာဉ်နာမ်ရုပ်၊ သဠာယတန ဖဿဝေဒနာများလည်း စွဲရာဘဝ အစွဲပြုအတိုင်း အကျိုးခံစားခွင့် ရသွားကြပေလိမ့် ဦးမည်။ ထိုအခါ -

ပဋိသန္ဓေအကျိုးရ ဝိညာဉ် နာမ်ရုပ် စသည် ထိုငါးမျိုးတို့ကပင် ပဋိသန္ဓေ၏ အတွင်းကြေအသေးစား ဇာတိနှင့်ဇရာ မရဏများသို့ မီးကူးဆက်စေ၍ အနာဂါတ်၏အပြင်လွှတ် အကြီးစား ဇာတိအထိ လိုက်လံတွန်းပို့ပေးကြလိမ့်မည်။

(က) လူတစ်ဦး၏ အအိုမြန် အသေစောခြင်း စသည်များသည် မသိ ကြိုက်ဖြင့် မိုက်တွင်းနက်ကာ လက်ရှိဝိညာဉ်နာမ်ရုပ် အာယ တန ဖဿဝေဒနာ ဟူသော အမွေရ အကျိုးခံစားခွင့်ရရာ များကို မဆင်မခြင် အသုံးကြမ်းခြင်းများကြောင့်ချည်းသာ။

(ခ) လူတစ်ဦး၏နောင်ဘဝ အအိုမြန် အသေစောမည့် အရေးအခင်း မှန်သမျှသည်လည်း ဤလက်ရှိဝိညာဉ်နာမ်ရုပ်နှစ်ပါးနှင့် ယင်း

နာမ်ရုပ်ပါ အာယတန ဖဿဝေဒနာများအတွင်းသို့ မသိကြိုက်မိုက်မဲခြင်းများကို အနုသယအဖြစ် ဥပနာသွင်းပေးလိုက်ခြင်းများကြောင့်ချည်းသာ။

## ခြင်းရာသတ်မှတ် ကြောင်းကျိုးစပ် အဖြတ်လေးခုသာ

အထက်ပါ သွားလမ်းခရီးစဉ် အတိတ် ပစ္စုပ္ပန် အနာဂတ် သုံးပိုင်းတို့အတွင်းက တစ်ခုနှင့်တစ်ခု မကင်းရာမကင်းကြောင်းများ "တစ်နွယ်ငင် တစ်စင်ပါ" နှုန်းထားဖြင့် အဆုံးမလား အစလည်းမပြု လည်ရပတ်ရခြင်းများကို အာကာရ ဆို၏။

* ယင်းအာကာရဟူသော စကားသည် အကြောင်းခံသဘောထား၏ စကားသက်သက်မျှသာ ဖြစ်၏။ အကြောင်းရှိမှ အကျိုးပြသောကြောင့်တည်း။

* အကြောင်းမှထောက်သော ထိုအကြောင်းကြောင်းတို့တွင်

(၁) အတိတ်အုပ်စု အဝိဇ္ဇာ သင်္ခါရ စသည့် ငါးခုတွဲများနှင့် ၄င်းတို့ တွန်းပို့သဖြင့် ရောက်လာရသော လက်ရှိဝိညာဉ် စသည့် ငါးခုတွဲတို့အကြား တစ်စပ်-

(၂) တစ်ဖန် လက်ရှိအုပ်စု ဝိညာဉ် စသည့်ငါးခုတွဲများနှင့် ၄င်းတို့ တွန်းပို့သဖြင့် ဖြစ်ပွားနေရသော တဏှာဥပါဒါန်ဘဝ အဝိဇ္ဇာ သင်္ခါရတို့အကြား တစ်စပ်-

(၃) တစ်ဖန်လည်း လက်ရှိတဏှာ ဥပါဒါန် စသည့် ငါးခုတွဲများ နှင့် ၄င်းတို့တွန်းပို့သဖြင့် ရောက်ရှိဦးမည့် နောင်အနာဂတ် ဝိညာဉ်နာမ်ရုပ် စသည် ငါးခုတွဲအကြားတစ်စပ် -

- ဤသို့လျှင် စေ့စပ်ရေးအုပ်စုကလည်း သုံးခုပင်ရှိလာရ၏။

ထိုအုပ်စုတို့သည် ရထားတွဲဆက် အလုပ်သမားပမာ အရာ တူ၏။

- ထိုနှစ်ဆယ်သော အကြောင်း၏အကြောင်းများကို သုံး ကြောင်းပတ်ဖြင့် စပ်ပေးလိုက်သောအခါ သုံးစပ်တို့၏ရှေ့နောက်ဝယ် အလွှာလေးခုဟူ၍ ဖြစ်လာ၏။

လူတို့သည် အကြောင်းကြောင်းသော အကြောင်းကြောင်းတို့ ကြောင့် လူဟူ၍ ဖြစ်ပေါ်လာရသော်လည်း

- အချို့ကားဆင်းရဲသား အချို့ကား ကုန်သည်ပွဲစား အချို့ ကား မင်းစိုးရာဇာ အချို့ကား ဘာသာရေးသမားဟူ၍ အလွှာကွဲလာ ရာ...

မည်သည့်ပွဲတွင်မဆို

ပွဲခင်းအရ တစ်စပ်တည်း တစ်ပြင်တည်းမြင်တွေ့နေရပါသော် လည်း အချင်းချင်းဆက်ဆံရာ စားသုံးရာ နေထိုင်ရာတို့၌ကား တစ် သန့်စီပမာ-

- ဤ၌လည်း ဘဝသည်ဖြစ်စဉ်အားဖြင့် အရှေ့အားကုန် အနောက်ခုန်ဆင်း တစ်စပ်တည်း တစ်ပြင်တည်း ကာလမခြား တစ် သားတည်း တည်ရှိနေသည် ထင်ရသော်လည်း စင်စစ်

ကြောင်းကျိုးဆက် သဘောမမွတာအားဖြင့်ကား အလွှာသည် အလွှာအတိုင်း လေးမျိုးကွဲနေကြမည်သာ-

အခြင်းအရာကို ဖော်ပြနေသော တစ်ဆယ့်နှစ်ပါးသော အစိတ်အပိုင်းများ၏ သတ္တိစွမ်းများ တစ်ခုနှင့်တစ်ခု မတူညီကြလေသောကြောင့်။

## အဝိဇ္ဇာသို့ ပြန်လှည့်ပေးနေသောအရာ

ဇရာ မရဏ မုစ္ဆာယ၊ ပီဠိတာန မဘိဏှသော။
အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာစ ပဝတ္တတိ ။ ။

မသိတော့လိုချင် လိုချင်သော်ပိုမသိဝဲ့ အရင်းတည်လျက်က ပဋိစ္စသမုပ္ပါဒ်စက်ကြီး အသက်သွင်းခဲ့ရာ -

ယင်းလည်ပတ်မှုကား

တစ်ခုတစ်ခု စွဲငြိလေတိုင်း တစ်ပတ်တစ်ပတ်နှုန်းဖြင့် ခရီးဆုံးခဲ့ရပါသည်။

သို့ခရီးဆုံးတိုင်း ဆုံးတိုင်းလည်း-

နောက်ထပ် တစ်ပတ်တစ်ပတ် ထပ်ကျော့လည်ပတ်ရန် အဝိဇ္ဇာကိုကား မည်သည့်မည်သည့် အရာဝတ္ထုများက တို့ဆိတ်ပေးနေကြလေသနည်း။ သို့မဟုတ် အဝိဇ္ဇာကား အကြောင်းကင်းလျက် ဖြစ်ပေါ်နေချေသလော။

ထိုအမေးကို မဖြေမီ -

လူသူတော်တစ်ဦးသည်

(၁၀၈)လုံးပါ ပုတီးတစ်ကုံးဖြင့် စိတ်ကိုပတ်ဖွဲ့ရာ၌ ထို(၁၀၈) လုံး ပြီးဆုံးသဖြင့် ပင်လယ်ကူး (ပုတီးဥကျွောင်း) သို့ ရောက်သွားလေသောအခါ နောက်အသစ်တစ်ပတ်ကို မည်သည့်အရာက တွန်းပို့ပေးသနည်း။

ဤအမေးသည် ထိုအဖြေအတွက် လုံလောက်အံ့ထင်၏။

* လူတို့၏နောက်ဆုံးစိတ်သည် သေခြင်းခေါ် စုတိစိတ်တည်း။
* ပုတီးတစ်ကုံး၏နောက်ဆုံးပိတ်သည် ပင်လယ်ကူးခေါ် ပုတီးဥကျွောင်းတည်း။

(၁) ထိုစုတိစိတ်မကျမီ အချိန်ပိုင်း(ရက်၊လပိုင်း) အလို ဇရာ၏အထောင်းအထုကြောင့်ဖြစ်သော အတွင်းကြေဒဏ်၊ ဗျာဓိ၏အထောင်းအထုကြောင့်ဖြစ်သော အတွင်းကြေဒဏ်များက အမြဲနှိပ်ချေ ကြိတ်ချေခြင်းကို စင်းစင်းကြီးခံစားနေရရာ ခများ ရုပ်နာမ်ကွဲ ကြောင်းကျိုးဆက် ဖြစ်ပျက်မြင် ဝိပဿနာတို့၏ ထင်မြဲညာဏ်စဥ်များ အလျဥ်းပင် မသိရရှာပြီ။

(၂) တစ်ဖန်သေခြင်း၏ဝေးသောအကြောင်းဖြစ်သော ဝယခေါ် အရွယ်၏ကြီးရင့်ခြင်း ဇရာစုတရားများကလည်း

(က) ဟာနဒသက အသက်ခြောက်ဆယ်တွင်း ရောက်လေသောအခါ သွေးအားဆုတ်ယုတ် ကျန်သမျှသွေးအားများကို ခြစ်ခြုတ်သုံးစွဲနေရတော့ရှာရာ ခများ မှတ်အားမကောင်းတတ်တော့၊ မှတ်အားသည် သွေးအားအမှီရမှသာ။

(ခ) ထိုခြောက်ဆယ်မှမသေ ရှေ့ဆက်နေရဦးမည်ဆိုသော် ဝင်္ကဒသက အသက်ခုနစ်ဆယ်အတွင်းဝယ် အကြော

များပင်ထုံး ရှေ့သို့ကုန်းကုန်းကြီး ဖြစ်သွားတော့ရာ ခမျာ မှတ်ဖို့နေနေသာသာ ကိုယ့်ကိုယ်ကိုယ်ပင် မထိန်းနိုင်ရှာ။

(ဂ) ထိုခုနစ်ဆယ်မှမသေ ရှေ့ဆက်နေဦးမည်ဆိုက ပဗ္ဘာရဒသက အသက်ရှစ်ဆယ်အတွင်းဝယ် နောက်ပိုင်းရှိအကြောတို့က နောက်ပြန်ဆွဲကြပြန်တော့၍ ခန္ဓာကားနောက်ဝယ် ကော့ကော့ကြီး ဖြစ်သွားတော့ပြန်ရာ ခမျာမှတ်ဖို့နေနေသာသာ ကိုယ့်ဟာကိုယ်ပင်မဟန်နိုင်ရှာ။

(ဃ) တစ်ဖန် ထိုရှစ်ဆယ်မှာမှ မသေ ရှေ့ဆက်နေခွင့် ရသေးသော် မူဂဒသက အသက်၏ကိုးဆယ်တွင်း ရောက်ရသောအခါကာလတွင်ကား သွေးအားယွင်းပျက် အမှတ်ပင် လုံးဝနီးပါး လက်ပျက်သွားတော့ရကား ခမျာသတိကင်းဘိ လူစိတ်ပြည့်ပင် မရှိတော့။ အထက်ပါသေခြင်း၏ဝေးသော အကြောင်းများ (တွေဝေခြင်း၊ မိန်းမောခြင်းများ)က မပြတ်နှိပ်စက်နေကြတော့သဖြင့် အလူးအလဲ ခံနေရချိန်မျိုးဝယ် ထိုသူ့၌ မသိပေါ် မသိထပ် မသိမသိဟူသော အဝိဇ္ဇာခာတ်များချည်း ခိုအောင်းနေတော့သည်ဖြစ်ရာ နောင်လာမည့်ဘဝအတွက် အဝိဇ္ဇာမျိုး ရိက္ခာစုကား ထုနှင့်ထည်နှင့်သာ။

(၃) တစ်ဖန်သေခြင်း၏ ဝေးသောနောက်တစ်ကြောင်းမှာ - နောက်နောက်က ပါလာခဲ့သော ကံရှိန်ဉာဏ်ရှိန်တို့ကလည်း အားကောင်းဆဲ၊ အရွယ်ကလည်း အားကောင်းဆဲ လက်ရှိဘဝသစ်၏ အလယ်ပိုင်း (ဝဏ္ဏ၊ ဗလ၊ ဉာဏ၊ ဒသကပိုင်း)

များဖြစ်ကြသော အသက် သုံး-လေး-ငါးဆယ်အရွယ် ကိုယ်ပြီး ကိုယ်ပိုင်ဘဝ ကိုယ်လိုသလိုပြုကျင့်ခွင့်ရစဉ်တုန်းကလည်း ကောင်း၏မကောင်း သောင်းပြောင်းထွေလာ ခံစားစရာ အာရုံလွှာများနှင့် တွေ့လေတိုင်း…

(က) မတွေ့လိုက်နှင့် မေ့မေ့ကြီး အာရုံနောက်မေ့ကောက်လျက်ကသော ခံစားမှုပြီးစီးနေချေပြီ။

(ခ) မထိလိုက်နှင့် ငြိလျက်ကြီးပါသွားနေချေပြီ။

(ဂ) မပူးလိုက်နှင့် ဆတ်ဆတ်လူး ကိုယ့်ရှိစိတ်ရှူး သူ့ထံကူးသွားနေချေပြီ။ ထိုအချိန်မျိုးများ၌လည်း မသိကောင်းနှင့် ကောင်းမသိချည်းကသော ဖိစီးနှိပ်စက်နေတော့ရာ ခမျာ အဘယ်မှာ အသိကပ်အား ရှိနိုင်ပါတော့အံ့နည်း။

(၄) တစ်ဖန်သေခြင်းတရားနှင့် အလွန်ဝေးကွာသော နောက်တစ်ကြောင်းမှာ အတိတ်ကံပြုစဉ်တုန်းက အဝိဇ္ဇာမြေစာကျွေးလျက်က ပြုစုစောင့်ရှောက်ထားသော ကံသင်္ခါရအရာကပင် သင်္ခါရ၏ ဗီဇသတ္တိအပေါ် အဝိဇ္ဇာ(တဏှာ)၏ ဩဇာသတ္တိကလည်း တွန်းရိုက်အဖြစ် ခေါင်းမြီးခြုံကာ လိုက်ပါခဲ့လေရာ-

ထိုအဝိဇ္ဇာ(တဏှာ)၏ ဩဇာသတ္တိသည်

(က) ဘဝကူးရာ၌ ကံဝိညာဉ်မှနေ ပဋိသန္ဓေဝိညာဉ်အဖြစ်လိုက်ပါလာသည်။

(ခ) ပဝတ္တိခေါ် ဘဝသစ်ထဲ၌ ပဋိသန္ဓေဝိညာဉ်မှနေ ကံဝိညာဉ်အဖြစ် လိုက်ပါလာမည်။

(ဂ) သေခါနီးဝယ် ကံဝိညာဉ်မှနေ စုတိဝိညာဉ်အဖြစ်လိုက်ပါလာပြီ။ ထိုအကြောင်းကြောင်းသော အကြောင်း

ကြောင်းများကြောင့်လည်း မရဏာ၏နောက် အဝိဇ္ဇာ ပင်ပျိုးများ ပေါက်ချလာပေဦးတော့မည်။

သို့ကြောင့် -

ပုတီးတစ်ကုံး၏ (၁၀၈) လုံးမြောက် နောက်ဆုံးအလုံးသည် တစ်ဖန် အပါတ်သစ် စတင်ရန် ပင်လယ်ကူးမှနေ စေခိုင်းလိုက်သည် ပမာ...

လူတို့၏ တစ်သက်တာကာလ သေရအံ့အခါရှိ ဤမသိ ထိုမသိ ဇရာ ဗျာဒိတို့ ဖိနှိပ်အားနှင့် မေ့သိ မျောသိများကလည်း နောင်ဘဝ သစ်အတွက် မသိခြင်းကပင် တစ်ပတ်စတင်ရန် အချက်ပြပေးလိုက် သည်ဟူ၍ တစ်ထစ်ချကာ မှတ်ယူထားပါလေလော့။

## ဝဋ်အမြဲ ငရဲအပ ထိုကထာ ဤမှလာသည်သာ

* တီဏိ ဝဋ္ဋာနိ
* အဝိဇ္ဇာ တဏှာ ဥပါဒါနာစ ကိလေသဝဋ္ဋံ
* ကမ္မဘဝ သင်္ခါတော ဘဝေကဒေသော သင်္ခါရာစ ကမ္မဝဋ္ဋံ
* ဥပပတ္တိ ဘဝေကဒေသော အဝသေသာစ ဝိပါကဝဋ္ဋံ

ဝဋ်သည် ရထားလှည်းဘီးပမာ ချာလည်ပတ်လည် လှည့်

နေတတ်ရာ

သတ္တဝါတိုင်းတို့အောက်ဝယ် -

- မသိတော့၍လိုချင် လိုချင်တော့ စွဲလမ်းဟူသော အဝိဇ္ဇာ တဏှာ ဥပါဒါန်အကြောင်းခံတရားသုံးပါးသည် သတ္တဝါတိုင်း၏ဘဝ ခေါ် ဖြစ်စဉ် ကိုယ်ထည်ကြီးကို တင်ဆောင်လျက်က လှည့်ပေးနေ ချေသည်။

သို့ကြောင့် -

ဤပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးကို ခွဲတမ်းချရာ၌

(၁) ထိုအဝိဇ္ဇာ တဏှာ ဥပါဒါန်သုံးမျိုးတို့ကိုကား ကိလေသာဝဋ်

(၂) ကမ္မဘဝသင်္ခါရတို့ကား ကံတရားများချည်းဖြစ်ကြ၍ ကမ္မဝဋ်

(၃) ဥပပတ္တိဘဝကြွင်း ဝိညာဉ်နာမ်ရုပ်မှ ဇာတိ ဇရာ မရဏ တိုင် အောင်တို့ကား အကျိုးတရားများချည်း ဖြစ်ကြ၍ ဝိပါကဝဋ် ခွဲဝေရသည်။

ထိုတွင် -

(၁) အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည် သတ္တဝါတို့ကို မေ့ဆေးပေး ရာ စိတ်ကြွဆေးပေးရာ ခံတွင်းချဉ်ဆေးပေးရာတိုင်းတို့၌ ပါရဂူကြီးများ ဖြစ်ကြ၏။

(က) အဝိဇ္ဇာသည် လက်ရှိအပေါ်ဝယ် အမှန်အတိုင်း မသိ စေလိုရာ၌ စိတ်အစဉ်များကို ရှေ့ရောက်နောက်ပြန် တွန်းပို့ခြင်းဖြင့်လည်းကောင်း

(ခ) မရောက်သေးသည်များကို ငံ့လင့်စေရာ၌ အပြင်ပြ အဝေးကြည့်မျိုးဖြင့် ကြည့်စေ သိစေသောအားဖြင့် လည်းကောင်း

(ဂ) ရောက်ခဲ့သည်များကို ပြန်လည်ကာ စားမြုံ့ပြန်စေရာ၌လည်း အတွေ့ကိုပလပ် အတွေးကိုသာထပ်စေခြင်းဖြင့် လည်းကောင်း

၄င်း၏လက်အောက်ရှိ သတ္တဝါတို့အား သိမ်းသွင်းလေ့ရှိ၏။ လက်အောက်ခံသတ္တဝါတို့ ခများမှာမူကား မိမိတို့သွေးမှဖြစ်သော စရိုက်ညဉ်များကို ထုတ်ဖော်ပေးအပ်လျက်ကသာ ယင်းမိုက်မောဟ၏ အသုံးချသားကောင်ဘဝအဖြစ်သို့ လှလှကြီး ရောက်ကြရချေတော့၏။

အဝိဇ္ဇာခေါ် မိုက်မောဟကား သတ္တဝါတို့လက်ဝယ်ရှိ ထိုညဉ်စရိုက်ငယ်နိုင်များကို ပိုင်နိုင်စွာ ကိုင်ချုပ်လျက်ကသာ ကြိုးဆွဲဆရာသည် အရုပ်ကလေးကို လိုရာကကွက် ကြိုးဖြင့်ကွက်၍ ကွက်၍ အသက်သွင်းပေးသည့်ပမာ လှုပ်ရှားနေစေပါသည်။

တဏှာသည်ကား အာရုံဆန်းကို တွေ့ထိလိုရာ၌ ၄င်းမတွေ့ထိဘူးသေးသော အာရုံများကို မြည်းလို စမ်းလိုရာ၌လည်းကောင်း၊ အကြိုက်မိဝတ္ထုအာရုံများကို ခံစားဆဲ၌လည်းကောင်း အဆိုးမှန်သမျှ မသိကျိုးကျွံပြုလျက်က အကောင်းဘက်ချည်း ဆွဲဖို့တတ်လှချေသည်။ မရမချင်းလည်း ပူဆာပေးနေတတ်သေးသည်။

ယခင်ခံစားဘူးခဲ့သော အာရုံဟောင်း၏ မကောင်းရာကိုလျှင် ၄င်းအကြိုက်မကုန်သေးက ရှေ့ဆက်ကောင်းနိုးနိုးတို့ဖြင့် စိတ်ကို ထိုးကျင့်လျက်ကပင် စိတ်ကိုထကြွစေပါသည်။ စိတ်ကို နိုးထစေပါသည်။

ကလေးငယ်တစ်ဦး မိဘနှင့်အတူ ပွဲဈေးတန်းသို့ ကပ်ချဉ်းမိရာ၌ ၄င်းမျက်စိထဲ တစ်ရစ်ဝဲဝဲဖြင့် ဖမ်းစားနေသော အရုပ်ကလေးအပေါ် မျက်စိကျရောက်သွားရာ မိဘအားဝယ်ပေးရန် ပူဆာ၏။

မိဘက ထိုအရုပ်မကောင်းကြောင်း အပြစ်ပြ၍ ဖျောင်းဖျပေး၏။ မရ။ ယခင်ကလည်း သူ့လိုအရုပ်ကလေး ပျက်စီးဘူးကြောင်း ပြောပြ၏။ မရ။ ထိုကလေး ၄င်းစိတ်လိုချင်မှုထဲ အကြိုက်ကျသွားပြီကို အခြားနည်းဖြင့် ဆယ်နုတ်၍မရ။ အကြိုက်ကျ အကြိုက်ရလေမှ ရပ်တော့ သည့်ပမာ… ။

တဏှာသည်လည်း ၄င်းချစ်ခင်နေသမျှ အပြစ်မမြင်သာနှုန်းဖြင့် သတ္တဝါတို့ကို စိတ်ထစေပါသည်။

ဥပါဒါန်သည်ကား သတ္တဝါတို့ကို အာရုံမျှော် ပုံဖော်စေရာ၌ မရှိသည် အရှိဖြစ်စေ၏။ မသတီစရာသည် သတီစရာဖြစ်လာ၏။ မုန်းစရာအစစ်က ချစ်စရာ ဖြစ်လာ၏။ အဆိုးအညစ်က အကောင်းစား ဖြစ်လာ၏။

သို့ကြောင့်

မသိ၍ကြိုက် ကြိုက်၍မသိတို့ဖြင့် အဖိခထားရရှာသော သူတကာတိုင်း ထိုအာရုံပျက်များကိုချည်း အငမ်းမရ မုန်းဆလျက်က တမ်းတနေကြရပါသည်။ မရခင်ကပင် အချိတ်ကြီးချိတ် အအိပ်ကြီးအိပ်ပေးလျက်က ခေါင်းညိတ်နေကြရပါသည်။ ထိုသတ္တဝါမှ အလိမ်မထိ မည်သူသည် ထိအံ့နည်း။

# ကိလေသာဝဋ် စိတ်မလွတ် အမွတ်မပြေသာ

(၂) အထက်ဆိုခဲ့ပြီး အဝိဇ္ဇာ တဏှာ ဥပါဒါန်ခေါ် မသိခြင်း၊ လိုချင်ခြင်း၊ စွဲလမ်းခြင်းတို့က အမှတ်ပေးတေးစွဲထားပေးလိုက်သော အခါ-

(၁) ကမ္ဘာ့ ကမ္ဘာ ဘဝ ဘဝါက ပါလာခဲ့သမျှသော အနုသယ ကိလေသာ အငုတ်ခါတ်စုများလည်း ငုတ်ရာမှ ဖော်ပေးရ တော့သည်သာ…

(၂) စိတ်တွင်းမှကြွ ထိုးဆွပေးလျက်ရှိကြလေသော ပရိယုဋ္ဌာန ကိလေသာများကလည်း မရမချင်း ဒလတင်း ညှင်းပေးရ တော့သည်သာ…

(၃) စိတ်ဝယ်မဆံ့ အင်္ဂါစုံခြေလက်တို့သို့ပါ ဆန့်ထွက်လာသော ဝီတိက္ကမ ကိလေသာများကလည်း နှုတ်ဆိုနှုတ် ကိုယ်ဆိုကိုယ် လိုသလို ပြုကျင့်ပေးရတော့သည်သာ။

* ၎င်းတို့မှ မီးခိုးကြွက်လျှောက် သံယောဇဉ်တရားကိုယ် ဆယ်ပါး မီးကားတစ်ဆယ့်တစ် စသည် အညစ်အုပ်စုမှန်သမျှလည်း ခြေစုံကန် ထရတော့သည်သာ-

ထိုအခါ

* ကမ္မဘဝ ကံသင်္ခါရ အမည်ရသော ပစ္စက္ခ၏ ကံပေးဘဝ ရှိ (လူဆိုလူလို - ခွေးဆိုခွေးလို) ဘဝပေးအကျင့်ဖြစ်သော အကျင့် မြတ်-ယုတ်တို့ကို ကိုယ်နှုတ်နှလုံး သုံးပါးလုံးတို့ဖြင့်

* အကောင်းမျှော်စေသော ကောင်းကံများအဖြစ် ကေန်ဖန်တီး ကြရော့မည်။

* အကောင်းမျှော်စေသော ဆိုးကံများအဖြစ် ဇောက်ဖန်တီးကြရော့မည်။

* ဉာဉ်ဝသီဘော် အညီလျော်သော ဖြစ်လိုရာဖြစ်ကံများကိုလည်း ဇောက်ဖန်တီးကြရော့မည်။

သို့မဟုတ် စိတ်ဖြစ်ကိလေသာဝဋ်မှ ဆက်၍ကံစုံဖြစ် ကမ္မဝဋ်များ အကောင်အထည်ပေါ်ကာ ဖြစ်ထွန်းလာခြင်း။

(၃) ထိုကိလေသာဝဋ် ကမ္မဝဋ်တို့၏ အကျိုးပေးလှည့်များကပင် လျှပ်တစ်ပြက်ပေါ်ထွန်းလာသော (သို့မဟုတ် ကံဆိုက်ရာလိုက်ပါလျက်ရှိသော) လက်ရှိဘဝနှင့် ယင်းလက်ရှိဘဝရှိ ဉာဉ်သိ ခန္ဓာသိ (ထိ-သိ-ခံစားသိ)များဖြင့်ပင် လယ်ကူလီစာရင်းငှား လယ်ရှင်ကျွေးထားသော ထမင်းကိုစားနေရသည်ပမာ အာရုံပုံပျက် ဝတ္ထုပျက်များကို နှစ်နှစ်ကာကာကြီး ဝိပါတ်အဖြစ် သုံးဆောင်နေခြင်းတည်း။

* ပြုပြင်ရာမှရလှာသော အာရုံခံအရသာမှန်သမျှ နှစ်ဘက်ဖျက်ဆီး နှစ်ဘက်စလုံးပျက်စီးပြီးမှသာ ကောင်းလာတတ်၏။

* ပြုပြင်ရာမှရလှာသော အာရုံခံအရသာမှန်သမျှ ဒုက္ခဖြင့်တစ်ကျပ်သားရင်းမှသာ သုခတစ်မတ်သား ပေးကျွေးတတ်၏။

* သတ္တဝါတို့သည် အာရုံမခံစားမီကပင် ကောင်းနေနှင့်ခြင်းအကောင်းတွေ့ အဆိုးလုံးဝမေ့ပျောက် ထားခဲ့ခြင်းများကြောင့် ထိုကိစ္စမရိပ်မိတတ်။

## လက်ရှိ၏ကမ္မဘဝ ဥပပတ္တိဘဝများ

သတ္တဝါအစားစားတို့၏ -

သံသရာတစ်ခွင် ထက်အောင်စုန်ဆန် အဖန်ဖန်ကျင်လည်ကြရလေတိုင်း

(က) ကံသတ္တိအရ ဘူတရုပ်များဖြင့် စီမံဖန်တီးခံထားရသော (မိမိတို့ ကောင်းကံဆိုးကံအလိုက်) လူနှင့်တိရစ္ဆာန်အဖြစ်သို့ ရောက်ရှိစဉ်ကာလအတွင်းသည် ကမ္မဘဝ အမည်ရ၏။

(ခ) စိတ်သတ္တိအရ ဥပါဒါရုပ်များဖြင့် စီမံဖန်တီးထားသော (မိမိတို့ ကောင်းကံ ဆိုးကံအလိုက်) အောက်ဝယ် ငရဲ ပြိတ္တာ (အသူရကာယ်) အထက်ဝယ် နတ်ပြဟ္မာ အဖြစ်တို့သို့ ရောက်ရှိစဉ်ကာလအတွင်းသည် ဥပပတ္တိဘဝအမည်ရ၏။

* ယခုရောက်ဆဲကာလရှိ ပစ္စက္ခဘဝ၌လည်း

လူဟူသော ဖြစ်စဉ်ဘဝသည် ကံသတ္တိကပြစ်ချလိုက်သော ဘူတရုပ်ရှင်စွမ်းအားထင်ကြောင့် ကမ္မဘဝဟူ၍ပင် ဆိုရချေသည်။

* တစ်ဖန် လူမှာမှ မိမိတို့စိတ်စွဲအလိုက် ယောကျာ်း(မိန်းမ) အဖြစ်သို့ ရရှိကြခြင်းနှင့် ထိုယောကျာ်း(မိန်းမ)အလိုက်၊ ဉာဉ်ကလည်း ယောကျာ်းဉာဉ်ဖြင့် ယောကျာ်းလိုသာ သိတတ်ခြင်း၊ ပုံကလည်း ယောကျာ်းဟန်နှင့် ယောကျာ်းလိုသာ လှုပ်ရှားခြင်း၊ စိတ်ကလည်း ယောကျာ်းစိတ်ရှိခြင်း၊ မျက်လုံး မျက်ဖန် နား နှာ စသည့် တည်ဟန်များကလည်း ယောကျာ်းပုံသွင် ယောကျာ်းလိုသာပေါ်ထင်ခြင်း၊ ကိုယ်လက်အင်္ဂါများကလည်း ယောကျာ်းသွင်ပြင် ယောကျာ်းအင်္ဂါသာ ပေါ်လွင်ခြင်း၊ မနောကလည်း ယောကျာ်း၏သဘော ယောကျာ်းလိုသာ

ဓာတေခြင်း၊ သည့်အတူတွေ့ထိရာ၊ ခံစားရာတပ်မက်စွဲလမ်းရာ စသည်များ၌လည်း ယောကျာ်းသဘာဝအတိုင်းသာ ပြုကျင့်တတ်ခြင်း များသည် စိတ်သန္တိအရ ဖြစ်ပေါ်ရခြင်းကြောင့် ဥပပတ္တိဘဝဟူ၍ ပင်ဆိုရချေမည်။

* ထိုသို့ တစ်ဘဝတည်း နှစ်ကိုယ်ခွဲရာ၌-

(၁) လူမို့လို့ လူလိုခံစားနေခြင်းများက ဘဝတစ်စိတ်တစ်ဒေသ

(၂) ယောကျာ်းမို့လို့ ယောကျာ်းလို ခံစားနေခြင်းများက ဘဝတစ် စိတ်တစ်ဒေသ

ဤသို့လျှင် ကွဲပြားခြားနားနေသည်သာ။ ထိုတွင်

(က) လူနှင့်အပေါင်းပါ ကံသင်္ခါရများက ကမ္မဝဋ်ဖွား အလုပ်သမား တည်း။

(ခ) ယောကျာ်းနှင့်အပေါင်းပါ အကျိုးဝိပါတ်များက ဝိပါကဝဋ် ထား စည်းစိမ်ခံသမားတည်း။

* သို့မဟုတ် ကံနှင့်ဝိပါတ် တစ်ဘဝတည်း၌ ယှက်သွယ်နေ ကြခြင်းများတည်း။

## မျိုးချုပ်ဝဋ္ဋအကြောင်းခံ ကောင်းရန်ဘယ်မရှိ

အဝိဇ္ဇာ တဏှာ ဝသေန
ဒွေမူလာနိ စ ဝေဒိတဗ္ဗာနိ။

ဆိုခဲ့ပြီး ပဋိစ္စသမုပ္ပါဒ်တို့၏ မူရင်းလက်သည်ထား တရားခံများသည်ကား မသိရာမှလိုချင်ခြင်းနှင့် လိုချင်ရာမှ မသိတတ်တော့ခြင်းများပင်တည်း။

* ၄င်းတို့ကြောင့်ပင် သင်္ခါရ ဝိညာဉ် စသည်များ ဆက်တိုက်ဖြစ်ပွားနေရသည်။

* ၄င်းတို့ကြောင့်ပင် ကိလေသာသံယောဇဉ်များ ရစ်ပတ်နေရသည်။

ချဲ့ဦးစို့။ အထက်ပါ ရေသောက်မြစ်နှစ်ခုတို့ကြောင့်ပင်လျှင်

မခံမရပ်နိုင်တော့ခြင်း ဒေါသ ဖက်ပြိုင်ခြင်း မာန၊ ငါပိုင်သိမ်းပိုက်လိုခြင်း ဒိဋ္ဌိ စသည် ယင်းအကုသိုလ်ကံထား ဆယ်ပါးသော ကမ္မပထတရားများ အာသဝ ဩဃ စသည် ဘဝဆင်းသက်ရာ အယုတ်တရားများသည် လည်းကောင်း၊ ကာမကုသိုလ်ရှစ်ပါးနှင့် ကမ္မပထတရားများ ဆိုခဲ့ပြီး အယုတ်တမာများကို တန်ပြန်တော်လှန်ရာ ဈာန် ဖိုလ် ဇောဈွှင်မဂ္ဂင် စသည် ဘဝနားနေရာ အမြတ်စုတရားများသည်လည်းကောင်း ရှန်းရင်းဆန့်ခတ် အကြောင်းပေါ် အကျိုးနှင်းဖြင့် ပေါ်ထွန်း၍လာရပါသည်။

* သိ၍မလိုချင် မလိုချင်၍ သိသိနေတော့လျှင်ကား-
အယုတ်တရား(အရှုံးတရား)ဟူသည် ပေါ်ထွန်းစရာပင် မလို။

နတ်တလူစာစဉ်

အယုတ်မပေါ်လျှင် အမြတ်ပေါ်ရန်သော်လည်းကောင်း၊ ဖော်ရန်သော်လည်းကောင်း လိုအပ်တော့မည်ပင် မဟုတ်တော့ပြီ။

* ဆယ်တင်(ကယ်တင်) ရခြင်းမှန်သမျှ မြုပ်ချိန်ကာလရှိမှသာ ဝင်ပေးရသော အလုပ်ဖြစ်နေခြင်းကြောင့်တည်း။

သတ္တဝါတို့ သံသရာကျင်လည်ကြရခြင်း ဆယ်ထုတ်ကြရခြင်းများသည် ယင်းမသိမှုနှင့် လိုချင်မှုများကြောင့်ချည်းသာ။

ထိုတွင်…

* တိရစ္ဆာန်များသည် မသိမှုအရင်းခံ တဏှာကားအရံ

* လူ နတ်များကား လိုချင်မှုအရင်းခံ မသိမှုကားအရံ

ထိုသို့ ဝစ္ဆံထည့်မျိုးပေါက် အသီးအပွင့်ခေါ် ခံစားပုံများ ထောက်ပံ့နေကြလေရာ တိရစ္ဆာန်တို့ကား အကြိုက်လောက်သာ မေးတင် အဆန်းမထွင်တတ်။

လူတို့မှာမူကား တဏှာဦးစီး ကာမကြီးသမားပီပီ ကြိုက်ကောင်းကိုကိုင် ပိုင်သည်နှင့် ဟိုလိုတစ်မျိုး သည်လိုတစ်ဖုံနည်းမျိုးစုံ အကုန်ကြဲလျက်က ကြိုက်ပွဲဝင်တတ်ကြချေသည်။ သို့ကြောင့်…

* စွဲစရာရှိ လူတို့သည်သာ အစွဲနာပြီး

* ထိစရာရှိကလည်း လူတို့သည်သာ အထိနာကြမည်။

ငရဲပြည် ပြိတ္တာပြည်သွားရာ၌ လူလမ်းကသွားသည်က အများဆုံးတည်း။ ။

**ဤကား ပဋိစ္စသမုပ္ပါဒ်တို့၌ လက်ဦးသိထားသင့်သောအကြောင်းအရာများတည်း။**

## (ခ) ပဋ္ဌာန်းတရား၏အခြေခံသရုပ်များ

* ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော
* အနန္တရပစ္စယော သမနန္တရပစ္စယော သဟဇာတပစ္စယော
* အညမညပစ္စယော နိဿယပစ္စယော ဥပနိဿယပစ္စယော
* ပုရေဇာတပစ္စယော ပစ္ဆာဇာတပစ္စယော အာသေဝနပစ္စယော
* ကမ္မပစ္စယော ဝိပါကပစ္စယော အာဟာရပစ္စယော
* ဣန္ဒြိယပစ္စယော ဈာနပစ္စယော မဂ္ဂပစ္စယော
* သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော အတ္ထိပစ္စယော
* နတ္ထိပစ္စယော ဝိဂတပစ္စယော အဝိဂတပစ္စယောတိ။ ။

- ပဋ္ဌာနဟူသောပုဒ်ကို

ပ - ကားတစ်ပုဒ်၊ ဋ္ဌာန - ကားတစ်ပုဒ် နှစ်ပုဒ်ခွဲဝေ၍ စိစစ်သော်

ပ - ကား အထူးထူးအပြားပြား ဋ္ဌာန - ကား တည်ရာ ဟူ၍ပင်။

မည်သည့် အထူးထူးအပြားပြားတို့၏ တည်ရာဋ္ဌာနနည်း။ ပမာအားဖြင့် သမုဒ္ဒရာသည် ရေအားလုံးတို့၏ လိုမ့်ဝင်ရာဝပ်ကျင်း။

ထိုရေအားလုံးသည်ကား တစ်နေရာတစ်ဋ္ဌာနတည်းက မဟုတ်ချေ။ အချို့တောင်က အချို့မြောက်က အချို့အရှေ့က အချို့အနောက်က အချို့အထက်က အချို့အောက်က အချို့မြောင်းက အချို့ချောင်းက အချို့မြစ်က အချို့ကား ရေချို အချို့ကား ရေချဉ် အချို့ကား ရေခါး အချို့ကား ရေစပ် အချို့ကား ရေဖန် အချို့ကား ရေဖြူ အချို့ကား ရေနီ အချို့ကား ရေပြာ အချို့ကား ရေကြည် အချို့ကား ရေနောက် စုံတကာစေ့ပင်။

ထိုသို့ ထူးလည်းထူး ပြားလည်းပြား များလည်းများလွန်လွန်းသော ရေအားလုံးတို့ တစ်နေရာတည်းဝယ် တစ်စုတည်း တစ်ဝေးတည်း ပေါင်းစုလျက်က တည်နေခြင်းသည်ပင် သမုဒ္ဒရာဆိုရ၏။

သည့်ပမာလျှင်...

* သာသနာတော်၏ သီလသိက္ခာသည် ပညာက ပြဋ္ဌာန်းထား၏။ သို့မဟုတ် အကျင့်မှန်သမျှ သိရန်သို့သာ ဥက္ကောင်းဆိုက်ရကား သီလသာသနာကို ပညာကပင် ပြဋ္ဌာန်းထား၏။ ပညာဖြင့် သီလစင်ကြယ်စေခြင်းတည်း။

* သာသနာတော်၏ သမာဓိသိက္ခာသည်လည်း ပညာကပင် ပြဋ္ဌာန်းထား၏။ သို့မဟုတ် အတည်မှန်သမျှသိရန်သို့သာ ဥက္ကောင်းဆိုက်ရကား သမာဓိသာသနာကို ပညာကပင် ပြဋ္ဌာန်းထားပေးရ၏။ ပညာဖြင့် စိတ်စင်ကြယ်စေခြင်းတည်း။

* သာသနာတော်၏ ပညာသိက္ခာကိုကား ဤပဋ္ဌာန်း ဒေသနာကပင်ပြဋ္ဌာန်းထား၏။ သို့မဟုတ် ပညာသိက္ခာကိုယ်စားပြု အဘိဓမ္မာ ခုနစ်ကျမ်းတို့၏ အဆီအနှစ်သည် ဤပဋ္ဌာန်းဒေသနာမှာသာ စုဝေးနေရကား ဤပဋ္ဌာန်းဒေသနာတော်သည် ပညာသာသနာ၏ဥက္ကောင်းဆိုက်ရာတည်း။ သို့ကြောင့်

* ဤပဋ္ဌာန်းဒေသနာတော်သည် သာသနာတော်ရှိ ဓမ္မအားလုံးတို့၏ လိုမ့်ဝင်ရာဝပ်ကျင်းဟူ၍ပင် ဆိုရချေသည်။

* ပဋ္ဌာန်းစည်ကားနေသမျှ သာသနာထွန်းကားနေဦးမည်။

* ပဋ္ဌာန်းကွယ်က သာသနာလည်း ကွယ်ပမည် ဟူသော ဤစကားက သက်သေခံနေချေပြီ။

* ပဋ္ဌာန်းသည် အထူးထူးအပြားပြားသော **သဘာဝဓမ္မ**တရားများ၏တည်ရာ (နာနပ္ပကာရ ပစ္စယဋ္ဌေန)

* ပဋ္ဌာန်းသည် ဓမ္မအားလုံးတို့ကို **ဝေဖန်ပိုင်းခြား**ပြရာ (ဝိဘဇနဋ္ဌေန)

* ပဋ္ဌာန်းသည် ဓမ္မအားလုံးတို့၏ တည်ရာ (ပဋ္ဌိတဋ္ဌေန)

* ပဋ္ဌာန်းသည် ဓမ္မအားလုံးတို့၏နားသက်ရာ (ဂမနဋ္ဌေန)

ထိုစကားများကလည်း ပဋ္ဌာန်းသည် သာသနာတစ်ခုလုံး၏ စုဝေးတည်နေရာဟူသော စကားကိုလျှင် ထောက်ခံလျက်ရှိချေပြီ။

# ပဋ္ဌာန်းသည် သတ္တဝါအားလုံးတို့၏ သက်ဦးဆံပိုင်

သတ္တဝါအားလုံးတို့နှင့် လောကကြီးကို ပဋ္ဌာန်းက ကျေးဇူးပြုရာ၌ အချို့ဟိတ်ထုတ်၍ ကျေးဇူးပြု၏။ အချို့အာရုံယူလျက်က ကျေးဇူးပြု၏။ အချို့ ရှေ့သွားဦးစီးအဖြစ်ဖြင့် ကျေးဇူးပြု၏။ ကုန်ကုန်ပြောလျှင် သတ္တဝါတို့အချင်းချင်းဆက်ဆံရာတိုင်းတို့၌ပင်-

* မကွေမကွာလိုက်ပါစေခြင်းဖြင့်လည်း ကျေးဇူးပြုစေသေး၏။

* မစပ်မယှက် ရောနှောမှုမဖက်ဘဲနှင့်လည်း ကျေးဇူးပြုစေသေး၏။ သည့်အတူ ရှိခြင်း၊ မရှိခြင်း၊ ကင်းခြင်း၊ မကင်းခြင်းတို့နှင့်ပင် ကျေးဇူးပြုပေးစေသေး၏။ ယှဉ်တွဲဆက်ဆံမှ ရှိစေမှ မကင်းစေမှ ကျေးဇူးများမည် မဟုတ်။ မယှဉ်တွဲဘဲ မရှိစေဘဲ ကင်းစဲစဲဖြင့်လည်း ကျေးဇူးများစေသည်မှာ ဤပဋ္ဌာန်းပစ္စယသတ္တိများ၏ ကျေးဇူးပြုမှုများပင်တည်း။

\- သိသာရုံမျှ သက်သေပြရပါမူ

တစ်ဦးသည် လောကမှထွက်မြောက်ကြောင်း အကျင့်ကို ကျင့်သုံးနေ၏။

ထိုလောကမှ ထွက်မြောက်ကြောင်းအကျင့်သည်

ဝိဝေကသုံးပါးစလုံး ငြိမ်ဆိတ်သွားရန် အားထုတ်ပေးရသော အကျင့်ဖြစ်၏။

(၁) ကာယဝိဝေက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် အားလုံး ငြိမ်ဆိတ်သွားတော့ခြင်း။

(၂) **စိတ္တဝိဝေက** - ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသ ဝိတက်များ ငြိမ်ဆိတ်သွားတော့ခြင်း။

(၃) **ဥပဓိဝိဝေက** - တဏှာနှင့်တကွ ကိလေသာအားလုံး ငြိမ်ဆိတ်သွားတော့ခြင်း။

ထိုသို့ကျင့်နေစဉ် -

ထိုသူ၏အကျိုးကို လိုလားလျက်သော နောက်တစ်ဦးသည် ပထမငှင်း၏အနီးအပါး ကူဖော်လောင်ဖက်အဖြစ် လာရောက်နေလို၏။ နောက်မှ အတွေးဝင်၏။

ခမျာ - ငါ့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ချေရဲ့။ ဤသို့ အသိဝင်ကာ မယှဉ်မတွဲ ယှဉ်တွဲလိုမှုကို ရှောင်လွှဲလိုက်ခြင်းကပင် လျှင် ထိုတရားရှင်အား ထိုကူလိုသူက ဝိပ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူး ပြုလိုက်ခြင်းတည်း။

* တစ်ဖန် အဝေးမှနေ ပစ္စည်း(သုံးစရာ) ထောက်ပံ့ရန် ကြံရွယ်ပြန်၏။ ထို့နောက် အတွေးဝင်၏။ သည်ပစ္စည်းတွေ သူမလို အပ်ဘဲ သူ့အနားရှိနေခဲ့သော် ခမျာ - စိတ်အနှောင့်အယှက် ဖြစ်ပေ ရော့မည်။ ဤသို့အသိဝင်ကာ မပို့ဘဲထား၏။ ထိုထားခြင်းသည် ထိုတရားရှင်အား ထိုလှူလိုသူက နတ္ထိသတ္တိထူးဖြင့် ကျေးဇူးပြုပေး လိုက်ခြင်းတည်း။

* နောက်တစ်ဖန် ပစ္စည်းကားမပို့၊ အဝေးမှနေကာ မိမိနှင့် မကင်းသောအစွဲဖြင့် ထိုတရားရှင်ထံ စိတ်ပို့လျက်က ရုံတစ်ခါသောက ပွားနေ၏။ ရုံတစ်ခါ မျှော်လင့်ချက် ထားမိနေသေး၏။ နောက်မှ အတွေးသိဝင်လာပြီး...

ဩော်... ငါ့ကြောင့် ခမျာ စိတ်ထွေနေချေရဲ့။

ဤသို့ အသိဝင်ကာ စိတ်နှင့်ပါကင်းကင်းရှင်းရှင်း နေလိုက်တော့၏။ ထိုနေခြင်းကလည်း ထိုတရားရှင်အား ထိုသက်ဆိုင်သူက ဝိဂတသတ္တိထူးဖြင့် ကျေးဇူးပြုပေးလိုက်ခြင်းတည်း။

* ဤကား ပဋ္ဌာန်း၏ သဘောသတ္တိ သိသာရုံမျှပြခြင်းသာ။

## ပဋ္ဌာန်းဆက်မကင်းသော ဤလောက

သတ္တဝါတို့ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ကြရာတိုင်း၌ ဤပဋ္ဌာန်းသည် ပဓာနကျ၏။

(က) ကုသိုလ်ချင်းဆက်သွယ်၍ ကုသိုလ်ဖြစ်ရန်လည်း ဤပဋ္ဌာန်းက ကျေးဇူးပြုပေး၏။

(ခ) ကုသိုလ်ချင်းဆက်သွယ်၍ အကုသိုလ်ဖြစ်ရန်လည်း ဤပဋ္ဌာန်းက ကျေးဇူးပြုပေး၏။

(ဂ) ကုသိုလ်ချင်းဆက်သွယ်၍ ကုသိုလ် အကုသိုလ်မှ လွတ်ရန်လည်း ဤပဋ္ဌာန်းကပင် ကျေးဇူးပြုပေး၏။

ထိုပဋ္ဌာန်းကြောင့်ပင်...

* အချို့ကုသိုလ်ချင်းဆက်လျက် ပဋ္ဌာန်းဆက်ဖြစ်သွားကြလေပြီ။

* အချို့အကုသိုလ်ချင်းဆက်လျက် ပဋ္ဌာန်းဆက်ဖြစ်သွားကြလေပြီ။

* အချို့ ကုသိုလ်၊ အကုသိုလ်မှ အလွတ်ဆက်လျက် ပဋ္ဌာန်းဆက်ဖြစ်သွားကြလေပြီ။

* လောကဝယ် အမိမတော်ခဲ့ဘူးသောသူ အဖမတော်ခဲ့ဘူးသောသူ မရှိဘိသို့ ပဋ္ဌာန်းဆက်မဖြစ်ခဲ့ဘူးသောသူလည်း ရှိအံ့မထင်ပြီ။

* သံသရာတစ်ကွေ့ တွေ့ရာရာတိုင်းတို့၌ပင် တစ်ဦးနှင့်တစ်ဦး ကုသိုလ်ဖြင့်တုံ့ခြင်း၊ အကုသိုလ်ဖြင့်တုံ့ခြင်း၊ အလွတ်ဖြင့်တုံ့ခြင်းများက သက်သေခံနေချေပြီ။

(က) တစ်ဦးနှင့်တစ်ဦး ကိုယ်နှုတ်**ကျူး၍** ကျေးဇူးမပြုဘူးဘဲထားဘိဦး။ တစ်ခါဘူးမှ မတွေ့**ဘူးပါပဲ**လျက်က မျက်နှာမြင်ရုံမျှနှင့် မေတ္တာစိတ် သက်ဝင်**နေတတ်ခြင်း**၊ အသံကြားရုံမျှနှင့် ကူညီဖေးမလိုခြင်းများသည် **နံဘေးကမ**ပြောသော်လည်း သွေးကပြောနေသောချစ်**ပဋ္ဌာန်းဆက် ပေါ်**ခြင်းများပင်တည်း။

( ခ ) တစ်ဖန် **တစ်ခါဘူးမှမတွေ့ရစဘူး**၊ တစ်ခါဘူးမှလည်း မကြားသိရစဘူးပါပဲလျက်က ပက်ပင်းကြုံလာသောအခါ မျက်နှာမြင်ရုံမျှဖြင့် မုန်းတီးနေတတ်ခြင်း၊ အသံကြားရုံမျှဖြင့် မုန်းတီးနေတတ်ခြင်းများသည်လည်း နံဘေးက မတို့သော်လည်း သွေးကတို့နေသော မုန်းပဋ္ဌာန်းဆက် ပေါ်ခြင်းများပင်တည်း။

အလောင်းတော် လောကမှ လွတ်မြောက်ကြောင်းကျင့်စဉ်ကာလ-

ယသော်ဓရာလောင်းလျာနှင့် ပဇာပတိ လောင်းလျာနှစ်ဦး**စလုံး**တို့က အလောင်းတော်အား တွေ့ရသည်နှင့် တခဏအတွင်း **ချစ်ခြင်း**မေတ္တာ ဝင်ဆံ့လာ**၏**။

တစ်ဖန် **စိဉ္စမာန**လောင်းလျာနှင့် ဒေဝဒတ်လောင်းလျာ **နှစ်ဦး**စလုံးတို့ကလည်း အလောင်းတော်အား တွေ့ရသည်နှင့် တစ်ပြိုင်နက်

မှန်းခြင်း၊ အာဃာတဝင်ဆုံကြ၏။

ထိုမြင်ကွင်းနှင့် ဖြစ်ရပ်နှစ်ခုစလုံးကပင်…

နောက်ကြောင်းမကင်းသော ပဋ္ဌာန်းဆက်သတ္တိ၏ ကျေးဇူးပြုခြင်းများပင်တည်း။

## ကိုယ့်ကိုယ်ကိုယ်ကျေးဇူးပြုခြင်းသည် ပဋ္ဌာန်း၏သော့ချက်

ပဋ္ဌာန်း၏ကျေးဇူးပြုပုံကား ပြောရှုမကုန်ပါလေ။

ဤစာစဉ်ကား ပဋ္ဌာန်းသင်တန်းပို့ချနေခြင်း မဟုတ်။ ယင်းပဋ္ဌာန်း၏ သဘာဝသရုပ်အကျဉ်းမျှ ထုတ်နှုတ်ပြပေးလိုက်ခြင်းဖြင့် ဘဝခေါ် ဖြစ်စဉ်ကြီး၏ အကြောင်းချင်းတ ပဋ္ဌာန်းဖြင့် အဆက်ချနေပါသည်ကို သိနားလည်ရန် ရည်သန်ခြင်းပင်ဖြစ်ရာ ဤဒွိလိုရင်းကိုသာ ထုတ်ဆိုရန်ရှိတော့သည်။

- ✱ ပဋ္ဌာန်းသည် အားလုံးကိုကျေးဇူးပြုနေပါသည် ဆိုသည်ထက်
- ✱ သင့်၌လည်း သင့်ပဋ္ဌာန်းက သင့်အားကျေးဇူးပြုနေခြင်း ဆိုသည်ကသာ ပို၍အဓိကကျ၏။
- ✱ ငါ့၌လည်း ငါ့ပဋ္ဌာန်းက ငါ့အား ကျေးဇူးပြုနေခြင်းဆိုသည်ကသာ ပို၍ပဓာနကျ၏။ သင်သည်လည်းကောင်း ငါသည်လည်းကောင်း
- ✱ အများတကာတို့ စိတ်ချမ်းသာရန်နှင့် အကျိုးမနည်းရန် သီလဆောက်တည်ခဲ့၏။

**နတ်တလှုစာစဉ်**

*	အများဟာကာတို့ ကိုယ်ကျန်းမာရန်နှင့် အကျိုးများရန်လည်း ဒါနအမှု ပြုကျင့်ပေးခဲ့၏။

သို့တစေလည်း···

ထိုဒါနမှု သီလမှု ပြုကျင့်နေတုန်းဆဲဆဲဝယ်

သင့်၌ မိမိကောင်းစားရေးသို့ အမျှော်ထားသော လောဘ လည်း အကြောင်းခံထားမည်။

သင့်၌ ငါ့အလှူဟူသော မာန်ထွက်နှင့် သာယာတပ်မက်ချက်သို့လည်း အာရုံပြုထားမည်။

သင့်၌ နောင်ဘဝ အာလယနှင့် ဆန္ဒအားများကလည်း ဘီလူးစီးနေဦးမည်ဆိုသော်···

ထိုအလှူကား···

ကုသိုလ်အကြောင်းခံထားသော်မှလည်း သင့်အဘို့ ကုသိုလ်အကျိုးပေး မဖြစ်စေတော့နိုင်။

ကုသိုလ်ပြုပင်ဖြစ်ပါသော်လည်း ပပဥ္စဂုဏ် အကုသိုလ် အဟုန်ကို အာရုံယူမိမှားသောကြောင့်တည်း။

- ထိုအာရုံယူဆဲစိတ် ချုပ်ကွယ်သွားသည်နှင့် တစ်ပြိုင်နက်ပင် နောက်လိုက်အကျိုးပေးများကား အကုသိုလ်မျှသာ···။

သို့ကြောင့် ခံစားရမည့် ဘဝကလည်း အကုသိုလ်ရှင်ဘဝမျှသာ။

ထမင်းကပင် မစင်ဖြစ်သွားသည့်ပမာ

သင့်၌ ထိုသို့ကုသိုလ်အကြောင်းခံထားလျက်ကပင် အကုသိုလ်အကျိုး ပေးလာခြင်းများကား

ပြင်ပကနေ မည်သည့်တစ်စုံတစ်ဦးကမျှ လာရောက်၍

ဖလှယ်ဖန်တီးပေးလိုက်သည်ကား မဟုတ်ချေပြီ။

သင့်ထံရှိ မိမိအာရုံယူအကြောင်းခံ **စိတ်ထားများကသာ** မိမိအား အကောင်းပေးသွင်းရန် စေခိုင်းပြီး၊ **မကောင်းဘက် ကျေးဇူး** ဆက်(ပဋ္ဌာန်းဆက်) ပေးလိုက်ခြင်းပင်တည်း။

သည့်အတူ ကုသိုလ်ဖြင့် ကုသိုလ်သို့၊ ကုသိုလ်ဖြင့် လွတ်ရာသို့လည်း မိမိအာရုံယူထားသော အကြောင်းခံစိတ်ထားများကသာ ဟိတ်ထုတ်လျက်က တက်ရာဘက်ကိုသော်လည်းကောင်း၊ သက်ရာဘက်ကိုသော်လည်းကောင်း ဆက်ဆက် ကျေးဇူးပြုပေးမည်သာ။

သို့ဆိုသော်...

(က) သင်သည်ပင် ပဋ္ဌာန်းပစ္စည်း - **အကျိုးဖော်ထုတ်ရာ** အကြောင်းခံ မဟုတ်လော။

(ခ) သင်သည်ပင် ပဋ္ဌာန်းပစ္စယုပ္ပန် - **အကျိုးဖြစ်ပေါ်လာခြင်း** မဟုတ်လော။

(ဂ) သင်သည်ပင် ပဋ္ဌာန်းပစ္စယသတ္တိ - အကျိုးပေါ်ရန် ကျေးဇူးပြုမဟုတ်လော။

## ပဋ္ဌာန်းတို့၏ သရုပ်သကန်များ

၁။ ဟေတုပစ္စည်း - ၄င်းသည် ဟိတ်ခြောက်ပါး တစ်ပါးပါးဖြင့် အကျိုးတရားများအား ကျေးဇူးပြုပေးလျက်က ရှိသည်။
ပမာအားဖြင့် ပင်ညောင်ပင်ကြီး၏ အမြစ်သည်...
၄င်းပင်ညောင်ပင်ကြီးအား မြဲမြံခိုင်ခံ့စွာ တည်တံ့နေစေခြင်းငှာ

ကျေးဇူးပြုပေးနေဘိသို့ ဟိတ်နှင့်ယှဉ်ဘက်များသို့ ထိုဟိတ်များကလည်း ကျေးဇူးပြုပေးလျက်က ရှိသည်။

ထိုကျေးဇူးပြုခြင်းသည် -

ကျောထောက်နောက်ခံ အကြောင်းခံအားဖြင့် ကျေးဇူးပြုပေးခြင်းသာ။

ကျေးဇူးပြုသည် ဆိုရာမှာလည်း

မဖြစ်ပေါ်သေးက ဖြစ်ပေါ်လာစေရန် ဖြစ်ပေါ်ပြီးဖြစ်နေပါက တည်ရှိနေစေရန် အကယ်တိတိ တည်ရှိနေပြီးဖြစ်က တိုးပွားစေရန် ဖန်တီးပေးခြင်းများပင်ဟည်း။

၂။ **အာရမ္မဏပစ္စည်း** - ၄င်းသည် အာရုံခြောက်ပါး တစ်ပါးပါးကို အာရုံပြုပေးလျက်က မိမိနှင့်မကင်းရာ စိတ်စေတသိက်တို့အား ကျေးဇူးပြုပေးနေသည်။ ပဟာအားဖြင့် -

ကြိုးတန်း တောင်ဝှေးစသည်များက မစွမ်းမသန်များအား ထခြင်း ရပ်ခြင်း သွားခြင်း စသည့်ကိစ္စများကို ပြီးစီးစေဘိသို့-

အာရုံများကလည်း မိမိနှင့်မကင်းရာ စိတ်စေတသိက်များကို ကျေးဇူးပြုပေးနေကြပါသည်။

ရူပါရုံသည် မိမိနှင့်မကင်းရာ စက္ခုဝိညာဉ်ကို လည်းကောင်း၊ စက္ခုဝိညာဉ်၏တည်ရာ စက္ခုရုပ်ကိုလည်းကောင်း၊ သဒ္ဓါ၊ ပညာ၊ တဏှာ၊ မာန စသည့် စိတ်ယှဉ်များကိုလည်းကောင်း၊ ဖြစ်ပွားလာစေရန် ကျေးဇူးပြုပုံမျိုးကို သဘောကျခဲ့ပါ။

၃။ **အဓိပတိပစ္စည်း** - ၄င်းသည် ဦးစီးဦးရွက် ရှေ့ကမားမား မတ်မတ်ထွက်လျက်က ယှဉ်ဘက်တရားများအား ကျေးဇူးပြုပေးလျက်က ရှိသည်။

ပမာအားဖြင့် စကြာမင်းသည် မိမိ၏ဘုန်းတန်ခိုးအာဏာ အရှိန်ဝါဖြင့် သတ္တိကြီးသမား သူတစ်ပါးတို့အား တားမြစ်လျက်က တိုင်းသားပြည်သူတို့ဘက် အာဏာရှိန် ထိန်လက်စေသည့်ပမာ ယှဉ်ဘက်တရားများအပေါ် မိမိ၏အကြီးအမှူး ဝသီဘော်ဖြင့်ပင် ရှေ့ဆောင်ခေါ်ကာ ကျေးဇူးပြုနေပါသည်။

လူတစ်ဦးသည်

ကုသိုလ်၌ဖြစ်စေ အကုသိုလ်၌ဖြစ်စေ အလွတ်၌ဖြစ်စေ ကိုယ်လုပ်နှုတ်ဖွင့်ပြုကျင့်သာရန် ဆန္ဒအားကြီးမားလာခြင်း ဝီရိယအားတိုးမြင့်လားခြင်း စိတ်ဝင်တစားဖြစ်လာခြင်း မျှော်ခေါ်သုံးသပ်နေခြင်းများသည် ယင်းအဓိပတိပစ္စည်း၏ ကျေးဇူးတရားဟူ၍ ဤနေရာမှနေ တစ်ထစ်ချမှတ်ခဲ့ပါလေ။

၄။ **အနန္တရပစ္စည်း** - ၎င်းသည် လိုရာပေါက်မြောက် တောက်လျှောက်အားဖြင့် ယှဉ်ဘက်များကို ကျေးဇူးများစေသည်။

ဆိုပါစို့၊ မျက်စိသည် (နား စသည်လည်းနည်းတူသိပါ) မိမိ၏ယှဉ်ဘက် အတွင်းနေများ ဖြစ်ကြလေသောဘဝင် ဘဝင်လေ လှုပ်ခတ်ခြင်း ဘဝင်လေဖြတ်တောက်ထားခဲ့၍ မျက်စိပေါက်သို့ ဆင်ခြင်စိတ်ဝင်စေခြင်း စသည်များနှင့် အပြင်ရှိ မြင်သိစိတ် ကောင်းမကောင်း၊ ဆင်ခြင်စိတ် ကြိုက်မကြိုက် ဝင်စိတ် စသည်များကို အခြားမရှိ တစ်ဆက်တည်း မီးခိုးကြွက်လျှောက်ပမာ ကျေးဇူးပြုလျက် ရှိပါသည်။

- ပမာအားဖြင့် စကြာမင်းနတ်ရွာစံနှင့် သားတော်နန်းရသည် အခြားမရှိ တစ်ဆက်တည်း ကျေးဇူးပြုဘိသို့ ဤမှနေမှတ်ယူခဲ့ပါလေ။

၅။ **သမနန္တရပစ္စည်း** - ၎င်းသည်ကား ကောင်းသောအရာ၌ လိုရာပေါက်မြောက် တောက်လျှောက်အားဖြင့် ယှဉ်ဘက်များအား

ကျေးဇူးပြုပေးနေပါသည်။

ဆိုပါစို့။ မျက်စိ(နားစသည်နည်းတူ) သည် အကြည့်ကောင်းကို ကြည့်နေလျက်က ၎င်း၏ယှဉ်ဘက်အတွင်းနေ ဘဝင်စသည်များနှင့် အပြင်ရှိ မြင်သိ စသည်များကိုလည်း ကောင်းသောအရာ၌ တည်စေခြင်းဌာ တစ်ဆက်တည်း စဉ်တိုက်ပင် အကျိုးဖြစ်ပွား ကျေးဇူးများစေပါသည်။

* ပမာအားဖြင့် စကြာမင်း၏ တောဘက်မြန်းကြွ နိက္ခမကာလနှင့် သားတော်နန်းရသည် ပြိုင်တူအဖြစ် စကြာမင်းက ကျေးဇူးပြုသည်ပမာ တူလှပါသည်။

**မှတ်ချက်** - အထက်ပါ အနန္တရ သမနန္တရနှစ်ခုတို့သည် အမည်သာကွဲသော သတ္တိတူပစ္စည်းများ ဖြစ်ကြပါသည်။ ငါပညာပြလိုက်တယ်၊ ငါကောင်းကောင်းကြီး ပညာပြလိုက်တယ် စကားနှစ်ခုသည် သေချာခြင်း သေချာသထက် သေချာခြင်းများကို ညွှန်းသည်သို့ ဤ၌လည်း အခြားမဲ့တောက်လျှောက် ကျေးဇူးပြုခြင်းများကလည်း သေချာ၏ သေချာသထက် သေချာ၏ကိုပင် ညွှန်းပါသည်။

၆။ **သဟဇာတပစ္စည်း** - ၎င်းသည် အကျိုးဖော်ထုတ်မှုနှင့် ပေါ်လာမှု တစ်ပြိုင်နက်တည်းအားဖြင့် အချင်းချင်းသို့ ကျေးဇူးပြုပေးတတ်၏။

ဆိုပါစို့...

* သင် အာရုံတစ်ခုခုကို ခံစားနေစဉ် ထိုခံစားမှုဝေဒနာသည်
* သူ့တွဲဘက်သညာကိုလည်း တစ်ပါတည်းမှတ်သားစေ၏။
* သူ့တွဲဘက် စေတနာကိုလည်း တစ်ပါတည်းစေ့ဆော်စေ၏။
* သူ့တွဲဘက် ဝိညာဉ်ကိုလည်း တစ်ပါတည်း သိသိနေစေ၏။

ဤနည်းဖြင့် သူနှင့်အတူ သူ့တွဲဘက်များကိုလည်း ရဲဘော်ရဲဘက်ချင်း တန်းတူထားဆက်ဆံသည့်ပမာ ကျေးဇူးပြုပေးနေသည်သာ။

သည့်အတူ ဘူတရုပ်ခေါ် သင့်ကိုယ်ခန္ဓာကြီးကလည်း ဥပါဒါရုပ်ခေါ် မျက်စိ နား နှာ လျှာ စသည်များကို သူနှင့် သွားအတူလာအတူ အားဖြင့် တစ်ပါတည်း ကျေးဇူးပြုပေးနေသည်သာ…။

ပမာ - ဆီမီးသည် မီးတောက်ပြီဟုဆိုသည်နှင့် အလင်းရောင်ကိုပါ တစ်ပါတည်း ကျေးဇူးပြု၏သို့ ကျေးဇူးပြုတတ်သောအရာအားလုံး တစ်ပါတည်းကျေးဇူးပြုရာ၌ ဤသဟဇာတပစ္စည်း၏ ပဋ္ဌာန်းဆက်မကင်းကြောင်း ကောင်းကောင်းကြီး သဘောပေါက်ပါလေ။

၇။ အညမညပစ္စည်း - ၄င်းသည်ကား ရုပ်နှင့်နာမ်ခေါ် သင့်ကိုယ်စိတ်နှစ်ပါးတို့သည် ကိုယ်လျှင်ကိုယ်ချင်း စိတ်လျှင်စိတ်ချင်းများ၌ အချင်းချင်း ကိုယ်နှင့်စိတ် စိတ်နှင့်ကိုယ်တို့၌ အပြန်အလှန်အားဖြင့်ပါ ကျေးဇူးပြုပေးနေ၏။

ဆိုပါစို့…

သင်သည် ရံတစ်ခါ ရှေ့စိတ်ကူးနှင့် နောက်စိတ်ကူး၊ ရံတစ်ခါ ရှေ့အလုပ်နှင့် နောက်အလုပ် တစ်ခုအပေါ်တစ်ခု အပေးအယူလုပ်လျက် နေတတ်ပါသည်။

* ရံတစ်ခါ စိတ်ကူးတစ်လှည့် အလုပ်တစ်လှည့်လည်း ဖြစ်နေတတ်ပါသည်။

* ရံတစ်ခါ အလုပ်နားသော် အတွေးပေါ်၊ အတွေးပေါက်က အလုပ်ထလုပ်တတ်သည်း ရှိနေပါသေးသည်။ ထိုအရာအားလုံး ဤပစ္စည်းဆက်၏ လက်ရာချည်းပင်။

ပမာ - ခက်ရင်းသုံးခွ မြေပေါ်ထောက်ရာ၌ တစ်ခုနှင့်တစ်ခု ခိုင်မြဲစေခြင်းငှာ အချင်းချင်း အပြန်အလှန်ထောက်ပေးထားသည်သို့ ဤပစ္စည်း၏ကျေးဇူးပြုပုံကို သဘောပေါက်ခဲ့ပါလေ။ သင့်ဘဝ၏ ပဋိသန္ဓေစုတိနှင့် လက်ရှိတို့၌ ဖြစ်စဉ်ကို ကိုယ်နှင့်စိတ်က ဤပစ္စည်းဖြင့် ထောက်ပံ့နေသည်ကို သိပါလေ။

၈။ **နိဿယပစ္စည်း** - ၄င်းသည် သင်လို့ဆိုသောဘဝနှင့် ခန္ဓာကြီးဝယ်...

* ရုံတစ်ခါ စိတ်-စိတ်ချင်း တစ်ခုကအမှီခံ ကျန်ရာက အမှီအဖြစ်ဖြင့်။
* ရုံတစ်ခါ ကိုယ်-ကိုယ်ချင်း တစ်ခုကအမှီခံ ကျန်သည်က ဝိုင်းမှီလျက်က။
* ရုံတစ်ခါ စိတ်နှင့်ကိုယ် ကိုယ်နှင့်စိတ် တစ်ခုကအမှီ၊ တစ်ခုက အမှီခံ သည်သို့သာပင် ခန္ဓာခေါ် စိတ်နှင့်ကိုယ်တို့ သူ့သန်ရာကဏ္ဍ-

သူကပင် အမှီခံအဖြစ်ဖြင့် ရပ်တည်ပေးနေပြီး မသန်ရာက မှီခိုသူအဖြစ်ဖြင့် ကပ်လျက်ပါအားဖြင့် ဘဝခေါ်ဖြစ်စဉ်ကြီး အမျှင်မပြတ်ရန် ကျေးဇူးပြုပေးနေကြခြင်းသည် ဤပဋ္ဌာန်းဆက်၏ သတ္တိများပင်။

ဆိုကြပါစို့ ဓာတ်လေးမျိုးတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော မဟာပထဝီမြေကြီးသည် သင်အပါအဝင် သက်ရှိများကိုလည်းကောင်း၊ သစ်ပင်တောတောင် သက်မဲ့များကိုလည်းကောင်း မှီခိုရာအဖြစ်ဖြင့် ထီးထီးရပ်တည်ကာ ကျေးဇူးပြုပေးနေပုံမျိုးသို့ မှတ်ခဲ့ပါလေ။

၉။ ဥပနိဿယပစ္စည်း - ၄င်းသည်ကား သင်၏စိတ်နှင့်ကိုယ်သို့ မှီတွယ်လျက်ရှိကြလေသော ကုသိုလ် အကုသိုလ် အဗျာကတ တရားသုံးပါးတို့သည် အချင်းချင်း သို့မဟုတ် တစ်မျိုးက တစ်မျိုး

* ရံတစ်ခါ ကုသိုလ်စိတ် ကုသိုလ်စိတ်ချင်း ရှေ့နောက်
* ရံတစ်ခါ ကုသိုလ်စိတ်က အကုသိုလ်စိတ်သို့ ရှေ့နောက်
* ရံတစ်ခါ ကုသိုလ်စိတ်ကပင် အဗျာကတစိတ်သို့ (ကုသိုလ်မဲ့-အကုသိုလ်မဲ့သို့) ရှေ့နောက် သည်သို့သာပင် အားကြီးသူက ရှေ့ဆောင် အားနည်းသူက နောက်လိုက်အဖြစ်ဖြင့် ဘဝခေါ် သင့်ဖြစ်စဉ်ကြီး အမျှင်မပြတ်စေရန်) ကျေးဇူးပြုနေခြင်းသည် ဤပစ္စည်း၏ ပဋ္ဌာန်းဆက်များပင်ဖြစ်၏။

သည့်အတူ သင်၏ပြင်ပ ဗဟိဒ္ဓများဖြစ်ကြလေသော ဥတုသည်လည်းကောင်း ဘောဇဥ်သည်လည်းကောင်း ပုဂ္ဂိုလ်၊ သတ္တဝါများသည်လည်းကောင်း၊ နေရာအဆောက်အဦသည် လည်းကောင်း သင့်ဘဝ သင့်ဖြစ်စဉ်ကြီးအား ဤပဋ္ဌာန်းသတ္တိက ကျေးဇူးပြုပေးနေသည်သာ။

ယနေ့ သင့်ဖြစ်စဉ်ကြီး အမျှင်ချင်းဆက် အသက်ရှင်နေခြင်းသည် အထက်ပါများက ဤပဋ္ဌာန်းဆက်သတ္တိဖြင့် ကျေးဇူးပြုထားသောကြောင့်သာဆိုသည်ကို မိုးရေက သက်ရှိသက်မဲ့တို့ နှစ်ပေါက်နေနိုင်ရန် ရွာသွန်းပေးထားသည်ပမာ သဘောပေါက်ခဲ့ပါလေ။

၁၀။ ပုရေဇာတပစ္စည်း - ၄င်းသည် သင့်၌ ကိုယ်ခန္ဓာနှင့် စိတ်ခန္ဓာဟူ၍ နှစ်မျိုးရှိရာတွင် သင့်ကိုယ်ခန္ဓာက ရှေ့ကဖြစ်နှင့်နေပြီး နောက်ဝင် စိတ်ခန္ဓာအားလည်းကောင်း၊ ထိုစိတ်

နှင့်ယှဉ်ဘက် ကိုယ်ခန္ဓာများအားလည်းကောင်း ကျေးဇူးပြုပေး နေပါသည်။

* အချို့နေရာများတွင် စိတ်ခန္ဓာ၏ အတွေးဝိညာဉ်များ ကလည်း ရှေ့ကအစီအရီ စိတ်ကူးအဖြစ် - ဖြစ်နှင့်နေကြပြီး နောက် ဝင်ကိုယ်ခန္ဓာအားလည်း ကျေးဇူးပြုပေးနေပါသေးသည်။

ပမာသက်ရှိလူသားများနှင့် သတ္တဝါများ မဖြစ်ပေါ်မီ ကမ္ဘာဦး တည်စကပင် နေ၊ လ၊ နက္ခတ်များက ဖြစ်ပေါ်နေနှင့်ကြပြီး နောက် မှ ဖြစ်ပေါ်လာကြသော လူနှင့်သတ္တဝါများအား သူ့တာဝန်ကျနှင့်သူ ကျေးဇူးပြုပေးနေကြပုံများဖြင့် စပ်ဟပ်ကာ ဤပစ္စာန်းသတ္တိကို သဘောပေါက်ခဲ့ပါလေ။

၁၁။ ပစ္ဆာဇာတပစ္စည်း - ၄င်းသည်ကား သင့်၌ ကိုယ်နှင့်စိတ် ဟူ၍ အုပ်စုကွဲ ခန္ဓာနှစ်မျိုးရှိချေရာ

(က) ကိုယ်ခန္ဓာက ရှေ့ကဖြစ်နှင့်၍ စိတ်ခန္ဓာအား အထက်ပါ ပစ္စည်းဖြင့် ကျေးဇူးပြုပေးနေပါသည်ကို ကျေးဇူးတုံ့ သောအားဖြင့်

(ခ) စိတ်ခန္ဓာကလည်း နောက်မှလိုက်ဖြစ်လျက်ကပင် ရှေ့နေကိုယ်ခန္ဓာအား ဤပဋ္ဌာန်းဆက်သတ္တိဖြင့် ပြန် လည်ကာ ကျေးဇူးပြုပေးလိုက်ခြင်းပင်။

အစာစားလျက်ပင်ရှိသော လင်းတငယ်အား အစာစားလိုစိတ် များက နောက်မှနေ စားလိုက်စားလိုက် များများကြီး စားထားလိုက် တိုက်တွန်းပေးနေသည့်ပမာ ကျေးဇူးပြုနေပုံမျိုးသည် ဤပစ္ဆာဇာတ ပဋ္ဌာန်းသတ္တိ၏ ကျေးဇူးပြုပုံများဟူ၍ သင်သဘောပေါက်ခဲ့ပါလေ။

မှတ်ချက်။ ။ ရှင်ဗာကုလလောင်းလျာ၏ မွေးကင်းစရေနစ်၍

မသေခဲ့သော နောက်ခံအကြောင်း ကံတရားများကို နောင်ရဟန္တာ ဖြစ်ခွင့်ရလာခြင်းဆိုသည့် (ပစ္ဆိမဘဝိက နိဗ္ဗာန်ဝင်နောက်ဆုံးဘဝရှင် တို့၏ဖြစ်မြဲဓမ္မတာ) နောက်ဖြစ်ကံတရားများကနေ ကျေးဇူးပြုပေး နေခြင်းသည် ဤပဋ္ဌာန်းဆက်၏သတ္တိများပင်။

၁၂။ **အာသေဝနပစ္စည်း** - ၄င်းသည်စိတ်မှီ ကုသိုလ် -ကုသိုလ်ချင်း၊ အကုသိုလ် - အကုသိုလ်ချင်း၊ ကြိယာ - ကြိယာခြင်း (ရဟန္တာများ၏စိတ်) မပြတ်မှီဝဲ ထုံကူးပွဲဖြင့် ကျေးဇူးပြုပေး နေခြင်းပင်။

* ဆိုပါစို့ သင်သည် ဒုက္ခရောက်နေသော သူတစ်ဖက်သားအား ကိုယ်ချင်းစာစိတ် တန်းတူထား မျှဝေခံစားစိတ်ဖြင့် ကူညီခဲ့ဘူးသော ကိစ္စရပ်များ ကြုံကောင်းကြုံခဲ့အံ့ထင်၏။

ထိုကူညီမှုသည်

* မိမိဘက်က ခက်ခက်ခဲခဲ ကူညီခဲ့ရလေ သတိရလေဖြစ် တတ်၏။

* သူ့ဘက်က ကျေးဇူးသိတတ် မိမိအား ကျေးဇူးရှင်ဟူ၍ သတ်မှတ်လေ အမှတ်ရလေလေလည်း ဖြစ်တတ်၏။

ထိုကူညီခဲ့ဘူးသည်ကို(သည်သို့လျှင်) အမှတ်ရလေတိုင်း ထိုအမှတ်ရစိတ်က နောက်တစ်ဖန် ဤသို့သော အဖြစ်ဆိုးကြုံသမား တွေက သည်သို့လျှင် ကူညီရန် တွန်းအားပေးနေပါသည်ပမာ။

သည့်အတူ…

(က) မကောင်းမှု၌ လက်စလက်န ရှိခဲ့ဘူးသူကလည်း သူကျူးလွန်ခဲ့ပုံ အမှတ်ရစိတ်က နောက်တစ်ချီ ထပ်မံ လွန်ကျူးဖြစ်ရန် တွန်းအားပေးနေခြင်း။

(ခ) အရိယာအရှင်သခင်ကြီးများ၏ စိတ်တော်ရှိ မပြတ် ဆင်ခြင်နေသော စေတနာမဲ့စိတ်များက နောင်နောင် လည်း ကုသိုလ်မချဲ့ အကုသိုလ်မဖွဲ့စေသော စေတနာ မဲ့စိတ်များ ဖြစ်ပေါ်လာစေရန် တွန်းအားပို့နေခြင်း။

ထိုမပြတ်ဖြစ်ပေါ်နေသော စိတ်များသည်လည်း ဤပဋ္ဌာန်း ဆက်သတ္တိဖြင့် နောက်နောက်စိတ်များကို ကျေးဇူးပြုနေသည်သာ။

ပမာအားဖြင့်ပြရပါမူ -

* သင့်၌လိမ်းကျံပြီး လက်ရှိ နံ့သာများက ယခုလိမ်းကျံ တော့မည် နံ့သာများအား အနံ့အသက် သည့်ထက်ပြင်းအဖြစ်သို့ ထိုးတင်ပေးပို့နေသည်ပမာ

* သင်-သင်အံလေ့ကျက်ပြီး လက်ရှိစာပေများက ယခု သင်အံ လေ့ကျက်တော့မည့် စာပေများအား ဉာဏ်မြင်ထက်မြက် သည့်ထက် သာအဖြစ်သို့ ထိုးတင်ပို့ပေးနေသည့်ပမာ သင်သဘောကျခဲ့ပါလေ။

၁၃။ **ကမ္မပစ္စည်း** - ၄င်းသည် သင်၏ပြုကျင့်နေဆဲ ကံမြောက် ကုသိုလ် - အကုသိုလ်စိတ်များက သင်ခံစားရတော့မည့် အကျိုးဖြစ် အပြစ်ကျအားဖြင့် -

(က) လက်ငင်းအကျိုးပေးခဲ့သော် သည်ဘဝ သည်ခန္ဓာအား

(ခ) အလှည့်ကျအဖြစ်ဆိုခဲ့သော် နောင်ဘဝ နောင်ခန္ဓာအား တူသောအကျိုးပေးအဖြစ် တွန်းပို့ကြပေရော့မည်။

တစ်ဖန် သင့်အား ထိုကုသိုလ် - အကုသိုလ်များမဖြစ် ဖြစ်ရန် တွန်းအားပေးလျက်ကရှိသော သင့်စေတနာများကလည်း နောက် နောင်ဘဝအလှည့်ကျခဲ့သော် သန္ဓေကောင်အဖြစ်ကိုလည်းကောင်း၊ သန္ဓေကောင်ဖြစ်ရန် ကံအစီအမံခံ ကိုယ်ခန္ဓာများကိုလည်းကောင်း

ထောက်ခံချက်အလား ကျေးဇူးပွားပေလိမ့်ဦးမည်။

ဆိုပါစို့··· ။ သင်သည် လယ်တောပိုင်ရှင်ဖြစ်နေပါမူ

(က) ယခုနှစ်ပျိုးထောင်ခြင်းသည် ယခုနှစ်မျိုးအောင်ရန် စီမံခြင်း။

(ခ) ယခုနှစ်မျိုးဆောင်ခြင်းက နောင်နှစ်ပျိုးထောင်ရန် အဆင်သင့်ခြင်း။

ထိုသဘောသွားနှစ်မျိုးကို သင်ကြိုးစားသော လယ်ယာလုပ်ငန်းခေါ် လုပ်ရပ်နှင့်စေတနာများက ကျေးဇူးပြုနေပါသည့်ပမာ သင်သဘောပေါက်ခဲ့ပါလေ။

၁၄။ ဝိပါကပစ္စည်း - ၄င်းသည် သင်ဆိုသော သည်ဘဝနှင့် သည်ခန္ဓာကြီး ဖြစ်ထွန်းနေကြစဉ် (လက်ရှိကံနှင့် စေတနာများက နောင်အကျိုးပေးရာ၌လည်း အတူတူပင်မှတ်ခဲ့ပါလေ)

အကျိုးခံစားဆဲ ဝေဒနာများသည် အတူနေ သညာသင်္ခါရ ဝိညာဉ်ခေါ်သော မှတ်သားခြင်း၊ စေတနာထားခြင်း၊ အစွဲငြိဖြင့် အစွဲသိ သိခြင်း သုံးပါးတို့ကို

(က) အကောင်း - အကောင်းမြင်ဖြစ်ခဲ့သော် နောက်တစ်ဖန်ဤသို့သော ကောင်းကံများ ဆက်တိုက်ဖြစ်ပေါ်လာရန် (စီမံခန့်ခွဲသာရန်) အကျိုးပြုပေးနေပေလိမ့်မည်။

(ခ) အဆိုးကိုလျှင် အကောင်းထင်ဖြစ်ခဲ့သော် နောက်တစ်ဖန် ဤသို့သော ဆိုးကံများ ဆက်တိုက်ဖြစ်ပွားလာရန် (စီမံခန့်ခွဲသာရန်) အကျိုးပြုပေးနေပေလိမ့်မည်။

မှတ်ချက်။ ။ နောက်တစ်ဖန် ဆိုသောစကားသည် သင့်လက်ရှိဘဝ၌ပင် -

(က) အကျိုးခံစားနေသူက အတူနေသညာသင်္ခါရဝိညာဉ်များအား ဆက်တိုက်ဖြစ်ပွားသာရန် (မီးခိုးကြွက်လျှောက် တောက်လျှောက်ဖြစ်ပွားလာရန်) အစဖော်ပေးသောအားဖြင့်လည်း ကျေးဇူးပြုပေးနေမည်။

(ခ) တစ်ဖန် ထိုသညာ သင်္ခါရဝိညာဉ်များ ဆပွားအားဖြင့် နောက်ထပ်အကျိုးပေးအသစ်များ ဖြစ်ပွားလာစေရန်လည်း အကျိုးပြုပေးနေဦးမည်။

သည့်အတူ မှဝ်သားခြင်းသညာတစ်ခုက အတူနေ သင်္ခါရ ဝိညာဉ်ဝေဒနာများအားလည်းကောင်း၊ စေတနာထားမှု သင်္ခါရတစ်ခုက ဝိညာဉ်ဝေဒနာ သညာများအားလည်းကောင်း၊ သိသိနေတတ်မှု ဝိညာဉ်တစ်ခုတည်းက တွဲဖက်အတူနေ ဝေဒနာ၊ သညာ၊ သင်္ခါရများအားလည်းကောင်း သည်နည်းအတိုင်းပင် ဝိုင်းကြီးချုပ် အဖြစ်ဖြင့် အကျိုးပြုပေးနေကြလိမ့်မည်။

- ရုံတစ်ခါ နှစ်ပါးတွဲက နှစ်ပါးတွဲ
- ရုံတစ်ခါ သုံးပါးတွဲက တစ်ပါးတည်း

သည်သို့လည်း တစ်ခုနှင့်တစ်ခု (တစ်အုပ်စုနှင့်တစ်အုပ်စု) အကျိုးပြုပေးနေကြသည်။

နောင်သံသရာကိုလည်း ထိုသဘောတူစိတ်အုပ်စုများက စိတ်ဖြစ်ကိုယ် - ကံဖြစ်ကိုယ် ခန္ဓာများအား အလားတူ အကျိုးတရားအကျိုးပွားပေးနေဦးမည်သာ။

ဆိုကြပါစို့ -

* ပင်လယ်မှ တိုက်ခိုက် ပို့လွှတ်လိုက်သော လေသည် သစ်ရိပ်တောရိပ်နေ သက်ရှိ(သက်မဲ့)များကို ငြိမ်းအေးစေခြင်း

ကို ဖြစ်စေခြင်းငှာ အကျိုးပြုနေပုံမျိုးသို့ သင်သဘောပေါက်ခဲ့ပါလေ။

ယနေ့ သင်ခံစားခွင့်ရနေသော အကျိုးပေးတရားများသည်

(က) နောက်ကြောင်းကံစိတ်များ၏ အကျိုးပြု ဝိပါက သတ္တိလည်း မကင်းပါ။

(ခ) လက်ရှိအကျိုးခံစားနေရမှုများ၏ အကျိုးပြု ဝိပါကသတ္တိများလည်း မကင်းပါ။

၁၅။ **အာဟာရပစ္စည်း** - ၄င်းသည်ကား သင့်လက်ရှိဘဝကို ထောက်ပို့အဖြစ်ဖြင့် ခိုင်ခံ့စွာရပ်တည်နေနိုင်ရန် ကျေးဇူးပြုပေးနေပါသည်။

အဟာရခေါ် ယင်းအစာသည် -

(က) စိတ်စာက စိတ်အားခိုင်ခံ့ရန် ထောက်ပံပို့ဆောင်ပေးနေခြင်း။

(ခ) ရုပ်စာများက ကိုယ်အားခိုင်ခံ့ရန် ထောက်ပံ့ပို့ဆောင်ပေးနေခြင်း သည်သို့ပင် နှစ်မျိုးနှစ်စား ကွဲပြားနေချေရာ-

(က) သင့်လက်ထဲရှိ ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်ခေါ်သော ရုပ်စာကျွေး ထမင်း၊ ဟင်းများ၊ မုန့်ပဲသွားရေစာများနှင့် အဖျော်ယမကာများက သင့်ကိုယ်ခန္ဓာကြီး အတိတ်ကံအရှိန်များ၏ တွန်းပို့အားမကုန်မီ (မသေကောင်း မပျောက်ကောင်းအချိန်) သင် ရှင်သန်နေ့ရရနေနိုင်ရန် အထောက်အပံ့ဖြင့် ကျေးဇူးပြုနေပါသည်။

(ခ) စိတ်စာဖြစ်သော ဖဿ စေတနာဝိညာဉ်များကလည်း လက်ရှိ သင့်စိတ်များကိုလည်းကောင်း၊ စိတ်၏မှီရာများကိုလည်းကောင်း၊ စိတ်ဖြစ်ရပ်နှင့် ကံဖြစ်ရပ်များ အားလုံးတို့ကိုလည်းကောင်း၊ အတိတ်စိတ်အရှိန် သတ္တိများ၏ တွန်းပို့အားမကုန်မီ (မရပ်ကောင်း၊ မနားကောင်းအချိန်) သင့်စိတ်တိုင်းကျ ကြံသာရန် အထောက်အပံ့အဖြစ်ဖြင့်ပင် ကျေးဇူးပြုနေပါသည်။

ဆိုပါစို့...

အိမ်အိုကြီးမပြိုလဲ ခံနိုင်သမျှခံသာစေရန် ရည်ရွယ်ချက်ဖြင့် ကျားကန်အရာ ဒေါက်တိုင်များထားရှိပေးထားသော် ထိုအိမ်အိုကြီးမဆွေးမြေ့မချင်း အားတင်းလျက်က နေနိုင်ပုံမျိုးသို့ ဤအာဟာရသတ္တိ၏ ကျေးဇူးပြုပုံကို သင်သဘောပေါက်ခဲ့ပါလေ။

(၁၆) ဣန္ဒြိယပစ္စည်း - ၄င်းသည် မိမိ၏တစ်ပိုင်တစ်နိုင်ဖြစ်သော ကိုယ်အုပ်စုက မိမိ၏တစ်ပိုင်တစ်နိုင်အတွင်းရှိ စိတ်အုပ်စုများအားလည်းကောင်း၊ ရုပ်စောင့်အသက်က ဖြစ်ဆဲကိုယ်အုပ်စုကြီးအားလည်းကောင်း၊ နာမ်စောင့်အသက်များကလည်း ဖြစ်ဆဲစိတ်အုပ်စုကြီးများအားလည်းကောင်း၊ အုပ်ချုပ်သောအားဖြင့် ကျေးဇူးပြုပေးနေပါသည်။

- မျက်ဝ စသည် မြင်သိစိတ်အား
- နားသည်လည်း ကြားသိစိတ်အား

စသည် စသည် မိမိ၏တစ်ပိုင်တစ်နိုင်အတွင်းရှိ ခံစားခြင်းစိတ်၊ မှတ်သားခြင်းစိတ်၊ စေတနာထားစိတ်၊ ခွဲသိစိတ် စိတ်အုပ်စု

များကို

- ငါက မယားကြည့်နေပြီ။

- မင်းတို့ကလည်း ငါကြည့်ရာ ခံစားပေးကြစမ်းပါ။ မှတ်သား ပေးကြစမ်းပါ၊ စေတနာထားပေးကြစမ်းပါ။ သိသိနေကြစမ်းပါ။ အမိန့် ပေးနေပါပြီပမာ။

ငါက သားဘက် ပြောင်းကြည့်လိုက်ပြီ။

- မင်းတို့ကလည်းပဲ ငါ့အကြည့်ရှိ ငါ့အမိ သိသိပေးနေ ကြစမ်းပါ အမိန့်ပေးနေပါပြီပမာ။

သည်သို့သာပင် နားကလည်းနား နှာကလည်းနှာ စသည် အကြည်ဓာတ်ခြောက်ဖြာ ကိုယ်ခန္ဓာများက ၎င်းတို့ပိုင်နိုင်ရာ ဝိညာဉ် ခြောက်ပါးအုပ်စုများကို အာဏာတော်ထား အလုပ်ဝတ္တရားများ နိုင်း ထားသည်ပမာ ကျေးဇူးပြုလျက်ကသာ‥။

ဆိုပါစို့…

* နိုင်ငံတော်အစိုးရ၏ လက်အောက်ခံ အဖွဲ့အစည်းများ ဖြစ် ကြလေသော တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ(ရပ်ကွက်) အသီးသီး ရှိ အဖွဲ့ငယ်များသည် နိုင်ငံတော်အစိုးရ၏ ချမှတ်ပြဋ္ဌာန်းထားသော မူအရ မိမိ မိမိတို့တစ်ပိုင်တစ်နိုင် အတွင်းနေလူထုကို စီမံကိန်းချ အလုပ် လုပ်စေကြသည်ပမာ -

ဤကူနွယပဋ္ဌာန်းဆက် သတ္တိများကလည်း လက်အောက်ခံ များကို ကျေးဇူးပြုနေပါသည်။

* ယနေ့ သင့်လက်တွေ့ မျက်စိရှေ့နွားတွေ့သော် အသိ ကလည်း နွားသိ၊ ကားတွေ့ခဲ့သော် ကားသိများက သက်သေခံနေ ကြပြီ မဟုတ်လော။

၁၇။ **ဈာနပစ္စည်း** - ၄င်းသည် သင့်စိတ်ထားများ အကောင်းထင် လုပ်ရင်းကပင် ယုတ်ယုတ်လာသောအခါ ထိုစိတ်ယုတ်များ ကို သုတ်သင်ရန် သင်ဈာန်ဝင်စားရာများ၌ ကျေးဇူးပြုပေး လိမ့်မည်။

ထိုဈာန်စိတ်များကား -

ကုသိုလ်-အကုသိုလ်များအရ ဖြစ်ပေါ်လာသော ထိုလက်ရှိ စိတ်များက ကုသိုလ်-အကုသိုလ်အဖြစ် အာရုံမယူတတ်ကြသော (မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ စိတ်ငါးစုံတို့မှတစ်ပါး) အခြားလက်ရှိစိတ်များကို ဈာန်ဖြင့်သိမ်းပိုက်ကာ-

(က) အချို့ကံကုသိုလ်မှ ဈာန်ကုသိုလ်အဖြစ်သို့ ကျေးဇူး ပြုပေးကြမည်။

(ခ) အချို့ ကံအကုသိုလ်မှ ဈာန်ကုသိုလ်အဖြစ်သို့ ကျေးဇူး ပြုပေးကြမည်။

(ဂ) အချို့ကံအကျိုးပေးများမှ ဈာန်အကျိုးပေးများ အဖြစ်သို့ လည်း ကျေးဇူးပြုပေးနေကြမည်။ လက်နှီးစုတ် ဆပ်ပြာ ထည့်၍ လျှော်ဖွပ်နည်းတည်း။

* ဆိုပါစို့ သင့်စိတ်အား မကောင်းရာအကြား မျောပါသွားရန်

(၁) အာရုံတွေ့တိုင်း မလိုချင်-လိုချင်လာအောင် နှိုးဆွ ပေးခြင်းဖြင့် ချွေးသိပ်။

(၂) ငုံ့ခံနေခဲ့သော် မခံချင်စိတ်မွေးပေးခြင်းဖြင့် ချွေးသိပ်။

(၃) အာရုံကြား လိုက်ရပါများလာ၍ စိတ်ဖားလာ သောအခါ လှဲသိပ်ခြင်းဖြင့် ချွေးသိပ်။

(၄) သူ-ကိုယ်အရှိ မရိပ်မိစေရန် စိတ်တစ်ပါးတခြားပို့လွှတ်ထားခြင်းဖြင့် ချွေးသိပ်။
(၅) သူကိုယ်အရှိ ရိပ်မိလာသောအခါ ဇဝေဇဝါစိတ်တွဲချိတ်ပေးခြင်းဖြင့် ချွေးသိပ်။

* ထိုချွေးသိပ် ဤချွေးသိပ် အကုသိုလ်နံပါတ်ချိတ် စိတ်များကို

(က) အာရုံတစ်ခုထဲတည်းသို့ စိတ်ထည့်သွင်းပေးထားခြင်းဖြင့် လိုချင်တပ်မက် စိတ်ထားကလက်ခြင်းကို ဖျက်ချိုးလျက်က
(ခ) မိမိလုပ်ရင်းကိစ္စ နှစ်လိုအားရသဘောကျခြင်းဖြင့် မခံချင်လမ်း စိတ်မကျေချမ်းခြင်းကို ဖျက်ချိုးလျက်က
(ဂ) မိမိအလုပ်၏လက်ငုတ် တခြားအလုပ်ထက် ပေါ်လွင်ထင်ရှားလာရန် စိတ်၏သိရာ မှတ်ရာထားပေးခြင်းဖြင့် ထိုင်းမှိုင်းပျင်းရိ စိတ်မပါလက်မပါလိုသည့် အနှုတ်လက္ခဏာစိတ်များကို ဖျက်ချိုးလျက်က
(ဃ) ကိုယ်စိတ်ချမ်းသာ ကိုယ့်ခန္ဓာကိုယ့်စိတ် တွဲချိတ်ပေးထားခြင်းဖြင့် ဟိုသည်ပျံ့ကြဲ စိတ်တစ်လွဲကို ဖျက်ချိုးလျက်က
(င) မိမိ၏ လုပ်လက်စ လက်ငုတ်ပေါ်လွင်စွာ သရုပ်ဆောင်နေရာသို့ ပူးဝင်ပွတ်သတ် စိတ်အမြဲယှဉ်ကပ်နေစေခြင်းဖြင့် အာရုံဝယ် မထိတထိ မမိတစ်ချက် မိတစ်ချက်လုပ်ကွက်များကို ဖျက်ချိုးလျက်က စိတ်ကိုအထူးသန့်ပြန့်စင်ကြယ်လာစေတော့ကာ စိတ်တန်ခိုး၊ စိတ်သတ္တိ အရောင်များပေါ်ထွက်လာစေခြင်း၊ ရောင်ပြန်

အကြည်ဓာတ်များ ဟပ်လာစေခြင်း၊ စိတ်ဓာတ်ကြွံခိုင် လာစေခြင်းများဖြင့် ဤရုပ်ပစ္စည်း၏ ပဋ္ဌာန်းဆက်များ က သင့်အားကျေးဇူးပြုနေခြင်းပင်။

ထိုရုပ်စိတ်များကပင်-

(က) လက်ရှိ၌ သင့်အားအဘိညာဉ်တန်ခိုးသို့လည်း ထိုးပို့ပေးနေပါသည်။ မဂ်ဖိုလ်နိဗ္ဗာန်တို့သို့လည်း ထိုးပို့ပေးနေပါသည်။

(ခ) အစွဲမပြတ်သေးသော် သံသရာ၌လည်း ရုပ်ရှင်အရာသို့ ရစေသော ပဋိသန္ဓေနေ ကံဖြစ်ရုပ်များနှင့် စိတ်ဖြစ်ရုပ်များကိုလည်း ထိုးပို့နေပါဦးမည်။

* ယနေ့သင့်လက်ထဲရှိ ကမ္မဋ္ဌာန်းတရား အားထုတ်လိုစိတ်များသည် အတိတ်က အားထုတ်ခဲ့ဘူးသော ရုပ်စိတ်များက ထိုးပို့လိုက်သော

ဤရုပ်သတ္တိ၏ ကျေးဇူးပြု တရားများပင် မဟုတ်လော။

၁၈။ **မဂ္ဂပစ္စည်း** - ၄င်းသည် လက္ခဏာရုပ်ခေါ် မိမိရုပ်နာမ်တို့၏ ဖြစ်မှုပျက်ရာများနှင့်တကွ ၄င်းတို့၏ သဘောနှင့် သဘာဝများကိုပါ ထွင်းဖောက်သိမြင်နိုင်စွမ်းသော ရုပ်ပေါ် မဂ်တင် မဂ္ဂင်အလျှင် ခေါ် သိက္ခာများက မဂ်အား(တိုက်ရိုက်) ကျေးဇူးပြုပေးလိမ့်မည်။ ထိုသတ္တိက သင်မဂ်-ဖိုလ်အထိတောင့်တ၍ အလုပ်လုပ်ရာ၌သာ ကျေးဇူးပြုပေးပါမည်။

* ကံနှင့်ရုပ်ပယ်ဖျက် မဂ်သို့ဆက်လိုသူအတွက် သက်သက် သောအခွင့်ရေးတည်း။

ဆိုပါစို့…

သင့်ဘဝ ငြိမ်းချမ်းသာယာရေးအတွက်ဆိုကာ တစ်ဦးနှင့် တစ်ဦး ခန္ဓာ - ခန္ဓာချင်း အရင်းစိုက်ကြလျက်က အာရုံအတိုက် လိုက်၍နှိုက်၍စားကြစဉ်…

(၁) ဤကံစိတ်များကား စိတ်မချရ (ခုဆီထမင်း၊ ခုစာလေး ကြော်ပမာ)

(က) အကောင်းလုပ်နေရင်းကလည်း အဆိုးဘက် ထွက်သွားနိုင်သည်။

(ခ) အဆိုးဘက်တက်နေရင်းကလည်း အကောင်းထဲ ပြန်လာနိုင်သည်။

(ဂ) အကောင်းမမိ အဆိုးမမိ ငုံးတိတိကြီးလည်း ဖြစ်ချင်ဖြစ်နေနိုင်သည်။

၂။(က) ဈာန်စိတ်သည်ကား ထိုကဲ့သို့ မကစား။

ကုသိုလ်ခေါ် အကောင်းစား တစ်စားတည်းသာ ဖြစ်ပေါ်တတ်၍ ထိုဈာန်စိတ်ဖြင့်ပင် ငါ့ဘဝနှင့်ငါ့ခန္ဓာ အေးကွက်ကို ရှာတော့အံ့ဆိုကာ ကာမဏ်ဟိတ် ကံစိတ်ကိုပယ်၍ အားထုတ်၏။

သို့သော် ထိုသမထဈာန်စိတ်များကလည်း "တစ်ခွက်သောက်မှ တစ်ခိုးထ တစ်ခိုးကျ တစ်ခိုးပျောက် ဒုန်ရင်း ဒုန်ရင်းရောက်" ဆိုသော အရက်သမား၏ အရက်ခိုးရှိန်ပမာ အမြဲခိုင်ခံ့သော နေရာ မဟုတ်သေးဟူ၍ သဘောပေါက်သူသည်-

၂။(ခ) မဂ္ဂင်များဖြင့် အဆင့်ဆင့်တက်၍ စိတ်လည်းရင့်ကျက် အစွဲလည်း ပယ်ဖျက်ပြီးသားဖြစ်သော ဤဈာန်ဝင် မဂ်စိတ်များ သည်သာ -

(က) ကာမအာရုံမဖက် ဓမ္မအာရုံသက်သက်များချည်းဖြစ်နေ၍ သည်ဘဝ သည်ခန္ဓာ ရှည်ကြာထာဝရ ငြိမ်းချမ်းခြင်းကို ရစေပါသည်။

(ခ) မဂ်တစ်ကျ၏အကျိုး ဘယ်သောကာလမျှ မသိုးတော့ပြီဖြစ်၍ (ဖလသမာပတ်ကိုရည်သည်) နောက်တစ်ပြန်တစ်ဖန် မကြိုးစားရတော့ပြီ။

(ဂ) မဂ်တစ်ကျအပွင့် ဘယ်သောကာလမျှ အောက်ဆင့်သို့ လျှောမကျ။ အထက်အထက်သို့သာ ခြေလှမ်းပြနေတော့၍ ထာဝရငြိမ်းချမ်းရေး စိတ်ချအေးဆေးရပြီ။

* ထိုသဘောထားများဖြင့်ပင် မဂ်ဝင်ခန်း တက်လှမ်းနေပါသည်။
* ထိုသဘောထားများဖြင့်ပင် မဂ္ဂင်ရှစ်ပါး ဈာန်တရား ဝင်စားနေပါသည်။
* ထိုသဘောထားများဖြင့်ပင် မဂ်ဉာဏ်ဝင် ဖိုဉာဏ်ဆက် တာတက်နေပါသည်။

ယနေ့ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်သူ သင့်၏ကမ္မဋ္ဌာန်းတရားအားထုတ်နေခြင်းက သည်ကိစ္စသက်သေပြနေခြင်း မဟုတ်လော။

၁၉။ **သမ္မယုတ္တပစ္စည်း** - ၄င်းသည် သင့်စိတ်ထဲရှိ ယှဉ်ဘက် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ခေါ် ခံစားသိ၊ မှတ်သားသိ၊ ကြောင့်ကြစိုက်သိ၊ ဆုံးဖြတ်သိ အသိစိတ်အုပ်စု လေးခုတို့သည် တစ်ဦးနှင့်တစ်ဦး အဖော်အဖြစ်ဖြင့် အချင်းချင်း ကျေးဇူးပြုလျက်ကရှိသည်။

ဆိုပါစို့… ပြီးခဲ့သော ကမ္မ ဝိပါကပစ္စည်းများရှိ စိတ်အုပ်စု

လေးခုစလုံးတို့သည် အာရုံတစ်ခုထိတွေ့မှုဖြစ်ပေါ်လာလေတိုင်း သွားအတူ၊ လာအတူ၊ စားအတူ ကစားအတူပမာ မကွေမကွာအားဖြင့်-

- ရံခါ တစ်အုပ်စုက သုံးအုပ်စုကို
- ရံခါ သုံးအုပ်စုက တစ်အုပ်စုကို
- ရံခါ နှစ်အုပ်စုက နှစ်အုပ်စုကို

အချင်းချင်းလည်း အပေးအယူလုပ်၏။ အပြန်အလှန်လည်း အပေးအယူလုပ်ကြ၏။

ပမာအားဖြင့် ပျား၊ သကာ၊ဆီ၊ ထောပတ်ဟူသော လေးမျိုးသော ထိုအုပ်စုသည် အားလုံးပေါင်းလျက် ရောကြိုချက်ထားရာ၌

(က) ပျားရည်ကိုလျက်လျှင်လည်း ကျန်သုံးမျိုးများ ယှဉ်တွဲပါနေပါသည်။

( ခ ) သကာလျက်လျှင်လည်း ကျန်သုံးမျိုးများ တစ်သားတည်းပါနေပါသည်။

( ဂ ) ဆီနှင့်ထောပတ်ဆိုလျှင်လည်း ကျန်နှစ်မျိုး ၎င်းတို့လျှိုးမနေရစ်ခဲ့ပါ။

သည့်ပမာလျှင် -

သင့်၏ခံစားစိတ်ဖြစ်နေစဉ် မှတ်သားစိတ်၊ စေတနာထားစိတ်၊ သိစိတ်သုံးမျိုးတို့လည်း မှတ်သားပေးပြီးသား၊ ကြောင့်ကြစိုက်ပေးပြီးသား၊ သိသိပေးပြီးသားအသွင်ဖြင့် အမြဲပင်ယှဉ်လျက်ရှိနေခြင်းများသည် ဤသမ္ပယုတ္တပစ္စည်း၏ ပဋ္ဌာန်းဆက်သတ္တိများပင် ဖြစ်ကြပါသည်။

မှတ်သားနေစဉ် စသည်များ၌လည်း သည့်အတူပင် မှတ်ပါလေ။ ယနေ့သင် မည်သည့်အာရုံဖမ်းယူတွေ့တွေ့ သင်မြင်သည်နှင့်

သင်သိပြီးသား ဖြစ်နေခြင်းများသည် ယင်းပစ္စည်း၏ လေးမျိုးယှဉ် များက သတ္တိစွမ်းပြနေခြင်းပင် မဟုတ်လော။

၂၀။ **ဝိပ္ပယုတ္တပစ္စည်း** - ၎င်းသည် သင်ဟုဆိုရသော သင့်ဘဝ သင့်ခန္ဓာရှိ သင့်ကိုယ်နှင့် သင့်စိတ်များက တစ်ခုနှင့်တစ်ခု မရောနှောဘဲလျက်က သင့်၏ဘဝခေါ်ဖြစ်စဉ်ကြီးအား ကျေးဇူး ပြုပေးနေကြပါသည်။

ဆိုကြပါစို့…

- သင့်မျက်စိ(နားစသည်၌လည်း အတူတူမှတ်ပါ) ၌ အကြည့် နှင့် အသိဟူ၍ ရှေ့နောက်ဆင့်နှစ်မျိုး ပွင့်လျက်ရှိနေချေရာ

(က) မျက်စိ၏အကြည့်၌လည်း သိစိတ်ဟူ၍ မရှိပါချေ။

(ခ) သိစိတ်၏အသိ၌လည်း မျက်စိဟူ၍ မပါရှိပါချေ။

သို့တစေလည်း သင့်တစ်ဖက် ဝတ္ထုအာရုံတို့သို့ ဖမ်းယူရာ၌ တံချူနှင့်လက် နှစ်မျိုးဖက်၍ သို့မဟုတ် နှစ်ခုမှ တစ်မျိုးပေါင်း တစ်ကြောင်းလမ်းသို့ တန်းပြေးနေကြသည်ပမာ တစ်ဖက်နှင့် တစ်ဖက် မရောယှက်သောအားဖြင့် သင်အားကျေးဇူးပြုလျက်က ရှိနေပါသည်။ ဘယ်ဖဝါး ထား၊ ညာဖဝါးထား အတိုင်နွား အလှည့်နွား စသည် များ၌လည်း သူ့အလုပ် သူလုပ်လျက်က တစ်ဖက် ကျေးဇူးပြုနေခြင်း များသည် ဤဝိပ္ပယုတ္တပစ္စည်း၏ ပဋ္ဌာန်းဆက်သတ္တိများပင် မှတ်ပါ လေ။

ပမာအားဖြင့်ပြရပါမူ -

ချို၊ ချဉ်၊ ငန်၊ ဖန်၊ စပ်၊ ခါး ရသာခြောက်ပါးသည် သတ္တိ အားဖြင့်ကား ဘယ်သူ့ ဘယ်သူမှမရောပါ။ သို့တစေလည်း ၎င်းတို့ကို ဟင်းအဖြစ် အသုံးပြုခံကြရလေသောအခါ (သရုပ်ပြလူ- လူချင်းဆက်

၍ ဓာတ်ကွက်ဖန်တီးလေရာ ဓာတ်ပေါင်းက ဓာတ်လမ်းကောင်း တစ်ခု ပေါ်ထွက်လာရသည်ပမာ) အရသာကောင်းဟင်းတစ်ခွက် ကျက် လျက်က ပေါ်ထွက်လာရပါသည်။

သည့်ပမာလျှင် ကိုယ်မှာရှိသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်သဘောခြောက်ပါးသော ရုပ်ဝတ္ထုများနှင့် စိတ်မှာရှိသောမြင် သိ၊ ကြားသိမှ သဘောသိ စသည့်ခြောက်ပါး၏ စိတ်ယှဉ်အားလုံး (စိတ်မှီရာအားလုံးတို့သည်လည်း) ကိုယ့်အစွမ်းကိုယ်ပြ ကိုယ့်အခန်း ကိုယ်ကလျက်က ကျေးဇူးပြုနေကြပါသည်။

ယန္တေ သင် အာရုံခံစားတိုင်း ခံစားတိုင်းတို့၌

ကောင်းစိတ်၊ ဆိုးစိတ်၊ လွတ်စိတ်ဖြစ်နေခြင်းများသည် စိတ် နှင့်ကိုယ် လင်လိုမယား မျိုးခြားတူပေါင်း ထပ်လောင်းလောင်းနေ ခြင်း၏ သင်္ကေတများပင် မဟုတ်လော။

၂၁။ အတ္ထိပစ္စည်း - ၄င်းသည် စိတ်စိတ်ချင်း ကိုယ်ကိုယ်ချင်း ပစ္စုပ္ပန်တည့်တည့် ထင်ရှားရှိအားဖြင့် ကျေးဇူးပြုပေးနေကြပါ သည်။

ဆိုပါစို့...

သင့်၏သိဆိုသော စိတ်အုပ်စုထဲက သမ္ပယုတ်ကဆိုခဲ့သော အတိုင်း ခံစားခြင်းဝေဒနာ၊ မှတ်သားခြင်းသညာ၊ စေတနာထားခြင်း သင်္ခါရ၊ ဆုံးဖြတ်ချက်ချပေးခြင်း ဝိညာဉ်တို့သည် အာရုံများနှင့် ပက် ပင်းတွေ့ တွေ့လေတိုင်း တစ်ခုကထင်ရှားစွာ ဖြစ်ပေါ်လာသည်နှင့် ကျန်အားလုံးတို့လည်း ထင်ရှားစွာ ဖြစ်ပေါ်လာကြပါသည်။

သည့်အတူ သင့်ကိုယ်ခန္ဓာ၌လည်း ဓာတ်ကြီးလေးခု တည် ဆောက်မှုပြီးစီးသဖြင့် လူဆိုသော သင်ဖြစ်လာသည်နှင့် တစ်ပြိုင်

နက် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဟူသော အစွဲရုပ်များလည်း အထင်အရှားဖြစ်ပွားလာပေးကြရပါသည်။

* ဤနည်းဖြင့်ပင် ကိုယ်ကောင်ကြီးသွားရာ မျက်စိစသည် ပါနေကြရပါသည်။

* ဤနည်းဖြင့်ပင် အသိသွားရာ ခံစားမှုစသည်များလည်း ပါနေကြရပါသည်။ ကျန် နား စသည်၊ သညာ စသည်များလည်း နည်းတူပင်။ ပစ္စုပ္ပန်တည့်တည့်တစ်ဖက်ရှိ ဝတ္ထုအာရုံများနှင့် ထိမိကြလေတိုင်း သူ့ဆိုင်ရာကွက် သူတက်ပြနေကြပါသည်။ ဤသည်မှာ လက်ရှိသင်မြင်သာသော အရာများဖြင့် လက်ညှိုးထိုးပြနေခြင်းပင်ဖြစ်ပါသည်။ ပဋိသန္ဓေအခါ စသည်များကား သင့်အား ငါတို့ လက်တွေ့ပြရန် မတတ်နိုင်၍ ပလပ်ထားခဲ့ရပါသည်။

ပမာအားဖြင့်ပြရပါမူ -

ဟိမဝန္တာတောင်မင်းကြီးသည် အထင်အရှားရပ်တည်နေခြင်းအားဖြင့် ၎င်းအား မှီခိုလျက်က ရှိကြလေသော မြက်၊ သစ်ပင်အပေါင်းအား ကျေးဇူးပြုပေးနေသည့်အလား ခန္ဓာရှိကိုယ်စိတ်များကလည်း ဘဝခေါ် ဖြစ်စဉ်ကြီးအား ဤအတ္တိဖြင့်ပင် ကျေးဇူးပြုပေးနေပါသည်။ ကိုယ်လျှင်ကိုယ်ချင်း စိတ်လျှင်စိတ်ချင်း အချင်းချင်းကိုယ်ယောင်လည်းပြ စိတ်ရောင်ပြလျက်ကပင် လက်ရှိဖြစ်စဉ်ကြီးအသက်ဝင်ပေး နေပါသည်ဆိုက မမှားတန်ရာပါပြီ။

၂၂၊ **နတ္ထိပစ္စည်း** - ၎င်းသည် ရှေ့ကချုပ်နှင့်လေပြီးသော စိတ်အုပ်စုများက ဖြစ်ဆဲသော စိတ်အုပ်စုများသို့ ထင်ရှားမရှိပါဘဲလျက်က ကျေးဇူးပြုပေးနေကြပါ၏။

ဆိုပါစို့…

သင့်ထံရှိကောင်းစိတ်၊ ဆိုးစိတ်၊ လွတ်စိတ် တစ်ခုခုဖြစ်နေစဉ် ရှေ့ရှေ့ကချုပ်ပျောက်သွားပြီးကြသော စိတ်စဉ်များက နောက်ကတစ်ဆက်တည်း လိုက်လာကြသော စိတ်စဉ်များအား

အတွေးပြီးအတွေး တစ်ခါ အတွေးပြီးအတွေး ဤသို့လျှင် ဆက်တိုက်ဖြစ်ပေါ်လာစေခြင်းသည် ဤနတ္ထိပစ္စည်း၏ သတ္တိထူးပင်။

(က) ကောင်းမှုကို တွေးနေသူ တစ်ခုချုပ်တစ်ခုပေါ် ရှေ့အချုပ်က နောက်အလုပ်သို့ နှိုးဆော်ခဲ့လျက် ချုပ်မြဲချုပ်သွားနေပါသည်။

- ဖခင်သေသေချင်း

ထိုဖခင်၏ လက်ငင်းအမွေအားလုံး ကျန်ရစ်သူ သားများအား အလိုလိုပေးထားပြီး ဖြစ်နေသည့်ပမာဆိုက မမှားတန်ရာပြီ။

(ခ) မကောင်းမှုတွေးနေသူ ရှေ့တစ်ခုချုပ် နောက်တစ်ခုပေါ်၊ အာရုံပေါ်က မဆင်းမချင်း ရှေ့အချုပ်က နောက်အလုပ်သို့ ဆက်ပေးခဲ့ပါသည်။

သူပုန်ဗိုလ်သေသေချင်း

ထိုသူပုန်ဗိုလ်၏ အရိုက်အရာကို လက်ထောက်ထံထားခဲ့၊ တစ်ဖန် လက်ထောက်ရာထူး နောက်ဆက်လျက်ရှိနေသူပေး စသည်များနှင့် ဤပစ္စည်း၏ကျေးဇူးတရား အလားတူဆိုကလည်း မမှား။

(ဂ) လွတ်စိတ်ဖြင့် တွေးနေသူလည်း ရှေ့လွတ်စိတ်ချုပ် နောက်လွတ်စိတ်ဝင်ဖြင့် စိတ်အစဉ်အမျှင်မကုန်မချင်း တစ်သွင်သွင်စီးဆင်းနေကြပေလိမ့်မည်။

ဘုရားဒကာသေသေချင်း

၎င်းထံရှိ စာရင်းအင်းများ နောက်သားများထံ အပ်နှံမှာကြား

ထားခဲ့သည်ပမာဆိုကမမှား။

**မှတ်ချက်** ။ ။ လွတ်စိတ်ဟူသော အသုံးအနှုန်းသည် ရဟန္တာအရှင်သခင်များ၏ သဏ္ဍာန်တော်၌ ကိန်းခိုလျက်ရှိသေးသော လောကီအာရုံလွတ် စိတ်တော်များကို ရည်ညွှန်းသည်။

၂၃။ **ဝိဂတပစ္စည်း** - ၎င်းသည် နတ္ထိနည်းတူ ကင်းချုပ်သော အားဖြင့် လက်ရှိအား ကျေးဇူးပြုပေးထားခဲ့ပါသည်။

ဆိုပါစို့...

နေ၏ချုပ်ပျောက်ခြင်းက လထွန်းတောက်ရန်အတွက် နေရာကွက်ပေးထားခဲ့သည်ပမာ။

စိတ်အမျှင် အစဉ်အဆက် တစ်သီတစ်တန်းကြီး ဆက်လျက်ရှိလေရာ လတ်တလော ချုပ်ပျောက်သွားကြသော စိတ်များက လက်ရှိဖြစ်ဆဲစိတ်များကို ကျေးဇူးပြုပေးထားရစ်ခဲ့ကြပါသည်။

(က) သတ္တဝါတို့၏ အတိတ်ကံပြုစဉ်က စိတ်စွဲများသည် ၎င်းတို့ချုပ်ပျောက်ပြီးနောက် မကင်းရာမကင်းကြောင်း အဖြစ်ဖြင့် ဤလက်ရှိ ပစ္စက္ခ၏ ပဋိသန္ဓေစိတ်သို့ အစွဲချိတ်ပေးထားခဲ့ကြပါပြီ။

(ခ) တစ်ဖန် လက်ရှိဆိုပဋိသန္ဓေစိတ်များကလည်း ၎င်းတို့ချုပ်ပျောက်သွားသည်နှင့် တစ်ဆက်တည်းသော လက်ရှိဘဝ၏ နေချိန်ကာလတစ်လျှောက်လုံးရှိ စိတ်အစဉ်များသို့ အစွဲချိတ်ပေးသွားပြန်ပါသည်။

(ဂ) တစ်ဖန် လက်ရှိ ထိုနေစိတ်များကလည်း -

၎င်းတို့ချုပ်ပျောက်သွားသည်နှင့် တစ်ဆက်တည်း သေစိတ်ထဲသို့ ထိုစွဲစိတ်များ အပ်နှံသွားကြပြန်ပါဦးမည်။ သို့ကြောင့် သင်

သည် လည်းကောင်း၊ ငါသည်လည်းကောင်း၊ အများသည်လည်း ကောင်း ဥပါဒါန်ဖြင့် တည်ဆောက်ထားသော ဘဝနှင့်ခန္ဓာမှန်သမျှ

ထိုလက်ဆင့်ကမ်း စွဲစိတ်များကသာ ဤမကင်းရာမကင်း ကြောင်း အဝိဂတပစ္စည်းအရ…

(၁) ဉာဉ်အဖြစ်ဖြင့်လည်း ဘဝအဆက်ဆက် သံသရာ အဆက်ဆက် လိုက်နေကြပါမည်။

(၂) စရိုက်အဖြစ်ဖြင့်လည်း ဘဝအဆက်ဆက် သံသရာ အဆက်ဆက် လိုက်ပါနေကြပါသည်။

(၃) ဝါသနာအဖြစ်ဖြင့်လည်း ဘဝအဆက်ဆက် သံသရာ အဆက်ဆက် လိုက်ပါနေကြပါသည်။

* အနာဝရဏဉာဏ် (အဆီးအတားကင်းသောဉာဏ်) သဗ္ဗ ညုတဉာဏ် (သိစရာမှန်သရွေ့ တစ်စေ့မကျန် အမှန်ထိုးထွင်းသိသော ဉာဏ်) အပိုင်ရတော်မူသော ဘုရားရှင်မှတစ်ပါး အားလုံး အားလုံး ပင် ကိလေသာပယ်နိုင်ကြသော်မှလည်း အဆက်ပါဉာဉ်၊ စရိုက်၊ ဝါသနာများကိုကား မပယ်သတ်နိုင်ကြခြင်းများသည် ဤဝိဂတ ပစ္စည်း၏ ပဋ္ဌာန်းသတ္တိ စွမ်းပကားများက အဆက်မပြတ် ထပ်ထပ် ပေးထားခြင်းများကြောင့်ချည်း ဖြစ်ကြပါသည်။ နတ္ထိလည်းနည်းတူ ပင် မှတ်ပါလေ။ အိမ်မြှောင်ကောင်၏ အမြီးပြတ် ထပ်၍ထပ်၍ လှုပ်ခတ်နေခြင်း။

၂၄။ **အဝိဂတပစ္စည်း - ၄င်းသည်လည်း အတ္ထိနည်းတူ။**

သင့်ဘဝ သင့်ခန္ဓာရှိ စိတ်-စိတ်ချင်း၊ ကိုယ်-ကိုယ်ချင်း မကင်းတရားအဖြစ် (မကင်းသင့်သောအရာဖြင့်) ကျေးဇူးပြုပေးနေ ကြပါသည်။

နတ်တလေ့စား ၇ိ

ဆိုပါစို့····

ပင်လယ်သမုဒ္ဒရာကြီးသည် သူ့ဖာသာထီးတည်း နေသော်မှ လည်း ၄င်း၏ဝမ်းဗိုက်အောက် ရောက်ရှိလာသော ငါး၊ လိပ်၊ မကန်း များအားလည်း မကင်းရာမကင်းကြောင်းဖြစ်နေ၍ ကျေးဇူးပြုပေး နေပါသည်ပမာ။

စိတ်ခန္ဓာ၌ ကုသိုလ်စိတ်က - ကုသိုလ်စိတ်ချင်း၊ အကုသိုလ် ကလည်း အကုသိုလ်ချင်း စသည်အားဖြင့် လည်းကောင်း၊ တစ်ဖန် ခံစားစိတ်က မှတ်သားစိတ် စေတနာထားစိတ် ဆုံးဖြတ်စိတ်များ အားလည်းကောင်း(မှတ်သားစိတ်က ခံစားစိတ်စသည်နည်းတူ သိပါ လေ) မကင်းရာမကင်းကောင်း "တစ်ကြောင်းတည်းသွား ခရီး သွားများပမာ" ကျေးဇူးပြုလျက်ကသာ။ တစ်ဖန် ကိုယ်ခန္ဓာ၌လည်း ဓာတ်လေးပါး ဓာတ်လေးပါးချင်း၊ ဓာတ်ဒလးပါးတို့က မှီခိုရုပ်များ (မျက်စိစသည်) အားလည်းကောင်း ဤမကင်းတရားများဖြင့်ပင် ကျေးဇူးပြုပေးနေကြပါသည်။

သည့်အတူ မျက်စိက မြင်သိစိတ်၊ နားက ကြားသိစိတ်၊ နှာ ခေါင်းက နံသိစိတ် စသည်အားဖြင့်လည်း ကိုယ်နှင့်စိတ် တစ်ဖျာမှာ တစ်ဖျာလာချင်း အတူအိပ်ကြရသဖြင့် မကင်းသည့်ပမာ ကျေးဇူးပြု ပေးနေပါသည်။

တစ်ဖန် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့များက စိတ် သို့လည်းကောင်း၊ အတွေးအကြံများသို့လည်းကောင်း ဤမကင်း တရားဖြင့်ပင် ကျေးဇူးပြုပါဦးမည်။

သို့ကြောင့် သင့်ထံရှိခန္ဓာစုများတွင်

စိတ်စိတ်ချင်းလည်းကောင်း၊ ကိုယ်-ကိုယ်ချင်းလည်းကောင်း၊

ကိုယ်မှပင် စိတ်များသို့လည်းကောင်း ကျေးဇူးပြုပေးရာ၌ ဤအဝိဂတပစ္စည်း၏ ပဋ္ဌာန်းဆက်သတ္တိများကလည်း တစ်တပ်တစ်အားပါဝင်နေပါသည်ကို သင်သတိပြုပါလေ။

**ဤကား ပဋ္ဌာန်းပစ္စည်းများ၏ သဘာဝယုတ္တိများတည်း။**

**✱ သိစေလိုသည်-**

ဤပဋ္ဌာန်းအကြောင်းရေးရာ၌ သင့်အားသိစေချင်သည်မှာ

ပဋ္ဌာန - ဟူသည် ပြဋ္ဌာန်းခြင်းကိုဆိုရာ

သင့်ထံရှိ ကိုယ်စိတ်ခေါ်သော သင့်ခန္ဓာကို ပဋ္ဌာန်း၏ဤပစ္စည်းနှစ်ဆယ့်လေးခုတို့ကပင် ပြဋ္ဌာန်းပေးထားကြပါသည်။ ထိုတွင်

ဈာန်၊ မဂ္ဂင်အမည်ရ ဈာနပစ္စည်း၊ မဂ္ဂပစ္စည်းနှစ်ခုမှလွဲ၍ ကျန်ပစ္စည်း နှစ်ဆယ့်နှစ်ခုတို့က

✱ သင်အသုံးတတ်သော် ပြတ်လိုကပြတ်ရန်သို့လည်း တွန်းပို့ကြပါမည်။

✱ သင် အသုံးမတတ်ခဲ့သော် ပတ်လိုကပတ်ရန်သို့လည်း တွန်းပို့ကြပါမည်။

ဈာန်၊ မဂ္ဂင်တို့ကား လမ်းခွဲမရှိ လမ်းငြိမပါ လမ်းငြိရာ၌ ခွာရန်အတွက်ကိုသာ တွန်းပို့ပါမည်။ ကွာလိုလျှင် ယင်းပစ္စည်းနှစ်ခုသုံးပါလေ။

၄င်းပစ္စည်းနှစ်ခုကား သင်အသုံးမတတ်က တတ်သည်အထိ သင်ပြပေးနေသော သင့်အတွက်အဆောင်ကောင်း ပစ္စည်းနှစ်ခုပင်ဟူ၍ တစ်ထစ်ချမှတ်ပါလေ။

နောက်ကဆိုခဲ့ပြီး ပဋိစ္စသမုပ္ပါဒ် သဘာဝတရားများကား ဤပဋ္ဌာန်းက တွန်းပို့ပေးလိုက်သဖြင့် ထွက်လာခဲ့ရသော သင့်ခန္ဓာ။

ထိုသင့်ခန္ဓာများ တစ်ဖက်နှင့်သော်လည်းကောင်း အချင်းချင်းနှင့်သော်လည်းကောင်း ထိခိုက်မိကြရာမှ လွင့်စင်ကျလာသော ဘဝခေါ် သင့်ဖြစ်စဉ်အမျှင်တန်းကြီးကို အစွဲဖြင့်ဆွဲခေါ် ပေးသွားကြမည်။

သို့ကြောင့် -

(က) ခန္ဓာခေါ် ရုပ်ဝေဒနာ သညာသင်္ခါရ ဝိညာဉ်အမည်ရ ရုပ်နှင့်နာမ်တို့ကို ပဋ္ဌာန်းကပြဋ္ဌာန်းကာ ထားရှိပေးလိမ့်မည်။

(ခ) ထိုခန္ဓာငါးပါး ရုပ်နာမ်များမှ စင်ထွက်ကျလာသော ဘဝခေါ် ဖြစ်စဉ်အမျှင်တန်းကြီးကိုကား ဆိုခဲ့ပြီး ပဋိစ္စသမုပ္ပါဒ်တို့က တစ်ဆင့်ခံတွန်းပို့ပေးထားကြလိမ့်မည်။

ထိုသဘာဝတို့ကိုရေးရာ၌-

* ငါတို့သည် ပဋိစ္စသမုပ္ပါဒ်သရုပ် ပဋ္ဌာန်းသရုပ် ထုတ်ပြနေသည်မဟုတ်။

* သင့်အားလည်း ပဋိစ္စသမုပ္ပါဒ်သင်တန်း၊ ပဋ္ဌာန်းသင်တန်းပေးနေခြင်းလည်းမဟုတ်။

အမှန်အားဖြင့်ဆိုရပါမူ

ယခုရေးလက်စ သဘာဝတရားများသည်ကား -

* ငါတို့သည် နောက်လာမည့်ဓာတ်အတွက် ဓာတ်ပန္နက်ရိုက်နေခြင်းမျှသာ ...

ဤမှဆက်လက်၍လည်း သင့်ခန္ဓာ၌ပါဝင်နေကြသော စိတ်-စေတသိက်ရုပ်စုများကိုလည်း ဓာတ်လမ်း၏ ဓာတ်ဝင်ခန်းအတွက် ဓာတ်ပန္နက်ရိုက်ရပေဦးမည်။

ထိုသို့ အပြည့်အစုံဖြစ်လာလေသောအခါ -

သင့်ထံရှိ ဘဝခေါ်ဖြစ်စဉ်အမျှင်တန်းကြီးကိုကား လမ်းအဖြစ်

ထား ဇာတ်စကားပြောကြားစေမည်။

ထိုမှာမှ ဝီထိခေါ် စိတ်သွားလမ်းခရီးအတိုင်းလျှင် သင်၏ ဘဝကိုလည်း ခရီးအတို ခရီးအရှည်နှင့် တိုလွန်း ရှည်လွန်းသော ခရီးစဉ်ပမာဏတို့အတိုင်း ဖြစ်စဉ်တစ်ခုတစ်ခုကို တိုင်းတာပြပေး ထားမည်။

ပြတ်လမ်းနှင့် ပတ်လမ်းနှစ်မျိုးကွဲနေရာတွင် ပြတ်လမ်းသည် အစကတည်းကမရှိသည်ကြောင့် ဤ၌မပြသာပြီ။ ဤ၌ကားသင်ထွင် ထားသော ပတ်လမ်းကိုသာ သင့်ကိုယ်သင် ပြန်လည် သုံးသပ်ရန် အတွက် ပြရပေတော့မည်။

ထိုပတ်လမ်းအပေါ်ဝယ် ဤပဋ္ဌာန်းပစ္စည်းများကား လမ်းမိုလ် အရာဆိုခဲ့ပြီး ပဋိစ္စသမုပ္ပါဒ်တို့ကား လမ်းဖောက်လုပ်သားများအရာ နေရာချထားပေးမည်။

ခန္ဓာငါးပါးတို့တွင်လည်း သင့်ရုပ်ခန္ဓာကြီးကား ကားပမာ၊ သင့်ဝိညာဉ်ကား ယာဉ်မောင်းအရာ၊ သင့်ရှိသညာကား သင်မောင်း အကူ၊ သင့်ရှိဝေဒနာကားလမ်းပြ၊ သင့်ရှိသင်္ခါရတို့ကား စပါယ်ယာ အရာထားပြီး။ တစ်ဖန်···

သင့်ထံရှိ ကိလေသာသံယောဇဉ် အာသဝဩဃစသည်များ ကိုကား ကားအတူစီး အတူနေမိသားစု တစ်ဖက်ရှိဝတ္ထုအာရုံများ နှင့် သူ့ရှိကိလေသာသံယောဇဉ် စသည်များကိုကား ကားကြုံစီး ခရီးသည်များအဖြစ် နေရာပေးထားမည်။

[ဤကား ပဋ္ဌာန်းနှင့်ခန္ဓာများ၏ သဘောတရားများတည်း။]

# (ဂ) စိတ်နှင့်အပေါင်းပါတို့၏ အလေ့အထများ

ဤအပိုင်းသည် -

နာမ်ခန္ဓာစုလေးခုတို့အတွက် ဖာက်ပန္နက်ပင်ဖြစ်တော့၏။

စိတ်ကားဝိညာဉ်စုအဖြစ် ဝိညာဏက္ခန္ဓာဖွဲ့ရမည်ဖြစ်ပြီး စေတသိက် (၅၂)ခုတို့တွင်လည်း ဝေဒနာကို ဝေဒနက္ခန္ဓာ၊ သညာကို သညက္ခန္ဓာ ဖွဲ့စည်းပေးပြီး စေတနာဦးစီးသော ကြွင်း (၅၀)ကိုကား သင်္ခါရက္ခန္ဓာဖွဲ့မည်။

၁။ စိတ်သည် သိဆိုသောသိ သူ့အလေ့အထရှိပြီး ထိုအလေ့အထကလည်း မည်သည့်အရာနှင့်မျှ မရောမယှက် သူ့ချည်းသက်သက်ဖြစ်နေ၍ အုပ်စုတစ်ခုအဖြစ် သီးခြားထားပေးရသည်။

၂။ ဝေဒနာအသိနောက်မှ ကပ်၍ပါလာသော ခံစားခြင်း အလေ့အထသည်လည်း ခံစားပေးရုံသာ သူ့အလေ့အထရှိပြီး ထိုအလေ့အထကလည်း မည်သည့်သတ္တိနှင့်မျှမရောယှက် သူ့ချည်းသက်သက်ဖြစ်နေ၍ ၎င်းကိုလည်း အုပ်စုတစ်ခုအဖြစ် သီးခြားဖွင့်လှစ်ပေးထားရသည်။

၃။ သညာ ခံစားမှုနောက်မှလိုက်၍ ခံစားပုံများကို စကားအရာ ဥပမာဖြင့် ပြောသာရန် မှတ်သားလေ့ရှိသော သညာသည်လည်း မှတ်သားတတ်ရုံမှလွဲ၍ သူ့အစွမ်းသူ့သတ္တိ ဘာမျှမရှိ။ ထိုမှတ်သားမှု အလေ့အထကလည်း မည်သည့်သတ္တိနှင့်မျှ မရောယှက် သူ့ချည်းသက်သက်ဖြစ်နေ၍ ၎င်းကိုလည်း အုပ်စုတစ်ခုအဖြစ် သီးခြားဖွင့်လှစ်ပေးထားရသည်။

၄။ သင်္ခါရသညာ၏တင်ပြမှုကို ပုည-အပုည-အနေဉ္ဇ ထိုသုံးမျိုးတစ်မျိုးမျိုးအဖြစ် စေ့ဆော်ဖြစ်ခဲ့သော စေတနာသည်ကား သူ့ချည်းကား မဟုတ်။ အယုတ်ကိစ္စ ယုတ်မာစွာလမ်းခင်းပေးတတ်သော စိတ်၏ယှဉ်ဘက်များကိုလည်းကောင်း၊ အမြတ်ကိစ္စ အလေးမြတ်ထား လမ်းသားပေးတတ်သော စိတ်၏ယှဉ်ဘက်များကိုလည်းကောင်း၊ အလွတ်ကိစ္စ အစွန်းမထိ အငြိလွတ်စွာ လမ်းသားပေးတတ်သော စိတ်၏ ယှဉ်ဘက်များကိုလည်းကောင်း ထိုသူ့ဆိုင်ရာ သူ့ခရီး သူ့အသီးသီးတို့ကို အလုပ်ဖြစ်ရန် စေ့ဆော်တိုက်တွန်းပေးလေ့ရှိ၏။ အတိုက်တွန်းခံ ကျန်အားလုံးကလည်း သူ့စည်းရုံးမှုအတိုင်းသာ ညာသံပေးလေ့ရှိကြလေ၏။ ၎င်း (၅၀)လုံးကား တွန်းအားပေးသတ္တိမှတစ်ပါး

အခြားမရှိ။ သို့ကြောင့် ထိုငါးဆယ်တို့ကိုလည်း အားငါးဆယ် ပေါင်းစုလေမှ တွန်းအားတစ်ခုမျှ ထွက်ကျလာတတ်သော သင်္ခါရအုပ်စုဟူ၍ တပ်ပေါင်းစုခန္ဓာ ဖွင့်လှစ်ပေးထားရပါသည်။

## သိဆိုသောသိမှုတစ်ပါး စိတ်ဝယ်ဘာအစွမ်းသတ္တိမျှမရှိ

စိတ်သည် သူ့နောက်ရှိ နာမ်ခန္ဓာအုပ်စုများ၏ ဦးစီးခေါင်းဆောင်ဖြစ်၏။

သို့သော်

ထိုသို့သော်ကား ထိုနောက်လိုက် နာမ်ခန္ဓာများဖြစ်ကြလေသော စိတ်မှီစေတသိက် ငါးဆယ့်နှစ်ခုတို့ကသာ စိတ်ကိုရှေ့တန်းတင်၊ စိတ်ကိုပင် နောက်မှနေ ကြိုးကိုင်၊ စိတ်ကိုလျှင် နောက်မှနေ အပိုင်စီးထားကြလေရာ ထိုစိတ်မှီစေတသိက်တို့၏ တွန်းအားပို့အတိုင်းသာ စိတ်သည် သိသိပေးနေရခြင်းကြောင့် ...

* စိတ်သည် ဆရာအမည်ခံ တပည့်စရံရထားသူတည်း။

* စေတသိက်များကား တပည့်အမည်ခံ ဆရာနေရာမှန်ရထားသူများတည်း။

စိတ်သည် ယှဉ်ဘက်များက အကုသိုလ်ဘက်သို့ တွန်းပို့သော် ယုတ်ရာအသိပေး ယုတ်စိတ်မွေးလျက်က အကုသိုလ်ဘက်သို့သာ ယွန်းမည်။

တစ်ဖန် ယှဉ်ဘက်များက ကုသိုလ်ဘက်သို့ ဆွဲယူသွားခဲ့သော် ၄င်းလည်း မြတ်ရာအသိပေး မြတ်စိတ်မွေးလျက် ကုသိုလ်ဘက်သို့သာ အလံထူမည်။

သိဆိုသော သိစိတ်လေး၏သဘာဝကား-

မည်သည့်အသွေးရောင်မဆို လက်သင့်ခံတတ်သော ပိတ်ဖြူစဖွေးဆွတ်ဆွတ်ကလေးနှင့် ဘာမျှမခြားနားချေ။ ထို့ကြောင့်

ထိုသိဆိုသော သိစိတ်ကလေးကို တစ်ပိုင်း တစ်ကဏ္ဍအဖြစ် သီးခြားဖော်ထုတ်၍မပြတော့ဘဲ ဤစေတသိက်ပိုင်းခေါ် စိတ်နှင့်ယှဉ်ဘက်များအပိုင်းကို ပြသလျက်က ထွက်ပေါ်လာသော ထိုသရုပ်သကန်များနှင့် ယှဉ်စပ်ပြသရသော် ပို၍သဘောပေါက်စရာ မြင်၏။

ဩော် စိတ်ဆိုသည်မှာ သိသိပေးရုံသာလေးပါတကား။ နောက်လိုက်ဦးပိုင် သူ့ဆိုင်ရာစေတသိက်များ၏ ကြိုးကိုင်ခံထားရခြင်းကြောင့်သာ ခမျာ ယုတ်တစ်လီ မြတ်တစ်လှည့် အစွဲ၏အဆွဲကြားအငြိခံနေရရှာပါတကား။

ထိုသို့ သဘောပေါက်လာသော်-

သင်သည် သင့်ထံရှိသိဆိုသော ဝိညာဉ်စုကို မည်သည့်အမှုတွင်း စာရင်းပေးသွင်းလေမည်နည်း။ သို့မဟုတ် ပြစ်မှုစင်ကြယ် မည်သည့်ကောင်းရောင်းကောင်းဝယ်တွင် စာရင်းသွင်းမည်နည်း။

ထိုအမေးသည် သင်လူဖြစ်စဉ် လူတွေးတွေး၍ လူမေး မေးသင့်သော မမေးမဖြစ်သော ပုစ္ဆာတစ်ခုတည်း။

## စိတ်ကိုမှီ၍ စိတ်ကိုကြိုးကိုင်ပေးနေသူများ

ဧကုပ္ပါဒ နိရောဓာစ၊ ဧကာလမ္ဗဏ ဝတ္ထုကာ။
စေတောယုတ္တာ ဒွိပဉ္ဉာသ၊ ဓမ္မာစေတသိကာ မတာ။ ။

စိတ်နှင့်အတူဖြစ်၍ အတူချုပ်ခြင်း စိတ်နှင့်အာရုံတူ ဝတ္ထုတူ ယူခြင်း စိတ်နှင့်ယှဉ်ဘက် ငါးဆယ့်နှစ်ပါးသော သဘာဝတရားများကို စေတသိက်ဟူ၍ အသိအမှတ်ပြုကြပါ။ သို့မဟုတ် စိတ်နှင့် အတူနေ စေတလုံးပိုင်များဟူ၍ မှတ်ထားကြပ့ါ။

## စိတ်ကြိုးကိုင်တို့၏အုပ်စုကွဲများ

စေတသိက်ခေါ်သော စိတ်မှီကြိုးကိုင် ငါးဆယ့်နှစ်မျိုးတို့တွင်

(က) တစ်ခုကား အကုသိုလ်ဘက်ဆီသို့ ၄င်းကိုအကုသလရာသိခေါ်၏။

(ခ) တစ်ခုကား သောဘနဘက်ဆီသို့ ၄င်းကိုသောဘနရာသိခေါ်၏။

(ဂ) တစ်ခုကား ရောယိမ်းလိုက် ဘသားယိမ်းလိုက် ၄င်းကို အညသမာနရာသိခေါ်၏။

ဤသို့လျှင် သဘောတူရာ တူရာလိုက်၍ အုပ်စုသုံးခုကွဲနေချေ၏။ သောဘနအုပ်စုကား ကုသိုလ်အရာ အဗျာကတအရာ (ကြိယာအရာ) တို့၌ စိတ်နှင့်ကပ်မှီ၏။ အကုသိုလ်စိတ်ဖြစ်နေက မပါလေ။ တစ်ဖန် အကုသလရာသိ(အကုသိုလ်အုပ်စု)ကလည်း ကုသိုလ်ကြိယာ

(ဘုရား ရဟန္တာစိတ်) ဖြစ်ရာ၌ စိတ်နောက်ကပ် မလိုက်ပါကြ။ အညသမာန်း အုပ်စုကား မည်သည့်အုပ်စုနှင့်မဆို ဆက်ဆံကြမည်။ ရောရောနှောနှောလည်း ရှိကြမည်။ အညသမာန်းတို့ကား ဝါဒသွေးကင်းသော အရာများတည်း။

ထိုအုပ်စုကြီးသုံးခုတို့တွင် -

အကုသိုလ်အုပ်စုသည်

(က) ပုထုဇဉ်(သေက္ခ) များနှင့် မကွေမကွာပါသည်ကတစ်ကြောင်း

(ခ) သတ္တဝါတိုင်း၏မူလဘူတ အစစိတ်များ ဖြစ်သည်က တစ်ကြောင်း။

ထိုအကြောင်းများကြောင့် အဖြူထဲမှ အမဲတစ်စက်ပမာ အလွန်ထင်ရှား၏။ သိဆိုသော ဝိညာဉ်စိတ်ကလေးအား ကြိုးကိုင်စေခိုင်းနေပုံများကား အစာ၏အကြောင်းကောင်းကောင်း ခွဲခြားသိနိုင်မှု အစွဲတရားများ မလားသေးသော ကလေးငယ်အား အစာတို့ကို ဝါးခွံ့ပေးနေသော မိခင်တစ်ဦးပမာတည်း၏။

ဝိညာဉ်ခေါ် မူလသိစိတ်သည် သိဆိုသောအရာမှ တစ်ပါးအခြားဘာမျှမရှိ။

၁။ မျက်စိ၊ အဆင်း၊ အလင်းတို့ဆုံမိသော် မြင်သိမှုဖြင့်ပြီးစီး၏။ ထို့ထက်မပို။

၂။ နား၊ အသံ၊ အာကာသတို့ဆုံသောအခါ ကြားသိမှုဖြင့်ပြီး၏။ ထို့ထက်ရှေ့မတိုး။

၃။ အနံ့၊ နှာ၊ လေတို့ ဆုံသောအခါ နံသိမှုဖြင့်ပြီး၏။ ရှေ့မရောက် နောက်မကြို။

၄။ အရသာ၊ လျှာ၊ ရေတို့ဆုံသောအခါ ရသာသတ္တိ၏အရှိ သိမှုဖြင့်ပင်ပြီး၏။

၅။ အတွေ့၊ ကာယ၊ မြေတို့ဆုံသောအခါ အတွေ့သတ္တိ၏အရှိ သိမှုဖြင့်ပင်ပြီး၏။

၆။ သဘော၊ မနော၊ ဘဝင်လေတို့ ဆုံသောအခါ ကြံသိမှုမှုဖြင့်ပင်ပြီး၏။ ထို့ထက်မပိုပြီ။ သိ-ဆိုသော ထိုစိတ်ကလေးသည် ဘာညာအမည်နာမကိုလည်း သူမသိ၊ ကောင်း၏ဆိုးသည်ကိုလည်း သူမသိ၊ ကြိုက်၏မကြိုက်ကား ဝေလာဝေးတည်း။ အာရုံနှင့်တံခါး ထိကပါး ရိကပါးအခိုက်၌ သိသိနေသော ဝိဇာနနလက္ခဏာသည် စိတ်မည်၏။ ပစ္စုပ္ပန်တည့်တည့်ရှိ သိစိတ်တည်း။

အာရုံနှင့်တံခါးတို့ ထိခိုက်မိအချိန်တွင် ဘဝင်လေလှုပ်၏။ ဘဝင်လေအလှုပ်တွင် သိဟန်ပြင်သော ဆင်ခြင်စိတ်ဝင်လာ၏။ ထိုဆင်ခြင်စိတ်ကား မြင်-မြင်ကာမတ္တ၊ ကြား-ကြားကာမတ္တရှိ သိဆိုသော စိတ်ကလေး ဖြစ်ပေါ်လာရန် ပြင်ဆင်ပေးခြင်းမျှသာတည်း။

# ဝိတ်ဖြူကိုအမဲဆိုးသော အထက်ဆင်စ အရောင်းသမားပမာ

စေတသိက်ဟူသည် စိတ်ကိုမှီ၍ဖြစ်သော အရာများကို ဆို၏။ သိစိတ်ဖြစ်ပေါ်လာမှ စီမံခန့်ခွဲပေးလာကြသော သဘာဝတရားများ တည်း။

သို့ကြောင့် ၎င်းတို့သည် စိတ်နောက်လိုက် ဦးဆောင်များ ဆိုရ၏။ သို့မဟုတ် စိတ်ကိုဆရာခေါ်၍ တပည့်အဖြစ် မွေးစားထားသူများဟု ဆိုရ၏။

၎င်းတို့တွင် အကုသလရာသိခေါ်အုပ်စုသည် သူယုတ်မာစိတ်မွေးမြူပေးရာ၌ အဖြူကိုအမဲဆိုးသည်ပမာ ဖွာသောကြောင့် ဤ၌ အစစ္စာဖော်ပြမည်။

စိတ်ဖြူမှ စိတ်မဲသို့ ပြောင်းလဲပေးတတ်သော ထိုအရာများ ကား

၁။ **မောဟ** - အာရုံ၏အမှန်သဘောကို ဖုံးကွယ်ထားတတ်သည့် သဘာဝ

၂။ **အဟိရိက** - ဒုစရိုက်စုလွန်ကျူးမှုပြုရာ၌ မရှက်တတ်သည့် သဘာဝ

၃။ **အနောတ္တပ္ပ** - ဒုစရိုက်စုလွန်ကျူးမှုပြုရာ၌ မလန့်မထိတ်တတ်သည့် သဘာဝ။

၄။ **ဥဒ္ဓစ္စ** - သိစိတ်များကို နေရာအနှံ့လွှတ်ပစ်ထားခြင်း သို့မဟုတ် တစ်နေရာတည်းသို့ စုစည်းထား

ခြင်းငှာ မတတ်နိုင်သည့်သဘာဝ

၅။ လောဘ - ကြိုက်ရာရာ ကာမအာရုံများနောက်သို့ လိုက်ပါလေ့ရှိသည့်သဘာဝ

၆။ ဒိဋ္ဌိ - သူ့သဘာဝအလိုက်သော အာရုံများကိုမှားယွင်းစွာမြင်လေ့ရှိသည့်သဘာဝ

၇။ မာန - အသိမ်းပိုက်ခံအာရုံများကိုမှီ၍ ထောင်လွှားတတ်ကြွလေ့ရှိသည့်သဘာဝ

၈။ ဒေါသ - အသိမ်းပိုက်ခံအာရုံများ မမိတမိဖြစ်နေသောအခါ ပြစ်မှားလေ့ရှိသည့်သဘာဝ

၉။ ဣဿာ - အသိမ်းပိုက်ခံအာရုံများ မမိတမိရှိသောအခါငြူစူလေ့ရှိသည့်သဘာဝ

၁၀။ မစ္ဆရိယ - အသိမ်းပိုက်ခံအာရုံများ မိနေသောအခါ လက်မလွှတ်လိုသည့်သဘာဝ

၁၁။ ကုက္ကုစ္စ - ပြုပြီးအမှား မပြုရသေးသောအမှန်များကိုတွေး၍ ပူပန်တတ်သည့်သဘာဝ

၁၂။ ထိန - အာရုံ၏အထိ သိသိပေးနေရသည်များ ညှိုးနွမ်းသွားသည့်သဘာဝ

၁၃။ မိဒ္ဓ - အသိညှိုးနွမ်းရာနောက် မှီရာများပါလိုက်ပါ၍ညှိုးနွမ်းသွားသည့်သဘာဝ

၁၄။ ဝိစိကိစ္ဆာ - ရတနာသုံးပါးတို့၏အစွမ်း၌ စိတ်မချသည့်သဘာဝ

**မှတ်ချက်။** ။ ဤ၌သဘာဝဟူ၍ သုံးပြထားသည်မှာ-အထက်ပါတို့သည် အစိုင်အခဲများမဟုတ်ကြ။ သဘောသတ္တိ

မှုသာ ရှိချေသည်ကို ရိပ်မိစေရန်ပင်တည်း။ ထိုတစ်ဆယ့်လေးမျိုးသော စိတ်ကြီးကိုင်အုပ်စုများကို သဘာဝချင်းတူရာ တူရာဖြင့် ပေါင်းစည်း၍ ထပ်မံကာ အုပ်စုဖွဲ့ပြရပြန်ချေသော်

(က) မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ ငါးမျိုးက တစ်အုပ်စုနေကြမည်။

(ခ) လောဘ၊ မာန၊ ဒိဋ္ဌိ၊ ထိန၊ မိဒ္ဓ ငါးမျိုးကတစ်အုပ်စု အဖြစ်နေကြမည်။

(ဂ) ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ လေးမျိုးက တစ်အုပ်စု အဖြစ်နေကြမည်။

ထိုတွင် မောဟအုပ်စုမှ ဝိစိကိစ္ဆာမှ တစ်ပါး ကျန်လေးမျိုးတို့ကား ကျန်လောဘ ဒေါသအုပ်စုများ၌လည်း ဦးစီးအဖြစ်ဖြင့် ပါဝင်ပေးကြဦးမည်။

ထိုလေးမျိုးတို့ကြောင့် သိစိတ်ကလေး မသိ မရှက် မကြောက် တည်စိတ်မပေါက်တော့သောအခါ -

* လိုချင်စိတ်ပြင်း ရမ္မက်ထန်မာန်တင်း တင်းစိတ်အဖြစ်ဖြင့်လည်း မကောင်းမှုပြုကျင့်နေစေမည်။
* မလိုမုန်းထားစိတ်အဖြစ်ဖြင့်လည်း မကောင်းမှုပြုကျင့်စေကြမည်။

သို့ကြောင့် အထက်ပါ(မော-ဟိ-နော-ဥဒ်)လေးပါးတို့ကို သီးခြားမပြတော့မူ၍ ကျန်ဆယ်ပါးတို့ကိုသာ အောက်ပါအတိုင်း ခွဲဝေပြသခွင့်ရှိတော့သည်။

(က) လောဘအုပ်စုဖြင့် စိတ်ကိုခြယ်လှယ်ကာ မကောင်းမှုပြုစေခြင်း။

(ခ) ဒေါသအုပ်စုဖြင့် စိတ်ကိုခြယ်လှယ်ကာ မကောင်းမှုပြုစေခြင်း။
(ဂ) မောဟအုပ်စု၏ ဝိစိကိစ္ဆာဖြင့် စိတ်ကိုခြယ်လှယ်ကာ ကောင်းမကောင်းတွေစေခြင်း။

ဤသို့လျှင် အကုသိုလ်အုပ်စု၏ မကောင်းမှုပြုကျင့်ပုံ(သခ်ါရ)များကို စိစစ်ဝေဖန်ပြမည်။

## (က) စိတ်ကိုအလိုချင်ခိုင်း၍ အရှိုင်းဓာတ်သွင်းပေးခြင်း

* လုဒ္ဓေါအတ္ထံ နဇာနာတိ၊ လုဒ္ဓေါဓမ္မံ နပဿတိ။
အန္ဓတမံ တဒါဟောတိ၊ ယံ လောဘော သဟတေ နရံ။ ။

လိုချင်တတ်သော သဘာဝတရားသည်
အကျိုးကိုလည်း မသိတတ် အကြောင်းကိုလည်း မမြင်တတ်ချေ။ လောဘဇောကျရာ အကြင်အခါဝယ် နှလုံးသွေးချင်းချင်း နီသွားတော့ခြင်းကြောင့် ထိုလူသား၏စိတ် ဘာဆိုဘာမျှ မြင်ခွင့်မရသော အမိုက်ကြီးဝင်ရောက်လာတော့၏။

ထိုအခါမျိုး၌ကား
ထိုလူသားကို ထိုလောဘဇောများက နှိပ်စက်ဖျက်ဆီးပစ်ကြတော့မည် ဧကန်တည်း။

ထိုလိုချင်တတ်သော သဘာဝသတ္တိ အခိုးအငွေ့လေးသည် ဝတ္ထုအာရုံများနှင့် မိမိ၏အကြည်ဓာတ်ခွက်များ အတွင်းတိုက်အားဖြင့် ဖြစ်စေ အပြင်တိုက်အားဖြင့်ဖြစ်စေ တိုက်မိခိုက်မိလာသောအခါ မြင်သိစသည်အသိစိတ် ဖြစ်ပွင့်လာ၏။ မြင်သိစိတ် ကြားသိစိတ် စသည်

များ ထိုသို့ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ထိုလောဘသတ္တိသည် ရုတ်တရက် ပူးဝင်ခိုကပ်လိုက်၏။ ထို့နောက် ဆင်ခြင်စိတ် စသည့် အတွင်းကိရိယာများကိုပါ ဒုတိယမွှိုနှိုးဆွပေးလိုက်၏။ ထို့နောက် အကြိုက်နှင့်စိတ် တွဲဖက်ပေးလိုက်တော့ကာ ကြိုက်စိတ်ဟူ၍ ဖြစ်ပေါ် လာစေ၏။

ထိုကြိုက်စိတ်သည်လည်း အတက်အကျအားဖြင့် သဘာဝ ဓမ္မတာ ရှိတတ်လှချေရာ

(က) တက်စိတ်၌ရှင်ခြင်း၊ အတိုက်တွန်းရလွတ်ခြင်း၊ ငါစွဲအား ကြီးခြင်း ထိုသုံးမျိုးတို့ကို ဖြစ်စေ၏။ သောမနဿ၊ ဒိဋ္ဌိ၊ အသင်္ခါ ရိက ဟူ၍ပင်တည်း။

(ခ) ကျစိတ်၌ကား တည်ခန့်ခြင်း၊ တိုက်တွန်းပေးနေရခြင်း၊ ငါစွဲ အားမကြီးခြင်း ထိုသုံးမျိုးတို့ကို ဖြစ်စေ၏။ ဥပေက္ခာ၊ သသင်္ခါ ရာ မာနတည်း။ သို့ကြောင့်····

(က) ထိုကြိုက်စိတ်တစ်ခုတည်းကို ခွဲဝေလိုက်သောအခါ

(၁) သောမနဿနှင့်ယှဉ်ခြင်း - ငါစွဲဒိဋ္ဌိနှင့်ယှဉ်ခြင်း၊ အတွန်းရလွတ်နေခြင်းကတစ်မျိုး။

(၂) သောမနဿနှင့်ယှဉ်ခြင်း - မာနစွဲငါနှင့်ယှဉ်ခြင်း၊ တွန်း ပေးနေရခြင်းကတစ်မျိုး

(၃) သောမနဿနှင့်ယှဉ်ခြင်း - မာနငါစွဲနှင့်ယှဉ်ခြင်း၊ အတွန်းရလွတ်နေခြင်းကတစ်မျိုး။

(၄) သောမနဿနှင့်ယှဉ်ခြင်း - ငါစွဲဒိဋ္ဌိနှင့်ယှဉ်ခြင်း၊ တွန်း ပေးနေရခြင်းကတစ်မျိုး။

ဤသို့လျှင် ရှင်စိတ် တက်စိတ်များနှင့် ပူးယှဉ်ချိန်၏ စိတ်ကလေးသည် အကြမ်းအနုသို့လိုက်လျက်က လေးမျိုးကွဲပြားလာခဲ့ရချေသည်။

**မှတ်ချက်။** ။ ငါစွဲသည် ဒိဋ္ဌိငါ မာနငါ နှစ်မျိုးရှိချေရာ သာမန်တက်စိတ်၌ ဒိဋ္ဌိငါက ဦးဆောင်မည်။ ထန်စိတ်ကြီးဝင်လာသောအခါ မာနငါက ဦးဆောင်မည်။

သည့်အတူပင်လျှင်

(ခ) တည်ခန့်စိတ်၊ ကျစိတ်များ၌လည်း မာနငါ ဒိဋ္ဌိငါ နှစ်မျိုးပါဝင်မည်။

အတွန်းလွတ်၊ အတွန်းခံနှစ်မျိုးလည်း ပါမည်။ သို့ကြောင့် လေးမျိုးပင်ပြားမည်။

အားလုံးပေါင်းသော်-

(၁) တက်စိတ်၊ ရှင်စိတ်များ၌ မာနငါ၊ ဒိဋ္ဌိငါ၊ သသင်္ခါရ၊ အသင်္ခါရလေးမျိုး။

(၂) ကျစိတ်၊ တည်ခန့်စိတ်များ၌ မာနငါ၊ ဒိဋ္ဌိငါ၊ သသင်္ခါရ၊ အသင်္ခါရလေးမျိုး။

အကြိုက်နှင့်စိတ် တွဲချိတ်မိခဲ့ရာမှ ဖြစ်ပေါ်လာသော ပြုကျင့်မှုအမျိုးပေါင်းကား ဤရှစ်မျိုးမျှသာ ထို့အောက်လည်းမလျော့ ထိုထက်လည်းအပိုမရှိ။ သိဆိုသော စိတ်သက်သက်ဖြူကလေးကို အကြိုက်က ဖြားယောင်းဖျက်ဆီးခြင်း၏ အမှုအကျင့်များတည်း။

# အကြိုက်ညှစ် ဘာဖြစ်ဖြစ်ထဲသို့ဝင်သွားမည်

လိုချင်တတ်သော ထိုသဘာဝသတ္တိသည်

၁။ အတိတ်အနုသယလက်ငုတ်များ နိုးထလာခြင်း။

၂။ ခြင်ဆီအားများ ပိုလျှံစီးကျလာခြင်း။

၃။ ခတ်ဖက်ဓာတ်များ တိုက်ခိုက်လာခြင်း။

၄။ အဆီအဆိမ့်အစားများခြင်း

အထက်ပါအကြောင်းခံလေးမျိုးတို့နှင့် မကင်းတတ်။

ထိုလေးမျိုးတို့သည် ဖို-မဆက်ဆံရေးများ၌ လေးမျိုးစုံ အကုန် ပါဝင်လာတတ်ပြီး လူ့အသုံးအဆောင်ပစ္စည်းများနှင့် တွေ့ရာ၌ ခတ်ဖက်ဓာတ်မပါဝင်တတ်။

အနုသယဓာတ်သည် လူ့ဘဝရောက်ခိုက်ဝယ် ယခင်လူ့ဘဝ ဘဝများစွာတုန်းက ခံစားခဲ့ဘူး သုံးဆောင်ခဲ့ရဘူးသည်များနှင့် တွေ့ သည်နှင့်တစ်ပြိုင်နက် ပေါ်ထွက်လာတတ်မြဲချည်းသာ။ သို့တစေလည်း

ခြင်ဆီအား မပြည့်သေးသော ကလေးငယ်ဘဝ၌ကား ဆာ လောင်ခြင်း၊ အလိုမကျခြင်းမှတစ်ပါး ကြိုက်ရကောင်းမှန်း မသိတတ် နိုင်ရာပြီ။ သို့ကြောင့် ထိုအနုသယဓာတ်သည် ခြင်ဆီအားအမှီရမှ သာ နိုးထလာနိုင်မည်။

အထက်ပါအချက်လေးချက်နှင့် ညီမျှလာသော လူသားများ သည်ကား

- နိုးထလာနေပြီဖြစ်သော အနုသယဓာတ်များကလည်း ပူဆာ
- ပိုလျှံတက်ကြွလာသော ခြင်ဆီအားများကလည်းပူဆာ

* ဖိုဓာတ် မဓာတ်များ၌ ကပ်ငြိနေသော အာရုံခံများကလည်း ပူဆာ
* ထိုအပူလောင်ခြင်း(အဆာလောင်ခြင်း) သုံးမျိုးတို့ ဆုံထိုး ထိုးကျင့်ခံလိုက်ရသောအခါ -
* နှလုံးသွေးတို့သည်လည်း မီးပြင်းထိုး ပွက်ပွက်ဆူရေနွေးအိုးများ ပမာ ဆူပွက်လာမည်။
* ထိုနှလုံးသွေးမှိစိတ်တို့သည်လည်း ရေနွေးခိုးပမာ လွင့်အံ ပျံတက်သွားမည်။
* ထိုနှလုံးသွေးများကလည်း အနီရောင်ဖုံးလွှမ်းခံလိုက်ရတော့ သဖြင့် အကြည်ဓာတ်များနောက်ကြုုလျက် ပျက်ယွင်းသွား မည်ဆိုပါက ထိုသူ့ရှိသိစိတ်၌

(က) အကောင်းအဆိုးမှန်းဆ၍ မရနိုင်သော အမှောင်ရိပ်ကြီးကျ လာပြီ။

(ခ) အကြောင်းခံအမှန်ကို သိခွင့်မရနိုင်သော အမှောင်ရိပ်ကြီး ကျလာပြီ။

ထိုးကျလာသော ထိုအမှောင်ကြီးရှိ ထိုလူသား၏ကြိုက်စိတ် များသည်လည်း မွန်ခြင်း၊ မှုံမှိုင်းခြင်းများ တစ်ခဲနက်ဖြစ်ပေါ်လာစေ ကြတော့မည်။ စိတ်ရှိကိုယ်၌

မောဟမှိုင်းလုံးကြီး ဖိစီးကျရောက်လာခြင်းတည်း။ ထိုအခါ ဘာဖြစ်ဖြစ်ဟူသော ဇွတ်နှစ်စိတ်ဆိုးကြီးက ထိုသူ့၌ ထပ်မံထိုးကျင့် လာချေပြီဖြစ်ရာ

ထိုလူသား…

(က) ရှေ့ရေးကိစ္စ လုံးဝမတွေးဆနိုင်တော့သည့်အလျောက်

( ခ ) နောက်ကြောင်းကိစ္စ ပြန်လှန်ကာ မတွေးဆနိုင်တော့သည့် အလျောက်

(၁) ပစ္စက္ခမျက်မြင်များ၏ရှေ့ ရှက်ရကောင်းမှန်းသိများလည်း မေ့မျောသွားတော့ပြီ။

(၂) တမလွန်ရယ် ထိုသည့်ဒဏ် ပြန်လည်ခံရဦးတော့မည်ကိုလည်း ကြောက်ရကောင်းမှန်း မသိတတ်တော့ပြီ။

ထိုဖြစ်ရပ်များသည် ရှင်စိတ်၊ တက်စိတ်များနှင့် သွေးများအလွန်ဆူဖြိုးလာချိန်ဖြစ်သော ကာလသား၊ ကာလသမီးအရွယ်များ၌ အဖြစ်အများဆုံး။

သင်သည်ပင် ထိုဖြစ်ရပ်မျိုးနှင့် လွတ်ကင်းခဲ့ပါ၏လော။

အထက်ပါကြိုက်စိတ်များ ဖြစ်ပွားလာရာ၌

(က) လောဘ-ဒိဋ္ဌိ-မာနဟူသော ကြိုက်ခြင်း၊ ငါစွဲထားခြင်း၊ တက်ကြွခြင်းသုံးမျိုး။

( ခ ) မောဟ-အဟိရိက-အနောတ္တပ္ပ-ဥဒ္ဓစ္စ မသိတော့ခြင်း။

အရှက်မရှိတော့ခြင်း၊ အကြောက်ကင်းခြင်း၊ ပျံ့ခြင်းလေးမျိုးအထက်ပါခုနစ်မျိုး(ခြောက်ခု)တို့ သိစိတ်၌ ပါဝင်နေပါသည်ကို အတပ်သိ-သိနိုင်၏။ သင့်၌ကြိုက်စိတ်ထိုးကျင့်ခံနေရစဉ် သတိဝင် ဆင်ခြင်ကြည့်သိရ၏။

ထိန-မိဒ္ဓ ဟူသော စိတ်၏ ထိုင်းမှိုင်းခြင်း၊ မလန်းဆန်းတော့ခြင်း များကား ကြိုက်စိတ်ပင်း အတင်းဝင်ထားစဉ်ကာလရှိ အာရုံ(ဝတ္ထု)များနှင့် မိမိ၏အကြည်ဓာတ်တံခါးပေါက်များ အထိုးဖောက်ခံရဖန်များခဲ့ရာမှ အတိုက်ဒဏ် ခုခံအားတို့ မခံနိုင်လွန်းလှ၍ ပြီးစီးပြီးနောက် ကိုယ်လက်ပမ်းကျ၊ စိတ်လက်ပမ်းကျချိန်မျိုး၌သာ ဖြစ်ပေါ်

လာလေ့ရှိသည်။ အကြိုက်ကြီးချိန်၌ မပါလေ။ လူတို့၏ တစ်နေ့တာ အာရုံလိုက်စားမှု လွန်ကဲခဲ့ရာမှ ညသို့ရောက်လေလျှင်အိပ်ငိုက်ခြင်း၊ အိပ်ပေးရခြင်းများဖြင့် ထိုနှစ်ပါးတို့အလုပ် ပေါ်လွင်စေသည်။ သင် ကိုယ်တိုင် ဖြစ်နေကျအရာများဖြစ်သဖြင့် အထူးဖော်ပြနေစရာပင် မလို ပြီ။

## (ခ) စိတ်ကိုအမဲဖမ်း၍ ဇာတ်ကြမ်းကစေခြင်း

ကုဒ္ဒေါ်အတ္တံ နဇာနာတိ၊ ကုဒ္ဒေါ်ဓမ္မံ နပဿတိ။
အန္ဓတမံ တဒါဟောတိ၊ ယံကောဓော သဟာတေနရံ။ ။

ကြမ်းကြုတ်ခက်ထန် အမျက်မာန်ထနေစဉ် အကဲဖမ်း နှလုံး သွေး မဲနောက်သွားခြင်းကြောင့် အကျိုးကိုလည်း မသိရတတ် အကြောင်းခံအမှန်ကိုလည်း မမြင်ရတတ်ချေပြီ။

ဒေါသဇောကျရာ အကြင်အခါဝယ်

ထိုလူသား၏စိတ် ဘာဆိုဘာမျှ သိခွင့်မရစေသော အမှောင် မိုက်ကြီးထိုးကျလာ၏။

ထိုအမှောင်ရိပ်ကြီး ထိုးကျစဉ်တွင်မူကား

ထိုဒေါသက ထိုလူသားကို အမျိုးမျိုးခိုင်း၍ အရိုင်းဇာတ်သွင်း ပေးပေရော့မည်။

ထိုဒေါသသည် လောဘ၏တန်ပြန်ဖြစ်၏။ သို့ကြောင့်
(က) မိမိလိုလားသော အရာဝတ္ထု လက်လွှတ်ဆုံးရှုံးသွားသောအခါ
(ခ) မိမိလိုလားသောအရာဝတ္ထု လိုသလိုမရလှာသောအခါ

ထိုအခါမျိုးများ၌ ဖြစ်ပွားလေ့ရှိတတ်၏။ လောဘမှတန်ပြန်ထွက်လာသော သဘာဝသတ္တိဖြစ်သည့်အားလျော်စွာ လိုလားနှစ်သက်စိတ်ဝင်နေစဉ် သူမလာတတ်။ နူးညံ့သိမ်မွေ့သော အမူအရာ၊ ငြိကပ်တွယ်တာတတ်သောအမူရာ၊ အရေးပေး ခွင့်လွှတ်တတ်သော အမူရာမျိုးတို့မှ ခွာထွက်လာတတ်၏။ ရက်စက်ကြမ်းကြုတ်ခြင်း၊ သနားညှာတာမှုကင်းခြင်း၊ အရောမဝင် အရေးမပေးခြင်းများ ဖြစ်နေမှသာ နေရာယူလေ့ရှိတတ်၏။

ထိုဒေါသသည်လည်း
(၁) အတိတ်အနုသယလက်ငုတ်များ ထကြွသောင်းကျန်းလာခြင်း။
(၂) ချဉ်၊ ပူ၊ စပ် ဟူသော အခိုးဓာတ်ပါ အရသာများအလေးပေးစားသုံးခြင်း။
(၃) အတိုက်ဓာတ်ဖြစ်သော အခိုးဓာတ် အမှုတ်ဓာတ်များ အားကြီးခြင်း။
(၄) မိမိ၏အခံဓာတ်နှင့် မတည့်သော ခတ်ဖက်များပေါ်ပေါက်လာခြင်း၊ ထိုအချက်များနှင့်ပြည့်စုံက ထိုဒေါသ သတ္တိပြတော့သည်သာ။ ထိုဒေါသနှင့်တွဲဖက်နေကြသော ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့ကား

ကိုယ့်ထက်သာနှင့် တွေ့သောအခါ - ဣဿ၊ ကိုယ့်အောက်ကျနှင့်တွေ့သောအခါ - မစ္ဆရိယ၊ ဒေါသခိုးများကျရိပ်ပေါ်နေသော

အခါ - ကုဏ္ဍဝတ္ထု၊ ထိုအခါမျိုးများမှသာ သူ့နေရာနှင့်သူ ဝင်ရောက်ပါဝင်လာတတ်၏။ ဒေါသကားနေရာမရွေးတတ်။ ဆူးညောင့်ခလုတ်နှင့်သော်မှ တုဖက်ကာ ရန်လုပ်တတ်၏။ အခိုးထလျှင် ထသလောက်လျှင် သူတွင်ကျယ်၏။

ထိုဒေါသသည်

* နှလုံးမသာယာမှု ဝေဒနာတစ်မျိုးသာ တိုးကပ်လာလေ့ရှိ၏။
* ကြမ်းကြုတ်ခက်ထန်ခြင်း အမူရာမျိုးသာ ဖြစ်ပွားလာလေ့ ရှိ၏။
* တက်လျှင် အတွန်းလွတ် ကျလျှင်အတွန်းမလွတ်တတ်။

သို့ကြောင့်

ထိုအတွန်းလွတ်မလွတ်အတိုင်း

(၁) ဒေါမနဿ - အမျက်ယှဉ် အတွန်းလွတ်ကတစ်မျိုး

(၂) ဒေါမနဿ - အမျက်ယှဉ်အတွန်းမလွတ်က တစ်မျိုး

ဤသို့လျှင် နှစ်မျိုးကွဲ၏။ ထို့အောက်လည်း မလျော့၊ ထို့ထက်လည်း မပိုပြီ။

## စိတ်မစွဲ ငရဲမကြောက်သာ

မုန်းငြိုးပြစ်မှားတတ်သော ထိုသဘာဝသတ္တိသည်

နှလုံးမသာယာစိတ်နှင့် အမျက်ထွက်စိတ်တို့ တွဲမိချိတ်မိ ပဟော့ဆိုသည်နှင့် ငါ့ဘို့ သူ့ဘို့လည်း မရှိ၊ ငါ့မို့ သူ့မို့လည်း မဝင်သာပြီ။

* ပထမ မိမိစိတ်ကြောင့် မိမိအလျင်ဖျက်ဆီးပြီး ဖြစ်နေတော့၏။

ထို့နောက်မှ သူတစ်ပါးတို့သို့ သွားရောက်ကာ ဖျက်ဆီးပစ်
လေ့ရှိတတ်၏။

ဖိုခွင်အောက်မှထင်းသည် ဦးစွာမိမိကိုယ်မိမိ အလောင်မြိုက်ခံပြီးကာမှ တစ်ဖက်အိုးဖင်ကို တို့မီးရှို့မီးပြုလုပ်သည့်ပမာဆင်၏။ သို့ကြောင့် အမျက်ထွက်နေချိန် တဏှာ၊ မာန၊ ဒိဋ္ဌိတို့မဝင်သာပြီ။ သို့တစေလည်း လောဘနှင့်တန်းတူယှဉ် ရင်ဘောင်တန်းထားသော တန်ပြန်စိတ်ဖြစ်သည့်အားလျော်စွာ ထိုတဏှာ၊ မာန၊ ဒိဋ္ဌိများနှင့် ကင်းကင်းရှင်းရှင်းလည်း မဟုတ်တတ်။

ထိုဒေါသစိတ် ထိပ်တက်နေချိန်မျိုးဝယ် -

နောက်ခံမောဟာအုပ်စု၏ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စများကလည်း လိုက်ပါကူညီနေကြပြီဖြစ်ရာ မသိစိတ်မွန် ပုံ့စိတ်လွှန်လျှက်က အရှက်ကင်း အကြောက်မဲ့ ဘာဆိုဘာမျှ မငဲ့ကွက်ပြီ။ သေရမှာလည်း မကြောက်၊ သတ်ရမှာလည်း မကြောက်ပြီ။ ဒေါသသည် သတ္တဝါတို့ကို ဖျက်ဆီးပစ်ရာ၌ နှစ်ဖက်စလုံး အထိနာစေသည့် ဖျက်အားအကြမ်းဆုံးသော လက်နက်ဆန်းတည်း။

## (ဂ) စိတ်ကိုအမွဲဖုံး၍ အညွန့်တုံးစေခြင်း

**မူဠှောအတ္ထံ နဇာနာတိ၊ မူဠှောဓမ္မံ နပဿတိ။**
**အန္ဓတမံ တဒါဟောတိ ယံမောဟော သဟတေနရံ။ ။**

တွေဝေမိန်းမော အာရုံကြော မျှောနေသော မောဟသည်

ထိုအာရုံ၏အကျိုးကိုလည်း မသိတတ်၊ အကြောင်းခံအမန်ကိုလည်း မမြင်တတ်ချေပြီ။

အမိုက်မှောင်ကြီးကျလေရာ အကြင်အခါ၌ နှလုံးသွေးမွဲမှုန်သွားရာမှ အမိုက်ထက်ကဲသော အမဲရိပ်ကြီး ထိုးဆင်း၍ လာချေရာ ထိုလူသားအဖို့ မမြင်၏နောက် မသိဖောက်လာတော့သဖြင့် ဘာဆိုဘာမျှ မသိတတ်နိုင်ရာပြီ။

ထိုမမြင် မသိနိုင်တော့သောအခါမျိုးဝယ်

မောဟလက်ခံထားသောလူသား ထိုမောဟက နှိပ်စက်ဖျက်ဆီးပစ်တော့မည်။

အာရုံဖွေစမ်း ဖမ်းမမိတတ်သော မောဟသဘာဝသတ္တိသည်ကား ဆိုခဲ့ပြီးသော လောဘ၊ ဒေါသ သဘာဝတရားနှစ်ပါးတို့၏ အကြမ်း၊ အလတ်၊ အနုတို့သို့ လိုက်လျက်က ဖြစ်လေ့ရှိ၏။ ပင်ကိုယ်ဓာတ်ခံအားဖြင့်လည်း ဖြစ်လေ့ရှိ၏။

ထိုဆိုခဲ့ပြီးသော လောဘ၊ ဒေါသ (ချစ်၊မုန်း) တရားနှစ်ပါးတို့သည် စိတ်ကိုတက်ကြွလာစေရန် အာရုံစဉ်ပညတ်တို့ဖြင့် ရှူးနှပ်ပေးလေ့ရှိရာ စိတ်ခမျာရှူးတိုင်းလည်း မြူးလာတော့မည်။ ရှူးတိုင်းလည်း လူးလာတော့မည်။

**နတ်တလူစာစဉ်**

ထိုလောဘရည်လူး (ဒေါသရည်လူးလည်း အတူတူ) သဖြင့် နူးနပ်လာသောစိတ်ကလေးသည်

(က) အလိုကြီးစိတ် ပြင်းထန်လာသောအခါ ပုံ့မောဟ ဥဒ္ဓစ္စဝင်လာချေပြီ။

(ခ) သာမန်ကြိုက်စိတ်မျှ ဖြစ်ပွားစဉ် စနည်းနာ တွေမောဟ ဝိစိကိစ္ဆာဝင်လာမည်။

(ဂ) လိုစိတ်ကြိုက်စိတ်တို့ ထွက်ခွာသွားသောအခါ အနားယူ ဝေမောဟ မူလအတိုင်းဖြစ်လာမည်။

ကြိုက်စိတ်၏အပြန်ဖြစ်သော မုန်းစိတ်ဒေါသတွင်လည်း

* မုန်းစိတ်ကြီး မခံနိုင်မရပ်နိုင် ဖြစ်ပေါ်လာချိန်၊ သာမန်မကြိုက်ရုံမျှအချိန်
* လုံးဝအရှိန်ကျသွားချိန် သုံးမျိုးတို့၏ ကြမ်း၊ လတ်၊ နုအတိုင်း၊
* အဆူတက် အပွက်ကြမ်းချိန် စိတ်တို့ကိုတည်ပေး၍မရစေနိုင်၊
* အပူထ အကြွပေါ်လာချိန် စိတ်ချလက်ချသဘာဝမျိုးမရစေနိုင်၊
* အရှိန်ကင်းစ နလံထခါအချိန် လန်းဆန်းတက်ကြွမှုသဘာဝမျိုးကို မရစေနိုင်။ ထိုအားလုံးတို့ကို ခြုံ၍ငုံ၍ပြောပြရချေသော်၊
* ချစ်မုန်းနှစ်ပါး တစ်ပါးပါးတို့ကပ်လှာချိန် လှုပ်ရှားထကြွစေသော မောဟစိတ်ဖြစ်ပွားလာစေမည်။ သူ့ချည်းသက်သက်အချိန် တွေဝေမိန်းမောသော မူရင်းမောဟစိတ်မျှသာရှိမည်။

ထိုမောဟ သဘာဝသတ္တိများသည် -

(၁) သတ္တဝါတို့၏မူလအစဘဝ ရေသောက်မြစ်မှအဆင့်ဆင့်ပါလှာခဲ့ခြင်း။

(၂) ဖန်၊ ခါး စသည့် လေစာများနှင့် တွေ့ကရာအစာများ ရောထွေးလျက်က အသုံးများခြင်း။
(၃) အခံဓာတ်ဖြစ်သော မြေဓာတ်၊ ရေဓာတ်များ အားချိနဲ့ခြင်း။
(၄) အတိုက်ဓာတ်ဖြစ်သော လေဓာတ် မီးဓာတ်များလောင်ကျွမ်းခမ်းခြောက်သွားတော့ခြင်း။
(၅) အာရုံဓာတ်သက် ခတ်ဖက်များ ပေါ်ပေါက်မလာသေးခြင်း။

အထက်ပါအချက်များကြောင့် အဖြစ်များလေ့ရှိ၏။

တိရစ္ဆာန်ဘဝများမှ လူ့ဘဝထဲသို့ တစ်လေတစ်ခါက် ရောက်လာခါစများ သာ၍ပင် အဖြစ်များသေး၏။

ထိုမောဟသည် မကောင်းမှုတို့၏ဦးစီး ပုထုဇဉ်သေက္ခတို့၏ ရှေ့သွားဖြစ်နေခြင်းကြောင့် သူ့ချည်းထည်းထည်းလည်း ဖြစ်ပွားသည်။ ချစ်မုန်းများနှင့်လည်း လားလားလိုလို စီမံခန့်ခွဲမှုအရာမှနေ ကြိုဆိုမည်။

ချစ်မုန်းများနှင့် ရောနှောနေချိန် ဒွိဟိတ်စိတ်ဖြစ်ပွားသည်။
သူ့ချည်းသက်သက်နေချိန် ဧကဟိတ်စိတ် ဖြစ်ပွားသည်။

* ဒွိနှစ်မျိုး လော-မော (သို့) ဒေါမော ဟေတုက (ဟိတ်က) အကြောင်းခံဟုဆိုသည်။
* ဧကတစ်မျိုး မောဟသက်သက်ဟေတုက(ဟိတ်က)အကြောင်းခံဟုဆိုသည်။

**မှတ်ချက်။** ။ ပုံ့စိတ်(ဥဒ္ဓစ္စ)မောဟသည် ချစ်မုန်းပြင်းကြောင့် အာရုံမမိ လွင့်မိလွင့်ရာ လွင့်ပါနေချိန် ဒွိဟိတ်၊ သူ့ချည်းသက်သက် ကောင်စဉ်ရေမရ ဖြစ်ပွားနေချိန် ဧကဟိတ် ခွဲယူရဦးမည်။ ဝိစိကိစ္ဆာကား အာရုံဝယ် မမိတမိဖြစ်ပွားနေချိန်ချည်း ဖြစ်နေတော့၍

ဒိဋ္ဌိပတိတ်တွင်း ဆွဲသွင်းယူရမည်။ ထိုမောဟတွင် ဥပေက္ခာဝေဒနာဖြင့် ပျံ့ခြင်း၊ ဥဒ္ဓစ္စတွေခြင်း ဝိစိကိစ္ဆာနှစ်မျိုးမျှသာ…။

## တိုက်ပွဲမှဒဏ်ရာရများကို ကုစားပေးခြင်း

သတ္တဝါတို့၏ (နေထွက်-နေဝင်) တစ်နေ့တာအချိန်သည်

(က) တစ်ဖက်ဝတ္ထုအာရုံများကို စိတ်ကြိုက်သိမ်းပိုက်ခွင့်ရချိန်

(ခ) တစ်ဖက်ရှိ ဝတ္ထုအာရုံများကို ထိုစိတ်ကြိုက်ကမဆက်၊ မလိုလား မနှစ်သက်ဖြစ်နေချိန်

(ဂ) တစ်ဖက်ရှိ ဝတ္ထုအာရုံများနှင့် မိမိရှိတံခါးများ ထိတွေ့မှု ရပ်နားနေချိန်

ဤအချိန်သုံးပိုင်းတို့ဖြင့်သာ အချိန်ကို ကုန်လွန်စေကြပါသည်။ ထိုစဉ် (က) (ခ) အရ တစ်ဖက်အာရုံငါးပါးနှင့် မိမိတံခါးငါးပေါက်တို့ ထောက်ခံခြင်း၊ ဖောက်ပြန်ခြင်း သဘာဝတရားနှစ်ပါးဖြင့် လက်ခံရှုစားနေချိန် စိတ်သည် သူ့ဆိုင်ရာကိုယ်နှုတ်များနှင့် အရောတဝင်ပေါင်းယှဉ်ကာ ချစ်မုန်းကြား လားစေသည်။

တစ်ဖန် (ဂ)အရ အာရုံနှင့်တံခါး အတိုက်နားချိန်မျိုးတွင်ကား စိတ်သည်တွေ့ပြီးသော အဟောင်းသဘောတွင်း ဇာသွင်းလျက်ကလည်းကောင်း၊ ယင်းတွေ့ပြီးကို အခြေတည် မတွေ့ရသေးသည့်အကြောင်း သဘောတွင်း ကြိုတင်ဇာသွင်းလျက်ကလည်းကောင်း စိတ်ချည်းသက်သက်ဖြင့်လည်း ချစ်မုန်းကြား လားစေသည်။

ထိုသို့

(က) မလိုတစ်မျိုး လိုတစ်မျိုးတို့၏ ထိုးကျင့်ခံ ဒဏ်များလာသော

အခါ

(ခ) ကိုယ်နှုတ်တစ်မျိုး စိတ်လှုပ်တစ်မျိုးတို့၏ ထိုးကျင့်ဒဏ် ခံရဖန်များလာသောအခါ

နေရှိန်တောက်သလောက် မောက်မာလာသော ထိုစိတ် နေရှိန်ပျောက်သလောက်လျှင် ခြေကုန်လက်ပန်းကျဘဝဖြင့် အောက်တန်းသို့ ကျသက်သွားတော့ချေပြီ။ ထိုအခါမျိုးများ၌

* အပြင်းဖျား၊ အသည်းအသန်ဖျားနာနေသူအား မိသားစုများက အားရှိရာရာ အစားအစာများဖြင့် စားမလား မေးပေးလေသော အခါ ထိုလူမမာ ခေါင်းခါနေတော့သည်သာပမာ
* စိတ်တို့သည် ဆင်ခြင်ခြင်းသို့မဆိုက် ငိုက်ကျနေတော့သည် သာ။
* စိတ်မှီတို့သည်လည်း မတွန်းမတိုက် ငိုက်ကျနေတော့သည် သာ။ ထိုသတ္တဝါ အိပ်စက်ခြင်းဟူသော မောဟဆေးမှုတစ်ပါး အခြားဘာမျှမဝင်ပြီ။ တွေဝေခြင်း၊ မိန်းမောခြင်း၊ ထိနမိဒ္ဓခေါ် အိပ်ချင်စိတ်များမှုသည် မေ့မျောခြင်း၊ အိပ်မောကျခြင်း ဟူသော မသိတရားတွင်း ထိုသတ္တဝါကား ထိုးဆင်းသွားတော့ပြီ။ ထိုသတ္တဝါသည်

· မိမိ၏ခန္ဓာစဉ်သန္တန်တွင်းသို့ ကိလေသာအပူကြောင်း တစ်နေကုန် ခိုအောင်းနေသလောက်လည်းကောင်း။
* မိမိ၏ခန္ဓာစဉ် သန္တန်တွင်းထဲသို့ ဥတု၏အပူခိုး တစ်နေကုန် ထိုးကျင့်ထားသလောက်လည်းကောင်း။
* မိမိ၏ခန္ဓာစဉ် သန္တန်တွင်းထဲသို့ အဟာရ၏အပုပ်ခိုး တစ်နေကုန် ထိုးကျင့်ထားသလောက်လည်းကောင်း။

* မိမိ၏ခန္ဓာစဉ် သန္တန်တွင်းထဲသို့ ကံသုံးစုံအကုန်ဆင်း တစ်နေ့ကုန် နင်းထားသလောက်လည်းကောင်း၊

သတိကင်းဆိတ် မသာကောင်ကြီး ပစ်လှဲသိပ်ထားသည့်ပမာ ဆင်ခြင်စိတ်များဆိတ်သုဉ်း သတိကား လုံးလုံးမရတော့ပါပြီ။ တစ်နေ့တာ၏ ကိလေသ ကမ္မ ခန္ဓာ့ ရောဂါဒဏ်များ အလူးလူးအလဲလဲ ခံနေရတော့ရှာပြီ။ အကယ်တိတိ ရောဂါသစ်လည်းမကျ အဟောင်းလည်း အရှိန်ကျသွားတော့ပါလျှင်ကား နှိုးထပေးရပါမည်။

## (၂၇) ဦးကော်မတီဖွဲ့၍ နယ်ပယ်ကိုထိန်းချုပ်ထားခြင်း

ဆိုခဲ့ပြီးသော မကောင်းစိတ်ထားသုံးမျိုး လုပ်ကွက်ပေါင်း တစ်ဆယ့်နှစ်မျိုး (လောဘ၌-ရှစ်၊ ဒေါသမောများ၌ နှစ်ခုစီ) တို့ကို ဖြစ်ပွားစေရာ ဆိုခဲ့ပြီးစိတ်မှီကြီးကိုင် စေတသိက်တစ်ဆယ့်လေးပါး တို့အပြင်

(က) စိတ်အားလုံးတို့နှင့် အရောတဝင်ရှိသော စိတ်မှီက ခုနစ်မျိုး၊

(ခ) သာသောစိတ်များ၏နောက် ဘက်လိုက်လေ့ရှိသော စိတ်မှီက ခြောက်မျိုး၊

ထိုတစ်ဆယ့်သုံးပါးသော စိတ်မှီများကလည်း ပါဝင်ပတ်သက် လာကြပါမည်။ သို့ကြောင့် မကောင်းမှုအကုသိုလ် ဒုစရိုက်မှုတစ်ဆယ့် နှစ်မျိုးတို့ကို ကြိုးစားလေသူတိုင်း ထို (၂၇)မျိုးသော စိတ်မှီများ၏ ပယောဂမကင်း၊ မကောင်းမှုပြုကျင့်ရာ၌ ပါဝင်သည့် ထိုစိတ်မှီကြီး ကိုင်များကား ထို့အောက်လည်းမလျော့ ထို့ထက်လည်းမပို သူပိုင်ရာ သူ့အကွက်ကျ ဝင်ရောက်ကြိုးကိုင်ပေးနေကြမည်သာ။

စိတ်သည် သိသိပေးနေရုံကလွဲ၍ သူ့သတ္တိဘာမျှမရှိ၊ ထိုသိ တတ်သော စိတ်ကလေး၌ သူ့ကိုယ်ပိုင်ကိုယ်နှုတ် နှစ်ပါးကား အရှိ သားပင်။ သို့မဟုတ် အငှားလိုက်ကားသမား ကားတစ်စီးနှင့် နားနေ သည်ကို တွေ့ရှိခြင်း။

ယင်းအချက်ကောင်းကို စိတ်မှီသမားများက သိပိုင်နေချေ၏။

(က) ဘုရားသွား ကျောင်းတက်သမားများကလည်း ထိုကားသမား နှင့်ကားအတွဲ အမြဲစောင့်ချောင်း ချောင်းနေ၏။

(ခ) အပျော်ပါးထွက်၊ တိုက်ခိုက်လုယက်လိုသူများကလည်း ထို အတွဲ အမြဲစောင့်ချောင်း ချောင်းနေ၏။

ကားအသုံးချလိုလျှင်

ကားသမားကိုကပ်ပေါင်း၊ ပေါင်းနိုင်မှရသည်။

သည့်ပမာလျှင် ကိစ္စအဝဝ ကျနစွာဆောင်ရွက်ပေးနိုင်စွမ်း ရှိသော ကံပိုင်ရှင် သိဆိုသော စိတ်ကလေးကိုလည်း စိတ်မှီများကား ကပ်ပေါင်း-ပေါင်းဖက်လျက်က

* ရံတစ်ခါ ဓာတ်စာချ ကြိုက်ရာပြ၍ ခိုင်းစားကြသည်။
* ရံတစ်ခါ ဓာတ်စာဖျောက် မုန်းစရာနှောက်၍ မြှောက်စားကြ သည်။
* ရံတစ်ခါ လမ်းစရွေး အတွေးခိုင်း၍လည်း အနှားပေးကြ သည်။

၎င်းတို့လက်ထဲရောက်ရှိသွားသော သိစိတ်ကလေး ခမျာကား ကာလသားငါးရာတို့အကြား မျက်စိလည် လမ်းမှားသွားသော ပြည့်တန်ဆာမတစ်ဦး၏အဖြစ်ဆိုးပမာ တစ်နေဝင် တစ်နေထွက် နား သက်ရသည်မရှိ စိတ်မှီ (၂၇)မျိုးတို့ကသာ တစ်မျိုးပြီးတစ်မျိုးပြောင်းလဲ

၏။ ၎င်းကား ပြောင်းလဲစရာမရှိ။ ထိုစိတ်မှီတို့ ထိန်းသိမ်းထားရာ နယ်အတွင်းမှလည်း ထိုစိတ်လွတ်ခွင့်မရှိ။

## (က) တွင်ကျယ်လှသော ပဲခူးဆားခုနစ်မျိုး

စိတ်မှီ(စေတသိက်)တို့တွင် သဗ္ဗစိတ္တ သာဓာရဏအမည် ရသော စိတ်တိုင်းပါတို့ကား နေရာတကာသူတို့မပါ ပွဲမပြီးတတ် အကုသိုလ်ပိုင်း၌ ပြခဲ့ပြီးပြီ။ ၎င်းတို့ကား…

(၁) ဖဿ - စိတ်ကိုအာရုံများနှင့် ထိတွေ့ပေးခြင်း

(၂) ဝေဒနာ - ထိတွေ့မိရာ အာရုံများအပေါ် ခံစားပေးခြင်း

(၃) သညာ - ခံစားဆဲအာရုံများအပေါ် မှတ်ချက်ချပေးခြင်း

(၄) စေတနာ - ထိတွေ့မှု၊ ခံစားမှု၊ မှတ်သားမှု စသည်များကို မပြတ်စောင့်ကြပ်ပေးနေခြင်း

(၅) ဧကဂ္ဂတာ - အာရုံတစ်ခုအား မိမိရရဖမ်းချုပ်ပေးထားခြင်း။

(၆) ဇီဝိတိန္ဒြေ - ခံစားမှု၊ မှတ်သားမှု စသည် အငွေ့အသက်များကို အစဉ်မပျက် ဆက်ပေးနေခြင်း

(၇) မနသိကာရ- အသိစိတ်ထဲသို့ အာရုံကိုပုံတိုက်သွင်းပေးနေခြင်း

အထက်ပါခုနစ်မျိုးသော စိတ်မှီ၊ စိတ်ပိုင်၊ စိတ်ကြိုးကိုင်များသည် ကောင်းစိတ်၊ ဆိုးစိတ် မည်သည့်စိတ်ကိုမဆို ဝိုင်းကြီးချုပ်စနစ်ဖြင့် ပါဝင်ရောနှောကာ စီမံခန့်ခွဲပေးကြသည်။

* ဗြဟ္မာ့ပြည် ရောက်ဖူးသည်မှရှိရှိ လမ်းဖောက်ချင်သလား သူမပါ ပွဲမပြီး။
* နတ်ပြည် နေဖူးသည်မှရှိရှိ နတ်လမ်းဖောက်ချင်သလား သူမပါ ပွဲမပြီး။
* ငရဲပြည် တွေ့ဖူးသည်မှရှိရှိ အပါယ်လမ်းဖောက်ချင်သလား သူမပါ ပွဲမပြီး။
* ထိုလမ်းအားလုံးတို့မှ ခွဲထွက်လိုသလား သူမပါပွဲမပြီး။

သို့ကြောင့် ၎င်းတို့သည်ကား ခပ်တိုင်းငံ ပဲခူးဆားသဖွယ်တည်း။

သတ္တဝါတို့၌ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူ၍ တံခါးခြောက်မျိုးရှိကြလေရာ မည်သည့်တံခါးမဆို ဖဿ (ထိတွေ့မှုသဘာဝ) သည် အမြဲပင် ပါဝင်နေတော့၏။

သို့ကြောင့် စက္ခုသမ္ဖဿ-ပ-မနောသမ္ဖဿ ဆို၏။

ယင်း ဖဿကမှ နေရာတကာပါနေသေးလျှင်

အတူနေဝေဒနာ သညာများကလည်း စက္ခုသမ္ဖဿဇာဝေဒနာ စသည်အားဖြင့် ပူးတွဲပါဝင်နေကြတော့သည်သာ။ ထိုတွင်

(က) ဖဿနှင့် ဝေဒနာနှစ်ပါးက အခံဘက်မှနေပါဝင်ပေးကြမည်။

(ခ) သညာနှင့်စေတနာ နှစ်ပါးကား အတိုက်ဘက်မှနေ ပါဝင်ပေးကြမည်။

(ဂ) ဧကဂ္ဂတာ-ဇီဝိတ-မနသိကာရတို့ကား ကြားခံစိတ်မှနေ ပါဝင်ပေးကြမည်။

ယင်းတို့ကို ထင်ရှားအောင် ပြဆိုရပါမူကား…

ဖဿ - ဝေဒနာနှစ်ပါးကား စက္ခုသမ္ဖဿဇာ ဝေဒနာ စသည်

အားဖြင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော မိမိဘက်ရှိ တံခါးများမှနေပြီး ပါဝင်ပတ်သက်စေကြသည်။

ထို့နောက် သညာ-စေတနာနှစ်ပါးကျလျှင်ကား ရူပ သညာ ရူပသဉ္စေတနာ စသည်အားဖြင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အတွေးဟူသော တစ်ဖက်ရှိအာရုံများမှနေပြီး ပါဝင်ပတ်သက် လျက်ရှိစေကြမည်။

ဆိုလိုသည်မှာ တစ်ဖက်အာရုံများကို မိမိတံခါးပေါက်များမှ နေ လက်ခံကာ ခံစားနေရာမှ ယင်းအာရုံများ၏ တိုက်ဆွဲဒဏ် မခံ နိုင်ရကား သညာ - စေတနာများသည် တစ်ဖက်သို့ မှတ်သား တစ်ဖက် စေတနာသွားထားခြင်းပင်။

ထိုအမှတ်မှား၊ စေတနာအထားမှားများ၏ ရလာဒ်မှာ-

* ရူပတဏှာ စသည် သူ့အားနှစ်သက်လက်ခံ ပျော်စံခြင်း ခြောက်ပါး၊
* ရူပဝိတက္က စသည် သူ့အသိ သူ့အငြိ လက်ခံ သူ့အားကြံဆ ခြင်းခြောက်ပါး၊
* ရူပဝိစာရ စသည် သူ့ပုံဟန်ကြံဆထားပြီးအတိုင်း သုံးသပ်ခြင်း ခြောက်ပါး၊

ထိုခြောက်ပါး ခြောက်ပါးသော အမှောက်အမှားများ ထပ်မံ ပေါက်ဖွားလာကြဦးတော့မည်။

ထိုစဉ်-

* ကေဂ္ဂတာကား - ထိုအသိစိတ်ကလေးကို သူ့မှာသူ ဖြစ်နေ စေရန် တည်ကပ်ပေးထားမည်။
* ဇီဝိတိန္ဒြေကား -အသိစဉ်အမျှင်ပြတ် စိတ်မျက်တောင်ခတ်

မသွားစေရန် အထပ်ထပ်စပ်ဟပ်ပေးထားမည်။

* မနသိကာရကား - ကိုယ့်ရှိ အသိစဉ်နှင့် သူ့အာရုံတို့စုံမက် စေသည်အထိ ထည့်သွင်းပေးထားမည်။

ဤသို့လျှင် ကြိုးကိုင်များ၏ညှပ်ပူးညှပ်ပိတ် အကြိတ်အနယ် အနယ်ခံနေရသော ထိုသိစိတ်ကလေးသည် မည်သို့လျှင် အာရုံ၌ မစွဲဘဲရှိပါတော့အံ့နည်း။ မြင်းတင်၊ နွားတက်ပမာခံနေရသော မည်သည့်(သတ္တဝါ)စိတ်အာသဝတို့ မယိုဖိတ်ဘဲရှိပါအံ့နည်း။

(က) သူ့အဆင်း၊ သူ့အသံသို့လိုက်၍ သညာက အမှတ်များချည်း ပေးနေပြီဖြစ်ရာ

(ခ) သူပဲ၊ ငါပဲဟူ၍ သိစိတ်ကလေးကလည်း အသိများချည်း သိ ပေးနေပြီဖြစ်ရာ

(ဂ) ငါ့မျက်စိ၊ သူ့ပုံဟူ၍ အယူဝါဒစွဲကလည်း တစ်လွဲချည်းလွဲ ယူနေပြီဖြစ်ရာ

အများသုံးချက် ဝိပ္ပလ္လာသများ သိုင်းကွက်နင်းထွက်လာသော ထိုသတ္တဝါအဖို့-

* ကိလေသာ အငိုယိုတိုင်းလျှင် ကိလေသာ့ဝန်၊ ကမ္မဝန်၊ ခန္ဓာ့ ဝန်အထုပ်အပိုးကြီး သိမ်းဆည်းပြီးနိုင်သည် မရှိပြီ။

* ဟာသွားသောဟာကွက် သင်္ခါရလေးမျိုးတို့ဖြင့် ထပ်မံဖြည့်စွက် ပေးရချက်ကလည်း သက်သာသည်မရှိပြီ။

* သူတိုက်လျှင် ကိုယ်အခံ ကိုယ်အတိုက်သူကအခံ အပြန်အလှန် ကလည်း ဆန်တက်ရသည် မရှိတော့ပြီ။ ကိလေသာ့ဝဋ်၊ ကမ္မ ဝဋ်၊ ဝိပါကဝဋ် လည်ပင်းကွင်းစွပ်မိနေခြင်းများပင်တည်း။

## (ခ) သာရာငွေ လေ့လျက်ရှိသော ဆိတ်လစေ့ခြောက်မျိုး

တစ်ဖန် ပဏ်ဏ်း(ပကိဏ္ဏက)ခေါ်သော စိတ်မှီခြောက်မျိုးတို့ကား ဆိုခဲ့ပြီးသော ခုနစ်မျိုးတို့ကဲ့သို့ကား စုစည်းမှုမရှိ။ တစ်ခုနောက်သို့ တစ်ခုမလိုက်ပါတတ်။ မိမိ-မိမိတို့နှင့်အကြောင်း အပေါင်းသင့်သော အရာမျှလောက်ကိုသာ ကွက်ကျော်ရိုက်လျက်က လိုက်လေ့ရှိကြသည်။ သို့ကြောင့် ပကိဏ္ဏမည်သည် ရောကျော်သမားများတည်း။

ငင်းတို့ကား

(၁) ဝိတက်သည် တစ်ဖက်အာရုံပုံပေါ်လာစေသည်အထိ ကြံစည်ပေးမည်။

(၂) ဝိစာရသည် ထိုပေါ်လာသောပုံကို ထင်ရှားသထက်ထင်ရှားစေသည်အထိ သုံးသပ်ပေးမည်။

(၃) အဓိမောက္ခ - ထိုပေါ်ထင်ပုံရိပ်အပေါ် ဆုံးဖြတ်ချက်ချပေးမည်။

(၄) ဝီရိယ - ဆုံးဖြတ်ချက်အတိုင်း ရဲတင်းစွာလုပ်ဆောင်ပေးမည်။

(၅) ပီတိ - နှစ်သက်လျှင်လက်ခံမည်။ မနှစ်သက်လက်ခံလိမ့်မည်မဟုတ်။

(၆) ဆန္ဒ - အလိုကျလျှင်တောင့်တမည်။ အလိုမကျက တောင့်တလိမ့်မည်မဟုတ်။

အထက်ပါခြောက်မျိုးတို့တွင်

ဝိတက်သည် အကြံဆိုး၊ အကြံကောင်းနှစ်မျိုးစလုံးတို့နှင့်ပင်

ပေါင်း၏။ သို့တစေလည်း အဆိုးပေါ်လာတိုင်းလည်း မကြဲစည်တတ် အကောင်းတွေ့လာတိုင်းလည်း မကြဲစည်တတ်ပြီ။ ထင် ထင်သလို မထင်-မထင်သလို လူစားမျိုးပမာတည်း။

(က) အဆိုးဘက်တွင် အာရုံဘက်က မိမိအကြည်ဓာတ်ခွက်များသို့ မည်မျှပင် လာရောက်ထိခိုက်နေကြပစေ စေတနာ မနသိကာရ တို့ အကူမပါသဖြင့် စိတ်ဝင်တစားမရှိပါက လက်ခံကြဲစည် မပေး။ သို့ကြောင့် ထိုအာရုံပုံရိပ်များလည်း ပေါ်ထင်ခြင်းသို့ တက်မလာဘဲ မြင်-မြင်ရုံမျှ၊ ကြား-ကြားရုံမျှဖြင့် ပြီးပြီး ပျောက်ပျောက်ဖြစ်သွားရချေတော့သည်။

မှတ်ချက်။ ။ ဝိတက်ကမှ မကြဲပေးလျှင် ဝိစာရကလည်း သုံးသပ်ပေးတော့မည် မဟုတ်။

(ခ) အကောင်းဘက်တွင်လည်း ဈာန်သီလ၏ ဒု-တ စသည် အဆင့်သို့ တက်ရောက်သွားပြီဖြစ်သော အာရုံပုံထင်များကို ထိုဝိတက်က လိုက်လံကြဲစည်ပေးတော့မည်မဟုတ်ပြီ။

တစ်ဖန် အဓိမောက္ခကလည်း မောဟအုပ်စု၏ ဥဒ္ဓစ္စ ခေါ် ပျံ့ကြဲစိတ်များ သောင်းကျန်းနေချိန်မျိုးများ၌ မဝင်ရောက်တော့။

ရောကျော်သမားပီသပေစွ။

* ဝီရိယကလည်း မကောင်းသောအရာမျိုးများ၌ စေတနာ မပါရှိသော် တစ်ဖန်ကောင်းသောအရာမျိုးများ၌ သဒ္ဓါခေါ်ယုံချက် များ ပြင်းပြမလာသော် မဝင်ရောက်တော့ချေ။ ရောကျော်သမားပီသ ပေစွ။

* ပီတိသည်လည်း ဒေါသအုပ်စု၏ ဒေါမနဿစိတ်ဖြစ်ပွား နေစဉ်အခါ -သံသယကုက္ကုစ္စဝင်နေစဉ်အခါ မနာလိုတိုရှည်စိတ်များ

ဝင်နေစဉ်အခါမျိုးများ၌ ပွဲတိုးလိမ့်မည်မဟုတ်။ သို့ကြောင့်

ယင်းဒေါသအုပ်စုတို့က စိတ်ကိုစိုးမိုးကာ ခြယ်လှယ်နေကြစဉ် ထိုပီတိ မပါဝင်တော့ရကား မောဟအုပ်စုဝင်က (၄)မျိုး၊ စိတ်တိုင်းပါများက (၇)မျိုး၊ ရောကျော်များက ကျန် (၅)မျိုး၊ မူရင်းဒေါသက (၁) မျိုး ပေါင်း (၁၇)မျိုးတို့မျှသာ စိတ်နှင့်ပူးပေါင်းကြတော့မည်။

မှတ်ချက်။ ။ ဒေါသနှင့်ပူး၍ ဣဿာဖြစ်ချိန် ဣဿာပါထည့်၊ ဒေါသနှင့်ပူး၍ မစ္ဆရိယဖြစ်ချိန် မစ္ဆရိယပါထည့်လေ။ တစ်ဖန် ဒေါသနှင့်အတူ ကုက္ကုစ္စ - ထိနမိဒ္ဓ တစ်မျိုးမျိုးဖြစ်လာခဲ့လျှင်လည်း နည်းတူတိုးလာမည်။ ပုံသေကား အထက်ပါ (၁၇)မျိုးမျှသာ…။

## စီးပွားဖြစ်မည်ဆိုက အလစ်သုတ်သမားများနှင့်လည်း ပေါင်းမည်

ဆိုအပ်ခဲ့ပြီးသော

(က) စိတ်တိုင်းပါအမှီ (၇)မျိုး (သဗ္ဗစိတ္တ သာဓာရဏအမည်တွင်သည်)

(ခ) ရောရာပါအမှီ (၆)မျိုး (ပကိဏ်းအမည်တွင်သည်)

ပေါင်း (၁၃)မျိုး

၄င်းတို့သည် ကောင်းသော်ရှိ၊ ဆိုးသော်ရှိ မည်သည့်စိတ်ကိုမျှ အလွတ်မပေးတတ်ကြချေပြီ။

* သိစိတ်ကလေး အဆိုးဘက်ယိုင်နေလည်း သူတို့ကတွဲလျက်ကသာ။

❋ သိစိတ်ကလေး အကောင်းဘက်ယိုင်နေလည်း သူတို့ကမခွဲမခွာ။ သို့ကြောင့်

သိဆိုသောစိတ်နှင့် ၄င်း (၁၃)မျိုးတို့သည် အိမ်ထောင်သည် စီးပွားဘက် လင်မယားပမာ ဘာမဆို ပူးတွဲလုပ်ကိုင်ကြမည်။

သို့တစေလည်း

သိစိတ်ကလေး မကောင်းမှုအကုသိုလ်တို့အကြား လမ်းသလားနေပေမယ့်လည်း ၄င်းတို့ကား ကောင်းမှုကုသိုလ်များနှင့်ပါ ဆက်ဆံလျက်ကသာ၊ တစ်ဖန် ထိုသိစိတ်ကလေး ကောင်းမှုကုသိုလ်တို့အကြား လမ်းသလားနေသော်မှလည်း ၄င်းတို့ကား မကောင်းမှုဒုစရိုက်များနှင့်လည်း သွားမြဲသွားနေကြမည်သာ။

❋ ရန်ဖြစ်နေကြသော နှစ်ဘက်တို့အကြား နှစ်ဘက်စလုံးနှင့် ပြေလည် နေသူများပမာပင်။

❋ ပြည့်တန်ဆာမနှင့်ညားထားသောလင်သား ထိုပြည့်တန်ဆာမ သွားရာ ပါမြဲပါနေသည်ပမာပင်။

❋ ပြည့်တန်ဆာမ ဘာသာရေးဘက် ခြေသက်လျှင်လည်းအတူတူ။

❋ ပြည့်တန်ဆာမ စီးပွားရေးစားကျက် ကာလသားများဘက် သွားလျှင်လည်းနည်းတူ။

ထိုတွင် ကုသိုလ်ခေါ် ဘာသာရေးတွင် စိတ်နှင့်အတူသွားခြင်းကား အားပေးခြင်း၊ စေတနာတူထားခြင်းများဖြင့် ဆက်ဆံပြီး၊ အကုသိုလ်ခေါ် စီးပွားရေးအတွက် ကာလသားများနှင့် ပေါင်းဖက်လိုရာ၌ အတူသွားဖြစ်ခြင်းကား ထိန်းသိမ်းစောင့်ရှောက်ရန် အတွက်မျှသာ။ သို့ကြောင့်လျှင် ထို (၁၃)မျိုးသော စိတ်မှီကြိုးကိုင်များကို အညသမာန(တစ်ဖက်နှင့်လည်းသွားရောက် ပေါင်းသင်းနေတတ်ကြလေ

သူများ) ဟူ၍လည်း အမည်တွင်ရသည်။ ထို (၁၃)မျိုးတို့သည် လာမည့် ကုသိုလ်သောဘာနအုပ်စုများ၌လည်း ပါဝင်ကြလေဦးမည်။

**ဤကား စိတ်ကိုအကုသိုလ်ဖြစ်ရန် စီမံထားကြပုံ၏ အကြောင်း ရင်းများတည်း။**

## အမဲကိုလျှော်ဖွပ် ဖြူဆွတ်စေသော ခဝါသည်များပမာ

ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။ ။

* နှိမ်နင်းရန် ခဲယဉ်းလှသော စိတ်

* ပေါ့ပါးလျင်မြန်လှသော စိတ်

* သူကျလိုရာ ကျတတ်သော စိတ်

ထိုစိတ်အား သဒ္ဓါ - သတိ စသည်များဖြင့် ဆုံးမပေးခြင်းသည် သူကောင်းပြုဖြစ်လိုသူတို့၏ အလုပ်ပေတည်း။

* အကုသိုလ်လှိုင်းကြောင့် အရိုင်းထနေသောထိုစိတ်

**နတ်တလူစာစဉ်**

- ကုသိုလ်ရေစင် ရေအေးပက်သဖြင့် ငြိမ်သက်လာခဲ့သော်
- အခုလည်းကောင်း နောင်လည်းကောင်း အကောင်းမပြတ်ပြီ။
- သူ့တွက်လည်းကောင်း၊ ကိုယ်လည်းကောင်း အကောင်းထပ်စေပြီ။
- လောကီလည်းကောင်း၊ လောကုတ်ကောင်း နိဗ္ဗာန်လမ်းကောင်း ပေါ်စေမည်။

သိသိပေးရုံမျှဖြစ်သော စိတ်ကလေးကို

(၂၇)မျိုးသောစိတ်မီးကြိုးကိုင်တို့က အရောင်း ချိုးမျိုးဆိုး ပွဲတိုးခိုင်းစေနေကြသောကြောင့် နှမ်းညှိုးလိမ်ကျစ် သစ်ခဲ့ရပုံများ အထက်က ဆိုခဲ့ပြီးပြီ။

ဤ၌ကား -

(က) အပြစ်ကင်းသဖြင့် ရဲရဲတင်းတင်း ခရီးပြင်း နှင်လိုသူများ အတွက်လည်းကောင်း၊

(ခ) အကြွေးမယူတော့သဖြင့် အေးအေးလူလူ အနားယူလိုသူများ အတွက်လည်းကောင်း၊

(ဂ) စာရင်းရှင်းပြီးဖြစ်သဖြင့် သူကောင်းပြုအတွင်း အသွင်းခံလိုသူ များအတွက်လည်းကောင်း၊

စိတ်ပြုပြင်နည်း နိဿယည်းများ ပြောကြားဖို့ အခါအခွင့် သင့်လာပြီဖြစ်ရာ ဆိုခဲ့ပြီး အကုသိုလ်တို့နှင့် ဆန့်ကျင်ဘက်များ ဖြစ်ကြ လေသော ကုသိုလ်အဆင့်ဆင့်တင့်တယ်ပုံ အသီးအပွင့်များကို ဖွင့် ပြမည်။

၎င်းတို့မှာ-

(၁) **သဒ္ဓါ**- မှန်သောရတနာနှင့် ကံတရားတို့၏ အပေါ်၌ သက်ဝင်ယုံကြည်စေသည်။
(၂) **သတိ** - ဘုရားစသည် အာရုံကောင်းများဆီသို့ အမှတ်ရစေသည်။
(၃) **ဟိရီ** - မကောင်းမှုပြုကျင့်ရမည်ကို ရှက်ရွံ့လာစေသည်။
(၄) **ဩတ္တပ္ပ** - မကောင်းကျိုးခံစားရမည်ကိုလည်း ကြောက်လန့်လာစေသည်။
(၅) **အလောဘ** - ဒုစရိုက်တို့ပေါက်ပွားရာ ကာမအာရုံတို့အပေါ်၌ မခုံမင်စေတတ်၊ မတုန်လှုပ်စေတတ်။
(၆) **အဒေါသ** - အနိဋ္ဌာရုံများနှင့် ပက်ပင်းတွေ့သော်မှလည်း အမျက်မထွက်စေတတ်။
(၇) **တတြမဇ္ဈတ္တတာ** - ကောင်းဆိုးနှစ်မျိုးတို့အကြား မမှုသောအားဖြင့် တန်းတူထားနေစေသည်။
(၈) **ကာယပဿဒ္ဓိ**- စိတ်မှီစေတသိက်များ ငြိမ်းအေးလာတော့ခြင်း။
(၉) **စိတ္တပဿဒ္ဓိ** - စိတ်ပါငြိမ်းအေးလာခြင်း။
(၁၀) **ကာယလဟုတာ** - စိတ်မှီစေတသိက်များ ပေါ့ပါးလာတော့ခြင်း။
(၁၁) **စိတ္တလဟုတာ** - စိတ်ပါပေါ့ပါးလာခြင်း။
(၁၂) **ကာယမုဒုတာ** - စိတ်မှီစေတသိက်များ နူးညံ့လာတော့ခြင်း။
(၁၃) **စိတ္တမုဒုတာ** - စိတ်ပါနူးညံ့လာခြင်း။
(၁၄) **ကာယကမ္မညတာ** - စိတ်မှီစေတသိက်များ ခန့်ကျန်းလာတော့ခြင်း။
(၁၅) **စိတ္တကမ္မညတာ** - စိတ်ပါခန့်ကျန်းလာခြင်း။

**နတ်တလူစာစဉ်**

(၁၆) **ကာယပါဂုညတာ** - စိတ်မှီစေတသိက်များ အလေ့အကျက် များလာစေတော့ခြင်း။

(၁၇) **စိတ္တပါဂုညတာ** - စိတ်ပါလေ့ကျက်မှုများလာတော့ခြင်း။

(၁၈) **ကာယုဇုကတာ** - စိတ်မှီစေတသိက်များ အာရုံယူဖြောင့်မတ် လာကြခြင်း။

(၁၉) **စိတ္တုဇုကတာ** - စိတ်ကပါ အာရုံယူဖြောင့်မတ်လာတော့ခြင်း

**မှတ်ချက်။** ။ ဤ (၁၉)မျိုးတို့တွင် ကုသိုလ်စိတ်ဖြစ်ရာ တိုင်းတို့၌ကား အားလုံးပင်ပါဝင်ကြမည့် -

(က) အမှတ် (၁) မှ (၄)အထိကား ကာမကုသိုလ်မှုပြုရာ၌ ပိုမို ထင်ရှားသည်။

(ခ) အမှတ် (၅) မှ (၁၉) တို့တိုင်အောင်ကား သမထအရာ၊ သမာဓိဈာန်အရာ၊ ဝိပဿနာဉာဏ်အရာများ၌ ပိုမိုထင်ရှား မည်။

**မှတ်ချက်။** ။ သမထအရာဝယ် ပ ဈာန်မှတက် အထက် ရောက်လေ ထိုတရားများပို၍ပို၍ ထင်ရှားလာလေဖြစ်ပြီး ဝိပဿနာ နယ်ပယ်ရှိ လက္ခဏူပဈာန်အရာ၌ကား အနိစ္စနယ်ပယ်ထက် ဒုက္ခ နယ်ပယ်ကလည်းကောင်း၊ တစ်ဖန် ဒုက္ခနယ်ပယ်ကထက် အနတ္တ နယ်ပယ်ကလည်းကောင်း၊ အတားပါးသလောက်လျှင် ထိုတရားများ လည်း ပို၍ပို၍ပင် ထင်ရှားလာစေလိမ့်မည်။

## (က) ရှောင်ကြဉ်ရေးလုပ်ငန်းစု

(၂၀) **သမ္မာဝါစာ** - နှုတ်စရိုက်ဆိုး မုသားလေးမျိုးတို့ကို ရှောင် ကြဉ်စေသည်။

**နှုတ်တလူစာစဉ်**

(၂၁) **သမ္မာကမ္မန္တ** - ကိုယ်အကျင့်ဆိုး ကာယဒုစရိုက်သုံးမျိုးတို့ကို ရှောင်ကြဉ်စေသည်။

(၂၂) **သမ္မာအာဇီဝ** - ကာယဒုစရိုက်၊ ဝစီဒုစရိုက် (၇)ပါးတို့ကို ရှောင်ကြဉ်စေသည်။

မှတ်ချက်- ထိုသုံးပါးတို့သည် သီလနယ်ပယ်၌ ထင်ရှားစေသည်။

* သီလကိုဆောက်တည်လျက်က ထိုသုံးပါးမလားစေသော် သမာဒါနဝိရတီ
* သီလမဆောက်တည်သော်လည်း ကိုယ်ချင်းစာစိတ်ဖြင့်မလားစေသော် သမ္ပတ္တဝိရတီ
* မဂ်ကိစ္စက အပြီးဖြတ်တောက်ထားသဖြင့် မလားစေသော် သမုစ္ဆေဒဝိရတီ

ထိုသုံးခုစလုံးပင် သီလနယ်ပယ်၏ အရာချည်းပင်ဖြစ်ကြ၏။

သမာဓိပညာတို့လည်း အရုံပါရ၏။ သမာဓိ၊ ပညာအရုံမပါလေက စိတ်မစင်ကြယ်ရကား မနောဒုစရိုက်စုမှ လွတ်မှုမရှိနိုင်။

* သီလသည် ကံသုံးပါးတို့၏ တံခါးစောင့်နေရာ၌ တာဝန်ယူ၏။
* သီလသည် အဆိုးတရားကို ဖယ်ရှားတားမြစ်၍ အကောင်းတရားကို ဝင်ထွက်သွားလာစေ၏။

သို့ကြောင့် ထိုသီလသည် ဘဝများစွာ သံသရာများစွာတို့တွင် တိရစ္ဆာန်ဘဝပေါင်းများစွာအဖြစ်ဖြင့် ကျင်လည်ရစဉ်တုန်းက မေ့မေ့နေ အလေလိုက် အတိုက်ဖော်အားဖြင့် ယိုစီးကျသက်လာကြလေသော အဆိုးဉာဉ်၊ အဆိုးကျင့်၊ အဆိုးပါဝါသနာများကို သတိထား၊ တံခါးစောင့် အမှောင့်မလားစေခြင်းဖြင့် အစားထိုးပေးမည်။

**နတ်တလူစာစဉ်**

* ဒုစရိုက်ဆယ်ပါးကို ကံသုံးပါး တံခါးကြားမှနေ ဖယ်တားမြစ်ကြဉ်လျက် သုစရိုက်အသွင်ဘက်သို့ သိစိတ်ကလေးအား ထိုသီလက ဆက်ပေးနေခြင်းတည်း။

## (ခ) ကောင်းကွက်ဖော်ရာ၌ မပါမဖြစ်သော ထိုတရားနှစ်ပါး

(၂၃) ကရုဏာ - ဆင်းရဲတွင်းကျနေသော သတ္တလောကကြီးအား ကြည့်၍ သနားစေခြင်း။

(၂၄) မုဒိတာ - ဆင်းရဲတွင်းထက် တက်လာပြီဖြစ်သော သတ္တလောကကြီးကြည့်၍ ဝမ်းသာစေခြင်း။

မှတ်ချက်။ ။ ဤတရားနှစ်ပါးသည် သီလကိုဖြူစင်စေရာ၌ အရေးပါ၏။ သုစရိုက်တရားများ ထွန်းကားစေရာ၏ တံခါးပေါက်လည်း ဖြစ်၏။ အထက်အထက် သီလ၊ သမာဓိ၊ ပညာတို့ကို ပွားစေရာ၏ လှေခါးထစ်များလည်း ဖြစ်၏။

ထိုနှစ်ပါးတို့အထဲသို့-

(က) အဒေါသ အမည်ခံထားသော မေတ္တာ၏သဘာဝတရား

(ခ) တတြမဇ္ဈတ္တအမည်ခံထားသော ဥပေက္ခာ၏သဘာဝတရား

- ထိုနှစ်ပါးထည့်သွင်းပေးလိုက်သော် ထိုစိတ်ပိုင်ရှင်ကား ဗြဟ္မာ့ဝိဟာရခေါ် ကာမသို့ လွန်မြောက်ထားသော ဗြဟ္မာ၏နေခြင်းပမာ နေနိုင်လာစေတော့သည်။ ထိုတွင်

(၁) ဒုက္ခရောက်နေသောသတ္တဝါအား သနားစိတ်ဝင်ရောက်ကာ ကူညီဖေးမလိုစိတ်ပေါ်နေသူသို့ အဘယ်မှာ မစ္ဆ

ရိယအမှားဝင်နိုင်ပါတော့အံ့နည်း။

(၂) ချမ်းသာနေသော သတ္တဝါအား ဝမ်းမြောက်စိတ်ထားကာ အားပေးလိုစိတ်ပေါ်နေသူသို့ အဘယ်မှာ ဣဿာအမှားဝင်ရောက်နိုင်ပါတော့အံ့နည်း။

(၃) ကိုယ့်လိုသူ့လို အလယ်အလတ် နဂိုရ်အတိုင်းရှိနေသူသတ္တဝါအား မိမိနှင့်မခြားတန်းတူထား ဆက်ဆံလေသူအဖို့ အဘယ်မှာလျှင် မာနအမှား ဝင်ဆံ့နိုင်အံ့နည်း။

(၄) အစွန်းနှစ်ပါး တစ်ပါးတစ်ပါးဆီသို့ ထွက်လေ့ရှိသောစိတ်ကို

(က) ဒုက္ခရောက်နေသူဖြစ်စေ၊ ဒုက္ခပေးလှာနေသူဖြစ်စေတို့နှင့် ဆက်ဆံရာတိုင်း၌လည်း စိတ်မလှုပ်ရှား သူ့သဘောထားအတိုင်းသာသိသိနေစေခြင်း။

(ခ) ချမ်းသာနေသူဖြစ်စေ၊ သုခပေးလှာသူဖြစ်စေတို့နှင့် ဆက်ဆံရာတိုင်းတို့၌လည်း စိတ်မကစား သူ့သဘောသွားအတိုင်းသာသိသိနေစေတော့ခြင်း။

သည့်အတူ သူတော်ကောင်း သူယုတ်မာတို့အတွဲများနှင့်ဖြစ်စေ၊ ကောင်းလောကဓံ၊ ဆိုးလောကဓံအတွဲများနှင့် ဖြစ်စေ ကြုံတွေ့ဆက်ဆံခွင့်ရလေတိုင်းပင် မချစ်မမုန်း နှလုံးဖြူစက် စိတ်ရင့်ကျက်နေသူအဖို့ အဘယ်မှာလျှင် ကြိုက်စွန်း၊ မကြိုက်စွန်းနှစ်ပါး လောဘ၊ ဒေါသအမှားများ ဝင်ရောက်လာနိုင်ပါအံ့နည်း။

သို့ကြောင့် အထက်ပါ ကရုဏာ၊ မုဒိတာသဘာဝတရားနှစ်ပါးနှင့် ဆိုခဲ့ပြီး မေတ္တာတကြိမ်မဈွတ္တတာ သဘာဝတရားနှစ်ပါးပေါင်းလေးပါးတို့သည်

* အထက်တန်းစားရှာန်ရှင် ဉာဏ်ရှင်ကြီးများ၏ ကျက်စားရာ စားကျက်များတည်း။

* အထက်တန်းသွား သိက္ခာရှင်များ၏ အဆင့်တက် ရင့်ကျက်ရေးတရားများတည်း။ ထိုလေးမျိုးစလုံးပင် သတ္တဝါဟူသော ပညတ်စုသို့သာ အာရုံပြုကြမည်။

* ပုထုဇဉ်သုခိတ ဒုက္ခိတတို့၏ သွားလာရာဘဝဖြစ်စဉ်များသည်လည်း အဆုံးမရှိစေနိုင်။

* ပုထုဇဉ်သုခိတ ဒုက္ခိတတို့၏ အာရုံထားရာ စိတ်ကစားမှုများကလည်း အဆုံးမရှိစေနိုင်။

ထိုမဆုံးနိုင်သော သတ္တဝါတို့သို့ အာရုံယူလျက်က မစ္ဆရိယ၊ ဣဿာ၊ မာန၊ လောဘ၊ ဒေါသ အရင်းခံအကုသိုလ်သဘာဝတရားဆိုးများ မိမိ၏အသိစိတ်ထဲသို့ တွဲကာချိတ်ကာ ပါမလာစေရန် သတိခံ ရှာန်အဆင့်တက် ဉာဏ်အမြင်ရင့်ကျက်ခြင်းများဖြင့် ပွားများနေကြရသည်ဖြစ်သောကြောင့် အပ္ပမညာစေတသိက်များ ဆိုရသည်။ အဆုံးအပိုင်းခြား မရှိရာသို့ ရှာန်ဝင်စားပေးနေရခြင်းများတည်း။

## (ဂ) အမြင်မှာ ပညာပါမှပြည့်စုံမည်

(၂၅) **အမောဟ** - အရာရာ မတွေမဝေသိ ရှင်းရှင်းလင်းလင်းသိ သိနေတော့ခြင်း။

မှတ်ချက်။ ။ အမောဟခေါ် ဤပညိန္ဒြေသည် သိက္ခာစဉ်ဖြင့် ဉာဏ်စဉ် အဆင့်တက်ကြရာ၌ အရေးပါ၏။ သူမပါလျှင် အဆင့်မတိုးပြီ။ ဒါနအရာ၊ သီလအရာ စသည်များ၌ကား အရံအဖြစ်ဖြင့် လိုက်ပါဆောင်ရွက်ပေးလေ့ရှိသည်။

# ပညာဦးစီးသော ဆယ်ဦးကော်မတီ

အောက်ပါတို့သည်

ပညာဦးစီးသော သူကောင်းပြုတရားများ ဖြစ်ကြ၏။ မကောင်းမှု ဒုစရိုက်စုတို့ မဝင်သာအောင် ဟန့်တားသော ကိရိယာတန်ဆာပလာများတည်း။

၄င်းတို့မှာ -

(၁) **ဒါန** - ရယူမှုမှစွန့်လွှတ်မှုသို့ သတိပညာဖြင့် ပြောင်းလဲပေးမည်။

(၂) **သီလ** - အလိုလိုက်မှုမှ စောင့်စည်းမှုသို့ သတိပညာဖြင့် ပြောင်းလဲပေးမည်။

(၃) **ဘာဝနာ** - ယုတ်ညံ့သောအဆင့်မှ မြင့်မြတ်ရာ အဆင့်သို့ သတိပညာဖြင့် ပွားပို့ပေးမည်။

(၄) **အပစာယန** - အသက်ဂုဏ်မြင့်သူများသို့ ခိုလှုံ၍ မိမိ၏ဂုဏ်နှင့် အသက်များကို အရင့်ဘက်၊ အမြင့်ဘက်သို့ ဓာတ်ဆက်ပေးမည်။

(၅) **ဝေယျာဝစ္စ** - တစ်ဖက်ရှိ ဂုဏ်ဟိတ်ဓာတ်သက်များကို ကူးယူရာ၌ ထိုထိုသူကောင်းကြီးများ၏ မနောဓာတ်ရှိ ဂုဏ်ဟိတ်များကို မိမိ၏သဒ္ဓါပညာ အရင်းခံမနောဓာတ်ဖြင့်လည်းကောင်း၊ ကာယဓာတ်ရှိ ဂုဏ်ဟိတ်များကို ဂါရဝ နိဝါတအရင်းခံ ကာယဓာတ်ဖြင့်လည်းကောင်း အမှုကြီးငယ် အသွယ်သွယ်ပြုလုပ်ပေးခြင်းဟူသော ကပ်ချဉ်းနည်းဖြင့် ဆင့်ပွားကူးယူမည်။

(၆) **ပတ္တိဒါန** - မိမိထက်သာသူတို့အား သက်သေအဖြစ် မိမိနှင့်

တန်းတူ၊ မိမိအောက်လူတို့အား ၄င်းတို့စီးပွားဖြစ် ဖြစ်စေရန် အလှူဒါန စေတနာလက်စွမ်းပြ အမျှပေးဝေလိုက်ခြင်း။

(၇) ပတ္တာနုမောဒနာ - မိမိထက်သာသူတို့ထံမှ ဝေစုယူအဖြစ် မိမိနှင့်တန်းတူ၊ မိမိအောက်လူတို့ထံမှကား အသိအမှတ်ပြု အဖြစ် သူတစ်ပါး အလှူဒါန မိမိက သာဓုခေါ်လိုက်ခြင်း။

(၈) ဓမ္မဿဝန - မြင့်မြတ်သော ဆရာသမားတို့၏ မနောဓာတ် ၌ ကိန်းသော သိက္ခာအရပ်ရပ် ဓမ္မဓာတ်များကို မိမိ၏နားမှ ဘာစ်ဆင့် မနောအသိသို့ ဖြည့်တင်းပေးနေခြင်း။

(၉) ဓမ္မဒေသနာ - တစ်ဖန် မိမိ၏မနောဓာတ်သို့ တည်ပြီးကိန်း ပြီးသော သိက္ခာအဆင့်များ၏ ဈာန်ပညာ၊ ဉာဏ်ပညာများ ကို သူတစ်ပါးတို့စိတ်သို့ ၄င်းတို့၏ နားမှတင်ဆင့် ဖြန့်ကူး ပေးပို့ခြင်း။

(၁၀) ဒိဋ္ဌုဇုကမ္မ - အထက်ပါ သူကောင်းပြု ပုညကိရိယာ အဆောက်အအုံကြီးများကို အယူအဆဖြောင့်တန်းတိကျနေစေ ရန် ဉာဏ်ပညာဖြင့် ထောက်ခံပေးထားခြင်း။

အထက်ပါဆယ်မျိုးတို့သည်

(က) မိမိ၏ကောင်းမှုကိုမြင့်စေ မြတ်စေသောအားဖြင့် မဟာကုသိုလ် သို့ရောက်ရန် တွန်းအားလည်းဖြစ်၏။

(ခ) မိမိ၏မကောင်းမှုကိုလည်း တိမ်စေ၊ မြုပ်စေလျက်ကပင် မြင့် မြတ်စိတ်သို့ရောက်ရန်လည်း ဖြစ်၏။

(ဂ) ဒုစရိုက်ကိုကြည့်၍ သုစရိုက်အသွင်သို့ ကူးဝင်ရန်၏ လမ်းပြ လည်းဖြစ်၏။

ထိုဆိုခဲ့ပြီး ဆယ်ပါးတို့တွင် ပညာသည် ဦးစီးဦးရွက် အဓိက

အချက်တည်း။

* သတိတင် အမြင်ဖြစ်ပျက်မဆိုက်က ပညာခွင်သို့ အသိမသက် စေနိုင်။
* ဖြစ်ခင်းပျက်ခင်း ရှင်းရှင်းလင်းလင်း အမြင်မပေါက်က ဖြောင့်မှန်မှုအယူသို့ မရောက်စေနိုင်။

ထိုဆယ်ဦးတို့ဖြင့်ပင် ကောင်းလမ်းခင်း၍ ဘဝ၏တင့်တယ်ခြင်းကို ကူပံ့ကြိုဆိုခြင်းကိစ္စပြုကျင့်ရမည်။

## (က) အယုတ်မှအမြတ်သို့

သိရုံမျှ သိသိပေးနေသော ထိုစိတ်ကလေးကို အကုသိုလ်အဖြစ်သွတ်သွင်းပေးကြရာ၌ လောဘ၊ ဒေါသ၊ မောဟ ဟူသော အကြောင်းခံသုံးမျိုး ထမ်းပိုးတိုးစေခဲ့ဘိသို့…

တစ်ဖန် သိရုံမျှ သိသိပေးလျက်ရှိသော ထိုစိတ်ကလေးကို ဖြူစင်စေကြရာ၌လည်း တန်ပြန်အလောဘ၊ အဒေါသ၊ အမောဟ သဘာဝတရား ထိုသုံးပါးပါဝင်မှသာ ဖြစ်ကြမည်။

* အကုသိုလ်မှု၌ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယအတုယောင်များ ပါဝင်ပတ်သက်ကြ၏သို့။
* ကုသိုလ်မှု၌ကား သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယအစစ်များ ပါဝင်ပတ်သက်ကြရပေလိမ့်မည်။

ထိုသဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ ထွန်းကားလာစေရန်အတွက်လည်း ကောင်း၊

* တစ်ဖန် သဒ္ဓါ သတိ ဟီရိသြတ္တပတရားများ ထွန်းကားလာစေရန်အတွက်လည်းကောင်း၊
* ဦးစွာ ဒါနကပင်စတင်၍ သီလစိတ်ဖြင့် ကျားကန်ပေးကြရာ၏။
* တစ်ဖန် သီလစိတ်ကပင်စတင်ပြီး ဒါနဖြင့်ပင် ကျားကန်ပေးထားကြရာ၏။

ဤသူကောင်းပြုနှစ်ပါးသည် ခြေနှစ်ဘက်၊ လက်နှစ်ဘက်ပမာ တွဲဖက်ပါစေရမည်။

ထိုတွင် တိရစ္ဆာန်ဉာဉ်ကို သီလကဖယ်ရှားစေပြီး တိရစ္ဆာန်ကျင့်ကိုကား ဒါနက ဟန့်တားပေးမည်။

သို့ကြောင့် သူကောင်းမှုပြုတော့မည်ကြံရွယ်လျှင် ၄င်းတို့ရှေ့သွားပြုပေးကြရသည်။

လူ့ဉာဉ်၏ အရှက်အကြောက်တရားကို သီလဖြင့်ဆယ်ယူစေပြီးလူ့ကျင့်၏ယုံကြည်မှု လေးစားမှု အမူရာများကိုကား ဒါနဖြင့်ပင်ဆင်ယဉ်စေမည်။ သို့ကြောင့်လည်း သူကောင်းမှုပြုတော့မည်ကြံရွယ်လျှင် ၄င်းတို့ကိုပင် ရှေ့တန်းတင်ပေးထားကြရသည်။

* သီလဖြင့် စိတ်ကောင်းကို မွေးမြူပေးရခြင်း။
* ဒါနဖြင့် ကိုယ်နှုတ်လမ်းကြောင်း ကောင်းမှန်အောင် လေ့ကျင့်ပေးရခြင်း။

တစ်ဖန် ဒါနဖြင့် ငါစွဲအမဲ ခဝါချ ရက်ရောမှု စိတ်ဖြူစွာကိုရစေပြီး သီလက ကာယကံသောင်းကျန်းမှု ဝစီကံသောင်းကျန်းမှု

နှစ်ပါးဟန့်တားပေးထားမည်။

လူသားတိုင်း ကြိုက်ရန်လောက်ကိုသာ သိခြင်း၊ ပြစ်မှားရန် လောက်ကိုသာသိခြင်း၊ အတွေ့မျှလောက်ကိုသာသိခြင်းဟူသော ဘိရစ္ဆာန်ညဉ်အမျှင်ပါလာခဲ့သည့်အလျောက် လိုချင်မှုဝတ္ထုထဲ ငါစွဲ ကဲလျက်ကပင် လောဘစိတ်ရှစ်ပါး တိုးပွားစေခဲ့ကြ၏။

၄င်းတို့ကို တန်ပြန်တိုက်ထုတ်ရာ၌လည်း

နည်းတူ ရှစ်ပါးပင် ဖြစ်ပေါ်စေလိမ့်မည်။ သို့တစေလည်း သူတစ်ပါးတို့သို့ မပျက်စီးရန် စောင့်စည်းပေးခြင်း၊ ချမ်းသာရန် ပေးကမ်းခြင်းများကြောင့်လည်းကောင်း၊ ငါစွဲအစား ဖြစ်ပျက်မြင် အသိတရားများ ဝင်ရောက်လာခြင်းကြောင့်လည်းကောင်း ဒိဋ္ဌိမပါတော့ချေ။ ပေးကမ်းခြင်း စောင့်စည်းခြင်းများသည် သိမ်းပိုက်ခြင်း၏ တန်ပြန်တည်း။ ကြွင်းသော သောမနဿ ဥပေက္ခာဟူသော အတည်အရွှင် ဝေဒနာနှစ်ပါး၊ အသင်္ခါရ - သသင်္ခါရ အတိုက်လွှတ် မလွှတ် ကိစ္စနှစ်ပါး၊ ဒိဋ္ဌိအစား ဉာဏ်ပါ-မပါ နှစ်ပါးတို့ ပါဝင်ကြမည်။ အဆင့်ကား လေးဆင့်၊ အမျိုးအစားကား ရှစ်မျိုးပင်။ ၄င်းတို့မှာ-

| | | |
|---|---|---|
| ၁။ | သောမနဿ ဉာဏ်ယှဉ်အတွန်းလွှတ်<br>ဥပေက္ခာ ဉာဏ်ရှင်အတွန်းလွှတ် | တစ်တွဲနှစ်မျိုး |
| ၂။ | သောမနဿဉာဏ်ယှဉ် အတွန်းစောင့်<br>ဥပေက္ခာ ဉာဏ်ရှင်အတွန်းစောင့် | တစ်တွဲနှစ်မျိုး |
| ၃။ | သောမနဿဉာဏ်ကင်းအတွန်းလွှတ်<br>ဥပေက္ခာဉာဏ်ကင်းအတွန်းလွှတ် | တစ်တွဲနှစ်မျိုး |

၄။ သောမနဿညာဏ်ကင်းအတွန်းပါ
တစ်တွဲနှစ်မျိုး
ဥပေက္ခာညာဏ်ကင်းအတွန်းပါ

ဤသို့လျှင် စိတ်မဲမှ စိတ်ဖြူဖြစ်စေရာ၌လည်း ကုသိုလ်ရှစ်မျိုး ဖြစ်လာရသည်။ ထိုကုသိုလ်ရှစ်မျိုးတို့သည် အထက်အထက်ရှိ ဈာန်ကုသိုလ်၊ မဂ်ကုသိုလ်များအထိ ကျေးဇူးပြုပေးကြမည်ဖြစ်သောကြောင့် မဟာတပ်ရသည်။ ယင်းမဟာသည် မြတ်ခြင်းကိုခြေကုပ်ယူလျက်က ကြီးကျယ်ခြင်းဘက် ဆက်လက်ထွက်ခွာစေမည်။

အပြစ်ကင်း ကောင်းကျိုးပေါ်အဖြစ် ကုသိုလ်ပြုရာ၌ ထိုရှစ်ပါး အောက်လည်းမလျော့ ထို့ထက်လည်းမပိုချေ။ ထိုတွင်

- ☼ ရွှင်စိတ်သည် ကုသိုလ်မှုပြုကျင့်ရာ၌ မလေးနက်တတ်။
- ☼ တည်စိတ်သည်လည်း ကုသိုလ်မှုပြုကျင့်ရာ၌ မကလက်တတ်။

ထိုရှစ်မျိုးတို့တွင်-

(က) ညာဏ်ယှဉ်အတွန်းလွတ်အတွဲက သင့်အား တိဟိတ်ဥက္ကဋ္ဌ မျိုးရိုးသို့ တွန်းပို့မည်။

(ခ) ညာဏ်ယှဉ်အတွန်းမလွတ်အတွဲက သင့်အား တိဟိတ်ဩမက မျိုးရိုးထဲသို့လည်းကောင်း။

(ဂ) ညာဏ်ကင်းအတွန်းလွတ်အတွဲက သင့်အား ဒွိဟိတ်ဥက္ကဋ္ဌ မျိုးရိုးထဲသို့လည်းကောင်း။

(ဃ) ညာဏ်ကင်းအတွန်းမလွတ်အတွဲက သင့်အား ဒွိဟိတ်ဩမက မျိုးရိုးထဲသို့လည်းကောင်း။

ပဋိသန္ဓိဘဝင်၊ စုတိ၊ တဒါရုံ ဟူသောစိတ်လေးမျိုးတို့ဖြင့် ဘဝသစ်ကိုဖြစ်စေကြမည်။ သို့မဟုတ် ကုသိုလ်ဝိပါက် အကျိုးသက်

များကို ရယူခံစားကြပေလိမ့်မည်။

**မှတ်ချက်။** ။ ဤ၌ ဥက္ကဋ္ဌသည် အမြတ်စားအဖြစ်လည်းကောင်း၊ ဩမကကား အယုတ်စားအဖြစ်လည်းကောင်း သတ်မှတ်ချက်ထားခြင်းပင်။ တစ်ဖန် တိဟိတ်ကားအမောဟခေါ် သတိတင်းလင်း အသိပင်းထားခြင်းကြောင့် အလောဘ၊ အဒေါသ၊ အမောဟဟူသောအကြောင်းခံများ သုံးပါးစုံ(လောဘ၊ ဒေါသ၊ မောဟထိုသုံးပါးတို့အစား) အစားထိုး ဝင်ရောက်လာစေခြင်းဖြစ်ပြီး ဒွိဟိတ်မှာမူကား သတိလွတ်ကင်း၊ အသိမပင်းနိုင်ခဲ့သဖြင့် ပညာမပါ အလောဘ၊ အဒေါသ နှစ်ပါးသာဖြစ်ပွားပြီး မောဟများကား ပွားမြဲပွားနေတတ်သည်။ သို့ကြောင့်

* တိဟိတ်သမားအကျိုးခံစားရာတိုင်း၌ အလိုကင်း စိတ်ကြည်ငါသူဟူ၍ မည်သည့်အပေါ်မျှ မသွေဖီဘဲ ကုသိုလ်ကျိုးအတိုးအညွန့်မျှ ခံစားမည်။ ဒွိဟိတ်သမား အကျိုးခံစားရာတိုင်း၌ကား အလိုကင်းစိတ်ကြည်မှုသာဖြစ်ပြီး ငါ-သူမကွဲဘက်စွဲပေါ်နေရကား ကုသိုလ်မျိုး၊ အကျိုးပေးတို့အကြားအကုသိုလ်ပွားများ လမ်းသလားနေကြမည်။

တစ်ဖန် တိဟိတ်သမားကား ကုသိုလ်ကြား ဉာဏ်ကျက်စားမြဲကျက်စားနေနိုင်ခဲ့ပါသော် ဈာန်ရှင်၊ ဉာဏ်ရှင်များမှတစ်ဆင့် နိဗ္ဗာန်အထိပင် အဆင့်မြင့်စေမည်။

ဒွိဟိတ်သမားမှာမူကား ကုသိုလ်-အကုသိုလ်တို့အကြား စိတ်ကစားမြဲ ကစားနေနိုင်ခဲ့ပါသော် ဈာန်ရှင်၊ ဉာဏ်ရှင်ဟူသော သမထဈာန်အရာ၊ ဝိပဿနာဉာဏ်အရာ၊ သင်္ခါရုပေက္ခာမှာပင် (အရာခံမိုလ်အဆင့်မှာပင်) သောင်တင်နေတတ်လှပြီး မဂ်ရှင်၊ ဖိုလ်ရှင် နိဗ္ဗာန်ခွင်

အထိ အဆင့်မရောက်စေနိုင်။

* ကုသိုလ်ပြုဆဲ၌ သတိပါ -မပါကား ဤနေရာဝယ် အကြီး အကျယ်စကားပြောနေကြပြီ။

ဤမဟာကုသိုလ်တော်စခန်း၌

(က) ကုသိုလ်ဘဝသစ်အတွက် (ကံသစ်၊ ဉာဏ်သစ်များအတွက်) ကုသိုလ်မျိုး ပျိုးထောင်နေခြင်း။

( ခ ) ဝိပါက် - တစ်ဖန်ဘဝသစ်၌ ကံသစ်၊ ဉာဏ်သစ်များ ပေါက်ပွားအကျိုးခံစားစေခြင်း။

( ဂ ) ကြိယာ - ထိုဘဝသစ်၏ကံ၊ ဉာဏ်တို့အကြား ဉာဏ်ဝင်စားလျက်ကပင် အစွဲများဖြတ်တောက်ချထားခဲ့နိုင်ခြင်း။

ဤသို့လျှင် မျိုးအပင်အတုံး သုံးပါးစလုံးကိုဖြစ်စေနိုင်သည်။

ဆိုခဲ့ပြီး အကုသိုလ်တို့ကား မျိုးသုံးမျှဖြစ်စေပြီး မျိုးတုံးသို့ မဖြစ်စေတတ်။ အကုသိုလ်ကား အကြောင်းခံသက်သက်မျှသာ။ ဤကုသိုလ်များကား အကြောင်းကိုလည်းဖြစ်စေသည်။ အကျိုးကိုလည်း ဖြစ်စေသည်။ ကြောင်းကျိုးလွတ်ကိုလည်း ဖြစ်စေသည်။ ကုသိုလ်၊ ဝိပါတ်၊ ကြိယာ (ပုထုဇဉ်စိတ်၊ သေက္ခစိတ်၊ ရဟန္တာစိတ်) များအထိ သုံးမျိုးသုံးဆင့် မြှင့်တင်ပေးနိုင်စွမ်းရှိနေခြင်းပင်တည်း။

## သိစိတ်ကို ကုသိုလ်အဖြစ် ပြောင်းလဲပေးရာ၌

အထက်ပါကုသိုလ်စိတ်လေးတွဲ ရှစ်မျိုးတို့တွင်-

(က) ပထမအတွဲနှစ်မျိုး၌ ဘက်မလိုက် (၁၃)၊ ကုသိုလ်စစ်စစ် (၁၉)၊ ပညာ (၁) ပေါင်း (၃၃) ပါးသော စိတ်မှီ စေတသိက်များ

က သိစိတ်ကို ခြယ်လှယ်ပေးနေကြမည်။

(ခ) ဒုတိယအတွဲနှစ်မျိုး၌ကား ဉာဏ်ကင်းသဖြင့် ပညာမဝင်သာတော့ရကား(၃၂)ပါးသော စိတ်မှီစေတသိက်များကသာ သိစိတ်ကိုပြုပြင်ပေးကြရတော့မည်။

(ဂ) တတိယအတွဲနှစ်မျိုး၌ ဥပေက္ခာဖြစ်နေ၍ ပီတိမပါဝင်တော့ရကား (၃၂)ပါးသော (ပညာအပါအဝင်) စိတ်မှီစေတသိက်များကသာ သိစိတ်ကိုပြုပြင်ပေးကြမည်။

(ဃ) စတုတ္ထအတွဲနှစ်မျိုး၌ ဥပေက္ခာလည်းဖြစ်၊ ဉာဏ်လည်းကင်းနေပြီဖြစ်သောကြောင့် (၃၁) ပါးသော စိတ်မှီစေတသိက်စုများကသာ သိစိတ်ကိုပြုပြင်ပေးခွင့်ရတော့မည်။

**မှတ်ချက်။** ။ ကရုဏာ၊ မုဒိတာနှစ်ပါးကား ဈာန်ကုသိုလ်များကျမှ ပေါင်းစည်းပါဝင်မည်။ ဝိရတီများကား သီလအရာမဟုတ်သဖြင့် ဤ၌မပါဝင်ကြပြီ။

သင်၏ကုသိုလ်စိတ်သည် အထက်ပါအတိုင်း ဖြစ်စေခဲ့သော် အကျိုးပေးဝိပါတ်များကလည်း အောက်ပါအတိုင်းလိုက်လံကာ ဖြစ်စေကြမည်။

(က) အတွဲနှစ်မျိုး၌

၁။ အသင်္ခါရခေါ် အတွန်းလွတ်စိတ်ဖြင့်ဖြစ်က တိဟိတ်ဥက္ကဋ္ဌမျိုးရိုးထဲသို့ တိဟိတ်ကြီးအဖြစ်ဖြင့် အကျိုးပေးတရားများ သွားရောက်ခံစားမည်။ ထိုစဉ်...

(၁) ပဋိသန္ဓေကိန်းသည်နှင့် စိတ္တဇရုပ်များ ထင်ရှားလာမည်။

(၂) ပဋိသန္ဓေကိန်းပြီးနောက် ဘဝဖြစ်စဉ်သို့လိုက်၍ စေတနာရှိန်များ တိုးတက်လာမည်။

(၃) ထိုဘဝဖြစ်စဉ်ကြီး ရင့်ကျက်လာသလောက်လျှင် စေတနာ အလျင်များလည်း ရင့်ကျက်လာတော့ကာ ရိက္ခာပျိုး၏မျိုး အဖြစ် အနုသယသတ္တိဓာတ်များ ထွန်းကားလာတော့မည်။

မှတ်ချက်။ ။ အကုသိုလ်ဇောများ၌လည်း ဤနည်းအတူ ဥပစယအခိုက် သန္တတိအခိုက် သန္တတိအညွန့်တက်ချိန်သုံးပိုင်းတို့ဖြင့် ရေအောင်မျိုးအောင် အဖြစ်သို့ ရောက်စေကြမည်။

၂။ သသင်္ခါရခေါ် သူတစ်ပါးတိုက်တွန်းမှုအရ ဖြစ်ပါမူကား တိဟိတ်ဩမကမျိုးထဲသို့ တိဟိတ်ငယ်အဖြစ်ဖြင့် ကံ(စေတနာ) အကျိုးပေးတရားများ သွားရောက်ခံစားမည်။

ထိုစဉ်ရှိ ဥပစယ ပဋိသန္ဓေအခိုက် သန္တတိပဝတ္တိအခိုက် စသည် များ အထက်ကအတိုင်းချည်းပင်။

(ခ) အတွဲနှစ်မျိုး၌လည်း

(၁) ဉာဏ်ကင်း အတွန်းလွှတ်သမားက ဒွိဟိတ်ဥက္ကဋ္ဌအဖြစ် အကျိုးခံစားစေ။

(၂) ဉာဏ်ကင်း အတွန်းပါသမားကား ဒွိဟိတ်ဩမကအဖြစ် အကျိုးခံစားစေ။

မှတ်ချက်။ ။ (ဂ)(ဃ) အတွဲနှစ်မျိုးတို့ရှိ ဤကုသိုလ်စိတ် ဇောများလည်း ဥပေက္ခာဖြစ်သဖြင့် တည်တည်ခန့်ခန့်ဖြင့် (တိဟိတ် ကြီး၊ တိဟိတ်ငယ် အတိုင်းပင်) ဒွိဟိတ်ကြီး ဒွိဟိတ်ငယ် အကျိုး ပေးဝိပါက်များ သွားရောက်ဖြစ်ပွားခြင်းများချည်း မှတ်ပါ။ တိဟိတ် ကြီး တိဟိငယ်(က)(ခ)၌ သောမနဿသမားတို့ကား ခပ်ရွှင်ရွှင်၊ ဥပေက္ခာသမားတို့ကား ခပ်တည်တည်သို့ ဤ(ဂ)(ဃ)တို့၌လည်း နည်းတူပင် ရွှင်တည်မည်။ ဤမျှသာ ထူးကြသည်၊ အကျိုးပေးများ

ကား အကြောင်းခံအတိုင်းချည်းပင်။

သည့်အတူ ဘုရားမှတစ်ပါး(ဘုရားသည် ကိလေသာများကို ဝါသနာနှင့်တကွ ပယ်ပြီးဖြစ်သောကြောင့်) ပစ္စေကဗုဒ္ဓာအသီးသီး တို့ရှိ ကိုယ်နှုတ်အမူရာများလည်း ဉာဏ်ထက်မထက် အရှင်၊ အတည် အားဖြင့် ကွဲပြားခြားနားနေကြဦးမည်။

သို့ကြောင့် ဤမဟာကုသိုလ်တော်စခန်း၌

၁။ မဟာကုသိုလ်ဇောကလည်း လေးတွဲရှစ်မျိုး။

၂။ မဟာဝိပါတ်(အကျိုးပေး) ကလည်း ၄င်းအတိုင်းရှစ်မျိုး။

၃။ မဟာကြိယာ(အမူအကျင့်)များကလည်း ၄င်းတိုင်းပင်ရှစ်မျိုး။

အထက်ပါအတိုင်း (၂၄)မျိုးတို့ ထွန်းကားလာကြမည်။ ထို့ ထက်လည်း ပိုလွန်မလာ။ ထို့အောက်လည်း မလျော့ပါ။ သဘာဝ ကား ဤအတိုင်းမျှသာ။

**"ဤကား အကုသိုလ်ကံမှ ကုသိုလ်ကံအဖြစ် ပြောင်းလဲနည်း တည်း"**။

## (ခ) အမြတ်မှအမြင့်သို့

မဟာကုသိုလ်စိတ်ဇောတို့၏ အကျိုးပေးသည် လူလျှင်လူချင်း အချင်းချင်းလည်းကောင်း၊ နတ်လျှင်နတ်ချင်း အချင်းချင်းလည်း ကောင်း၊ မိမိတို့ရောက်ရာဘဝ ဘုံဌာနရှိ မိမိနှင့်စေတနာတူ ဝတ္ထုတူ လူ-နတ် ဖို-မ များနှင့် ကာမချင်းနှော သဘောချင်းစပ်ယှက်ခွင့်ပြု

နေရရာ အုဋ္ဌသျှစ်သီးနှစ်လုံးထုပမာ နှစ်ဘက်စလုံးပင် အထိနာစေပါ သည်ကို လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက် အကြိုက်အကြိုက်ချင်း အလိုက်ပေးဖျက်ဆီးခံနေရပါသည်ကိုလည်းကောင်း ထိုကုသိုလ်ရှင် များ၌

ယင်းကုသိုလ်ကျိုးခံစားရင်းက အသိဝင်အမြင်ပါလာကြလေ သောအခါ

ယင်းလူ့နတ်ဘဝ လှည့်လည်ရင်းက အပြစ်မြင် ဆင်ခြင်မိလာ ကြလေသောအခါ

၄င်းတို့သည် ထို့ထက်မြင့်၍ ထို့ထက်ကောင်းသော လမ်း ကြောင်းသို့ ပြောင်းဝင်ရန် ကြိုးစားလာကြတော့သည်။

၄င်းမှာ ဒါနကံကဲ့သို့ သူကိုယ်မဖက် မိမိတစ်ဦးတည်း သက် သက်ဖြင့်ပင် ငြိမ်သက်စေ၊ နှစ်သက်စေသော ဈာန်ဝင်စားမှု အတတ် ပညာများပင်တည်း။

ထိုဈာန်ဝင်စားမှု အတတ်ပညာတွင်

(က) ဗုဒ္ဓဘာသာဝင်တို့၏ ဈာန်ဝင်စားနည်းကတစ်မျိုး၊

(ခ) အခြား အခြားဘာသာဝင်တို့၏ ဈာန်ဝင်စားနည်းက တစ်မျိုး၊

ဤသို့လျှင် သာသနာ တွင်း-ပ နှစ်ဌာနအားဖြင့် ကွဲပြားနေ ချေသည်။ သွားလမ်းလည်းမကောက် လွတ်မြောက်ရာအထိလည်း ခရီးပေါက်မြောက်စေနည်းနှင့် သွားလမ်းပေါ်တွင်သာလျှောက် သက်သာရုံမျှသာ လမ်းဖောက်နည်းဟူ၍ ဆိုရမည်။

သို့မဟုတ် ကုသိုလ်ဖြစ် စိတ်အေးဆေးရုံ ဝင်စားနည်းနှင့် အဘိညာဉ်မဂ်ရအထိဝင်စားနည်း၊ ထိုသို့နှစ်မျိုးကွဲနေကြရာတွင်

က။ ဗုဒ္ဓဘာသာဝင်တို့ကား ပညတ်နေရာ ပညတ်ကိုသုံး ပရမတ်

နေရာ ပရမတ်ကိုသုံးရန်အတွက်လည်းကောင်း၊ ပညတ်ကို လျှင် သုံးလည်းသုံး ဖုံးလည်းဖုံးထားခဲ့ရန်အတွက်လည်း ကောင်း၊ စရိုက်ဆိုးသုံးမျိုးတို့ကို မြှုပ် စရိုက်ကောင်း သုံးဆင့် တို့ကို ဖော်ထုတ်ရန်အတွက်လည်းကောင်း၊ သမထအရာတွင် နည်းမျိုးလေးဆယ်မျှထားရှိခဲ့ပြီး မိမိစရိုက်နှင့် လိုက်ရာရာ နည်း တစ်ပါးတစ်ပါးကို လက်ကိုင်ထား အခြားအခြားကို အရံအကူအဖြစ် ပွားကြရသည်။

ထိုသို့ပွားလျက်က ဈာန်-အဘိညာဉ်-မဂ်တို့သို့ သက်စေကြ ရာ၌

(က) ပညတ်ပုံ အာရုံထင်စေသော ရှုကြည့်နည်းကတစ်မျိုး။

(ခ) ပညတ်ပုံ အာရုံမဝင်စေသော ရှုကြည့်နည်းကတစ်မျိုး၊

ဤသို့နှစ်မျိုးကွဲသေး၏။ စရိုက် အနု-အကြမ်းအလိုက် စိတ်၌ ကပ်နေသော ကိလေသာများကို အနုအနုအလိုက် အကြမ်းအကြမ်း အလိုက် တိုက်ခိုက်ဖြိုဖျက်ရန်ဖြစ်၏။ သို့မဟုတ် သိဆိုသောစိတ် ကလေးကို ထိုသိသိအတိုင်း ပြန်လည်ဖြစ်ပွားလာရန်တည်း။

ထိုတွင် အထက်ပါသမထရှုနည်း လေးဆယ်တို့အထဲမှ

* ကသိုဏ်း (၁၀)ပါး - ပထဝီစသော အဝန်းအဝိုင်းတွင်း စိတ်သွင်းရှုနည်းများ၊
* အသုဘ (၁၀)ပါး - သူတစ်ပါးရုပ်အလောင်း တစ်စတစ်စ ယိုယွင်းသွားရာ၌ စိတ်သွင်းရှုနည်းများ၊
* ကာယဂတာသတိ (၁)ပါး - မိမိခန္ဓာ၏တွင်းပြင်ရှိ အစိတ် အပိုင်းများ၌ စိတ်သွင်းရှုနည်း။
* အာနာပါန (၁)ပါး - မိမိခန္ဓာ၌ အသက်လှုပ်ရှားစေသော

ဝင်/ ထွက် လေ၌ စိတ်သွင်းရှုနည်း။

* ဗြဟ္မာ့ဝိဟာရ (၄)ပါး - သတ္တဝါတို့၏ သူ့ဆိုင်ရာ အခြေအနေ တွင်း စိတ်သွင်းရှုနည်းများ။

* အာရုပ္ပ (၂)ပါး - မိမိ၏နှာမ်သက်သက်တွင် နိမိတ်ထင်ကောင်း ရာ၌ စိတ်သွင်းရှုနည်းများ။

မှတ်ချက်။ ။ အာရုပ္ပလေးမျိုး (နာမ်ချည်းသက်သက် ရှုနည်း လေးမျိုး) တို့တွင် ပထမ၊ တတိယရှုနည်းများသာ နိမိတ်ထင်ပြီး ဒု-စတို့ကား နိမိတ်မထင်၍ မဂ်အဘိညာဉ်ကို မဖြစ်စေနိုင်။

အနုဿတိဆယ်ပါးတို့တွင်လည်း ဗုဒ္ဓမှ မရဏာတိုင်အောင် သော ရှေ့ရှစ်မျိုးတို့သည်လည်း နိမိတ်မထင်၍ အဘိညာဉ်မဂ် မဆက် နိုင်။

အထက်ပါ (၂၈) မျိုးတို့သည်သာ ပညတ်နိမိတ်အာရုံ ပုံထင် အဖြစ်ဖြင့် ပေါ်လွင်ထင်ရှားစွာ ရှုကြည့်နိုင်ခွင့်ရှိကြရကား

(က) ကုသိုလ်ဖြစ် စိတ်ငြိမ်းအေးရုံ သမထအရာထား၍လည်း ရှုနိုင် သည်။

(ခ) အဘိညာဉ်မဂ်ကျ ရစေသည်အထိလည်း ရှုနိုင်သည်။

တစ်ဖန် အထက်ပါ (သမထအရာဖြင့် ကိလေသာငြိမ်ဝပ် စိတ် အအေးဓာတ်ကျရာ)ထိုနည်းလေးဆယ်တို့အထဲမှပင် -

၁။ ဗုဒ္ဓါနုဿတိ - ဘုရားရှင်၏ဂုဏ်သတ္တိသဘောတွင်း စိတ်သွင်း ၍ရှုနည်း။

၂။ ဓမ္မာနုဿတိ - တရားတော်၏ဂုဏ်သတ္တိသဘောတွင်း စိတ် သွင်း၍ရှုနည်း။

၃။ သံဃာနုဿတိ - သံဃာတော်များ၏ဂုဏ်သတ္တိသဘောတွင်း

စိတ်သွင်း၍ရှုနည်း။

၄။ **သီလာနုဿတိ** - သီလစောင့်စည်းခြင်း၏ဂုဏ်သတ္တိသဘော တွင်း စိတ်သွင်း၍ရှုနည်း။

၅။ **စာဂါနုဿတိ** - စွန့်လွှတ်ခြင်း၏ဂုဏ်သတ္တိသဘောတွင်း စိတ်သွင်း၍ရှုနည်း။

၆။ **ဒေဝတာနုဿတိ** - သမ္မာဒေဝနတ်တို့၏ဂုဏ်သတ္တိသဘော တွင်း စိတ်သွင်း၍ ရှုနည်း။

၇။ **ဥပသမာနုဿတိ** - နိဗ္ဗာန်၏ငြိမ်းအေးခြင်းဂုဏ်သတ္တိ သဘော တွင်း စိတ်သွင်း၍ရှုနည်း။

၈။ **မရဏာနုဿတိ** - သေခြင်း၏ချုပ်ငြိမ်းခြင်းဂုဏ်သတ္တိသဘော တွင်း စိတ်သွင်း၍ရှုနည်း။

၉။ **အဟာရေပဋိကူလသညာ** - စားသုံးသော အစာများ၌ စက် ဆုပ်ဖွယ် နှလုံးသွင်းဖြင့်ရှုနည်း။

၁၀။ **စတုဓာတုဝဝတ္ထာန်** - ရုပ်ခန္ဓာ၌ တည်ဆောက်ပေးထားသော ဓာတ်တို့ကို ပိုင်းခြားကာရှုနည်း။

၁၁။ **အာရုပ္ပမှ ဒုတိယဆင့်နာမ်ခန္ဓာ၌** သိရုံမျှသော သဘောတွင်း၌ စိတ်သွင်းရှုနည်း။

၁၂။ **အာရုပ္ပမှ စတုတ္ထဆင့်နာမ်ခန္ဓာ၌** ထို့ထက်သိမ်မွေ့လှသော သဘောတွင်း၌ စိတ်သွင်းရှုနည်း။

ထို ၁၂ မျိုးတို့ကား နူးညံ့သိမ်မွေ့လွန်းလှသော ပရမတ် သဘာဝများဖြစ်နေကြခြင်းကြောင့် ပညတ်နိမိတ်များ မထင်နိုင်ရကား ကသိုဏ်ဖြစ်သမထအရာမျှသာ အဘိညာဉ်သို့ သော်လည်းကောင်း၊ မဂ်ကိုသော်လည်းကောင်း မဖြစ်စေနိုင်ကြသောကြောင့်တည်း။

**နတ်တလူစာစဉ်**

မှတ်ချက်။ ။ ဗုဒ္ဓါနုဿတိ စသည်များ၌ ရှုနည်းကား ဘုရားစသည်များထံရှိ ဂုဏ်သတ္တိသဘောမျှကိုသာ စိတ်ဖြင့်အောက်မေ့နေရခြင်းပင်။ အကယ်တိတိ ဂုဏ်တော်မျှမဟုတ် ပုံတော်ကိုပါ အာရုံယူလျှင်ကား ကသိုဏ်းအရာဝင်သွားတော့ချေပြီ။

အထက်ပါ နည်းလေးဆယ်တို့ကား ဗုဒ္ဓဝါဒီတို့ လက်ခံကျင့်သုံးလျက်ရှိသော သမထထူထောင်လျက်က ဝိပဿနာရှု၊ တစ်ဖန်ဝိပဿနာရှုလျက်ကပင် သထမပြုစုဖြင့် ဘက်စုံသုံးနည်းများဖြစ်ကြခြင်း၊ ရာဂ-ဒေါသ-မောဟ ကိလေသာများကို ဖြတ်တောက်ပစ်ချထားခဲ့ပြီး သဒ္ဓါ၊ ဝိတက်၊ ပညာစရိုက်များ ထွန်းကားလာရန် စိတ်ကိုမြှင့်တင်ပေးခြင်းဖြင့် အဆိုးကိုမြှုပ်၊ အကောင်းကိုထုတ်ဖော် နည်းများဖြစ်ကြခြင်းကြောင့် လိုသေးသည်စကား ပြောကြားရန် မရှိပြီ။

ခ။ အခြားဘာသာများတွင်လည်း ကမ္ဘာ့ရိုးစွဲလည်းဖြစ် သမထဘိုးအေလည်းဖြစ်သော ဟိန္ဒူဘာသာဝင်များသော်မှ ကသိုလ်ဖြစ်သမထနှင့် အဘိညာဉ်ရ သမထမျှသာ ကျင့်နည်းပြည့်ရှိမည်။ ကျန်တို့ကား ကသိုလ်ဖြစ်မျှလောက်သာ ရှိကြမည်။ ဝိပဿနာသို့ ထိုးဖောက်ဝင်ရောက်နိုင်စွမ်းသော စတုဓာတုဝဝတ္ထာန်နှင့် အာနာပါနတို့ကိုကား မဝင်ဆံ့နိုင်ရှာကြပြီ။ ဝင်ဆံ့သော်မှ သမာဓိမှပညာသို့ ဆက်ရာနည်းမရှိသဖြင့် နေရစ်ခဲ့ကြရပြီ။

ထိုသို့ ဈာန်ဝင်စားမှုအတတ်နှစ်မျိုး ကွဲပြားနေချေရာ

(က) ဗုဒ္ဓဝါဒီတို့ကား ဈာန်မဂ်များဖြင့် ဗြဟ္မာ့ဘုံ-အရိယာဘုံများထိ တတ်နိုင်ကြသည်။

(ခ) အခြားဝါဒီတို့ကား ဗြဟ္မာ့ဘုံမျှသာ တက်ခွင့်ရရှာကြတော့

မည်။

**မှတ်ချက်။** ။ မေတ္တာစျာန်သည် ပထမစျာန်မျှသာရှိခြင်းကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့အထိ အဆင့်မတက်က စတုတ္ထစျာန်မဖြစ်နိုင်ခြင်းများကြောင့် ဗြဟ္မာ့ဘုံသော်မှ ပထမစျာန်ဘုံမျှသာ၊ ပထမစျာန်ဘုံသော်မှ အောက်ဘုံနှစ်ဆင့်မျှသာ။ ပ-စျာန်ဘုံ၏ အထက်ဆုံးကား ၄င်းတို့ကိုးကွယ်နေသော မဟာဗြဟ္မာကြီး၏ နေရာဖြစ်ခြင်းကြောင့်··· ။

## ဉာဏ်ယှဉ်စိတ်ဖြင့်ပင် စျာန်ဝင်စားခြင်း

အထက်ပါသမထနည်းလေးဆယ်တို့တွင် တစ်နည်းနည်း စွဲကိုင်လျက်က -

(က) အခြေတည်ပရိကံအဖြစ် သူ့ဆိုင်ရာနိမိတ်ကို အာရုံယူပွားများခြင်း။

(ခ) ထိုနိမိတ် အရိပ်ပုံထင်လာသောအခါ သမာဓိ၏အနီးအပါးသို့ လှည့်လည်လျက်က ပွားများခြင်း။

(ဂ) ထိုနိမိတ်ကို မနောအကြည်မှတစ်ဆင့် ရှုကာ မလှုပ်မယှက်မကလက်ခြင်းဖြင့် ပွားများနေခြင်း။

ဤသို့လျှင် ကမ္မဋ္ဌာန်းနည်းတစ်ခုတစ်ခု၌ (စ-စျာန်အထိ တတ်နိုင်ရာများ၌) အဆင့်သုံးဆင့်ခွဲ၍ တက်ရမည်။ အခြေခံပရိကံမပါဘဲနှင့် (ပထဝီကသိုဏ်းဖြစ်က မြေဖြင့်ပြုစီရင်ထားသော ကသိုဏ်းကွက်မပါဘဲနှင့်စသည်) မည်သည့်ကမ္မဋ္ဌာန်းနည်းမျှ သမထကို မဖြစ်စေနိုင်။

တစ်ဖန် အခြေယူ အာရုံတင်မှ နိမိတ်ပုံထင်အဖြစ်သို့ ရောက်ရန်မှာ သို့မဟုတ် ပရိကမ္မသမာဓိအဆင့်မှ ဥပစာရသမာဓိအဆင့်သို့ တက်ရောက်လိုသူသည် အောက်ပါဈာန်အစိတ်အပိုင်းများ ပါဝင်သော ရှုနည်းဖြစ်မှသာ နိမိတ်(ဥဂ္ဂဟ) ထင်နိုင်ခွင့်ရှိသည်။

၁။ **ဝိတက်** - အာရုံအများထဲမှ ရှုမြဲအာရုံတစ်ခုထည်းတည်း ပေါ်လွင်ရန် စိတ်သို့တွန်းပို့ပေးခြင်း၊

၂။ **ဝိစာရ** - ပေါ်လွင်လာသောထိုအာရုံစဉ် ပျောက်ပျက်မသွားစေရန် ကပ်၍ကပ်၍ သုံးသပ်ပေးနေရခြင်း၊

၃။ **ပီတိ** - အာရုံနှင့်ဈာန်စိတ်များ အပေးအယူတည့်နေကြ၍ မိမိအလုပ်၌ နှစ်သက်အားရလာခြင်း။

၄။ **သုခ** - မိမိအလုပ်ကို နှစ်သက်စွာလုပ်ခွင့်ရနေ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလာကြခြင်း။

၅။ **ဧကဂ္ဂတာ** - ကိုယ်စိတ်တို့ချမ်းသာလာကြ၍ ထိုအလုပ်လုပ်ရာ အာရုံ၌သာ စိတ်နားသက်နေတော့ခြင်း။

ဤသို့လျှင် ဈာန်စိတ်ခေါ် ရှုမှတ်မှုအင်အားသတ္တိများ အဆင့်ဆင့် တိုးမြှင့်လာစေသော ရှုနည်းမျိုးသည်သာ ဈာန်ရရှုနည်းမျိုးဆိုရ၏။ ကိလေသာအပူမိစိတ်များ ထကြွသောင်းကျန်းနေခြင်းများ ငြိမ်ကျသွားပြီး စိတ်ငြိမ်းချမ်းရေးရ ရှုနည်းဖြစ်သောကြောင့် -

ထိုသို့ရှုရာ၏ အခြေတည်ကာလအတွင်းရှိ စိတ်အစဉ်များ ကာသမာဓိနိမိတ်မပေါ်မချင်းလည်း မဟာကုသိုလ်စိတ်အရာ၌သာ ဝင်မည်။ ပေါ်သောနိမိတ်မရင့်ကျက်မီ ကာလအတွင်းလည်း မဟာကုသိုလ်စိတ်မျှသာ ရင့်ကျက်စိတ် မလှုပ်မယှက် မကလက်သောနေရာ မရောက်မချင်းလည်း မဟာကုသိုလ်မျှသာ။ ဉာဏ်ယှဉ်မဟာ

ကုသိုလ်စိတ် အဆင့်ဆင့်တို့ဖြင့် ဈာန်စိတ်ကို ဈာန်ယဉ်အဖြစ် တည်ဆောက်ပေးနေခြင်း။

အထက်ပါ ဈာန်အင်္ဂါငါးမျိုးတို့ ပုံမှန်အလုပ်လုပ်နေကြစဉ်အတွင်းမှာပင် -

(က) အထူးရှုရ သုံးသပ်ရခြင်းမရှိတော့ဘဲ ရှုကွက်ထဲမှာပင် သိစိတ်ကလေး ကပ်ဝင်နေက ဒုတိယဈာန် အဆင့်ဟူ၍ မှတ်ယူရမည်။ မိမိက အဆင့်တက်ရသည်မဟုတ်။ သူ့အလိုလိုချည်းသာ။

(ခ) တစ်ဖန် နှစ်လိုအားရ ပီတိကြမ်းပင်မထတော့ဘဲ ထိုသိစိတ်ကလေး အေးချမ်းငြိမ်သက်နေပါက တတိယဈာန်အဆင့် ဟူ၍ မှတ်ယူရမည်။

(ဂ) အာရုံပုံ နိမိတ်ကိုလက်လွှတ်လျက်က မိမိသိစိတ်ချည်းသက်သက်ဖြင့်ပင် ငြိမ်သက်နေပါက စတုတ္ထဈာန်အဆင့်ဟူ၍ မှတ်ယူရမည်။

ဤသို့လျှင် သုတ္တန်နည်းအရ (ဝိတက်နှင့်ဝိစာရပေါင်းသောကြောင့်) ရုပ်နာမ်စုံရှုရာတွင် ဈာန်စိတ်တို့၏ အနုအရင့်လိုက်၍ ဈာန်အဆင့်လေးဆင့်ကွဲပြားလာကြမည်။ မိမိရှိရုပ်နှင့်နာမ်ကိုတည့်အောင်ပေါင်းပေးပြီး မိမိတစ်ယောက်ထည်းတည်းဖြင့် ချမ်းသာကောင်းကောင်းစေခြင်းတည်း။

သို့မဟုတ် ကိလေသာအပျော်ဖြင့် အဖော်ခေါ်ပေါင်းသောကောင်းနည်းမှ ဖဲ့ထွက်နေလိုက်ပြီ။

## ရျာန်စိတ်၌ စေတသိက်တို့အတွဲနည်းလာပြီ

ဤရျာန်အဆင့်များမှ စတင်ကာ အထက်အထက်ရှိ ရျာန်စဉ် ညာဏ်စဉ်အားလုံးတို့၌ပင် သဒ္ဓါ-ဝီရိယ-သတိ-သမာဓိ ပညာ ယုံကြည်လာခြင်း၊ ယုံသလောက်ရဲတင်းလာခြင်း၊ ရဲသလောက် အမှတ်ကောင်းလာခြင်း၊ အမှတ်ကောင်းသလောက် အမှတ်မြဲလာ တော့ခြင်း၊ အမှတ်မြဲသလောက် သဲသဲကွဲကွဲသိပိုင်လာခြင်း ဤ အင်အားသတ္တိငါးမျိုးတို့ကသာ သိဆိုသော စိတ်ကလေးကို ငြိမ်းချမ်း ရာသို့ စည်းရုံးခေါ်ဆောင်သွားကြမည်။

ထိုအင်အားသတ္တိငါးမျိုးတို့မှပင် ဆန္ဒစသည် ဣန္ဒြိယ်ငါးပါး တို့နှင့်တကွ ဣန္ဒြေ-ဗောဇ္ဈင်-မဂ္ဂင် စသည် အမြတ်စားတို့ကိုပါ အပါစည်းရုံးသွားမည်။ သို့ကြောင့် အောက်အောက်ကုသိုလ် အကု သိုလ်ကံ အရာတုန်းကကဲ့သို့ သိဆိုသောစိတ်၌ ပူးယှဉ်ကြရာ စေ တသိက်(စိတ်မှီကြိုးကိုင်)များ အရေအတွက်မများတော့ပြီ။

ထိုရျာန်စိတ်၊ ညာဏ်စိတ်များဝယ်-

အညသမာန်းအုပ်စုနှင့် သောဘနအုပ်စုဝင်တို့ အားလုံးပါဝင် နေကြသော်မှလည်း ရျာန်စိတ်-ညာဏ်စိတ်တို့၏ ထက်မြက်လှသော သတ္တိကြောင့် ပါလေမှန်းပင်မသိရတော့ပြီ။

ထိုအဆင့်များ၌ လိုက်ပါပို့ဆောင်နေကြသည့် စေတသိက်များ မှာ ဗောဓိပက္ခိယ အသင်းဝင်များချည်းသာ။

၎င်းတို့မှာ

သတိ-ဝီရိယ-ဆန္ဒ-စိတ္တ-ဝီမံသ-သဒ္ဓါ-ဧကဂ္ဂတာ-ပီတိ-

ပဿဒ္ဓိ-ဥပေက္ခာ-ဝိတက်-သမ္မာဝါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီဝ (၁၄)မျိုးကိုပင်တည်း။

ထို (၁၄)မျိုးတို့ကိုကား ပညာကဦးစီးမည်ဖြစ်ပြီး ၄င်းတို့ကပင် သူနေရာ သူ့ဌာနအလိုက် ဣန္ဒြိပါဒ်တို့ပါဟူ၍ လည်းကောင်း၊ ဗိုလ်တွေပါဟူ၍လည်းကောင်း၊ ဗောဇ္ဈင်များပါဟူ၍လည်းကောင်း၊ မဂ္ဂင်များပါဟူ၍လည်းကောင်း (ဆိုင်ရာတာဝန်ခံတို့က) အမည်ခံယူကြမည်။

## ကံ-ဈာန်-ဉာဏ် ကုသိုလ်တို့၏ အကျိုးပေးလမ်းခွဲများ

(က) ကံ-ကုသိုလ်တို့တွင်

၁။ လောဘအကြောင်းခံသမားများကား - သွားကြလေပြိတ္တာဘုံများသို့။

၂။ ဒေါသအကြောင်းခံသမားများကား - သွားကြလေ ငရဲဘုံများဆီသို့။

၃။ မောဟအကြောင်းခံသမားများကား - သွားကြလေ တိရစ္ဆာန်ဘုံများဆီသို့။

မှတ်ချက်။ ။ တိရစ္ဆာန်ဘုံများ၌ ကုသိုလ်-အကုသိုလ်မှ ဖြစ်သော အကုသိုလ်များအရ အမျိုးအစားကွဲပြားကြဦးမည်။

(ခ) တစ်ဖန် ကံကုသိုလ်များတွင်လည်း

၁။ ဒါနကိုပြေ(ပြည့်)တည် သီလကား အမှီဖြစ်နေက လာခဲ့ကြဦး ဤလူ့ဘုံ။

၂။ သီလကိုအရင်းခံ ဒါနကားအခြံရံဆိုက သွားကြလေဦး နတ်ရွာစုံ။

မှတ်ချက်။ ။ ထိုသို့သွားရောက်ခံစားခွင့်ရရာတိုင်းတို့၌ လူတွင်အကြောင်းခံ အဟိတ်-ဒွိဟိတ်-တိဟိတ်၊ နတ်တွင် ဒွိဟိတ်-တိဟိတ်တို့၏ အစဉ်အလာအတိုင်း စိတ်နေ-အကျိုးပေး ကွာခြားမှု ရှိနေကြဦးမည်။

တစ်ဖန် ဈာန်ကုသိုလ်များတွင်လည်း

၁။ ရုပ်နာမ်စုံ အကုန်လွှမ်းခြုံရှုသမားက သွားကြလေရုပ်နာမ်အစုံ ပြဟ္မာ့ဘုံ။

၂။ နာမ်အပြစ်မြင် ရုပ်ကိုကား အပြစ်မမြင်သမားက သွားကြလေ ရုပ်သက်သက် ပြဟ္မာ့ဘုံ။

၃။ ရုပ်ကိုသာအပြစ်မြင် နာမ်ကိုကား အပြစ်မမြင်သမားက သွားကြလေ နာမ်သက်သက်ပြဟ္မာ့ဘုံ။

မှတ်ချက်။ ။ ၄င်းတို့လည်း ဈာန်ရအဆင့်အတန်းလိုက်လျက်က နေထိုင်မှုအဆင့်အတန်းများ ကွဲပြားနေကြဦးတော့မည်။

"ဤကား ကံမှဈာန်သို့တက်လမ်းတည်း"

# (ဂ) အမြင့်မှသည် အပွင့်ဆီသို့

* ဘုံအားလုံးတို့တွင် လူ့ဘုံသည် ဌာနစုံအကုန်သွားခွင့်ရသဖြင့် လမ်းဆုံတည်း။
* ဝါဒအားလုံးတို့တွင် ဗုဒ္ဓဝါဒသည် ဝဋ်လွတ်-ဝဋ်တွင်း နှစ်ခင်း ရသဖြင့် လမ်းဆုံတည်း။

အထက်၌ဆိုခဲ့ပြီး ဈာန်ဝင်စားနည်းများတွင်

(က) အာရမ္မဏူပဈာန်-ရှုနည်း-အာရုံငြိမ်သက်ရုံမျှ ရှုစားနည်းက တစ်မျိုး။

(ခ) လက္ခဏူပဈာန်-လက္ခဏာအသွင် ပီပီပြင်ပြင်ပေါ်လွင်သည် အထိ ရှုစားနည်းကတစ်မျိုး။

ဤသို့လျှင် လမ်းထားနှစ်မျိုးကွဲထွက်လာခဲ့သည်။ ထိုတွင်

(က) ပညတ်ထင် အာရုံသက်သက်မျှကိုလည်း ရှုနေမည်။

(ခ) ပြင်ပတစ်ဖက် အာရုံစဉ်အမျှင်သက်သက်ကိုချည်းလည်း ရှုနေမည်ဆိုက သမထသက်သက်ဖြစ်နေပြီး ကာမအာရုံတို့မှ လွှဲထွက်သာရုံရှိမည်။

ဈာန်လမ်းဖြင့်သာ လမ်းဆုံးမည်။ ဉာဏ်လမ်းထဲသို့ ချိုးမဝင်နိုင်။

မှတ်ချက်။ ။ ပညတ်အာရုံထင် (၂၈)မျိုးတို့သည် အနိစ္စ-ဒုက္ခ-အနတ္တအချက်များကို မြင်နိုင်ခွင့်မရှိသောကြောင့် ဉာဏ်လမ်းထဲသို့မဝင်နိုင်သည့်အပြင် ကသိဏ်း(၁၀)မျိုးတို့သည်သာ စတုတ္ထဈာန်(သုတ္တန်)အထိ တက်နိုင်၏။ ကြွင်းတို့ကား

(က) အသုဘ(၁၀)ပါးသည် ရန့်ရင်းသောကြောင့် ပထမဈာန်မျှ

ကိုသာ ကောင်းသောလည်း နည်းတူပင်။

(ခ) ဗြဟ္မာ့ဝိဟာရတရားလေးပါးတို့တွင် မေတ္တာ-ကရုဏာ-မုဒိတာ တို့ဖြင့် ပ-ဒု-တ ဈာန်အဆင့်ထိပွားပြီးမှ ဥပေက္ခာဖြင့် စတုတ္ထ ဈာန်သို့တက်ခွင့်ရသည်။

(ဂ) အာရုပ္ပ(၄)ပါးတွင် အာကာသပညတ် နတ္ထိဘောပညတ် လေးပါးလုံး စတုတ္ထဈာန်မျှသာ။

အာနာပါနနှင့်လေနိမိတ်ပညတ်တစ်ခုသာလျှင် စတုတ္ထဈာန်မှ တစ်ဆင့် မိမိခန္ဓာတွင်း ချဉ်းနင်းမိက ဝိပဿနာဘက်ကူးခဲ့နိုင်သည်။ သာသနာတွင်း-ပ နှစ်ဘက်ရပင်။

ထိုပညတ်အာရုံထင်များကဲ့သို့ပင် ပရမတ်များ၌လည်း

(က) ဗုဒ္ဓ-ဓမ္မ-သံဃတို့သည် အလွန်သိမ်မွေ့လှသော ပရမတ်မျိုး ဖြစ်နေခြင်းကြောင့်။

(ခ) သီလ-စာဂ-ဒေဝတာတို့သည်လည်း အလွန်သိမ်မွေ့လှသော ပရမတ်မျိုးဖြစ်နေခြင်းကြောင့်။

(ဂ) ဥပသမာခေါ် နိဗ္ဗာန်၏သဘောသည်လည်း အလွန်သိမ်မွေ့ နက်နဲသော ပရမတ်မျိုးဖြစ်နေခြင်းကြောင့်။

(ဃ) မရဏာနုဿတိသည်လည်း သေခြင်းသဘော၏ ဇီဝိတိန္ဒြေချုပ် မှုက နက်နဲသောကြောင့် အပ္ပနာခေါ် စတုတ္ထဈာန်အဆင့်ထိ မတက်ရောက်နိုင်။

(င) အဟာရေပဋိကူလသညာသည်လည်း စက်ဆုပ်ဖွယ်အဖြစ်သည် ကြမ်းတမ်းစွာထင်လာခြင်းကြောင့် ဥပစာရသမာဓိမျှဖြင့်ပင် ပြီးပြေ၏။

ထိုဆိုခဲ့ပြီးသည်မှတစ်ပါးသော-

စတုဓာတုဝ ဝတ္ထာန်နှင့် အာနာပါနနှစ်မျိုးတို့သည်သာ

၁။ မိမိ၏ကိုယ်တွင်း၌သာ အရှုတ္တကမ္မဋ္ဌာန်းဖြစ်နေသည်က တစ်ကြောင်း။

၂။ ရုပ်နာမ်ဖြစ်ပျက်၏ပရမတ်သက်သက်တို့ တစ်ခဲနက်ထင်မြင်နေသည်ကတစ်ကြောင်း။

ထိုအချက်များကြောင့် သမထစျာန်-ဝိပဿနာစျာန်နှစ်မျိုးစလုံးတို့နှင့် ဆက်ဆံကြသည်။ ဝိပဿနာ၏လက္ခဏူပစျာန်ဝင်စားနည်းဖြင့် ဉာဏ်ကုသိုလ်အမျိုးမျိုးသို့တိုင် တိုးဝင်နိုင်သည်။ ထိုစဉ် တစ်ယောက်တည်း တည့်အောင်ပေါင်း ထိုတစ်ယောက်ကောင်းများသည်ကား-

(က) သူပေးလူပေးဒုက္ခတို့မှဝေးသော်မှလည်း ကိုယ်ရကိုယ်ယူဒုက္ခပူများမှ မလွတ်ကြသေး။

(ခ) စျာန်အဟုန်ကုန်ကလည်း ဒုံရင်းဒုံရင်း အောက်အောက်ကျင်းပြန်ဆင်းကြရဦးမည်။

(ဂ) ကိလေသာအတွင်းထ ငြိမ်းချမ်းရေးရနေသော်မှလည်း အနုသယငုတ်ကား ပြုတ်မထွက်ကြသေး။

ဤသို့လျှင် စျာန်စဉ်နှင့် စျာန်ရှင်ဘဝတို့၏အဖြစ်ကိုမြင်လာသော သူတော်စွာများသည်

* ပြင်ပအလုပ် သူ့အဖြစ်ကို ရှုနေရာမှ
* မိမိအပြစ် မိမိခန္ဓာတွင်းရှိ ဖြစ်ပျက်နှစ်မျိုးတို့သို့ ပြောင်းလဲရှုရာ၏။

ထိုစဉ်အဖြစ်ကိုရှုလျက်က စိတ်သက်သာမှုရစေပြီး အပျက်ကိုရှုသိ၍ အပြစ်ကိုမြင်စေခြင်းတည်း။ ထိုသို့ မိမိအပြစ်လှစ်၍ မိမိကိုယ်

မိမိ မချစ်ခင်မစုံမက်စေပြီးနောက် မိမိအတွက် သူတစ်ပါးတို့ဘက်ကို လည်း မစုံမက်မနှစ်သက်လိုသောသူသည်

ဦးစွာ မိမိနှာသီးဝမှနေ ရုပ်နာမ်ဖြစ်ပျက် သဲလွန်စကို အကွက် ဖော်ရာ၏။ ထိုသို့ဖော်ရာ၌…

(က) အာရုံတစ်ခုတည်းတည်စေသော သမထနည်း၊

(ခ) ထိုတစ်ခုတည်းတည်အာရုံ၏ ဖြစ်ပျက်ကိုမြင်စေသော ဝိပဿ နာနည်း။

ထိုနည်းနှစ်မျိုးစလုံးလျှင် အသုံးပြုရမည်၊

* ဤနည်းဖြင့်ပင် အမှတ်နှင့်အသိ နှစ်ဘက်ညှိကာ စရဏ ဝိဇ္ဇာ အရာဝင်စေမည်။

* ဤနည်းဖြင့်ပင် အမှတ်နှင့်အသိကြား အတည်ထား၍ သိက္ခာ သုံးပါးပွားများမည်။

ထိုသိက္ခာသုံးဆင့်တို့တွင် -

၁။ အမှတ်မှအမှတ် မပြတ်ထပ်နေချိန်အတွင်း မဟာကုသိုလ်ကံ တရားများ ချဉ်းနင်းနေသည်။

၂။ မလှုပ်မယှက် မကလက်သောအချိန်တွင် ရူပ-အရူပ ကုသိုလ် ဈာန်တရားများ ဆင်းလာမည်။

၃။ ရုပ်နာမ်ချုပ်ပြတ် အငြိမ်းဓာတ်ထဲသို့ကူးဝင်ချိန် လောကုတ္တရာ ကုသိုလ် ဉာဏ်တရားများ ချဉ်းနင်းဝင်ရောက်လာကြပြီ။

ထိုအခါ

(က) ပထမအကြိမ်ချုပ်ပြတ်မှုထဲ၌ ဒိဋ္ဌိ-ဝိစိကိစ္ဆာ-သီလဗ္ဗတ-ပရာမာသသုံးပါးနှင့် ဣဿာမစ္ဆရိယ သံယောဇဉ်များပါ ပြတ် တောက်ပါသွားပြီ။ အရိယာတို့၏ ဉာဏ်အလျင်တွင်း ချဉ်းနင်း

လာပြီဖြစ်၍ သောတာပန်အမည်ရသွားပြီ။

(က) ရုပ်နာမ်ချုပ်ပြတ်မှုသည် နိရောဓ

(ခ) ရုပ်နာမ်ချုပ်ပြတ်ပုံသိမှုသည် မဂ်သိ

(ဂ) ချုပ်ပြတ်ပြီးနောက် အငြိမ်းဓာတ်-အအေးဓာတ် ဝင်ရောက်လာခြင်းသည် ဖိုလ်

မှတ်ချက်။ ။ နောက်နောက်မဂ်များ၌လည်းနည်းတူ သုံးချက်သေနှုန်းချည်းပင်။

(ခ) တစ်ဖန် မိမိခန္ဓာရှိ ရုပ်နာမ်ဖြစ်ပျက် ရှုလျက်ကပင် ဒုတိယအကြိမ် ထိုရုပ်နာမ်များ ချုပ်ပြတ်သွားပြန်တော့လျှင်ကား သကဒါဂါမ်အမည်ရပြီ။ ဤလူ့ဘုံသို့ နောက်နောင် တစ်ကြိမ်မျှသာ ပြန်လည်လာခွင့်ရှိသောကြောင့်။

(ဂ) တစ်ဖန် မိမိခန္ဓာရှိ ရုပ်နာမ်ဖြစ်ပျက်ရှုလျက်ကပင် တတိယအကြိမ်မြောက် ရုပ်နာမ်ချုပ်ပျောက် အငြိမ်းဓာတ်နယ်ပယ်ထဲသို့ ရောက်ရှိသွားပါမူကား ကာမရာဂ ဗျာပါဒနှစ်ပါးတို့ပါ လုံး၀ချုပ်ငြိမ်းသွားပြီဖြစ်၍ အနာဂါမ်-မဂ်-ဖိုလ် ပုဂ္ဂိုလ်ဆိုရပြီ။ ကာမအညှီမရှိတော့သဖြင့် ဤလူ့ဘုံ(နတ်ဘုံ)သို့ လုံး၀မလာတော့သောကြောင့်… ။

(ဃ) တစ်ဖန် မိမိခန္ဓာရှိ ရုပ်နာမ်ဖြစ်ပျက် ရှုသိလျက်ကပင် စတုတ္ထအကြိမ်မြောက် ရုပ်နာမ်ချုပ်ပျောက် အငြိမ်းဓာတ်ထဲ ရောက်သွားပါမူကား ဘ၀-ရာဂ-မာန အဝိဇ္ဇာတို့နှင့်တကွ ကြွင်းကိလေသာ သံယောဇဉ်အားလုံးတို့ပါ ပြတ်တောက်ပါသွားပြီဖြစ်၍ ရဟန္တာ(ဘုရား-ပစ္စေက) အမည်တော်များရသွားကြပြီ။ ရန်အားလုံးသတ်ပြီး၊ ဖြတ်ပြီးသားဖြစ်သွား၍ အများ၏

အပူဇော်ခံတော်မူထိုက်ကြပြီဖြစ်သောကြောင့်။ ၄င်းတို့ကို အစဉ်အတိုင်း ရေတွက်ပြရသော်

* ပထမ မဂ်စိတ်ကျစဉ်ရှိ ပုဂ္ဂိုလ်၏သိစိတ်သည် သောတာပတ္တိမဂ်စိတ်တည်း။ ထိုမဂ်ဇောနောက် ဖိုလ်ဇောကျရောက်စဉ်ရှိ ပုဂ္ဂိုလ်၏သိစိတ်သည် သောတာပတ္တိဖိုလ်စိတ်။
* ဒုတိယမဂ်စိတ်ကျစဉ်ရှိ ပုဂ္ဂိုလ်၏သိစိတ်သည်ကား သကဒါဂါမိမဂ်စိတ်တည်း။ ထိုမဂ်ဇောနောက် ဖိုလ်ဇောကျရောက်စဉ်ရှိ ပုဂ္ဂိုလ်၏စိတ် သိစိတ်သည်ကား သကဒါဂါမိဖိုလ်စိတ်။
* တတိယမဂ်စိတ်ကျစဉ်ရှိ ပုဂ္ဂိုလ်၏သိစိတ်သည်ကား အနာဂါမိမဂ်စိတ်တည်း။ ထိုမဂ်ဇောနောက် ဖိုလ်ဇောကျရောက်စဉ်ရှိ ပုဂ္ဂိုလ်၏သိစိတ်သည်ကား အနာဂါမိဖိုလ်စိတ်။
* စတုတ္ထမဂ်စိတ်ကျစဉ်ရှိ ပုဂ္ဂိုလ်၏သိစိတ်သည်ကား အရဟတ္တမဂ်စိတ်တည်း။ ထိုမဂ်ဇောနောက် ဖိုလ်ဇောကျရောက်စဉ်ရှိ ပုဂ္ဂိုလ်၏သိစိတ်သည်ကား အရဟတ္တဖိုလ်စိတ်။ ဤသို့လျှင် သိစိတ်လေးမျိုး အကျိုးလေးတွဲကို အစွဲပြုလျက်က မဂ်ရ-ဖိုလ်ရ ပုဂ္ဂိုလ်လေးတွဲ ရှစ်ယောက်ဟူ၍ ဆိုရသည်။ စိတ်ကပ်ကိလေသာတို့ကို ခွာချပေးခြင်းများတည်း။

မှတ်ချက်။ ။ အစွဲသည် အပါယစွဲ-ကာမစွဲ-ဘဝစွဲဟူ၍ သုံးမျိုး။ ထိုသုံးမျိုးတို့တွင်လည်း တစ်မျိုးတစ်မျိုးလျှင် ဝီတိက္ကမ-ပရိယုဋ္ဌာန-အနုသယဟူ၍ပင် ကိလေသာအိုးကလည်း သုံးခုဖြစ်ခြင်းကြောင့် အကျင့်သိက္ခာများကလည်းသုံးဆင့်၊ မဂ်က လည်း သုံးဆင့် (ပ-ဒုမဂ်ကား သီလအရာ၊ တ-ကား သမာဓိ၊ စ-ကား ပညာဟူ၍) ထားရသည်။ ထို့ထက်လည်း အပိုမရှိ၊ ထို့အောက်လည်း မလျော့။

နတ်တလူစာစဉ်

တစ်ဖန် သမထယာနိကရှင် ဈာန်ရဖြစ်စေ၊ ဝိပဿနာယာနိက ရှင် ဈာန်မရဖြစ်စေ၊ ရှုမှတ်နေကျ သိက္ခာသုံးပါးတို့၏ အတွင်းဝယ် ဈာန်စိတ်များလည်း ပါပြီးဖြစ်နေချေတော့ရာ သင်္ခါရုပက္ခာဉာဏ်သို့ ရောက်သော် စတုတ္ထဈာန်(သုတ္တန်)အဆင့်နှင့် ညီနေပြီ။ တစ်ဖန် ထို ဈာန်စိတ်များဖြင့်ပင် မဂ် ဖိုလ်သို့ဝင်ရောက်ကြသည်ဖြစ်ရကား လောကုတ္တရာ စိတ်ကိုရေတွက်ပြရာ၌ ဈာန်အင်္ဂါများပါ တွဲဖက်ပြ ရသည်။ သို့ကြောင့် မဂ်-ဖိုလ် လေးဆင့်တို့ကို ဈာန်အင်္ဂါငါးဆင့်တို့ ဖြင့်မြှောက်၍ လောကုတ္တရာစိတ်များလည်း လေးဆယ်ဖြစ်လာကြရ သည်။ ထိုတွင် ဈာန်မှအထ မဂ်သို့အကူးရှိ ဝုဋ္ဌာနဂါမိနိစိတ်သည်

(က) ရှုမှတ်မှု ဝိတက်-ဝိစာရတို့နှင့်အတူ ဖြစ်နေသော ပထမဈာန် ဖြင့်ဝင်သော သောတာပန်။

(ခ) ရှုမှတ်မှုအထူးမပြုရဘဲ ပီတိပဿဒ္ဓိစိတ်နှင့် အတူဖြစ်နေခဲ့သော် ဒုတိယဈာန်ဖြင့်ဝင်သော သောတာပန်။

(ဂ) နူးညံ့သိမ်မွေ့လှသော သုခ-ဧကဂ္ဂတာနှစ်ပါးနှင့်သာ ဖြစ်ခဲ့ သော် တတိယဈာန်ဖြင့်ဝင်သော သောတာပန်။

(ဃ) သုခပင်မဖြစ်ပေါ်တော့ဘဲ ဖြစ်ပျက်မြင် သဘောမျှ သက်သက် နှင့်သာဖြစ်ခဲ့သော် စတုတ္ထဈာန်ဖြင့်ဝင်သော သောတာပန်။

ဤသို့ ဝိတက်-ဝိစာရနှစ်မျိုးခွဲ၍ လေးမျိုး-ငါးထွေ(မဂ်-ဝင် ရာ၌) ကွဲပြားနေသောကြောင့် သောတာပတ္တိမဂ်-ပုဂ္ဂိုလ်ငါးမျိုး၊ ဖိုလ်-ပုဂ္ဂိုလ်ငါးမျိုး ပေါင်းတစ်ဆယ်။ သည့်အတူ သကဒါဂါမ်-၁၀၊ အနာဂါမ်-၁၀၊ ရဟန္တာ-၁၀။ ပေါင်း မဂ်ရ-ဖိုလ်ဝင် ပုဂ္ဂိုလ်များလည်း လေးဆယ်ဖြစ်ရသည်။ မဂ်ကြောင့်ကိလေသာပြတ်ကျမှုကား တစ် ကြိမ်စီသာ အသီလည်း တစ်မျိုးတည်းသာ။ မည်သည့်မဂ်စိတ်မဟု

ပြတ်တောက်မှုကို သိပိုင်ခြင်းတစ်မျိုးမျှသာ… ။

အထက်ပါ မဂ်ရ ဖိုလ်ရ ပုဂ္ဂိုလ်လေးဦးတို့တွင်

* သောတာပန်ပုဂ္ဂိုလ်သည် အပါယထောင်တံခါးများကိုပွင့်စေပြီး ထိုမှလွတ်ရာသို့ ထွက်နိုင်သည်။
* သက-အနာဂါမ်များသည် ကာမထောင်တံခါးများကို ပွင့်စေပြီး ထိုမှလွတ်ရာသို့ ထွက်နိုင်သည်။
* အရဟတ်ပုဂ္ဂိုလ်များသည် ဘဝထောင်အားလုံးကိုပွင့်စေပြီး ထိုမှလွတ်ရာသို့ထွက်နိုင်သည်။

၄င်းတို့သည် မည်သည့်ကာလမျှ ထိုထောင်များအသီးသီးအတွင်း မဝင်မရောက်ကြချေပြီ။ သိရုံမျှစိတ်ကလေး သိရုံမျှအဖြစ်သို့ ပြန်လည်ရောက်သွားတော့ခြင်းများကြောင့်တည်း။

## စာရင်းရှင်း ချင်းချင်းအုပ်စုဖွဲ့ကြစို့

စိတ်သည် သိဆိုသော အရာမှတစ်ပါး အခြားသူသတ္တဝါမရှိကြောင်း ပြောခဲ့ပြီးပြီ။

* အဆင်းပြအာရုံကလာတိုက်လျှင် မြင်သိဖြင့် မြင်မြင်ရုံမျှပြီး၏။ ပြီး… ပျောက်၏။
* အသံလွှင့်အာရုံက နားလာတိုက်လျှင်လည်း ကြားသိဖြင့်ပင် ကြား-ကြားရုံမျှပြီး၏။ ထို့ထက်မပို။

သည့်အတူ၊ အနံ့၊ အရသာ၊ အတွေ့များက သူ့ဆိုင်ရာတံခါးပေါက် လာရောက်ထိတွေ့ကြစဉ်များတွင်လည်း တွေ့-တွေ့ရုံမျှဖြင့် သူ့ကိစ္စပြီးစီးသွားတော့သည်။

တစ်ဖန် အတွင်းရှိ မနောတံခါးဆီသို့ ပြန်ပငါးဌာနတို့၏ သဘာဝအရိပ်အငွေ့များလာရောက် အရှိန်ဟပ်စဉ်၌လည်း သိ-သိရုံမျှဖြင့် သူ့ကိစ္စကပြီးစီးသည်။

သို့သော်

ထိုသို့သော်ကား အဖြူရောင်၊ ထိုသိစိတ်ကလေး အရောင်ဆိုးခံနေကြရခြင်းပင်တည်း။

(က) အာရုံလှိုင်းသက်များသည် တစ်ဖက်စိတ်ကို ညို့ဆွဲ-ဆွဲရာ၌ ပိရိထိမိသည်။

( ခ ) စိတ်မှီ-ကပ်တွန်းဝေဒနာ စေတသိက်ကလည်း ချဲ့ကားပြသပေးရာ၌ အငွေ့က အတွေ့ပမာ အထင်မှားစရာပင်။

( ဂ ) စိတ်မှီ-သညာစေတသိက်ကလည်း မရှိ-အရှိလုပ်ပြရာ၌ တိကျသေချာလှသည်။

(ဃ) စိတ်မှီ-စေတနာနှင့်တကွသော ကျန်သင်္ခါရဝင်စေတသိက်များကလည်း တစ်ဖက်နှင့်တစ်ဖက် ဆက်သွယ်ပေးရာ၌ ပါရဂူမြောက်လှသည်။

၄င်းတို့လက်တွင်း သက်ဆင်းရောက်ရှိနေသော သိစိတ်ကလေးခမျာမှာမူကား ပညတ်အမည်မှည့် အမှားသိအဖြစ်ဖြင့် နွံနစ်ခဲ့ရရှာပြီ။

ထိုသိစိတ်ကလေး

၁။ မောဟ အဟိရိက အနောတပ္ပ ဥဒ္ဒစ္စ(ဝိစိကိစ္ဆာ)များနှင့် လောဘ-ဒိဋ္ဌိ-မာန(ထိနမိဒ္ဓ) တို့စုပေါင်း၍ အစည်းရုံးခံလိုက်ရလေသောအခါ ကြိုက်စိတ်ရှစ်မျိုးတို့ တိုးဝင်လာကြပြီ။

၂။ မောဟအဟိရိက အနောတပ္ပ ဥဒ္ဓစ္စ(ဝိစိကိစ္ဆာ)များနှင့် ဒေါသ-လ္လဿာ-မစ္ဆရိယ-ကုက္ကုစ္စတို့ရောမွှေပေးလိုက်သောအခါတွင်ကား မုန်းစိတ်နှစ်ပါးကိုပါ ဖွားမြင်ပေးခဲ့ရရှာချေပြီ။

၃။ ဝိစိကိစ္ဆာ ဥဒ္ဓစ္စနှစ်ပါးတို့က မောဟချည်းသက်သက်ဖြင့် ထိုသိစိတ်ကလေးကို နှိပ်စက်ကြလေသောအခါ တွေစိတ်နှင့် တွေးစိတ်(ပြေးစိတ်) နှစ်ပါးတို့ကိုလည်း ဖွားမြင်ပေးခဲ့ရပြန်ပါပြီ။

ထိုမှနောက် ထိုသိစိတ်ကလေး မိတ်ကောင်းကို အမှီရသဖြင့် အကြောင်းနှင့် အကျိုးကိုလည်းကောင်း၊ အကောင်းနှင့်အဆိုးကိုလည်းကောင်း ချိန်ဆခြင်း-ခွဲခြမ်းဝေဖန်ခြင်း အသိရှိလာလေသောအခါ-

၁။ မဟာကုသိုလ်စိတ်ရှစ်ပါး ဖွားမြင်ရန်အတွက် ထိုစိတ်ကလေးအား စေတသိက်ပေါင်း အညသမာန်း ၁၃၊ ကုသိုလ်ဖြစ်စေတသိက် ၁၉၊ ပညာပေါင်း (၃၃) ပါးတို့က လက်သည်လုပ်ပေးကြရပြန်သည်။

၂။ မဟဂ္ဂုတ်ကုသိုလ်စိတ်ကိုးပါး ဖွားမြင်ရန်အတွက်ကိုကား သဒ္ဓါ၊ သတိ၊ ဝီရိယ စသည် ဗောဓိပက္ခိယ (၁၄)ပါးတို့က ထိုစိတ်ကလေးအတွင်းသို့ဝင်၍ ဈာန်စိတ်များကို ထားပေးကြရပြန်ပါသည်။

၃။ လောကုတ္တရာကုသိုလ်စိတ်လေးပါး(နှစ်ဆယ်)ဖွားမြင်ရန်အတွက်ကိုလည်း ယင်းသဒ္ဓါ စသည့် ဗောဓိပက္ခိယ (၁၄)ပါးတို့ကပင် ထိုစိတ်ကလေးအတွင်းသို့ ဝင်ကြကာ ဉာဏ်စိတ်(ဈာန်စိတ်)များကို ထားပေးကြရပြန်ပါသည်။

နတ်တလူစာစဉ်

ထိုမှတစ်ပါး ကုသိုလ်ဖြစ်-အကုသိုလ်ဖြစ် အကြောင်းခံများ ကင်းရှင်းသော (ဇောအထိမရောက်သေးသော) မြင်သိစသည်ဆယ်မျိုး၊ အာရုံသို့ငုံ့မျှော်ခြင်းနှစ်မျိုး၊ အာရုံပေါ်သို့ သက်ရောက်သွားခြင်း သုံးမျိုး၊ ဆင်ခြင်စိတ်နှစ်မျိုး၊ ရယ်ခြင်းတစ်မျိုး၊ ပေါင်း (၁၈)မျိုးသောစိတ်တို့ကိုလည်း ထိုကုသိုလ်-အကုသိုလ်ဖြစ် စေတသိက်များကပင် မြှောက်စားပေးထားကြပြန်ပါသေးသည်။

၎င်းတို့ကိုကား အဟိတ်စိတ်(အကြောင်းမဲ့)အမည်တွင်စေပြီး ရှေးရှေးအကုသိုလ်-ကုသိုလ်များ၏အကျိုးပေးခွင့်လမ်းရှိ၍ အမှုအရာပြရာနေရာများရှိ မြင်-သိ စသည် ငါးတွဲဆယ်မျိုးတို့ကိုကား ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ခေါ်သည်။ တစ်ဖန် အာရုံငုံ့သမ္ပဋိစ္ဆိုင်းကလည်း ကု-အကုအရနှစ်မျိုး၊ အာရုံတက် သန္တီရဏများကလည်း ကုသိုလ်၌သောမနဿဥပေက္ခာနှစ်မျိုး၊ အကုသိုလ်၌ ဥပေက္ခာတစ်မျိုး ပေါင်းသုံးမျိုး။ တစ်ဖန် ပြင်ပအာရုံဆင်ခြင်မှု၊ အတွင်းအာရုံဆင်ခြင်မှု (ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်း) တစ်မျိုးစီ၊ ဟသိတုပ္ပါဒ်ခေါ် ရယ်မှုကဖြစ်စေသည်က တစ်မျိုး၊ နောင်အတွက် အကြောင်းခံ ပြန်မဖြစ်တော့ဘဲယူ၍ အမှုအရာမှာ အကျိုးရဖြစ်သော ထိုအဟိတ်တို့ကား ပေါင်း (၁၈)မျိုးတည်း။ ၎င်းတို့လည်း စေတနာဦးစီးသော လက်ရှိစိတ်မှီသင်္ခါရစေတသိက်များ၏လက်ချက်နှင့်မကင်း။

အားလုံးပေါင်းသော် သိဆိုသောအရာလေးတစ်ခုတည်းမှပင်။

(က) အကုသိုလ်၌ တစ်ဆယ့်နှစ်မျိုးတို့ဖြင့်လည်း အသိလုပ်ပေးနေရရှာသည်။

( ခ ) ကာမကုသိုလ်၌ရှစ်မျိုးနှင့် ဝိပါတ်ကြိယာ ရှစ်မျိုးစီအတူပေါင်းကာ နှစ်ဆယ့်လေးမျိုးတို့ဖြင့်လည်း အသိလုပ်ပေးနေကြရရှာ

သည်။

(ဂ) မဟာဂ္ဂုတ်ကုသိုလ်၌ကိုးမျိုးနှင့် နောက်ပါအကျိုးဝိပါတ် အကျိုးလွတ် ကြိယာကိုးမျိုးစီနှင့်ပေါင်း နှစ်ဆယ့်ခုနစ်မျိုးတို့ဖြင့်လည်း အသိလုပ်ပေးနေရရှာသည်။

(ဃ) လောကုတ္တရာကုသိုလ်၌လည်း မဂ်လေးမျိုးနှင့် နောက်ပါဖိုလ်အကျိုးလေးပါး တစ်ဖန် ဈာန်ငါးမျိုးစီနှင့်ပေါင်း မဂ်နှစ်ဆယ်၊ ဖိုလ်နှစ်ဆယ်မျှတို့ဖြင့်လည်း သိသိပေးနေရရှာပါသည်။

(င) ထိုမှတစ်ပါး အကြောင်းမဲ့ ကုသိုလ်အကျိုးရ-ရှစ်၊ အကုသိုလ်အကျိုးရ-ခုနစ်၊ ကြိယာအမူအရာပြမျှကား-သုံး ပေါင်း (၁၈) မျိုးတို့ဖြင့်လည်း အသိလုပ်ပေးနေရရှာပါသေးသည်။ ထိုသိရုံမျှစိတ်ကလေးမှ ချဲ့လာသည်များကို အားလုံးပေါင်းသော် အကျဉ်းရှစ်ဆယ့်ကိုး၊ အကျယ်တစ်ရာနှစ်ဆယ့်တစ် အထိ သိစိတ်တို့ကွဲပြဲလာရချေတော့သည်။

တစ်ဖန် ထိုအသိများကိုလျှင်-

၁။ သိ-သိ-သိ ဟူသော ဖြစ်စဉ်တစ်ပြင်တည်းဖြစ်နေ၍ ဝိညာဏက္ခန္ဓာအဖြစ် ဖွဲ့စည်းမည်။

၂။ ခံစားမှုဝေဒနာကလည်း ခံစားမှုတစ်ပြင်တည်းဖြစ်၍ဝေဒနက္ခန္ဓာအဖြစ် ဖွဲ့စည်းမည်။

၃။ မှတ်သားမှုသညာကလည်း တစ်စပ်တည်း၊ တစ်ပြင်တည်းဖြစ်နေ၍ သညက္ခန္ဓာအဖြစ် ဖွဲ့စည်းမည်။

၄။ ကြွင်းစေတနာဦးစီးသော စေတသိက် ၅၀ တို့ကလည်း တစ်ပြင်တည်းဖြစ်နေ၍ သင်္ခါရက္ခန္ဓာအဖြစ် ဖွဲ့စည်းမည်။ သို့ကြောင့် ထို သိ-မှပင် နာမ်ခန္ဓာစုလေးစု ပေါ်ပေါက်လာရ

သည်။

**မှတ်ချက်။** ။ သိဟူသော စိတ်အစဉ်သည် မြစ်ရေအလျဉ်ပမာ ရှေ့-နောက် တစ်စပ်တည်း တစ်ပြင်တည်း ဖြစ်ပွားနေတော့သဖြင့် ထိုစိတ်ကိုမှီ၍ ထိုစိတ်အား ကြိုးကိုင်ပေးလျက်ရှိသော ဝေဒနာစသည့် စေတသိက် ၅၂ ပါး၊ မည်သည့်စေတသိက်ပူးဝင်လာစေ သိဆိုသော ထိုစိတ်၏ တစ်စပ်တည်း၊ တစ်ပြင်တည်းထဲရောပါသွားကြမည်။

သို့ကြောင့် ၄င်းစေတသိက်များလည်း စိတ်နည်းတူ ခန္ဓာအမည်ရယူကြရသည်။ သည့်အတူ···

ထိုစေတသိက်တို့ ခိုင်းစားနေသော သိစိတ်ကလေး၏ မှီရာကိုယ်ကာယခေါ် ရုပ်ကြီးသည်လည်း ကံစိတ်တို့၏ဆွဲငင်အား ဥတု၊ အဟာရတို့၏ရွေ့လျားအားများနှင့်အတူ ဖောက်ဖောက်ပြားပြားဖြင့်ပင် တစ်စပ်တည်း-တစ်ပြင်တည်းဖြင့်ပင် ရှေ့ပျက်-နောက်ဝင်၊တစ်ဖန်နောက်ဝင်-ရှေ့ပျက် အပျက်က အပျက်ဆက်လျက်ကို နောက်၌တွေ့ကြရပေဦးမည်။ ယင်းကိုလည်း တစ်အုပ်စုဖွဲ့စည်းပေးကာ ထိုစိတ်မှီများက ခိုင်းစားကြဦးမည်။ ဤမျှဆို သင့်ခန္ဓာ ဖြစ်စဉ်အကြောင်းသင်ကောင်းကောင်းကြီး သဘောပေါက်လောက်ပြီ။

# (ဃ) မြောက်ပင့်တိုင်းလှုပ် ဤသည့်ရုပ်
## ရုပ်သေးပမာသာ

ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ
ကေန ရုပ္ပတိ
သီတေနပိ ရုပ္ပတိ ဥဏှေနပိ ရုပ္ပတိ
ဇိဃစ္ဆာယပိ ရုပ္ပတိ ပိပါသာယပိ ရုပ္ပတိ
ဍံသမကသ ဝါတာတပ သရီသပ သမ္ဖဿေနပိ ရုပ္ပတိ

ရဟန်းတို့ -

အတိုက်ခံထား ဓာတ်လေးပါးတို့ဖြင့် ဖွဲ့စည်းထားသော ဤသဘာဝတရားကြီးသည်ကား စင်စစ်မသွေဖောက်ဖောက်ပြန်ပြန် ရှိတတ်လှချေ၏။

ဤသို့လျှင် ဖောက်ခြေဝင်တတ်သောကြောင့်ပင် ထိုသဘာဝတရားကြီးကို ရုပ်ဟူ၍ ငါဘုရား ပညတ်တော်မူခဲ့ပါချေ၏။

ရဟန်းတို့-

ထိုသဘာဝတရားကြီးသည် အဘယ်သို့သောအကြောင်းကြောင့် ဖောက်ပြားနေရပါသနည်း။ ဤသို့ ကြံတွေး သင်တို့ဘက်က မေးခဲ့သည်ရှိသော်..

* အအေးကလိုက် သူ့ကိုတိုက်က ခိုက်ခိုက်တုန်ကာ ပျက်စီးတတ်လှစွာတကား။
* အပူကငှေ့ သူကိုတွေ့လည်း ဆွေ့ဆွေ့ခုန်ကာ ပျက်စီးတတ်လှစွာတကား။
* အစာမသိုသိပ် သူ့ဘေးချိတ်ကလည်း မွတ်သိပ်ဆာလောင်

ပျက်စီးယောင် ပြတတ်လှစွာတကား။

* အစာထည့်သွင်း သူ့ကိုချဉ်းလည်း ပူတင်းပြည့်လျှောင် ပျက်စီးယောင် ပြတတ်လေစွာ့တကား။

ထိုမှတစ်ပါး သူများလက်ချက် သူ့ပတ်သက်သည့် မှက် ခြင် ယင် လေ နေပူကင်းသမ်း အတွေ့ဆန်းတို့ အကြမ်းတစ်ဖုံ နုတစ်ဖုံ ဖြင့် ဘယ်ပုံဘယ်နည်း လာခိုမှီးလည်း ပျက်စီးမလွတ် ယွင်းယွင်းချွတ် ပင်တကား။

## ပန်းပုဆရာ၏စိတ်မှဖြစ်သော အရုပ်များ

ယမနေသား မြေပေါက်သစ်မာများသည်ကား-

တောနှင့်တောင်များ၏ သဘာဝတို့အကြား ဥတုကိုမှီ မြေဆီ ကိုစား လုံးထည်ကြီးထွားလျက်က သူ့သဘာဝ သူ့အလေ့ကျအတိုင်း အစီအရီပေါက်လျက်ကသာ··· ထိုစဉ်···

ပန်းပုထုအတတ်ပညာဖြင့် ဝမ်းစာရှာရသော စိတ်ကူးထည့် ပန်းပုထုသမားသည် ထိုတော ထိုတောင်ကြားသို့ ရောက်ရှိသွားချေ ရာ အသားမာ၊ အနှာကင်း ဖြောင့်စင်းနေသော အပင်များကိုလည်း ကောင်း၊ အသားပျော့ပွအနှာကင်းပသော ဖြောင့်စင်းစင်းများကို လည်း ကောင်း ရွေးဆည်ခုတ်လှဲကာ အရုပ်များကိုထုရန်အတွက် လျာထွာ၏။

* အချို့အသားပျော့ အကာများ အသားကိုကား ငါးရုပ်၊ ငှက်ဝံပို ရုပ်များအတွက် စုဆောင်း၏။ လျာထွာ၏။

* အချို့အသားပျော့၊ အနှစ်နည်းအသားချည်းကိုကား ကျားရုပ်

ဆင်ရုပ်များအတွက် စု၏၊ လျာ၏။

အချို့ သည့်ထက်ကြီးပြီး အကာနည်းအသားများကိုကား ဘီလူး၊ မျောက်၊ ဇော်ဂျီအတွက် စု၏။ လျာ၏။

ထိုမှနောက် သေချာပေါက်ကောင်း မာရှည်လျား အကြီးစားများကိုကား မင်းသမီးရုပ်၊ မင်းသားရုပ်များမှသည် ဝန်ရုပ်၊ နတ်သကြားရုပ်များအထိ ရုပ်စုံအကုန် ပွဲကပြနိုင်ပုံအထိ စုံတကာစိအားလုံးပြည့်ထုလုပ်ရန် စုဆောင်းခဲ့၏။ လျာထွာထားလိုက်၏။

ထိုပန်းပုဆရာအိမ်သို့ ရောက်လေသောအခါ တပည့်များစွာနှင့်အတူ ငါးရုပ်၊ ဝန်လိုရုပ်မှသည် ဇာတ်ဝင်တစ်စင်စာရုပ်အားလုံး (၂၈/ရုပ်ပြည့်) ထုလုပ်စေတော့၏။ တစ်ဆက်တည်း ကကွက်နှင့်အညီ ခြေထိုးလက်ချိုးသာရန်လည်း အချိုးအဆစ်များ ပြုလုပ်ပေးထား၏။

* ခြေများ၌ ခြေချောင်း၊ ဖဝါး၊ ခြေကျင်းဝတ်၊ ဒူးပေါင် စသည်များ၌ တွေဆက်-ဆက်။
* လက်များ၌ လက်ချောင်း၊ ဖဝါး၊ လက်ကောက်ဝတ်၊ တတောင်၊ မောင်းရင်းများ၌ တွေဆက်-ဆက်။
* တစ်ကိုယ်လုံး၌ ခါးဆစ်၊ ကျောရိုး၊ ကုတ်၊ လည်၊ မေး၊ အုတ်ဆက်၊ သွား စသည်များ၌လည်း တွေဆက်-ဆက်။

ဤသို့လျှင် အဆက်အဆက်လည်းထားပေး၏။ ထိုအားလုံးလိုသလိုလှည့်သာစေရန် တွေလျက်-တွေလျက်ချည်းလည်း ပြုလုပ်ပေးထား၏။

တစ်ဆက်တည်းပင် ထိုအရုပ်များ သူ့ပုံနှင့်သူ အစုံအစုံပေါ်လွင်လာသောအခါတွင်မူကား သူ့ဆိုင်ရာ ကကွက်များအတိုင်း ပွဲတိုး

နိုင်ရန် ကကြိုးများကိုလည်း အဆက်တိုင်း အဆက်တိုင်းတို့၌ တပ်ဆင်ပေးထားလိုက်သေး၏။ တိရစ္ဆာန်၊ လူ၊ ယောကျ်ား၊ မိန်းမ ကွဲပြားစေရန်လည်း အရောင်အမျိုးမျိုးဆိုးပေးထားလိုက်သေး၏။ တစ်ဖန် အဝတ်အစား ပါ-မပါ၊ ပါပြန်ကလည်း အဆင်အနုအရင့်များဖြင့်လည်းတစ်မျိုး ခွဲခြားပေးထားလိုက်သေး၏။ အားလုံးပြီးစီးလေသော အခါ ရောင်းကုန်အဖြစ် ဘန်းတင်ချိတ်ဆွဲကာ ပြသထားလိုက်ပြီ။

ဇာတ်ထုတ်ပြ၍ ကလိုသူများ ကပြစားကြရန်အတွက်ကိုတည်း။ စိတ်ကူးကောင်းပြီး ဇာတ်ထုပ်အားလုံးနှင့် ဟပ်မိအောင် ယုယုပ်ထားသဖြင့် တတ်လည်းတတ်နိုင်သော ပန်းပုဆရာပါပေ။

## အကုသိုလ်ခေတ် လူမဖြစ် နစ်မြဲနစ်မည်သာ

အကြောင်းနှင့်အကျိုး ထိုးထိုးထွင်းထွင်း ခွဲသိခြင်းသည် လူ။
အကျိုးနှင့်အပြစ် စီစီစစ်စစ် ခွဲသိခြင်းသည် လူ။
ထိုလူသားမျိုးကို…

မသိစိတ် အဝိဇ္ဇာသဘာဝတရားက ဖန်တီးမပေးနိုင်။ လိုတစ်မျိုး မလိုတစ်မျိုး သဘာဝတရားနှစ်မျိုးတို့ကလည်း ဖန်တီးမပေးနိုင်။

စင်စစ် ထိုသဘာဝတရားသုံးပါးတို့ကို ပြောင်းပြန်လှန်ရာမှ ဖြစ်သော ဒါန သီလခေါ်

(က) ငါကောင်းစားရေးများမှသည် သူတစ်ပါးများလည်း ကောင်းစားရေးသို့လည်းကောင်း အားလွဲရာသီလ။

**နတ်တလူစာစဉ်**

(ခ) ငါ့ဘို့သိမ်းပိုက်ထားရာမှသည် သူ့ဘို့ဝေငှပေးကမ်းခြင်းသို့လည်းကောင်း အားလွဲရာဒါန။

ထိုသဘာဝတရားများကသာ လူကိုပေါက်ဖွားပေးနိုင်ကြမည်။

၎င်းတို့ကား

ကိုယ်ချင်းစာစိတ် တိုးပွားစေသောသီလ၊ တန်းတူထားစိတ်ထက်သန်စေသော ဒါနများပင်တည်း။

ထိုလူ့အဖြစ်၌လည်း

(က) လူဖြစ်စေရုံမျှသော ဒါန၊ သီလမျိုးစေ့များက တစ်ပိုင်း။

(ခ) လူသိ-သိစေသည်အထိသော ဒါန၊ သီလမျိုးစေ့များက တစ်ပိုင်း။

ဤသို့လျှင် နှစ်မျိုးနှစ်စားခွဲခြားထားသင့်သေး၏။ ထိုတွင်

အဝိဇ္ဇာ-တဏှာနှင့် တန်ပြန်ဒေါသအမှားများ သောင်းကျန်းလျက်ကပင် ၎င်းတို့အခြံအရံများစွာဖြင့် ပြုကျင့်ခွင့်ရသော ဒါန၊ သီလမျိုးများသည် သုဂတိအဟိတ်အမည်ရသော လူဖြစ်ရုံမျှ လူ့ဘဝသို့တွန်းပို့ပေးကြမည်။ တိရစ္ဆာန်ဘဝမှနေ လူ့ဘဝသို့ အစဘဝလာရောက်ခွင့်ရခြင်းသည် ယင်းအမျိုးအစားများမှပင်တည်း။

တိရစ္ဆာန်တို့တွင်

မိဘမဲ့ အညှီမှီဘဝများမှသည် ဘဝအတွေ့အကြုံများအရအဆင့်ဆင့် ရင့်ကျက်လာကြလေသောအခါ အချို့ ဥခွံအောင်း၊ အချို့အမိဝမ်းအောင်း အကြီးစား၊ အလတ်စား ဘဝမျိုး တိုးတက်ဖြစ်ခွင့်ရလာကြသည်။

ထိုအခါမျိုးများဝယ်

မိမိက သားသမီးများနေရာမှနေ တစ်ဖက်က မိဘနေရာဖြင့်

လည်း ကျေးဇူးစား၊ ကျေးဇူးခံများ ရှိလာနေကြလေပြီ။

* တစ်ဖန် မိမိက မိဘနေရာများမှနေ တစ်ဖက်က သားသမီးများအဖြစ်ဖြင့်လည်း ကျေးဇူးစား၊ ကျေးဇူးခံများလည်း ရှိလာကုန်ကြလေပြီ။
* မိမိမှ သူတစ်ပါးသို့ကောင်းစားစေလို ချမ်းသာစေလိုသော သူကောင်းပြုစေတနာများ ထွန်းကားစပြုလာကြပြီဆိုက မမှားတန်ရာပြီ။ သူတစ်ပါးများလည်းနည်းတူ ထိုစေတနာများသည်ကား
* တိရစ္ဆာန်မှလူဖြစ်ရန် မူလဘူတအကြောင်းခံအမှန်တည်း။
* အောက်တန်းသွားဘဝမှ အထက်တန်းစားဘဝ ရရန်၏ အကြောင်းခံအမှန်တည်း။

ကမ္ဘာဦးအယူအဆတို့တွင် လူသည် မျောက်မှပင် ဆင်းသက်လာသည်ဟူသော အယူလည်းပါ၏။ ထိုအယူအတိုင်းသာ မှန်ကန်ခဲ့ပါလျှင် ယနေ့လက်ရှိမျောက်များသည်လည်း မျောက်ကြီးလျှင် အမြီးကုံး လူ့ဘဝလုံးလုံးဖြစ်လာသင့်၏။ ဖြစ်မလာချေပြီ။ နိယာမတို့တွင်ဇများလည်း နိယာမတစ်ခုအပါအဝင်ဆိုသည်ကို သတိပြု။

လူသည် ကောင်းမှုမှဖြစ်သည်ဟူသော အယူကိုသာ လက်ခံပါလျှင်ကား မည်သည့်သတ္တဝါမဟူ (ကောင်းမှုမျိုးစေ့မြုပ်နှံထားရှိက) တစ်ချိန်ချိန် လူ့ဘဝရောက်ကြရမည်သာ။ မည်သည့်ဘုံဘဝရောက်နေနေ ကံလှည့်ကြုံက လူ့ပြေ(ပြည်)ခြေချနိုင်မည်သာ။

တစ်ဖန် လူ့ဘဝအတွက် ထိုအထောက်အပံ့ ကောင်းမှုမျှဖြင့် မလုံလောက်သေး။ ဘဝသည် ဥပါဒါန်ကိုမှီ၏။ ဥပါဒါန်ကား တဏှာကိုမှီ၏။ ယင်းတဏှာကလည်း ဝေဒနာ၊ ဖဿ၊ အကြည်ဓာတ်ခံ

ခြောက်မျိုးတို့နှင့်တကွ နာမ်ရုပ်၊ ဝိညာဉ် စသည် စသည်များကို မိရပြန်၏။ ထိုကွင်းဆက်မကင်းသော အကြောင်းရင်းများကို စပေါင်းလိုက်လျှင် တိရစ္ဆာန်ဘဝ တိရစ္ဆာန်လောကမှနေ လူ့လောကထဲသို့ လမ်းခွဲကာ ဝင်ရောက်လာနိုင်သူသည်

(က) လူများနှင့်ထိတွေ့ဆက်ဆံဖူးသူဖြစ်ခြင်း၊

(ခ) သူတစ်ပါးကောင်းကျိုး တစ်မျိုးမဟုတ် တစ်မျိုးပြုကျင့်ထားဖူးခြင်း၊

(ဂ) သေခါနီးဆဲဆဲ လူစွဲ စွဲလန်းသွားတော့ခြင်း။

ထိုအချက်များနှင့်ပြည့်စုံလျှင် မည်သည့်သတ္တဝါမဆို လူဖြစ်ခွင့်ရှိစေနိုင်သည်ချည်းသာ။ လူဖြစ်လိုသော တိရစ္ဆာန်များ မျောက်ဘဝ လမ်းချိုးထဲသို့ တမင်ချိုးကွေ့နေစရာမလိုတော့ပြီ။

တစ်ဖန် လူမှနေ တိရစ္ဆာန်ပြန်ဖြစ်လိုသော်

အထက်ပါအချက်များကို ပြောင်းပြန်လှန်ပေးလိုက်ရုံသာ တိရစ္ဆာန်များနှင့်ယှဉ်ပါးခြင်း၊ ငါ့ဘို့သာသိတတ်ခြင်း၊ သေခါနီးဆဲဆဲ တိရစ္ဆာန်များ စွဲသွားခြင်းဟူ၍ ... ။

သို့ကြောင့် ...

* လူဟူ၍ သီးခြားမရှိ ကောင်းမှုမျိုးစေ့တို့မှ ပေါက်ဖွားလာခြင်းသာ။
* တိရစ္ဆာန်စသည် သီးခြားမရှိ မကောင်းမှု မျိုးစေ့များမှ ပေါက်ဖွားနေခြင်းသာ။

# ဘဝလမ်းဆုံ ဤလူ့ဘုံ အစုံသွားနိုင်သည်

* ဘဝအားလုံးတို့တွင် လူ့ဘဝသည်လမ်းဆုံတည်း။ အသိစုံ အကုန်ရှိနေ၍… ။
* ဝါဒအားလုံးတို့တွင် ဗုဒ္ဓဝါဒသည် စခန်းကုန်တည်း။ ခမ္မစုံ အကုန်ရှိနေ၍

လူ့ဘဝသည်

၁။ ရုပ်ဓာတ်၊ နာမ်ဓာတ် နှစ်ရပ်စုံညီခြင်း

၂။ သုခ၊ ဒုက္ခနှစ်စုံ အကုန်ပေါ်လွင်နေခြင်း

၃။ စေတနာကံ အဆံရင့်ကျက်လာခြင်း

ထိုအချက်များကြောင့် ထက်-အောက်၊ ဝဲ-ယာ ဘာမဆို ဘဝစုံ အကုန်ရယူနိုင်ခွင့်ရှိကြသည်။

(က) အကုသိုလ်အခံ စေတနာကံများဖြင့် အမှားကျင့်မိသော် ဤမှပင် အပါယ်သို့သွားကြရသည်။

(ခ) ကုသိုလ်အခံ စေတနာကံများဖြင့် အမှန်-အမှန်အတိုင်း ပြုကျင့်မိခဲ့သော်

၁။ ကံကုသိုလ် ဒါနသုဒ္ဓိသက်သက်က လူ့ဘဝ ရင်းစားရစေသည်။

၂။ ကံကုသိုလ် သီလသုဒ္ဓိတွဲဘက်က နတ်ဘဝအမြတ်ရစေသည်။

၃။ ဈာန်ကုသိုလ် သမထသက်သက်က ဗြဟ္မာ့ဘဝ အမြတ်ရစေသည်။

၄။ အကယ်တိတိ ဗုဒ္ဓ၏အဆုံးအမကိုခံယူကာ သမထကို ဝိပဿနာနှင့် တွဲဖက်ကျင့်တတ်ကြပါမူကား ဉာဏ်ကုသိုလ်

ဖြင့် ဘဝလွတ်ရာ နိဗ္ဗာန်ဘုံအထိ အမြတ်ရစေမည်။ ဗုဒ္ဓဝါဒ
သည်…

* ဘဝကိုမပစ်ပယ်။ သို့သော် ဘဝကိုမခင်တွယ်ရန် ပြုကျင့်
တတ်ရသည်။
* လူဆန်-နတ်ဆန် ကုသိုလ်ကံကိုလည်း မတားမြစ်၊ သို့သော်
ကန်ထား ငါးမမွေးရန် ပြုကျင့်တတ်ရသည်။

အကုသိုလ်ကံ၏အပါယ်ခံဘဝမျိုးကိုကား…

ဗုဒ္ဓဝါဒီမဆိုထားဘိ အပါယ်ကျဆဲတိရစ္ဆာန် စသည်များပင် မလားလို မသွားလိုကြပြီ။

သတ္တဝါတိုင်း ဘာသာဝါဒတိုင်းလျှင် အကောင်းမျှော်ချည်းပင် မဟုတ်လော။ ဗုဒ္ဓဝါဒသည် နတ်ဘုရားမကိုးကွယ်၊ သို့သော် မိမိကိုယ်တိုင်လျှင် နတ်ဘုရားဖြစ်ရန်ကိုကား မတားမြစ်ခဲ့။

ထိုဗုဒ္ဓဝါဒသည်…

သုံးသာသုံး၍ မစွဲသောစိတ်ထားဖြစ်ရန် ပြုကျင့်နေခြင်းပင် ဖြစ်ရာ ပဲလှော်ဝါးရင်း လှည်းစီးရင်းပမာ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝ ကောင်းမြတ်သောဘဝတို့ဖြင့် ပါရမီဖြည့်ကျင့်ရင်း၊ ခံစား စံစားရင်းတို့ဖြင့်ပင် ဒုက္ခစုံတို့မှ အလွတ်ကွင်းရှောင်သွားနည်းတည်း။

* သင်သည် သင်၏လူဖြစ်လာရခြင်းများကိုလည်း ဂုဏ်ယူပါ။
* သင်သည် သင်၏ဗုဒ္ဓဝါဒီစစ်စစ် ဖြစ်လာရခြင်းများကိုလည်း
ဂုဏ်ယူစမ်းပါ။

အဘယ်ကြောင့်ဆိုသော် လိုတရဘဝမျိုးနှင့် လိုတရဝါဒမျိုး သင် အားကိုးအားထားရနေခြင်းသည် သင့်အတွက် ဘာမဆိုရယူခွင့် ရှိနေသောကြောင့်တည်း။

ထိုလူ့ဘဝသည်လည်း ရှေ့လူအကျင့် နောက်ပင့်အားပေးရုံ ဒါနမျှလောက်ကိုသာ ဦးစားပေးလေ့ရှိသောကြောင့် နောက်ကဆိုခဲ့ပြီး အတိုင်း လူဖြစ်ရုံမျှကိုသာ အရများကြသည်။

လူသိ သိရန်မှာမူကား-

၁။ မျိုးရိုးမြတ်မိဘများကိုလည်း ခိုလှုံခွင့်ရမိလေမှ

၂။ သူတော်ကောင်းဆရာသမားများနှင့်လည်း ပေါင်းမိလေမှ

၃။ အကောင်းညွှန် အဆိုးလွှန်နည်း ဗဟုသုတဉာဏ်များလည်း လိုက်စားမိလေမှ

အထက်ပါ (မိလေမှ) သုံးမျိုးတို့ လက်ရ လက်မိ ရှိလာသော ဘဝမျိုးမှသာ အဆင့်မြင့်လူသားဖြစ်နိုင်သည်။

ထိုဘဝမျိုးများသည်သာ ကောင်းမှုပြု၍ ကောင်းဆုခံယူလေ တိုင်း...

(က) ငါ-ဝဋ္ဋ-ပုဂ္ဂိုလ်မစွက် သက်သက်သော စေတနာကံ ဖန်တီး နိုင်စွမ်းရှိလာသောကြောင့်တည်း။

(ခ) တိရစ္ဆာန်အခြေခံ လောဘ၊ ဒေါသ၊ မောဟပယ်ဖျက် ကံ၊ ဉာဏ်၊ ဝီရိယဘက် အလှည့်ပေးနိုင်စွမ်းရှိလာသောကြောင့် တည်း။

ဤမျှဆို ရှေ့-နောက် အကုသိုလ်မစွက် စေတနာကလည်း ထက်ဦးမည်ဆိုက လူ့ဘဝ၊ လူ့အရှိ၊ လူသိ သိလာရန် မခဲယဉ်းတော့ ပြီ။ သို့မဟုတ် အဆင့်မြင့်လူသား သင် လောက်လောက်လားလား ဖြစ်နိုင်ပြီ။

ဤစာတမ်းသည် သင့်အားအဘိဓမ္မာတရားဟောကြားနေခြင်း မဟုတ်။

နတ်တလုစာစဉ်

* လူ့ဇာတ်ထုပ်၏ လူရုပ်တစ်ရုပ်ဖြစ်ပေါ်လာရန် ဇာတ်ပန္နက်ပျိုး အကွက်ထိုးနေခြင်းမျှသာဖြစ်ရာ…

ဤမျှဆို လူအဖြစ်ဖြင့် လူအလုပ်သက်သက် လုပ်ခွင့်ရ ဇာတ်ထုပ် ဇာတ်ကွင်း ခင်း၍ရလောက်ပြီ။

## အစွဲသိလေး လူ့ဘဝထဲသို့ တည့်တည့်တိုးဝင်လာနေခြင်း

ဣစ္စေဝံ
ပဋိသန္ဓိ မုပါဒါယ ကမ္မသမုဋ္ဌာနာ
ဒုတိယစိတ္တ မုပါဒါယ စိတ္တသမုဋ္ဌာနာ
ဋ္ဌိတိကာလ မုပါဒါယ ဥတုသမုဋ္ဌာနာ
ဩဇာဖရဏ မုပါဒါယ အာဟာရသမုဋ္ဌာနာစေတိ

* စတုသမုဋ္ဌာန ရူပကလာပသန္တတိ ကာမလောကေ ဒီပဇာလာဝိယ
နဒီသောတော ဝိယစ ယာဝတာယုကမဗ္ဘောစ္ဆိန္နာ ပဝတ္တတိ။

ဤရုပ်တို့၏ တည်ပုံကိုပြဆိုခဲ့သည့်အတိုင်း သတ္တဝါတို့၏ သန္တာန်ဝယ် -

၁။ ပဋိသန္ဓေစိတ်ဖြစ်ဆဲ(ဥပါဒ်)ခဏမှာပင် ကံကြောင့်ဖြစ်သော ရုပ်များ ဖြစ်ပွားလာရသည်။

၂။ ပဋိသန္ဓေစိတ်၏နောက် ပထမဘဝင်စိတ်ခဏမှာပင် စိတ်ကြောင့်ဖြစ်သောရုပ်များ ဖြစ်ပွားလာရသည်။

၃။ ပဋိသန္ဓေစိတ်တည်ဆဲ (ဌီ)ခဏမှာပင် ဥတုကြောင့်ဖြစ်သေ၊ ရုပ်များ ဖြစ်ပွားလာရသည်။

၄။ အစာ၏ဩဇာသတ္တိများ ပျံ့နှံ့ချိန်မှစတင်ကာ အဟာရကြောင့်ဖြစ်သောရုပ်များ ထင်ရှားလာရသည်။

ဤကား လူသားတစ်ဦး လူလောကထဲ အစစွာဆင်းသက်လာပုံအဆင့်ဆင့်တည်း။

ထိုမှနောက် လူလားမြောက်ဘဝသို့ ရောက်လေသောအခါမှစတင်ကာ အသက်နှင့်အမျှ ဘဝတစ်လျှောက်လုံးလုံး အသစ်ဝင်အဟောင်းထွက်၊ တစ်ဖန် အဟောင်းပျက် အသစ်ဝင်အားဖြင့် ထိုလေးပါးတို့ တည်ဆောက်ပေးထားသော ထိုရုပ်ဖြစ်စဉ်များသည်

* ဆိမီးအလှျံပမာ အရှိန်လျှင် အရှိန်ချင်းဆက် ရုပ်သက် (နာမ်သက်) များကိုလည်း ဖြစ်စေမည်။
* မြစ်ရေစီးကြောင်းပမာ ရှေ့လျှင်နောက်၊ တောက်လျှောက် ဆက်ရုပ်သက်(နာမ်သက်) များကိုလည်း ဖြစ်စေမည်။

သင်သည် ၎င်းတို့၏ပဝတ္တိမျက်မြင်ကို လေ့လာလိုပါလျှင် ၎င်းတို့၏ အကြောင်းခံမျက်ကွယ်နှင့် ပဋိသန္ဓေနေဟန်များကစ၍ လေ့လာမှသာ သင်သိလိုသောအရာ သဘာဝကျနစွာ သိပိုင်ခွင့်ရစေမည်။ ကာလသုံးချက် ဆက်စပ်နေသောကြောင့်တည်း။

# လယ်-မျိုး-မိုး သုံးမျိုးခလောက် အပင်ပေါက်လိမ့်

လူသည် ကုသိုလ်အကြောင်းခံကြောင့်သာ ဖြစ်ခွင့်ရလာပါသည်ကို ဆိုခဲ့ပြီးဖြစ်၏။ ထို လူဖြစ်ကြောင်း ကောင်းမှုပြုစဉ်က…

(က) သူတစ်ပါးကောင်းစားစေမှု ကောင်းမှုပြုခြင်းသည် လယ်ယာနှင့်တူ၏။

(ခ) ထိုပြုဆဲကာလရှိ စေတနာယှဉ် စိတ်နေစိတ်ထားကား မျိုးစေ့နှင့်တူ၏။

(ဂ) ထိုစဉ်ကာလရှိ အနာဂါတ် လူ့ဘက်(နတ်ဘက်)သို့ အမျှော်ထွက်ထားခြင်း မျှော်စိတ်ကား မိုးရေနှင့်တူ၏။ သို့ကြောင့်လျှင် ကမ္မံ ခေတ္တံ - ဝိညာဏံ ဗီဇံ တဏှာ သေနုဟော ဟူ၍ ဆိုထားသည် မဟုတ်လော။

ယခင်ဘဝသည် သင့်အဖို့ ကံတူး-ကံဖော်၊ ကံလျှော်-ကံစားလိုသလို ကြိုးစားခွင့်ရစေသော ဤလိုလူ့ဘဝမျိုးဖြစ်ခဲ့ပါမူ ထိုဆိုခဲ့ပြီးကံများကား အချိန် သင်၏ဘဝနှင့်စက် ဖြည့်စွက်ခဲ့လေရာ၏။ ထိုကံဆိုး ကံကောင်းအများစုထဲမှ သင့်ဘဝ၏ နောက်ဆုံးစိတ်နှင့်ပူးတွဲနေသော ကံစိတ်သည် ဤဘဝရရန် (ဤဘဝဖြစ်နေသော်နောက်ရှိ ပထမဘဝရရန်)၏ အခြေခံမျိုးစေ့တည်း။ သို့ကြောင့်

* ထိုဘဝစုတေခါနီးဆဲဆဲဝယ် (ဤဘဝလည်းနည်းတူ)

(က) ကံပြုဆဲကာလဖြစ်နေက ထိုကံကိုလျှင် အာရုံယူလျက်က၊ ထို့နောက် ကမ္မနိမိတ် ကတိနိမိတ် ဆက်။

(ခ) ပြုပြီးကံများဖြစ်နေခဲ့လျှင် ထိုပေါ်ထင်လာသောကံဟောင်းကို အာရုံယူလျက်က၊ ထို့နောက် ကမ္မနိမိတ် ကတိနိမိတ်ဆက်။

ဤသို့လျှင် ကံ ကမ္မနိမိတ် ကတိနိမိတ် (ပြုသောကံအစွဲ ရှေ့အာရုံယူ) ထိုသုံးမျိုး တစ်မျိုးတစ်မျိုးဆွဲကိုင်ထားလိုက်ပြီ။

၁။ ကံဟူသည် ကိုယ်-နှုတ်-စိတ်ထား ထိုသုံးပါး တစ်ပါးပါးဖြင့် ပြုကျင့်နေခြင်းပင်တည်း။

၂။ ကမ္မနိမိတ်ဟူသည် ကံဟောင်းဖြစ်နေပါက ထိုပြုကျင့်ခဲ့ပုံများ မြင်ယောင်ခြင်းပင်တည်း။

၃။ ကတိနိမိတ်ဟူသည် ထိုကံနှင့်ထိုက်တန်ရာ ဘုံဘဝ လမ်းစ ချပေးနေခြင်းပင်တည်း။

ထိုတွင် ၄င်းတို့ကို ရာဇဝတ်မှုများနှင့် နှိုင်းခိုင်းရပါမူ···
ကံသည် မိမိကျူးလွန်ခဲ့ရာ အမှုပမာရပ်တည်မည်။
ကမ္မနိမိတ်သည် သက်သေနှင့်ဆွဲချနေရာများမှ နေမည်။
ကတိနိမိတ်သည် တရားသူကြီးအမိန့်နှင့် ရှေ့ဖတ်စာရေး နေရာများမှနေမည်။

သို့ကြောင့်လျှင်ပင် -

(က) သတ်မှုဖြတ်မှုစသည့် သူတစ်ပါးနာကြည်းစေသည့် မကောင်းမှုမျိုးတို့၏ရှေ့ပြေး ကတိနိမိတ်ဖြစ်က ငရဲကောင်၊ ငရဲသားများ စသည် မြင်ယောင်လာစေခြင်းတည်း။

(ခ) တစ်ဖန် ကိုယ်ချင်းစာတန်းတူထားသော သူတစ်ပါးဝမ်းသာစေသည့် ပေးကမ်းရက်ရောမှုတို့၏ ရှေ့ပြေးကတိနိမိတ်ဖြစ်ပါက နတ်ဘုံ၊ နတ်သမီး၊ ပဒေသာပင် စသည်များ မြင်ယောင်လာစေခြင်းတည်း။

ယုတ်စွာ့အဆုံး ဝက်စွဲ ဝက်ထဲကျ ဝက်ဘဝရ စသည် သွားရောက်ရမည့်သူသည်ပင် မိမိမှီခိုရမည့် ဝက်မကြီးနှင့် ဝက်ကလေး

များ ပျော်ပါးမြူးတူးနေပုံ စသည်များ မြင်ယောင်စေသည်။

ထိုသို့ မြင်လှာလေသောအခါ -

မူလကံပြုစဉ်တုန်းက စိတ်နေစိတ်ထားခေါ် ကံဝိညာဉ်သည် ပဋိသန္ဓေ ဝိညာဉ်အဖြစ်သို့ ပြောင်းလဲလာကာ ထိုမြင်လှာသော နိမိတ် သာယာစိတ်ဖြင့် စိမ်းစိမ်းရှုသိနေမည်။

မှတ်ချက်။ ။ အပြစ်ကျ ငရဲနိမိတ်မျိုးဖြစ်ပါက သာယာ စိတ်ထားအစား သွားရောက်ခံစားရတော့မည်ဟူသော အစွဲသိများက နေရာဦး ပေးထားကြမည်။ ထိုစဉ်…

(က) မိမိဝင်စွဲခွင့်ရသည့် မိခင်လောင်းကလည်း သားအိမ် သန့်စင် ပြီးစ၊

(ခ) မိမိအဖေခေါ်ရမည့် ဖခင်လောင်းကလည်း ထိုမိခင်ထံလာ ရောက်အပေါင်း၊

(ဂ) မိမိကလည်း လက်ရှိဘဝ၏ ရုပ်နာမ်နှစ်ပါးလွတ်အချ

ထိုသုံး ချက်စုံရာ (ခဏခေါ်) အခိုက်အတန့်လေးမှာပင် သင်သည် ဤလူ့ဘဝထဲသို့ ဘဝကူးလာခဲ့ရသည်။

ထိုဘဝကူးစ တခဏချင်းအတွင်း၌ပင် အထက်ကဆိုခဲ့ပြီး အတိုင်း ကံရုပ်၊ စိတ်ရုပ်၊ ဥတုရုပ်၊ အဟာရရုပ်များဆက်တိုက်ပါရှိ လာခြင်းပင်တည်း။

၁။ ယောကျ်ား မိန်းမသည် ကံကြောင့်ဖြစ်စေမည်။

၂။ ထိုယောကျ်ား-မိန်းမ၏ ရုပ်လှ-မလှသည် စိတ်ကြောင့်ဖြစ် စေမည်။

၃။ ထိုယောကျ်ား-မိန်းမ၏အသားအရေ အဖြူအညိုသည် ဥတု ကြောင့် ဖြစ်စေမည်။

၄။ ထိုယောက်ျား-မိန်းမ၏ အသားအရေအစိုအခြောက်သည် အဟာရကြောင့် ဖြစ်စေမည်။

ဤသည်တို့ကား ပဝတ္တိခေါ် လူ့လောကတွင်း ရောက်လာသည့်အခါ သင်ခံစားရမည့်ကံ၊ စိတ်၊ ဥတု၊ အဟာရများ၏ အစီအမံများတည်း။

တစ်နည်းခွဲသေး၏။

* ဘဝခေါ် လူအဖြစ်ရောက်လာ၊ ရလာခြင်းသည် ကံလက်ချက်တည်း။
* ယောက်ျား-မိန်းမ ဖြစ်လာရခြင်းသည် စိတ်လက်ချက်တည်း။
* ရုပ်ဖြောင့်-မဖြောင့်သည် ဥတု၏လက်ချက်တည်း။
* အသားရေစိုပြေ-မပြေသည် အဟာရလက်ချက်တည်း။

ဤသို့လည်း ခွဲ၏။ ထိုခွဲခြမ်းမှုအားလုံးသည် ကံပြုစဉ်က လုံးထွေးလျက်ရှိသော သဘောထားများကို ယေဘူယျခွဲပြခြင်းသာ။ ဘဝတစ်ခုရပဟော့ဆိုသည်နှင့်...

ထိုအကြောင်းခံတရားလေးပါးစလုံး စုပေါင်းစီမံ ရောနှောစွာ ဆက်ဆံလျက်ကချည်းသာ။ ယင်းသည် ကံဝိညာဉ်က ပဋိသန္ဓေစိတ်နှင့် ရုပ်များကို အညမည သဟဇာတအဖြစ် ခန့်ခွဲပေးလိုက်ခြင်းတည်း။

# အမေ့အိမ်ရောက်စ သင့်ဘဝ မလှမပသာ

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ၊
အဗ္ဗုဒါဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိစ။

၁။ သင်သည် သင့်မိခင်ဝမ်းတွင်းသို့ ရှေးဦးစွာ ကလလရေကြည်စက် သက်လာသည်။

၂။ တစ်ဖန် (၇)ရက်ကြာသောအခါ သားဆေးရေ၏ အမြှုပ်ပွက်ပမာ အမြှုပ်ဖြစ်လာမည်။

၃။ နောက် (၇)ရက်အကြာ တစ်ဆင့်ရင့်မာလာကာ နီနီတွေးတွေး သားတစ်ကလေးဖြစ်လာမည်။

၄။ ထို့နောက် (၇)ရက်အကြာ ထိုသားတစ်မာကြောလာပြီး ဘဲဥပမာ အသားစိုင်ခဲဖြစ်လာမည်။

၅။ ထို့နောက် (၇)ရက်အကြာ ထိုအသားခဲထဲမှ ခက်မငါးဖြာ အရာလေးများ ဂျင်းတက်ပမာ ဖုထွက်လာကြမည်။

၄င်းတို့ရင့်ကျက်လာရန်ကိုကား နောက်ထပ် ရက်ပေါင်း (၄၂) ရက် စောင့်။ သို့ကြောင့် ပြီးခဲ့သော ငါးသတ္တာဟနှင့် ပေါင်းသော် ဆယ့်တစ်သတ္တဟ (၇၇) ရက်ကြာမည်။

မှတ်ချက် ။ ။ လူ့ဘဝအစသည် ကလလရေကြည်သည် ရုပ်ကလပ်စည်းဖွဲ့ရာ၏ အစဖြစ်ပြီး သန်းဦးခေါင်းပမာဏမျှသာ ရှိသည်ဆို၏။ ထိုကလလရေကြည်သေးလေး၏အတွင်း၌ကား ကာယ- ဘာဝ-ဝတ္ထုခေါ်

နတ်တလူစာစဉ်

၁။ ကိုယ်ကာယအဖွဲ့အစည်း(ကာယဒသက)
၂။ မိန်းမ- ယောကျ်ားဘာဝအဖွဲ့အစည်း (ဘာဝဒသက)
၃။ နှလုံးသွေးခေါ် ဟဒယအဖွဲ့အစည်း (ဝတ္ထုဒသက)
ဤသုံးမျိုးတို့သာ ပါဝင်ကြဦးမည်။

ထို (၇၇) ရက်နောက်တွင်မှ စက္ခု-သောတ-ဃာန-ဇိဝှါ ဟူသော အဖွဲ့အစည်းများလည်း အထင်အရှားပေါ်ပေါက်လာကြပြီး ၎င်းတို့ရင့်ကျက်ရန်ကိုလည်း နောက်ထပ်သတ္တာဟသုံးဆယ်၊ ရက်ပေါင်း (၂၁၀) စောင့်ဆိုင်းရသေးသည်။ အားလုံးပေါင်းသော်…

၁။ ပထမသန္ဓေတည်ကာလ ငါးသတ္တာဟ (၃၅) ရက်။
၂။ ဒုတိယခက်မငါးဖြာပေါ်ရာကာလ ခြောက်သတ္တာဟ (၄၂) ရက်။
၃။ တတိယ မျက်စိ၊ နား၊ နှာ၊ လျှာတို့ပေါ်ရာ ရင့်ကျက်ရာကာလ သုံးဆယ်သတ္တာဟ (၂၁၀) ရက်။
၄။ စတုတ္ထ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း စသည်များပေါ်ရာကာလ တစ်သတ္တာဟ (၇) ရက်။

အားလုံးလေးဆယ့်နှစ်သတ္တာဟ ရက်ပေါင်း (၂၉၄) ရက်။ လ အားဖြင့် ကားရက်စုံ-မစုံရောရာ (၁၀)လကြာညောင်းမည်။ ကိုးလ- လွယ် ဆယ်လ-ဖွား စကားအတိုင်းတည်း။

## အမေ့အိမ်ထွက် ငိုရချက် ရှိုက်လျက်ရှိုက်လျက်သာ

အထက်ပါတို့အတိုင်း ဝမ်းအောင်း ပဋိသန္ဓေနေပြီးသဖြင့် နေ့စေ့- လစေ့သောအခါ မိခင်ဝမ်းတွင်းရှိ ကမ္မဇလေ၏ လှုပ်ထုတ်ပေးခြင်းဖြင့် အမိဝမ်းတွင်းမှ သင်ဆိုသောလူသား မွေးဖွားဆင်းခဲ့ရသည်။ ထိုသင်၏ဆင်းသက်လာခြင်းသည် အငိုနှင့်သာစခဲ့ရသဖြင့် လာခြင်းကားမကောင်း။ ထိုစဉ် သင်သည်

(က) ငရဲဘဝကတက်လာသူနှင့် သူတစ်ပါးတို့ အညှင်းဆဲခံခဲ့ရသူ ဖြစ်နေပါက ဖြတ်ဖြတ်လူးငို အချိန်ကြာကြာငိုသော်မှ အငို မတိတ်ပြီ။

(ခ) အကယ်တိတိ အမိဝမ်းတွင်းအောင်းကာလ၏ ခံစားရသော ဒုက္ခမျှဖြစ်ပါမူကား ပဋိသန္ဓေဒုက္ခ အသိပေးရုံအဖြစ် ခဏတာမျှလည်းကောင်း၊ ငိုသံကြားရုံမျှလည်းကောင်း၊ ငိုရုံလေး ငိုပြလျက်က တိတ်သွားမည်။

ဘာ့ကြောင့် အငိုဖြင့်ဘဝ စကြရလေသနည်း။ သင်မေးခဲ့သော်

သင်အပါဝင် သတ္တဝါတိုင်း သတ္တဝါတိုင်း နောက်ကြောင်းဒုက္ခ၊ လက်ရှိဒုက္ခများနှင့် မကင်းကြလေသောကြောင့် ဟူ၍ပင် ခဖြေဆိုရပေမည်။ အငိုကင်းသောဝမ်းအောင်းမျိုး လက်ညှိုးထိုးပြ ါဆိုလျှင် ဘုရားအလောင်းတော်တစ်ဦးသာ… ။ ထိုအလောင်းတော်သည်-

(က) နောက်ကြောင်းကလည်း ရင့်မာတစ်ကျိပ် ကြွေးရိပ်ကင်းရှင်း မင်းကောင်းမင်းဘဝချည်း။

(ခ) ပဋိသန္ဓေနေရတော့လည်း မိခင်၏ဝမ်းကြာတိုက်ခန်း၌ ဘွင်းဝယ် ပင်ပန်းနွမ်းရိခြင်းမရှိ ပကတိ။

နတ်တလူစာစဉ်

(ဂ) မိခင်ကလည်း ပဋိသန္ဓေတည်ခါနီးမှသည် ဖွားမြင်သည်အထိ သက်လွှတ်ကိုစား သီလ၊ မေတ္တာ၊ ဘာဝနာပွားဖြင့်။

ထိုသည့် အကြောင်းသုံးချက်တို့ကြောင့် သက်သက်သာသာ အလာကောင်းအဖြစ် တိုးစေရာရှိတော့သည်။

## အသုံးကျရုပ်နှင့်အသုံးမကျရုပ်နှစ်မျိုး

သင်နှင့်တစ်ကွသော သတ္တဝါ(လူသား)များ၏ ရုပ်ကိုယ်တွင် ရုပ်ပေါင်း (၂၈) မျှ စုဝေးပါဝင်ကြရပြီး …

ဖိုဖြစ်က မ-ဘာဝကိုပယ် (၂၇)၊ မ-ဖြစ်က ဖိုဘာဝကိုပယ် (၂၇)၊ ဘဝအတွက် ရုန်းကန်မှုအဖြစ် အလုပ်လုပ်ကြမည်။ ထိုတွင်

(က) နိဗ္ဖန္နရုပ်ခေါ် အလုပ်ဖြစ်သောရုပ်ပေါင်းက ၁၈ မျိုး

(ခ) အနိဗ္ဖန္နရုပ်ခေါ် အလုပ်မဖြစ်သောရုပ်ပေါင်းက ၁၀ မျိုး

ဤသို့လျှင် အမျိုးအစားနှစ်မျိုးကွဲပြားကြဦးမည်။ ထိုတွင်လည်း…

(က) အလုပ်ကိုဖြစ်စေသော (အကျိုးကိုပြီးစေသော) နိဗ္ဖန္နရုပ်များမှာ…

(၁) ဘူတရုပ် ၄ ပါး၊ ပထဝီ-အာပေါ-တေဇော-ဝါယော-ဘူတရုပ်လေးပါး။

(၂) ပသာဒရုပ် ၅ ပါး၊ စက္ခု-သောတ-ဃာန-ဇိဝှါ-ကာယ၊ မျက်စိ-နား-နှာ-လျှာ-ကိုယ်။

(၃) ဂေါစရရုပ် ၄ ပါး၊ ရူပ-သဒ္ဒ-ဂန္ဓ-ရသာ၊ အဆင်း-အသံ-အနံ့-အရသာ။

(၄) ဘာဝရုပ် ၂ ပါး၊ ဣတ္ထိဘာဝ-ပုံဘာဝ၊ ယောကျ်ား-မိန်းမ အဖြစ်ပြရုပ်များ။

(၅) ဟာဒယရုပ် ၁ ပါး၊ နှလုံးအိမ်အတွင်းဝယ် တည်ရှိနေသော သွေး။

(၆) ဇီဝိတရုပ် ၁ ပါး၊ ရုပ်ဖြစ်စဉ်များ အချိတ်ဆက်မိရန် စောင့်ရှောက်ပေးသောရုပ်။

(၇) အဟာရရုပ် ၁ ပါး၊ ဓာတ်ကြီးလေးပါးတို့အား ဩဇာသတ္တိ ဖြည့်စွမ်းပေးရာအစားအစာ။ အားလုံးပေါင်းသော် (၁၈)ပါး ဖြစ်၏။ ကိုယ်ထည် (၄)၊ အမှီ (၁၄)ပါးတည်း။

ဤတစ်ဆယ့်ရှစ်ပါးတို့သည် သင့်၏ဘဝခေါ် ဖြစ်စဉ်ကြီးကို

(က) မွေးသည်မှသေသည့်တိုင်အောင်အထိ အရှိန်မပျက် သင် ဆက်လက်ချီတက်ရန် ဆောင်ရွက်ပေးကြမည်။

(ခ) ကောင်းကျိုး-ဆိုးပြစ် သင်ဖြစ်လိုရာကိစ္စများကိုလည်း ၎င်းတို့ကပင် အပြီးအစီးဆောင်ရွက်ပေးကြမည်။

(ဂ) သူ့ဆိုင်ရာကိစ္စဆောင်ရွက်ခွင့် ရကြလေတိုင်း ၎င်းတို့သည် သူ့သတ္တိ သူပြလျက်က သူတို့ကိုယ်တိုင် ကိုယ်ကျလည်း ဆောင်ရွက်ပေးကြမည်။ ထိုတွင်

၁။ ကိုယ်ခန္ဓာ၌ ပါဝင်လျက်ရှိသော မြေဓာတ်သည် အစွမ်းတက်လာသောအခါ မာသောသတ္တိကိုပြ၍ အစွမ်းကျသွားသော အခါတွင်ကား ပျော့သောသတ္တိကိုပြမည်။

ထိုသတ္တိများဖြင့်ပင် ဤသင့်ကိုယ်ခန္ဓာ၌ ဆံပင်၊ မွေးညှင်း

စသည့် ပထဝီခေါ် အမာခံကိုယ်ထည်ပေါင်း (၂၀) တို့ ထင်ရှား လာစေကြရပြီး ခွန်အားကိုပေးနေချေသည်။ ဆိုပါစို့…

လိမ္မော်သီးမှည့်တစ်လုံးကို သင်စားလိုရာ၌ ပထဝီဝင်လက်သည်းများက ရှေ့တန်းမှနေရာယူ အစွမ်းပြကြရပြီး လက်ချောင်းများက နောက်ကူတွန်းအားအဖြစ် အဖော်လိုက်ပါပေးကြသည်။ သို့မှသာ အခွံခွာမှု သင့်ကိစ္စပြီးသည်။

၂။ သင့်ကိုယ်ခန္ဓာ၌ ပေါင်းစပ်ပါဝင်လျက်ရှိသော ရေဓာတ်သည်လည်း အစွမ်းတက်လာသောအခါ ယိုစီးမှုဖြင့်သတ္တိပြ၍ အစွမ်းကျသွားသောအခါ ဖွဲ့စည်းမှုဖြင့်ပင် သတ္တိပြဦးမည်သာ။

ဤသတ္တိထူးနှစ်ပါးဖြင့်ပင် ဤသင့်ခန္ဓာကိုယ်၌ သွေး၊ သည်းခြေ စသည် အာပေါဓာတ် (၁၂)ပါး ထင်ရှားလာစေကြရပြီး မြေဓာတ်များကို မွမ်းမံပေးနေချေသည်။

ဆိုပါစို့…ထိုလိမ္မော်သီးသည် အရောင်ပြ၍ အတွေ့အာရုံများက ၄င်းတို့ပါလာသော အတိုက်ကိရိယာများဖြင့် သင့်အားတိုက်ခိုက်လာလေတိုင်း သင့်ထံရှိ မိမိ၏အခံ ပထဝီဓာတ်များ ဖြစ်ကြလေသော လက်သည်းပုံရိပ်များ၊ လက်ချောင်းပုံရိပ်များ (မြေဓာတ်အဖွဲ့အစည်းများ) ပျံ့တက်လွင့်စဉ်မသွားရရန် ထိုအာပေါသတ္တိတို့က ဖွဲ့စည်းပေးထားကြမည်။ သို့ကြောင့်ပင် သင့်ရှိလက်ချောင်း၊ လက်သည်းများ လိမ္မော်သီးကို အခွံခွာမှုကိစ္စ ပြီးစီးစေခြင်းတည်း။

၃။ သင့်ကိုယ်ခန္ဓာ၌ ပါဝင်လှုပ်ရှားလျက်ရှိသော လေဓာတ်သည်လည်း အစွမ်းတက်လာသောအခါ လှုပ်ရှားမှုကိုပြသ၍ အစွမ်းကျသွားသောအခါ တွန်းကန်မှုဖြင့်ပင် သတ္တိပြဦးမည်သာ။

ဆိုပါစို့… လိမ္မော်သီးကို သင့်ရှိလက်သည်း၊ လက်ချောင်း

တို့က အခွဲခွာစေရာ၌ ထိုလက်တစ်ချက်တစ်ချက်စီ၏ ခရီးစဉ် အတိုး အဆုတ် အားလုံးတို့ကို ထိုလေဓာတ်များက အလှုပ်အတွန်းဖြင့် ပြုလုပ်ပေးနေကြသည်သာ။ ထိုတွင် အတိုးဝယ် လှုပ်ရှားမှုက အစွမ်းပြခွင့်ရပြီး အဆုတ်တွင်ကားတွန်းကန်မှုက အစွမ်းပြခွင့်ရမည်။

၄။ သင့်ကိုယ်ခန္ဓာ၌ ပါဝင်ပတ်သက်နေသော အခိုးဓာတ်တေဇောကလည်း အစွမ်းတက်လာသောအခါ ပူကျက်လာစေပြီး အစွမ်းကျသွားသောအခါတွင်ကား အေးခြင်းဖြင့်ပင် အစွမ်းပြဦးမည်သာ။

ဆိုပါစို့… လိမ္မော်သီးကို သင့်ရှိ လက်သည်း၊ လက်ချောင်းတို့က အခွဲခွာပေးရာ၌ အမြှောက်အချခရီးစဉ်အားလုံးကို ထိုအခိုးသတ္တိများကပင် ကူမပေးနေကြမည်။ ထိုတေဇော၏ အခိုးသတ္တိများ ပူတက်လာသော် လက်ချောင်းမြှောက်မှုကို ဖြစ်စေပြီး အေးသွားသောအခါ ချစေမည်။

**မှတ်ချက်။** ။ အထက်ပါဓာတ်လေးမျိုးတို့တွင် အာပေါ၏ အရည်သတ္တိကား တွေ့ထိကိုင်တွယ်၍ မရစကောင်းသောကြောင့် ဖောဋ္ဌဗ္ဗရုပ် အမည်မရချေ။

အထက်ပါဓာတ်လေးပါး (၄င်းတို့ကို ခွဲဝေဖြန့်ကျက်ထားလိုက်သောအခါ ပထဝီ (၂၀)၊ အာပေါ (၁၂)၊ ဝါယော (၆)၊ တေဇော(၄) ပေါင်း (၄၂)ပါးသော အဘို့၊ အစုဖြစ်လာမည်) တို့ကို သင့်ရှိအတိတ်ကံ၊ စိတ်တို့ကစီမံခန့်ခွဲပေးလိုက်ရာမှ သင်ဆိုသော ယောကျ်ားဘာဝ၊ ယောကျ်ားအဖြစ် (မိန်းမဘာဝ၊ မိန်းမအဖြစ်) ထင်ရှားလာကြရသည်။ တစ်ဖန် သင့်၌ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်စိ၊ နား၊ နှာ၊ လျှာတို့ ထပ်မံပေါ်ပေါက် ထင်ရှားလာပြန်သောအခါတွင်လည်း ၄င်းတို့

သည် အထက်ပါဓာတ်လေးပါးတို့နည်းတူပင် ထိုဓာတ်များနှင့်အတူ အစွမ်းပြကြမည်။

(က) မျက်စိကလည်း ကြည့်မှုကိစ္စဖြင့် အစွမ်းပြလေရာ ထိုဓာတ်လေးပါးလည်း ပါကြရသည်သာ။

(ခ) နားများကလည်း ကြားမှုကိစ္စဖြင့် အစွမ်းပြလေရာ ထိုဓာတ်လေးပါးလည်း ပါကြရသည်သာ။

(ဂ) နှာကလည်း နမ်းမှုကိစ္စဖြင့် အစွမ်းပြလေရာ ထိုဓာတ်လေးပါးလည်း ပါကြရသည်သာ။

(ဃ) ကိုယ်ကောင်နှင့် လျှာများကလည်း ထိမှုကိစ္စဖြင့် အစွမ်းပြလာလေရာ ထိုဓာတ်လေးပါးကား ပါကြရသည်သာ။

သို့မဟုတ် ပြုစီမံခွင့်ရသခါရများ ဓာတ်လေးပါးလှုပ်ခတ်ကစားကာ သင့်အား သွားစေ၊ လာစေ စေခိုင်းနေခြင်း။

သို့ကြောင့် ထိုမျက်စိ စသည် ရုပ်အဖွဲ့အစည်းများကို ဥပါဒါရုပ် (ဘုတ်ကြီးလေးပါးကိုမှီခိုလျက်က အစွမ်းပြခွင့်ရရုပ်များ) ဟူ၍ အမည်ရကြချေသေးသည်။

တစ်ဖန် မိမိက သူတစ်ပါးမျက်စိ စသည်များသို့ သွားရောက်ထိပါးရာများဖြစ်ကြလေသော မိမိ၏အဆင်း၊ မိမိ၏အသံ၊ မိမိ၏အနံ့၊ မိမိ၏အရသာ ထိုလေးပါးတို့သည်လည်း ထိုဘုတ်ကြီးလေးပါး တို့ကို မှီခိုလျက်က အစွမ်းပြခွင့် ရကြလေကုန်၏။ ဟဒယ၊ ဇီဝိတ၊ ဩဇာ သတ္တိသုံးပါးလည်း ထိုနည်းလည်းကောင်းပင် ဖြစ်ကြ၏။ သို့ကြောင့် ပသာဒမှအဟာရအထိ (၁၄)ပါးတိုင်အောင်သည် -

(က) ဘူတရုပ်ကြီးများမှီခိုပြီး အစွမ်းအစပြခွင့်ရသောကြောင့် ဥပါဒါရုပ်မည်ကုန်၏။

(ခ) ကိုယ့်သတ္တိစွမ်း ကိုယ့်သဘာဝအစွမ်းဖြင့် ပြခွင့်ရသောကြောင့် လည်း ရှုပရုပ်မည်ကုန်၏။

ထို (၁၈) ပါးတို့မှကြွင်းသော ကျန် (၁၀)ပါးတို့မှာမူကား ဘုတ်ကြီးများ မှီခိုခွင့်ရသောကြောင့် ဥပါဒါရုပ်ကား အမည်ရကြ သေးသည်။ သူတစ်ပါးတို့ သတ္တိစွမ်းများဖြင့်သာ နောက်မှနေ ရော ယောင်ကာ လိုက်ပါနေရသောကြောင့် မည်သည့်ကိစ္စမျှမပြီးစီး။ မည်သို့မျှ အသုံးချ မရစကောင်း။ ၎င်းတို့မှာ…

၁။ အာကာသပရိစ္ဆေဒရုပ် - ရုပ်စဉ်ကို ဖြစ်ပွားရာမှ အကြား ဟူသည် အလိုလိုဖြစ်နေခြင်း။

၂။ ကာယဝိညတ် - ခြေလှုပ်၊ ခေါင်းခါ၊ လက်ရမ်းကာဖြင့် သူ တစ်ပါးအသိ ဖြစ်စေသောကိုယ်အမူအရာ။

၃။ ဝစီဝိညတ် - လျှာလှုပ်၊ နှုတ်ဖွင့်ခြင်းဖြင့် သူတစ်ပါးအသိဖြစ် စေသော နှုတ်အမူအရာ။

၄။ ရုပ်ပေါ့ပါးမှု - ပစ္စုပ္ပန်ရှိ စိတ်၊ ဥတု၊ အဟာရတို့ကြောင့် အမူအရာထူးဖြစ်ပေါ်လာခြင်း။

၅။ ရုပ်နူးညံ့မှု - ထို့အတူ။

၆။ ရုပ်ခံ့ကျန်းမှု - ထို့အတူ·

၇။ ရုပ်စတင်ဖြစ်ပေါ်လာခြင်း - ရုပ်တို့၏ပဋိသန္ဓေခဏကို ဆိုလို သည်။

၈။ ရုပ်စဉ်ထင်ရှားလာခြင်း - ရုပ်တို့၏ပဋိသန္ဓေခဏရှိ ဖြစ်စဉ် ကို ဆိုလိုသည်။

၉။ ရုပ်ဖြစ်ပွားမှုတည်နေခြင်း - ရုပ်တို့၏ဋ္ဌီခဏကိုဆိုလိုသည်။

၁၀။ ရုပ်ဖြစ်ပွားမှုပျက်ကျသွားခြင်း - ရုပ်တို့၏ဘင်ခဏကို ဆိုလို

သည်။

အထက်ပါဆယ်ပါးတို့သည် ရုပ်အစစ်များ မဟုတ်ကြ။ ဆိုခဲ့ပြီး (၁၈)ပါးသောရုပ်တို့၏ အမူအရာပြအထူးနှင့် သဘာဝသင်္ကေတ လက္ခဏာများပင်ဖြစ်ကြ၏။ ထိုတွင်…

(က) ကာယဝိညတ်ခေါ် ကိုယ်အမူအရာထူးဖြင့် တစ်ဖက်အသိပေး ခြင်း။

(ခ) ဝစီဝိညတ်ခေါ် နှုတ်အမူအရာထူးဖြင့် တစ်ဖက်အသိပေးခြင်း၊ နှစ်ပါးတို့နှင့်အတူ

ထိုရုပ်ကိုယ်၊ နှုတ်ကိုယ်များပေါ့ပါးသွက်လက်ခြင်း၊ နူးညံ့ ပျော့ပျောင်းနေခြင်း၊ အထိအကိုင်ခံခြင်းငါးမျိုးတို့ကို ဝိကာရရုပ် (အမူအရာလုပ် သရုပ်ဆောင်ပြနေသောရုပ်စု) များဟု သုံးနှုန်းသည်။ သင်ကိုယ်တိုင်ပင် တစ်ဖက်သို့ သင်၏အဆင်း၊ အသံ စသည်များ ဖြင့် တိုက်ခိုက်ရရာတိုင်း ထိုအမူအရာငါးမျိုး တစ်မျိုးမဟုတ်တစ်မျိုး တစ်ခုမဟုတ်တစ်ခု ပါဝင်ပတ်သက်နေသည်ကို သတိပြုလေ။

တစ်ဖန် ရုပ်တို့၏ ရှေ့ဆက်ဖြစ်ရန် လမ်းခင်းပေးခြင်း၊ ဖြစ် ခြင်း၊ ခေတ္တတွေနေခြင်း၊ ပြီး ပျက်ကျသွားခြင်း လေးမျိုးတို့ကို လက္ခဏာရုပ် (ရုပ်တို့၏သွားလာရာခရီးခေါ် ဖြစ်စဉ်၏ရောက်ရာ ကာလကိုညွှန်ပြခြင်း) များဟု သုံးနှုန်း၏။ သင်ကိုယ်တိုင်ပင်လျှင် ခြေတစ်ရုပ် လက်တစ်လှုပ်အခိုက်တို့၌ ဖြစ်ပေါ်လာပြီ၊ တန်းစီနေပြီ၊ တွေနေပြီ၊ ပျက်ကျသွားပြီ ထိုလေးမျိုးတို့ဖြင့် ရှေ့ထိုးနောက်ငင် ပြုကျင့်နေရပါသည်ကို သတိပြုလေ။

အထက်ဆုံးရှိ အာကာသပရိစ္ဆေဒရုပ် (ရုပ်တစ်ခုနှင့်တစ်ခု စည်းခြားပေးသောအရာ) ကား အမူအရာလက္ခဏာဟူ၍ သီးခြားပင်

မရှိ။ သင်နှင့်ခရီးအတူတူသွားတို့အကြားရှိ လစ်လပ်နေသော နေရာလေးရှိနေပါသည်ကို သတိပြုလေ။ သို့ကြောင့်…

ထိုဆယ်ပါးတို့သည် ဆိုခဲ့ပြီး (၁၈)ပါးတို့ကဲ့သို့ အကျိုးကိုလည်း မပြီးစေတတ်။ ကာလသီးခြား၊ ဌာနသီးခြားလည်း မရှိရကားအနပ္ပန္နရုပ် (သူ့သတ္တိစွမ်းကြောင့် သို့မဟုတ် သူ့လက်ချက်ဖြင့် ဘာအကျိုးမျှမသက်သောရုပ်) များဟု သုံးနှုန်းမည်။

သင့်ကိုယ်သင် ယောကျ်ားပါ-မိန်းမပါဟူ၍ မည်မျှပြောပြောသင့်အကြားမှ သင့်အထားတို့ကား အထက်ပါ (၂၈)မျိုးတို့၏ အခိုးကြွမှုမျှသာ။ လူဖြစ် - လူ့သတ္တိစွမ်း ခွေးဖြစ် -ခွေးသတ္တိစွမ်းများကိုလည်းကောင်း၊ ယောကျ်ားဖြစ်က ယောကျ်ားစွမ်း၊ မိန်းမဖြစ်က မိန်းမစွမ်းများကိုလည်းကောင်း ထို (၂၈)ပါးတို့ကသာ သူ့နေရာနှင့်သူအစွမ်းပြကြမည်။ သင်ကား ကြိုးဆွဲဆရာ၏လက်ထဲမှ အရုပ်ပမာတည်း။

## သင့်ရုပ်မည်သူက ထုလုပ်ပေးသနည်း

သင့်ဒွိလူဖြစ်သော် လူရုပ်နှင့် ယောကျ်ားဖြစ်က ( မ-ဘာဝကိုပယ် တစ်ဖန် မိန်းမဖြစ်ကလည်း ဖို-ဘာဝကိုပယ်) ယောကျ်ားရုပ် (မိန်းမဖြစ်က မိန်းမရုပ်) မည်သူက ထုလုပ်ပေးသနည်း။

နတ်တလူစာစဉ်

ဤမေးခွန်း သင့်ကိုယ်သင် မေးသင့်သောမေးခွန်းတစ်ခုပင် ဖြစ်တော့သည်။

သို့ကြောင့် ထိုမေးခွန်း အဖြေထုတ်ရန် ဆိုခဲ့ပြီးသော ရုပ် (၂၈)ပါးတို့ကို အောက်ပါအတိုင်း ကံ၊ စိတ်၊ ဥတု၊ အဟာရ လေးမျိုးတို့ဖြင့် ခွဲပါလေ။

## ကံကြောင့်ဖြစ်ပေါ်လာသောရုပ်များ

အောက်ပါကိုးမျိုးတို့သည် ကံသက်သက်ကြောင့် ဖြစ်လာခဲ့ရသော ရုပ်များတည်း။ ၎င်းတို့ကား -

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ယောကျ်ားဘာဝ၊ မိန်းမဘာဝ၊ ဇီဝိတ၊ ဟဒယ ပေါင်းကိုးမျိုး။

လူတစ်ဦးနှင့်တစ်ဦး မျက်လုံး၊ မျက်ဖန် တည်နေဟန်အားဖြင့်လည်းကောင်း၊ ပုံစံအားဖြင့်လည်းကောင်း၊ အကြည်အနောက်အားဖြင့်လည်းကောင်း၊ အရောင်အဆင်းအားဖြင့်လည်းကောင်း မတူညီကြလေ။

ဘာ့ကြောင့် မတူညီကြရသနည်း မေးလှာသော်···

မိမိ- မိမိတို့ ဆည်းပူးထားခဲ့ကြသော ကံသတ္တိချင်းကပင် မတူညီကြသောကြောင့်ဟူသော အကြောင်းပြချက်ဖြင့် ဖြေဆိုရပေလိမ့်မည်။ ဆိုပါစို့···

အထက်ပါ ကံရုပ် ကိုးမျိုးကိုဖြစ်စေတတ်သော နောက်ကြောင်းကံများမှာ···

အကုသိုလ်ကံက (၁၂)၊ ကုသိုလ်ကံက (၈)၊ ရူပကုသိုလ်ကံ

က (၅) ပေါင်း (၂၅) တိတိရှိ၏။ ထို့ထက်လည်းမပို ထို့အောက်လည်း မလျော့ချေ။ ထိုတွင်

(က) အကုသိုလ်ကံမဖက် ကုသိုလ်ကံသက်သက်ဖြင့် ဖြစ်ခွင့်ရလူသား။

(ခ) အကုသိုလ်ကံတစ်ဖက် ကုသိုလ်ကံတစ်ဖက်ဖြင့် ဖြစ်ခွင့်ရလူသား။

(ဂ) ကံကုသိုလ်တစ်ဖက် ဈာန်ကုသိုလ်တစ်ဖက်ဖြင့် ဖြစ်ခွင့်ရလူသား။

ထိုလူသားသုံးမျိုး အကျိုးပေးခြင်းကား မတူစေနိုင်ပြီ။ တစ်ဖန်ကုသိုလ်သက်သက်သော လူသားအချင်းချင်းပင် အဆင်းဝဏ္ဏ၊ အသံဝဏ္ဏစသည့် ဒါနဝဏ္ဏချင်း ကွဲပြားသလောက်လျှင် အကျိုးသက်ရောက်မှုလည်း ကွဲပြားကြဦးမည်ဖြစ်ရာ အချို့အဆင်းလှ ရုပ်ချော၊ အချို့ အသံကောင်း စသည်ကွာခြားနေကြလိမ့်ဦးမည်သာ။

**မှတ်ချက်။** ။ အထက်ပါကံအကျိုးကို ဧကန်ပေးစေသည့် ကိုးမျိုးတို့သည် ပဋိသန္ဓေတည်လျှင် တည်ချင်းပါလာခဲ့ကြပြီး ကာယ-ဘာဝ-ဝဏ္ဏရုပ်များက ပို၍ ထင်ရှားစွာ လက်ဦးနေရာယူကြမည်။

## စိတ်ကြောင့်ဖြစ်သောရုပ်များ

ရုပ်တုဆယ်မျိုးတို့တွင် ပါဝင်နေသော ကာယဝိညတ် (ခြေဟန်၊ လက်ဟန်ပြကိုယ်အမူအရာများ)၊ ဝစီဝိညတ် (နှုတ်ဖွင့်အမူရာများ) ထိုနှစ်ပါးတို့ကား စိတ်ကြောင့်ချည်းသာ ဖြစ်ပေါ်လာရကြမချသည်။ စိတ်သက်သက်ကြောင့် ဖြစ်ရသောရုပ်နှစ်ပါးတည်း။

### နှုတ်တလှုစာစဉ်

ထိုစိတ်သည်ကား ကုသိုလ်၊ အကုသိုလ်၊ ဝိပါတ်ကြိယာ စိတ်အားလုံးတို့ကြောင့် (အရူပဘုံအကျိုးပေးနေသော အရူပဝိပါတ် (၄)၊ အကျိုးကို မဖြစ်စေတတ်သော ဒွေပဉ္စဝိညာဉ် (၁၀) ကြဉ်၍ ကျန်စိတ်အားလုံးကြောင့်) ဖြစ်လာရသော ရုပ်မျိုးဖြစ်လေရာ အထိုအမူအရာထား ရုပ်နှစ်ပါးလည်း လူတစ်ဦးနှင့်တစ်ဦး မတူစေနိုင်။

အကုသိုလ်အားကြီးသူက ထိုအကုသိုလ်ကံအားအလျောက် စိတ်ထားလည်း ရောက်လာဦးမည်။ အမူအရာ (ကိုယ်ဟန်နှုတ်ဖွင့်) များလည်း ထိုစိတ်ထားအတိုင်း ရိုင်းစိုင်းမည်။

ကုသိုလ်အားကြီးသူကလည်း ထိုကုသိုလ်ကံအား အလျောက်လျှင် စိတ်ထားလည်း ရောက်လာဦးမည်။ အမူအရာများကလည်း ထပ်တူထပ်ကျ ကပ်လာဦးမည်ဖြစ်ကြရာ ၎င်း၏ကိုယ်ဟန်နှုတ်ဖွင့်များကား ယဉ်ကျေးသိမ်မွေ့နေမည်သာ…။

တစ်ဖန် ကုသိုလ်သမားချင်းသော်မှလည်း-

က။ **ကံကုသိုလ်ရှင်**…..သူတစ်ပါးအလိုကျ ဒါနမှု၊ သီလမှု စသည်များဖြင့် စိတ်ကို ဖွားသစ်ခဲ့သူများ၊

ခ။ **ဈာန်ကုသိုလ်ရှင်**…မိမိအလိုကျ ဈာန်ချမ်းသာသုခဖြင့်သာ စိတ်ကိုဖွားသစ်ခဲ့သူများ၊

ဂ။ **ဉာဏ်ကုသိုလ်ရှင်**‥မိမိသူတစ်ပါးနှစ်ဦးသားသို့ မလိုက်စေသော မဂ်ဖြင့် စိတ်ကို ဖွားသစ်ခဲ့သူများ၊

ထိုသုံးဦးသားတို့၏ စိတ်ထားများ မတူနိုင်။ စိတ်ကွဲပြားနေသည် အလျောက်လည်း ကိုယ်လှုပ်-နှုတ်ဖွင့် အမူအကျင့်များကလည်း တစ်ဘာသာစီခြားနားနေကြမည်သာ။

မှတ်ချက်။ ။ ၎င်းတို့သည် သာမာန်အမူအကျင့်မျှသာမဟုတ်

ပြီးရယ်မှု အထိုင်းအထ ထိုဟာသနှ၊ ဣရိယာပထ နှစ်မျိုးတို့ပါ ကွဲပြား နေကြမည်။ ရှာန်ရှင်ချင်းပင် အဆင့်လိုက်လျက်က ခြားနားချက် ဖြစ်လာကြမည်။ ထိုအမူအရာပြရုပ်နှစ်ပါးကား ပထမဘဝင်စိတ်ကပင် စတင်လာကြလိမ့်မည်။ ပဋိသန္ဓေစိတ်၏နောက် ဒုတိယမြောက်စိတ် တည်း။

## ကလပ်မြူမှုန် ကလလဘုံလေးထဲမှာ

အထက်ဆိုခဲ့ပြီး ကံကြောင့်ဖြစ်လာကြရသော ရုပ်ပေါင်း (၉)မျိုး၊ စိတ်ကြောင့်ဖြစ်လာကြရသော ရုပ်ပေါင်း (၂)မျိုးတို့နှင့် လာဦးမည့် (နှစ်မျိုးစုံ၊ သုံးမျိုးစုံ၊ လေးမျိုးစုံတို့ကြောင့်) ဖြစ်ခွင့်ရ ရုပ်ပေါင်း (၁၇)မျိုးတို့သည် ပဋိသန္ဓေတည်စရှိ ဤကလလရေကြည် စက် အမှုန်လေးထဲဝယ်မည်သို့ပါလေသနည်း··· ။ မေးစရာပင်။ အဖြေကား ဗီဇသတ္တိ ဗီဇနိယာမ၏အစွမ်းဖြင့်ပင် ပါဝင်နေသည် ဟူပင်။

ဆိုပါစို့··· ငရုတ်စေ့ကလေးတွင်းရှိ သူ့ဗီဇသတ္တိတွင် ပေါက် ရောက်လာသောအခါ ဝေဝေဆာဆာဖြစ်ပေါ်လာမည့် အပင်၊ အကိုင်း၊ အခက်၊ အရွက်၊ အပွင့်၊ အသီးများ၏ ဆိုင်ရာသင့်များလည်း ပူးတွဲ ပါဝင်နေသည့်ပမာပင်။ တစ်ဖန်···

ဓာတ်ပုံရိုက်ခံယူရန်အတွက် ကင်မရာမှန်ဘီလူး၏ရှေ့ထွက် ရပ်လာရာတွင် ထိုသူ၏အတွင်းစိတ်နေစိတ်ထားများက ဖော်ကျူးနေ သော ကိုယ်နေအမူအရာများ မျက်နှာဝယ်ပေါ်လွင်သင်ရှားနေသည့် ပမာ ကလလရေကြည်စက်ကလေး သေးသေးမှုန်မှုန်၏ အကြည်ဓာတ်

ခွက်မျက်နှာမှာပင် ထိုကံဖြစ်-စိတ်ဖြစ်နှင့်တကွ ဥတု၊ အဟာရ မိဘနှစ်ပါး၏အပူသွေး၊ အအေးသွေး၊ ဥတုနှင့်ထိုမိဘတို့စားသုံးသော (အစာများမှ ပျံ့နှံ့လာသော ထိုအစာ၏သြဇာသတ္တိများ) လေးပါးတို့၏ အကျိုးပြုသတ္တိများလည်း ရှေ့ဆင့်နောက်ဆင့် ပါဝင်ပတ်သက်လျက် က ရှိနေချေပြီ။

ဓာတ်ပုံရိုက်ရာ၌ လူတစ်ကိုယ်ထားများ တစ်မျိုးစီခွဲခြားရိုက် ရန်မလို၊ တစ်ချက်တည်းဖြင့်ပင် အားလုံးပါဝင်ပြီးစီးသွားစေသည်။

အတိတ်ရိပ်၏ကံပုံ၊ စိတ်ပုံကို ပဋိသန္ဓေစိတ်ဖြင့် ချိတ်ယူ လိုက်ရာ၌လည်း ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ထိုသုံးမျိုးတစ်မျိုးမျိုး ခွဲစိတ်ယူဖြင့်ပင် ကံသတ္တိ၊ စိတ်သတ္တိ၊ ဥတုအဟာရသတ္တိဂုဏ်၏ ပုံရိပ်များ အားလုံးပြီးစီးသွားရသည်။

## ဥတုနှင့်စိတ်ကြောင့်ဖြစ်သောရုပ်များ

အသံဟူသော သဒ္ဒရုပ်ကား စိတ်နှင့်ဥတုမှီ၍ ဖြစ်ခွင့်ရစေ သည်။ ယင်းအသံသည် ပစ္စက္ခ၏လူဖြစ်လာချိန်အခါမျိုးတို့၌ စိတ်ကို မှီ၍ ဖြစ်ခြင်း၊ မိဘတို့၏ဥတုကိုမှီ၍ ဖြစ်ခြင်းများသည် ထင်ရှားနေ ကြသည်သာ။

(က) လွမ်းဆွေးသံ မြူးတူးသံ စသည်များကား ယင်း၏စိတ်ထား အတိုင်းပင်။

(ခ) အသံ၏အကြည်၊ အနှောက်၊ စည်းလုံးမလုံး၊ အောင်မအောင် စသည်တို့ကား မိမိခိုအောင်းခဲ့ရာ မိဘတို့၏ သွေးပူသွေးအေး စသည်များအတိုင်းပင်။

လူတစ်ဦးနှင့်တစ်ဦး လေယူလေသိမ်း၊ အပိတ်အဖွင့်များက မတူကြလေ။ တစ်ဦးနှင့်တစ်ဦး အခြေခံ ကံမှီစိတ်ထားကိုက မတူသောကြောင့်။

လူတစ်ဦးနှင့်တစ်ဦး အသံကြည်အေးခြင်း၊ အောင်မြင်ခြင်း၊ စည်းလုံးခြင်းတို့လည်း မတူကြပါလေ။ တစ်ဦးနှင့်တစ်ဦး မိဘတို့၏ ဥတုများကိုက မတူကြသောကြောင့်။

မိဘတို့ရှိသွေးမှ ဆင်းသက်လာသော သုတ်သွေးတွင် ပူခြင်း၊ အေးခြင်းဟူသော ဥတုသတ္တိနှင့်တစ်ကွ လေအေး လေပူတို့၏ လှုပ်ရှားမှု အဝင်လေတည်ဆောက်ပုံခြားနားမှုများကြောင့် တစ်မိတည်းဖွားချင်းပင်လျှင် အသံမတူကြပြီ။

* လေပူနှင့်လေလွှတ်များသောအသံက အသံကြီး၊ အသံပျံ့ဖြစ်လာမည်။
* လေအေးနှင့်လေလွှတ်ညီသောအသံက အသံကောင်း၊ အသံတွဲဖြစ်လာမည်။

တစ်ဖန် သွေးအားကောင်းသောအသံက ကြည်မြအေးစိမ့်နေတတ်ပြီး၊ လေအားကောင်းသောအသံကား ပူလောင်ပြင်းပြနေတတ်သေးသည်။ ထို့အပြင်-

အသံကောင်းစေနိုင်သော ကောင်းမှုကံမျိုးတို့၏ အတွင်းကြိတ်အထောက်ပံ့များကလည်း ပါသေးသည်။ ၎င်းတို့ကား အသံမြည်ဟီးထွက်ပြူလာရာတို့၌ အဓိကဇာတ်ဆောင်များ မဟုတ်ကြလေသဖြင့် ကံဖြစ်သံဟူ၍ကား ဆင်းမလာပြီ။ သို့ကြောင့် အဓိကဇာတ်ဆောင်များ ဖြစ်ကြလေသော ဥတုနှင့် စိတ်သံများကသာ နေရာယူကြမည်။

လူတစ်ဦးစီ၏မိဘတို့ ဥတုမှီအသံဖြစ်ပုံကား ကလလရေကြည်

တည်စ၏ အခါသမယတုန်းကပင် ဗီဇသတ္တိအဖြစ် ပါဝင်ကြပြီးသား ပင်။ အတိတ်ကံ၏ အသံကောင်းစေသောအလှူ၊ ထိုအလှူရှိ စိတ် ထားများလည်း ထိုနှင့်အတူ ပါဝင်ကြပြီးသားပင်။

မှတ်ချက်။ ။ အသံသည်လည်း ကုသိုလ်-အကုသိုလ်-ဝိပါတ်-ကြိယာ-စိတ် (၇၅)ပါး တစ်ပါးပါးကြောင့်ဖြစ်ပေါ်လာရ သည်။ သို့ကြောင့် ရုပ်ချင်းတူသော်မှ အသံချင်းမတူကြခြင်းတည်း။

## အဟာရနှင့် စိတ်-ဥတုတို့ကြောင့် ဖြစ်သောရုပ်များ

ကာယဝိညတ်ခေါ် ကိုယ်အမူရာမှ တစ်မျိုးတစ်ဖုံခွဲထွက်လာ ကြသော ရုပ်တို့၏ ပေါ့ပါးဖျတ်လတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကျန်း ခန့်သာ၍မာခြင်း သုံးမျိုး (အမူရာမှ ခွဲထွက်လာသော အရိပ်ယောင်ပြ ရုပ်တုသုံးမျိုး) တို့ကား အဟာရမျှတခြင်း၊ စိတ်ကြည်လင်ခြင်း၊ ဥတု သာယာခြင်းသုံးမျိုး တစ်မျိုးမျိုးမှီလျက်ကသာ ဖြစ်ခွင့်ရလှာကြရ သည်။

၎င်းတို့လည်း နောက်ကြောင်းကံဖြစ်သော စေတနာထားများ နှင့် ၎င်းတို့ ဖွားဘက်တော်များ ဖြစ်ကြလေသော ကုသိုလ် အကုသိုလ် ဝိပါတ်ကြိယာ (၇၅)မျိုးတို့နှင့်ပါ မကင်းနိုင်ကြရကား-

(က) ကိလေသာမာန်ထသဖြင့် ကြွတက်လာရသော လူမိုက်တို့၏ ပေါ့ပါးဖျတ်လတ်ခြင်းနှင့် ကုသိုလ်ကံပီတိရှိန်များဖြင့် ကြွတက် လာရသော လူလိမ္မာတို့ ပေါ့ပါးဖျတ်လတ်ခြင်း နှစ်ပါးတခြား စီသာရှိကြမည်။

(ခ) တစ်ဖန် ကံ ကုသိုလ်ရှင်၏ ပေါ့ပါးဖျတ်လတ်ပုံမျိုးနှင့် ရှာန်

ကုသိုလ်ရှင်များ၏ ပေါ့ပါးဖျတ်လတ်ပုံနှစ်ပါးလည်း တစ်သား တည်းမကျစေနိုင်။

(ဂ) သည့်အတူ ဈာန်ရှင်များ၏ ပေါ့ပါးဖျတ်လတ်ပုံမျိုးနှင့် အရိယာ ကြီးများ၏ ပေါ့ပါးဖျတ်လတ်ပုံမျိုးများကလည်း ကွာခြားနေ ကြဦးမည်သာ။ ယုတ်စွာ့အဆုံး ဈာန်ရှင် ဈာန်ရှင်ချင်း ဉာဏ် ရှင် ဉာဏ်ရှင်ချင်းပင် တူကြလိမ့်မည်ကား မဟုတ်ပြီ။

မှတ်ချက်။ ။ ပုထုဇဉ်လူသားတို့ကား အဟာရမျှ ဥတု သာယာမှုကိုလိုက်၍ ရုပ်ပေါ့-ရုပ်နု-ရုပ်ခန့် သုံးမျိုးဖြစ်ပေါ်စေတတ် ကြသော်လည်း ဈာန်ရှင်-ဉာဏ်ရှင်တို့ကား ယင်းအဟာရ-ဥတုမျိုး ကိုမှီ၍ ဖြစ်စေလိမ့်မည်မဟုတ်။ ဈာန်အဟာရ ဈာန်ဥတုမျှလောက် သာမှီမည်။ ဈာန်ပီတိဟူသောအစာ ဈာန်ဟုန်ဟူသော ဈာန်ခိုးသတ္တိ၊ ဥတုများကိုသာမှီ၍ ပေါ့မှု-နုမှု-ခန့်မှုများကိုဖြစ်စေကြမည်။ ဝိပဿနာ ဈာန်ရှိန်-ဈာန်ခိုးများဖြင့် ဖြစ်ပွင့်လာကြရသော မဂ်ရှင်-ဖိုလ်ရှင်များ၏ ပေါ့မှု-နုမှု-ခန့်မှုများသည်လည်း ဈာန်အဘိညာဉ်ရှင်များနည်းတူသာ ဖြစ်စေကြမည်။ သာမန်ပုထုဇဉ်အနွယ်သို့ကား မလိုက်ကြ။

## အဟာရနှင့်ဥတုကံစိတ်တို့ကြောင့် ဖြစ်ခွင့်ရရုပ်များ

အထက်ကဆိုခဲ့ပြီး ရုပ်ပေါင်း (၁၅)မျိုး (ကံရုပ်-၉၊ စိတ်ရုပ် -၂၊ ဥတုစိတ်-၁၊ ဥတုအဟာရစိတ် -၃ ပေါင်း ၁၅မျိုး) တို့မှကြွင်း သော ရုပ်ပေါင်း တစ်ဆယ့်သုံးမျိုးတို့တွင်···

(က) ပထဝီ-အာပေါ-တေဇော-ဝါယောဟူသော အခြေခံပင်မရုပ် - လေးမျိုး၊

( ခ ) အဆင်း-အနံ့-အရသာ-ဩဇာဟူသော သုတစ်ဖက်သား ကျက်စားရာရုပ်က-လေးမျိုး၊
( ဂ ) ထိုထိုရုပ်တို့အကြား အလိုလိုခြားနားနေသော အာကာသပရိစ္ဆေဒရုပ်က တစ်မျိုး ပေါင်းကိုးမျိုးတို့ကား ကံစိတ်-ဥတု-အဟာရလေးမျိုးလုံးတို့ကြောင့်ပင် ဖြစ်ပေါ်လာစေကြသည်။

တစ်ခုကောင်းဖြင့် ဖြစ်ခွင့်မရသောရုပ်များတည်း။

လူသားတိုင်းတွင် မြေ-ရေ-လေ-မီး ဓာတ်ကြီးလေးပါးတို့ဖြင့် ခန္ဓာအိမ်ကို တည်ဆောက်ထားကြသည်ကား မှန်၏။ ထိုတည်ဆောက်ရာမှပင် အသွင်အပြင်ခေါ် အဆင်းရူပကာသနှင့်တစ်ကွ သုအနံ့၊ သုအရသာ၊ သုဩဇာသတ္တိများလည်း ကွဲကူးရေပါပမာ အတူပါလာကြသည်ကလည်း မှန်၏။ ထိုထိုရုပ်ခန္ဓာအိမ်တွင်းရှိ ရုပ်ဓာတ်များ၏အကြား ခြားနားခြင်းဟူသော သဘာဝရုပ်တရားကလည်း လူသားတိုင်းတွင် အတူပါလာကြသည်ချည်းသာ ဖြစ်၏။ သို့တစေလည်း…

ထိုထိုလူသားတိုင်း

* တည်နေဟန်၊ အဆင်းသဏ္ဌာန်၊ ပုံဟန်ချင်းကား တူညီကြပါ၏လော။
* အနံ့အသက်နှင့်တစ်ကွ သုအရသာ ဩဇာသတ္တိချင်းကော တူညီကြပါ၏လော။
* အပျော့အမာ အပူအအေးများကကော တူညီကြပါ၏လော။

မတူ-မတူ ဘာဆိုဘာမျှမတူဟု ဖြေဆိုရမည်သာ။ သို့ဖြေခဲ့မိပါသော် ထပ်မံလာသောပုစ္ဆာကား ဘာ့ကြောင့်မတူရပါသနည်း။ သို့တည်းမဟုတ် မတူချင်၍လော မတူနိုင်၍လော။ ထိုထပ်မံပုစ္ဆာများ ပေါ်ပေါက်လာဦးမည်သာ။

* လူတစ်ဦးနှင့်တစ်ဦး ပြုကျင့်ခဲ့ကြရာ ကံချင်းကား မတူကြချေ။
* ပြုကျင့်ပုံကံသို့လိုက်၍ စိတ်ဓာတ်ချင်းလည်း မတူကြချေ။
* ကံနှင့်စိတ်တို့၏ အရှိန်သို့လိုက်၍ ခိုကိုးရာ ဥတုချင်းလည်း မတူကြချေ။
* ကံနှင့်စိတ်တို့၏ အကျိုးဆက်အဖြစ် စားသုံးရာအဟာရချင်း လည်း မတူကြချေ။

သို့ကြောင့် အားလုံးပင် ရုပ်ရည်ချောမောချင်ကြပါသော်လည်း အချို့သာချောမော၍ အချို့ကားမလှပနိုင်တော့ပြီ။ အချို့သာ ဖွံ့ဖြိုး ထွားကျိုင်း၍ အချို့မှာ ပိန်လှီသေးကွေးနေကြရပါသည်။ စိတ်ဥတု ကြောင့်ဖြစ်ရပါသည်ဆိုသော အသံသည်ပင် စိတ်နှင့်မကင်းရာ၊ ကံသတ္တိများကွာခြားမှုအရ ကံတော်အနန္တာဘုရားရှင်၏ အသံတော်မျိုးကို ကံတစ်ဝက်ရှင် ပစ္စေကနှင့် ကံတစ်စိတ်ရှင် ရဟန္တာတို့သော်မျှ လိုက်လံ မတုပနိုင်ကြပြီ။ လူသာမန်တို့ကား ဝေလာဝေးသာ။ သည့်အတူ အနံ့ အရသာ သြဇာသတ္တိများလည်း မည်သို့မျှလိုက်၍ မမှီနိုင်ကြပြီ။

အထက်ပါ ရုပ်အဆင်းသွင်ပြင်အားဖြင့်၊ ရုပ်အဆင်းသဏ္ဌာန် အားဖြင့်၊ အနံ့အားဖြင့်၊ အရသာအားဖြင့်၊ သတ္တိအားဖြင့် ကွဲပြားနေကြ ရခြင်းများသည် ကံတစ်ခုကောင်းကြောင့်ချည်းလည်း မဟုတ်ကြ။ စိတ်တစ်ခုကောင်းကြောင့်ချည်းလည်း မဟုတ်ကြ။ ဥတု၊ အဟာရ တို့၏တစ်ခုချင်းကောင်းရာမှ ပေါ်လာသည်လည်း မဟုတ်ကြ။ အားလုံးသော ကံ၊ စိတ်၊ ဥတု၊ အဟာရ လေးမျိုးတို့၏ ပူးပေါင်း ခြင်းနှင့်အတူ ကံ-ဉာဏ်-ဝီရိယများ၏ လက်ကူဖြင့်သာပေါ်ထွန်း လာကြရချေသည်။ တစ်ခုကောင်းဖြင့်ကား ပေါ်ထွန်းခွင့် မရနိုင် ကြချေ။ နောက်နောက် အစကခွဲပြခဲ့ခြင်းများကား ယေဘူယျမျှသာ။

* အတိတ်ကံစိတ်တို့၏ အရှိန်လှိုင်းသည် ပစ္စုပ္ပန်ကံ-စိတ်-ဥတု-အဟာရဆီသို့ ရိုက်ခတ်၏။

* ပစ္စုပ္ပန်ရှိ ကံစိတ်တို့၏အရှိန်လှိုင်းသည် ပစ္စုပ္ပန်ဉာဏ်-ဝီရိယကိုဖြစ်ထွန်းစေ၏။

ဤနည်းဖြင့်ပင် သင့်ကံမကုန်မချင်း သင်လှုပ်ရှားခွင့်ရနေပါမည်။

ဤနည်းဖြင့်ပင် သင့်စိတ်မကုန်မချင်း သင်လှုပ်ရှားခွင့်ရနေပါမည်။

ဤနည်းဖြင့်ပင် သင့်ဥတုမကုန်မချင်း ဘဝခရီးတွင်း စီးဆင်းနေကြရပါမည်။

ဤနည်းဖြင့်ပင် သင့်အဟာရမကုန်မချင်း ဘဝစီးကြောင်းတွင်း စီးဆင်းနေကြရပါမည်။

* ယနေ့သင့်ကံကုန်လျှင် ယနေ့ပင်သင် လှုပ်ရှားခွင့်မရတော့ပါ။

* ယနေ့သင့်စိတ်ကုန်လျှင် ယနေ့ပင်သင် လှုပ်ရှားခွင့်မရတော့ပါ။

* ယနေ့သင့်ဥတုကုန်လျှင် ယနေ့ပင်သင် လှုပ်ရှားခွင့်မရတော့ပါ။

* ယနေ့သင့်အဟာရကုန်လျှင် ယနေ့ပင်သင် လှုပ်ရှားခွင့်မရတော့ပါ။

လူသားတိုင်း အသက်၏တိုခြင်း၊ ရှည်ခြင်းနှင့်တကွ အသက်မွေးဝမ်းကျောင်းမှု ချောင်လည်ခြင်း၊ ကြပ်တည်းခြင်းများပါ ထိုလေးပါးတို့၏ သတ္တိဂုဏ်ကို ခိုလှုံကြရသည်ချည်းဖြစ်ကြရာ ဘဝချင်းချင်း အဘယ်မှာလျှင် တူ၍- တူ၍ ရနိုင်ပါအံ့နည်း။ ဘဝကို

လည်း အဘယ်မှာလျှင် ရေ့တိုးနောက်ဆုတ်လုပ်၍ ရနိုင်ပါအံ့နည်း။

## ကင်း-မကင်း အငြင်းပွားရသောရုပ်များ

အထက်ကဆိုခဲ့ပြီး ရုပ်ပေါင်း (၂၄)မျိုး (ကံဖြစ်-၉၊ စိတ်ဖြစ်-၂၊ ဥတုစိတ်ဖြစ်-၁၊ ဥတုအဟာရစိတ်ဖြစ်-၃၊ လေးမျိုးစုံဖြစ်-၉) တို့မှကြွင်းသော လက္ခဏာရုပ်လေးမျိုးတို့မှာမူကား မည်သည့် လက်ချက်ဟူ၍ ဆိုစရာမရှိပါချေ။ ဘာ့ကြောင့်မေးသော် ထိုလက္ခဏာ ရုပ်လေးမျိုးတို့သည် ဆိုခဲ့ပြီး ရုပ် (၂၄)မျိုးတို့၏ သွင်ပြင်မူရာလက္ခ ဏာကို တိုင်းထွာပြသည့်ပမာ ထိုရုပ်များ၏ သွားရာခရီးစဉ်ကို မှတ်သားပြနေခြင်းမျှသာ ဖြစ်ခြင်းကြောင့်။ သို့တည်းမဟုတ် ဖြစ် ထွန်းလာသောရုပ်တို့၏ လှုပ်ရှားရာမှ ထပ်ဆင့်ပေါ်ထွန်းလာသော အရိပ်၏အရိပ်မျှသာ။ သို့ကြောင့်လျှင်…

* (ရုပ် ၂၄)မျိုးတို့ ကိရိယာစုံ အကုန်တပ်ဆင်ပြီးစီးလျှင်ပင် သင့်အဖို့ လူဟူ၍ ဆိုခွင့်ရပြီ။ ထိုလူဆိုသောသင်သည်

(က) အစစွာရုပ်စုံ၍ ပုံပေါ်လာသည်နှင့် ဖြစ်ခြင်းဟူ၍ဆိုရပြီ … ဥပစယ။

(ခ) ထိုလူသားဟူသောသင်၏ အတွင်းဓာတ်အားများ စတင်လှုပ် ရှားလာသည်နှင့် စဉ်ခြင်းဆိုရပြီ… သန္တတိ။

(ဂ) ထိုအစဉ် ပီပြင်ထင်ရှားစွာ လှုပ်ရှားသည်နှင့် ရင့်ကျက်ခြင်း ဆိုရပြီ… ဇရတာ။

(ဃ) ထိုရင့်ကျက်ရုပ်များ ပြန်လည်ပျက်ကျသွားသည်နှင့် မမြဲဆို ရပြီ… အနိစ္စတာ။

ပမာအားဖြင့်ဆိုရပါမူ···

သင်၏လူဟူ၍ သီးခြားရုပ်စဉ်ကြီးတစ်ခု ဖြစ်ပေါ်လာရာ၌

* အစစွာ မိခင်ဝမ်းဗိုက်အောင်းအဖြစ် ပဋိသန္ဓေနေရပါမည်။
* ထို့နောက် မိခင်ဝမ်းမှကျွတ်လွတ်၍ ယောက်ျား-မိန်းမအသွင် ပေါ်လာပါပြီ။
* ထို့နောက် တစ်သက်တာလုံးလုံး ယောက်ျားသဘာဝ-မိန်းမ သဘာဝအတိုင်း နေထိုင်ကျင့်သုံးနေပါသည်။
* ထို့နောက်၏ နောက်ဆုံးတွင်ကား ဘဝကိုစွန့်ခွာ သေပွဲဝင်ရ ပါတော့သည်။

ထိုသို့ ပဋိသန္ဓေနေ-ဖွားသက်-လူအဖြစ်လှုပ်ရှား ထို့နောက် သေ ဟူသော လေးမျိုးဆင့် လူ့ဘဝခရီးစဉ်ဝယ်

(က) မိခင်ဝမ်းအောင်းကာလနှင့် ဥပစယလက္ခဏာ ပမာတူစွာ၏။
(ခ) မွေးဖွားစဉ်ကာလနှင့် သန္တတိလက္ခဏာ ပမာတူစွာ၏။
(ဂ) လူ့ပြည်ခြေချနေဆဲကာလနှင့် ဇရတာလက္ခဏာပမာတူစွာ၏။
(ဃ) လူ့ဘဝ၏နောက်ဆုံးသေပွဲဝင်ကာလနှင့် အနိစ္စလက္ခဏာ ပမာ တူလှစွာ၏။

ထိုလေးမျိုးစဉ်တို့အတိုင်းလျှင် ရုပ်ကလပ်တစ်ခု တစ်ခုဖြစ် ပေါ်လာလေတိုင်းလည်း ဖြစ်ပေါ်လာခြင်း၊ အစဉ်တန်းမိလာခြင်း၊ တန့် ခြင်း၊ ပျက်သုဉ်းကျသက်သွားတော့ခြင်း ဟူသော ဤလေးမျိုးတို့ များသည် မြစ်ရေ၏အလျင်ပမာ တသွင်သွင်းစီးဆင်း စီးထွက် ဆန် တက်လျက်ကချည်းသာ။ သင်အိပ်သော်မှ သူမနား၊ သင်ချိုင်းအထိ သွားနေမည်သာ။

သင့်ဘဝဖြစ်စဉ်တန်းကြီးသည် ဤနည်းဖြင့်ပင် မွေးဖွားလာ

ခဲ့ရပါသည်။ ဤနည်းဖြင့်ပင် လူလားမြောက်ခဲ့ရပါသည်။ ဤနည်းဖြင့်ပင် အိုမင်းမစွမ်းဖြစ်ခဲ့ရပါသည်။ ဤနည်းဖြင့်ပင် တဟီးဟီးညည်း သေပွဲကြီးကျင်းပသွားရပါမည် မုချတည်း။

ထိုသင့်ဘဝ၏ အချိန်နှင့်စက် သွားလျက်ရှိသော အရှယ်ခေါ်ခရီးစဉ်ကြီးကို နံဘေးမှနေ ကြည့်နေသူများသည်...

* ဟော - ငါ့တူလေး မွေးဖွားလာပြီ။
* ဟော - ငါ့တူလေး လူလားမြောက်လာပြီ။ ဤကား အထက်ကြည့်သမားများ၏အမြင်။
* ဟော - ငါ့အစ်ကို အိမ်ထောင်ကျသွားပြီ။ ဤကား အလယ်ကြည့်သမားများ၏အမြင်။
* ဟော - တို့အဘိုးဆုံးသွားပြီ။ ဤကား အောက်လက်သမားများ၏အမြင်။

ဤသို့လျှင် မှတ်သားဆုံးဖြတ်ကြလေရာ၏။ ထိုသို့ ဆုံးဖြတ်ခြင်းသည် လူတစ်ဦး၏ သွားရာဘဝလမ်းကို ရောက်ရာအရပ်ရှိလူတို့က ဖမ်းကြည့်အားဖြင့် မြင်နည်းတည်း။

သည့်ပမာလျှင် ရုပ်ဒြပ်တစ်ခုတစ်ခုတို့၏ ဖြစ်စဉ်တန်းကြီးသည်လည်း

* အစပျိုးခြင်း - ဥပစယ၊ ဖြစ်ထွန်းလာခြင်း - သန္တတိ၊ မပျက်မီခဏမျှတွေနေခြင်း - ဇရတာ၊ ထို့နောက် ပျက်ကျသွားဟော့ခြင်း - အနိစ္စတာ ထိုလေးမျိုးသော ခရီးစဉ်အဘိုင်းချည်းသာ။

လမ်းစလျက်ကပင် လမ်းဆုံး၊ လမ်းဆုံးသွားကြရသည့်နည်းပင် သို့မဟုတ် အဖြစ်မှအပျက်သို့... ။

ထိုလေးမျိုး လေးမျိုးတို့မပြတ်ဖြစ်ပေါ်ခြင်း၊ ချုပ်ဆုံးသွားခြင်းများဖြင့်ပင် ဘဝခေါ်ဖြစ်စဉ် အမျှင်တန်းကြီး အဆက်မပြတ် (ကံအရှိန်သတ္တိမကုန်မချင်း၊ စိတ်စွဲသတ္တိမကုန်မချင်း၊ ဥတုရည်လည်းသတ္တိမကုန်မချင်း၊ အဟာရမှီသတ္တိမကုန်မချင်း) မီးတွင်းမှသည်သေတွင်းဆီသို့ အပြင်းချီတက်နေကြရခြင်းကို

* လူတစ်ယောက်၏ လှုပ်ရှားမှုဟူ၍လည်း ဆိုရပါသည်။
* လူတစ်ယောက်၏ ဘဝသက်တမ်းဟူ၍လည်း ဆိုရပါသည်။

စင်စစ် လူဆိုသောစကားအစား (နတ်၊ နွား စသည်လည်းအတူတူ) လက္ခဏာလေးအင်ခရီးစဉ်ဖြင့် ရုပ်အဆက်ဆက်တို့ဖြစ်ရာမှပျက်၊ အရှိန်ဆက်သွားနေကြခြင်းဆိုသော ဤစကားက ပို၍မှန်ကန်မည်ထင်၏။ သို့မဟုတ် သင်သည်ကား အာရုံကထောင်၊ ဓာတ်ကောင်ကထ လက္ခဏာအချက်ပြလေးချက်ဖြင့် ကျကျသွားခြင်း။

အထက်ပါ (ရုပ်တို့၏ ခရီးစဉ်ကြီးကို အချက်ပြရာ) လက္ခဏာလေးချက်တို့ကို···

(က) ကံက ပြုလုပ်ပေးနေသလားမေး၊ မဟုတ်ပါဟူသော အဖြေသာပေးရပါမည်။
(ခ) စိတ်က ပြုလုပ်ပေးနေသလားမေး၊ မဟုတ်သေးဟူ၍ပင် ဖြေဆိုရပါမည်။
(ဂ) ဥတုကလှုံ့ဆော်၍မေး၊ ဟင့်အင်းဟူ၍ပင် အဖြေပေးရပါမည်။
(ဃ) အဟာရကြောင့်လားမေး၊ ဟင့်အင်းဟူ၍ပင် ခေါင်းရမ်းပြရပါလိမ့်မည်။

တစ်ဖန် ထိုလေးပါးတို့နှင့် ကင်းသလားမေးဦး···

အလွတ်ပါဟူ၍ ဖြေနိုင်သော်လည်း ကင်းပါသည်ဟူ၍ကား

မဆို သာပြီ။

ဆိုကြပါစို့…

လူတစ်ဦးစီရှိ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်းတို့တွင်

* သွေးရှိပါ၏လောမေး၊ အဖြေကား မရှိပါဟူ၍ပင်။
* သွေးကင်းပါ၏လောမေး၊ အဖြေကား မကင်းဟူ၍သာ။ ဘာ့ကြောင့်ဆို၊ သွေးကိုမှီ၍ ဖြစ်ပွားလာခဲ့ကြရသော အရာဝတ္ထုများဖြစ်၍ နေကြခြင်းကြောင့်။

နောက်တစ်မျိုး သိစေလိုသေးသည်မှာ…

တရုတ်၊ ကုလားတို့၏ကိုယ်အသီးသီးရှိ ဖြူခြင်း၊ မဲခြင်းဟူသော သွင်ပြင်မူရာ လက္ခဏာများသည် တရုတ်ဖြစ်ရန်၊ ကုလားဖြစ်ရန်နှင့်ကားမဆိုင်။ သို့တစေလည်း ထိုတရုတ်၊ ကုလားမျိုးရိုးဗီဇတို့၏ သွေးနှင့်မကင်းသော အသွေးရောင်ဖြစ်နေခြင်းကြောင့် ကင်းသည်ဟူ၍ကား မဆိုသာ၊ သို့အတူ မဆိုင်ဟူ၍လည်း မငြင်းသာ။

သည့်ပမာလျှင်…

အထက်ပါ (လက္ခဏာအချက်ပြရုပ်)လေးမျိုးတို့သည်လည်း ကံ၊ စိတ်၊ ဥတု၊ အဟာရ ဟူသော သန္တိရလေးမျိုးတို့ကြောင့် ဖြစ်ကြရသည် မဟုတ်ဆိုသော်လည်း ထိုသန္တိရတို့ ပြုလုပ်ပေးထား သော ကြွင်း (၂၄)မျိုးသောရုပ်တို့မှ ပေါ်ပေါက်လာသော လက္ခဏာများဖြစ်နေကြခြင်းကြောင့် မဟုတ်ဟူ၍ အကြွင်းမဲ့ကားမဆိုသာပြီ။

"ဤကား လက္ခဏာရှိ ရုပ်တို့၏ သဘာဝများတည်း။"

# ဓာတ်ပန္နက် အကွက်ရိုက်ပြီးပြီ

အထက်ကဆိုခဲ့ပြီးသည်များကို အတိုချုပ်လိုက်သော်…

၁။ စိတ်သည် သိဆိုသောနေရာမှပင် တာဝန်ယူ၍ ဝိညာဉ်စုကို စုစည်းဦးဆောင်မည်။

၂။ စိတ်မှီဝေဒနာကား ထိုအသိတွင်ခံစားမှုယှဉ်၍ ဝေဒနာစုကို စုစည်းဦးဆောင်မည်။

၃။ စိတ်မှီသညာကား ခံစားရာတွင် မှတ်သားမှုယှဉ်၍ သညာစုကို စုစည်းဦးဆောင်မည်။

၄။ ကြွင်းစိတ်မှီများကား ၄င်းတို့နောက် သူ့နေရာသူ ဝင်ရောက်၍ ကြောင့်ကြစိုက်မှုကို စုစည်းဦးဆောင်မည်။

၅။ (၃၂)ခုသော အစိတ်အပိုင်းများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော

(က) ဖိုသတ္တဝါဖြစ်ခဲ့သော် မ-ဘာဝကိုနှုတ်၍ ကြွင်း(၂၇) မျိုးသောရုပ်များ

(ခ) မ-သတ္တဝါဖြစ်သော်ကား ဖို-ဘာဝကိုနှုတ်၍ ကြွင်း (၂၇)မျိုးသောရုပ်များ

အထက်ပါရုပ်စုတို့ကား စိတ်နှင့်စိတ်မှီ(လေးမျိုးစု)တို့က လှုံ့ဆော်ပေးလျှင် လှုံ့ဆော်ပေးသောအတိုင်းလျှင် ပမာ-ကားဆရာသည် မိမိကိုင်ကားကို ဦးခန်းဝင်၊ ဘရိတ်နင်း၊ စက်ကိုနှိုး၊ ဂီယာထိုးလေရာ ကားသည်လည်း ဆီလမ်းလျှောက် မီးအဖြစ်ရောက်တွန်းအားကို တွန်းအားဖြင့်ထောက်၍ ထောက်၍ ကားဆရာ၏အလို

နောက် တစ်သွေမတိမ်းကူထောက်ကာ လိုရာရာ အရောက်ပို့ပေး နေရဘိသို့ ဤရုပ်စုတို့သည်လည်း…

* ဘဝင်လေလှုပ်ရှားခြင်း၊ နှလုံးသွေးနိုးကြားခြင်း၊ သွေးလေများ လည်ပတ်ရှိန် တိုးမြင့်လာခြင်းမှသည် တစ်ဖက်ရှိ ဆိုင်ရာအာရုံများကို-

(က) ပက်ပင်းတွေ့ဖြစ်နေသော် ဆိုင်ရာမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်များဖြင့် အလုပ် လုပ်ပေးလျက်ကပင် ရုပ်စုကို စုစည်း ဦးဆောင်ပေးမည်။

(ခ) ယခင်တွေ့၊ နောင်တွေ့များဖြစ်နေခဲ့သော် ဆိုင်ရာအစွဲအာရုံများကို ပုံအဖြစ် အသစ်ဖော်ပေးပြီး အတွေးဖြင့်အလုပ် လုပ်ပေးလျက်ကပင် ရုပ်စုကိုစုစည်း ဦးဆောင်မည်။

ထိုအုပ်စုငါးခုကိုပင် သင့်၏ခန္ဓာငါးပါးဟူ၍ ပညတ်ထိုး ဆိုင်းဘုတ်တင်ထားသည်။

ထိုအုပ်စုငါးခုကပင် သင့်အတွက် သူတာဝန်သူထမ်း ကောင်းလမ်း ဆိုးလမ်း တန်းသွားပေးကြသည်။

ထိုသို့သွားရာ၌ သင့်၏

(က) ဘဝခေါ်ရုပ်ဖြစ်စဉ်၊ နာမ်ဖြစ်စဉ် အမျှင်တန်းကြီးကား လမ်းထားအရာတည်း။

(ခ) ပဋိစ္စသမုပ္ပါဒ်သဘာဝတို့ကား ထိုလမ်း-တန်းစေသော လမ်းပြင်လုပ်သားများတည်း။

(ဂ) ပဋ္ဌာန်းတို့၏သဘာဝသတ္တိများကား လမ်းဆိုး-လမ်းကောင်း ကြောင်းပေးသောအရာရှိများတည်း။

(ဃ) အယုတ်စား-အာသဝ-ဩဃ-ယောဂ-ဂန္ထ စသည်များနှင့်

တစ်ကွသော ကိလေသာ-သံယောဇဉ်တရားကိုယ်များကား အောက်ပြည်သွားခရီးသည်များတည်း။

(င) အမြတ်စား သတိပဋ္ဌာန်-သမ္မပဓာန် ဖိုလ်-ဗောဇ္ဈင် မဂ္ဂင်နှင့် တကွသော ကုသလကမ္မပထ အားလုံးတို့ကား အထက်ပြည် သွား ခရီးသည်များတည်း။

(စ) မဂ်လေးဆင့်၊ ဖိုလ်လေးဆင့်နှင့် တစ်ကွသော သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်များနှင့် အထွဋ်တပ်နိဗ္ဗာန်သည်ကား စခန်းဆုံးသဖြင့် လမ်းဘေးထွက် သက်သက် နားနေသူများ တည်း။

အထက်ပါ သဘာဝတို့ကို သင်သည် ဂဃနဏ လေ့လာပြီးစီး သော်

(က) ငါသည် မည်သည့်လမ်းကို နှစ်သက်၍ မည်သည့်လမ်းပေါ် တက်နေမိသနည်း။

(ခ) ငါ့ကားသည်လည်း မည်သည့်လမ်းပေါ်ပြေး၍ မည်သည့် လမ်းဘေး ထိုးဆိုက်နေချေသနည်း။

ဤအမေးနှစ်ခုတို့ဖြင့် သင့်ကိုယ်သင် စိစစ်သင့်ချေပြီ။ လူ့ဘဝ ရောက်သခိုက် မေးလည်းမေးထိုက် ရွေးလည်းရွေးထိုက်နေသော လမ်း များတည်း။

အကယ်တိတိ -

သင်သည် လမ်းမေးခြင်း လမ်းရွေးခြင်း အလျဉ်းမရှိလေဘဲ ငါ့လှေ ငါထိုး ပဲခူးရောက်ရောက်ပမာ။ ငါ့မြင်း ငါစိုင်း စစ်ကိုင်း ရောက်ရောက်ပမာ။ သွားနေကျရာ သွားကျင့်ပါဖြင့် ကျရာသွား၍ ကျရာနားနေချေသော် ယုန်တောင်ပြေး ခွေးနောက်လိုက်ကဲ့သို့

အကောင်းမျှော်ကိုး ဆိုးကျိုးထိုးကျ အကျိုးနည်းဘဝ လှလှကြီးရောက် ရတော့မည်မုချ။

## စိတ်အရာပေး လမ်းကလေး

စိတ်လှုပ်ရှား၍ ရပ်ဖောက်ပြန်ရပါသည်ဆိုသော သင်၏ ထိုဘဝဖြစ်စဉ်ကြီးထဲ၌ ဝီထိခေါ်စိတ်သွားရာ လမ်းစဉ်သည် အတွင်းကြားအထင်းသားပါရှိနေ၏။ ရပ်သွားရာလမ်းစဉ်ကား အပြင်မှာ အထင်သားဖြစ်နေ၍ ဤသို့မပြသာပြီ။

ထိုစိတ်သွားခရီးစဉ်သည် -

ရုပ်၏တစ်ချက်ခရီးတွင် စိတ်သက်ကား (၁၇)ချက်လျှင် ပြီးစီးသွားသောကြောင့် ထိုအတိုင်းပင်လျှင် (၁၇)ချက်စီဖြင့်ပင် ခရီး သတ်မှတ်ရချေသည်။ ထိုတွင်

(က) အာရုံပြုတိုတောင်းခြင်း၊ အလွန်တိုတောင်းခြင်း... နှစ်မျိုး

(ခ) အာရုံပြုရှည်လျားခြင်း၊ အလွန်ရှည်လျားခြင်း... နှစ်မျိုး

(ဂ) အာရုံပြုထင်ရှားခြင်း၊ မှုန်ဝါးခြင်း... နှစ်မျိုး

ဤသို့လျှင် သင့်စိတ်၏ သွားခရီးသည်

(က) မိမိ၏မျက်စိ စသည် ... ဝဏ္ဏရုပ် အကြည်ဓာတ်များသို့ လိုက်၍လည်း ကွာခြားမည်။

(ခ) တစ်ဖက်၏ရူပါရုံစသည်... အာရုံများသို့လိုက်၍လည်း ကွာခြားမည်။

(ဂ) မိမိ၏မျက်စိသည်… ဒွါရခေါ် တံခါးပေါက်များသို့ လိုက်၍လည်း ကွာခြားမည်။
(ဃ) မိမိ၏မြင်သိစသည်… အသိစိတ်များသို့ လိုက်၍လည်း ကွာခြားမည်။
(င) တစ်ဖန် ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ၊ အတိဣဋ္ဌာရုံများလိုက်၍လည်း ကွာခြားကြဦးမည်။

ဤ၌ကား သင့်အား အဘိဓမ္မာသရုပ်ပြသင်တန်း ပေးနေသောနေရာ မဟုတ်ချေရကား (သင့်စိတ်နေသဘောထားနှင့် သင့်ကိုယ်လှုပ်ရှားပုံနှစ်ခု စပ်ဟပ်မှုရှိရန် တွဲပြ-ခွဲပြသောနေရာသာ ဖြစ်သဖြင့်) သိသာရုံအမြွက်မျှ ပြဆိုမည်။ သို့မဟုတ် ကားသမားနှင့် ကားသွားပုံသဘာဝ သင်သိသာ၊ မြင်သာရုံမျှ လှစ်ပြမည်။

စိတ်သည်လည်း…
(က) နိုးစိတ် (၄င်းကိုဆင်ခြင်စိတ်ဟူ၍ သုံးနှုန်းသည်)
(ခ) မနိုးစိတ် (၄င်းကိုကား ဘဝင်စိတ်ဟူ၍ သုံးနှုန်းသည်) နှစ်မျိုး။

ထိုတွင်…

သတ္တဝါတိုင်း ပဋိသန္ဓေခိုဝင်လာကာစ စိတ်နှင့်တစ်ကွသော အမိဝမ်းအောင်းကာလတွင်းရှိ စိတ်အားလုံးတို့သည် အိပ်ပျော်နေစဉ်ကာလရှိစိတ်ပမာ ဘာမျှမသိရှာ။

တစ်ဖန် သင်အမိဝမ်းမှ ကျွတ်လွတ်လာချိန်မှသည် တစ်ရက်တာ တစ်သက်တာတို့၏ နိုးထချိန်ကာလအတွင်းရှိ စိတ်ထားအားလုံးတို့ကား တစ်ခုမဟုတ်တစ်ခု သိသိပေးနေကြသည်သာ။

သို့ကြောင့် အာရမ္မဏံ စိန္တေတီတိ စိတ္တံ အာရုံကိုကြံစည်တတ်သောကြောင့် စိတ်ဟူ၍ဆိုသော ထိုစကားသည် နိုးစိတ်ကို ရည်

၍ ဆိုခြင်းမျှသာတည်း။ တစ်ဖန်···

အာရမ္မဏံ နမေတီတိ နာမံ အာရုံကိုညွတ်တတ်သောကြောင့် နာမ်ဆိုသည်မှာကား စိတ်မှီတို့ခြေအရှုပ်ဖြင့် အလုပ်များ၍နေသော နိုးစိတ်ကိုပင်ရည်၍ ဆိုခြင်းတည်း။

ထိုစိတ်၏သွားရာလမ်းကြောင်းများကား မျက်စိတံခါး၊ နားတံခါး စသည်၊ ဒွါရဝတ္ထုခြောက်ခု၊ တစ်ဖန် တစ်ဖက် အာရုံများကလည်း ခြောက်မျိုး၊ ထိုတံခါး ထိုအသွားများ၏ သူ့ဆိုင်ရာ သူ့တံခါး သူ့ဖာသာဝင် ခလုတ်၊ ထွက်ခလုတ် တွန်းတိုက်လျက်က သွားခြင်းအားဖြင့် ထိကပါး၊ ရိကပါးပြုကျင့်နေကြပါသည်ကို···

(က) သိ·· သိ·· သိ·· ကြံစည်သိ··· ညွတ်သိ··· သိလျက်ကလည်းကောင်း၊

(ခ) သိ·· သိ·· သိ·· ခံစားသိ·· မှတ်သားသိ··အားစိုက်သိ·· ဆုံးဖြတ်သိ သိလျက်ကလည်းကောင်း ထိုစိတ်သည် ခရီးစဉ်အဖြစ် သွားလာနေလေ့ရှိ၏။ သို့ကြောင့် သင့်အာရုံယူ ခံစားကြည့်လေတိုင်းလျှင်···

ထိုသင့်စိတ်၏ သွားလမ်းခေါ် ဝီထိကလည်း စက္ခုဝီထိ- မျက်စိတံခါးမှ အသွားအလာပြုလုပ်ခြင်း၊ သောတဝီထိ-နားတံခါးမှနေ အသွားအလာပြုလုပ်ခြင်း စသည်ခြောက်မျိုးပင် ကွဲပြားလာရချေသည်။

မှတ်ချက်။ ။ စိတ်သွားလမ်း ထိုခြောက်မျိုးအတိုင်းလျှင် အာရုံခြောက်မျိုးတို့နှင့် တိုးမိနေသောကြောင့် ဝိဉာဏ်ခေါ် အသိသည်လည်း တစ်ဖန် ခြောက်မျိုးပင် ထပ်မံကွဲဦးမည်။

မျက်စိတံခါး အဆင်းသွားက မြင်သိ၊ နားတံခါး အသံသွားက

ကြားသိ စသည်စသည် သို့မဟုတ် မြင်ရာ၌ကြားသိမရှိ။ ကြားရာ စသည်များ၌ မြင်သိမပါ စသည်စသည်… ။

* စိတ်ဖြင့်… လောဘကို တည်ဆောက်ဖန်ဆင်းထားခြင်း။
* စိတ်ဖြင့်ပင်… လောကကြီးကို ဆွဲငင်တွန်းပို့နေခြင်း။
* မည်သည့်အရာမဆို စိတ်အလိုလိုက် စိတ်ဦးတိုက်နေကြရခြင်း တည်း။

သို့ကြောင့် သင့်စိတ်သည် သင့်ဘဝအတွက် လမ်းထွင်-လမ်း ပေး ရှေ့လမ်းပြေးဆိုက မမှားတန်ရာပြီ။

## စိတ်ကျရာဘက် အသက်ဝင်ပေးရသောရုပ်

ဝိထိချသည် သို့မဟုတ် ဝိထိကျသည်ဟူသော စကားသည် စိတ်သွားရာကိုယ်ပါ နှုန်းထားအတိုင်း စိတ်နှိုးရာ ရုပ်နိုးလာခြင်းများ ကိုဆို၏။ စိတ်သည်ကား အာရုံထိရာ အသိပါနှုန်းထားအတိုင်း အာရုံ တိုး၍ စိတ်နိုးခြင်းတည်း။

ထိုတွင်…

၁။ ပထမ - အာရုံမဖမ်းဆီးမီ၌ ဘဝင်စိတ်ချည်းသက်သက် နေ သည်။

၂။ ထို့နောက် အာရုံ၏အတို့ အညှို့ခံလိုက်ရသည်နှင့် ဘဝင်စိတ် နှင့် ဘဝင်လေလှုပ်ရှားလာသည်။

၃။ အာရုံတိုး၍ စိတ်နိုး စိတ်နိုး၍ ဘဝင်လေပါ နိုးထလာသော အခါ နှလုံးသွေးပါလှုပ်ရှားလာစေခြင်းဖြင့် မနိုးစိတ်ကို ဖြတ်တောက်ချလိုက်သည်။ (ဘဝင်စိတ်ကို ဖြတ်တောက်ထား ခဲ့ခြင်း)

၄။ ထို့နောက် နိုးစိတ်ဖြင့် မိမိ၏မနောပြင်သို့ သဘောအဖြစ် ထင်ဟပ်လာသော ပြင်ပပို့ကုန် တစ်ဖက်အာရုံပုံရိပ်များကို သုံးသပ်ပေးသည်။

၅။ ထို ပြင်ပရှိမျက်စိ စသည်တို့မှ တစ်ဆင့်ပို့လိုက်သော အာရုံ ပုံရိပ်များ သေချာသည်ထက် သေချာစေရန်လည်း ထိုစိတ်က စောင့်ကြည့်ပေးသေးသည်။ (သမ္ပဋိစ္ဆိုင်း အမည်တွင်ခြင်း)

၆။ ထို့နောက် သေချာပြီဆိုသည်နှင့် ထိုစိတ်က ကောင်းမကောင်း ယတိပြတ်ဆုံးဖြတ်ချက်အဖြေ ပေးလိုက်ပြီ။

၇။ ဆုံးဖြတ်ချက်ရသည်နှင့် ကံပြုရာဆီသို့ စိတ်တစ်ဟုန်ထိုး ထပြေးသွားသည်။

၈။ ထိုဆုံးဖြတ်ချက်အတိုင်း အာရုံတွင်း သိစိတ်များကျရောက် သွားပြီး (၇)ကြိမ်မျှ ဆက်တိုက်ခံစားနေသည်။

၉။ ထို့နောက် နောင်တွေ့လျှင်ဆောင်ရန်၊ ရှောင်ရန်အတွက် အာရုံ ပုံရိပ်ကိုပြန်လည်ကာ နှစ်ကြိမ်တိတိ ထပ်မံအာရုံပြုပေးသည်။

မှတ်ချက်။ ။ မျက်စိတံခါးမှ အာရုံဖြစ်ခဲ့သော် မြင်သိ စိတ်ပါပေါင်းသော် (၁၀)မျိုးတိတိရှိမည်။ ကြားသိ စသည်အတူတူ…။ ဤကား ရပ်တစ်ချက်အလှုပ်၌ လုပ်ရသော စိတ်၏အလုပ်တည်း။

၄င်းကို ဘဝင်-ဘင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံဟူ၍ စာစကားက ဆို

သည်။ ဝီထိကျသည်ဟုလည်း ဆိုသည်။ သင်၏ဝီထိကျခေါ် ထို သင့်စိတ်သွားရာ၏ လမ်းခရီးကိုရေတွက်သော်...

အထက်ပါ အခြေခံကိုးမျိုးထဲတွင် ဇော (၇)ကြိမ်၊ တဒါရုံ နှစ်ကြိမ်ထပ်တို့ ပါနေသည်ကို ဆန့်ပေးလိုက်ခြင်းဖြင့် ...

၁။ ဘဝင်စိတ် - ဘဝဖြစ်စဉ်ကြီး၏ အစိတ်အပိုင်းများ အဖြစ် တည်နေသောစိတ် .. (၁)ကြိမ်

၂။ ဘဝင်္ဂစလန - ဘဝင်စိတ်လှုပ်ရှားနိုးထလာခြင်း (၁)ကြိမ်

၃။ ဘဝင်္ဂုပစ္ဆေဒ - ဘဝင်စိတ် ဖြတ်တောက်ချလိုက်ခြင်း (၁)ကြိမ်

၄။ ပဉ္စဒွါရာဝဇ္ဇန်း - ပြင်ပအာရုံများကို လက်ခံဆင်ခြင်ပေးခြင်း (၁)ကြိမ်

၅။ စက္ခုဝိညာဏ် - မျက်စိမှနေ မြင်သိစိတ်ပွင့်လင်းလာခြင်း (၁)ကြိမ်

၆။ သမ္ပဋိစ္ဆိုန်း - မြင်သိရသော အဆင်းအာရုံ သဲသဲကွဲကွဲ ဖြစ်လာရန်စောင့်ကြည့်ခြင်း (၁)ကြိမ်

၇။ သန္တီရဏ - သေချာပြီဆိုသည်နှင့် ဆုံးဖြတ်ချက်ချပေး ခြင်း... (၁) ကြိမ်

၈။ ဝုဋ္ဌာန - ဆုံးဖြတ်ချက်ရသည်နှင့် ခံစားရန်အာရုံ ဆီသို့ ထပြေးသွားခြင်း... (၁)ကြိမ်

၉။ စိတ်တိုင်းကျအာရုံကိုခံစားနေတော့ခြင်း ဇဝန... (၇)ကြိမ်

၁၀။ ထိုခံစားပြီးအာရုံ နှောင်တွေ့ခဲ့သော် မှတ်မိရန် အာရုံယူထား ခြင်း တဒါရုမ္မဏ..... (၂)ကြိမ်

အားလုံးပေါင်းသော် စိတ်သက်တမ်းကား (၁၇)ချက်

ငင်းကို တစ်ချက်လျှင် ဖြစ်-တည်-ပျက်ဟူသော ဥပါဒ်-ဌီ- ဘင်အနိက် သုံးမျိုးတို့နှင့်မြောက်ပွားသော (၅၁)ချက်မျှ သင့်စိတ်သက်တမ်း ခရီးရှည်သည်။ ထိုကာလအတွင်း နှေးကွေးလှသော သင့်ရုပ်၏ သက်တမ်းကာလကား ဥပါဒ်-ဌီ-ဘင် သုံးချက်ထဲရယ်သာ‥ ။

(က) လက်သီးသမားစကားဖြင့်ဆိုသော် သင့်ရုပ်တစ်ချက် သင့်စိတ်က တစ်ဆယ့်ခုနစ်ချီ။

(ခ) တာဝေးအပြေးသမားဖြင့်ဆိုသော် သင့်ရုပ်တစ်လှမ်း သင့်စိတ်က တစ်ဆယ့်ခုနစ်လှမ်း။

အထက်ပါ သင့်စိတ်နှင့် သင့်ရုပ်တို့၏ အလုပ်လုပ်နေပုံများကို ထောက်သော် သင့်ကိုယ်က ရှန်ကုန်သွားမလို့ ဟန်ပြင်ကာရှိသေး သင့်စိတ်ကား ရောက်နှင့်နေချေပြီ သင့်ဆိုစကားအဆန်းမဟုတ်ပြီ။

တစ်ဖန် ထိုတစ်ဆယ့်ခုနစ်မျိုးတို့တွင်‥‥

(က) အလွန်ရှည်လွန်းသော် အထက်အတိုင်း ဘဝင်မှတဒါရုံ နှစ်ကြိမ်အထိ ရောက်မည်။

(ခ) သာမန်ရှည်ဖြစ်ခဲ့သော် ဘဝင်နှစ်ချက်ခံကာ အဆုံး၌ တဒါရုံ နှစ်ကြိမ်မပါဘဲ ဘဝင်(မနိုးစိတ်)ဖြင့်သာသိမ်းမည်။

(ဂ) တိုသောလမ်းဖြစ်ခဲ့သော် ဘဝင်(မနိုးစိတ်) လေးချက်ခံပြီးနောက် ဇောအထိပင်မရောက်သာတော့ဘဲ ဝုဋ္ဌော (၃)ကြိမ် (စိတ်ထား ၃ကြိမ်)အထိ အားယူပြီးသည်နှင့် ဘဝ (မနိုးစိတ်) လေးကြိမ်ထဲသို့ပင် ပြန်လည်ထိုးဝင်သွားတော့သည်။

(ဃ) အလွန်တိုတောင်းလွန်းသော်ကား ဘဝင်(မနိုးစိတ်) ဆယ်ကြိမ်၊ ထို့နောက် ဘဝင်စလနခေါ် ဘဝင်လှုပ်ရှားမှုနှစ်ကြိမ်ပြီး သည်

နှင့် ဘဝင်(မနိုးစိတ်) (၅)ကြိမ်ထဲသို့သာ ပြန်လည်ထိုးဆင်း သွားတော့သည်။

ထို့ကြောင့်…

'က' အမှတ်ပြ စိတ်ခရီးစဉ်တစ်ခုသာလျှင် တဒါရုံခေါ် နောင်ပြန်တွေ့ အမှတ်ရစေသော မိမိရရအာရုံယူထားမှု နှစ်ကြိမ်ပါသဖြင့် အာရုံပုံရိပ်စွဲကျန်နေရစ်ခဲ့သည်။

ကြွင်း (ခ-ဂ-ဃ) အမှတ်ပြတို့မှာမူကား…

'ခ' သည်ကား ခံစားခွင့်ဇော (၇)ကြိမ်တို့ဖြင့် ပယ်ပယ်နယ်နယ်ကား ခံစားလိုက်ရသေး၏။ သို့တစေလည်း နောင်တွေ့မေ့နေတတ်သည်။ (သေချာစွာမှတ်ပေးထားမှု တဒါရုံမပါခဲ့၍)

'ဂ' သည်ကား ခံစားပင်မခံစားလိုက်ရ။ ခံစားရန်ဆုံးဖြတ်ချ စိတ်ထလိုက်သည်နှင့် ဆုံးသွားတော့ပြီ။ ချိုသည် ချဉ်သည်ပင် မသိလိုက်ရရှာပြီ။ (ဇောများကျမလာတော့၍)

နောက်ဆုံး 'ဃ'သည်ကား သင်စိတ်ထပင် မထလိုက်ရ ဘဝင်လှုပ်ရုံမျှဖြင့် ပြီးစီးသွားပြီ။ အထက်ပါတို့ကို လေ့လာသော် သင့်၏ မျက်ကြည်၊ နားကြည် စသည့် အကြည်ဓာတ်ခွက်ငါးစုံတို့သို့ အဆင်းရိပ်၊ အသံရိပ်စသည့် တစ်ဖက်ပုံရိပ်များ ထိုးကျလာနေသော်မှလည်း

(က) အချို့ကား စွဲစွဲလမ်းလမ်း ဖြစ်ထင် ကျန်နေရစ်ခဲ့ကြ၏။

(ခ) အချို့ကား မြင်မြင်ရုံမျှ စသည်အားဖြင့် ပြီးပြေသွားကြ၏။

(ဂ) အချို့ကား အမှတ်တမဲ့ဖြင့်ပင် တပ်ခေါက်သွားကြ၏။

ဘာ့ကြောင့်နည်း။ အဖြေကား သင့်၏စိတ်အာရုံပြုခရီး တိုမှု၊ ရှည်မှု ကွာခြားနေကြခြင်းကြောင့်ပင်တည်း။

### နတ်တလူစာစဉ်

အထက်ကနှင့်နည်းတူ သင့်စိတ်၌ ထင်ရှားခြင်း၊ မထင်ရှားခြင်း နှစ်မျိုးတို့ကြောင့်လည်း အာရုံစွဲ-မစွဲ နှစ်ခုကွဲပြားမှုရှိနေချေသေးသည်။ တစ်ဖန် အတွေ့မဟုတ် အတွေးဖြင့်စိတ်သွားရာ အိပ်မက်ခေါ် မနိုးတစ်ဝက်၊ နိုးတစ်ဝက်အချိန်၏ စိတ်သွားရာများ၌လည်း အာရုံယူသဘာဝများ ကွဲပြားနေကြဦးမည်ကို သင့်ဘဝ၊ သင့်ဖြစ်စဉ်များနှင့် ညှိနှိုင်းတိုက်ဆိုင်ကာ သင်ကိုယ်တိုင်လျှင် အဖြေထုတ်ပါလေ။

ဤကားပုံကြမ်းလောင်း (က)အဆင့် အပြီးသတ်ခြင်း။

# ၁။ ကုသိုလ်မှ အကုသိုလ်သို့

## (ခ) အဆင့် "သဘာဝတရားအကျယ်အားဖြင့် ဝေဖန်ခြင်း"

ဤအပိုင်းသည်

နောက်ကဆိုခဲ့ပြီးသော သဘာဝတရား ပုံကြမ်းများကို ရော နှော မွှေနှောက်ကာ အကျယ်ဝေဖန်ပြရာ အပိုင်းပင်ဖြစ်၏။

* ခန္ဓာကားအစု
* ဥပါဒါန်ကားအစွဲ

ထိုနှစ်ခုကိုတွဲလိုက်သောအခါ ခန္ဓပ္ပဝါဒါန ဟူသော အမည် ပေါ်ထွက်လာ၏။ စုမိလျှင်ဆက်- ဆက်မိလျှင်စွဲ- စွဲမိလျှင်လည်း ပြန်လည် စုဦးမည့်သဘောတည်း။

ထိုအစုနှင့်အစွဲ ဝေခွဲပြသရာ၌ပင်...

* ပဉ္စာန်းတို့၏ ပစ္စယသတ္တိစွမ်းအားများလည်း တစ်သားတည်း ရောနှောပါလာကြမည်။
* ပဋိစ္စသမုပ္ပါဒ်တို့၏ ကြောင်းကျိုးဆက်အကွက်များလည်း တွဲလျက်ပါလာကြမည်။

သည့်အတူ တစ်နွယ်ငင်တစ်စင်ပါနှုန်းထားအလိုက်ပင်-

အခြင်းအရာ (၂၀)၊ အစွန့်သုံးပါး၊ အစပ်သုံးစပ်၊ အလွှာလေးလွှာတို့နှင့်တကွသော ဝဋ်လည်သစ္စာ၊ ဝဋ်လွတ်သစ္စာများတို့ပါ ရောနှောကာပါလာကြဦးမည်။

အစုသည် အစုမျှသာဖြစ်၏။

ထိုအစုသည်လည်း ရုပ်စုကား ရုပ်စုသဘာဝအတိုင်း လှုပ်ရှားတတ်ရုံသာ... ။ နာမ်စုများတွင်လည်း ဝေဒနာစုကား ခံစားတတ်ရုံ၊ သညာစုကား မှတ်သားတတ်ရုံ၊ သင်္ခါရစုကား ကြောင့်ကြမှုပြုရုံ၊ ဝိညာဉ်စုကား သိသိပေးရုံမျှသာ ထို့ထက်မပိုကြပြီ။ သို့တစေလည်း

* အာရုံပြုနှင့် အကြောင်းခံပဉ္စာန်းသတ္တိတို့ စီမံရာနောက် သင်သည်ကား ရှုမှတ်မှုမထောက်လေဘဲ စိတ်ချည်းတောက်လျှောက် အာရုံနောက် ကောက်ကောက်ပါလိုက်ပါ သွားမိလေသောအခါ...

(က) ညို့ဓာတ်အပြည့်ပါသော အာရုံ၏ တိုက်ဆွဲဆွဲခြင်းကို ခံလိုက်ရသောကြောင့်လည်းကောင်း၊

(ခ) တစ်စိတ်တစ်အိတ်လုပ်ကာ ချဲ့ကားပြတတ်သော ဝေဒနာ၏ လှည့်စားမှုကြောင့်လည်းကောင်း၊

(ဂ) မရှိ-အရှိလုပ် ဥပမာပေးဖြင့် သရုပ်အပြကောင်းသော သညာ၏ အမှတ်မှားယွင်းမှုကြောင့်လည်းကောင်း၊

(ဃ) လိုတစ်မျိုး-မလိုတစ်မျိုး အမျိုးမျိုးလှည့်တတ်သော ဝိညာဉ်၏ လိမ်ကွက်ကြောင့်လည်းကောင်း ထိုအစုတို့ကိုဆက်လျက်က အစွဲဘက် ထိုစိတ်က ဆွဲထွက်သွားတော့ရာ သင်ဆိုသော ဘဝရှင်ခမျာ-

- ❊ တစ်ခါနှင့်လည်း ကိစ္စမပြီးစီးရတော့ပြီ။
- ❊ တစ်ဘဝနှင့်လည်း ခရီးဆုံးခွင့်မရတော့ပြီ။

ထိုသဘာဝတရားများသည် စာကြားမှာမရှိ၊ ရွာကြားမှာသာ ရှိ၏။ စာသည် သဘာဝမှတ်တမ်းမျှသာ။ ထိုရွာကြားမှာတွင်လည်း

- ❊ သင့်ခန္ဓာသည် သင့်အိမ်-သင့်ရွာ-သင့်နေရာသာဖြစ်ဘိ၏။
- ❊ ငါ့ခန္ဓာသည်လည်း ငါ့အိမ်-ငါ့ရွာ-ငါ့နေရာသာဖြစ်ဘိ၏။
- ❊ အများခန္ဓာသည်လည်း အများအိမ်-အများရွာ-အများနေရာသာဖြစ်ဘိ၏။

ဘုံသည်ဘဝ၊ ဘဝသည်ဖြစ်စဉ်၊ ထိုဖြစ်စဉ်စုရာသည် ခန္ဓာပင် မဟုတ်လော။ သို့ကြောင့် သဘာဝတရား ရွာကြားမှာရှိ၏ အစား ငါ့အကြားမှာသာရှိ၏ဟူ၍ သင်နှလုံးသွင်းပါလေ··· ။

## စွန့်လွှတ်မှုနှင့်စောင့်စည်းမှုသည် လွှတ်မြောက်မှုကို အထောက်ကူပြုသည်ဆိုသော်လည်း

ဒါနံဒတွာ သီလံ သမာဒိယိတွာ
တံ အဿာဒေတိ အဘိနန္ဒတိ၊
တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ
ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ အကုသလေ
နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။

(ပဋ္ဌာန်းဒေသနာတော်)

- စွန့်လွှတ်မှုသဘာဝ-ဒါနကို ပေးလှူတိုင်း၊ ပေးလှူတိုင်း၊
- စောင့်စည်းမှုသဘာဝ-သီလကို ဆောက်တည်လေတိုင်း၊ ထိုမိမိပြုသောကံကုသိုလ်ကို
- ငါ့အလှူ-သူ့ကိုလှူသည်-ဘာဝတ္ထုကိုပဲဟူ၍ သာယာတပ်စွဲ အကဲကြီးကဲနေ၏။
- စေတနာကိုမရှု ငါ-ဝတ္ထု-ပုဂ္ဂိုလ်စုသို့ ရှုလျက်က နှစ်သက် လက်ခံ အပျော်ကိုသာဖန်နေ၏။

ထို ငါ-ဝတ္ထု-ပုဂ္ဂိုလ်စုသို့ ကြည့်ရှုဝေဖန် သာယာမှု၊ နှစ်သက်မှုအခံကို အကြောင်းပြု၍ပင်

(က) တပ်မက်ခြင်းတဏှာလည်း ဝင်ရောက်လာတတ်၏။
(ခ) ငါစွဲတင်းလင်း ဒိဋ္ဌိအရင်းလည်း ဝင်ရောက်လာတတ်၏။
(ဂ) အလှူဝတ္ထုနှင့်အလှူခံပုဂ္ဂိုလ်တို့ကို ချိန်ထိုး အမျိုးမျိုးလည်း စိတ်ကစားတတ်သေး၏။
(ဃ) တည်စိတ်မတတ် ရှင်စိတ်၏အဖျက်ကြောင့် ဂယောက်ဂယက်

လည်း စိတ်ပျံ့နေတတ်သေး၏။

(င) ထင်သလိုမဖြစ် စိတ်အညစ်ကြီး ညစ်ရတတ်သေး၏။

ထိုအကုသိုလ်အကြောင်းခံ သတ္တဝါတို့ချုပ်ပျောက် အကျိုးပေးများရောက်လာလေသောအခါ...

ထိုအကြောင်းခံ အာရုံပြုအတိုင်းပင်လျှင် -

၁။ ကောင်းကျိုးတို့ မည်မျှခံစားနေရ နေရ အားရသည်ဟူ၍ မရှိတော့ချေ။

၂။ မည်သူနှင့်စာရင်းရှင်းရှင်း ငါ့ဘက်သို့ချည်း စိတ်မဲတင်း နေတော့မည်။

၃။ အခြံအရံနှင့် ဥစ္စာခနေတို့ မည်မျှစိတ်ချရစေ စိုးရိမ်၊ စိတ်မချ၊ သံသယကား ပွားနေမည်သာ။

၄။ မည်သည့်အာရုံရှုရှု တစ်ခုတည်းသောစိတ်စိုက်မှု ပြုမရတော့ချေ။

၅။ မည်သည့်ကိစ္စရပ်မဆို ကျေကျေနပ်နပ်အထိ မဆုံးဖြတ်နိုင်။

ထိုအလှူရှင်၏ အကျိုးပေးကား သဲကျွမှုန့်ကောက်ဝါးရသည့်ပမာ ကောင်းစားခြင်းရှိသော်မှလည်း ချမ်းသာခြင်းသုခကား အလျဉ်းမရတော့ပြီ။

## ဒါနကိုပဋ္ဌာန်းဖြင့်အနီးကပ်ကြည့်ခြင်း

အထက်ပါဒါနကို လေ့လာကြည့်ပါ။

သို့မဟုတ် သင်ပြုခဲ့ဘူးသော ဒါနမှု (သီလမှု) ပြန်လည်၍ အမှုစစ်ကြည့်ပါ။

ဒါနနှင့်သီလတို့၏သဘာဝသတ္တိကား ကံကုသိုလ်လျှင် အရင်းဘည်၏။

* ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးတို့ဖြင့် ပြုကျင့်ရခြင်းကြောင့် ကား 'ကံ' အမည်ရ၏။
* အပြစ်မရှိ-ကောင်းကျိုးကိုပေးခြင်းများကြောင့်ကား 'ကုသိုလ်' အမည်ခံ၏။

သို့သော်...

ထိုသို့သော်ကား ဒါနကြောင့်မဟုတ်။ သင့်အာရုံပြုကြောင်းဆိုသည်ကို စကားမွှန်း၍ ညွှန်းဆိုမည်။ သို့မဟုတ် အာရမ္မဏသတ္တိစွမ်းကို ပြဆိုမည့် သို့သော်တည်း။

ထိုဒါနမှု၊ သီလမှုအကြောင်းပြု၍ ရဲအတိုင်မခံရ၊ ဂါတ်မသွားရသည့်အပြင် အများက လိုလိုချင်ချင်ရှိနေကြသည်ကား ကုသိုလ်၏ ဟေတုသတ္တိစွမ်းတည်း။

ထိုအကြောင်းခံ အာရုံပြုထဲဝယ်-

* လေးလေးနက်နက်ထားသော အဓိပတိသတ္တိပါသည်လည်းရှိ မပါသည်လည်းရှိ၏။
* လက်ဦးစေတနာထက်လွန်းက အနန္တရသတ္တိဝင်မည်။ မထက်သော် ဆိုင်းငံ့အဖြစ်နေမည်။

* ရှေ့နောက်ဝဲယာ ကုသိုလ်ချည်း မခြံရံသဖြင့် သမန္တရလည်း မဝင်သာ။
* စိတ်နှင့်ကိုယ်တစ်သားတည်းမရှိ၊ တစ်ခြားစီလှည့်နေကြသဖြင့် သဟဇာတမဖြစ်။
* စိတ်-စိတ်ချင်း၊ ရုပ်-ရုပ်ချင်း တွန်းအားပေးပါက အညမည ဖြစ်၏။ မပါသော်မဖြစ်။
* စိတ်နှင့်ရုပ်တို့ အားကြီးရာသို့ အားနည်းရာက မှီခွင့်ရသော် နိဿယဖြစ်၏။ မရသော်မဖြစ်။
* ကုသိုလ်နှင့်အကုသိုလ် ရှေ့နောက်အမှီရနေသောကြောင့် ဥပနိဿယကား ကျေးဇူးပြုနေ၏။ ထိုကျေးဇူးပြုမှုကား အကုသိုလ်ဘက်သို့သာ။
* ကိုယ်(ရုပ်)ဦးဆောင်သလောက် စိတ်နောက်ကလိုက်မှသာ ပုရေဇာတ။ မလိုက်ကမဖြစ်။
* ထိုနောက် လိုက်စိတ်ကလည်း ရှေ့နေကိုယ်အား ကျေးဇူးပြုမှသာ ပစ္ဆာဇာတပစ္စည်းထိုက်မည်။

အကယ်တိတိ စေတနာဦးဆောင်သော စိတ်မှီများ၏ တွန်းအားကနည်းပါးနေသဖြင့် (စေတနာနည်းနေသဖြင့်) စိတ်မပါတပါဖြစ်နေခဲ့သော်ကား ထိုအလှူပွဲ ပစ္ဆာဇာတပစ္စည်းနှင့် လွဲရချေတော့မည်။

သည့်အတူပင်လျှင် နောက်နောက်သောပစ္စည်းများ၏ ပံ့ပိုးအားများသည်လည်း ရှေ့နှင့်နောက် ကုသိုလ်-ကုသိုလ်ချင်း အမှီရမှသာ အာသေဝနကကျေးဇူးပြုမည်။

* ကုသိုလ်အကြား အကုသိုလ်များ ဝင်နေတော့လျှင်ကား ထို အာသေဝန၏ပဋ္ဌာန်းဆက် ကျေးဇူးတရား သင် မခံစားရပြီ။

နတ်တလူစာစဉ်

မိမိပြုကျင့်နေသော ကုသိုလ်စိတ်များအတွင်း ရှုမှတ်မှုရျာန်ဝင်စားခြင်း ကင်းမဲ့နေချေသော် ဈာနပစ္စည်း၏ အထောက်အကူလည်း သင်ရတော့မည် မဟုတ်။ သို့ကြောင့်…

ထိုကုသိုလ်သည် ကံကုသိုလ်မှ ဈာန်ကုသိုလ်အဖြစ်သို့မရောက်။

ကံကုသိုလ်တို့၏ အကျိုးပေးထုံးစံအတိုင်း ကလက်ခြင်း၊ ရမ္မက်ပြင်းခြင်း၊ သူတစ်ပါးအညှင်းခံလျက်က ကာမဂုဏ်သိရိစည်းစိမ်မျှသာ ခံစားနေတော့ခြင်း၊ သူတစ်ပါးသို့ကြည့် အလိုပြည့်လိုစိတ်ဖြင့် ကြိုက်ညှင်းညှင်းရန် ကြံစည်ခြင်းများဖြင့်သာ သင့်တစ်ဘဝအချိန်ကုန်လွန်ရစေမည်။ ထိုဈာနပစ္စည်း၏ကျေးဇူးများ သင်ခံစားရ-မခံစားရ ယခုဘဝလက်ရှိအားဖြင့် စဉ်းစားကြည့်လေ။

တစ်ဖန် စိတ်မှီစေတနာအုပ်စုက ထက်သန်လွန်းမှသာ။ သင့်၏ဤဘဝ သို့မဟုတ် သင့်အတွက် နောင်အခါ ကောင်းကျိုး (ဆိုးပြစ်) များ ကမ္မသတ္တိအဖြစ် ပဋ္ဌာန်းဆက်များ ကျရောက်လာမည်။

အကယ်တိတိ သင့်အလှူ စေတနာ-သဒ္ဓါ စသည်နောက်ခံအဖြည့်အထည့် နည်းလွန်းလှသဖြင့် အဆံမပါသော ပျိုးထောင်-မျိုးထောင်ပင်ဆုံးရသည်ပမာ အဟောသိကံ အရာဝင်သွားပါမူကား ထိုကမ္မသတ္တိက သင့်အားလှည့်ကြည့်လိမ့်မည် မဟုတ်ချေ။

သင်၏ပြု-ပြုသမျှကောင်းမှု၊ တောင်းဆုနှင့်အညီ အားလုံးကသာ ပြန်လည်ကျေးဇူးပြုမည်ဆိုလျှင် သင်ကား…

* မင်းသူဌေးဘဝအရာရ နန်းဦး-နန်းမမှ သင်ဆင်းရတော့မည်ပင်မဟုတ်ပြီ။
* နတ်ဘုံနတ်နန်းအထက်တက်မြန်း နတ်သမီးအခန်းများမှလည်း သင်ထွက်ရတော့မည် မဟုတ်ပြီ။

နတ်တလူစာစဉ်

ထိုကမ္မသတ္တိ၏ ကျေးဇူးပြုမှုကိုမျှ သင်မရသော် ဝိပါကသတ္တိ၏ ကျေးဇူးပြုမှုကိုလည်း သင်ခံစားရတော့မည်မဟုတ်။ ခံစားရသော်မှလည်း ကောင်းကျိုးအဖြစ်ဖြင့်ကား မလာချေ။

* ကံသည် ကောင်းကံ ဆိုးကံနှစ်တန်ရှိ၏။

* အကျိုးပေးသည်လည်း ကောင်းကျိုး၊ ဆိုးကျိုးဟူ၍ နှစ်မျိုးတိုးမည်သာ။ ထိုတွင်

ကာမကြား စိတ်ကိုပေါက်လွှတ်ပဲစား ထားလေ့ရှိသော သင်သည် အကြိုက်ပေး၍ သူတစ်ပါးအား ဖျက်ဆီးလိုခြင်း၊ အကြိုက်ပေးလျက်ကပင် သူတစ်ပါးအဖျက်ဆီးခံခြင်းများဖြင့်သော ကျက်စားနေတတ်ရာ အပြစ်မဲ့ဆိုသောကောင်းကံသည် သင့်ထံအဘယ်မှာ နားသက်လာပါအံ့နည်း။ အပြစ်မဲ့ဆိုသော ကောင်းကျိုးလည်း သင့်ထံအဘယ်မှာ တိုးနိုင်ပါအံ့နည်း။ ထန်းပင်၏ ထန်းနို့မှထွက်သော ပင်ကျရည်ကား အချို-အချိုသာ ဖြစ်ဘိ၏။

သို့တစေလည်း…

ထန်းတက်သမားက ခံအိုးအခါးဂျိုးထား၍ ပွားယူလိုက်လေသောအခါ သဘာဝခမ္မတာဖြစ်သောအချို မည်သို့မျှမချိုသာပြီ။ သည့်ပမာလျှင်…

သင်ပြုကျင့်နေသော ကောင်းမှုကား ကောင်းမှုသာဖြစ်သော်မှလည်း သင်၏အနုသယဓာတ်ခံ၊ အာရုံပြုအကြောင်းခံ၊ စိတ်စေတနာတို့ မမှန်ကန်မှုကြောင့်ပင် ကောင်းမှုမှဆိုးကျိုးသို့ တိုးဝင်သွားရတော့သည်။ ဆိုးကျိုးဟူသည် -

* ကောင်းမှုပြုမိသောကြောင့် သည်ဘဝ ဂါတ်၊ ထောင်၊ ရုံးလုံးလုံးမရောက်။ ၄င်းကိုမဆိုလို။

* နောင်ဘဝများ၌လည်း ငရဲကြီး ငရဲအစီး ခံရမည်မဟုတ်။ ၎င်းကိုလည်း မဆိုလိုပါ။ သို့တစေလည်း...

စေတနာ၏ကံသတ္တိ၊ ဝိပါတ်သတ္တိထူးများ၏ အကျိုးပေးသက်သက်ဖြစ်သော...

(က) မတောင့်မတ စမ်းချောင်းရေအလိုလိုကျ အေးစိမ့်ကြည်မြ အမြဲလှုပနေသည့်ပမာမျိုး မဟုတ်လေဘဲ အလိုပြင်း၊ အတင်းလုပ် ဖြစ်ညှစ်ကုပ် ကုပ်မှသာ တစ်ကုပ် တစ်ဆုပ်မပါ အကျိုးပေး နံ့ချာခြင်းများဖြင့် လူကုသိုလ်အကျိုးပေးအကြား စိတ်ညစ်စိတ်ပေတို့ လမ်းသလားလွန်းမှသာ ခံစားခွင့်ရခြင်းပင်လျှင် ဆိုးကျိုးတည်း။

(ခ) မကြောင့်မကြ မိမိ၏စည်းစိမ်များက အဘယ်မျှလုံလောက်နေစေ မိမိ၏အခြေရံများကလည်း အဘယ်မျှပင် သစ္စာရှိရှိဖြင့် ကြိုးစားပေးနေစေ ခါချဉ်အုံပေါ်သော သရက်ပင်ထက်တက်၍ သရက်သီးမှည့်ခူးစားသူသည် ထိုသရက်သီးမှည့်၏ အရသာက မည်မျှပင် ချိုမြိန်ကောင်းမွန်နေစေ မိမိမှာမူကား မြိန်ရေယှက်ရေမစားရသည့်ပမာ မိမိ၌ဒါန၊ စေတနာနှင့်အတူ ပါလာသော တဏှာ၏ပူဆာခြင်း၊ မာန၏ထောင်ထားခြားနားခြင်း၊ ဒိဋ္ဌိ၏ငါစွဲအားကြီးခြင်းများနှင့်အတူ ဝိစိကိစ္ဆာ ၏ မယုံသင်္ကာမှုပွားခြင်း ဒေါမနဿ၏ မကျေချမ်းစိတ်[illegible] ဖျက်ဆီးပစ်နေခြင်းများကို အလူးအလဲ ခံနေရခြင်းများ[illegible] ဒါန၏ အကျိုးပေးများချည်းသက်သက် ခံစားခွင့်မရခြင်းများပင်လျှင် ဆိုးကျိုးတည်း။

တစ်ဖန် စေတနာအရင်းခံ ကိလေသာအခြံရံများဖြင့် [illegible]ါနပွား

သော သင်ဆိုသော ထိုအလှူရှင်သည် -

(က) ရုပ်စာဖြစ်သော ချို၊ ချဉ်၊ ငန်၊ ဖန်၊ စပ်၊ ခါး ဘောဇဉ်ခဲဘွယ် အဟာရများကိုကား ဒါနရှိစေတနာ၏ ကမ္မသတ္တိများက ထိုအလှူရှင်အား ထောက်ပံ့ကောင်း ထောက်ပံ့မည်။

(ခ) စိတ်၏အစာဖြစ်သော ဈာန်ဝင်ပီတိသုခမျိုးကား လားလားမျှ ခံစားခွင့်မရတော့ချေ။ ယင်းအစား ကာမပီတိခေါ် တဏှာများကသာ နေရာဝင်ယူထားကြသောကြောင့်...။

ရုပ်အစာသော်မှ အကျိုးပေးကာလ ဒါန၏ကမ္မသတ္တိက လက်ဦးမှသာ-

အကယ်တိတိ သေခါနီး၏မရဏာသောင်စောင်း လဲလျောင်းနေချိန် ဤတစ်ဘဝ တစ်သက်တာအတွင်းရှိ ကောင်းမကောင်း၊ အစွဲအငြိအားလုံးတို့သည် သူ့ထက်ငါ လာရောက်ကြလျက်က-

* အဟောင်းဖြစ်ခဲ့သော ကမ္မနိမိတ်၊ ဂတိနိမိတ်တစ်ခုခုဖြင့် ဝင်ရောက်မြူဆွယ်နေကြမည်ဖြစ်ရာ။
* အသစ်ဖြစ်နေခဲ့သော ကံမှတစ်ဆင့် ကတိနိမိတ်သို့ဆက်၍ ကပ်လျက်ညှို့နေကြမည်ဖြစ်ရာ၊

ထိုစဉ် မိမိလှူခဲ့ရာ၊ ဒါနခန်းချရာကာလတုန်းက စေတနာ၏ သတ္တိသို့ သတိအခံထား၊ ဉာဏ်မဝင်စားခဲ့လေဘဲ ငါက ဘယ်သူ့ကို ဘာလှူသည်ဟူသော ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ်သုံးမျိုး တစ်မျိုးတစ်မျိုးသို့ စွဲစိတ်ထားမိ မှားခဲ့သည့်အလျောက်-

* ငါစွဲဖြင့် သင်သေပွဲဝင်သွားရသော် ကိုယ့်အရိုးစုကိုယ် ပြန်စောင့်ရမည့် ပြိတ္တာဘဝသို့ သင်လားရမည်။
* ဝတ္ထုနှင့်ပုဂ္ဂိုလ်စွဲကာ သင်သေပွဲဝင်သွားရသော် အသူရကာယ်

ဘဝသို့ သင် တန်းသွားရမည်။

ပေးလိုကမ်းလိုသော စေတနာနှင့် အကုသိုလ်စိတ်တို့ သူရ-ငါရ သင့်ဘဝကိုအပြိုင်ချိတ်နေကြရာမှာ အကုသိုလ်စိတ်က အသာရသွားခြင်းတည်း။ ထိုစဉ် အကုသိုလ်တို့၏စံမြဲ ပြိတ္တာ၊ အသူရကာယ်တို့ထဲ ပါသွားလေသူ သင့်အဖို့ မည်သို့လျှင် အဟာရသတ္တိက ပဋ္ဌာန်းဆက်အဖြစ် ကျေးဇူးလာပြုနိုင်ပါအံ့နည်း။

တစ်ဖန်လည်း အလှူပွဲကြီးခြိမ့်ခြိမ့်သဲ ကျင်းပနေစဉ်က ငါ့အလှူဟူသော ငါ-ခံကြောင့်…

(က) သူများထက်သာမှုဟူသော တဏှာ၊ မာနတို့၏ အနှိပ်ခံနေရခြင်း၊

(ခ) သူများနှင့်မတူ ရှက်စရာကြီးဟူသော ဒေါသ၏ အနှိပ်ခံနေရခြင်းတို့ကြောင့် ကိုယ်အငြိမ်မနေ၊ စိတ်ဣန္ဒြေမရ ငါးပိနှင့်မျောက်၊ တောက်တဲ့နှင့်ဆေးချေး၊ တီကြီးနှင့်ဆား ညားနေကြသည်ပမာ ဆတ်ဆတ်ခါ စိတ်ပျံ့ကြဲတို့ဖြင့် လှူဒါန်းထားသော အလှူ့ရှင်သင့်အဖို့-

(က) ကိုယ်ကစိတ်ကို အစိုးရခြင်း၊

(ခ) စိတ်ကကိုယ်ကိုအစိုးရခြင်း၊

ဤသို့သော ဣန္ဒြိယပစ္စယသတ္တိ၏ ကျေးဇူးပြုမှုကိုင ္ဥ်း ခံယူရတော့မည် မဟုတ်ချေပြီ။ သို့ကြောင့် ဘဝလူငှားအဖြစ်ဖြင့် ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ်ကိုမျှ အစိုးတရမရှိလှသော ထိုအလှူရှင် သင်သည် မိမိ၏အခြွေရံဖြစ်သော ဇနီးမယား၊ သမီး၊ သား စသည်များ၏အပေါ်၌လည်း -

(က) ကိုယ့်စိတ်ဖြင့် သူ့ကိုယ်ကို မည်သို့ အစိုးတရနိုင်ပါတော့အံ့

နည်း။

(ခ) ကိုယ့်ကိုယ်ဖြင့် သူ့စိတ်ကိုလည်း မည်သို့လျှင် အစိုးတရနိုင်ပါတော့အံ့နည်း။

* အရက်သမား၊ ဖဲသမားဖခင်သည် သားများအား အရက်မစွဲ၊ ဖဲမကစားရန် ဆုံးမ-မရသည့်ပမာတည်း။

* မျက်နှာလည်းများ ယောက်ျားတကာအကြား ပြည့်တန်ဆာလုပ်စားနေသူမိခင်သည် မိမိသမီးအား ဣန္ဒြေရှိရှိ၊ သိက္ခာရှိရှိနေထိုင်ရန် သွန်သင်က မရပုံမျိုးတည်း။

တစ်ဖန်လည်း...

(က) မိဘဘိုးဘွားတို့၏ရိုးရာဓလေ့သို့ အတုလိုက်သောအားဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်တို့၏ အတုလိုက်သောအားဖြင့်လည်းကောင်း အလှူနှင့်ပွဲ နှစ်ခုတွဲ တွဲလျက်က ပျော်ပွဲကျင်းပထားသောအလှူရှင် သင်သည်-

(ခ) နောင်ဘဝ၊ နောင်ရိက္ခာ လူ့ပြည် သို့မဟုတ် နတ်ပြည်မှာ သူဌေးအရာ ဘုရင်အရာ စွာကျယ်ကျယ်လုပ်ရန်ဟူသော အမျှော်ဖြင့် ပွဲဝင်ထားသော သင်အလှူရှင်-

ထိုအလှူရှင် သင်သည် ငါလည်းမစွက် ဝတ္ထုဘက်လည်း မပါ ပုဂ္ဂိုလ်မှာလည်း မစွဲမက် သက်သက်သော စေတနာသဒ္ဓါတရား မထားတတ်တော့ခြင်း၊ ထို ငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့ကို ဖြစ်ပျက်နှစ်ခင်းအတွင်း၏ သဘောတရားရင်းသို့အထိ ရှုမှတ်မှုဖြင့် ဉာဏ်မသွင်းနိုင်ခြင်းများကြောင့် ဈာန၏ပစ္စယသတ္တိကိုလည်း မရရှိတော့နိုင်။

(က) ငါ-ဝတ္ထု-ပုဂ္ဂိုလ် ထိုသုံးစုံ မည်သည့်အာရုံသို့ စိတ်ရောက်ရောက် ရောက်လေရာ၏ တစ်ခုတည်းသော အာရုံတွင်းသို့

မိမိစိတ်တစ်ခုတည်း တစ်စည်းတည်းသွင်းထည့် မထားနိုင်သမျှ ထိုဈာနက သတ္တိမပြချေ။

(ခ) တစ်ဖန် ထိုတစ်ခုတည်းသောအာရုံတွင်း စိတ်သွတ်သွင်းထားပါသည်ဆိုစေဦး။

၁။ အာရုံ၏သဘောနှင့်သဘာဝကို ကျနစွာလေ့လာသုံးသပ်စေခြင်း။

၂။ မိမိစိတ် သို့မဟုတ် အာရုံနှင့် ငြိနေရာ မိမိ၏ကိုယ် ထိုနှစ်ခုတစ်ခုခု၏ သဘောနှင့်သဘာဝတို့ကိုလည်း ကျနစွာလေ့လာသုံးသပ်စေခြင်း ထိုနှစ်ခင်း (ဝိတတ်နှင့် ဝိစာရ ဈာန်အစိတ်အပိုင်းနှစ်ခင်း) အရင်းမပါသော ဒါနပွဲ(သီလပွဲ)များအဖို့ဈာနပစ္စယသတ္တိ ချို့တဲ့နေကြတော့မည်သာ။

သည့်အတူပင်လျှင်-

အထက်ပါဈာန်ကင်းသော သင်ဆိုသော အလှူရှင်၏ စိတ်သည် ထိုမဂ္ဂသတ္တိ၏ ကျေးဇူးပြုမှုများကိုလည်း ခံစားခွင့်မရစေနိုင်ပြီ။

ဘာ့ကြောင့်ဆို…

ထိုမဂ္ဂသတ္တိသည် ဈာနသတ္တိရှိမှသာ တစ်ဆင့်တိုးရခြင်းကြောင့်တည်း။

(က) ဈာနသတ္တိသည် အာရမ္မဏူပနိဈ္ဈာန် လက္ခဏူပနိဈ္ဈာန်ခေါ်သော စိတ်ကိုဆုံးမရာတိုင်း၌-

၁။ အာရုံတစ်ခုထည်းထည်းထဲသို့ စိတ်စိုက်ချထားပေးရခြင်း၊ (အာရမဏူပနိဈ္ဈာန်)

၂။ မိမိခန္ဓာ၏သွင်ပြင်မူရာလက္ခဏာများကို သိခွင့်ပေးရခြင်း၊ (လက္ခဏူပ)

ထိုနှစ်မျိုးစလုံးကိုလျှင် တာဝန်ယူပေးရ၏။

(ခ) မဂ္ဂသတ္တိသည်ကား ထိုရှာနသတ္တိထဲမှပင် လက်လွှဲယူသော အားဖြင့် အမှတ်(၂)အချက်ပြ လက္ခဏူပရှာန်ကစ်ခုတည်း သို့သာ စိတ်ကိုမြဲမြံစွာ စိုက်ချပေးထားပြီး၊ မဂ္ဂင်အရာ ဝိပဿနာဉာဏ်၏အကူဖြင့် -

၁။ ပထမ ငါရှိ-မရှိ စတင်စစ်ဆေး အဆုံးဖြတ်ပေးပါမည်။

၂။ ဒုတိယ ငါမြဲ-မမြဲ၊ ကောင်း-မကောင်း၊ ပိုင်-မပိုင် တို့ကို ခွဲခြားသန့်စင်ပေးပါမည်။

၃။ တတိယ အာရုံ၏အတိုက် မည်သည့်အရာနောက်လိုက် လိုက် ကြိုက်-မကြိုက်ဟူသော အစွန်းနှစ်ပါးဆီသို့ စိတ်ကိုမပို့လွှတ်တော့ဘဲ အလည်ကြားထားပေးပါမည်။

ထို့နောက် ဝိပဿနာတို့ဉာဏ်ရည်ဝ၍ ဖိုလ်တို့အားမျှလာကြ သည်နှင့် တစ်ပြိုင်နက်···

* ပထမငါစွဲကိုအပြီးတိုင် မဂ်ကဖြတ်တောက်ပယ်ချပေးပါသည်။
* ဒုတိယ ကြိုက်စွဲ-မကြိုက်စွဲနှစ်ပါးကို မဂ်ကပင် အပြီးတိုင် ဖြတ်တောက်ပယ်ချပေးပါသည်။
* တတိယ မသိစွဲနှင့်တစ်ကွ ဝဋ်ပြစ်အားလုံးတို့ကိုပါ မဂ်ကပင် အပြီးတိုင်ဖြတ်တောက်ပယ်ချပေးပါသည်။

ထိုမဂ္ဂသတ္တိထူး၏အကျိုးကျေးဇူးများကို···

သတိမစွဲ၊ ဉာဏ်မတွဲသော အပျော်ဝင် သင်အလျှို့ရှင်၏စိတ် သည် မည်သို့ခံစားနိုင်ပါအံ့နည်း။

သို့ကြောင့်···

ပဋ္ဌာန်း (၂၄)ပစ္စည်းထဲမှ ထိုရှာန၊ ထိုမဂ္ဂသတ္တိထူးနှစ်မျိုးတို့

သည်

(က) သောမနဿ… သောက်ရေကြည်ကဲ့သို့ အနယ်မပါ အေးလည်းအေးပမာ မည်သည့်ကိလေသာ အယုတ်တရားတို့နှင့်မျှ မရောမယှက်သော စေတနာရှင်။

(ခ) ဉာဏသမ္ပယုတ် အာရမဏူပဇ္ဈာန် လက္ခဏူပဇ္ဈာန်ဝင်စားသောအားဖြင့် ငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့၏ ခန္ဓာစဉ်အပေါ် ဖြစ်ပျက်မြင်ဉာဏ်ဝင်စားလျက်ကရှိသော စေတနာရှင်။

(ဂ) အသင်္ခါရိက… သူတစ်ပါးတို့၏ ပယောဂမပါ မိမိ၏သန္တာန်ရှိ စေတနာသန့်များဖြင့်သာ အလှူပွဲကြီးပြီးမြောက်စေသော စေတနာရှင်။

တိဟိတ်တန်းဝင် အလှူရှင်မျိုးမဟုတ်က လိုက်ပါကျေးဇူးပြုကြလိမ့်မည် မဟုတ်ပြီ။

ထိုတွင်…

'က' အမှတ်ပြဖြင့် သင်၏အမွေပါ အနုသယအနည်မှုန်များကို ဈာန်စိတ်ဖြင့် သန့်စင်ပေးထားသည်။

'ခ' အမှတ်ပြဖြင့် သင်၏အမွေပါ ပရိယုဋ္ဌာနအဆိဝေများကို ဈာန်စိတ်ဖြင့် စစ်ပေးထားသည်။

'ဂ' အမှတ်ပြဖြင့် သင်၏အမွေပါ ဝီတိက္ကမ ခဲ၊ သလဲများကို ထိုဈာန်စိတ်က ရွေးဆည်ပေးထားသည်။

ထိုသို့သော သင်အလှူရှင်၏ စိတ်ထားမျိုးမှသာ

၁။ ကြိုက်စိတ်အရည်ကျဲမှ ခံတက်လာသော လောဘကိုပယ်သတ်ခဲ့ခြင်း အကြောင်းခံတစ်ပါး။

၂။ မုန်းစိတ်အရည်တွဲမှ ခံတက်လာသော ဒေါသကိုပယ်သတ်

ခဲ့ခြင်း အကြောင်းခံတစ်ပါး။

၃။ ဖာသိဖာသာ စိတ်အရည်ခွဲမှ ခဲတက်လာသောမောဟကို ပယ်သတ်နိုင်ခဲ့ခြင်းအကြောင်းခံတစ်ပါး။

အထက်ပါအကြောင်းခံ သုံးချက်တို့နှင့် သင်ပြည့်စုံသောကြောင့် ထိုသင်ကား တိဟိတ်အလှူရှင်(အကြောင်းခံသုံးခုတို့ စိတ်နှင့်အတူပါသော အလှူရှင်) ဆိုရပြီ။ အကျိုးခံစားရာ၌ အပြစ်ကင်းစေပြီ။

အထက်က တင်ပြခဲ့ပြီးသော သင်ဆိုသော အလှူရှင်၌ကား ထိုသုံးဖြာ ဗလာကျင်းနေခြင်းကြောင့် အကြောင်းခံကင်း (ကုသိုလ်စစ်စစ်ဖြစ်ရန် အခြေခံကင်း)သော အဟိတ်ကုသိုလ်ရှင်ဟူ၍သာ သင့်အားဆိုရတော့မည်။ ထိုအလှူ့ရှင် သင်သည်ကား

(က) သေခါနီး စေတနာဘက်က အားသန်သော် သုဂတိအဟိတ်ပုဂ္ဂိုလ် လူ့ဘဝသို့ ဖြစ်စေပါမည်။

(ခ) တဏှာ၊ မာန၊ ဒိဋ္ဌိအရင်းခံ အကုသိုလ်တို့ဘက်က အလေးသာသော်ကား အပါယ်ခံဒုဂ္ဂတိအဟိတ် ဘဝသို့သာ ရစေပါမည်။ ပစ္စုပ္ပန်ပစ္စည်းဆုံး သံသရာဘဝ ရှုံးစေခြင်း။

**မှတ်ချက်။** ။ဒုဂ္ဂတိဘဝခေါ် အသူရကာယ်တို့၏ ဘုံဘဝသည် အလှူမတတ်သောသူတို့ ရောက်ရ၊ ရ-ရသောဘဝဟူ၍ ပြောစမှတ်ပြုကြပါသည်။

ဤ၌ တစ်ဆင့်စကားကြားရဖူးသည်မှာ တစ်ခါက ရန်ကုန်မြစ်ကမ်းနဖူးရှိသော ရွာတစ်ရွာဝယ် 'မွေးနီ' မည်သောသဘက်ကြီး (အသူရကာယ် ခန္ဓာကိုယ်အကြီးစားမျိုး) သည်လူ့ဘဝတုန်းက သူလှူထားသောကျောင်းကိုစွဲ၍ သေလွန်ရသောကြောင့် ၄င်းလှူထားသောကျောင်းပေါ်၏ ဘုရားဆောင်အတွင်းသို့ ည-ညတက်ရောက်၍ အိပ်

လေ့ရှိသည်ဆို၏။ နံနက်အာရုံကျင်းသည်နှင့် သူ့အလိုလိုဆင်းသွား လေ့ရှိသည်ဆို၏။ ဘုန်းတော်ကြီးက သူ့ကိစ္စသိနေ၍ ခွင့်ပြုထား၏။ မနှင်ချေ။ ထိုကျောင်းဒကာတစ်ဖြစ်လည်း 'မွေးနီ' (အမွေးများက နီမြန်းနေသဖြင့် တင်စားခေါ်ထားသောအမည်) သည် ကျောင်းထိုင် ဘုန်းကြီးကိုသော်လည်းကောင်း၊ ကျောင်းနေ၊ ကျောင်းအိပ်၊ ကိုရင်၊ ကျောင်းသားများကိုသော်လည်းကောင်း မည်သူ့ကိုမျှ အန္တရာယ် မပြုဆို၏။

* ဝဋ္ဋုခေါ် ငါ့ကျောင်းဟူသော ကျောင်းစွဲ၏သတ္တိတစ်ခုတည်း ဖြင့် (ကိုယ့်ပုဆိုးစ ကိုယ်နင်းလဲနေခြင်း) ကိုယ့်အစွဲဖြင့် ကိုယ်စွဲ၍ လည်နေရခြင်း၏သက်သေတည်း။

တစ်ဖန် အကြောင်းခံကားကုသိုလ်မှန်၏။ သို့တစေလည်း မိမိအာရုံအထားမတတ်သောကြောင့် အကျိုးပေးကား အကုသိုလ် ဇာတ်တွင်းသို့ ထိုးဆင်းသွားရရှာသော ထိုသင်ဆိုသော အလျှူရှင်မျိုး၌

သိစိတ်က အစွဲသိအားဖြင့် ငါ-ဝဋ္ဋု-ပုဂ္ဂိုလ်သို့သာ မေးတင် နေချေသော် ခံစားသိ၊ မှတ်သားသိ၊ စေတနာပွား ကြောင့်ကြထားသိ၊ ဆုံးဖြတ်သိ-သိသော နာမ်ခန္ဓာခေါ် သိအုပ်စုလေးမျိုးစလုံးတို့သည် တစ်နွယ်ငင်ရာ တစ်စင်ပါအားဖြင့်-

တစ်ခုက သာယာစိတ်ဖြစ်ပေါ်နေသော် ကျန်သုံးမျိုးတို့ကလည်း သမ္ပယုတ္တသတ္တိဖြင့်-

၁။ သာယာလျက်ကသာ မှတ်သားပေးနေပါတော့မည်။

၂။ သာယာလျက်ကသာ စေတနာပွားကြောင့်ကြထား နေကြပါ တော့မည်။

၃။ သာယာလျက်ကသာ ကောင်းမှကောင်းဟူ၍ ဆုံးဖြတ်ချက်

ချပေးနေပါတော့မည်။

(က) သည့်အတူ ငါလှူနေပါသည် ဒိဋ္ဌိဝင်နေဆဲအခါ

(ခ) ဟန်မှဟန်ပါ့မလား ဝိစိကိစ္ဆာပွား ဗျာများနေဆဲအခါ

(ဂ) လုပ်လိုက်ကြပုံကတော့ဖြင့်ဟူ၍ ဒေါမနပွား ဗျာများ နေဆဲအခါ

စသည်များ၌လည်း တစ်ခုတစ်ခုက ရှေ့ဆောင်ကာ အစွဲသိ အတိုင်းလျှင် ဆက်လက်၍ လိုက်ပါမှတ်သား ပေးနေလေတိုင်း ကျန် နာမ်စုနောက်လိုက်များကလည်း ထိုရှေ့ဆောင်သွားရာ အတိုင်းသာ ခံစားပေးခြင်း၊ ကြောင့်ကြစိုက်ပေးခြင်း၊ ဆုံးဖြတ်ခြင်း စသည်များ ကို ထိုသမ္ပယုတ္တသတ္တိဖြင့်ပင် ဝိုင်းအုံကျေးဇူးပြုပေးကြတော့မည် ဖြစ်ရာ -

ထိုသင်အလှူရှင်ခမျာ ငွေဆယ်သိန်းအကုန်အကျခံ လှူခဲ့သော်

(က) ဒိဋ္ဌိကို ငွေဆယ်သိန်းပေး ဝယ်ယူလိုက်သော အကုသိုလ် ပစ္စည်းရှင် သူဌေးကြီးပင်တည်း။

(ခ) ဝိစိကိစ္ဆာမျိုးစေ့ကို ဆယ်သိန်းပေး သိုလှောင်ထားသော အကုသိုလ်ကုန်သည်ကြီးတည်း။

(ဂ) ဒေါမနဿမျိုးပွားကို ကိုင်းဆက်ကူးပေးနေသော ဆယ်သိန်း ရှင် အကုသိုလ်ဉယျာဉ်မှူးကြီးတည်း။

**မှတ်ချက်။** ။ အထက်ခေါင်းစီး၌ ပြဆိုခဲ့ပြီးသော ရာဂ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဉဒ္ဓစ္စ၊ ဒေါမနဿ၊ သာဒ-အားလုံး ဤအတိုင်းချည်းပင် မှတ်ယူကြပါလေကုန်။ စကားကြော ရှည်ဝေးနေမည်စိုးသဖြင့် တစ်ခု ချင်းလိုက်လံကာ စိစစ်မပြတော့ပြီ။

၁။ တစ်ဖန် ထိုနာမ်အုပ်စုလေးမျိုးတို့ မိုခိုလိုက်ပါနေသော အလှူ

ရှင်၏ရုပ်ခန္ဓာခေါ် မျက်စိ-နား-နှာ-လျှာ-ကိုယ် ဟူသော အာရုံခံရာ ပြင်ပအကြည်ဓာတ်ငါးမျိုးတို့သည်လည်းကောင်း၊

၂။ ထိုငါးမျိုးတို့ကို အတွင်းကနေ လှုံ့ဆော်ပေးသော ကော္ဌာသရုပ်တို့သည်လည်းကောင်း ထိုနှစ်မျိုးစလုံးတို့ကလည်း

(က) နာမ်အုပ်စုက မျက်စိသို့ အချက်ပြလိုက်လျှင် မျက်စိက ချက်ခနဲကြည့်ဖြစ်လိုက်သည်။ သို့သော် ထိုအကြည့် ထိုအသိနှင့် မရော၊ အကြည့်က အကြည့်-အသိက အသိ။

(ခ) နာမ်အုပ်စုက နားဆီသို့ အချက်ပြလိုက်လျှင် နားကလည်း ဒက်ခနဲကြားဖြစ်လိုက်သည်။ သို့သော် ထိုအကြား ထိုအသိနှင့်မရောမသွား၊ အကြားကလည်း အကြား အသိကလည်း အသိ။

သည့်အတူ သင့်၌ကျန်သော နှာခေါင်း၊ ပါးစပ်နှင့် လျှာ၊ ခြေ၊ လက်၊ ခေါင်း၊ ခါးစသော သင့်အင်္ဂါတို့၌လည်း ကြိုးဆွဲဆရာနှင့် အရုပ်ကလေးများပမာ။

* နာမ်ခန္ဓာတို့၏လှုံ့ဆော်ရာ ရုပ်ခန္ဓာတို့က လိုက်ပါပြုကျင့်နေလျက်က။

* ရုပ်ခန္ဓာတို့၏ပြုကျင့်ရာ နာမ်ခန္ဓာတို့က လိုက်ပါဦးတည်ပေးလျက်က။

ဝိပ္ပယုတ္တသတ္တိဖြင့် တစ်ခုနှင့်တစ်ခု မရောမယှက် အာရုံကိုနာမ်ကကိုင် ဝတ္ထုကိုကား ရုပ်ကရင်ဆိုင်လျက်က ကျေးဇူးပြုနေချေရာ-

ထိုသင်ဆိုသောအလှူရှင်ခများ-

*   ယနေ့ နေ့ အကုသိုလ်စိတ်ဖြင့် အလှူလုပ်က ယနေ့ည ထို အကုသိုလ်တွေးကိုလျှင် အရေးပေါ်စေမည်။

*   ယနေ့ ည ထိုအကုသိုလ်အတွေးများကလည်း နက်ဖန် အကုသိုလ်အတွေ့များကိုလျှင် ထပ်ဆင့်ပေးတော့မည်။

သို့ကြောင့် ထမင်းကောင်း ဟင်းကောင်း စားရမည်လား အတွေးဖြင့် ဓာတ်ထဲလိုက်မိရာ ငွေနဲ့ကြီးတက်နင်းမိ၍ လျော်ကြေး ပေးရလေသူပမာ အကောင်းစားမျှော်လျက်က အလှူဘက်သင်လက် ဆက်မိရာ အလှူမတတ်သောသင်ကား မကောင်းဘက် ဆင်းသက် သွားရရှာပြီ။ ခန္ဓဗာလတို့၏ဖြစ်အင်တည်း။

ထိုသင်အလှူရှင်၌

(က) မလှူခင်စဉ်းစားတုန်းက စိတ်မသန့်၊ လှူစဉ်မည်သို့ သန့်အံ့ နည်း။

(ခ) လှူစဉ်တုန်းမှာမှ စိတ်မသန့် လှူပြီးနောက်မည်သို့သန့်အံ့နည်း။

*   ဘိုးဘွားညံ့လျှင်မိဘညံ့-မိဘညံ့လျှင် သားသမီးများပါ ညံ့ပုံ မျိုးတည်း။

ထိုပုဗ္ဗ-မုဉ္စ-အပရစေတနာသုံးချက်တို့တွင် (ဆုံးဖြတ်ဆဲ-ပြုဆဲ-အာရုံယူဆဲများတွင်) လှူစဉ်ကာလရှိ မုဉ္စကာလာဝယ် သို့မဟုတ် ပစ္စုပ္ပန်တည့်တည့်ဆီ၌

(က) မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်များက အကြည့်မှားအကြား မှား နေရာသို့ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်များကလည်း လိုက်လံမှားယွင်းကြတော့ပြန်ရာ

(ခ) တစ်ဖန် ဝေဒနာ၊ သညာ၊ သင်္ခါ၊ ဝိညာဉ်များက မှားယွင်းနေ ကြရာသို့-

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်များကလည်း လိုက်လံကာ အမှားချည်း နှင်းပြုနေကြတော့ရာ အတ္တိပစ္စည်းဆက်၏ သတ္တိများ ကလည်း သင့်အား မကောင်းမှု၌သာ ကျေးဇူးပြုပေးကြတော့မည်။

၁။ ဆံပင်၊ မွေးညှင်း စသည့်အစိတ်ပိုင်းများဖြင့် ဖွဲ့စည်းထား သော သင့်ဘဝဖြစ်စဉ်ကြီး။

၂။ ပထဝီ၊ အာပေါ စသည်ဓာတ်သတ္တိများဖြင့် တည်ဆောက် ထားသော သင့်၏ဘဝဖြစ်စဉ်ကြီး။

၃။ ကံ-စိတ်-ဥတု-အဟာရခေါ် သင်္ခါရတို့ဖြင့် ပြုပြင်ပေးနေရ သော သင့်၏ဘဝဖြစ်စဉ်ကြီး။

ထိုသုံးချက်တို့ဖြင့် ခဏမစဲ ရှေ့ထွက်-နောက်ဝင်အားဖြင့် ထင်ရှားကာ တစ်သဲသဲရှေ့တိုးခြင်း၊ တစ်ကဲကဲရှေ့ဆက် တက်နေ ခြင်းများကို

* ရုပ်ခန္ဓာက ဖောက်ပြန်လှုပ်ရှားပေးနေရပါသည်ကို သင်အသိ ပင် ဖြစ်ချေသည်။
* နာမ်ခန္ဓာက သိညွှတ်ကိုင်းရှိုင်းပေးနေရပါသည်ကိုလည်း သင် အသိပင်ဖြစ်နေသည်။

သို့ဆိုသော် သင့်လက်ဝယ်ရှိ အလှူပွဲကျင်းပနေရာ...

ထိုရုပ်ခန္ဓာ နာမ်ခန္ဓာတို့သည် အာရုံနှင့်ပက်ပင်းကြုံခဏဝယ် ထိုအာရုံနှင့် ခေါင်းချင်းဆိုင်၍ သူ့တာဝန် ကိုယ့်တာဝန် အပြိုင်ယူ လျက် တာစူထွက်ကြကာ သင်အလှူရှင်၏ဘဝခေါ်ဖြစ်စဉ် စိတ် လမ်း- ရုပ်လမ်းတန်း အမျှင်တန်းကြီးကို...

* ငါးစုဖြင့်ကဲ ရှေ့ခရီးခဲ တွဲသွားနေကြသည်မဟုတ်လော။
* ဝတ္ထုစုဖြင့်ကဲ ရှေ့ခရီးခဲ တွဲသွားနေကြသည်မဟုတ်လော။

* ပုဂ္ဂိုလ်စွဲဖြင့်ကဲ ရှေ့ခရီးခဲ တွဲသွားနေကြသည် မဟုတ်လော။

ထိုအတွဲကိုကြည့်ခြင်းဖြင့် သင့်အလျှ အတ္တိပစ္စည်းက ဘာကို ကျေးဇူးပြုနေသနည်း။ ဘယ်လိုကျေးဇူးပြုနေသနည်း။ ဤသို့ မေးမြန်းအံ့။ အဖြေကား…

သူ့အထက်ရှိ သမ္ပယုတ်၊ ဝိပ္ပယုတ်ပစ္စည်းများ၏သတ္တိများက ကုသိုလ်အမည်ခံ အကုသိုလ်ကိုချည်း ဖန်တီးပေး၍နေကြလေရာ နောက်လိုက်ဖြစ်သော ဤအတ္တိပစ္စည်း၏ သတ္တိများကလည်း ရှေ့သွားလမ်းတန်းလိုက်ကာ အကုသိုလ်ဖြင့်ပင် ကျေးဇူးပြုနေပါသည် ဟူ၍ပင်တည်း။

သည့်အတူပင်လျှင် နတ္ထိပစ္စည်း၏ ပစ္စယသတ္တိများကလည်း ရှေးရှေးကချုပ်သွားနှင့်ကြလေပြီး အကုသိုလ်အငွေ့အသက်များက လက်ရှိစိတ်အား ဆက်လက်အမွေထားအားဖြင့် ကျေးဇူးပြုပေးနေကြမည်သာ။ ထိုနတ္ထိသည်ချုပ်ပြီးသော စိတ်သတ္တိ-ကံသတ္တိများ၏အရှိန် ထက်လွန်းလျှင် ထက်လွန်းသလောက် နောက်နောက်ကံစိတ်များအား လိုင်းခတ်နေရစ်ကြဦးမည်ဖြစ်ကြရာ ဤသင်ဆိုသောအလျှရှင်၌လည်း ငါစွဲဒိဋ္ဌိ၊ ဝတ္ထုစွဲ တဏှာ၊ ပုဂ္ဂိုလ်စွဲကာမစ္ဆန္ဒတို့၏အရှိန်အဟုန်အတိုင်းလျှင် ဆက်လက်ကာ ထိုနတ္ထိပစ္စည်းက ကျေးဇူးပြုပေးနေမည်။

မှတ်ချက်။ ။ ဝိဂတသည် နတ္ထိနှင့်အလားတူ အဝိဂတကား အတ္ထိနှင့်နည်းတူပင်။

# ကုသိုလ်ပြု၍ အကုသိုလ်စုလျက်ရှိသော သင့်အတွက်

ဤ၌တွင်ဒါနမှု(သီလမှု) ပြုလျက်ကပင် ငါ-ဝတ္ထု -ပုဂ္ဂိုလ် တို့အပေါ် အစွဲများနေသဖြင့် တဏှာ၊ ရာဂ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ ဒေါမနဿ စသည် အကုသိုလ်ဆွဲအားများ ပေါ်ထွန်းလာစေသော ထို-သင် အလှူ့ရှင်၌ ပဋ္ဌာန်းသတ္တိတို့က ကျေးဇူးပြုချေရာ-

(က) သင်၏အာရုံယူမှုများယွင်းမှု အာရမ္မဏသတ္တိသည် အဓိက တရားခံတည်း။

(ခ) သင့်အား အကြောင်းခံ အကျိုးဆက်ပေးမှု ဟေတုသတ္တိ သည်ကား ပင်မလမ်းထားတည်း။

ထိုသတ္တိထူးနှစ်မျိုးတို့ ဦးဆောင်ပါဝင်နေသောကြောင့် ကျန် ပဋ္ဌာန်းပစ္စည်းများ၏ သတ္တိများကလည်း သူ့နေရာနှင့်သူ အားဖြင့် လည်းကောင်း၊ သူ့သတ္တိသူပြသလျက်ကလည်းကောင်း ပါလှာကြ ပါသည်ကို သင်သတိပြုရမည်။ အာရုံယူမှန်မှ ကုသိုလ်အကြောင်းခံ များက ကုသိုလ်အကျိုးထူးပေးစေနိုင်သည်ကိုလည်း သင် သတိပြု ရဦးမည်။ အမှားနှင့်အမှန် ဝေဖန်တတ်ဖို့လည်း သင်သတိပြုရဦး မည်။

* လူမျိုးတိုင်းကောင်းစားရန် ကောင်းမှုပြုကြ၏။ သို့သော် ကောင်းကျိုးကား ပြုသလောက်မပေး။ ဘာ့ကြောင့်နည်း။
* ဘာသာတိုင်းကောင်းကျိုးဖန် ကောင်းမှုပြုကြ၏။ သို့သော် ကောင်းကျိုးကား ပေါ်၍ပင်မလာ။ ဘာ့ကြောင့်နည်း။

အဖြေမှာ အရမ္မဏသတ္တိက အာရုံယူမှားယွင်းသွားခြင်းကြောင့် ဟူ၍ပင်။ သို့ကြောင့်လျှင် အကောင်းမျှော်လျက်က အဆိုးပေါ်နေကြ ရ၏။ ဆိုးကျိုးများချည်းသာ ခံစားနေကြရ၏။ ထမင်းစားရာမှ

မစင်ထွက်လာသည်ထက်ပင် ဆိုးချက်နာသေးတော့၏။

တစ်ဖန် ထိုသင်အလျှ ရှင်သည် ကောင်းမှုပြုရာ၌ သိ-သိပေး နေသော သင့်စိတ်အစဉ်တို့ကို သောမနဿ၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိကစသော မြတ်သော၊ မြင့်သော မဟာကုသိုလ်စိတ်မျိုး မွေးမြူပေးရမည့်အစား

လောဘ၊ ဒိဋ္ဌိဂတသမ္ပယုတ်၊ အသင်္ခါရိက စသော ယုတ်သော အရှုံးပေါ်စေသော အကုသိုလ်စိတ်များချည်း မွေးမြူမှုများကာ ငါကြိုက် ဖြင့်ချည်း ကြိုးစားနေတော့ရာ…

သင့်စိတ်နှင့်ယှဉ်၍ သင့်စိတ်ကိုငှနေကြသော စေတသိက် အုပ်စုများ၌လည်း…

သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတပ္ပ၊ အလောဘ၊ အဒေါသ၊ အမောဟ၊ စသည်တို့အစား မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိစသည်များကသာ နေရာဝင်ဦးသွားကြလေတော့ရာ

ထိုအလျှရှင် သင်မှအရှုံးမပေါ် မည်သူသည် အရှုံးပေါ်တော့ အံ့နည်း။

ထို သင်၏အလျှမျိုးကို -

(က) အဘိဓမ္မာသင်္ဂဟနည်းက ယုတ်ညံ့သောဩမကကုသိုလ်ရှင် ဟူ၍ ညွှာတာစွာဖွင့်ဆို၏။

(ခ) ဤပဋ္ဌာန်းအလိုအားဖြင့်ကား အကုသိုလ်ရှင်စာရင်းထဲ အတင်း ဆွဲသွင်းပေးထားလိုက်ပြီ။

**ဤကား သင့်ဒါနမှု(သီလမှု)ပဋ္ဌာန်းဖြင့်**

**အနီးကပ်ကြည့်ရှုပေးခြင်းတည်း။**

## ဒါနကိစ္စရပ် ပဋိစ္စသမုပ္ပါဒ်ဖြင့် ဆက်စပ်ကြည့်သောအခါ

* ဒါနံဒတွာ သီလံသမာဒိယိတွာ
* တံ အဿာဒေတိ၊ အဘိနန္ဒတိ၊ တံ အာရဗ္ဘ
ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊
ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊
* အကုသလေ နိရုဒ္ဓေ ဝိပါကော
တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ ။ ။

အလှူပေးသောအခါ သီလဆောက်တည်လေသောအခါ-

ထိုဒါနမှု သီလမှုကို သာယာနှစ်သက်နေမည်ဆိုက ၄င်းကို အကြောင်းပြု၍-

(က) ကိုယ့်ကိုယ်ကို ခင်မင်ခြင်း၊ သူတစ်ပါးကို ခင်မင်ခြင်း၊ အာရုံ ပုံရိပ်ကို ခင်မင်ခြင်းဖြစ်လာမည်။

(ခ) ငါစွဲလည်းမကင်း၊ သူစွဲလည်းမကင်း၊ ဝတ္ထုစွဲလည်းမကင်းရှင်း။

(ဂ) အမျှော်-အခေါ်ထားရာများသို့လည်း ပေါ် မပေါ်၊ လာမလာ စိတ်ကစားလှာရော့မည်။

(ဃ) စိတ်တိုး၍ ဘဝင်လေလှုပ် ဘဝင်လေလှုပ်၍ စိတ်တိုးချေရာ စိတ်အခိုးများကလည်း ပျံ့ကြဲနေပေရော့မည်။

(င) မျှော်တိုင်းမပေါ်လာ ခေါ်တိုင်းလည်း မလိုက်- မပါသေးလျှင် စိတ်အေးတော့မည်လည်း မဟုတ်။

* အထက်ပါစိတ်ပုပ်-စိတ်သိုးများ ပြီးပြေသွားသော်
* နောက်ပေါ် အကျိုးပေးများကလည်း စိတ်ပုပ်-စိတ်သိုးစရာ

များချည်းသာ။

၁။ ဒါနမှုပြုကျင့်ကြရာတွင် -

(က) အပြစ်ကင်းစင်သောဒါနက သံသရာကို ဆန်အတက် ခိုင်းမည်။

(ခ) အပြစ်မကင်းသော ဒါနက သံသရာကို စုန်ဆင်းစေ မည်။ ဝတ္ထုမျှသာ စွန့်ချမိပြီး အာရုံကိုမလွှတ်မိကြသူတို့ အတွက်သာ။

၂။ တစ်ဖန်

(က) အာရုံနှင့်ဝတ္ထုအကြား သတိဖြင့်ဖြတ်တား တားသွား သူကို အဆန်၏ ဖြဟ္မာဘုံသို့ ပို့လွှတ်မည်။

(ခ) အာရုံနှင့်ဝတ္ထုအကြား မှန်ကန်သောအသိဖြင့် ထိသိ လျက်က ဖျက်သွား-သွားသူကိုကား အရိယာဘုံသို့ ပို့မည်။

**မှတ်ချက်။** ။ ဤဉ္စွစွန့်လှူရာပစ္စည်းများ၏ ကိုင်တွယ်ရ စကောင်း သည်များကား ဝတ္ထုမြင်ခွင့်ရရုံ-ကြားခွင့်ရရုံ စသည်မျှသော ထိုဝတ္ထု ၌ ပါဝင်နေသော အဆင်းရိပ်၊ အသံရိပ်၊ အနံ့ရိပ်၊ အရသာရိပ်၊ အတွေ့ ရိပ်၊ အတွေးရိပ်ခေါ် အာရုံပုံလှိုင်းများကိုကား အာရုံဟူ၍ မှတ်ခဲ့ပါ။

အထက်ပါ ဒါနမျိုးတို့ကိုလေ့လာသော် -

သံသရာကိုတိုစေ၊ ရှည်စေခြင်းနှင့် ပြတ်တောက် ပျက်ကျခြင်း လေးမျိုးတို့ကို တွေ့ကြရပါမည်။ ထိုလေးမျိုးစလုံးလျှင် အကြောင်းခံ ဒါနအပေါ် မိမိအာရုံထားရာမှချည်း ဖြစ်ကြသည်ကိုလည်း တွေ့ကြ

ရပါမည်။

ဒါနဏ်ရည်ရွယ်ရင်းထားအမှန်သည် ငါ-ငါ့ပစ္စည်း-ငါပိုင်သည် ဆိုသော တဏှာဖြင့် ဌာပနာထားသော ဒိဋ္ဌိပါ-မာနငါတို့ကို သတ်ဖြတ်-သုတ်သင်စရာလက်နက်ကောင်းတစ်ခုပင် ဖြစ်တော့သည်။ သို့တစေလည်း-

* ဝတ္ထုကိုသာစွန့်၍ အာရုံကိုကား မလွှတ်ချထားခဲ့သောသူ၊

* ပကတိအာရုံခံမှ လွှတ်ခဲ့သော်လည်း၊ အတွေးအာရုံခံဖြင့် ဆက်ဆံနေသောသူ၊

ထို သင်အလှူရှင်အဖို့ ငါစွဲသည် မည်သို့မျှမကင်းပြတ်စေနိုင်။ ထိုငါစွဲမကင်းပြတ်သူ သင့်အဖို့ သံသရာအချဲ့ မည်သို့မျှ ဖွဲ့မထွက်သာနိုင်ပြီ။

လူသူကိုသေစေနိုင်သော သေနတ်သည် သေနတ်သာပင်။ သို့တစေလည်း သူပုန်၊ ဓားပြတို့လက်ဝယ်ရောက်က တိုင်းပြည်ကြီး ဒုက္ခရောက်ပုံမျိုးပမာ။

ငါ-ကို သေစေနိုင်သောဒါနသည် ဒါနသာပင်။ သို့တစေလည်း အာရုံဆွဲ၏ အစွဲကို မလွဲဖယ်သူတို့၏ လက်သို့ရောက်ခြင်းကြောင့်သာ။ ထိုဒါနက ဘဝသမုဒယနှင့် ဘဝဒုက္ခ၊ ကာမဒုက္ခ၊ ကာမသမုဒယနှင့် ကာမဒုက္ခ၊ ဘဝဒုက္ခ ရောက်ကြရ၊ ရကြရချေသည်။ ရှေ့နေပေါက်စ ထောင်ခြောက်လပမာ အလှူမတတ်ရှာသူသင်၏ ကြုံနေ၊ ဆုံနေရပုံ ဆိုးချက်နာများတည်း။

# မသိမှုအရင်းခံ လိုချင်မှုအတွင်းကြံ ကြံမိ၍

(က) သူ့ကာမ၏ ကောင်းမကောင်း၊ သဘာဝခင်း အတွင်းခံ အကြောင်းကို မသိ၍လိုချင်ခြင်းသည် အဝိဇ္ဇာ။

(ခ) မိမိဘဝ၏ကောင်းမကောင်း သဘာဝခင်းအတွင်းခံ အကြောင်း မသိ၍ လိုချင်ခြင်းသည် အဝိဇ္ဇာ။

(ဂ) သူနှင့်မိမိနှစ်ဖက်ညှိ၍ ကိလေသာတို့ သွေးထိုးပေးသမျှ အထူး အခွင့်အရေးတမျှ ခံစားလိုခြင်းသည် အဝိဇ္ဇာ။

ထိုအဝိဇ္ဇာတဏှာသုံးမျိုး တစ်မျိုးမျိုးကို အကြောင်းခံထား ခဲ့ချေသော်-

* နောင်ဘဝ - ဘဝတိုင်းတို့၌လည်း သည်လင်-သည်မယား- သည်သမီးသားများနှင့်အတူ ဘဝထူးသို့ ကျင်လည်လိုခြင်း၊ ကာမထူးကို ခံစားလိုခြင်း စသည် ကာမဝိသေသ၊ ဘဝဝိသေ သ၊ ဝိဘဝဝိသေသများကလည်း လိုက်ပါထိုးကျင့်နေကြ ဦးမည်သာ။

ထိုအလှူ့ရှင်အဖို့ ဤအလှူကို အကြောင်းပြု၍-

* ဘဝထူးရယူလိုခြင်းဆန္ဒ၊ ဘဝထူးမျှော်ခေါ်နေခြင်း ရာဂ၊ ဘဝ ထူးနှစ်သက်နေခြင်းပေမတို့နှင့်အတူ ငါစွဲဒိဋ္ဌိလည်း ငြိလျက် ရှိနေပေရော့မည်။ ဝတ္ထုနှင့် အလှူခံတို့အပေါ်၌လည်း မိမိလို သလို ရ မရ ဒွိဟဝင်နေပေရော့မည်။ ဘဝင်လေမငြိမ် စိတ်ကြွနေ့ပျက် ရှေ့ရောက်နောက်ပြန်အတွေးများကလည်း ပုံ့ကြဲ-ဖြန့်ကျက် နေပေရော့မည်။ ထင်သလိုမဖြစ် မနှစ်သက် သော စိတ်ညစ်များကလည်း ပွားစီးလာပေရော့မည်။ ထိုအခါ

အရှိကိုအရှိ ဘာဆိုဘာမျှ အတွင်းသိ-အစင်းသိ သိခွင့်မရပြီ။ ထိုသင်သည် ထိုမသိစိတ်ဖြင့် ဤပုညာဘိသင်္ခါရစု (အလှူကောင်းမှု) ပြုလုပ်နေချေတော့ရာ ထိုသင် အလှူရှင်ခမျာ ငါကောင်းစားရေး (တဏှာအဆာသွတ် ထားသောဒိဋ္ဌိ) များသို့သာ ရှေးရှုနေချေပြီ။ ဝဋ်သစ္စာနှစ်ပါးဘက်ဆီသို့ စိတ်-မျက်စိကျနေပြီ။ ယင်းကား…

(က) လူ့ဘဝ၊ နတ်ဘဝအမြတ်စားသို့ စီးဆင်းသွားသော ကံတွင်း ဆင်းဒါနမျိုးစေ့တည်း။

(ခ) လူ့ကာမ၊ နတ်ကာမ - မပြတ်ခံစားရရေးသို့ ထိုးဆင်းသွား သော ကံတွင်းဆင်း ဒါနမျိုးစေ့တည်း။

(ဂ) နောက်တစ်ချီ အဆင့်တိုး အမြင့်မျိုးသို့ ပွဲတိုးခိုင်းနေသော ကံတွင်းဆင်းဒါနမျိုးစေ့တည်း။

ကန်သည် ငါးတို့ပျော်ရာဒေသဖြစ်ခြင်းကြောင့် ထိုကံနှင့် လိုက် ဖက်စေသော သူဟူသည့်အာရုံရှင်နှင့် သူမှုပါသောအာရုံငါးပါးများ လည်း ဆင်းသက်လာစေပြီ။ ဒိဋ္ဌိနယ်ပယ်အတွက်- ငါ၊ ကာမနယ် ပယ်အတွက်-သူ၊ ငါးစာလည်း နှစ်မျိုးတည်း။

ငါ-သူ နှစ်ခုဖြင့် ကောင်းပြုကျင့်နေသော ထိုသင် အလှူရှင် သည် ပစ္စည်းနှင့်အလှူခံ နှစ်တန်သောဝတ္ထုကို မြင်အာရုံဖြင့် ပုံဖော် ကြည့်မိလေတိုင်းလည်း မြင်သိမှု ဝိညာဉ်သည်လည်း တဏှာကာမ၊ ဝတ္ထုကာမသို့သာ ဆန်တက်နေချေပြီ။

သည့်အတူ ကြားအာရုံတို့ဖြင့် ပုံဖော်ကြည့်မိတိုင်းလည်းကောင်း နမ်းအာရုံများဖြင့် ပုံဖော်ကြည့်မိလေတိုင်းလည်းကောင်း၊ စားအာရုံ၊ တွေ့အာရုံ၊ တွေးအာရုံများဖြင့် ပုံဖော်ကြည့်မိလေတိုင်းလည်းကောင်း၊ သိ-သိပေးလျက် ရှိကြလေသော အသိခေါ် ဝိညာဉ်မှန်သမျှတို့သည်

လည်း သညာသိ-အဝိဇ္ဇာသိ-ပညတ်သိမျှသာ သို့မဟုတ် ရဟာန်း မြင် ရဟာန်းသိ၊ လူမြင်လူသိနှင့်တစ်ကွ ကြက်မြင်ကြက်သိ၊ ဝက် မြင်ဝက်သိဖြင့် (အစွဲသိ အဝိဇ္ဇာဖုံးကာထားသဖြင့်) အထဲရှိအထိ အသိမရောက်နိုင်။

ထို သင်အလျှရှင်သည် နှလုံးသွေးစ-ရာဂဒေါသတို့ အနယ် ထနေတော့ချေရာ...

* ငါ့ကိုယ်၊ ငါ့အကြောင်းကိုလည်း ကောင်းကောင်းမသိ၊ သူ့ ကိုယ် သူ့အကြောင်းလည်း ကောင်းကောင်းမသိ၊
* လက်ရှိအကြောင်းကိုလည်း ကောင်းကောင်းမသိ၊ နောင် ကြောင်းကိုလည်း ကောင်းကောင်းမသိ၍ အသိရှိနေသည်မှာ အတွေ့၏ အငွေ့အသက်မျှလောက်ကိုချည်းသာ။

ထိုအတွေ့၏အငွေ့သိများကပင် လက်ရှိဘဝ၏ ရုပ်နာမ်ကို လည်း တစ်ဖန် စီမံကြဦးမည်ဖြစ်ရာ-

* ကြက်သိ-သိလျက်ရှိသော ဝိညာဉ်ကြောင့် ကြက်စိတ်နှင့် ကြက်သွေးများလည်း ထကြွနေချေတော့မည်။
* ဝက်သိ-သိလျက်ရှိသော ဝိညာဉ်ကြောင့် ဝက်စိတ်နှင့်ဝက် သွေးများလည်း လွှမ်းမိုးနေချေတော့မည်။ ကြက်သား၊ ဝက် သား စသည်များဖြင့် ကုသိုလ်ပွားနေသော ထိုသင်ဆိုသော အလှူ့ရှင်ကြီးကား ပြင်ပတွင် လူရုပ်ဖုံးထားသော အတွင်း ထားကြက်ကြီး၊ ဝက်ကြီးအဖြစ်သို့ မသေခင် သည်ဘဝကပင် ခြေစစ်ပွဲအောင်ပြီးထားနှင့်နေပြီ။
* အပြင်ကကြည့်လျှင်လူ အတွင်း၌မူ ကြက်ရုပ်နာမ်များတည်း။
* အပြင်ကသာ လူလိုလုပ် အတွင်းသရုပ်က ကြက်ရုပ်ဆန်နေ

သော နာမ်များတည်း။

* ကြက်သိကြောင့် ကြက်ဇောစောလျက်ရှိသော သင်အလှူရှင်၏ နှလုံးသွေးသည် ကြက်စိတ်ကပ်သာစေသော ရုပ်နိဒ်အိမ်ပင်ဖြစ် ရာ ထိုနှလုံးသားမှဖြစ်သော တိမ်းညွတ်မှု စိတ်တန်ခိုးသတ္တိ သည်လည်း ကြက်နာမ်များပင် မဟုတ်လော။

သည့်အတူ အလှူခံပုဂ္ဂိုလ်ခေါ်ဆိုရသော အလှူပွဲလာပရိသတ် များဘက်သို့ အာရုံယူတိုင်းယူတိုင်းလည်း အလှူ့ဒကာသည် ပရိသတ် ကို -

* မိန်းမဟူသော အစွဲထား အသိမှတ်ပြုဖြင့် အာရုံခံစားမိချေ သော် စိတ်သည်လည်း မိန်းမစိတ် နှလုံးသွေးမှီရုပ်များက လည်း မိန်းမသွေးထကြွနေချေပြီ။

* အလှူ့အမကလည်း တစ်ဖက်ပရိသတ်အပေါ် ယောကျ်ား ဟူသော သညာအမှတ်ဖြင့် အာရုံခံမိက စိတ်သည်လည်း ယောကျ်ားစိတ် နှလုံးသွေးမှီရုပ်များလည်း ယောကျ်ားသွေး ချည်းသာ။

အထက်ပါဖြစ်စဉ်များကို သက်သေထား၍ ဤကားကလေး ဤကားခွေးဟူသော အမှတ်ဖြင့် ပွဲလာပရိသတ်များအပေါ် ကွက် ကြားရွေးကောက် သိစိတ်ပေါက်ထားပါကလည်း ထိုအတောအတွင်း ရှိ အလှူ့ရှင်သင်၏အတွင်းကိန်း ရုပ်နာမ်နှစ်ပါးတို့သည်လည်း ထို ဝိညာဉ်အတိုင်းပင်လျှင် ကလေးအဖြစ်၊ ခွေးအဖြစ် ရောက်နေကြမည် ကို ရိပ်မိခဲ့ပါလေ။

* ရုပ်ရှင်ရိုက်မှန်ဘီလူး၏ရှေ့ ခွေးဖြတ်သွားချိန် ဖလင်၌လည်း ခွေးပုံထင်နေရော့မည်သာ။

## နတ်တလူစာစဉ်

* ရုပ်ရှင်တိတ်သားရှေ့ ခွေးဟောင်နေချိန် အသံထွက်ခဲ့လည်း ခွေးသံထွက်တော့မည်သာ။

စိတ်သွားရာဝီထိ၏ဇော နှောင် တဒါရုံ၏ကမ္မသတ္တိများပင် တည်း။

တစ်ဖန် ထိုအတွေ့အာယတနမှတစ်ဆင့် သိခွင့်ရလာပြီး ကြက်သိ၊ ဝက်သိ၊ ကလေးသိ၊ ခွေးသိ စသည်ဖြင့်သာ ခံစားခွင့်ပေးထား ခံရသော ထိုသင်၏ဝေဒနာခေါ် ခံစားသိသည်လည်း ချိုသော၊ အီ ဆိမ့်သောအရသာကို ခံစားလျက်က ထိုအတွေ့သိက သညာပေးထား သောအတိုင်း ကြက်၊ ဝက်အဖြစ်သို့ ပြောင်းလဲကာ ခံစားနေပေတော့ မည်။ သို့မဟုတ်

ထိုအလှူ့ရှင်သည် ၄င်း၏အလှူတင် ခန်းဝင်ပစ္စည်းများဖြစ်သော အရသာများမှ ကြက်၊ ဝက် ကမ္ဗည်းတင် အမှတ်အသားမျှကိုသာ အာရုံထင်စေ၊ စိတ်ဝင်စေခဲ့ပြီ။ ယင်း ကြက်၊ ဝက်အမည်ခံဟင်းမှ အဆင်း၊ အနံ့၊ အရသာ သဘောတို့အထိ အာရုံမကျသက်စေခဲ့ပြီ။ ကန့်သတ်ဝင်းထဲမှာပင် ခံစားခွင့်ရနေခြင်းတည်း။

ထိုသင့်အလှူ့ရှင်၏ပစ္စက္ခ(လျှူဆဲကာလ) ရှိ ရုပ်နာမ်စု၏ စိတ် အစဉ် အမြင်၊ အသိအားလုံးတို့သည် အမှားကိုအမှန် ထင်စေသော မသိခြင်း မောဟ(အဝိဇ္ဇာ)ကို အခြေတည်၍ ပြုကျင့်ခွင့်ရ ပုညာဘိ သင်္ခါရ ဖြစ်နေခြင်းကြောင့်-

* အသိခေါ် ဝိညာဏ်ကလည်း ကြက်သိ၊ ဝက်သိ။

* ဝိညာဏ်မှီ၍ဖြစ်သော ကိုယ်စိတ်နှစ်ပါးတို့ကလည်း ကြက်သွေး၊ ဝက်သွေးထနှင့် သွတ်ထားမှု။

* နာမ်ရုပ်၏လက်ခွဲများဖြစ်သော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊

စိတ်ခေါ်ဆိုင်ရာ အာရုံများကို လက်ခံပေါင်းသင်းရာများက လည်း အဆင်းမျှကိုလျှင် မျက်စိစောင့်အသိက ကြက်၊ ဝက် ဟူ၍လည်းကောင်း၊ အသံမျှကို နားစောင့်အသိများက ကြက် သံ၊ ဝက်သံပါဟူ၍လည်းကောင်း၊ စသည် စသည် သူတို့ ဆိုင်ရာတံခါးပေါက်သို့ ဝင်လာသမျှသော အသွင်ပုံရိပ်လျှင် အစိတ်စိတ်များအပေါ် အတွင်းထားအတိတ်အစွဲတေး မနော ဝိညာဉ်၏နောက်ခံအကူဖြင့် ကြက်၊ ဝက် ဟူ၍ပင် စိတ်သို့ အကြောင်းကြားမှု။

အစောင့်ထား ထိုအသိများ၏ အကြောင်းကြားလာမှုကို လက်ခံ ကာ ထိတွေ့ပေးနေရသော အစွဲသိ၏ လက်အောက်ခံ ဖဿ ခေါ် တွေ့ဖြစ်-ထိဖြစ်မှုကို ဆောင်ရွက်ပေးနေခြင်းကလည်း ထိုကြက်၊ ဝက် ဟူသော အသိပေးတိုင်းလျှင် တွေ့ထိပေးနေချေသော်…

တစ်ဖန် ထိုဖဿ၏ တွေ့ထိပေးအတိုင်း ခံစားခွင့်ရ ဝေဒနာ ကလည်း ကြက်၊ ဝက်ဟူသော ထိုအစွဲသိပေါ်မှာတွင် အထိုင်ချ လျက်က ခံစားပေးနေချေသော်-

* တဏှာကလည်း ကြက်၊ ဝက်ကိုလျှင် အပိုင်သိမ်း၍ ညွတ် ကိန်း ကိန်းစေ့မည်။
* ဥပါဒါန်ကလည်း ကြက်၊ ဝက်ကိုလျှင် အမှတ်သား၍ စွဲအား တို့ထားတော့မည်။

ထိုသင်အလှူ့ရှင်ကား အလှူပွဲခေါ်ကောင်းမအတွက် ကံပြုရာ ဤဘဝမှာပင် ထိုကြက်၊ ဝက်တို့ဖြင့် အတွင်း၌ ဝိညာဉ်နာမ်ရုပ် အပြင်၌မျက်စိစသည် အတွင်းရောအပြင်ပါ အားလုံးတို့၌ ဖဿ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်များ ကြက်၊ ဝက်ဘဝဆီသို့ အပြီးအစီး

ပြင်ဆင်ပြီးဖြစ်ရာ သေသောကာလ ထိုဒါနခန်းချက်ကို အာရုံယူ၍ သေရသော် အစွဲပို့ရာ ဘဝပါထုံးအတိုင်း -

အလှူ၏အကျိုးဆက် သင်အလှူဒကာ လူထွက် ကြက်မှတစ်ပါး အခြားမရောက်စေပြီ။

အလှူ၏အကျိုးဆက် သင်အလှူ့အမ လူထွက် ဝက်မှတစ်ပါး အခြားလမ်းဝင်ခွင့် မရှိစေပြီ။

(က) ရယူခြင်းအရာ ကြက်သတ်မှုမှဖြစ်သော ကြက်စွဲကြောင့် ကြက်ထဲရောက်ရသော်မရှုံး၊ အရင်းအတိုင်းထုတ်သုံးခြင်းမျှသာ၊ မကောင်းမှုအရင်းခံ မကောင်းကျိုးပြန်လာခြင်းမျှသာ ဖြစ်ခြင်းကြောင့်

(ခ) စွန့်လွှတ်ခြင်းအရာ ဤကောင်းမှုမှဖြစ်သော ကြက်စွဲဖြင့် ကြက်ထဲရောက်ရပါမူကား ခွက်ခွက်လောအရှုံးပေါ်စေ့ပြီ။

ထိုသို့ ဖြစ်ပွားရသည်မှာ အသိမမှန်ခြင်း၊ အသိမမှန်ခြင်းကြောင့် အာရုံမှန်မထားတတ်ခြင်း၊ အာရုံမှားခြင်းကြောင့် အတွေ့မှား၊ အသိမှား၊ အစွဲမှားများသို့ ဆက်စေတော့ကာ သင့်အား အာရုံငှင်ဓော တို့၏ နောက်ပြန်ထိုး၊ တွန်းထိုးအပို့ခံရခြင်းဟူ၍ပင် သတိပြုပါလေ။

ဤကား သင့်ဒါန(သီလ)ကို ပဋိစ္စသမုပ္ပါဒ်စက်သို့ထည့်သွင်း၍ လှည့်ကြည့်ပေးနည်းတည်း။

# သင်ပြုစုသောဒါန အဘိဓမ္မာသဘာဝဖြင့် ဖယောင်းချကြည့်သောအခါ

ပဋ္ဌာန်းသည်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်သည်လည်းကောင်း အဘိဓမ္မာများပင် ဖြစ်၏။ သို့တစေလည်း -

ထိုနည်းတို့ကိုဖွင့်ဆိုရာ၌-

သူ့နည်းနှင့်သူ့ဟန်များအတိုင်းသာ အသံထွက်လာချေရာ အဘိဓမ္မာသဘာဝကား ကျနစွာပုံမပေါ်လှာ။ သို့ကြောင့် ဤ၌အဘိဓမ္မာ သဘာဝသက်သက်ဖြင့် တစ်နည်းဖွင့်ဆိုရန် လိုအပ်လာသည်။ အဘိဓမ္မာ ဆိုသော်လည်း...

အဘိဓမ္မာ၏ စိတ်၊ စေ၊ နိဗ်၊ ရုပ် ပညတ်ထုတ် သမုတ်ဘိဓမ္မာဟူသည့် ထိုနက်နဲတွင်း အခြင်းအရာငါးမျိုးတို့အထဲမှ-

၁။ စိတ်

၂။ စေတသိက် ခေါ် စိတ်မှီတရား

၃။ ထိုစိတ်၊ စေတသိက်တို့ ခိုကိုးရာရုပ်

ထိုသုံးမျိုးတို့ဖြင့်သာ ဒါနကိုစိစစ်ခဲ့မည်။ ထိုစိတ်၊ ထိုစေတသိက်တို့နှင့်အတူ ၄င်းတို့သွားရာလမ်းစဉ်ဖြစ်သော ဝီထိခေါ်စိတ်ခရီးစဉ်ကိုပါ ပူးတွဲဖွင့်ဆိုမည်။ သို့မှသာ စာရှုသူ သင်သူ၊တော်ကောင်းအဖို့ ဒါ့ကြောင့်ဒီလိုကိုး မှတ်ချက်ချနိုင်မည်ဖြစ်သော ကြောင့်... ။

ဒါနံ ဒတွာ သီလ သမာဒိ ယိတွာ

တံ အဿာဒေတိ၊ အဘိနန္ဒတိ၊

တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊

**အကုသလေ နိရုဒ္ဓေ**

**ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ ။**

အလှူပေးလျက်က သီလဆောက်တည်၊ သီလဆောက်တည်လျက်က အလှူပေးခြင်းကို အကြောင်းခံထားကာ

ထိုအလှူနှင့် သီလတို့အပေါ် သာယာနှစ်သက် ငါ-ဝဋ္ဋ-ပုဂ္ဂိုလ်တို့ဖြင့် စွဲမက်နေ၏။

ထိုသာယာနှစ်သက်ရာမှပင်…

တပ်မက်ခြင်းရာဂ၊ ငါပိုင်အဖြစ် သိမ်းပိုက်လက်ခံထားခြင်း ဒိဋ္ဌိ၊ ချီတုံ-ချတုံဖြစ်လာခြင်း ဝိစိကိစ္ဆာ၊ စိတ်ပျံ့ခြင်း ဥဒ္ဓစ္စ၊ နှလုံးမရှင်းခြင်း ဒေါမနဿတို့ ဖြစ်ပွားလာစေတော့ရာ ထိုအကုသိုလ်စိတ်ဇောများ ချုပ်ပြီးသွားသည်နှင့်တစ်ပြိုင်နက် အကျိုးပေးများကလည်း ထိုအကုသိုလ်စေတနာနှင့်မခြား တစ်သားတည်းပင်သာ။

ဤကား ပဋ္ဌာန်းဒေသနာတော် ဟေတုသတ္တိ (အာရမ္မဏသတ္တိ)မှ ဆိုလိုက်ချက်။

ထိုအဓိပ္ပာယ်ခင်းကို နှလုံးသွင်းကြည့်လိုက်သော်…

သင့်၏ဒါနမှု(သီလမှု) ပြုကျင့်ဆောက်တည်ရာတွင် ထိုသင်သည် အားရစရာမြင်ကွင်း(ပီယသာတအဖြစ်) နှလုံးသွင်းမိသောကြောင့် သာယာစရာ နှစ်သက်စရာအသွင် အမြင်ပေါက်လာပါသည်ကို သင်တွေ့ရမည်။

* ဝဋ္ဋ-ပုဂ္ဂိုလ်နှင့် ငါအပေါ် အမှတ်ထားမိရာမှ အာရုံများဝင်လာစေခြင်းတည်း။

တစ်ဖန်…

ထိုနှစ်သက် သာယာ ကာမယိုဖိတ် အလိုကြီးစိတ်ကြောင့်

(က) ရာဂ-ဒိဋ္ဌိဟူသော ငါစွဲယှဉ်လောဘစိတ်များ ဇောကျလာချေပြီ။

(ခ) ဝိစိကိစ္ဆာ-ဥဒ္ဓစ္စဟူသော ငါစွဲမှီမောဟစိတ်များ ဇောအဖြစ်ကျသက်လာချေပြီ။

(ဂ) ဒေါမနဿဟူသော ငါအကြောင်းခံ ဒေါသစိတ်များ ဇောအဖြစ် ကျသက်လာချေပြီ။ သို့မဟုတ် စေတနာမျိုးထားနေရာတွင်

လောဘ-ဒေါသ-မောဟ ယုတ်ညံ့သော အကုသိုလ်ဇောများအစားထိုးဝင်ရောက်လာခြင်း။

သို့ကြောင့် သင်၏ထိုအလှူပွဲ အကဲဖြတ်ရသော်...

* ရှုမှတ်ဆင်ခြင် ဖြစ်ပျက်မြင် (မမြင်) မဟာကုသိုလ်တော်စာရင်းထဲ အသွင်းခံခွင့်မရ၊ အကုသိုလ်စာရင်းထဲသို့သာ မလွဲသာ မရှောင်သာ သွင်းပေးရပေတော့မည်။

သင်သည် ထိုအလှူကို (သူတစ်ပါး တိုက်တွန်း၍ဖြစ်စေ၊ မတိုက်တွန်းဘဲဖြစ်စေ) ပြုလုပ်ရာဝယ် -

၁။ လောဘနှင့်တကွသော ငါစွဲ(ဒိဋ္ဌိ)ယှဉ် အကုသိုလ်ပွဲ ဖြစ်ပွားသွားတော့ခြင်း။

၂။ ပြစ်မှားခြင်းနှင့်တကွသော ပဋိဃ(ဒေါမန)ယှဉ် အကုသိုလ်ပွဲ ဖြစ်ပွားသွားတော့ခြင်း။

၃။ တွေဝေခြင်းနှင့်တကွသော ပျံ့ကျဲ-ဒွိဟယှဉ် အကုသိုလ်ပွဲ ဖြစ်ပွားသွားတော့ခြင်း။

ထိုသုံးခင်းတို့နှင့် မကင်းသည်သာမဂ္ဂ ပက်ပင်းပင် တိုးမိသွားချေပြီ။ သင့်၏ ထိုစိတ်ထားများသည် သင့်စိတ်ကိုမှီ၍ သင့်စိတ်

ကိုလျှင်ခိုင်းစေနေကြသော စေတသိက်ခေါ် စိတ်ယှဉ် (၅၂)ပါးတို့ အထဲမှာ

၁။ သိစိတ်ကိုကြိုက်စိတ်ဖြစ်စေရန် ညွှတ်ပေးနေသော လောဘ စေတသိက်။

၂။ သိစိတ်ကို ငါအဖြစ် ပြောင်းလဲသွားရန် ညွှတ်ပေးနေသော ဒိဋ္ဌိစေတသိက်။

၃။ သိစိတ်ကို ငါစွဲနှင့်အတူ ချီတုံ ချတုံဖြစ်သွားရန် ညွှတ်ပေး နေသော ဝိစိကိစ္ဆာစေတသိက်။

၄။ သိစိတ်ကို အပသို့ခေါ်ထုတ်သွားရန် လှော်လွှတ်ညွှတ်ပေးနေ သော ဥဒ္ဓစ္စစေတသိက်။

၅။ သိစိတ်ကို ငါစွဲနှင့်အတူ သူ့အပေါ် ပြစ်မှားရန် ညွှတ်ပေးနေ သော ဒေါမနဿစေတသိက်။

ထိုငါးမျိုးတို့နှင့်အတူ ကျန်အကုသိုလ်သို့ ညွှတ်ပေးတတ်သော အကုသိုလ်စေတသိက်များကလည်း အသိခေါ် သင့်စိတ်သို့ ကပ်ခွင့်ရ အနည်းအများလိုက်၍ ပါဝင်လာကြဦးမည်။ သည့်အတူ သိ-ဆိုသော သင့်စိတ်ကလေး တစ်ချက်လွန့်လွန့်လိုက်သည်နှင့် တစ်ပြိုင်နက် ဦးဆုံးပြေးဝင်လာလေ့ရှိသော…

(က) သဗ္ဗစိတ္တသာဓာရဏခေါ် သိတိုင်းယှဉ် ဖဿ-ဝေဒနာ-သညာ စေတနာ-ဧကဂ္ဂတာ-ဇီဝိတိန္ဒြေ-မနသိကာရ အမည်ရအာရုံနှင့် သူ့ဆိုင်ရာတို့ကို တွေ့ဆိုင်ပေးခြင်း-ဖဿ/ခံစားပေခြင်း-ဝေဒ နာ/မှတ်သားပေးခြင်း-သညာ/တိုက်တွန်းပေးခြင်း-စေတနာ/ အထိုင်ချပေးခြင်း-ဧကဂ္ဂတာ/ရုပ်ရောနာမ်ပါ ရှေ့နောက်ဝင်စဉ် ကျရန် ထိန်းပေးထားခြင်း-ဇီဝိတိန္ဒြေ/နှလုံးသွင်းပေးထားခြင်း-

မနသိကာရ များလည်း ပါဝင်ပတ်သက်လာကြမည်။

(ခ) တစ်ဖန် ပါသင့်သောအခါပါ၍ မပါသင့်က ကျန်နေခဲ့လေ့ရှိသော ပကိဏ်းခေါ် ဝိတက်-ဝိစာရ-အဓိမောက္ခ-ဝီရိယ-ပီတိ-ဆန္ဒအမည်ရအာရုံကို တွန်းပို့ပေးခြင်း၊ ဝိတက်ရောက်လာသော် ကပ်၍သုံးသပ်ပေးခြင်း၊ ဝိစာရ-ကောင်းမကောင်း ဆုံးဖြတ်ချက်ချပေးလိုက်ခြင်း၊ အဓိမောက္ခ - နှစ်သက်စရာဆိုက နှစ်သက်စေခြင်း၊ ပီတိ - လိုလားဖို့လိုက လိုလားပေးခြင်း ဆန္ဒများကလည်း ဝင်ကူကြလေဦးမည်။ သင်၏စိတ်သည် သိ-သိနေရုံမှလွဲ၍ သူ့သတ္တိအခြား ဘာမျှမရှိ၊ သင့်လက်တွင်ရှိ ထမင်းပမာတည်း။ ၎င်းကို ဆိုင်ရာစိတ်ကိုတွဲ၍ ပွဲထုတ်ပေးကြသော စေတသိက်များက ထမင်းခင်း၊ ဟင်းသွင်းပမာ အမျိုးမျိုးအဖြာဖြာ ဘာညာစကား နားသွင်းပေးလာကြမှ သာ-

* ထိုသင် လောဘစကားနားဝင်မှားက ကြိုက်နှင့်စိတ်ကို ပေါင်း၍ ကြိုက်စိတ်။

* ထိုသင် ဒေါသစကား နားဝင်သွားက မုန်းနှင့်စိတ်ကိုပေါင်း၍ မုန်းစိတ်။

ဤသို့လျှင် စေတသိက်တို့၏အခြယ်အလှယ်ကိုခံရကာ သိစိတ်သက်သက်မှ ဖွဲ့စိတ်သို့ရောက်ရချေသည်။ ထမင်း၏အရံ ဟင်းပန်းကန်တွင်းရှိ ဟင်းတို့ကြောင့် ထမင်းမြိန်သည် သင်ပြောပုံမျိုးတည်း။

ထိုစိတ်၊ စေတသိက်တို့အခြေချရာ သင့်ရုပ်ကိုယ်ခန္ဓာတွင်ကား အထည်ကိုယ်ရုပ်၊ မွမ်းမံရုပ်အားလုံးပင်ပါဝင်မည်။ သင်သည် အလှူဒါယကာဖြစ်နေပါက မိန်းမအင်္ဂါချန်လှပ်၍ (၂၇)၊ သင်သည် အလှူ့အမဖြစ်နေပါကလည်း ယောကျ်ားအင်္ဂါ(ပုမ္ဘာဝ) ချန်လှပ်၍ (၂၇)

ပင်။ အထူးမှာ ထိုအချိန်တွင် သင့်၌…

၁။ ခေါင်းညိတ်ခေါင်းခါ အင်္ဂါခြေလက်တို့ဖြင့် တစ်ဖက်သို့ ကိုယ့်သဘော အသိပေးသော ကာယဝိညတ်ရုပ်။

၂။ ဝစီနှုတ်မြွက် စကားလုံးအမိပ္ပာယ်ထွက်တို့ဖြင့် အသိပေး (လှုပ်ရှားပေး) သော ဝစီဝိညတ်ရုပ်။

၃။ စိတ်ချမ်းသာကြောင့် ပြသပေးနေသည့် ခါတိုင်းထက်ကိုယ်ကို ပို၍ပေါ့ပါးစေသော လဟုတာရုပ်။

၄။ စိတ်ချမ်းသာကြောင့် ပြသပေးနေသည့် ခါတိုင်းထက်ကိုယ်ကို ပို၍ နူးညံ့စေသော မုဒုတာရုပ်။

၅။ စိတ်ချမ်းသာကြောင့် ပြသပေးနေသည့် ခါတိုင်းထက် ကိုယ်ကို ပို၍ခိုင်ခံ့စေသော ကမ္မညတာရုပ်။

ထိုရုပ်ငါးမျိုးတို့သည် ဝိကာရခေါ် အထူးပြအမူအရာအဖြစ်ကဲပို၍ လှုပ်ရှားလာကြခြင်းပင်။

အလှူပြုစဉ်၌တည်ထားသော သင်အလှူရှင်၏ ထိုကိုယ်ခန္ဓာသည်

* ကံနှင့်စိတ်ကိုအကြောင်းခံထားကာ လှုပ်ရှားနေခြင်း - သပစ္စယ။

* လိုချင်ခြင်း၊ မသိခြင်း၊ ငါစွဲငြိခြင်းများဖြင့် ယိုစီးနေခြင်း- သာသဝ။

* ကံစိတ်အရင်းခံအကြောင်းတရားများဖြင့် လှုပ်ရှားတက်ကြွနေခြင်း-သင်္ခတ။

* ကာမတဏှာ၏ အာရုံယူကျက်စားရာ စားကျက်ဖြစ်နေခြင်း - ကာမာဝစရ တို့နှင့် မကင်းရကား

(က) ဝတ္ထုခေါ် အလှူပစ္စည်း ကြက်၊ ဝက် စသည် အစွဲသိဖြစ်နေ ချိန်တွင် ကြက်၊ ဝက် စသည် အာရုံပုံလှိုင်းများကသာ သင့် နှလုံးသွေးမှတစ်ဆင့် သင့်တစ်ကိုယ်လုံးသို့ လိုမ့်ဝင်စီးဆင်း နေကြတော့မည်။ ထိုအကြောင်းခံ သခ်တ-သာသဝ- သပစ္စယ- ကာမာဝစရတို့ကပင် ကြက်၊ ဝက်တို့အကြောင်းခံ ကာ ကံစိတ်တို့ဖြင့်ပြုပြင်ကျက်စား အာရုံဝင်အထင်များစိတ် ကစားနေခြင်းကြောင့်-

(ခ) သင့်၌ ပုဂ္ဂိုလ်ခေါ် အလှူခံပရိတ်သတ်တို့အပေါ် အစွဲသိ (ယောကျ်ား-မိန်းမ စသည်) တက်ရောက်နေချိန်ဖြစ်ကလည်း အထက်ကအတိုင်းလျှင် သခ်တ - သာသဝ- သပစ္စယ - ကာမာဝစရ စသည်များ သင့်မနော်ရှိ သဘောခေါ် အငွေ့ ရှိန်မှတစ်ဆင့် သင့်နှလုံးအိမ် နှလုံးသွေးတွင်း စူးဝင်သွား တော့ကာ ဝီထိခေါ် သင့်စိတ်သွားရာ ခရီးစဉ်နှင့် ယှဉ်ပြရပါ မူ-

၁။ တစ်ဖက်အာရုံပုံရိပ်များကို သူဆိုင်ရာတံခါးထိပ်မှ ဖမ်းယူ၍ မနော်သို့ သတင်းပို့လိုက်သည်နှင့် ပြင်ပ၏မြင်သိ စသည် (အာရုံမယူနိုင်သိ) တို့၏လှုပ်နိုးမှုကြောင့် သင့်အတွင်းစိတ် နိုးလာပြီ။

၂။ စိတ်နိုးသည်နှင့် သူငယ်ကျွန်ဘဝင်လေကို လှုပ်နိုးစေသည်။

၃။ ဘဝင်လေနိုးထလာသည်နှင့် ဘဝင်လေကို ဖြတ်ချခဲ့ကာ ဆိုင်ရာတံခါးသို့ ဆင်ခြင်စိတ်က သွားရောက်ကာ နေရာယူ၍ အာရုံနှင့်တွေ့ဆုံသည်။

၄။ ထိုဆင်ခြင်စိတ်အာရုံနှင့် တွေ့နေချိန်တွင်ကား ကောင်းမကောင်း

(ကြိုက်-မကြိုက်၊ သင့်-မသင့်) စသည် ခွဲခြမ်းကာ ပိုင်သူ ယူရန် ငုံ့လင့်စိတ်နှစ်မျိုး ဆိုင်ရာတံခါးပေါက်တို့၏ နောက်ကွယ်မှ စောင့်နေသည်။

၅။ ထိုဆင်ခြင်စိတ်က ကောင်းသည် မကောင်း တစ်ခုခုဖြင့် အချက်ပြလိုက်ရသည်နှင့် ကောင်းကြောင်း၊ ဆိုးကြောင်း စသည် ဆုံးဖြတ်ချလိုက်သောစိတ် သင့်၌ဖြစ်ပေါ်လာသည်။

၆။ ထိုဆုံးဖြတ်ချက်ရပြီးသည်နှင့် တစ်ပြိုင်နက် အာရုံကိုဖြစ်စေ၊ အာရုံပိုင်ရှင်ကိုဖြစ်စေ ရယူသိမ်းပိုက်ရန် ဟန်ပြင်စိတ် သင့်၌ ရုတ်တရက်ထလာပြီ။

၇။ ထို့နောက် အာရုံသို့ (စိတ်မှုဖြစ်နေချိန်ဖြစ်သေး၍) သွားရောက်ကာ မြိန်မြိန်ယှက်ယှက်ဖြင့် ထိုအာရုံ၏အရသာကို ခံစားစိတ် သင့်၌ခုနစ်ကြိမ်တိတိ ပယ်ပယ်နယ်နယ် ဆက်တိုက်ဖြစ်ပေါ်လာချေပြီ။

၈။ တစ်ဖန် ထိုသို့ အားပါးတရခံစားပြီးသည်နှင့် နောင်များ ထိုအာရုံ(ထိုအာရုံရှင်)ကိုတွေ့လျှင် ချက်ချင်းမှတ်မိစေရန် စူးစိုက်သော အာရုံခံစိတ် နှစ်ကြိမ်တိတိ ဖြစ်ပွားစေသည်။ ထို့နောက်မှ ထိုသိစိတ်ကလေးသည် ပြန်လည်ကာ (ဘဝင်ခေါ်အိပ်မောကျပမာ) အနားယူသွားခြင်းတည်း။

အထက်ပါ သင်၏စိတ်သွားရာခရီးစဉ်သည် အာရုံတစ်ချက်မိ-အသိတစ်ချက်ဝင်-ဆင်ခြင်တစ်ခါဖြစ်၏ ခရီးစဉ်မျှသာ။ ပွဲကြည့်စဉ်တုန်းက ဆင်ခြင်မပြတ် ဘဝင်လှုပ်ခတ်လည်း မပြတ်စေသော အရာမျိုးတို့၌ကား ထိုကဲ့သို့သော စိတ်ဝီထိပေါင်း အမြောက်အမြားသာ။ သို့ကြောင့် -

နတ်တလုစာစဉ်

ပုဂ္ဂိုလ်ခေါ် အလှူခံ(အလှူပွဲလာပရိသတ်)များသို့ နှစ်လိုသာယာ စိတ်ဖြင့် အားပါးတရဖိတ်ခေါ်ကာ အာရုံဝင်ဆံ့နေစဉ်ရှိ သင်အလှူ့ရှင် ၏ ကိုယ်ခန္ဓာတွင်းဆီသို့ ထိုအစွဲပုံထင် အာရုံမြင် ဘဝင်အမှားများ နှလုံးသားမှတစ်ဆင့် စိမ့်ဝင်နေတော့မည်။

* ဘာဝ - ပသာဒ - လောဟိတ - သုက္က - ဇီဝိတ - ဟာဒယ- ရုပ်ဟူ၍ အမည်ပေါက်သော မိန်းမအသွင် (ယောက်ျားအသွင်ရုပ်) အာရုံဖမ်းရာ အကြည်ဓာတ်ရုပ် သွေး၊ သုတ်သွေး၊ သည်းခြေသွေးတို့သည် တစ်ကိုယ်လုံးဖြန့်ကျက် ကာ နေရာတကာမှ ဝင်သမျှအာရုံများကို ပုံဖမ်းထားပေးကြ ကာ သိမ်းပေးတတ်သောကြောင့်။

**မှတ်ချက်** ။ ။ အမှတ်သည်းခြေကို အရင်းခံ၍ ခန္ဓာအတွင်း ရှိ အဆုတ်အသည်း စသည့် အလုပ်ခန်းအတွင်းမှနေကာ ပြင်ပနှင့် ဆက်သွယ်လျှက် လက်ခံခြင်း၊ ပြန်လည်ပေးပို့ခြင်းဆိုသော်လည်း လုပ်နေကြခြင်းများကိုပါ ညွှန်းဆိုသည်။ သို့ကြောင့်...

အလှူပွဲတစ်ခုအကြောင်းပြုလျှက်က-

ငါ-ပုဂ္ဂိုလ်-ဝတ္ထုတစ်ခုခုသို့ အာရုံငှင်နှလုံးသွင်းမှားကာ နှစ် သက်သာယာမိခဲ့ရာမှ တပ်မက်ခြင်းရာဂ စသည်ဆက်တိုက် အကု သိုလ်စိတ်များ အလိုက်ခံရသော သင်ဆိုသော အလှူရှင်အား အထက် ပါ အဘိဓမ္မာနည်းအရ ဆန်းစစ်ဝေဖန်ကြည့်ကလည်း ပါးစပ်က ''အထက်ကိုပါ'' ဟူ၍ မိုးကိုလက်ညှိုးထိုး ပြောနေသော်မှလည်း ခြေထောက်က မြေကိုကျင်းယက်၍ ဝပ်ကျင်းပြင်နေပါသည်ဆိုက မမှားတန်ရာပြီ။

သင်သည် ဒါနကား-ဒါနမျှသာ ဆိုသောအချက်ကိုကား ဤ

စာတမ်းဖတ်နေသမျှ မမေ့ခဲ့လေနှင့်။ တစ်ဖန် သင်၏အဝိဇ္ဇာသိ - ဝိဇ္ဇာသိ (မသိသောအသိနှင့် သိသောအသိ) တို့ကြောင့် အကြည့်မှားခြင်း၊ မှန်ခြင်းများနှင့်အတူ အလှည့်မှားခြင်း(အလှည့်မှန်ခြင်း)များကွဲသွားခြင်း၊ အမိခံလိုက်ရခြင်း၊ အလွတ်ရုန်းနိုင်ခြင်းများ ဖြစ်စေသည်ကိုလည်း သင်မမေ့ခဲ့လေနှင့်ဦး။ ငါတို့သည်ကား အကြောင်းခံထားသည်ကကုသိုလ် အကျိုးပေးလှာတော့ အကုသိုလ်သို့ဟူသော ဤအပိုင်း၌ ဤမျှခွဲခြမ်းစိတ်ဖြာပြနေခြင်းသည် သင်ပြုနေကျဒါနများကို အပုပ်ချနေသည်မဟုတ်၊ ပစ်ပယ်နေသည်လည်း မဟုတ်။ သင့်၏သူတစ်ပါးအား ပေးကမ်းရက်ရောခြင်းကပင် လှူ၌ရှိအပ်သည့်အရာဖြစ်၍ မပြုသူနှင့်စာလျှင်တော်၏ ဆိုပါ၏။ ဤ၌ သိစေလိုသည်မှာ ဒါနခန်းချရာ သင့်အတွက် တာထွက်ကောင်းရန်ကိုလည်း ရည်ညွှန်း၏။ တစ်ဖန် ဤ၌အသေးစိတ်ပြကို သင်လေ့လာခဲ့ရုံမျှဖြင့် နောက်လာမည့် -

(က) အကြောင်းခံထားသည်ကလည်း ကုသိုလ်၊ အကျိုးကျလည်း ကုသိုလ်အပိုင်း။

(ခ) အကြောင်းခံထားသည်ကသာကုသိုလ်၊ အကျိုးကျအဗျာကတခေါ် ကြိယာပိုင်း။

ထိုအပိုင်းများကျလျှင်လည်း ငါတို့ကအကြမ်းဖျင်းပြရုံမျှနှင့် သင်ကအနုစိတ်သိရန်ကိုလည်း ဤမှနေရည်ညွှန်း၏။

ဤအပိုင်း (ကုသိုလ်မှအကုသိုလ်သို့အပိုင်း)၌ အထူးသိစေလိုသေးသည်မှာ... သင့်ရှိစွန့်လွှတ်ကြောင်းစေတနာက သူ့ရှိခံယူတတ်သော သီလကို ကြားသက်သေခံ ခံယူစရာပစ္စည်းများဖြင့် လှူပါသည်၊ ကမ်းပါသည်ကို ငါက ဘယ်သူ့ကို ဘာပစ္စည်းဖြင့် ပေးလှူ

လိုက်သည်ဟူ၍ သင်အစွဲမိသွားရာမှ -

(က) လှူဆဲ၌ ထိုအစွဲအတိုင်း အကုသိုလ်ဂြိုဟ်ဝင် ဘဝင်လေအမွေ ခံလိုက်ရခြင်း

( ခ ) သံသရာ၌လည်း ထိုအစွဲတိုင်းလျှင် သင်သွားရောက်ခံ စံနေရ ခြင်းကိစ္စနှစ်မျိုးပင်တည်း။

ပမာအားဖြင့် သင်ဓာတ်ပုံရိုက်ကူးရာ၌ သင်ကကြက်၊ ဝက် စသည်တို့ကို ပုံတူရိုက်ကူးထားမိလျှင် ထိုမှတစ်ဆင့် တစ်ဖက်ပုံခံ စက္ကူပေါ်သို့ အရိပ်ထင်အဖြစ် ကူးယူပုံဖော်ရာ၌လည်း ထိုကြက်၊ ဝက်တို့နှင့် ချွတ်စွတ်တူထွက်လာပုံမျိုးကဲ့သို့ ထိုအစွဲတို့အတိုင်း အကျိုးပေးရာ၌ ဘဝရုပ်ပုံသစ်ဖြစ်ပေါ်လာစေပြီး သင့်စိတ်ထားများလည်း ထိုလှူစဉ်ရှိစိတ်ထားအတိုင်းသာ ဖြစ်ပေါ်လာစေမည်မုချတည်း။

ဤကား အကုသိုလ်ဝင်ဒါနကို အဘိဓမ္မာသဘာဝဖြင့် ဖေယား ချရာ အပိုင်း။

# ၂။ ကုသိုလ်မှ ကုသိုလ်သို့

သရက်တစ်စေ့မှအပင်
ဥယျာဉ်တော်အထိတွင်ကျယ်စေသည်

* ဒါနံဒတွာ သီလသမာဒိယိတွာ
* တံပစ္စဝေက္ခတိ၊ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ၊
* ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော
  ဝိပဿတိ၊
* ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏကာတာ
  ဥပ္ပဇ္ဇတိ။

နတ်တလူစာစဉ်

ဒါနံ - အလှူကို၊ ဒတွာ - ပေးလှူပြီးသော်၊ တံ - ထိုအလှူကို၊ ပစ္စဝေက္ခတိ - ဆင်ခြင်လျက်က၊ သီလံ - သီလကို၊ သမာဒယိတွာ ဆောက်တည်ပြီးသော်၊ တံ -ထိုသီလကို၊ ပစ္စဝေက္ခတိ - ဆင်ခြင်မှု မကင်းဘဲလျက်၊ ပုဗ္ဗေ - ရှေးယခင်တုန်းက၊ သုစိဏ္ဏာနိ - ကောင်း စွာလေ့ကျက်ပြီး ဒါနပွဲ-သီလပွဲများကိုလည်း၊ ပစ္စဝေက္ခတိ - ဆင်ခြင် ၏။ ကိံ - အဘယ်သို့ ဆင်ခြင်နေသနည်း။ တံ ကုသလံ - ကံ အရာပြု ထိုဒါနမှု၊ သီလမှု ကုသိုလ်ဟူသမျှကို

* အနိဋ္ဌတော သင်္ခါရဘေးဆိုးအတိုးခံနေရခြင်းကြောင့် ရှေ့ရှေ့ ပြိုကွဲမမြဲသောအားဖြင့်··· ။
* ဒုက္ခတော သင်္ခါရစက် အနှက်ခံနေရခြင်းကြောင့် ပေါ်လျက် ပျက် ဆင်းရဲဘက်သို့ ဆက်သောအားဖြင့်···။
* အနတ္တတော စာတ်လွန်အခိုး၊ အငွေ့မျိုးမျှဖြစ်ခြင်းကြောင့် ကိုင်တွယ်ခွင့်မရ အရိပ်ပြမျှသာ။

ဣတိ - ဤသို့၊ ဝိပဿတိ - ငါ-ဝတ္ထု-ပုဂ္ဂိုလ်သို့စိတ်မငြိ ကိုယ့်အရှိသို့တင် အထူးဆင်ခြင်၏။

* ကုသလေ - အစွဲကင်းရှင်း စေတနာအရင်းတိုင်းသော ကုသိုလ်စိတ်သည်၊ နိရုဒ္ဓေ - ချုပ်ပျောက်သွားသော်၊ ဝိပါ ကော - ခံစားခွင့်ရအကျိုးဘာဝများကလည်း တဒါရမ္မဏ တာ - ထိုအာရုံယူနှင့် ပုံတူချွတ်စွပ် ကူးထပ်ထားသည်ပမာ၊ ငါလည်းမစွက် ဝတ္ထုဘက်လည်းမပါ၊ ပုဂ္ဂိုလ်မှာလည်း မစွဲ မက်၊ သက်သက်သော စေတနာအကျိုးပေးမျှကိုသာ···
* ဒါန - လက်ထဲရောက်ကာမ၏အစာ ဝတ္ထုအာရုံတို့ကို စွန့် လွှတ်ခြင်းအမှု၊

*	သီလ - လက်ထဲရောက်ရန်ရှိ အပြစ်မလွတ် ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို စောင့်စည်းခြင်းအမှု၊

ကုသိုလ်အမည်ရ ထိုဒါန၊ သီလတို့ကား စွန့်-စောင့်ကိစ္စ သူ့သတ္တိသူပြရုံမျှသာ။ သင့်အားကောင်းအောင်လည်း မလုပ် ဆိုးအောင်လည်းမပြုကျင့်တတ်။

သင်ဟုဆိုသော သင့်ခန္ဓာထဲရှိ ဥပါဒါန်မကင်းသော စေတနာနှင့် လုပ်ရပ်များကသာ ထိုဒါန-ထိုသီလတို့ကို လက်ကိုင်တုတ်လုပ်ကာ ပွတ်လိုမ့်ရိုက်နှင့် မိုးချရိုက် တစ်မျိုးမျိုးတို့ဖြင့် သင့်ကိုယ်သင် ရိုက်မည်သာ။

ကာမကုသိုလ်ခေါ် ဒါနမှု-သီလမှုကြောင့် ထိုအလှူရှင်ကို ကာမဘုံကြွသူတို့က ကြိုက်ရာပေး၍ ရောထွေးလုံးထပ် · အပတ်ခံနေရခြင်းများသည်ကား ပွတ်လိုမ့်ရိုက် ရိုက်နည်းတည်း။

ကာမကုသိုလ်ခေါ် ဒါန-သီလတို့ကြောင့် ထိုအလှူရှင် လူ့ဘုံမဝင် ဒုဂ္ဂတိသို့ဝင်ရခြင်း၊ လူ့ဘုံဝင်ခွင့်ရသော်မှ မိုက်မှားသော ကာမရယူနည်းဖြင့် ကပ်လီး-လီးခံနေရခြင်းများကား မိုးချရိုက် - ရိုက်နည်းတည်း။

ထိုသို့ခံရခြင်းသည် ဒါန(သီလ)ကြောင့်ကား မဟုတ်ချေ။ သင်၏ အာရုံထား မမှန်ခြင်း၊ စေတနာအထား မမှန်ခြင်းများနှင့်အတူ ကံအတည်ပြုလုပ်ရပ်များ မမှန်ခြင်းကြောင့်သာ···။

သို့ကြောင့်···

သင်တစ်ထစ်ချမှတ်ယူရမည်မှာ-

ကုသိုလ်ပြုတိုင်း ကုသိုလ်မရ ပြုတတ်မှရသည်ဟူ၍ပင်။ ကံမြောက်အဖြစ် အသုံးပြုရာ၌ ငါ-ဝတ္ထု-ပုဂ္ဂိုလ်(အလှူရှင်-လှူရန်ပစ္စည်း-

အလှူခံပုဂ္ဂိုလ်)ဟူ၍ သုံးမျိုးစုံရမည်ဖြစ်ချေရာ ၄င်းတို့ကား-

၁။ အလှူရှင် ခေါ် ငါကား လယ်ထွန်ယောက်ျား၊ ကုန်သည်သမား အလားသာ။

၂။ ဝတ္ထုခေါ် ပစ္စည်းများကား ထွန်၊ ထယ် ကိရိယာတန်ဆာ ပလာနှင့် ကုန်ပစ္စည်းများအရာသာ။

၃။ ပုဂ္ဂိုလ်ခေါ် အလှူခံတို့ကား မြေကောင်းလယ်ယာနှင့် ဘန်းတင် ဆိုင်ခန်းများပမာသာ။

လယ်သမားသည် သူကိုင်နွားတပ် ထွန်၊ ထယ်များဖြင့် သူ ဆိုင်လယ်ယာများအပေါ် ထွန်ယက်လျက်က မြေတို့ကိုမွစေ၊ ညက် စေ၏။ လယ်ဖြစ်က တမန်းဆီပါတက်စေ၏။

ထိုသို့ သုံးခုပေါင်း၍ တစ်ကြောင်းတည်း (စပါးရရေး၊ စား-ဝတ်-နေဖူလုံရေး)သော ကိစ္စကို ဆောင်ကျဉ်းပြီးသည်နှင့် မိမိထံ အသင့်ရှိပြီးမျိုးတို့ကို ကျဲချ၏။ မျိုးမှပျိုးဖြစ်ရန်ကျဲ၍ ပျိုးစိတ်ကြိုက် ဖြစ်လာသည်နှင့် စိုက်ရခြင်းတည်း။ အချိန်ကျသော် မြင်သူတိုင်းက မင်းလယ်ကြီး သိပ်ဖြစ်တာပဲဟူ၍ ဝိုင်းပြီးချီးကျူးကြ၏။

ထိုသို့ ချီးကျူးသော်လည်း စင်စစ်လယ်ကားမဖြစ်၊ လယ်ပေါ် ရှိမျိုးမှစစ်၍ အသစ်ထွက်လာသော ကောက်စပါးတို့ဖြစ်ထွန်းခြင်း မျှသာ။ သို့တစေလည်း ထိုကောက်စပါးတို့ဖြစ်ထွန်းခွင့်ရခြင်းသည် လယ်(ယာ)ကို အကြောင်းခံပြု၍ ဖြစ်လာခြင်းကြောင့် လယ်ကြီး သိပ်ဖြစ် စကားအရာပြောဖြစ်လာခြင်းတည်း။

* လယ်သည် စပါးမဟုတ်၊ စပါးသည်လည်း လယ်မဟုတ်။
* လယ်သည်လည်း စပါးနှင့်မကင်း၊ စပါးသည်လည်း လယ် နှင့်မကင်း။

ထိုတွင် လယ်သည်အကြောင်းခံ။ စပါးသည်ကား အကျိုးပေး ဝိပါတ်။ ထိုနှစ်ခုတို့အကြား လယ်သမားနှင့်ထွန်၊ ထယ်များတို့က ပေါင်းကူးပေးထားကြသည်ကို ရိပ်မိလေ။

သည့်ပမာလျှင် -

လယ်ကြီးသိပ်ဖြစ်အရာဝင် အနုတ္တရ ပုညခေတ္တံ လောကဿ လူအပေါင်း၏ ကောင်းမှုမျိုးစေ့ချရာ၊ အတုမဲ့အကျိုးကိုပေးရာသည်ကား သံဃာဟူသောစကား··· ။

သံဃေဒိန္နံ မဟပ္ဖလံ သံဃေဒိန္နေ အဟာဋ္ဌဝပူဇိတော ဘဝိဿာမိ သံဃာကိုလှူသော် အကျိုးကြီးမားအရများ၏။ သံဃာကိုလှူလျှင် ငါဘုရား ပူဇော်လိုက်သည်နှင့်လည်းအတူ ဆိုသောစကား ထိုစကားများသည် အကြောင်းခံဖြင့် တင်စားညွှန်းဆိုထားသော စကားအရာမျှသာ။ စင်စစ်သကြားလုံးစုပ်သည် ဆိုသော်လည်း ကိုယ့်တံတွေးကိုယ်စုပ်မျို မျိုရသည်ပမာ သီလမြေဆီပါ သံဃာခေါ် လယ်ယာ၏ လယ်တွင်းချ မိမိ၏စေတနာမျိုးစေ့ကသာ ဆွမ်းတစ်ဇွန်းကျက လူ၊ နတ်ကောင်း တစ်ဘဝရသွားခြင်းမျှသာ။

သို့ကြောင့် ဤဒွိသင့်အား မေးလိုသည်မှာ သင်သည် အလှူပေး၍ သူဌေးပွဲ ဝင်အရွေးခံရာ၌ -

* ငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့က အဓိကလော၊ အရံလော။
* သို့မဟုတ် စေတနာက အဓိကလော၊ အရံလော ဟူ၍ပင်တည်း။

သင် သဘောကျသလို ဖြေဆိုနိုင်၏။ ထိုအဖြေသည်လည်း သင့်လုပ်ရပ်နှင့် တစ်ထပ်တည်းကျဖို့လို၏။ အသံကောင်းဟစ်ပြရုံမျှအဖြေကို ဤနေရာက ကန့်ကွက်သည်။

အကယ်တိတိ ငါကို ရှေ့တန်းထားခြင်းက၊ ဝတ္ထုကို အမွန်း

တင်ခြင်းက၊ အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်ခြင်းကသာ အဓိကသင်ဖြေခဲ့သော် သင့်လယ်ကောင်းတော့ ကောင်း၏၊ သို့သော် ပေါင်းလိုက်နေသေးသည်။ ငါးစွဲက ဒိဋ္ဌိကိလေသာ၊ ဝဋ္ဋပုဂ္ဂိုလ်စွဲက တဏှာကိလေသာ ပေါင်းမြတ်တို့၏ ဖုံးလွှမ်းခြင်းကို ခံရဆဲဖြစ်နေသောကြောင့်တည်း။

အကယ်တိတိ စေတနာအဓိကထား၍ ထက်ခြင်း၊ သန့်ခြင်း နှစ်မျိုးတို့ဖြင့် လှေ့ပြာကာ အလှူခံ၏ သီလမြေအပေါ် အလှူပစ္စည်းအထောက်အပံ့ ထွန်ထယ်တို့ဖြင့် အလှူရှင်၏ မနောပယောဂ၊ ဝစီပယောဂ၊ ကာယပယောဂတို့က ပြုကျင့်ပေးနိုင်သော် သင့်လယ်ကား ပေါင်းမြတ်မထ အသုံးဝင်စပါးရလယ်ကောင်း စစ်စစ်တည်း။

- စေတနာထက်လိုသော် ရတနာ့ဂုဏ်၊ တာဂါနုဿတိဂုဏ်တို့ဖြင့် သိစိတ်ကို သွေးပေးရာ၏။
- စေတနာသန့်စင်လိုသော် စိတ်၏စေတနာမှန်ပြင်ဝယ် ဖြစ်ပျက်မြင်သည်အထိ ရှုဆင်ခြင်ပေးရာ၏။

ထိုစေတနာ၏ထက်သန့်ခြင်းနှစ်မျိုးတွင် ထက်ခြင်းက အဆင့်မြင့်ကို တာဝန်ယူ၍ သန့်ခြင်းကအနှောက်တား ကင်းကင်းခံစားခွင့်ရကိုတာဝန်ခံသည်။ တစ်ဖန် ဆက်လက်၍မှတ်ရန်မှာ ဒါန၊ သီလကာမကုသိုလ်နှစ်မျိုးတွင်လည်း ဒါနက ဘောဂနှင့် ကိုယ်ချမ်းသာမှုကို တာဝန်ယူ၍ သီလက ဘဝနှင့်စိတ်ချမ်းသာစေမှု တာဝန်ခံမည်။

- သီလသည် ယာဉ်ရထားပမာ လူ့ရွာ၊ နတ်ရွာသွားရာ၏ အထောက်အပံ့။
- ဒါနသည် လမ်းရိက္ခာထုပ်ပမာ လူ့ဘဝ၊ နတ်ဘဝစည်းစိမ်ခံရာ၏ အထောက်အပံ့။

နတ်တလူ့စာစဉ်

ထိုနှစ်ခုတို့သည် ဘယ်ညာစီးဖိနပ်တစ်ရံပမာ နှစ်ခုစုံမှ ဂုဏ်ပေါ်လွင်မည်ကို ရိပ်မိလေ။

ဤ၌ စကားတစ်ခုဖြင့် သင်နှင့်ငါ အမှုဆိုင်လို၏။ သင်ထိုသို့ကုသိုလ်ပြုရာတွင်…

(က) ထိုကုသိုလ်ကသင့်အားအကျိုးမပေး သို့ကြောင့် ထိုကုသိုလ်သင်ခံစားခွင့်မရ။

(ခ) ထိုကုသိုလ် အရာတန်းဝင် ပစ္စည်းများကလည်း သင့်အားအကျိုးပေးလိမ့်မည်မဟုတ်။

(ဂ) သင်အားကိုးအားထား ထိုအလှူခံများကလည်း သင့်အား အကျိုးပေးမည်မဟုတ်။

ကဲ- သင်ကျေနပ်ပါ၏လော၊ ဥာပနာထား အထာမှားကိုကောသဘောပေါက်ပါသလော။

သဘောမပေါက်ခဲ့သော် ထိုအမှုကို ငါတို့ကပင် ကျေအေးပေးပါ၏။

ထိုငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့သည် အကျိုးပေးဘက်ကမဟုတ်။ အကြောင်းခံမျှသာဟူ၍ပင်တည်း။ အကျိုးပေးကား…

(က) သင့်စေတနာထက်လျှင် လူအဆင့်မြင့်၊ နတ်အဆင့်မြင့် သို့မဟုတ် အဆင့်မြင့်လူသား သူဌေး၊ ဘုရင်ဘဝများသို့သော်လည်းကောင်း၊ အဆင့်မြင့်နတ်သား သူဌေး၊ ဘုရင်ဘဝများသို့လည်းကောင်း ဆိုက်ကပ်ခွင့်ရစေမည်။ မျိုးစေ့ကားမြေမှာပင် ကွဲအက်ပျက်ကျန်နေခဲ့ပြီ။

(ခ) သင့်စေတနာ ငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့မရောစွက်စေသဖြင့် ဒိဋ္ဌိတဏှာနှင့်သူ့အပေါင်းအပါတို့ ကင်းသန့်နေလျှင်ကား ငါစွဲ-

သူစွဲမကင်းရာမှလည်းကောင်း၊ လိုလားခြင်း-မလိုလားခြင်း ပင်းရာမှလည်းကောင်း၊ ထဖြစ်လေ့ရှိသော အနှောက်အတား အားလုံးကင်း သန့်စွာဖြင့်ရလှာသော အကျိုးကို ခံစားခွင့်လည်း သာစေမည်။ ရှာဖွေရာ၌လည်း စမ်းကျရေပမာ ကံအကျိုးပေး သက်သက်ဖြင့်သာ။ သို့မဟုတ် ကူလီကူမာလုပ်ရန် မလို။ သူ့စေတနာအတိုင်းအလိုလို ကျရောက်လာသောအကျိုးကို လည်းခံစားခွင့်သာစေမည်။ ဟော်တယ်ကြီး၏အပေါ် လေအေး ပေးရာ ပန်ကာအောက်ရှိ စားပွဲပေါ်တင်ပန်းကန်ပြားထဲကမုန့် ကောက်ဝါးရသည်ပမာတည်း။

* မတောင့်မတအကျိုးပေးသည် ငါ-ဝတ္ထု-ပုဂ္ဂိုလ်မဝင် စေတနာ စင်ကြယ်ရာမှသာ ဖြစ်ပွားလေ့ရှိ၏။

* မကြောင့်မကျ အကျိုးပေးသည် ဒိဋ္ဌိတဏှာပင်း ကင်းသော ကုသိုလ်ကသာ အကျိုးပေးနိုင်သည်။

ထိုသို့ဖြစ်ရန်မှာ ကုသိုလ်တော် အလှူနယ်နိမိတ်၏ အတွင်းဝင် များဖြစ်ကြလေသော ပုဗ္ဗ-မုဉ္စ-အပရ ခေါ် အလှူမီနှင့်လှူရန်ဆုံးဖြတ် ပြီးချိန်၊ လှူဆဲအချိန်၊ လှူပြီးနောက်ဘဝတစ်လျှောက်အချိန်များတွင် စိတ်သွားရာသတိလိုက် သတိနောက်အသိဆိုက်စေသော အားဖြင့်-

၁။ စိတ်စမ်းအလှူပွဲ ကျင်းပတိုင်း မနောတစ်ခွင် ဖြစ်ပျက်မြင် သူ့လက္ခဏာပေါ်ထင်စေ။

၂။ နှုတ်ဖွင့်ပွဲ ကျင်းပလေတိုင်းလည်း ဝစီတစ်ခွင် ဖြစ်ပျက်မြင် သူ့လက္ခဏာပေါ်ထင်စေ။

၃။ ကိုယ်ဖြင့် အတည်လွှတ်ပွဲ ကျင်းပလေတိုင်းလည်း ဆိုင်ရာ ကာယ ဖြစ်ပျက်ပြ သူ့လက္ခဏာထင်မြင်စေ။

သရဏာဂုံပွားများခြင်းခေါ် ဘာဝနာမယဉာဏ်နှင့် ယှဉ်သော ကုသိုလ်ပွဲခင်းတည်း။

* ထိုအလှူမျိုး၌ ဝါ-ဝတ္ထု-ပုဂ္ဂိုလ် မည်သို့စွဲခိုနိုင်မည်နည်း။
* ထိုအလှူမျိုး၌ ဒိဋ္ဌိ-တဏှာ-ကိလေသာ မည်သို့ကပ်လှာပါမည်နည်း။

ထိုအလှူမျိုးကား စေတနာ၌အညစ်မဝင် တောက်ပဖြူစင်သော မဟာကုသိုလ်စစ်အရာသို့ စာရင်းဝင်သွားပြီ။

## သရဏာဂုံနှင့်မကင်းသော ငါတို့သာသနာ

(က) သတ္တာနံ ဘယံ ဟိံသတီတိ သရဏံ
(ခ) သရဏဉ္စ တံ ဂမနဉ္စာတိ သရဏ ဂမနံ

* သတ္တဝါတို့၏ဘေးရန်ကို ပယ်ဖျောက်ပေးခြင်းသည် သရဏ။
* သတ္တဝါတို့၏ ဘေးကိုပယ်ခြင်း ခိုဝင်ရာဖြစ်ခြင်းသည် သရဏဂုံ။

ထိုသရဏာဂုံက သတ္တဝါတို့၏ဘေးရန်ကို မည်သို့ပယ်ဖျောက်ပေးနေသနည်း။

၁။ ဘုရားရှင်သည်-

(က) အကျိုးတက်လမ်းကို ညွှန်ပြခြင်း၊

(ခ) အကျိုးပျက်လမ်းကို တာမြစ်ခြင်းနှစ်ပါးဖြင့်...

ဝေနေယျတို့၏ချောက်ကျမည့်ဘေး ကယ်မပေးနေ၏။ အခြားဘာသာက ဘုရားတို့ကဲ့သို့ ဖြစ်စေသတည်းမဟုတ်။ သို့ကြောင့်-

* သူ့အပေါ်တစ်ဖက်သတ်အားကိုးခြင်းအစား ကိုယ့်ကိုယ်ကို အားကိုးရန် ညွှန်ကြားခြင်းပင်။ ထိုဖြစ်စေသတည်းကြောင့် ဖြစ်နိုင်ခြေရှိသည်များကို ဖြစ်ပွင့်စေခြင်းကား နှုတ်တော်မှ မထုတ်ဖော်ဘဲနှင့်ပင်(ကာယကံရှင် မသိစေဘဲနှင့်ပင်) အလိုလိုပြီးစီး အောင်မြင်စေ၏။ 'လ'အောက်ဝင်သူကို ထို 'လ' က အေးစေမြစေသတည်း လုပ်ပေးရန်မလိုဘိသို့တည်း။

၁။ တရားတော်သည် သူ့ကို အာရုံယူရုံမျှဖြင့်-

(က) တစ်ချက်မှတ် တစ်ကွက်အပူပြတ်ဖြင့်လည်း သက်သာရာကိုပေးကာ ကိလေသာအပူဒဏ်ကို ပယ်ဖျောက်ပေးနေ၏။

(ခ) တစ်ချက်မှတ်လျှင် တစ်ဖက်အာရုံတို့၏ အတိုက်အခိုက်ကြားမှလည်းကောင်း၊ ကိလေသာတို့၏ အတိုက်အခိုက်ကြားမှလည်းကောင်း ထုတ်ဆောင်ပေးကာ ကိလေသာရန်ကိုလည်း ပယ်ဖျောက်ပေးနေ၏။

* အခြားဘာသာက တရားများကဲ့သို့ ငွေ၊ ဝတ္ထု၊ လူသူစုပေးရုံမျှဖြင့် သို့မဟုတ် ဗလိနတ်စာတင်ပမာ ထိုပစ္စည်းတို့နှင့် ပူဇော်ရုံမျှဖြင့် သတ္တိစွမ်းမပြ။ သို့ကြောင့် ကိုယ်တိုင်ရှုကြည့် အာရုံမိမှသာ တရားဂုဏ်အကုန်သိရ၏။ မီးသည်လောင်စာ- လေတို့နှင့် ဆုံမိမှ အလင်းကိုလည်းကောင်း၊ အမှောင်ကင်းကို လည်းကောင်း၊ မီးစာကုန်ကိုလည်းကောင်း၊ ဆီခန်းကို လည်းကောင်း

လေးမျိုးစုံ အကုန်သတ္တိပြပုံမျိုးတည်း။

၃။ သံယာသည်လည်း ကိလေသာစုံအကုန်သတ်ရဲရာမှ ရလှာသော သူ့ဂုဏ်သတ္တိစွမ်းကို အာရုံယူလျက်က မိမိလက်ဝယ်ရှိ ငါ-ငါ့ပစ္စည်း-ငါပိုင်သည် အမှတ်သညာဖြင့် ဆုပ်ဖွဲ့ထားသော ပစ္စည်းများကို တစ်ဖွန်း တစ်ယောက်မ အနည်းငယ်လှူရုံမျှဖြင့်ပင်-

* ဣန္ဒက နတ်သားကဲ့သို့ နတ်ဘဝ၊ နတ်စည်းစိမ်၊ နတ်သက် အမျှခံစားခွင့်ရစေသည့်ပမာ။

* ဥတ္တရာ၏မိဘ(အန္ဓဘာရ)ကဲ့သို့ ယခုဘဝမှာပင် လူ့ဘဝ သူဌေးအရာ မြေခဲမှရွှေခဲဖြစ်လာပြီး ခံစားခွင့်စွာပုံမျိုးပမာ မြတ်လည်းမြတ် များလည်းများသော အကျိုးကိုယူစေခြင်း (ရနေခြင်း) ဖြင့် အပါယဒုက္ခ၊ ကာမဒုက္ခဘေး ပယ်ဖျောက်ပေး၏။

အခြားဘာသာ၏ဝါဒရေးရာဆရာများကဲ့သို့ သမထအလျှင် ဣဒ္ဓိဝိစေတန်ခိုးအစီရင်ဖြင့် တမင်ဖန်တီးပေးနေရခြင်းမျိုးမဟုတ်။

ကိလေသာအပူခာတ် အပြီးအပိုင်ငြိမ်းသတ်ပြီးရာမှာ စမ်းတွင်းပမာ အလိုလိုဖြစ်ပေါ်လာသော သီလသခင်ထိုအရှင်တို့၏ ဘဝအသော်ချွန်နှင့်ကမ္ဘာတစ်သိန်း အချို့အသင်္ချေ၊ အချို့ကမ္ဘာတစ်သိန်း သို့ထည့်ဖြည့်ကျင့်ခဲ့ရာ စေတနာကိန်း ပါရမီခာတ်သက်များ၏ လယ်ယာပမာသော အားခံပေါ်တွင် ထိုအလှူရှင်၏ စေတနာနှင့် ဝတ္ထုတင်မိရာမှ အကျိုးခံစားခွင့်ရလာခြင်းမျှသာ။

သို့ကြောင့် လူမသိ-သူမသိ ပုဂ္ဂိုလ်စွဲ(ဆရာစွဲ)ဖြင့် အစွဲငြိပါလာစရာမလိုပြီ။

ဤကား သရဏဂုံ၏အဓိပ္ပာယ်နှင့်သဘာဝသတ္တိများတည်း။

သင်သည် အထက်ပါသရဏဂုံသုံးစုံတို့ဖြင့် မိမိရှိစိတ် စေတနာ နှင့် လှူစရာ-ယူစရာ၊ ဒါန-သီလတို့ကို မွမ်းထုံပေးရာ၌

(က) ဗုဒ္ဓဂုဏ်၊ သံဃာ့ဂုဏ်နှစ်မျိုးတို့သည် သာမန်ပုထုဇဉ်တို့အဖို့ ကိလေသာစေး သွေးတိတ်ဆေးမျှပမာ စိတ်လျှင်ငြိမ်သက် ငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့ဘက် မကူးစက်ရုံလေးမျှသာ။

(ခ) ဓမ္မဂုဏ်သည်လည်း အာရုံဝင်-စိတ်သန့်စင်ရုံမျှဆို ဗုဒ္ဓ-သံဃ နှင့် ဘာမျှမထူးသေး၊ တကယ့်အဟုတ်တမ်း ကမ္မဋ္ဌာန်းအရာ လက္ခဏာပချာန်အလွှာဖြင့် အဖျင်းဆုံးသမ္မသနဉာဏ်(ငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့ပေါ် သူ့အတွင်းရှိကို ကိုယ့်အတွင်းသိဖြင့် အမှန် အကန် သုံးသပ်နိုင်စွမ်းသောဉာဏ်)သို့ ဝင်စားနိုင်သူများသာ ချက်ချင်းလုပ် ချက်ချင်းမှုတ်ထုတ်နည်းပမာ။

(၁) ငါသို့ စိတ်လမ်းဖောက်နေလည်း ပေါ်-သိ-ပျောက် (ရှေ့-ပျောက်-ပျောက်)ကို ခန္ဓာဝယ်တွေ့သိလျက်က ထိုငါ-ကိုခွာဖျက် စေတနာမျိုးစေ့သက်သက်အထိ ယူနိုင်မည်။

(၂) သူသို့ (အလှူခံပုဂ္ဂိုလ်များသို့) စိတ်လမ်းပေါက် နေလည်း ထိုနည်းအတူ··· ။

(၃) ငါနှင့်သူ အပေးအယူကြား သက်သေထားရာ ဝတ္ထု ပစ္စည်းများပေါ်သို့ စိတ်လမ်းလျှောက်နေလည်း ထို နည်းအတူ ဝတ္ထုခွာဖျက် စေတနာမျိုးစေ့သက်သက်မျှ ကိုသာ ကြဲချနိုင်မည်။ ရွက်မှော်၊ အဖျင်း၊ ဒိုက်သရော ကင်းမျိုးစေ့မျိုး ကြဲချခွင့်ရသွားခြင်း။

၄င်းကိုရည်၍-

ဒါနံ ဒတွာ တံ ပစ္စဝေက္ခတိ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ ဟူ၍

ဘုရားရှင် ပဋ္ဌာန်းဒေသနာတော်ဝယ် မိန့်ဟဖွင့်ဖော် လမ်းပြတော်မူခြင်းပင်။ သို့ဆိုသော် ပေးကမ်းရက်ရောခြင်း ပရဟိတ အတတ်။ သင်ဒါနမှုပြုရာ၌ပင် သရဏဂုံနှလုံးသွင်းမှု အရေးတကြီး လိုအပ်နေလျှင်

(က) ကိုယ်နှုတ်သန့်စင်ရေး သီလဆိုလည်း သူမပါ ပွဲမပြီး အဘယ်မျှ အရေးကြီးမည်နည်း။

( ခ ) စိတ်သန့်စင်ရေး သမထဘာဝနာဆိုလည်း သူမပါ ပွဲမပြီး အဘယ်မျှ အရေးကြီးမည်နည်း။

( ဂ ) ကိလေသာသန့်စင်ရေး ဝိပဿနာ ဘာဝနာဆိုလည်း သူမပါ ပွဲမပြီး အဘယ်မျှအရေးကြီးမည်နည်း။

စင်စစ် ဘာဝနာအမည်ပေါက် သမထ ဝိပဿနာတို့၌ အပ္ပမာဒသတိဖြင့် ဓမ္မသရဏဂုံ ပွားတံ့ခြင်း အလျဉ်းမပါသော် ဘာဝနာ အမည်ပင်မခံယူထိုက်ပြီ။ သို့ကြောင့်···

သရဏဂုံသည် သီလယူခါနီးရှေ့မှ ခံဆိုရုံနှင့် သူ့ကိစ္စမပြီး သူ့ခရီးမဆုံးသေးကြောင်း သင်သည် ဤနေရာမှနေ ကောင်းကောင်းကြီး သဘောပေါက်ခဲ့လေ။

တစ်ဖန် သရဏဂုံသုံးပါးကိုလည်းကောင်း၊ သုံးဆယ်ကိုလည်းကောင်း၊ အကျယ်ပွားကိုးဆယ်(ဒု-တထည့်ကာ သုံးကြိမ်ဆို)ကို လည်းကောင်း နှုတ်မှတွတ်တွတ် ရွတ်ဖတ်နေရုံမျှနှင့်လည်း သူ့ကိစ္စမပြီး သူ့ခရီးမဆုံးသေးကြောင်း သင်ကောင်းကောင်းကြီး သဘောပေါက်

ခဲ့လေ။ အရှုတ်ဖတ်သည် အသားဓာတ်လောက် အရသာမပေါ်သေး သည်ကိုပါ ဆင်ခြင်လေ။

- သာသနာတော်၏အစသည် သရဏဂုံပင် ဖြစ်၏။

- သံသရာ၏အဆုံးသည်လည်း သရဏဂုံပင်ဖြစ်၏။

ဆုံး-စ မမြင်ဖြစ်နေသောသင့်အား သံသရာခရီးခဲမှ ဆွဲထုတ် နိုင်ခြင်းသည် သင်ကိုယ်တိုင်လျှင် သင့်စေတနာ သင့်သဒ္ဓါ သင့်ဆန္ဒ တို့သို့ သရဏဂုံတင်ပို့ကာ စိတ်လမ်းမှန်ထားပေးခြင်းမှတစ်ပါး အခြား မရှိချေ။

သင့်ခန္ဓာဖြစ်စဉ်၌ ဥပါဒါန်စွဲမတင် သန့်စင်သောစိတ် ခရီး စဉ်ချည်းကြီးဖြစ်ရန်မှာ သင့်စိတ်ကို သရဏဂုံဖြင့် နှိပ်ကွပ်မပေးက မဖြစ်နိုင်။

## လက္ခဏာဖက်အတတ်သင်လုပ်ငန်း

ကုသိုလ်သုံးမျိုး (ကံကုသိုလ်-ဈာန်ကုသိုလ်-ဉာဏ်ကုသိုလ်) တို့တွင် ကံကုသိုလ်အရာ၌ ဒါန-သီလတို့ကို တာဝန်ခံအဖြစ်ထား ကြရ၏။

- ကံဆိုးကိုသီလဖြင့်ဖယ်၍

- ကံကောင်းကို ဒါနဖြင့် ဆယ်ယူခြင်းသည် ကံကုသိုလ်၏ အလုပ်။

တစ်ဖန် အတိတ် ကံကောင်း-ဟောင်းများကို ဘဝအဆွေး အရိ ဥပါဒါန်အငြိတို့အကြားမှ ဖော်ထုတ်ရာတွင် လက်ရှိကံကောင်း များက ထောက်မပေးရာ၌လည်း သီလက အတွေ့ အတွေးအာရုံတို့မှ တစ်ဆင့် ထိုးဝင်ခြင်း၊ ထကြွခြင်းများဖြင့် (အကျိုးပေးရန်ရှိ ထို စေတနာဟောင်း-သစ်တို့ကို) ပိတ်ဆို့နေသော ကိလေသာ အဟောင်း - အသစ်များကို သူ့ဆိုင်ရာတံခါးတို့မှ စောင့်စည်းပေးထားပြီး ဒါန က ကံသစ်တို့ကို စိုက်နေခိုက် ကံဟောင်းတို့ကလည်း အရှိန်ဖြင့် နောက်မှလိုက်လာရန် စွန့်လွှတ်ပေးရ၏။ သို့မဟုတ်…

* ဒါနကအခက်အလက်ကိုဖော်၍ သီလကယက်ကော်ပေးရသော ကောင်းကျိုးကို ကောင်းမှုဖြင့် (ဓာတ်တူ-ဓာတ်တူချင်း) မျှား ဆွဲ-ဆွဲ၍ ပွင့်ပေါ်စေခြင်း။ သို့ကြောင့်…

ဒါန-သီလပြုတည်ကြလေတိုင်း သရဏဂုံတူးရှင်း တပ်ဆင် ပေးရခြင်းတည်း။

* သရဏဂုံဖြင့် အသက်သွင်းထားသော ဒါန(သီလ)သည် အကျိုး သန့် ကိုခံစားခွင့်ပေးလိမ့်မည်။

* သရဏဂုံဖြင့် အသက်သွင်းထားသော ဒါန(သီလ)သည် ပါရမီ ခန်းသို့လည်း တန်းဝင်စေလိမ့်မည်။

ထိုသို့ပြုရာ၌…

(က) အလှူရှင်တို့၌ လက္ခဏာဉာဏ် ရတ်ချည်းထင်မြင်လာစေရန်

( ခ ) အလှူရှင်တို့ အတိတ်ကအပြုမှား ဒါနများကိုလည်း ဓာတ်ဆက် ဖြင့် ချေဖျက်ထားခဲ့ရန် ရည်၍

ဘုရားရှင်သည် ဒါန(သီလ)၌လက္ခဏာတင် အမြင်နိုင်းတော် မူ၏။ ထိုတွင်-

(က) လက်ရှိဒါန ပြုကျင့်ဆဲကာလ၏ ငါသည်လည်းကောင်း၊ သူသည်လည်းကောင်း၊ ကြားခံအလှူဝတ္ထုများသည်လည်းကောင်း လက်ရှိအခြေအနေအတိုင်းတို့ကို သမ္မသနဉာဏ်ခေါ်ထိုသုံးခုတို့ရှိ ထိုသုံးမျိုးသောလက္ခဏာတို့ဖြင့် အမှန်သုံးသပ်နေသော်လည်း ငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့၏ ဘန်းပြဖြစ်သော ပြင်ပအရိုသိရုံမျှဆို…

(၁) ငါဟူသော အလှူရှင်ကလည်း နပျိုဆဲ(အိုမင်းနေလည်း) ဖြစ်နေခဲ့သော် မမြဲ-မကောင်း-သဘောမျှ၊ ထိုသုံးမျိုးမည်သည့်လက္ခဏာမျှ ဉာဏ်မျက်ကွင်းထဲ ဝင်တိုးလိမ့်မည်မဟုတ်။

(၂) သူဟူသောအလှူခံကလည်း နပျိုဆဲ(အိုမင်းနေသည့်တိုင်) ဖြစ်နေခဲ့သော် မမြဲ-မကောင်း-သဘောမျှ၊ ထိုသုံးမျိုးမည်သည့်လက္ခဏာမျှ ထင်ထင်-ကွင်းကွင်း အမြင်ရှင်းစေလိမ့်မည်မဟုတ်။

(၃) ကြားခံဖြစ်သောလှူစရာ(ပေးကမ်းစရာ) ပစ္စည်းများကလည်း သစ်လွင်တောက်ပဆဲ၊ မွေးကြိုင်သင်းပျံ့ဆဲ၊ (ညှိုးနွမ်းညစ်ပုပ်တိုင်) ဖြစ်နေခဲ့သော်မမြဲ-မကောင်း-သဘောမျှ၊ ထိုသုံးမျိုး မည်သည့်လက္ခဏာမျှ တစ်တစ်ခွခွ သူ့ရှိသဘာဝမြင်တွေ့ရမည်မဟုတ်။

သို့ကြောင့် ပုဗ္ဗေသုစိဏ္ဏာနိ ပစ္စဝေက္ခတိ အရင်လှူခဲ့ဖူးတုန်းကတည်ရှိနေသော ကိုယ့်အရွယ် သူ့အရွယ်များနှင့် အရင်က လှူခဲ့ပြီးဆွမ်း စသည်များကိုလည်း လှမ်းကြည့်လိုက်စမ်းပါဦးဟူ၍ အာရုံယူ အဆင်ခြင်ခိုင်းတော်မူ၏။ ထိုစဉ် ထိုအလှူရှင်၊ ထို ငါ-ဝတ္ထု-

ပုဂ္ဂိုလ် သုံးခုတို့၏ သူတို့အတွင်းရှိ ပျောက်ပျက်ကုန်ဆုံးနေခြင်း၊ ပျက်ကျနေခြင်း၊ ပုံရိပ်ချသဘောမျှဖြစ်ခြင်းများကို ဉာဏ်မျက်စိဖြင့် တကယ်မရှုတတ် မသိတတ်ကြသေးသော်မှ အကောင်းမှ အဟောင်းသို့လည်းကောင်း၊ အဟောင်းမှအဆွေးသို့လည်းကောင်း၊ အဆွေးမှ ရှိပျောက်-ပျောက်၍ မြေဘဝသို့ ပြန်လည်ရောက်သွားပုံများကိုလည်းကောင်း အတွေးသိဖြင့် အတွေးအာရုံသို့လာ၍ ဧကန်ဒက်ထိ မိစေတော့ရာ ထိုအလှူရှင် အလှူဟောင်းကို ပြန်ပြောင်းဆင်ခြင်လျက်က ရုတ်တရက်ဉာဏ် လှူနေသည့်ပွဲထဲသို့ ဝင်လာပြီး ဒါလည်းပဲ အရင်းခံ မှတ်ချက်ချဖြင့် ယခုလက်ရှိ ဆွမ်း စသည်နှင့် အလှူခံငါများလည်း ထိုအလှူဟောင်း ပစ္စည်း၊ ဆွမ်းဟောင်းများကဲ့သို့ပင် အဆင့်ဆင့် ပြောင်းလဲသွားကြကာ···

၁။ လက်ရှိငါသည်လည်း အပျိုမှအပြို နောက်ဆုံး လူဆိုသော (ယောက်ျား-မိန်းမပါဆိုသော) ပင်ကိုယ် ရုပ်နာမ်ခန္ဓာများပါ ပျက်သုဉ်းသွားကြပြီး ဘဝကုန်ဆုံးရဦးတော့မှာပါတကား။

၂။ မျက်မြင် သူတို့လည်းပဲ ပျိုရာမှပြို နောက်ဆုံးပင် ကိုယ်သုဉ်း၍ လုံးလုံးပျက်ချေဦးမည်တကား။

၃။ ဤအလှူဝင်ပစ္စည်းများလည်းပဲ သစ်ရာမှဟောင်း နောက်ဆုံး မြေနှင့်သာ ပေါင်းသွားဦးတော့မှာပါတကား။

ယင်းအတွေးသိများလည်း စဉ်တိုက်ကြီးဝင်ရောက်လာကြမည်။ တစ်ဆက်တည်း ၎င်းတို့အပေါ် သာယာနှစ်သက်နေမိခြင်းနှင့် တကွသော တပ်မက်နေခြင်းရာဂ၊ ငါစွဲတင်ထားမိခြင်း ဒိဋ္ဌိ၊ ဒွိဟ ဖောက်နေခြင်း ဝိစိကိစ္ဆာ၊ ပျံ့ကျဲနေခြင်း ဥဒ္ဓစ္စ၊ မကျေမချမ်းဖြစ်နေခြင်း ဒေါမနဿများကိုပါ ထိုမှတ်သိဉာဏ်က ဖယ်ရှားပေးနိုင်လာ

မည်။

ဤကား လက္ခဏာအချက် ဉာဏ်မသက်သေးသူများအတွက် အဟောင်းကိုပြန်ကောက်၍ အသစ်ကိုထောက်ပြပေးသော ဆင်ခြင်နည်းတည်း။

(ခ) တစ်ဖန်လည်း လက်ရှိဒါနပြုကျင့်ဆဲကာလ၏ ငါ-သူ-ဝတ္ထု ထိုသုံးခုတို့၏လက်ရှိ(မျက်မြင်ရှိ) အခြေနေတို့သည် နပျို သစ်လွင်ဆဲပင်ဖြစ်ပစေ (အို-ဆိုဖွယ်မရှိ) ထိုသုံးခုတို့၏ အတွင်း သဘာဝလက္ခဏာများကို ယုတ်စွာအဆုံး ဝိပဿနာ ဉာဏ်အရာများဖြစ်ကြလေသော ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်တို့ဖြင့် ရှုသိတွေ့မြင် ဉာဏ်သက်ဝင်နိုင် ကြလေသူ သင်အလှူရှင်များ အဖို့မှာမူကား

၁။ လက်ရှိအလှူသည်လည်း သုဒ္ဓိဒါန(စင်ကြယ်သောအလှူ) သို့ တန်းဝင်စေ။

၂။ ယခင်လက်ဟောင်းအလှူပေါင်းများလည်း အစွဲအညစ်ချေ၍ ကျေပျက်စေ။

ထိုနှစ်ချက်တို့ကို ရပိုင်နိုင်ရန် ယခုဒါနပြုကျင့်ကြလျက်က လက်ဟောင်းဒါနအဝဝတို့ရှိ ကိလေသာတို့ကိုပါ လက္ခဏာစဉ် မြင်သိ ခြင်းဖြင့်ပယ်ဖျက်ခဲ့ကြရန် ဘုရားရှင် ညွှန်ပြတော်မူ၏။ ခဲတစ်လုံး တည်းဖြင့် စာနှစ်ကောင်ရနည်းဆိုက မမှားတန်ရာပြီ။

ဤကား လက္ခဏာအချက်ဉာဏ်သက်နိုင်သူများအတွက် အသစ်ကိုကိုင်လျက်က အဟောင်းကိုပါပိုင်စေသော ဆင်ခြင်နည်း တည်း။

ဤပြနည်းသည်သာ ဟေတုသတ္တိ၏ အကြောင်းခံနှင့် အကျိုး

ဆက် ကုသိုလ်မှ ကုသိုလ်သို့သာ ဆက်စေ၏။ ထိုအချက်များကို ထောက်ဆ၍-

(က) ယခင်(ကုသိုလ်မှ အကုသိုလ်သို့)တုန်းကလည်း သည်ဒါန၊ သည်သီလများပင် ဖြစ်ကြကုန်၏။

(ခ) ယခု(ကုသိုလ်မှကုသိုလ်သို့)လည်း သည်ဒါန-သည်သီလများ ပင်ဖြစ်ကြ၏။

သို့စဉ်လျက် တစ်ခုကအကုသိုလ်အကျိုးပေး တစ်ခုက ကုသိုလ် အကျိုးပေး။

ထိုသို့ (အရှေ့နှင့်အနောက်၊ အထက်နှင့်အောက်ပမာ) ကွာခြား သွားခြင်းသည် ဒါန-သီလတို့ကမဟုတ်၊ သင့်ထံရှိ ဥပါဒါန်ဝင် ခန္ဓာ စဉ်တို့ရှိ အာရုံငှင်စိတ်ထားများကြောင့်သာ ကွာခြားသွားရပါသည်ကို သင်သတိပြုခဲ့ရမည်။ အသားဟင်းတစ်ခွက်တည်းကပင် သာမန်လူတို့ စားသုံးပါက ကြက်-ဝက်၊ သူတော်ကောင်းကြီးများ အလှည့်ကျ ရသာသတ္တိ၊ အရိယာကြီးများကျဖြစ်ပျက်မျှ သူ့အရှိ ကွဲလွဲသွားခြင်း များပမာ သင့်၌ဉာဏ်သက်ဝင်မိစေရာ၏။

## ကောက်စိုက်၍
## စပါးကိုသာသိမ်းပိုက်သောလယ်သမားကြီးများ

ဆိုခဲ့ပြီး ကုသိုလ်မှ ကုသိုလ်သို့ ဒါနခန်း(သီလခန်း)များကို ပဋ္ဌာန်းနည်းဖြင့် အနီးကပ် ဖမ်းကြည့်သော်···

ဒါနမှုပြုခြင်းသည် စေတနာကိန်းသောနှာမ်စိတ်များဖြင့် ပြုကျင့်ကြရသောကြောင့် ဟေတုသတ္တိသည် အရင်းခံအဖြစ်ဝင်ရောက်လာမည်။ ကြံ-ပြော-ပြု အားလုံးတို့၌ပင် ယင်းဟေတုသတ္တိမကင်း၊ ယင်းနှင့်အတူ ဈာန-မဂ္ဂ-ကမ္မ-ဝိပါကတို့လည်း သင့်သလို ဝင်ရောက်လာကြဦးမည်။

တစ်ဖန် အာရုံယူအတွေးအခေါ် ဗွေဆော်လွှတ်ပြီးမှသာ ပြုကျင့်ရခြင်းကြောင့်လည်း အာရမ္မဏသတ္တိသည်လည်း လင်သွားရာပါမယားပမာ ဟေတုနှင့်အတူ ဝင်ရောက်လာမည်။ ယင်းနှင့်အတူ ဥပါနိဿယလည်း ဝင်လာဦးမည်။ သည့်အတူ…

ကျန်ပဋ္ဌာန်းသတ္တိများလည်း သူ့နေရာနှင့်သူ ထိုက်သင့်သလို ဝင်ရောက်ခြယ်လှယ်ကြဦးမည်သာ။ မီးဖိုချောင်ရှိ ချက်ပြုတ်မှုဆိုင်ရာ အဆာများပမာ… ။

သင်၏ထိုအလှူတွင် ကောင်းတာလုပ်က ကောင်းရာရ မျိုးချသီးပမာဆိုသောအတိုင်း ကံယုံစိတ်ဖြင့် အလှူပွဲတစ်ခုပြုပဟော့ဆိုသည်နှင့် ယခင်ဆိုခဲ့ပြီး ကုသိုလ်မှ အကုသိုလ်သို့ကအတိုင်း ဟေတုနှင့် အာရမ္မဏ(ကံယုံစိတ်နှင့်အာရုံယူ) တို့ဦးစီးသော ပဋ္ဌာန်းသတ္တိများအားလုံးလိုလိုပင် ဤ၌လည်း ပါဝင်ပတ်သက်လာကြမည်။ ထပ်မံ၍ မပြဆိုတော့ပြီ။

(က) အကြောင်းခံကား မှန်လျက်သားနှင့် အာရုံယူမှားယွင်းခြင်းကြောင့် ကုသိုလ်မှအကုသိုလ်သို့…။

(ခ) အကြောင်းခံကလည်းမှန် အာရုံယူကပါမှန်ကန်လာသဖြင့် ကုသိုလ်မှ ကုသိုလ်သို့သာ။

ဤမျှသာကွာမည်။ ဤကွာချက်အတိုင်းလည်း ပစ္စယသတ္တိ

များ အနည်းငယ် အတိုးအဆုတ်ရှိလာမည်။

ဤ (ကုသိုလ်မှကုသိုလ်သို့)၌အထူးမှာ-

သင်ဒါနမှုပြုစဉ် ငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့ကို ပြင်ပနေဘန်းပြ (အလှုပြ)မှုတွင် သိစိတ်သက်သက်မျှဖြင့် မက်ကြည့်မနေမူ၍ ၄င်းတို့၏ အတွင်းထား သွင်ပြင်မှုယာလက္ခဏာများအထိပါ စိတ်ဝယ်ရောစွက် ဈာန်စိတ်ဖက်လျက်က ရှုသိနေခြင်းဖြစ်နေ၍ သို့မဟုတ် ပညတ်ခေါ် အဖုံးများကို ခွာချွတ် ပရမတ်ပေါ်လွင်စေသည်အထိ ရှုသိခြင်းဖြစ်နေ၍၊ ဈာန-မဂ္ဂသတ္တိများလည်း ရှေ့-နောက်ဆင့်ကာ သတ္တိပြ၍ ကျေးဇူးပြုလာကြခြင်းပင်။ ထိုတွင်…

(က) ဈာနသတ္တိက-

၁။ ထိုအလှုပွဲ၏ ကိရိယာတန်ဆာပလာများ ဖြစ်ကြလေသော ငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့ကအကြောင်းခံ။

၂။ ထိုအားလုံး တကယ်မဟုတ်-မမြဲ-မကောင်း လက္ခဏာဉာဏ်ဝင် ဈာန်ယဉ်စိတ်ကား ထိုအကြောင်းခံမှ ဖြစ်ပွင့်လာသောသတ္တိပြ။

၃။ ထိုသတ္တိပြအတိုင်းလျှင် အလှုပွဲပြီးနောက် တောက်လျှောက်ပင် အစွဲ-အငြိမရှိ ခံစားခွင့်ရသမျှကိုသာ လောဘဇောမတိုက်ဘဲ ခံစားနေရခြင်းကား သတ္တိပြ၏ အကျိုးပြုသတ္တိရ။

**ဤကား ဈာန၏သတ္တိပြ အကျိုးဖလများတည်း။**

(ခ) ထိုဈာနသတ္တိ၏ကျေးဇူးကြောင့် ထိုအတိုင်းသာ ဆက်တိုက် အာရုံယူ စိတ်ထား အမြဲပွားသွားချေသော် မဂ်များသို့ ဦးတိုက်

ခေါင်းထိုးဆိုက်ဖို့ကား သေချာသွားပြီ။ ယုံမှားစရာမလို၊ ကျုန်တို့ကား နောက်ကအကျယ်ပြပြီးကို နည်းမှီ၍ သိကြလေ။

သင်၏ဤကုသိုလ်ပြုသည်သာ ကုသိုလ်အားသစ် ကုသိုလ်ဖြစ်ပြုနည်းတည်း။

သင်၏ဤကုသိုလ်ပြုသည်သာ သူတော်ကောင်းတို့ ချီးမွမ်းခံရသော ကုသိုလ်ပြုနည်းတည်း။

ဤကား ပဋ္ဌာန်းနည်းဖြင့် အနီးကပ် လေ့လာရာမှ တွေ့ရှိသော အချက်အလက်များတည်း။

## မြို့ပတ်ဖြစ်နေ၍ ရထားခေါင်းပြောင်းပြန်ခုတ်မောင်းမည်

ဤကုသိုလ်တော်ပွဲခင်းကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် နှိုင်းချင့်ကြည့်စေသော်...

သင်သည် ယခင်က အမှတ်မဲ့စိတ်ဖြင့် ပြုမိမှားခဲ့၍ စက်၏အနုလောမနည်းအတိုင်း အဝိဇ္ဇာမှပုညာဘိ သင်္ခါရစသည် ဘဝဇာတ်သို့တိုင် ပတ်သွား-သွားခဲ့ရဖူးပြီ။

ယခုကား သင်သည် အမှတ်သိစိတ်ဖြင့် အပြုမှန်နေ၍ စက်၏ပဋိလောကမနည်းအတိုင်းလျှင် ဝိဇ္ဇာဖြင့်အဝိဇ္ဇာကို ဖြတ်ခဲ့၍ ပုညာဘိ-သင်္ခါရပြုရာ ဘဝဇာတ်သို့တိုင် အကယ်၍ သင်သွားရဦးသော်မှ ဖြတ်သွားဖြတ်လာမျှဖြစ်ပြီ။

နတ်တလုစာစဉ်

* ပဋိစ္စသမုပ္ပါဒ်အနုလောမ အကြောင်းခံမှား အကျိုးသွားဖြင့် စဉ်တိုက်မှား ပတ်လှည့်မောင်းစက်။
* ပဋိစ္စသမုပ္ပါဒ်ပဋိလောမ အကြောင်းခံမှန် အကျိုးသန်ဖြင့် ပတ်လှည့်မစောင်း ပြန်လှည့်မောင်း။

သင့်ကုသိုလ်တော်ပွဲခင်းနှစ်ခု၏ မြင်ကွင်းအနှစ်သာရကား ယှဉ်ကြည့်မှ အထက်အောက် မိုးနှင့်မြေပမာကွာဟခြင်းကို မြင်သိကြရတော့သည်။ သမရိုးကျအမြင်ဆိုသော်ကား ပွဲခင်းကားပွဲခင်းသာ ဘာမျှမထူးကြပါချေ။

လူ့လျက်က စက်ကိုလှည့်၍ အဖြတ်-အပတ်လုပ်ရာ ထိုပဋိစ္စသမုပ္ပါဒ်အရာ၌···

(က) လက်ရှိရထားသော ဘဝကိုအရင်းခံ၍ အဖြတ်အပတ် လုပ်ခြင်း။

(ခ) သူပြောလူပြောအဝိဇ္ဇာသိ (ဝိဇ္ဇာသိ)ဖြင့် အဖြတ်-အပတ်လုပ်ခြင်း။

(ဂ) ခံစားရာမှာ အမှတ်ပါ-မပါကြောင့် အစွဲလွတ်-မလွတ်တို့ဖြင့် အဖြတ်-အပတ်လုပ်ခြင်း။

ဤသို့လျှင် အစပ်တို့ကိုဆက်စေရာ ဖြတ်စေရာ၏ အခြေခံတို့သည်ကား သုံးမျိုး။

ထိုသုံးမျိုးစလုံးလျှင် မည်သည့်နေရာမှနေ စိတ်ကို လွတ်ပေးပေး၊ မည်သည့်နေရာမှနေ သတိဝင်-ဝင်၊ ပတ်ရန်-ပြတ်ရန်ကား သေချာသည်ချည်းဖြစ်နေ၍ ပြတ်လို ပတ်လိုသူများအတွက် ချက်ကောင်းစောင့်ဟူ၍ အချိန်ဆွဲစရာမလိုချေပြီ။ ထိုစဉ်···

* မသိခြင်း၊ သိခြင်းနာမ်ဖြင့် သင်္ခါရမှု(ရုပ်-နာမ်-စုံ-ပုံ)ကို

ပြုမည်။

* သန္တါရရှိ ထိုရုပ်-နာမ်-စုံ-ပဲ့တို့မှ ပြုရာသိ ဝိညာဏ်ပေါ်စေမည်။

* ထိုပြုရာသိ ဝိညာဏ်အတိုင်းလျှင် ရုပ်-နာမ်စုံခန္ဓာစုများ အကုန်ပေါ်လွင်လာစေသည်။

သင်သည့် ထိုပြုရာသိ ရုပ်နာမ်စုံအကုန်ပေါ်ခန္ဓာများကို အမှတ်မဲ့သည်အတိုင်းချည်း လွှတ်ပေးထားသော်···

* မျက်စိများကလည်း ထိုအကြည့်နှင့်ထိုအသိ ထိုလိုပင် ခံစားမိကြမည်သာ။

* နားများကလည်း ထိုအကြားနှင့်ထိုအသိ ထိုလိုပင်ခံစားမိကြမည်သာ။

* နှာများကလည်း ထိုအနံ့နှင့်ထိုအသိ ထိုလိုပင်ခံစားမိ ကြမည်သာ။

* လျှာများကလည်း ထိုအရှိနှင့်ထိုအသိ ထိုလိုပင်ခံစားမိကြမည်သာ။

* ကိုယ်များကလည်း ထိုအထိနှင့်ထိုအသိ ထိုလိုပင် ခံစားမိကြမည်သာ။

* မနောကလည်း ထိုသဘောနှင့်ထိုအသိ ထိုလိုပင်ခံစားမိကြမည်သာ။

ခံစားခြင်းက ထိုလိုဖြစ်နေလျှင် မှတ်သားခြင်း၊ ကြောင့်ကြစိုက်ပေးခြင်း၊ ဆုံးဖြတ်ပေးခြင်းများနှင့် ရောလိုက်လာကြသောအကြိုက်ကျ(မကျ)များကလည်း ထိုလိုချည်းသာ အကြိုက်ကျစေတော့မည်။ ဤလိုကား ဖြစ်လာလိမ့်မည်မဟုတ်။

ထိုအကြိုက်ကျ(မကျ)မှ(အမှတ်မဲ့နေဆဲဖြစ်နေ၍)ဆက်လက်တက်လာသော် အစွဲ-အတေး-ဥပါဒါန် စသည်များကလည်း ဧရိတ်ပင်က သရက်သီး-သီးလိမ့်မည်မဟုတ်ပြီ။

ထိုစက်ပတ်လည်ပတ်ရာ၌ လေ့လာကြည့်က အစွဲပါသောသိစိတ်နာမ်နှင့် ရုပ်-နာမ်တို့ သူ့နေရာနှင့်သူ အရောရောအနှောနှောအပြန်အလှန်ကျေးဇူးပြု၍ပါနေကြချေရာ···

(က) ပဋ္ဌာန်းဒေသနာတော်၏ ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စယသတ္တိ (အကြောင်းခံ-အကြောင်းခံအတိုင်း ဖြစ်ပေါ်လာခြင်း၊ အကြောင်းခံ၏ လက်စွမ်းပြသတ္တိ) များလည်း ပေါ်လွင်နေချေပြီ။

(ခ) ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၏အစ အခြေတည်အတိုင်း အရှိန်ဖြင့် ကွင်းဆက်မပြတ် လိမ့်ဆင်း လှန်ဆင်းများလည်း ပေါ်လွင်နေချေပြီ။

(ဂ) ခန္ဓာငါးပါး ရုပ်သဘာဝ၊ နာမ်သဘာဝများ၏ သူ့အစုနှင့်သူ သူ့အလုပ် သူလုပ်သွားပုံများကလည်း ပေါ်လွင်နေချေပြီ။

ထိုတွင်···

ပဋ္ဌာန်းသမုပ္ပါဒ်တို့ကား ပြပြီးလည်းဖြစ်၊ ပြဆဲလည်းဖြစ်၍ အထူးမဆိုပြီ။ သင်၏ခန္ဓာနှင့်အလျှပွဲ အတူတွဲခုတ်ကြပုံများကိုသာ ဤ၌အထူးဆိုတော့မည်။

* ခန္ဓာကား··· အစု

* ဥပါဒါန်ကား··· အစွဲ

ထိုနှစ်ခုအတူတွဲလိုက်သောအခါ ခန္ဓုပါဒါန(ခန္ဓုပါဒါန်)သို့မဟုတ် ခန္ဓာစွဲဟူသောအမည် ပေါ်ထင်လာ၏။ စုမိ၍ဆက်- ဆက်မိ

ရှိစွဲ အစွဲမိလျှင်လည်း တစ်ဖန်ပြန်လည်၍စုဦးမည့်(ဆက်ဦးမည့်) သဘောပင်တည်း။

ထိုအစုနှင့်အစွဲ ဝေခွဲပြရသော်…

အစုသည် အစွဲမဟုတ်။ အစွဲသည်လည်း အစုမဟုတ်ချေ။

**အစွဲကားအစွဲ အစုကားအစုမျှသာ။ အစွဲကားဥပါဒါန် အစုကား ခန္ဓာ။**

သို့တစေလည်း ကားနှင့်မောင်းသမား အတူထားက (ကားက ကား၊ မောင်းသမားက မောင်းသမား တခြားဆိုသော်မှလည်း) မောင်းသမားကြောင့် ကားပြေးရ၏။ ကားရှိသေး၍ မောင်းပေးရ၏ ပမာ အမှတ်ကင်းသူတို့ခန္ဓာနှင့်အစွဲ ထိုအတွဲကား အမြဲတွဲနေကြရ မည်သာ။

အကယ်တိတိ သင်သည်-

အထက်ကဆိုခဲ့ပြီး စက်၏လည်ပတ်ရာ ကွင်းဆက်တို့ကို ကိုင်တွယ်သုံးသပ်လျက်က စက်၏အတွင်း အမှတ်ဆင်း၍လည်းကောင်း၊ ခန္ဓာတွင်း အမှတ်ပင်း၍လည်းကောင်း၊ သင်ပြုကျင့်တတ်ခဲ့လျှင် သို့မဟုတ် ဘာလုပ်လုပ် လုပ်သမျှကို အမှတ်နှင့်တွဲ၍ သင်မဲစားတတ်ခဲ့လျှင်-

၁။ ရုပ်စုသည် ဖောက်ပြားတတ်(လှုပ်ရှားတတ်) ရုံကလွဲ၍ သူ့သတ္တိဘာမျှမရှိ။ ပြီးပြီးပျောက်ပျောက်။

၂။ ဝေဒနာသည် ခံစားတတ်ရုံကလွဲ၍ သူ့သတ္တိဘာမျှမရှိချေ။ ပြီးပြီး ပျောက်ပျောက်။

၃။ သညာသည် မှတ်သားတတ်ရုံကလွဲ၍ သူ့သတ္တိဘာမျှမရှိချေ။ ပြီးပြီးပျောက်ပျောက်။

၄။ သင်္ခါရသည် တွန်းအားပေးတတ်ရုံကလွဲ၍ သူ့သတ္တိဘာမျှ မရှိချေ။ ပြီး-ပျောက်၏။

၅။ ဝိညာဉ်သည်လည်း သိတတ်ရုံကလွဲ၍ သူ့သတ္တိဘာမျှမရှိချေ။ ပြီး-ပျောက်ပြီ။

ထိုအစုများသည် သံထည်မှ သက်မဲ့အစိတ်အပိုင်းများကို အချိတ်အဆက်ကျနစွာဖြင့် တည်ဆောက်ပေးရာမှ ထိုအစိတ်အပိုင်းများက အသက်ဝင်ပြကာ ရှေ့တိုးနောက်ပြန် အစုန်အဆန်ဖြင့် ပြေးလွှားခုန်ပေါက်ကားတစ်စီး(ကားတစ်စီးသော်မှ မေတ္တာမောင်အမည် တပ်ထားသေး) ဟူ၍ လူသုံးအဖြစ် ခရီးရောက်ပုံမျိုးဆိုက သဘောပေါက်ရာ၏။ သို့စဉ်လျက်...

ထိုကား ထိုသို့ပင် ပြေးလွှားပေးနေသော်လည်း...

လူတို့ကဲ့သို့ မောသည်ပန်းသည် မပြောချေ။ နားဦးမည်ဟုလည်း မဆိုချေ။

သည့်အတူ ကားဆိုသော ထိုသက်မဲ့အစုများသည်

* ဒီဇယ်စားကား ဒီဇယ်များကြွေးထားလည်း ပြုံးမပြ။

* ဒီဇယ်စားကား ဒီဇယ်ဆီမရ၍ ဓာတ်ဆီပြောင်းကြွေးလည်း ဓာတ်မတည့်၍ (သူ့ဓာတ်စာမဟုတ်၍) မသွားလျှင်သာနေမည် မဲ့မပြ၊ နှုတ်ခမ်းမစူ-မငြူစူ။ သည့်အတူ ဓာတ်ဆီစားကားများလည်း အမဲ့အပြုံး လုံးလုံးမလုပ်ကြပါ... ။

ဘာ့ကြောင့်နည်း။ အစုနောက် အစွဲရောက်မလာကြသောကြောင့်။ သို့ကြောင့်လျှင် ကားသေ၍ ကားတစ္ဆေမရှိ ကားဝင်စားဟူ၍လည်း မကြားစဘူးချေ။

ဤသို့ ထုတ်ဆိုပြခြင်းသည်-

အစုနှင့်အစွဲတို့အကြား ဝေဒနာကိုသတိဖြင့် ဖြတ်တား တားကာ သင်ခံစားပေးတတ်ပါက ခန္ဓာ၏အစုကား အစုမှုဖြင့်ပင် ပြီးပြေသွားမည်ကို သင်သိစေလိုရင်းတည်း။

ကျန်အဝိဇ္ဇာနှင့်တကွ (အဝိဇ္ဇာ၊ သင်္ခါရတို့အကြား ဘဝနှင့်ဇာတိအကြားရှိ) အဖြတ်-အပတ်အားလုံးလည်း သင် သိသာလောက်ပြီ။

## ၃။ ကုသိုလ်မှ အဗျာကတအဖြစ်သို့

**မျိုးစေ့တွေဘယ်လောက်များစေ ဖိုခွင်တင်လှော်သင်း**
**မျိုးပင်မကြွင်းစေ့**

အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ၊
ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ၊ ကုသလံ အနိစ္စတော ဒုက္ခတော
အနတ္တတော ဝိပဿတီတိ
စေတောပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿစိတ္တံ
ဇာနာတိ။

ရဟန္တာအရှင်မြတ်သည်
အရဟတ္တမဂ်မှအထ ထိုအရဟတ္တမဂ်ကို ပြန်လည်ကာ ဆင်

ခြင်း၏။ ရှေးက ကောင်းစွာပြုခဲ့၊ လေ့ကျက်ခဲ့ဘူးရာ၊ ကုသိုလ်အားလုံး ကိုလည်း မမြဲ-ဆင်းရဲသဘောပဲဟူသော လက္ခဏာအမြင်ဖြင့် ဆင်ခြင် ၏။ သူတစ်ပါးတို့အတွင်းကိန်းစိတ်ကို သိပိုင်သော စေတောပရိယ အဘိညာဉ်ဖြင့် ကုသိုလ်စိတ်နှင့် ပြည့်စုံနေသူ၏ စိတ်ထားကို သိပိုင် နေ၏။

ထိုသို့ပင် သိပိုင်နေသော်လည်း

ထိုအရှင်၏သန္တာန်တော်ဝယ် ကုသိုလ်ဇော စောခြင်းမရှိ၊ အကုသိုလ်ဇောလည်း ကင်းဘိ၏။ ထိုကုသိုလ် (အကုသိုလ်)တို့ အစား ထို၏အမှုအရာပြ ကြိယာဇောမျှသာ... ။ (ပဋ္ဌာန်းဒေသနာတော်)

ဤအပိုင်းသည် ကုသိုလ်မှအဗျာကတသို့ ပြဆိုရာအပိုင်း ဖြစ် ၏။ သို့မဟုတ် ကောင်းမှုပြုရင်းက မဂ်ရှင်-ဖိုလ်ရှင် နိဗ္ဗာန်ဝင်ဖြစ်ရာ အပိုင်းတည်း။

ထိုအဗျာကတတွင်လည်း ဝိပါက်အဗျာကတ မပြတော့ဘဲ (၄င်းကားကုသိုလ်-အကုသိုလ်တို့၌ အကျိုးပေးအဖြစ်ပါပြီးပြီ။) ကြိယာမျှကိုသာ (သံမှအောင်သွားသော ဓာတ်လုံးသံကဲ့သို့ လေး သော်မှသံလည်းမဟုတ်၊ သံချေးလည်းမစား သံအမှုအရာပြမျှသာ သို့သော စိတ်ထားမျိုးကိုသာ) ဤ၌ပြတော့မည်။ ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း၊ အဘိဓမ္မာသက်သက်နည်းများနှင့် ရုပ်ခန္ဓာပိုင်းဆိုင်ရာ၊ နာမ်ခန္ဓာပိုင်းဆိုင်ရာများလည်း ပြီးခဲ့သောကုသိုလ်မှ အကုသိုလ်သို့ အပိုင်းတုန်းကပင် အကျယ်ဝေဖန်ပြခဲ့ပြီး ရှိနေ၍ ဤ၌မပြသာတော့ ပြီ။ သို့ကြောင့် ပဋ္ဌာန်းဒေသနာတော်ပါဠိနှင့်တကွ ဆိုင်ရာအဓိပ္ပာယ် များကိုပါ လိုရင်းမျှလောက်သာ ထုတ်ဆိုပြသွားတော့မည်။

သို့ဆိုသော်...

ရဟန္တာအရှင်မြတ်၌ ဥပါဒါန်နှင့်ခန္ဓာ နှစ်ဖြာရှိရာတွင် ခန္ဓာမျှသာကြွင်း ဥပါဒါန်စွဲအားလုံးကား ကင်းစဲသွားပြီဖြစ်ရာ…

* ဘာလုပ်လုပ် ကုသိုလ်ဇောကျနေရာ အမူအရာပြကြိယာဇောမျှသာ ရှိတော့မည်။
* ဘာလုပ်လုပ် အကုသိုလ်ဇောကျနေရာ အမူရာပြကြိယာဇောမျှသာရှိတော့သည်။

ထိုမျှသာ ထုတ်ဆိုဖို့ရှိတော့သည်။ ထိုမျှထုတ်ဆိုမိသော်…

(က) အရင်းအမြစ်မပါသော သစ်ပင်ကဲ့သို့ အသက်ဝင်တော့မည်မဟုတ်တော့သည်ကတစ်ကြောင်း။

(ခ) အစမူတည်ကတည်းက ကုသိုလ်မှအဗျာကတသို့ ညွှန်းဆိုထားသည်ကတစ်ကြောင်း ထိုအကြောင်းနှစ်ချက်တို့ကိုစွဲမှီ၍

ကံကုသိုလ်ခေါ် ဒါန-သီလတို့မှပင် ဉာဏ်ယှဉ်တိဟိတ်အဖြစ်ဖြင့် ထိုဒါန(သီလ)တို့အပေါ် ရှုသိလျက်က မဂ်အဆင့်ဆင့်ဖြစ်ပေါ်လာပုံပြဆိုမည်။

ထိုမှနောက် ထိုအောက်မဂ်အဆင့်ဆင့်တို့ဖြင့်ပင် ထိုဒါန ထိုသီလတို့ကိုပြုကျင့်ကာ အရဟတ္တမဂ်ရ ဖြစ်ပုံပြဆိုမည်။

ထို့နောင် ထိုအရဟတ္တမဂ်ရ ရဟန္တာဘဝမှပင် ရပြီးမဂ်နှင့်တကွ နောက်နောက်က ပြုကျင့်ခဲ့ပုံများဆင်ခြင်ကာ ကြိယာဇော (ဝမ်းသာခြင်းလည်းမဖြစ်၊ ဝမ်းနည်းခြင်းလည်း မဖြစ် ကုသိုလ်လည်းမရ၊ အကုသိုလ်ပြစ်ထဲသို့လည်း မကျတော့သော အမူအရာမျှဇော) မျှ ဖြစ်ပုံဆက်ပြရသော်-

* စာရှုသူသင်လည်း လိပ်ပတ်လည် ရှင်းလင်းသွားလေရာ၏။
* ကျမ်းရိုး၏ကျောရိုးလည်း ခိုင်မာတောင့်တင်းလေရာ၏။

* ငါတို့လည်း လိုသေးသည်ဟူသော စွဲချက်မှ လွတ်ကင်းလေရာ၏။

သို့ကြောင့် လိုရင်းမျှပြမည်ဆိုသော်လည်း ကုသိုလ်မှတစ်ဆင့် မဂ် တစ်ဖန် အောက်မဂ်အဆင့်ဆင့်တို့မှ အရဟတ္တမဂ်အကျ ကြိယာဇောမျှ ဒေသနာစဉ်၍ပြမည်။

သေက္ခါဝါ - ပုထုဇ္ဇနာဝါ

(က) ကုသလံ အနိစ္စတော ပ အနတ္တတော ဝိပဿန္တိ။

(ခ) ကုသလာခန္ဓာ

စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ယထာကမ္မုပဂဉာဏဿ အနာဂတံသဉာဏဿ

အာဝဇ္ဇနာယ ။ ။

(က) - သေက္ခခေါ် မဂ်အရာ-ဖိုလ်အရာသို့ ကျင့်ဆဲသောတာပန်စသည်တို့သည်လည်းကောင်း၊

- ပုထုဇဉ်ခေါ် ဝိပဿနာဉာဏ်အဆင့်ဆင့် ပွင့်ဆဲသော အရိယာနွယ်ဝင်တို့သည်လည်းကောင်း၊

မိမိပြုကျင့်ဆဲ ဒါနမှု-သီလမှု(ကျင့်မှု)တို့အပေါ် ဖြစ်ပျက်ပေါ်လွင် လက္ခဏာအမြင် ဝင်စေလျက်က ဝိပဿနာရှုကြကုန်၏။

(ခ) ကုသိုလ်အစု ဒါနမှု-သီလမှု(ကျင့်မှု)များကလည်း ဈာန်၏ အလျဉ် ဆင်ခြင်စိတ်ဖြင့်ပင် စေတောပရိယဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ယထာကမ္မုပဂဉာဏ်၊ အနာဂတံသဉာဏ်များက ကျေးဇူးပြုပေးဦးမည်။

ဤကား ပါဠိတော်များ၏ ဆိုလိုချက်တည်း။

## စားပါလျှင် စားရာမှပင် ရန်သူကိုသေစေ၏

* ဒါနမြောက်အလှူရှင်သည် ကာမအရောင်အသွေးကို စွန့်လွှတ်၍ ပါရမီဆင် ကောက်ဝတ်ခြင်း၊
* ဒါနမြောက်အလှူခံသည် ကာမကိုကွင်းစွပ်၍ အစပ်ကိုကားဖြတ်တောက်ပစ်ချခြင်း။

အလောင်းတော်တကာ သူတော်စွာတို့ ပြုကျင့်မြဲဒါနသည် ငါ-ငါ့ပစ္စည်း-ငါပိုင်သည်ဟူသော အစွဲကို ပစ္စည်းလက်လွှတ် အစွဲပါကျွတ်စေသော ပါရမီတန်းဝင် ဒါနမျိုးများဖြစ်နေကြခြင်းကြောင့် ရင်ဝစူးနေသောဓားကို နှုတ်ချွတ်ရာလက်နက်တည်း။

အလောင်းတော်တကာ သူတော်စွာတို့ စောင့်စည်းမြဲ သီလသည်လည်း အာရုံတို့နောက်မှ ကပ်ပါလေ့ရှိသော ပညတ်၊ တစ်ဖန်ပညတ်နှင့်အတူ ပူးဝင်လာတတ်သော ကိလေသာတို့ကို ကာဆီးပေးရာ ပါရမီခန်းဝင် သီလမျိုးဖြစ်ခြင်းကြောင့် အဝေးပစ်ဓားကို ကာကွယ်ပေးနေသော လွှားကာများတည်း။ သို့ကြောင့် ထိုအလောင်းတော်တို့၏ ဒါန-သီလများသည်-

သာမန်ပုထုဇဉ်(အန္ဓဗာလ ပုထုဇဉ်အမည်ရ ကန်းကလည်းကန်း မိုက်ကလည်းမိုက် မတွေ့လိုက်နှင့် တိုက်ဖြစ် ခိုက်ဖြစ် သွားလေ့ရှိသော ကိလေထူပွားလူတန်းစား) တို့ ပြုကျင့်လေ့ရှိသော နောင်ငါကောင်းစားရေးရှမျှော်လျက်က စွန့်ဆွဲ ဆွဲခြင်းမျိုးကဲ့သို့ မရောက်သေးသောဓား (နောင်ဖြစ်ဘဝဒုက္ခ၊ ကာမဒုက္ခတို့ကို) ရင်ကော့ခံ

ထားခြင်းလည်း မဟုတ်ချေ။

တစ်ဖန် သာမန်ပုထုဇဉ်တို့ စောင့်လေ့ရှိသော (သီလကိုသာယူ၍ ဥပုသ်စောင့်ခြင်း အလျဉ်းကင်းသော) အာရုံနှင့် ကိလေသာတို့ကို စောင့်ခေါ် ခေါ်ခြင်းမျိုးကဲ့သို့ ရန်သူကို မိတ်ဆွေအဖြစ် သတ်မှတ်လျက်က သူခိုးဓားရိုးကမ်းခြင်းမျိုးလည်း မဟုတ်ချေ။

စင်စစ်အားဖြင့်ကား ထိုအလောင်းတော်တို့ ဒါန-သီလပြုကျင့်ပုံများမှာ လူတို့မစင်စွန့်လွှတ်ချပြစ်နည်းပမာ လက်ရှိဘဝနှင့်စည်းစိမ်တို့သည် ငါ-ငါ့ပစ္စည်း-ငါပိုင်သည်ဟူသော တဏှာ-မာန-ဒိဋ္ဌိတို့နှင့် လုံးထွေးနေသဖြင့် လက်ရှိများကား စေတနာအကျိုးပေး သက်သက်မရသော ပစ္စည်းမျိုးမဟုတ်ရကား··· ဤလက်ရှိများသည် စင်ကြယ်သောအကျိုးပေးမဆိုသာပြီ။

ထိုမစင်သော (ပပဉ္စအချဲ့မကင်းသော) စေတနာနှင့် ဝတ္ထုများကို ဤ၌ ငါလည်းမစွက်၊ ဝတ္ထုဘက်လည်းမပါ၊ ပုဂ္ဂိုလ်မှာလည်း မစွဲမက် သက်သက်သော စေတနာလေးမျှသာ ဖြစ်တည်ရန် ရှုမှတ်မှုဖြင့် ပစ္စည်းလွှတ်၍ အစွဲကိုပါ စွန့်ပယ်ပစ်ချလိုက်ရသော ပါရမီဖြည့် ဒါနမျိုး(သီလမျိုး) တို့ချည်း ပြုကျင့်နေကြသည်ဖြစ်ရာ အလောင်းတော် အရာဝင် သင်၏ဒါန(သီလ) ထိုပြုကျင့်မှုက-

* ချုပ်အောင်လှူသဖြင့် ချုပ်ရာနိဗ္ဗာန် ဝင်စံဘို့လည်း တာဝန်ယူသည်။
* ချုပ်အောင်လှူသဖြင့် ကိလေသာထိန်ငုတ် ကံရိက္ခာထုပ်ဖြင့်သာ သံသရာလည်ရန်လည်း တာဝန်ယူသည်။

သို့ကြောင့် ထိုအလှူမျိုးသည် ဗုဒ္ဓဘာသာဝင်တို့သာ အခွင့်အရေးရစေမည့် သုံးသာသုံး၍မစွဲစေသော အစွဲလွှတ်ဒါနမျိုးတည်း။

## နတ်တလူစာစဉ်

ထိုဒါနမျိုး(သီလမျိုး) ပြုကျင့်တတ်ရန်မှာ သင်၌

(က) ငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့၏ အာရုံကိုကျော်နင်း၊ တရားနှလုံးသွင်း ခေါ် သရဏဂုံပါမှ ဖြစ်နိုင်သည်။

(ခ) ငါ-ဝတ္ထု-ပုဂ္ဂိုလ်တွင် ဖြစ်ပျက်စင်းစင်း တွေ့သိခြင်းခေါ် မမှာရုံ ဂုဏ်သတ္တိပေါ်လွင်မှ ဖြစ်နိုင်မည်။

ငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့နှင့်တကွသော သံသရာနယ်ချဲ့ တဏှာ မာန ပပဉ္စအဖွဲ့အချည်တို့ကို စွန့်လွှတ်ပစ်ချထားခဲ့နိုင်ခြင်း၊ သံသရာ သို့ ဘဝမြင့် စည်းစိမ်ကောင်းများဖြင့် ကာမအာရုံကျန်၊ ခံစံလျက်က ပါရမီဘက် အသက်ဆက်ပေးနိုင်ခြင်း၊ ငါ-သူ-ဝတ္ထုတို့ကို ပ-မဂ် ဖြင့် ငါကိုသတ်၊ ဒု-တတို့ဖြင့် သူကိုသတ်၊ စ-ဖြင့် ဝတ္ထုခေါ် ဘဝနှင့်တကွ ကျန်သမျှသတ်ချစေကာ ဖြစ်ပျက်မစပ် အငြိမ်းဓာတ် သက်သက်ကိုချည်း ခံစားတော့ခြင်း၊ ထိုသုံးဆင့်တို့ဖြင့် အဆင့်တက် ခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်ပင် မဟုတ်လော။

သို့မဟုတ် သင့်လက်ထဲရှိ ဝတ္ထုနှင့်အာရုံများကို အပါယဘေး၊ ကာမဘေး၊ ဘဝဘေးဆိုး ဒုက္ခအမျိုးမျိုးတို့မှ ကင်းဝေးစေရန် ဝတ္ထု အာရုံများကို ဒါန-သီလတို့ဖြင့် စေတနာအဖြစ်သို့ပြောင်း။ တစ်ဖန် ထိုစေတနာကိုလျှင် အကုသိုလ်စေတနာမှ ကုသိုလ်စေတနာသို့ ပြောင်း၊ တစ်ဖန် လိုကုသိုလ်ဇောမှပင် စေတနာသုဉ်း ကြိယာဇောသို့ အထိ ပြောင်းပေးနေခြင်း။ ထိုစဉ်ရှိ သင်ဆိုသော အလှူရှင်သည် ဝတ္ထု၊ ကာမ၊ ပစ္စည်းပေါ်၌ လိုလားစိတ်မကင်းသေးခြင်း၊ ကိလေသာ၊ ကာမ၊ ငါ-ကြိုက်-ပိုင် စိတ်ယုတ်တို့ကို လက်ခံထားခြင်း၊ ဝတ္ထုနှင့်အာရုံ ထိုနှစ်စုံတို့ကို စွန့်လွှတ်ရ၏။ သူဆိုသော အလှူခံသည်ကား ထိုအလှူ ရှင် စွန့်ချလှူဒါန်းသိုက်သော ဝတ္ထုကာမကို လွဲပြောင်းအလှူခံလိုက်ရ

သည်ဖြစ်ရာ မသုံးတတ် အစွဲဝင်ဘိုသေချာသည်။

ဝက်သားဟင်းကိုမြင်ရုံ၊ အနံ့ခံရုံ၊ ထိရုံမျှဖြင့် လက်လွှတ်လိုက်သော အလျှုရှင်နှင့် ထိုဟင်းကို အလှူခံလျက်က ကိုယ်တိုင်ထိတွေ့စားသုံးသူ မည်သူ့၌ ကိလေသာ ကာမပိုလွန်မည်နည်း။

ဟင်း၏တာဝန်သည် အရသာလျှင် အဓိကဖြစ်နေချေရာ ထိုအရသာနှင့် ဆက်ဆံရသူ ထိုအလှူခံကား အစားမတတ်၊ အမှုပတ်ဖို့သေချာသည်။ သို့စဉ်လျက်…

သီဟိုဠ်ပြည်(သီရိလင်္ကာ)တွင် သာသနာတော်ထွန်းကားလှသော သာသနာ့သက်တမ်း တစ်ထောင်ဝန်းကျင် ခေတ်ကာလတုန်းက စားရာတွင် သတိတင်ကာ အသိယှဉ်စေသောနည်းဖြင့် ရဟန်းတော်တို့ သုံးမြဲသောအဟာရတို့ကို သုံးဆောင်မှီဝဲတော်မူကြလေရာ ထိုသီဟိုဠ်ရှိ ဆွမ်းစားကျောင်းဇရပ်မှန်သမျှ ရဟန္တာမဖြစ်ခဲ့ဘူးသောနေရာမရှိနိုင်။ သတိသာပါ မဂ်ကကိလေသာတို့ကို နေရာမရွေး သတ်နိုင်ခြင်း၏သက်သေတည်း။ သို့ဆိုသော် လှူသူများမှာလည်း လှူစဉ်ကာလ၏လှူရာတွင်ပင်လျှင် ထိ-သိပေါ်တွင် သတိတင်ကာ ဉာဏ်နှင့်အသိပါ မြင်စေသော် ထိုအလှူက ဈာန်-မဂ်သို့ ကျေးဇူးပြုဖို့သေချာနေချေပြီမဟုတ်လော။

ဤစာစဉ်သည်

* ခန္ဓမှဥပါဒါန်တို့ကို ခွဲထုတ်ဖျက်ဆီးပေးရာ စာစဉ်ဖြစ်သည်က တစ်ကြောင်း၊
* ရောက်ဆဲအပိုင်းသည်လည်း ကုသိုလ်မှုကြီးယာသို့ ပြောင်းပေးရာဖြစ်နေသည်ကတစ်ကြောင်း၊ ထိုနှစ်ချက်တို့နှင့် ကိုက်ညီစွာ ဒါန-သီလ ကုသိုလ်မှု ကြီးယာဇောဆီသို့ ဤမှနေတွန်းပို့

ပေးတော့မည်။

၁။ အဇ္ဈိကကမ္မဋ္ဌာန်းစီးဖြန်းသူ သူတစ်ဖက်၏ အပြုံးကြားမှ သွားကိုမြင်ရုံမျှပင် အရိုးစုအသွင် တစ်ကိုယ်လုံးသို့ ထင်မြင်စေကာ မဂ်သို့ဝင်နိုင်၏။

၂။ ဗုဒ္ဓါနုဿတိစီးဖြန်းသူ မိမိအာရုံယူရာပုံရိပ်မှ ဂုဏ်ဟိတ်ထကြွလာကာ တကယ်ဘုရားအသွင်မြစ်စေကာ သဒ္ဓါတွင်သတိ ဉာဏ်ပညာတင်လျက်က မဂ်သို့ဝင်နိုင်၏။

၃။ ဒါနပွဲခင်းတင်သွင်းနေသူ သင်ဆိုသော အလှူရှင်သည်လည်း မိမိအာရုံယူရာ အလှူပေး၊ အလှူခံတို့၏ပုံရိပ်မှ ဂုဏ်ဟိတ်ထကြွလာကာ အတွေ့နှင့်အသိ သူ့အလှည့်ကျနှင့်သူ အပေးအယူလုပ်နေပါသည်ကို ဉာဏ်ကွန်ယက်အတွင်း ထင်းထင်းသိမြင်လာပါမူကား ရှာန်မဂ်သို့တာစူ အလံထူလျက် ဥပါဒါန်ကင်းဝေးရာသို့တက်နေပြီ။

## ကားထွက်တော့မည် ခရီးသည်တွေတက်

သက်တောင်းပန် ပင့်ဖိတ်ချက်ကြောင့်လည်းကောင်း···

သင် နှိုးဆော်ဖိတ်ကြားချက်ကြောင့်လည်းကောင်း···

မြတ်သောအလှူခံပုဂ္ဂိုလ်များ သင့်ထံသို့ ရှေ့ရှုတူရူ တာစူလျက်ကကြွရောက်ကာလာနေကြပြီ။ ထိုစဉ်ကား အလှူရှင်ဆိုသော သင့်၌လည်း···

သင့်၏အတိတ်ကံသတ္တိ၊ စိတ်သတ္တိများနှင့် လက်ရှိ၏ သခါစုံသတ္တိများသည် သင့်အားမွေးဖွားပေးရာ မိနှင့်ဖတို့ကို တံတား

ထိုးလျက်က ဘဝနှင့်ခန္ဓာစု အဖြစ်ကူးဆက်ထား၏။ တစ်ဖန် အသက်ကံ ကျန်သေးသော အနာဂတ်ဆီသို့တိုင် တစ်မျှော်တစ်ခေါ်ကြီးသော လူ့ဘဝခေါ်သင့်ဖြစ်စဉ် အမျှင်တန်းကြီးလည်း ရှိနေသေး၏။ ၄င်းတို့ကိုကား လမ်းထားအဖြစ် သင့်၏ပစ္စက္ခခေါ် လက်ရှိကာလ၏ ဖဝါးအောက်ပြားပြားမှောက် ရောက်ရှိလျက်ကသာ…

တစ်ဖန် ထိုကြွလာကြကုန်သော မြတ်သောအလှူခံ (သီလကိုပြည့်စုံစေပြီးမှ မွန်မြတ်သောစေတနာဖြင့် ပစ္စည်းများကို လက်ခံ သုံးဆောင်သူ) တို့၌လည်း သူတို့-သူတို့၊ အသီး-အသီး၊ အသက-အသကပင်လျှင် မိဘတို့မှတစ်ဆင့် အတိတ်ကံစိတ်များနှင့် ပစ္စုပ္ပန်ကံစိတ်များကလည်းကောင်း၊ ဥတုအဟာရများကလည်းကောင်း ပေါင်းကူးပေးထား၏။ ပေါင်းကူးထားသော ထိုလမ်းအတိုင်းကလျှင် ပစ္စုပ္ပန်တည့်တည့်အချိန်ဟူသော (ဖဝါးဖြင့်နင်းရာ) ဘဝဖြစ်စဉ် လမ်းပေါ်ဝယ်…

(က) သိမှုနောက်တွင် သတိဝင်ကာ အနုဉာဘိသင်္ခါရ (မတုန်မလှုပ်သိရုံမျှ မသိတသိအထိသော သင်္ခါရ) လုပ်သားများနှင့်အတူလှမ်းကြွလာကြပါကုန်၏။ ဝိညာဉ်၊ နာမ်၊ ရုပ် စသည့်လမ်းပြင် နေ့စား လမ်းလုပ်သားအားလုံးတို့လည်း လမ်းပြင်လျက်က ပါဝင်လာကြပါကုန်၏။ တစ်ဖန် ပဋ္ဌာန်း ဂွတ္တိတို့သည်လည်း…

(ခ) ဟေတုသတ္တိက အကြောင်းခံ အကျိုးဆက်ပေးရန် ညွှန်ကြားခြင်း၊ အာရမ္မဏသတ္တိက အာရုံကို အပေးအယူသုပ်ရန် ညွှန်ကြားနေခြင်း စသည့် လမ်းအာဏာပိုင်များတို့လည်း ကြီးကြပ်ညွှန်ကြားလျက်က ပါလာနေကြပါကုန်၏။

(ဂ) ထို့နှင့်အတူ ကြွ-လှမ်း-ထိ-သိဟူသော ဖဝါးနှင့် သတိနှင့် အတူ။

၁။ ထိဆိုသော ရုပ်ခန္ဓာကြီးက အထိခံရုပ်ခန္ဓာ အာရုံ စသည်တို့အပေါ် နင်းလျက်ကလည်းကောင်း၊ မိမိ၏ ဘဝခေါ်ဖြစ်စဉ်လမ်းမကြီး၏အပေါ် နင်းလျက်ကလည်းကောင်း ကားအဖြစ် တစ်လိမ့်ချင်း လိမ့်လာနေ၏။

၂။ ထို ထိဆိုသော အလှူခံ ရုပ်ခန္ဓာကြီး၏ကားပေါ်တွင် ကား...

* သိ-ဆိုသော (အစွဲသိ-အထဲသိရောရာပါ) ဝိညာဉ်က ကားမောင်းဆရာ အဖြစ်ဖြင့်ပါ၏။

* ခံစားသိဝေဒနာကား လမ်းပြအဖြစ်ဖြင့် စီးနင်းလိုက်ပါလာ၏။

* မှတ်သားသိသညာကား လမ်းမှတ်တိုင်(မိုင်တိုင်)ကြည့်အဖြစ် ပါလာ၏။

* နှိုးဆော်သိ-သင်္ခါရကား ကားပြင်ဆရာအဖြစ် လိုက်ပါလာ၏။

၄င်းတို့နှင့်အတူ ထိုအလှူခံတို့၏(ဘုတ်ကြီး) အမည်ရ ရုပ်ခန္ဓာကားကြီးပေါ်ဝယ် သိ-ဆိုသော ရောင်စုံဆိုး မျိုးစုံစိတ်နှင့် ထိုစိတ်ကို ထိန်းပေးရသူ စေတသိက်မျိုးစုံတို့သည် လည်းကောင်း၊

တစ်ဖန် ထိုစိတ်၏အဖော်အလှော်များ ဖြစ်ကြပါကုန်သော ကောင်းသော သုစရိုက်ဖော် တရားကိုယ်များသည်လည်းကောင်း၊ မကောင်းသော ဒုစရိုက်ဖော် ကိလေသာသံယောဇဉ်စသည်များသည် လည်းကောင်း ခရီးသည်များအဖြစ် ပြွတ်သိပ်ကျပ်သိပ် စီးနင်းလိုက်ပါ

လှာကြပါကုန်၏။ ကားကြီးကား မသွက် အိပက်အိပက်…။

ထိုသင်သည်လည်း ထို့အတူလျှင် ကံပြုရန်ငံ့လင့်စောင့်ဆိုင်း လျက်ကရှိသော သင်ဆိုသော အလှူ့ရှင်လမ်းထားကြီး(လမ်းမကြီး) ပေါ်မှပင် သခ်ါရစုံ၊ ဘုတ်စုံ၊ စက်ကိရိယာ အစိတ်ပိုင်းစုံ တပ်ဆင် ထားသော သင့်ရုပ်ခန္ဓာကားကြီး (ဘုတ်တလုပ်အမည်ရ)ကို ဝိညာဉ် ကားဆရာ၊ ဝေဒနာလမ်းပြ စသည်တို့နှင့်အတူ ကံစခန်း၊ ဈာန် စခန်း၊ ဉာဏ်စခန်းသုံးခုတို့အတိုင်း မောင်းနှင်လျက်က မဂ်မြို့ဖိုလ်ရုံလေးများ သို့ ခေတ္တရပ်နားပေးကာ နိဗ္ဗာန်မြို့တော်ကြီးအထိ ခရီးပြင်း(ခရီးရှည်) နှင်ရန် ပြင်ဆင်လျက်ကသော သို့မဟုတ် ဒါနမှနေ နိဗ္ဗာန်ဝင်ရန် သင် တာစူနေပြီဖြစ်ခြင်း။

အချိန်စေ့လာသဖြင့် အဆင်သင့်ကားစက်နှိုးလိုက်ပြီ။ ထိုစဉ် တစ်ဖက်အလှူခံ၏ အတိုက်ရုပ်ဓာတ်ခင်း အဆင်းများနှင့် အလှူရှင် သင်ဆိုသော မိမိ၏မျက်ကြည်ကိုယ်များ အမြင်ဓာတ် ပုံဖမ်းနေရာသို့ ဝင်ရောက်တိုက်ခိုက် တွေ့ဆုံလိုက်မိကြရာမှ သင့်ဒွိဘဝင်လေလှုပ်ခါ ခြင်း၊ နှလုံးသွေး အဆင်သင့်ပြင်ဆင်ထားလိုက်ခြင်းများနှင့်အတူ ဆင် ခြင်စိတ်(ပဉ္စဒွါရာဝဇ္ဇန်းစိတ်) ငံ့မျှော်ခြင်း၊ စိတ်(သမ္ပဋိစ္ဆိုင်း၊ သုံးသပ် ဆုံးဖြတ်စိတ် (သန္တီရဏ)၊ ဖမ်းရန်အားယူစိတ် (ဝုဋ္ဌော)၊ ဆိုး-ကောင်း -မဲ့-စိတ် (ဇောစိတ် ၇ ကြိမ်)၊ တစ်ဖန်အာရုံခံစိတ်(တဒါရုံ)များ အလုပ်လုပ်ခြင်းကြောင့် ကိုယ်ခန္ဓာကြီးလှုပ်ရှားစပြုလာနေ၏။ သက်မဲ့ သင့်ရုပ်ခန္ဓာကြီး တစ်ဖက်အာရုံ၏အတိုက်ကြောင့် လှုပ်ရှားလာရခြင်း။

ထိုလှုပ်ရှားလာသော ရုပ်ခန္ဓာကြီးနှင့်အတူ သင့်ထံရှိ သိဆို သော နာမ်ခန္ဓာခေါင်းဆောင်သည်လည်း ခံစားသိ၊ မှတ်သားသိ၊ ကြောင့်ကြသိတို့နှင့်အတူ ထိုဘုတ်တလုတ်ကားထွက်ရန် စတင်လိုက်

၏။ ခရီးသည်စုံမစုံလည်း နောက်လှည့်မေးနေသေး၏။ သူ့နောက် လိုက်များကလည်း စုံစမ်းသူက စုံစမ်းပေး မှတ်သားသူက မှတ်သား ပေး အော်ခေါ်သူက ခေါ်ဖြင့် အကြွက်စေ့၏။

ဘုတ်တလုတ်ကားကြီး ဘီးလိမ့်ထွက်လာပြီ။ ဘုတ်ကြီးကား လည်း ကပ်ပါလာပြီ။ ထိုစဉ် လမ်းလုပ်သား၊ လမ်းပြင်နှင့် လိုက်ပါ သူခရီးသည်အားလုံးတို့သည်လည်း ကျန်ခဲ့သော လိုက်ပို့သူမိတ်- မျိုးများကို လက်ဇော့လက်ရမ်းပြလျက်က နှုတ်ဆက်ခဲ့ကြလေပြီ။ ထို ကျန်ခဲ့သော လိုက်ပို့သူမိတ်-မျိုးအားလုံးတို့ကလည်း ခေါင်းမျှော် လည်ဆန့်လျက်က ရှေ့ဆက်ခရီးသည်တို့ကို ကူပုံသောအားဖြင့် ပြန် လည်နှုတ်ဆက်လျက်ကသာ။ သင်ဆိုသော အလှူရှင်သည် လှူဖွယ်တို့ ထည့်ထားရာခွက်ကို လက်ဖြင့်ကိုင်ရာ လက်ဟူသော မိမိရုပ်ခန္ဓာစု နှင့် ခွက်ဟူသော တစ်ဖက်ရုပ်ခန္ဓာစု ထိုနှစ်ခုထိမှုဖြစ်စေပြီး‥ ‥ထိုစဉ်

* ဘယ်သူသည် ထိသနည်း‥‥ လက်က
* ဘာကြောင့်ထိဖြစ်ရသနည်း‥‥ စိတ်ခိုင်း၍

ထိုတွင် ထိသည် ရုပ်ဟူသောဓာတ်စုံ၊ သင်္ခါရစုံများကြောင့် လှုပ်ရှားပေးရသောသဘာဝတရား။

* သိသည် ခံစားသိ၊ မှတ်သားသိ၊ ကြောင့်ကြသိ၊ ကိုယ်တိုင် သိဖြင့် လှုပ်ရှားစေသော သဘာဝတရား။

သို့မဟုတ် စန္ဒရားခုံပြင် လက်တင်၍ သီချင်းသံအမြည်နိုင်း လိုက်ခြင်း။ ထိုသို့ အထိ-အသိတို့လှုပ်ရှားခိုင်းစေ သူ့တာ ကိုယ့်တာ အလုပ် ခွဲဝေနေကြရာတွင်-

(က) လှုပ်ရှားပေးနေရသော ရုပ်တရားစုကလည်း မတို့လျှင်မလှုပ် တို့မှသာလှုပ်ရ၏။ ပြီးပြေသွားမြဲ သူ့မမွတာအတိုင်းသာ ပျောက်

ကွယ်သွားခဲ့သော် သင့်၌ပြဿနာမှု ဘာတစ်ခုမျှ ပေါ်လာရန် မရှိ။

(ခ) တစ်ဖန် လှုပ်ရှားစေရသော နာမ်တရားစုတို့ကလည်း မလှုပ်လျှင် မတို့ လှုပ်မှသာတို့၏။ ပြီးပြေသွားမြဲ သူ့ဓမ္မတာ အတိုင်းသာ ပျောက်ကွယ်သွားခဲ့သော် သင့်၌ပြဿနာမှု ဘာတစ်ခုမျှ ပေါ်ပေါက်လာရန်မရှိ။

သို့သော်…

ထိုသို့သော်ကား အလွန်ခြေရှုပ်မည်သို့သော်တည်း။

## တံခါးမလုံခွေးတိုး ခွေးဆိုးပါလျှင် ခိုးစားခံရမည်

လူတို့၏…

(က) အတိတ် အတိတ်က ဤသို့သော လူ့ဘဝ စသည်ကိုရစေတတ်သော သူကောင်းပြုကောင်းမှုကံ ပြုစုစီမံစဉ်ကလည်းကောင်း၊

(ခ) လက်ရှိ၌ပင် ယိုအတိတ်ကံစ ချပေးလိုက်သော ရိက္ခာထုပ်ကို ဖြေကာသုံးစဉ်လည်းကောင်း၊

* အမှုမဲ့အမှတ်မဲ့ဖြစ်နေခဲ့သော် တစ်နည်းဆိုရသော်ကား အတိုးချရာ ရရာတိုင်းတို့၌…

* အစွဲဖြင့် ခံစားမိခြင်း၊ အစွဲဖြင့် မှတ်သားမိခြင်း သို့မဟုတ် အကြွေးယူစားသုံးနေခြင်း။

* အစွဲဖြင့်ကြောင့်ကြထားခြင်း၊ အစွဲဖြင့်သိထားခြင်း သို့မဟုတ် အကြွေးစာရင်း၌ လက်မှတ်ထိုးခဲ့ခြင်း၊ တင်းလင်း(တန်းလန်း) ပါနေခဲ့သော် သူ့သဘောသူဆောင်ရာ ရုပ်အနတ္တရှိ အထိမှ ထသိသော အထဲသိခေါ် နာမ်အနတ္တသိသည် အစွဲသိခေါ်

အတ္တသိ၏ သိမ်းပိုက်ခြင်းကို မုချခံလိုက်ရတော့ရာ…

ခန္ဓာတို့၏နောက် ဥပါဒါန်ထိုးဖောက် ဝင်ရောက်လာခဲ့ပြီ။ ဥပါဒါနက္ခန္ဓာ အမည်ရစေပြီ။ ထိုအစွဲဥပါဒါန် ဝင်ရောက်လာရာသည် ရုပ်ခန္ဓာကမဟုတ် စင်စစ် ယင်းဥပါဒါန်စွဲသည်…

* ခံစားမှတ်သားရာတွင် သတိအကူမဝင်မိခြင်းကြောင့်လည်းကောင်း၊ တံခါးမလုံခြုံခြင်းကြောင့်လည်းကောင်း၊ အာရုံပုံထင်ပညတ်တင်ဖြင့် စေတနာပါအသိသို့ (သင်္ခါရဝိညာဉ်သို့) စွဲမှီလာခြင်းတည်း။

**မှတ်ချက်။** ။ ထိုစွဲမှီကိန်းခိုလာသော အစွဲသိသည် ဘဝရအပြီး သံသရာအစ ခြေချစကတည်းကပင်…။

ထို့နောက်တွင်ဝယ် တိရစ္ဆာန်ဘဝပေါင်းများစွာ ဖြစ်ပြီးမှသာ လူဖြစ်လာရခြင်း၊ ထိုတိရစ္ဆာန် အသေးစားဘဝများတွင်လည်း ရောက်ရာဘဝ၊ ရရာအာရုံတို့ကို သိမ်းပိုက်ခံစားစဉ် (အထိမှဖြစ်သောအသိကို ဖုံးပေးသော) အဝိဇ္ဇာနှင့် တဏှာယှဉ်၍ ခံစားခဲ့ခြင်းများကြောင့် အမှားကြာအမှန်ထင် ယခုတိုင်စွဲစိတ်ဖြင့်ပင် အဖတ်တင်နေသည်ကို သတိပြုပါလေ။

*** ကုသိုလ်ပြုရာမှာချည်းမဟုတ် အလိုလိုပါဟု၍ပင်။**

* ဘုရားလှစ်ဒေသနာက အထဲရှိနှင့်အထဲသိကိုရည်၍ အနတ္တ။

* အများဖြစ်နေကြသည်က အထဲရှိကို အစွဲသိဖြင့် ပုံဖော်နေကြ၍အတ္တ။

ထိုသို့ လမ်းထားနှင့် လမ်းသွားတို့ သဘောထားကွဲပြားနေချေရာ

(က) ရုပ်ခန္ဓာသည် ဘုတ်တို့ကိုဥတုက လာရောက်တိုက်ခိုက်လေ

တိုင်း အေးလျှင်တုန်ပြ သူ့သဘာဝမျှသာ။ ပူလျှင် ခုန်ပြ သူ့သဘာဝမျှသာ။ အေးလွန်လွန်း၍ဆိုကာ မပြုပြင်တတ် ပြုပြင်ရကောင်းမှန်းပင် မသိ။

(ခ) နာမ်ခန္ဓာတို့သည်ကား အဝိဇ္ဇာ၊ တဏှာဦးစီးကာ တဏှာ၊ မာန၊ ဒိဋ္ဌိများနှင့်တကွ ကိလေသာသံယောဇဉ်တရားကိုယ်တို့၏ အလိုကို လိုက်နာနေကြရပြီး

ဝိဇ္ဇာနိုင်ငံတော်ကို ဖြိုဖျက်၍ (တားဆီးပိတ်ပင်၍) အဝိဇ္ဇာနိုင်ငံတော်တည်ဆောက်ရာ၌ ပါဝင်နေကြသည်။ ရပ်သည် ပါဝင်သော်လည်း အနိုင်းခံနောက်လိုက်မျှသာ။ သာမန်ပုထုဇဉ်မိုက်မဆိုထားဘိ ကလျာဏပုထုဇဉ် တရားရှင်တို့လည်း လိုက်နာရမြဲသာ။ အရိယာပေါက်စများ ဖြစ်ကြလေသော သီလပိုင်သောတာပန်၊ သကဒါဂါမ်တို့သော်မှလည်း မာန-ငါ မကင်းကြသေးရကား မြေးမလေးသေ၍ ငိုသော ဝိသာခါမ ကြည့်က ဆက်ကြေးပေးနေရဆဲသာ။ ဤမှ နောက်ပြန်ကြည့်လိုက်သော်…

တစ်ဖန် အရိယာနွယ်ဝင် ကလျာဏပုထုဇဉ်တို့သည်လည်း ငါရှိ-ငါမရှိ၊ မြဲ-မမြဲ၊ ကောင်း-မကောင်း၊ ပိုင်-မပိုင် စစ်ဆေးဆဲကာလမျှသာ ရှိသေးရကား…

စိတ်၌ ဒါငါ့မယား အတ္တဒိဋ္ဌိကြီး ဖိစီးလျက်ကပင်မဟုတ်လော။

စိတ်၌ ဒါငါ့လင် အတ္တိဒိဋ္ဌိညွတ်ကွင်း အတင်းဝင်ဆဲပင် မဟုတ်လော။

သည့်အတူ ငါ့ပစ္စည်း၊ ငါ့သား၊ ငါ့သမီး စသည် ဒိဋ္ဌိပင်း စိတ်စွဲအတိုင်းလျှင်

(က) ပါးစပ်က ငါမရှိ၊ သူမရှိ၊ ဘုရားသင်ပေးသမျှ ဘယ်သို့ပင် ဆိုစေ စိတ်ကားအာသာမပြေရှာ။

(ခ) ပါးစပ်က ငါသည်ငါမဟုတ် ဆရာသမားသင်ပေးတိုင်း ဘယ်သို့ပင်ဆိုစေ ထစ်ခနဲဆိုငါပါမြဲသာ၊ သာမန်တို့ကား ဆိုဖွယ်မရှိပြီ။

ဘုရားနှင့်ဘုရားသား ဘယ့်ကလောက် ကွာခြားနေကြပါ သနည်း။

ဘုရားနှင့်ဘုရားသမီး ဘယ်တော့နီးစပ်ပါမည်နည်း။

သို့ကြောင့် ဗုဒ္ဓဝါဒီတို့သည် ဘုရားစကား၊ ဆရာသမားစကား တစ်ဖက်နားဝယ်ထားလျက်က မိမိနှင့်အများ သွားနေကြ လာနေကြပုံ များကိုလည်း ပြန်လည်စစ်ဆေးကြကုန်ရာသည်။

လူသားတိုင်း အကျိုးရှိ အပြစ်ကင်း ကောင်းခြင်းဆုံရာ မင်္ဂလာ ကိုသာ လိုလားကြ၏။ လိုလားသည့်အတိုင်းလည်း ကောင်းကံ တည်ဆောက် ကောင်းလောက်ရာများကိုသာ ရွေးဆည်စုဆောင်းနေကြ မြဲဖြစ်၏။ သို့စဉ်လျက် ဘာ့ကြောင့် အချို့ကာမအပြစ် အချို့ပါပ အပြစ် အချို့ဘဝအပြစ် သင့်ဒုက္ခမီးပွင့်နေကြရပါသနည်း။

## တံခါးလုံရာခွေးတိုး တိုးလာသောခွေး ခေါင်းခါပြေးလိမ့်

ခန္ဓာကိုမှီ၍ဖြစ်သော အာယတန(သဠာယတန) များသည်

(က) အဆင်း၊ အသံ စသည့်တစ်ဖက် အတိုက်ကလည်း သူ့ အကြောင်းနှင့်သူ ...

(ခ) မျက်စိ၊ နား စသည့် မိမိဘက်အခံကလည်း သူ့သဘောနှင့်

သူ…

ထိုခြောက်စုံတို့ပက်ပင်းကြုံ(တွေ့ကြုံ) ဆုံဖြစ်လိုက်မိစဉ် ဆိုင်ရာတံခါး သတိအစောင့်ချထားခြင်းဖြင့်သာ တွေ့ခွင့်ပေးခဲ့ပါသော် သူ့အကြောင်းလည်း ကိုယ့်ထံကျန်ရစ်စေမည်မဟုတ်။ ကိုယ့်အကြောင်းလည်း သူ့ထံပါသွားစေမည် မဟုတ်ချေ။ သို့ကြောင့် တစ်ဖက်နှင့်တစ်ဖက် အကြောင်းပါသည့်စကား ပြောစရာမကျန်စေ။ မြင်-မြင်ရုံမျှဖြင့်ပင်(မှန်ရှေ့အရိပ်ဖြတ်ပမာ) ပြီးပြေသွားစေ့မည်။ ကြား-ကြားရုံမျှဖြင့်ပင် (မိုးချုန်းသံပမာ) ပြီးပြေသွားစေ့မည်။

သည့်အတူ အနံ့၊ အရသာ၊ အတွေ့၊ အငွေ့အားလုံးတို့လည်း သဘောများသိလျှောင်ရာအတွင်း မနှောကိန်းအထိ မရောက်၊ သူ့ဆိုင်ရာတံခါးပေါက်ဝမှာပင် ပြီးပျောက်သွားကြမည်။

ထိုသို့ဖြစ်ရန်မှာ အလှူ့ရှင်ပါဆိုသော ထိုသင်သည်-

(က) မြင်မှု-ကြားမှုစသည် မည်သည့်တံခါးများမှ မည်သည့်အမှုပေါ်လာစေ…

(ခ) ကြိုက်စော်ကား မုန်းပြစ်မှား စသည် မည်သည့်အမွေ မည်မျှအမှုဆိုင်လာစေ…

(ဂ) ကြံမှု-ပြောမှု-ပြုကျင့်မှု စသည် မည်သည့်ကာယ မည်မျှလှုပ်ထန် အမှုပြုစေ…

ဖြစ်ဆဲပေါ်တွင် သတိတင်ကာ ရှုဆင်ခြင်ခြင်းဖြင့်-

အမှုဖြစ်ပွားခြင်း၏အကြောင်းခံ အမှန်ဖော်ထုတ်ပေးလိုက်ခြင်းမှတစ်ပါး အခြားမရှိချေ။

* ကမ္မဋ္ဌာန်း(ကမ္မ-ဋ္ဌာန) ဟူသည် ရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုများကို စစ်ဆေးရာဌာနပင်တည်း။

* ကမ္မဋ္ဌာန်းထိုင်ဟူသည် သူ့ဆိုင်ရာဌာနပေါ်တွင် သတိတင်၍ ရှုဆင်ခြင်ပေးနေရခြင်းပင်တည်း။

သို့ကြောင့် ထိုင်ဆိုသောစကားသည် ရုပ်ထိုင်ကို မဟုတ် (ရုပ်ထိုင်စေရခြင်းကား စိတ်အထိုင်မကျသေး၍သာ) စိတ်ထိုင်ကို ဆိုချေရာ စိတ်ကသာကမ္မဋ္ဌာန်းထိုင်တတ်လာလျှင် (ထိုင်ရခြင်း၏ရည်ရွယ်ရင်းကို သဘောပေါက်နေလျှင်) စားစား-သွားသွား-နားနား-နေနေ ထိုသင်ကား ထိုင်လျက်ကချည်းသာ။ သို့ကြောင့်

ထိုသင်သည်-

စားလျှင်လည်းစားမှုကို စစ်သောအားဖြင့် သတိဖြင့်တွဲ သူ့အကဲကြည့်ပေး။

သွားလျှင်လည်း သွားမှုကိုစစ်ရင်းက သွားနည်းဖြင့်သာ သတိဖြင့်တွဲ သူ့အကဲကြည့်ပေး။ သည့်အတူ ထိုသင်သည် သင့်ထံ၌ ဘာအမှုပေါ်စေ အစွဲသိကကောင်းသည် ဆိုး၏ ဘာဘဲ-ညာဘဲ- အမည်လွဲဖြင့် ဘာပဲပြောနေနေ သင်သည် ပြီးပြီးရောအဖြစ် သူ့အပြောချက်ချင်း အတည်မပြုပေးဘဲနှင့် တွေ့သည်နှင့်မှတ်ချက်ယူ ပြီးသော်လက္ခဏာအမြင် ခုံရုံးတင်ပြီးမှသာ အတည်ပြုချက်ရယူသင့်၏။ ထိုနည်းဖြင့်ပင် လာသမျှကိစ္စ အမှန်ဖော်ပေးလိုက်ရသည်သာ။

## ထားရာသို့ စိတ်အားလုံး စုရုံးလာသောအခါ

သင်ဆိုသော အလှူရှင်သည်-

လက်ဖြင့် အလှူပစ္စည်းထည့်ရာခွက်ကို ကိုင်လျက်ကလာသော အလှူခံ၏ထံ ပေးလှူသော(ပေးကမ်းသော) အားဖြင့် ပစ္စည်းကိုစွန့်၍

အစွဲကိုလည်း လွှတ်စေ၏။ ထိုသို့ဖြစ်ရန် အလှူပြုကျင့်ရာ၏လက်ထိပ်ကိုသတိဖြင့်ချိတ်၍ သိစိတ်ကိုဖြစ်စေ၏။ သို့မဟုတ် အထိမှဖြစ်လာနေသော တစ်ဖက်အတွေ့အာရုံ၏ ဂုဏ်သတ္တိကို အနတ္တသရုပ်ပြန်လည်ဖော်ထုတ်ရန် အထဲရှိ အထဲသိဖြင့် ခံစားစေခြင်း။

ထိုသင်သည် ထိုသို့လျှင် သတိမလွှတ်သောအသိ(သတိရှေ့ထားသိ)ဖြင့် ရုပ်ခန္ဓာ၏လက်ဆိုသော ကာယတံခါးဝမှပင် လာထိသော တစ်ဖက်အတွေ့ကို လက်ခံပေးလေရာ

ထိ-သည်ကလည်း နိုင်းသလောက်သာထိ၊ သိကားမသိ သပ်သပ်။

သိ-သည်ကလည်း ထိသလောက်သာသိ၊ ထိကားမထိ သပ်သပ်။

ဤအရာ၌ ဉာဏ်ဝင်ဆုံရမည်မှာ ကာယ-ဉာဏအမှုထမ်းနှစ်ဦးတို့တွင် ဉာဏလုပ်သားခေါ် အရာရှိက အထက်အမိန့်နာခံ၍၊ တစ်ဖန် ကာယလုပ်သားခေါ်အမှုထမ်း(အလုပ်ကြမ်း)သမားများ အပေါ် တစ်ဆင့်အာဏာဖြင့် ပြန်လည်စေခိုင်းနေပုံမျိုးသို့ သင့်ဉာဏ်၌ သဘောသက်ဝင်စေရာ၏။

သင်သည် ဤအလှူမှ ဤမျှအထိ အရှိအရှိအတိုင်း (ငါ-ဝတ္ထု-ပုဂ္ဂိုလ်မပါ) သိပိုင်သွားလျှင် ထိုသင်သည် ထိုအလှူကျ ထိုမျှအထိ တိုး၍တက်၍ ဉာဏ်သက်ဝင်နိုင်လာမည်မှာမုချ…။

တရားတော်သန္နိဋ္ဌိက၏ ဆွဲငင်အားကို အကူယူလျက်က တရားဝင် ဖေဟိပဿိကဂုဏ်က စိန်ခေါ်နေခြင်းကြောင့်တည်း။ သင်ဆိုသော ထိုအလှူရှင်သည်-

ထိုမျှသတိပါသောအသိဖြင့် အဝိဇ္ဇာက ဖုံးထားသော အထဲ

ရှိနှင့် အထဲသိကိုဆွဲထုတ်ပေးနိုင်လာသော် ထိုသူတော်စဉ်အလျှရှင်သည် ထိုဉာဏ်နှင့်မရှေးမနှောင်း တစ်ဆက်တည်းလိုလိုပင်-

(က) ထိလိုစိတ်ကြောင့် ထိဖြစ်လိုက်ကြသည်။ နာမ်ရှေ့သွား ရုပ်နောက်လိုက်။

(ခ) ထိဖြစ်လိုက်ကြသဖြင့် သိဖြစ်လိုက်ကြရသည်။ ရုပ်ရှေ့သွား နာမ်နောက်လိုက်။

ထိုရုပ်နာမ်ခေါ် အထိနှင့်အသိတို့၏ ကြောင်းကျိုးဆက်သဘောလည်း ပေါ်လောကြီးပေါ်လာချေတော့ရာ-

* လက်စသတ်တော့ အမှုသည်ငါကား ခေါင်းအငှားစားသမား၊

* တရားခံကား သူတို့နှစ်ပါး။

ထိုမှတ်ချက်ချမှုား ထိုမျက်မြင်ကိုမှီ၍ စိန္တာမယဉာဏ်ဖြင့်နောက်မှနေအတည်ပြုပေးလိမ့်မည်။

တစ်ဖန် ထိုမျှအမှုဖြောင့်ချက်ရသွားသော်-

အမှုလိုက်ရဲအရာရှိသည် အမှုတွဲကိုလည်း ရုံးတော်တင် အမှုသည်နှစ်ဦးကိုလည်း ရုံးထုတ်၍ အမှုဆိုင်စေသည်ပမာ-

အစွဲသိမှ အထဲသိသို့ တစ်စစ ကူးပြောင်းပေးနေသော သတိပိုင် သမာဓိဉာဏ်ခေါ် မှတ်ဉာဏ်သည်လည်း ပညာခေါ်အသိဉာဏ်သို့ သူဆိုင်ရာ(ရှုကွက်အမည်ရ) ကမ္မဋ္ဌာနပေါ်မှာပင်-

(က) အမြဲကောင်းစားလိုစိတ်ဖြင့် ဘဝကိုအပိုင်စီးထားမှု··· တစ်မှု၊

(ခ) အမြဲကောင်းစားလိုစိတ်ဖြင့်ပင် သူ့ကံ၊ သူ့ဘဝ၊ သူ့အလှဖြင့် သူ့မိ၊ သူ့ဖတို့ မွေးကျွေးထားသူကို သွားရောက်ပိုင်စီးမှုက တစ်မှု၊

(ဂ) တစ်ဖန် သူ-ကိုယ် ဘဝဝမ်းစာရဖို့အတွက် နွား၊ ကား စသည့်

ဘဝအထောက်အကူပြု သက်ရှိ၊ သက်မဲ့ကိရိယာများကို သိမ်းပိုက်စေခိုင်းမှုကတစ်မှု။

(ဃ) နောက်တစ်ဖန် သူ ကိုယ် ဘဝနှစ်စုံတို့အကြား ခေါင်းတိုးဝင်လာကြလေသော သား၊သမီး၊မြေး၊မြစ် စသည့် အခြွေရံများကို အပိုင်မွေးထားမှုကတစ်မှု။

ထိုလေးမှုတို့နှင့်အတူ မြဲ-မမြဲ၊ ကောင်း-မကောင်း၊ ပိုင်-မပိုင် အငြင်းပွားမှုကြီးများကိုပါ စစ်ဆေးပေးပါရန် အပ်နှံလိုက်တော့၏။ သို့မဟုတ် သမာဓိဉာဏ်စခန်းမှ ပညာဉာဏ်ခေန်းသို့ အသိဝင်စေခြင်းပင်။

လူ့ရင်းကမ္ဘာ့ဒွန်းထိုင် ကမ္ဘာ့ဒွန်းထိုင်ရင်းကလူ နှစ်ခုတို့၏ ကျေးဇူးပြုသရုပ်တည်း။

## အမှုတွဲနယ်ခွဲ၍စစ်မည်

* အသိ၏ ဆက်စပ်သောအသိ နက်နဲသောအသိ ဖြစ်စေလိုလျှင်

* သတိက စေ့စပ်ခြင်း၊ စူးစိုက်ခြင်း နှစ်မျိုး-တစ်မျိုးမျိုးဖြင့် ထိုးဖောက်ပေးရခြင်း။

* စေ့စပ်ခြင်းကား သမာဓိနှင့်ဆက်စပ်သိကို ဖြစ်ငေ၏။

* စူးစိုက်ခြင်းကား အသိရှင်းလင်းခြင်းနှင့် အသ်နက်နဲခြင်းကို ဖြစ်စေ၏။

ဝိပဿနာဟူသည် သတိအထူးစိုက်ရှုခြင်းပင် ဖြစ်၏။ သမာဓိလိုက်လာ၍ ဝီရိယစိုက်ခြင်း... ။

ဤနည်းဖြင့် ရှုကွက်တွင် ခန္ဓာဉာဏ်အမြင်ဖြင့် မိနေသောထိုရုပ်စု-နာမ်စုတို့ကို စစ်မေးရခြင်းသည် အကြောင်းခံအမှန် ထိုး

ထွင်းသိ-ဥဒိရန်ပင် ဖြစ်၏။ သမာဓိအရှိန်ရလာ၍ စိတ်အထိုင်ကျနေမှု၊ ဘဝင်လေမခုန်မှု၊ နှလုံးအိမ်ငြိမ်သက်မှု ထိုသုံးခုအကြောင်းပြု၍ အထူးရှုသိစေခြင်းတည်း။

ထိုသို့ အထူးရှုနေစဉ်မှာပင် သတိနှင့်အသိတို့၏ အားကိုလိုက်၍ ရှုကွက်အတွင်းရှိ ထိုရုပ်စုံနာမ်စုံများ အစုလိုက် အစုလိုက်ပင်။

၁။ ရုတ်ခနဲပေါ် ရိပ်ခနဲပျောက်ပျောက်သွားသည်များကိုချည်း တွေ့သိလိုက်ရခြင်း၊ လက္ခဏာအမြင်ဖြင့် အနိစ္စအချက် ကွက်၍ မြင်ခြင်းတည်း။

၂။ ရုတ်ခနဲတက် ဟုတ်ခနဲ ပျက်ကျသွားသည်များကိုချည်း တွေ့သိနေခြင်း၊ ရသအမြင်ဖြင့် ဒုက္ခအချက်ကွက်၍ မြင်လိုက်ခြင်းတည်း။

၃။ ပေါ်လိုရာပေါ် ခေါ်မထူး မေးမကြား သဘောမျှ အငွေ့တွေ့သိနေတော့ခြင်း။ အမြင်တို့တွင် အချွန်ဆုံးဖြစ်သော ပစ္စုပဋ္ဌာန်အမြင်ဖြင့် အတွင်းရှိ အနတ္တသို့နိုက်သိ-သိပိုင်သွားခြင်းတည်း။

မှတ်ချက်။ ။ ထိုသုံးမျိုး တစ်မျိုးသိလျှင် အားလုံးပြီး၏။ တစ်ဦးတည်း သုံးမျိုးစုံ အကုန်မသိနိုင်။ ဝီရိယ၊ သတိ၊ အသိတို့ စေ့စပ်ခြင်း၊ စူးစိုက်ခြင်း၊ အသိလျင်ခြင်းတို့ကြောင့် သုံးမျိုးကွဲနေခြင်းမျှသာ။

ထိုမျှ (မမြဲ-အနိစ္စလက္ခဏာအချက်က အဖြေမှန်ထုတ်ပေးသည် မကောင်း - ဒုက္ခလက္ခဏာအချက်က အဖြေမှန်ထုတ်ပေးသည် သဘောပဲ-အနတ္တလက္ခဏာအချက်က အဖြေမှန်ထုတ်ပေးသည်။) သိပိုင် လာပြီးနောက်တွင်ကား - ထိုလက္ခဏာတို့ကို သက်သေခံ

အထောက်အထားပြသသောအားဖြင့် သို့မဟုတ် တရားခံတို့ သံသယ ကင်းစေရန်။

(က) အနိစ္စနယ်ပယ်ကို ဥဒယဗ္ဗယ-ဖြစ်ပျက်မြင်ဉာဏ်ဖြင့်ခွဲပြခြင်း။

(ခ) ဒုက္ခနယ်ပယ်ကို ဘင်္ဂအုပ်စု၏ အပျက်ချည်းမြင်ဖြင့်ခွဲပြခြင်း၊

(ဂ) အနတ္တနယ်ပယ်ကို သင်္ခါရုပေက္ခာအုပ်စု၏ သဘောမျှအမြင်ဖြင့် ခွဲပြခြင်း၊ ဤသို့လျှင် မမြဲဆိုသည်မှာ သည်လိုမမြဲသည်၊ ငါ-သရုပ်ထုတ်ပြခြင်းကို ရှင်းလင်းစွာ ကိုယ်ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ်ဖြင့်ရှုသိလိုက်ရသော ထိုအလျှုရှင်သင်သည်

* မကောင်းဆိုသည်က သည်လိုပါဟူ၍ ဒုက္ခသရုပ်အထုတ်ပြခံ ရသော ထိုအလှူရှင်၊

* မပိုင်ဆိုသည်က သည်အတိုင်းပါဟူ၍ အနတ္တသရုပ် ထုတ် အပြခံရသောထိုအလှူရှင် မည်သို့လျှင်သူ့ဘဝ-ကိုယ်ဘဝအ ထင်ကြီးခြင်းရှိပါတော့မည်နည်း။

အထဲရှိကို အထဲသိနှင့်ပြေလည်၍ တွေ့ခွင့်ပေးလိုက်နိုင်ခြင်း ကြောင့်တည်း။ ထိုကာလရှိအလှူရှင်၏စိတ်ဝယ်-

၁။ သူ-ဟူသော အလှူခံသို့လိုလားစိတ် ကာမဥပါဒါန်လည်းမငြိမ် အလှူပ် ထိုင်မလို ထမလိုသရုပ်ဖြင့် ငုတ်တုတ်ဆော့မျှကျန် တော့သည်။

၂။ ငါ-ဟူသော မိမိသို့လိုလားစိတ် ဒိဋ္ဌိဥပါဒါန်လည်း နည်းတူဖြစ် နေပြီ။

၃။ ငါ-သူစွဲ ခွဲကျင့်လိုစိတ် သီလဗ္ဗတဥပါဒါန်လည်း နည်းတူဖြစ် ဖြစ်နေပြီ။

၄။ ငါလုပ်သမျှအမှန်ချည်းထင်စိတ် အတ္တဝါဒဥပါဒါန်လည်းနည်း

တူဖြစ်နေပြီ။

ထိုအစွဲဥပါဒါန်လေးမျိုးတို့ ရှေ့မတိုး နောက်မဆုတ်လုပ်နေကြသည်နှင့်အတူ ဈာန်တို့၏အသွားကို လိုက်လံတားနေကြသော နီဝရဏငါးပါးတို့လည်း မငြိမ်မလှုပ်သာ။

ထိုစဉ်ရှိ ခန္ဓာနှင့်ဥပါဒါန်တို့ကလည်း ခပ်တန်းတန်းသာ၊ သို့ကြောင့် ထိုနေရာရောက် ထိုသင်အလှူရှင်ကို စိတ်ရူးပေါက်ရာ ကိုယ်လိုက်ပါ မှားရာလိုက်မကျင့်အတိုင်း ခြေလက်သရမ်းမှု ငြိမ်နေရကား ကလျာဏပုထုဇဉ် (ကောင်းတော့လာပြီ သို့သော်ကိုလေသာတော့ များသေး) အမည်ရသွားပြီ။

## အမှုမပြေငြိမ်း ရှုံးချိန်းဖြင့်နေလေဦး

ဘုရားရှင်ရွှေလက်ထက်တော် ကာလတုန်းဆီက-

သာမန်လူသားများ၏ ရုပ်ဓာတ်ခေါ်အရုပ်အမောင်းကား(၆)တောင်(ကိုးပေ)ဆိုရာ စိတ်ဓာတ်လည်း ထိုရုပ်အလိုက် ခိုင်မာမည်ဖြစ်ရာ အလှူတစ်ပွဲတည်းနှင့်ပင်သော်လည်းကောင်း၊ အမှုတစ်တွဲတည်းနှင့်ပင်သော်လည်းကောင်း အားလုံးသောအမှုတစ်ခုတည်း ပြီးပြေနိုင်၏။ ပဏ္ဍိတသာမဏေ ဗာဟီရဒါရုစိ စသည်များကိုကြည့်။

ဤခေတ်တွင်ကား-

(က) ဘုရားပွင့်ရာခေတ်နှင့်(၂၅၀၀) ကျော်မျှအထိဝေးကွာနေ၍ ယုံကြည်မှုထု မကောင်းသည်ကတစ်ကြောင်း၊

(ခ) ရုပ်ဓာတ်၊ စိတ်ဓာတ်များကလည်း(၄)တောင် ၄င်းအောက်ထိ ကျုံ့လှီသိမ်ဖျင်းလာသည်ကတစ်ကြောင်း၊

(ဂ) အာရုံအတိုက်နှင့်ကိလေသာတို့ဘက်ကလည်း အားသာနေသည် ကတစ်ကြောင်း၊

(ဃ) မိမိ၏ကံတိုက်၊ စိတ်တိုက်၊ ဥတု၊ အဟာရတိုက်ကိုပင် မခံနိုင်ကြတော့သည်ကတစ်ကြောင်းတို့ကြောင့် မဂ်ခေါ်အစွဲခရီးလမ်းဆုံးတစ်ခုကို ဆေးရိုး-ပြောင်းခင်းပမာ လီ၍လီ၍ရှုမှသာ ပြီးကြရတော့သည်။ မဂ်လေးကြိမ်တစ်ဟုန်ထိုး သို့မဟုတ် သောတပတ္တိမဂ် ချက်ချင်းတက်ဆိုသည်ကား တစ်ယောက်စနစ်ယောက်ဆိုသည်ပင် မကြားစဘူးမိချေ။ သို့ကြောင့်လျှင်-

ဤစာတမ်း၌ ကုသိုလ်မှ အဗျာကတ (ခေါ် ကာမဇောမကျကျသော်မှ ကြိယာဇောမျှ) သို့ကို ဒါနမှနေတက်လာခဲ့ရာ ဖြစ်သော်လည်း ထိုဒါနတစ်ပွဲတည်းဖြင့်ပင် ကွမ်းရွက်တစ်ထုပ် ဓားတစ်ချက်ခုတ်ကဲ့သို့ တစ်ချက်တည်းပြတ်သို့ မပြသာပြီ။ ပြခွင့်ရသော်မှ သင့်အားဉာဏ်သွားလမ်း မရိပ်မိနိုင်ဖြစ်မည်စိုး၍ မပြတော့ပြီ။ သို့ကြောင့်

ထိုသင်သည် ဤအပိုင်းဖတ်ရှုနေချိန်တွင် သင်သည် ဒါနပြုစဉ်ကအတိုင်း သင့်စိတ်ကိုဒါနဖြင့် ဆွမ်းစသည် လှူစေလျက်က ဓမ္မသရဏဂုံကို အပ္ပမာဒသတိဖြင့် ပွားထုံစေလျက်က သီလဖြင့် အာရုံတို့ကို လုံခြုံစောင့်စေလျက်က ငါ-သူ-ဝဋ္ဋပြုမှတ်မှု ကြုံတိုင်းကြုံတိုင်း ပြုသဘောသို့သက်ဝင်နေပါလေ။

လက္ခဏာ့အမြင်၏ အနတ္တနယ်ခွင်ခေါ် လောကီဉာဏ်တို့၏ အထွဋ်အထိပ် သင်္ခါရုပေက္ခာ အဆင့်ထိမြင်လျက်ကဝင် ဝင်လျက်ကမြင်နေသော ထိုအလှူရှင်သင်သည်ကား-

* တက်လာစဉ်က သဒ္ဓါနှင့်ဝီရိယ ရှေ့တန်းကဖြစ်သော်လည်း
* ယခုရောက်ဆဲကာလ သဒ္ဓါနှင့်ဝီရိယ နောက်ပြန်ကျဖြစ်နေကြ

တော့ကာ

* သမာဓိ၊ ပညာတို့ကသာ အရာရာလွှမ်းမိုးနေသည်က တစ်ကြောင်း၊
* ဥပါဒါန်၊ နီဝရဏတို့ကလည်း အပြီးမငြိမ်းသေးသည်က တစ်ကြောင်း တို့ကြောင့် ဤနေရာထစ်နေဦးမည်။ သို့ကြောင့် အစွဲနှင့်အစွဲပါ ရုပ်နာမ်များချုပ်ပြတ်သည်အထိ ရုတ်တရက် မတိုး၊ တိခနဲမပြတ်။

တစ်ဖန်လည်း ထိုအလျှုရှင်သင်သည် အောက်ခြေက ဉာဏ်တက်လာစဉ် သတိ၏စေ့စပ်အား၊ အလွန်ဆုံးစူးစိုက်အားများဖြင့်သာ တက်လာပြီး ဉာဏ်အလျင် အမြင်မပါသူ ဖြစ်နေခဲ့သော်လည်းကောင်း၊ ဒွိဟိတ်ပုဂ္ဂိုလ် (လူ့စဉ်ကသတိမပါသဖြင့် မောဟမသတ်ခဲ့သူ) ဖြစ်နေခဲ့သော်လည်းကောင်း၊ ဆုကြီးပန်ဖြစ်နေခဲ့သော်လည်းကောင်း ဤနေရာတွင် ထိုသင်ကားရပ်စောင့် နေရဦးမည်။ သို့ကြောင့်...

ဤနေရာသည် စိတ်ရှည်မှ ဖွဲ့ရှိမှ၊ အသိပါမှအရာရောက်သော နေရာတည်း။

* စိတ်ရှည်၏၊ ဖွဲ့ရှိ၏၊ သို့သော် ဉာဏ်ကင်းမပါးက မရောက်နိုင်၊ မရနိုင်။
* ဉာဏ်ကင်းပါးသည်။ အထာပေါက်သည်။ သို့သော် စိတ်ဖွဲ့မကောင်းက မရောက်နိုင်၊ မရနိုင်။

ဝင်ရမည့်တံခါးပေါက်ကား ဘယ်တုန်းကမှ မဝင်ဘူးခဲ့ဘူးသော တံခါးပေါက်၊ အလဲအလှယ်ကလည်း လက်ထဲရှိကား ရုပ်နာမ်၊ ရရန်ရှိကား ရုပ်နာမ်မဲ့။ အငြိမ်းဓာတ်အင်အားများကလည်း

ယုံအားနှင့်အသိ။ ရဲအားနှင့်အတည် ထိုဂုဏ်ရည်တို့(မိုလ်များဖြစ်နေကြ၍) ချိန်ခွင်လျှာ ညီမျှနေမှ ရခွင့်ရှိချေရာ မှောက်ဖဝါး လှန်ရသည်မျိုး မဟုတ်။ ကမ္ဘာမြေအောက်မှအထက်မှောက်ရာမှ လှန်ရသည်ထက် ခက်ခဲသောကြောင့်တည်း။

* အားတက်သရော ဖိတွန်းကြိုးစားပေးသည်မရ။ ငြိမ်နေရာမှ လှုပ်ခါသွားပြီ။
* အလိုက်သင့်လေး မေးရှု-ရှုပေးသည်မရ။ ငြိမ်လွန်း၍ မကွဲပြားတော့။

သို့ကြောင့် ဤအစွဲဖြုတ်အဆင့်ဝယ် တက်လိုက် ကျလိုက်များ ဖြစ်ပွားနေတတ်လှသည်။ တက်သွားသော် သမာဓိလွန်ကဲ အသိဘက်က မလိုက်နိုင်ဖြစ်ကာ ရှုကွက်ပျောက်၍ သိရုံလောက်နှင့်ပြီးရသည်။ ကျလာသော် ဆန္ဒ၊ ဝီရိယအားတို့မကျသေးလျှင် မြင်မြဲအတိုင်း ရှုကွက်မြင် ပြန်လည်ဖြစ်လာမည်။

အကယ်တိတိ ဖြစ်ပွားလျက်ရှိသော အထစ်အငေါ့အပေါ် စိတ်မရှည်၊ ဖွဲမရှိ၊ ဉာဏ်ပါမရှိ၍ဖြစ်စေ၊ သမာဓိ၏အေးဆေးသော အတည်ကို ယှဉ်ဘက်ဝီရိယက အကြမ်းပတမ်းဝင်ငှေ့၍ ဖြစ်စေ ဉာဏ်အသိ လက်ရှိမှမတိုးသော် သဒ္ဓါအားများ၊ ကိုယ့်သတ္တိ ကိုယ့်ယုံကြည်အားများ ကျလာတော့မည်။ တစ်ဆက်တည်း ဆန္ဒ၊ ဝီရိယ အားများကပါ ခမ်းလိုက်လာကြမည်။ သို့မဟုတ်-

အထစ်အငေါ့အပေါ် စိတ်ရှည်ဖွဲရှိသော်မှလည်း ဉာဏ်ရည်က မပြည့် ဝီရိယကလည်း အေးတိအေးစက်ဖြစ်နေ၍ သဒ္ဓါအား (ကိုယ့်သတ္တိအပေါ် ယုံကြည်စိတ်ချအား) တက်မလာသော်ဆန္ဒ၊ ဝီရိယတို့က ပါကျလာမည်။ ထိုအခါ -

တစ်ခါလာ ပျော့မနပ် ပြွတ်မနူး ဘာမှလည်းမထူး။

ရက်သာကြာ ပျော့မနပ် ပြွတ်မနူး ဘာမှလည်းမထူး။

ထိုလမ်းလွှဲချွေးများ ဝင်ရောက်လာကြတော့ကာ မထူးဇာတ်ခင်း သွားတတ်သေးသည်။

ငါ-ပါရမီမရှိလို့ထင်၏။ ငါ့ဥာဏ်မဂ်တား၊ ဖိုလ်တားပြစ်များရှိနေထင်၏။ ထိုအမှားတွေးများလည်း နောက်ပါးမှ ညာသံပေးဝင်လာကြဦးမည်။ အတားတို့၏ ထောင်ကွက်ထဲ ထိုသင်ထိုင်လျက်လဲသွားခြင်းတည်း။

## ပဲခူးဆားသတိ ကြားမှဝင်ညှိပေးလိုက်ရာ

အောက်-အောက်ဉာဏ်များ၌ သဒ္ဓါနှင့်ဝီရိယ လွန်ကဲနေတတ်လှ၏။ သို့ကြောင့် ရှုကွက်သည် သဒ္ဓါလွန်ကြောင့် နိမိတ်သဏ္ဌာန်ပျောက်နေတတ်ခြင်း၊ အကြည်ဓာတ်လွန်ကဲခြင်း၊ အမှတ်တစ်ခုတည်းသာ ကျန်နေတတ်ခြင်းများ ဖြစ်ပွားလာတတ်လှ၏။ ထိုအခါ သိ-သိ-သိဟူ၍လည်းကောင်း၊ သိတယ် သိတယ် သိတယ်ဟူ၍လည်းကောင်း အမှတ်နောက် အသိရောက်စေသောနည်းဖြင့် ဝင်တယ်-ထွက်တယ်အစား သိတယ်ဖြင့် လဲလှယ်ပေးစားရာ၏။

ဝီရိယလွန်ကြောင့်ကား အာရုံနှင့်မှတ်စိတ် မကပ်မိတော့ခြင်း ပေါ့ပေါ့ဟာဖွာကျဲဖြစ်နေခြင်း၊ ထို့ထက်လွန်သော် ရင်ဝယ်အင့် တင့်ကြပ်တတ်ဝေဒနာများပါ ခံစားလာရတတ်ခြင်းများ ဖြစ်ပွားလာတတ်လှ၏။ ထိုအခါ···

ရှုကွက်အကြား စူးစိုက်အားချထားပေးခြင်းဖြင့် (အမှတ်အမျိုးမျိုးပေါ်ရာ-ပေါ်ရာမှတ်နည်းဖြင့် မှတ်နေခဲ့သော်) မိမိပင်တိုင်ထား

သော (ဝင်-ထွက်စသည်) ရှုကွက်တစ်ခုတည်းကိုသာ စိတ်စိုက်ကာ မှတ်ချက်ယူပေးတတ်ရာ၏။ ဤကား အောက်ဉာဏ်များတုန်းက။

ဤအထက်ဉာဏ်များ၌ကား သမာဓိနှင့်ပညာစွာနေတတ်လှ၏။ သို့ကြောင့် ရှုကွက်သည် သမာဓိလွန်ကြောင့် အလွန်ငြိမ်သက်နေတတ်ခြင်း၊ သိမ်မွေ့လွန်းလှခြင်း၊ ရှုကွက်တွင်း၏ဖြစ်စဉ်ထဲ၌ မျောလျက်လိုက်ပါနေခြင်း၊ အသိဉာဏ် တိုးတက်မလာသဖြင့် စိတ်မပါလက်မပါဖြစ်လာတတ်ခြင်း၊ ကြာသော် ထိုင်းမှိုင်းပျင်းရိမှုပါ (ထိနမိဒ္ဓပါ) ဝင်ရောက်လာခြင်းများ ဖြစ်ပွားလာတတ်ရာ တစ်ခုတည်းဖြစ်နေတော့၍ ညောင်းသောအာရုံကို ပြောင်းသောအားဖြင့် (ဝက်သားချည်း အစားရကြာလာသဖြင့် ငြီးငွေ့နေသူကို ငရုတ်၊ ကြက်ဟင်းခါး၊ ချဉ်ပေါင်ဟင်းများဖြင့် အစားထိုး လဲလှယ်ကျွေးရသည့်ပမာ) နေရာဖြန့်၍ အမှတ်ပေးတတ်ရာ၏။

အကယ်တိတိ ထိုသင်သည် အစကတည်းကပင် တစ်ခုတည်းသော ရှုကွက်ကိုသာ မူသေယူထားသော ဆရာ့ရှုနည်းဖြစ်နေပါသော် သဒ္ဓါအားကို တိုးမြှင့်သောအားဖြင့် (သဒ္ဓါပါ ဝီရိယကပါ နောက်မှကပ်လိုက်လာမည်) မိမိထက် ဉာဏ်အရာသာလွန်သူတို့၏ ဂုဏ်ကို အောင့်မေ့ခြင်း၊ တရားတော်၏ဟေိပဿိကဂုဏ် စသည်များကို အောင့်မေ့ခြင်းများပြုကျင့်ပြီး ဝီရိယအကူရယူကာ ရှုမြဲရှုကွက်ကိုသာ စိုက်အားသုံးပေးတတ်ရာ၏။

ပညာလွန်ကြောင့်ကား ဟိုလိုလား သည်လိုလားဟူသော လားပေါင်းများစွာဖြင့် စဉ်းစားနေတတ်ခြင်း၊ ရှုကွက်ကိုအမျိုးမျိုး ရှုနည်းဖြင့် စမ်းသပ်နေတတ်ခြင်း၊ ပေါ်လာသမျှအာရုံပုံရိပ်များကို လိုက်လံစပ်စုနေတတ်ခြင်းများဖြစ်ပွားတတ်လှ၏။ ထိုအခါ-

စဉ်းစားဝေဖန်ခြင်းကို ဖြတ်တောက်ချသောအားဖြင့် ယင်းစဉ်းစားခြင်းကိုလျှင် စဉ်းစားနေတယ်၊ စဉ်းစားနေတယ်ဖြင့် အမှတ်သွင်းပေးရာ၏။ မူသေရှုနည်းဖြစ်က ရှုကွက်ကြားစူးစိုက်အားများ ပိုသွင်းပေးတတ်ရာ၏။ ထိုသို့ မိမိဟာကွက် မိမိပင်ဖာကွက်ထား၍ ပွားများမှုအရာ ထိုသင်လိမ်မာပါသော်-

* ရှုကွက်တွင်းရှိဖြစ်စဉ်နိမိတ်များ သွက်လက်လာတော့သည်သာ၊ သဒ္ဓါတက်လာ၍။
* ရှုကွက်ရှုအသိဉာဏ်များကလည်း တိုတက်လာတော့သည်သာ၊ ဝီရိယလိုက်လာ၍။

သတိ၏စေ့စပ်အား၊ စူးစိုက်အားများဖြင့် မညီသောဗိုလ်များညီညွတ်စေလိုက်ခြင်းတည်း။

## သတိ၏သတ္တိ အပြည့်သုံးကြည့်တတ်သူသာ သိ၏

* သတိသည်သမာဓိအုပ်စု၏ခေါင်းဆောင်တည်း။
* အသိသည်ပညာအုပ်စု၏ခေါင်းဆောင်တည်း။
* စရဏ ဝိဇ္ဇာခေါ် အကျင့်သီလမှ အသိပညာသို့ပြောင်းပေးရာတွင်ကား ထိုနှစ်ခုတို့တွင် သမာဓိအုပ်စုသည်သာ သော့ချက်အညှာ အခရာတည်း။

သို့ကြောင့် သမာဓိအုပ်စု၏ တာဝန်ခံ ထိုသတိကိုအကူတောင်းခံရာ၌-

(က) စေ့စပ်အားနှင့်စူးစိုက်အား အကျင့်နှင့်အသိတို့၏ ကြားခံတံတား၊
(ခ) ပွားပို့အားနှင့်အောင့်မေ့အား အတည်နှင့်အသိတို့၏ကြား

ပေါင်းကူးတံတား၊

ထိုသို့ သတိနှစ်တွဲရှိချေရာ-

စွန့်လွှတ်ခြင်းဒါနကို ပြုလျက်က စောင့်စည်းခြင်းသီလ ဆင့်၍ ကျင့်နေလျက်ရှိသော ထိုအသင်အလှူရှင်သည်-

၁။ အကယ်တိတိ သတိစေ့စပ်အားတွင် ပြင်ပနေပွားပို့ခြင်း၊ အတွင်းနေအောက်မေ့ခြင်း ဌာပနာသွင်းလျက်က ဉာဏ်အဆင့်တက်လာသော် သီလအရာမျှသာတည်စေရကား မဂ်စခန်းတို့တွင် သီလမျှပိုင်ခွင့်ရသော သောတပတ္တိမဂ်ဖိုလ်-သဒါဂါမိမဂ်-ဖိုလ်စခန်းမျှသာ။ အကယ်တိတိ ထိုအဆင့်ဖြင့်ဝီရိယကိုမချလို၍ အဆုံးစခန်းထိပေါက်ရန်ကျိုးစားသော်-

(က) ခက်ခက်ခဲခဲကျိုးစားပြီးမှသာ ပေါက်နိုင်ချေရှိသည်။

(ခ) အခွင့်အရာ၌လည်း ပု-ဒိ-အာဖြင့်သာပြီးစီးမည်။

၂။ အကယ်တိတိ သတိကိုစေ့စပ်ရုံမျှမက စူးစိုက်အားပါအသုံးချတတ်ပြီး တွင်း-ပြင်ပွားပို့ခြင်း(ဝင်တယ်-ထွက်တယ်ဟူ၍)၊ အောက်မေ့ခြင်း(ဝင်ဘယ်လို၊ ထွက်ဘယ်သို့ဟူ၍)များ ဌာပနာလျှက်က ဉာဏ်အဆင့်တက်ခွင့်ရလာခဲ့သော် သီလသမာဓိအရာတို့မျှသာ တည်စေရကား မဂ်စခန်းတို့တွင် သမာဓိရှင်၏ အရာဖြစ်သော အနာဂါမိမဂ်စခန်းမျှသာ။

အကယ်တိတိ ထိုအဆင့်ဖြင့် ဝီရိယကိုမချလို၍ အဆုံးစခန်းထိတက်ရန်ကျိုးစားသော်-

(က) စိုက်အားအလွန်သုံးမှသာ ပေါက်နိုင်ချေရှိသည်။

(ခ) အခွင့်အရာ၌လည်း ဆဠာဘိဉာ အထိသာရပိုင်ခွင့်ရှိမည်။

၃။ အကယ်တိတိ သတိ၏စေ့စပ်ခြင်း။ စူးစိုက်ခြင်းအပြင် အတွင်း

ထား အောင့်မေ့အားကြီးကပါ ဦးစီလျက်က ဉာဏ်အဆင့် တက်လာပါသော်ကား သီလ-သမာဓိ-ပညာ-သိက္ခာသုံးဖြာ အစုံပါနေသည်ဖြစ်၍ မဂ်စခန်းအားလုံးတွင် ပညာရှင်၏အရာ ဖြစ်သော အရဟတ္တ မဂ်-ဖိုလ်စခန်းအထိပင်။ အခွင့်အရေး ကား သည့်မျှမကပါသေး-

(က) မပင်မပမ်းချမ်းချမ်းသာသာဖြင့်လည်း ရောက်နိုင်ခြေရှိသည်။

(ခ) ပုဒိအာ ဆဠာဘိဉာ ပဋိသမ္ဘိဒါပတ္တအထိ အားလုံးပြည့် အရာ ဝင်စေမည်။ သတိအားစုံ အကုန်လုံး သုံးတတ်ခြင်းကြောင့် တည်း။

ဤစာစဉ်ကား ခန္ဓာနှင့်ဥပါဒါန်တို့ကို ခွဲခြားပေးခြင်း၊ ကွဲကွာ သွားပြီးနောက် ဥပါဒါန်ပျောက်သည်နှင့် ခန္ဓာပါပျောက်ခွင့်ရသွား တော့ကာ ရုပ်-နာမ်တို့နေရာ အငြိမ်းဓာတ်မျှသာ ကိန်းတည်ရာအထိ ပို့မည့်စာစဉ်ဖြစ်နေချေရာ စခန်းဆုံး၊ လမ်းဆုံးအထိဖွင့်ဆိုမည်။ သို့ ကြောင့် ဒါန-သီလကောင်းမှု ဆောင်းစုလျက်ကရှိသော ထိုသင်သည် ဝဋ်ကို စွဲမှီစေသောငါ-နောက်ဘဝကောင်းစာရန်သူ့ကို ဤပစ္စည်း ဤပစ္စည်းများပေးလှူခြင်း၊ ငါ-ဝတ္ထု-ပုဂ္ဂိုလ်တည် ဝိဝဋ္ဋနိဿိတ ဒါနခင်း(သီလခင်း) ရှင်းသွင်းရန်။

၁။ ငါဘက်(သင်ဆိုသောငါဘက်) စိတ်နားသက်လည်း သတိ လက်နက် ထက်ထက်ဖြင့်ပယ်ဖျက်ပြစ်ခဲ့။

၂။ သူဘက်(သူဆိုသောအလှူခံဘက်) စိတ်နားသက်လည်း သတိ လက်နက်ထက်ထက်ဖြင့်ပယ်ဖျက်ပြစ်ခဲ့။

၃။ ကြားခံဘက်(ဝတ္ထုဆိုသော လှူစရာဘက်) စိတ်နားသက်လည်း သတိလက်နက်ထက်ထက်ဖြင့် ပယ်ဖျက်ပြစ်ခဲ့။

**နတ်တလှစာစဉ်**

ထိုသို့သော ပါရမီတန်းဝင်လှူနည်း ကျွမ်းကျင်လိမ်မာစွာ ပြုကျင့်တတ်ပါသော်…ထိုစခန်းအားလုံးသည်-

သင်ဆိုသော အလှူရှင် ဝင်ရောက်နားနေရာ၏ နန်းဘုံဂေဟာများချည်းသာ။

* ခန္ဓာကား…အစု
* ဥပါဒါန်ကား…အစွဲ

ထိုနှစ်ခုတို့အတွဲမိသော် ထိုသင်ဆိုသောအလှူရှင် သံသရာနှင့်ခွဲမရ။ ထိုနှစ်ခုတို့လွတ်သွားသော် ထိုသင်ဆိုသောအလှူရှင် ထိုသံသရာသင့်နေရာမဟုတ်-ရေကားရေသာဖြစ်၍ ကိုင်မရပါ။ သို့သော် ထိုရေဒြိုင်ရဲ၊ မီးအစွဲပေါ်လာသောအခါ ရေခဲဟူ၍ ဖြစ်ပွားလာရပါသည် ကားသင့်အမြင်။

## အရှိန်ပြင်း မဆင်းမရှိ ရှင်းမရှိ

သင်အလှူရှင်သည်

လက်ဟူသော မိမိအထိခံနှင့် ခွက်ဟူသော တစ်ဖက်၏အထိကို ခံယူလျက်ကပင် လာသောအလှူခံထံသို့ စွန့်လှူရန် ကိုယ့်ခွက်ကိုမြှောက်၍ သူ့လက်အရောက်ပို့လွတ်၏။ ထိုစဉ်…

လက်ဖျားမှလက်ရင်းတိုင်အောင်သော မိမိခန္ဓာ၏ဘဝခေါ် လှုပ်မှုဖြစ်စဉ်ကြီးလည်း ထီးထီးမားမား ဖြစ်ပွားနေ၏။ ထိုလှုပ်မှုခန္ဓာ့ဖြစ်စဉ်ကြီးအပေါ် စီးပိုးလိုက်ပါလျက်က ခံစားခြင်း၊ မှတ်သားခြင်း၊ ကြောင့်ကြထားခြင်း၊ သိခြင်းများဖြင့် နာမ်ခန္ဓာ၏ကားဆရာသည် သူ့ ကိုယ်တိုင်လည်း ကားကို အတွင်းမောင်း၊ သူ့နောက်ပါများကိုလည်း လမ်းကြောင်းမေးဖြင့် (စခန်းတွင်းချဉ်းနင်းရန်ကားကို မောင်းနှင်နေသည့်

ပမာ) ထိုဘဝဖြစ်စဉ်ကြီးကို လိုသလိုညွတ်ယူလျက်က လိုက်ပါနေ၏။ တစ်ထိတည်းထိ၊ တစ်သိတည်းသိ ရုပ်နာမ်တို့၏ သဘာဝ မြင်ကွင်းတည်း။

ဖြစ်စဉ်ကြီးကား တက်ချီသက်ချီဖြင့် ငြိမ်သက်စွာ အလုပ်လုပ်နေ၏။ အသိများကလည်း အသေးစိတ်သိ ဖြစ်ပျက်သမျှ အားလုံးမိဖြင့် ကပ်ပိုးပါနေ၏။

လက်ခန္ဓာကို အပြင်ဘမ်းကြည့်က အချဖြစ်နေသော်လည်း သူ့အတွင်းရှိ အထဲသိ-အထဲရှိများကား တက်ရိပ်ပြနေသည်လည်း ရှိ၏။ ကျရိပ်ပြနေသည်လည်း ရှိ၏။

တစ်ဖန် လက်ခန္ဓာကို အပြင်ဘမ်းကြည့်က အမြှောက်ဖြစ်နေသော်လည်း အထဲရှိ-အထဲသိများကား ကျရိပ်ပြနေသည်လည်း ရှိ၏။ တက်ရိပ်ပြနေသည်လည်းရှိ၏။

အပြင်ပြသည် စိတ္တဇဝါယောအလိုကျဖြစ်ပြီး အတွင်းကား သင်္ခါရစုံ ခတ်စုံတို့၏ အတို့-အလှုပ်၊ အဆုတ်-အတက်လိုက်ဖြစ်နေကြရ၍။

ထိုသို့ ဖြစ်စဉ်ကြီးငြိမ်သက်စွာ အနုစိတ်လှုပ်ရှားပြနေတိုင်း အသိများကလည်း မလှုပ်မယှက် မကလက်သောအသိတို့ဖြင့် ကြည့်၍၊ သိ၍လိုက်ပါနေဆဲမှာပင် ...

ဖြစ်စဉ်ကြီးသည် ထူးကဲသွက်လက်စွာဖြင့် ရှေ့သို့တိုးတက်သွားပြီး ပြန်ကျလာ၏။

အသိလေးများသည်လည်း ထူးကဲစွာတိုးသိလာနေကြ၏။ သို့သော် လေ့အဆင်းမကျွမ်းကျင်သူ၏ လေ့အတွင်းမဆင်းဝံ့သည်ပမာ ဖြစ်စဉ်ကြီး ပြန်အကျဝယ် ထိုအသိလေး တန့်ကျန်နေရစ်ခဲ့၏။

သို့နှင့် တစ်ကြိမ်မှနှစ်ကြိမ်၊ နှစ်ကြိမ်မှသုံးကြိမ်တိုင်တိုင် ကြာသွား၏။

ထိုသုံးကြိမ်မြောက်ရောက်သည်နှင့် လေ့အဆင်းမကျွမ်းကျင်သော်မှလည်း ခရီးကလည်းမသွားမဖြစ်သောခရီး အချိန်ကလည်းကုန်ခါနီး ဖြစ်နေချိန်မျိုးတွင် ဘာဖြစ်ဖြစ်နှလုံးသွင်းကာ မျက်စိမှိတ်ခုန်ဆင်း လိုက်ပါသွားတော့သည့်ပမာ-

ပြချက်ဖြစ်စဉ်(အစွဲကြောင့်ဖြစ်နေသော အခိုးသတ္တိတန်းကြီး) အောက်သို့အကျနှင့် ထိုအသိတစ်ပါတည်းလိုက်ပါသွားခဲ့ပြီး အကျလည်းဆုံး အသိလည်းသုဉ်းသွားရချေပြီ။ ဈာန်အသွား အားကောင်းလွန်းလှ၍ နိဝရဏအတားပြတ်တောက်ကျသွားရာ နိဝရဏအတားတို့တွင် ဝိစိကိစ္ဆာအတား ခန္ဓာစဉ်မှ ဆင်းကျန်ရစ်ခဲ့ရပြီ။ ပထမမဂ်အရာတည်း။

## ကဲ စခန်းရောက်ပြီ ခရီးသည်တွေ ဆင်းကြ ဆင်းကြ

ထိုပထမ မဂ်စခန်းရောက်သည်နှင့်-

ထိုသင့်အလှူ့ရှင်၏ခန္ဓာဝယ် စွဲကပ်နေကြသော အစွဲအမျိုးမျိုးတို့အထဲမှ

(က) ဒိဋ္ဌုပါဒါန်မှ ဒိဋ္ဌိရောဉပါဒါန်ပါ အပြီးဖယ်ရှားခံလိုက်ရပြီ။

(ခ) သီလဗ္ဗတုပါဒါန်မှ သီလဗ္ဗတ-ရော ဉပါဒါန်ပါ အပြီးဖယ်ရှားခံလိုက်ရပြီ။

၄င်းတို့နှင့်အတူ ရတနာသုံးပါးတို့အပေါ်(သို့မဟုတ်တစ်ပါးပါး၌) မယုံတစ်ဝက် ယုံတစ်ဝက်သောဝိစိကိစ္ဆာ၊ ကိလေသာသံယောဇဉ်

သည်လည်းကောင်း၊ ဤသာ ကိုယ့်ထက်သာမနာလိုမှု၊ မစ္ဆရိယ ကိုယ့်အောက်လာ မနာလိုမှုများလည်း အစွဲနှင့်တကွ နှင်အချခံလိုက်ကြရပြီ။ သို့ကြောင့်-

ထိုပထမ မဂ်စခန်းသို့လှမ်းဝင်ပြီးသော ထိုသင်သောတာပန်၏ခန္ဓာသည် (ကိုယ်၌အနုသယ) စိတ်၌ညဉ်နှင့်တကွ သံယောဇဉ်နီဝရဏကိလေသာ သုံးဆင့်စလုံး ထိုငါးပါးသော ဥပါဒါန်အစွဲမှကျွတ်ပြီ-လွတ်ပြီ။

သီဟိုဠ်သာသနာဝယ်-

ဆွမ်းခံစားသော အလေ့ဖြင့်နေ၍ ပိဏ္ဍပါတိက တိဿအမည်ရှိ စိတ္တာလတောင်နေရဟန်းတော်သည် ဆွမ်းခံလာရာ၏ လမ်းခုလတ်ဝယ် ယောကျ်ားပေး-သွေး ငေးမျှော်လေ့ရှိသော ကလက်ထူပြောမိန်းမချောလေးတစ်ဦးနှင့် ဆုံမိလေရာ ထိုမိန်းကလေးက ထိုရဟန်းမိမိအား စလို-စညား ကျလိုကျညား အကြံဖြင့် ခစ်-ခစ်-ခစ် ဟူ၍လမ်းဘေးမှနေအသံပြု၏။ အမှတ်ဖြင့်လာသော ထိုရဟန်းသည် အမှတ်ဖြင့်ပင် မော့ကြည့်မိလိုက်ချေရာ ပြုံး၍အသုံးပေးနေသော ထိုမိန်းကလေး၏ သွားများကို သွားတွေ့မိ၏။ ထိုစဉ်···

ပေါ်နေသော သွားမှတစ်ဆင့် မပေါ်သောအထဲနေအသား၊ အကြောများတို့ကိုပါ ထွင်းဖောက်ကာ အရိုးစုတစ်ခုလုံးကိုလျှင် အသိဉာဏ်များက သွားတွေ့မိချေတော့ရာ ထိုအရိုးစုသဏ္ဍာန်နိမိတ်ကို ပွားလျက်က ရှေ့နားရှိ သုဿာန်ဇရပ်ပေါ် တက်ထိုင်စဉ် ပထမမဂ်စခန်းဝင်၏။

တစ်ဖန် ထိုစခန်းဝင်ပြီး မဂ်ကိုလျှင် ပစ္စဝက္ခဏာအမြင်ဖြင့်ဆင်ခြင်လျက်ဆက်ပွားရာ ကွမ်းရွက်ထုပ် ခါးဖြင့်ခုတ်ပမာ မဂ်စခန်း

တို့၏အဆုံး အရဟတ္တမဂ်ထိ လွှန်မြောက်စေခဲ့၏။

သည့်ပမာလျှင် ဤ၌ ဉာဏ်သက်ဝင်ဆဲသော သင်ဆိုသော အလှူရှင်သည်လည်း...

စ-ထွက်လာကတည်းက သတိ၏အခြေခံကောင်းများဖြစ်ကြသော စေ့စေ့စပ်စပ် ရှုမှတ်ခြင်း၊ စူးစူးစိုက်စိုက် ချထားပေးခြင်း၊ ဝင်ဘယ်လို- ထွက်ဘယ်သို့ ဆင်ခြင်ဉာဏ်ပါသော အောက်မေ့မှုဖြင့် အသိလျှင် စေခြင်းတို့ဖြင့် အရှိန်ယူတက်လာခဲ့ပါသော်... ။

## ကဲ-လမ်းဆုံးပြီ အားလုံးဆင်းကြတော့

၁။ စေ့စပ်အားကားအထူး ကျန့်နှစ်ပါးကားအကူဖြင့် ဒုတိယစခန်း လှမ်းဝင်ခွင့်ရသွားစေမည်။ ထိုစခန်းကား ကြိုက်-မကြိုက် အစွဲပါးကျဲပေးရုံလေးသာ။

၂။ တစ်ဖန် စူးစိုက်အားကား အထူး ကျန့်နှစ်ပါးကား အကူဖြင့် ဆက်လက်တက်လာခဲ့သော် တတိယမဂ်စခန်း တန်းမတ်စွာပင် ဝင်ခွင့်ရစေပြီ။

ထိုစခန်း၌ ကြိုက်-မကြိုက် ကာမ-ဥပါဒါန်များ ဆင်းသွားကြရပြီ။

၄င်းတို့နှင့်အတူ ကာမစ္ဆန္ဒ နီဝရဏအတား၊ ဗျာပါဒနီဝရဏအတားများလည်း သိက္ခာများနှင့် အားချင်းမမျှတော့ရကား ဆင်းကျန်နေရစ်ခဲ့ကြရပြီ။ သံယောဇဉ်၏ ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်များလည်း ထိုအတားများနှင့် နွယ်တူသီးများဖြစ်ကြ၍ ပုပ်ကျသွားစေပြီ။

၃။ နောက်တစ်ဖန် ထိုသင်သည် သိပိုင်အားကားအထူး ကျန့် (စေ့

စပ်စုးစိုက်) နှစ်ပါးလည်းအထူးတို့ဖြင့် အလုံးအရင်းဖက် ဆက်လက်တက်လာပါသော်ကား စတုတ္ထမဂ်စခန်း မမှန်းဘဲနှင့် ပေါက်သွားပြီ။

ထိုနောက်ဆုံး စခန်း၌ကား ဘာဝသာယာနေသော ရာဂ-မာန-ငါ မသိခြင်း အဝိဇ္ဇာအားလုံးတို့နှင့်တကွ ကျန်သမျှ ကြွင်းသမျှ အောက်မဂ်တို့က မပယ်နိုင်သော အရာအားလုံးပြုတ်ပြုတ်ပြုန်း သုဉ်းသွားစေပြီ။

**သတိ-အသိပါသော ဒါနလက်နက်၏လက်ချက်များတည်း။**

*** အရဟာ မဂ္ဂါ ဝုဋ္ဌာဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ၊**

*** ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ၊**

**ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ပစ္စဝေက္ခတိ၊**

**စေတောပရိယ ဉာဏေန ကုသလ စိတ္တသမင်္ဂိဿ**

**စိတ္တံ ဇာနာတိ။**

(က) ထိုစခန်း ကုန်လွန်မြောက် အရဟန္တအဖြစ်သို့ ရောက်ပြီးသော ရဟန္တာအရှင်သည် အရဟတ္တမဂ်ကျပြီးနောက် ထိုမဂ်ကို ပြန်လည်ဆင်ခြင်သော်လည်း မမြဲသော - ပျက်သုဉ်းသွားသော သဘောမျှသော အခြင်းရာများကိုသာ တွေ့သိနေတော့ရကား ထိုမဂ်၌မသာယာမိ။ ထိုမဂ်မသာယာသည်ကို ထားဦး။ ရှိစေတော့- ရှိစေတော့။

(ခ) ရှေးကဉာဉ်စရိုက်ဝါသနာတို့နှင့်အတူ လိုက်စားမိခဲ့ဘူးသော ကောင်းမှုကုသိုလ်များနှင့် အောက်အောက်မဂ်များကို ပြန်လည်ကာ ဆင်ခြင်ကြည့်၏။ မသာယာတော့။ ရှိစေဦး၊ ထား

တော့။

(ဂ) တစ်ဖန် ရှေးက ပြုကျင့်ခဲ့ဘူးသော ဒါနပွဲခင်း၊ သီလပွဲခင်းတို့ အတွင်း မိမိစိတ်ကို ပြန်လည်သွင်းကြည့်၏။ အမူရာပြဝါသနာ ကသာလာ၏။ ဉာဉ်ကြမ်းစရိုက်ကြမ်းတို့ မလိုက်ပါတော့ရ ကား သာယာစိတ်လည်း ဝင်မလာပြီ။

**မှတ်ချက်။** ။ ရဟန္တာ၌ မယားသစ် - ဟောင်း ပြန်ပြောင်း အောက်မေ့ကြည့်စမ်းခြင်းနှင့်တကွ၊ ကာမ-ပါပ နှစ်ရပ်စလုံးတို့၌ပင် ပြန်ပြောင်းအောက်မေ့ခြင်းများ ဥပါဒါန်မဲ့၏ သဘာဝအရအလျဉ်း မရှိတော့။

သည့်အတူ မိမိလက်ဝယ်ရှိ(သူတစ်ပါးတို့စိတ်အကြံကို သိစွမ်း နိုင်သော) စေတောပရိယအဘိညာဉ်ဖြင့် ရှုသိရာ၌လည်း ကုသိုလ် စိတ်နှင့် ပြည့်ဝသူ၏စိတ်ကိုသာ ကြည့်ခြင်း၊ သိခြင်းအမှုပြုကျင့် သည်။

ထိုကုသိုလ်ရှင်၏ စိတ်အကြံကိုသိရာ၌လည်း သိရုံနှင့် မိမိ ဝါသနာ၏အမူရာပြ (ကြိယာဇောကျ)ဖြစ်သော ဝမ်းမြောက်ဝမ်းသာ မှုသာရှိ၏။ သာယာခြင်း၊ အလိုမကျခြင်းများကား ဖြစ်ပေါ်မလာကြ တော့ပြီ။ သို့မဟုတ် -

- ကုသိုလ်ခင်းနှင်းမိလည်း ကုသိုလ်ဇောမပြု ကြိယာဇောမျှသာ ကျလာတော့မည်။
- အကုသိုလ်ခင်းနှင်းမိလည်း အကုသိုလ်ဇောမပြု ကြိယာဇောမျှ ကျလာတော့မည်။

သို့ကြောင့် အထိကားအထိဖြင့်သာ ပြီးစီးပြီ။ အသိလည်း သိရုံမျှသာရှိသော ထိုရဟန္တာအရှင်၏သဏ္ဍာန်၌ ခန္ဓာသာရှိတော့၏။ ဥပါဒါန်အငြိမဝင်ပြီ။

*   ထိုရဟန္တာပရိနိဗ္ဗာန်အရာဖြင့် သေလွန်သော်ကား ခန္ဓာပင် မရှိတော့ပြီ။

ကားပေါ်တင် ခရီးသည်အားလုံးစုံ အကုန်ဆင်းသွားကြလေပြီ။ ထို့နောက် ကားသည်လည်း မပြုမပြင် မောင်းနှင်၍သာနေတော့သဖြင့် တစ်စတစ်စယွင်း တစ်စင်းလုံးပျောက်ပျက်သွားခြင်းပမာ တည်း။ သို့မဟုတ် ခန္ဓာသာရှိ အစွဲမရှိတော့သဖြင့် အငြိကင်းစင်သွားတော့ခြင်း။

*   လူသားတိုင်းပြုခွင့်ရှိသော အရာဌာနများကား-

၁။   ကုသိုလ်

၂။   အကုသိုလ်

၃။   အဗျာကတခေါ် ကြိယာ (ဝိပါက် -ငင်းကား အပြုမဟုတ် အကျိုး) ထိုသုံးမျိုးတို့ပင်တည်း။ ထိုပြုခွင့်ရှိရာဌာနတိုင်းကို အားလုံးမပြုဖြစ်ကြ၊ ပြုရမှန်းပင် မသိကြ။ တစ်ဖန် ထိုလူသားတိုင်းလျှင် အပြစ်လည်းကင်း ကောင်းခြင်းမင်္ဂလာလည်းဖြစ်စေသော ကုသိုလ်များကိုချည်း သို့မဟုတ် ကောင်းမည် ထင်သည့်အရာကိုချည်း ရွေးလုပ်နေကြ၏။ သို့စဉ်လျက် ဘာ့ကြောင့်-

*   အချို့ကား ကာမပြစ်ထဲရစ်ဝဲလျက် ဝဲလှည့်နေကြရသနည်း။

*   အချို့ကား ပါပပြစ်ထဲရစ်ဝဲဝဲဖြင့် ဝဲလှည့်နေကြရသနည်း။

*   အချို့ကား ဘဝပြစ်ထဲရစ်ဝဲဝဲဖြင့် ဝဲလှည့်နေကြရသနည်း။

မေးသော်... အဖြေကား လေထဲသွားသော ခြေရာကဲ့သို့ မထင်ကျန်စေသော ကြိယာဇောတွင်း မဆင်းမိကြသေးသဖြင့် အကောင်းနှင့်သာ နပမ်းလုံး အကောင်းဆုံးသို့ မရောက်ဖြစ်ကြခြင်းတည်း။

အကောင်းမဆုံးသေးသမျှလည်း တန်ပြန်မကောင်းမှု၏ လုံးထွေးခြင်းကိုလည်း ခံရဦးမည်တည်း။

လူသားတို့သွားရန်အတွက် လမ်းဟူသည်ရှိ၏။ သို့သော် လမ်းကားလမ်းမျှသာ။ သို့ကြောင့် လမ်းသည် အသွားမတော်သူအတွက် အန္တရာယ်။ အသွားတော်သူအတွက်ကား အန္တရာယ်စက်ကွင်းမှ အလွတ်အကင်းတည်း။

ဤကား ပုံချောလောင်း ခ-အဆင့် အပြီးသတ်ခြင်း။

## သဘာဝတရားအားလုံး ပေါင်းရုံးဝေဖန်ခြင်း

ဤအပိုင်းသည် -

ဆိုခဲ့ပြီးအပိုင်းအားလုံးတို့ကို နိဂုံးချုပ်ပေးရာ အပိုင်းလည်းဖြစ်၏။ ခန္ဓာနှင့် ဥပါဒါန်တို့၏စာရင်းကိုလည်း ရှင်းလင်းပေးကြရာ အပိုင်းလည်းဖြစ်၏။

သို့မှသာ လိုရာအခင်းထင်းထင်းမြင်နိုင်မည်ဖြစ်သောကြောင့်။

ခန္ဓာသည်ကား သူ့အုပ်စုနှင့်သူ သဘောတူရာချင်းအုပ်စုဖွဲ့လျက်က သက်မဲ့ဖြစ်သော စက်ယန္တရားရှိ ပင်နယံခွေးသွားစိတ်များပမာ ဓာတ်တို့၏လည်းကောင်း၊ ကံသတ္တိ၊ စိတ်သတ္တိ၊ ဥတုသတ္တိ၊ အဟာရသတ္တိတို့၏လည်းကောင်း၊ တစ်ဖန် ကိလေသာ အထိုးအဆွတို့၏လည်းကောင်း၊ ထိုအရှိန်တွန်းအားများကို မလွန်ဆန်နိုင်သောကြောင့်သာ ရွေ့လျားပေးနေကြရ၏။ သူ့၌ မည်သည့်သတ္တိမျှ

မရှိ ရုပ်နာမ်ခန္ဓာကား မည်သည့်အာရုံကိုမျှပင် မသိမှီးတတ်၊ မည်သည့်ပုံကိုမျှ သိမ်းပိုက်မထားတတ်ကြ။

ဥပါဒါန်တို့ကသာ အစွဲတေးပေး၍ ထိုခန္ဓာတို့ကို သိမ်းစေထားစေ၏။ လိုလားခြင်းကိုလည်း ဖန်တီးပေး၏။ လိုလားရာများနှင့်လည်း စပ်ဟပ်ပေးသေး၏။ ခန္ဓာနှင့်ငါကိုလည်း တွဲပေး၏။ လိုလားရာများနှင့် ငါကိုလည်းတွဲပေးသေး၏။ ငါနှင့်အကျင့်ကိုလည်း ပေါင်းသင်းစေ၏။ ငါနှင့်အကြံပြောများကိုလည်း ဆက်သွယ်ပေးထားသေး၏။

ထိုဥပါဒါန်ကား သူချည်းသက်သက်လားဆိုတော့ မဟုတ်ပါချေ။ ထိုဥပါဒါန်သည် ခန္ဓာ့ဦးစီးဖြစ်သော ဝိညာဏ်ကိုမှီလျက်ကသာ ခိုင်းစေတတ်၏။ သူချည်းမဖြစ်။ ထိုဥပါဒါန်သည် ဝိညာဏ်နှင့်လုပ်ဖော်ကိုင်ဖက်များဖြစ်သော ဝေဒနာ၊ သညာ၊ စေတနာ စသည့် ဝိညာဏ်ရှင် တရားကိုယ်များကို မှီလျက်ကသာ ခိုင်းစေ၏။ သူချည်းမဖြစ်။

အကယ်၍များ သင့်၌ ထိုဥပါဒါန်များက လာရောက်မကူသော် သင်ဆိုသော သင့်ဘဝ-သင့်ခန္ဓာ-သင့်ဖြစ်စဉ်ကြီးကားမောင်းသူမဲ့စက်တပ်ယာဉ်ပမာသာ။

ဝါနတော တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ ဘဝတစ်ခုနှင့်တစ်ခုကို ချုပ်စပ်ပေးတတ်ခြင်းကား ဝါနခေါ် တဏှာတည်း။

ထိုတဏှာမှ မိမိစိတ်ထွက်မြောက်နိုင်ခြင်းကား နိ-ဝါနခေါ် နိဗ္ဗာန်တည်း။

ဝါနဆိုသော တဏှာမှ ထွက်မြောက်ခြင်းကို နိ-ဝါန နိဗ္ဗာန်၊ ထိုတွင် ဘုရား၊ ပစ္စေက၊ ရဟန္တာအရှင်တို့သည် ခန္ဓာရှိ နိဗ္ဗာန်ဆိုရ

၏။ သို့မဟုတ် အစွဲမဲ့စိတ်တော်ကြီးများဖြင့် သီးခြားနေတော်မူနိုင်ကြခြင်း။

ငှင်းနေနိုင်ခြင်းကိုကား သ-ဥပါဒိသေသ နိဗ္ဗာန်(ခန္ဓာသာကြွင်းတဏှာကင်းနိဗ္ဗာန်)စံဆိုရ၏။

နိဗ္ဗာန်မဝင်စံမီကပင် -

နိဗ္ဗာန်ရပြီးသော ထိုအရိယာအရှင်တို့သည် ပရိနိဗ္ဗာန်မဝင်မီအကြား၌ မိမိတို့ဝါသနာအလိုက်

(က) အချို့ကား ဓမ္မဒါနပေးဝေသောအားဖြင့် တရားဟော၏။ ပြ၏။ သို့တစေလည်း မိမိအတွက် ယခုဘို့ နောင်ဘို့ဆိုကာ၊ ဘာကိုမျှလည်း မမျှော်ခေါ် မတောင့်တမိသောကြောင့်လည်းကောင်း၊ မိမိ၌ ထိုသို့ရစေ-ရောက်စေလိုသော စေတနာ မရှိသောကြောင့်လည်းကောင်း၊ ကုသိုလ်ကျိုးကို မရောက် ကုသိုလ်ဖြစ် အမှုအရာမျှလောက်ဖြင့်သာ ပြီးပျောက်သွားမြဲတည်း။

(ခ) အချို့ကား ပုညဒါနပေးဝေသောအားဖြင့် အလှူပေး၏။ ကျွေးမွေး၏။ သို့တစေလည်း စိတ်ခရီးသည် ကုသိုလ်ဇောအစားကြိယာဇောများချည်း ကျစေတော့ရာ ကုသိုလ်ကျိုးသို့မရောက် ကုသိုလ်ဖြစ်အမှုရာမျှလောက်ဖြင့် ပြီးပျောက်သွားမြဲတည်း။

သည့်အတူ စိတ်တိုတတ်သူ၊ စိတ်ဆတ်တတ်သူများလည်း ဒေါသဇောကား မစောတော့ပြီ။ တစ်ဖက်အကျိုးမဲ့စေလိုသော စေတနာရင်း အလျဉ်းကင်းနေတော့ရကား၊ ငှင်းဒေါသဇောများအစား ဝီထိခေါ် စိတ်ခရီးစဉ်တစ်လျှောက်လုံး ဒေါသဖြစ်အမှုအရာနှင့် တူသောကြိယာဇောများသာ ကျတော့သည်။ ကျန်စရိုက်ရှင်များလည်း နည်း

တူချည်းသာ။

ထိုအရှင်တို့သည် ထိုကုသိုလ်-အကုသိုလ်များ၏ လက်ငင်းကျိုးကား ရကောင်းရမည်။ နောင်ဆိုသော တမလွန်ကျိုးဟူ၍ကား လက်ကျန်မရှိကြပြီ။ ဥပါဒါန်ကင်းသော လုပ်ဆောင်ခြင်းများဖြစ်နေကြရကား ဖလင်မပါသော ကင်မရာဖြင့် ဓာတ်ပုံရိုက်ရာ မီးသာပွင့်၍ ပုံမလာပမာတည်း။

သို့နှင့်ပင် ၄င်းတို့စုဆောင်းထားရာ အတိတ်ရိက္ခာထုပ်ကံ အရှိန်မကုန်သေးသမျှ အသက်ရှင်လျက်ကပင် မိမိလည်း နိဗ္ဗာန်၏ အရသာကို (နိရောဓသမာပတ် ဝင်စားခြင်းဖြင့်) ခံစား၏။ ဝိမုတ္တိရသအရာပင်။ သူတစ်ပါးတို့ကိုလည်း နိဗ္ဗာန်၏အရသာကို အချို့တဒင်္ဂ-နိရောဓဖြင့်၊ အချို့ဝိက္ခမ္ဘန နိရောဓ(ဝိက္ခမ္ဘနပဟာန်)ဖြင့်၊ အချို့သမုစ္ဆေဒနိရောဓ (သမုစ္ဆေပဟာန်)ဖြင့် ခံစားစေ၏။ ဓမ္မရသအရာပင်…။

ထိုသို့ ခံစားစေခြင်း၊ စံစားစေခြင်းများ ပြုကျင့်တော်မူကြပြီးနောက် ကံအရှိန်သတ္တိများကုန်ခမ်းသည်နှင့် နိဗ္ဗာန်အာရုံပြု၍ ရဆဲခန္ဓာကိုပင် စွန့်ချထားခဲ့ကြပြီ။ အချို့ မိမိချွတ်ထိုက်ရာ ဝေနေယျများစေ့သည်နှင့် ကံသတ္တိမကုန်ခင်ကပင် နိဗ္ဗာန်အာရုံယူ၍ ခန္ဓာကိုစွန့်ချထားခဲ့ကြပြီ။ ခန္ဓာနှင့် နိဗ္ဗာန်အလဲအလှယ်ပြုလုပ်၍ ဝင်စံတော်မူနေခြင်း။

ထိုနိဗ္ဗာန်ကိုကား အနုပါဒိသေသနိဗ္ဗာန် (ခန္ဓာလည်းကင်း၊ တဏှာကင်းနိဗ္ဗာန်)တည်း။

ထိုအရှင်များ နောင်မည်သည့်ကာလမျှ ခန္ဓာကိုလည်းကောင်း၊ ဥပါဒါန်ကိုလည်းကောင်း ကောက်မကိုင်ဖြစ်မိကြပြီ။

နတ်တလူစာစဉ်

ပင်စင်ရသွားသော သက်ကြားအို အားကစားသမားကြီးများ ပမာသာ။

**အစွဲမရှိအစုပြယ် အစုမရှိအစွဲမချယ်လှယ် လောကဟူသော နယ်ပယ်မှ အငြိမ်းဓာတ်မျှသို့ ဆိုက်သွားခြင်းတည်း။**

## ရှိ၍သာသွားနေကြသော ထိုနိဗ္ဗာန်

သိက္ခာသုံးပါးတို့ဖြင့် ခရီးနှင်ရသော ဝိပဿနာယာဉ်သည် ဗုဒ္ဓဘာသာပိုင်ယာဉ်တည်း။ သိက္ခာရှင်တို့နားသက်ရာမဂ်ဖိုလ်စခန်း ကြီးလေးခုတို့သည်လည်း ဗုဒ္ဓဘာသာပိုင် စခန်းများသာတည်း။ နိဗ္ဗာန် ဟူသော အငြိမ်းဓာတ်တည်ရာသည်လည်း ဗုဒ္ဓဘာသာပိုင်အထိုင်ချ ဌာနတည်း။

သို့ဆိုသော်လည်း ထိုနေရာမျိုးကို…

တဏှာကြီးသောဗုဒ္ဓဘာသာဝင် သားသမီးတို့မသွားနိုင်၊ သွား လည်း မသွားလိုကြ။

တရား၊ ဆရာသမား၊ မိမိသတ္တိ၌ အယုံနည်းသူတို့လည်း မသွား နိုင်၊ သွားလည်းမသွားဖြစ်ကြ။ ဥပါဒါန်ထူပြောလှသော အခြားဘာသာ အခြားသားသမီးတို့ကိုကား ပြောနေစရာပင်မလိုအပ်တော့ပါပြီ။

ထိုနိဗ္ဗာန်(ပရိနိဗ္ဗာန်)သည်…

တဏှာပျက်ယွင်း ဥပါဒါန်အလျှင်းကင်းသွားသောကြောင့် ခန္ဓာ ဟူ၍ကားမရှိ။ သို့တစေလည်း ဓမ္မအာယတန ဓမ္မဓာတ်အားများကား

ရှိမြဲအတိုင်းသာ။ သို့ကြောင့် သင်သည် မိမိရှိ မန အာယတနဖြင့် အာရုံယူ ဖမ်းကြည့်ပါသော်...

မိမိ၏သိက္ခာတင်အင်အား၊ သတ္တိလိုက်၍ ထိုနိဗ္ဗာန်ဝင် အရှင်တို့၏ ဓမ္မဓာတ်များ မိမိမနောဓာတ်သို့ လာဟပ်ကာ မိမိမနောဝိညာဉ်၌ ထင်ရှားလာမည်ကား ဧကန်တည်း။

ထိုအရှင်တို့၌ ထိုဓမ္မအာယတန ဓမ္မဓာတ်အားများနှင့်အတူ နိရောဓသစ္စာလည်း ထိုနိဗ္ဗာန်၌ ထီးထီးမားမား (လျှပ်စစ်ဓာတ်ကြိုး၌ လျှပ်စစ်ဓာတ်အားရှိနေသည့်ပမာ) ထင်ရှားမြဲထင်ရှားနေသည်သာ။

(က) ဝဋ္ဋလှည့်ကိရိယာ ဒုက္ခ၊ သမုဒယတို့ကား ဥပါဒါန်ရောခန္ဓာ ပါမရှိတော့၍ မကိန်း။

(ခ) ဝဋ္ဋဖြတ်ကိရိယာ မဂ္ဂသစ္စာသည်လည်း ခန္ဓာကင်း လမ်းဆုံး ဥပါဒါန်သုဉ်းနေ၍ မကိန်း၊

သို့ကြောင့် နိဗ္ဗာန်ဟူသည် ဘာမျှမရှိဆိုသောစကား သင် ပြောကြားရန် မရှိတော့ပြီ။ ပြောကြားမိသော် သင်မသိသေး၍ ဓာတ်၏သဘောမျှဖြစ်၍ မမြင်ကောင်းသော အရာကိုမြင်အောင်ပြပါဆိုသော် နေ-လတို့ရှိအပူဓာတ် အအေးဓာတ်ကို ဓာတ်ပုံရိုက်ပေးစမ်းပါ ပူဆာသော ကလေးငယ်ပမာသာ သင့်အားဆိုသင့်တော့ရာသည်။

သတ္တဝါအားလုံးတို့တွင် -

(က) အတွေ့အာရုံမျှခံစားခွင့်ရလေသူ လူ-တိရစ္ဆာန်တို့သည်ကား ထိုအတွေ့အာရုံ၏ဆွဲငင်ရာတို့၌ စွဲငြိပါနေကြတော့ရကား အငွေ့မျှဖြစ်သော နတ်တို့၏ကာမအာရုံ၌မခံမင်၊ လူနှင့်တိရစ္ဆာန်များ၏လက်ရှိစိတ်ထားများ။

(ခ) တစ်ဖန် အငွေ့အာရုံမျှခံစားခွင့်ရလေသူ နတ်တို့သည်လည်း

ထိုအငွေ့၌သာ စွဲငြိနေရကား တစ်ဖက်အာရုံမပါ မိမိဈာန်ချမ်းသာဖြင့်သာ နေရမည့်ဗြဟ္မာ့စည်းစိမ်ကို မနှစ်သက်၊ နတ်ဒေဝါများ၏ လက်ရှိစိတ်ထား…။

(ဂ) တစ်ဖန် ဈာန်ချမ်းသာ ရုပ်နာမ်ဘဝဖြင့် ခံစားခွင့်ရလေသူ ဗြဟ္မာတို့သည်လည်း ခန္ဓာမဲ့-အစွဲကင်းအငြိမ်းဓာတ်မျှသာ ကြွင်းတော့သော ဤနိဗ္ဗာန်၏အရသာကို မခံမင်၊ ဗြဟ္မာများ၏ လက်ရှိစိတ်ထား။

သို့ကြောင့် ထိုနိဗ္ဗာန်သည်

တဏှာခေါင်းပါး ဈာန်မဂ်တို့ဖြင့် ဖယ်ရှားရင်းသွားသော ဘုရားသားသမီးများ၏ အရာဆိုသည်ကို သင်သဘောကျသင့်ပြီ။

## အစွဲနှင့်အစု ဟုတ်မဟုတ် သချိုင်းကစောင့်ရှု

ခန္ဓာကား -အစု

ဥပါဒါန်ကား - အစွဲ

ထိုနှစ်ခုအတူတွဲပေးလိုက်သောအခါ ခန္ဓုပါဒါန်ဟူ၍ သင့်၌ဖြစ်ပေါ်လာ၏။ ခန္ဓာတွင်အစွဲကပ်၍ အရပ်ရပ်သို့ ထိုသင်လိုက်လံပြုကျင့်နေတော့ခြင်း။

သင့်လက်ဝယ်ရှိ ထိုခန္ဓုပါဒါန်၏အတွင်းဝယ်

ရှိရှိသမျှ (စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန်-ပညတ်တို့နှင့်မကင်းသော) အရာခပ်သိမ်းအားလုံးစုံ အကုန်ဝင်ပါနေ၏။ သင်ကအစွဲဖြင့်

စု၍ သင့်အားအစုဖြင့် အဆွဲခံထားရသော အစွဲတရား (သင့်အား တရားအစွဲခံနေရခြင်း)များတည်း။

ထိုအရာခပ်သိမ်းတို့သည်-

ဥပါဒါန်ဖြင့် ဆင်ထားသော သင့်ခန္ဓာကြီးကို ပဋိစ္စသမုပ္ပါဒ် နည်းဖြင့်လည်း လည်ပတ်စေ၏။ ပဋ္ဌာန်းနည်းဖြင့်လည်း ကျေးဇူးပြု ပေး၏။ သို့ကြောင့် ဝီထိခေါ် သင့်ခန္ဓာရှိသင့်စိတ်ခရီးစဉ်သည်လည်း

* ရံခါ ကောင်းစွဲကြောင့် ကောင်းမှုထဲသွားလာ လှည့်ပတ်နေရ ၏။
* ရံခါ ကောင်းစွဲကြောင့်ပင် မကောင်းမှုထဲ သွားလာလှည့်ပတ် နေရ၏။

ထိုစိတ်ခရီးသည် တိုသည်လည်း ရှိ၏။ ရှည်သည်လည်း ရှိ၏။ တိုလွန်း ရှည်လွန်းသည်လည်း ရှိချေသေး၏။ ထိုသင်၏ ဝီထိခေါ် စိတ်ခရီးစဉ်တစ်ခု တစ်ခုတို့ ဆုံးတိုင်းလည်း ကုသိုလ်ဇော သို့မဟုတ် အကုသိုလ်ဇောများလည်း ပင်မှည့်မှမျိုးစေ့ကျပမာ သင့်၌ စွဲထင် ကျန်နေရစ်ခဲ့ချေရာ···

(က) အကယ်တိတိ သင်သေခါနီး ကံ-ကမ္မနိမိတ်-ဂတိနိမိတ်တို့ဖြင့် အာရုံယူနေစဉ် ဇောအားလုံးတို့အထဲမှ အကုသိုလ် ဇောကျ သက်ထားသော အာရုံပုံရိပ်တစ်ခုက သင့်၏နောက်ဆုံးစိတ် ကို ဝင်ရောက်စီးနင်းကာ လိုက်ပါသွားချေခဲ့သော်-

သင်သည် (ငါတို့အများပါ) ထိုအကုသိုလ်ကံ၏ ပစ်ချရာ အပယ်ခံဘုံဘဝထဲသို့-

* သင့်ရုပ်ခန္ဓာတွင် သင် မ-သတ္တဝါဖြစ်နေက ဖို-ဘာဝပယ် ၂၇၊ ဖိုသတ္တဝါဖြစ်က မ-ဘာဝပယ် ၂၇ တို့ဖြင့်လည်းကောင်း၊

သင့်နာမ်ခန္ဓာတွင်လည်း ဝေဒနာစေတသိက်က ဝေဒနက္ခန္ဓာအဖြစ်တာဝန်ယူ၊ သညာစေတသိက်က သညာက္ခန္ဓာအဖြစ်တာဝန်ယူ၊ စေတနာနှင့်တကွ ကျန်စေတသိက်အားလုံးတို့က သင်္ခါရက္ခန္ဓာအဖြစ် တာဝန်ယူ၊ စိတ်အားလုံးကား ဝိညာဏက္ခန္ဓာအဖြစ် တာဝန်ယူကြလျက်က လည်းကောင်း၊ အောက်ဘုံသုံး ဒုစရိုက်၊ ကိလေသာ၊ သံယောဇဉ်၊ အာသဝ စသည့် အယုတ်တရား အားလုံးတို့ကိုပါ သယ်ဆောင်၍ သင်သွားရတော့မည်။ ဝီထိခေါ် သင့်စိတ်ခရီးစဉ်ကလည်း မကောင်းအာရုံပြုလမ်းသို့သာ ဘဝစေ့အချိန်ပြည့် အကုသိုလ်မျိုးစေ့ကျချည်း ဖောစုနေမည်သာ။

(ခ) အကယ်တိတိ သင်သေခါနီးအာရုံယူစဉ် ကုသိုလ်ဇော-ကျသက်ထားသည့် ကောင်းသောအာရုံပုံရိပ်က သင့်နောက်ဆုံးစိတ်ကို ကပ်ချိတ်ကာ ကတိနိမိတ်ထင်လှည့်ရလာသော်…

သင်သည် (ငါတို့နှင့်အများသည်) ကောင်းကံပစ်ချရာ သုဂတိဘုံဘဝသို့သာ ဆိုခဲ့ပြီးသောအတိုင်း ရုပ်ခန္ဓာ၊ နာမ်ခန္ဓာစုံပေါ်တွင် အထက်ဘုံသုံးများဖြစ်ကြလေသော ကုသိုလ် သုစရိုက် ပုည-ကိရိယာဝတ္ထု ဗောဓိပက္ခိယ အမြတ်တရားများကိုပါ သယ်ဆောင်ကာ သွားရမည့်အာရုံမှန် စိတ်ကောင်းများကိုချည်းသာ မွေးမြူမည့်ဝီထိခေါ် စိတ်ခရီးစဉ်ကလည်းကောင်း အာရုံထားလမ်းသို့ချည်းသာ မျိုးစေ့ကျပမာ စုဆောင်းလျက်က သွားလာကျက်စားတော့မည်။

ဤသို့ဖြင့်ပင် အထက်ဆီများသို့လည်း သင်အခေါက်ခေါက်ရောက်ခဲ့ဘူးလှလေပြီ။

ဤသို့ဖြင့်ပင် အောက်ဆီများသို့လည်း သင်အခေါက်ခေါက်

ရောက်ခဲ့ဘူးလှလေပြီ။

ထိုသင့်၌ ဘဝစသည်နှင့်မောသေးသည် နားဦးမည်ဟုကား စက္ကန့်မျှပင်မရှိခဲ့။

ထိုသို့ အထက်-အောက် စက္ကန့်မလပ်ခြေရာထပ် သင်သွားနေသော်မှလည်း ခန္ဓာကား-ခန္ဓာမျှသာ၊ ဥပါဒါန်ကလည်း ဥပါဒါန်မျှသာ၊ ချောင်းရေနှင့်ကံရေပမာ သင့်ခန္ဓာကားသင့်ဥပါဒါန်ကြောင့်ဖြစ်ပွားလာရပြီး သင့်ဥပါဒါန်ကား သင်ခံစားမိရာ အာရုံ၊ ပညတ်၊ ကိလေသာတို့အကြားမှပင် ကပ်ပါးပိုးသဖွယ် အမြစ်တွယ်ပါလာခဲ့၏။

တစ်ဖန် သင့်ခန္ဓာ၌ပင်-

၁။ သင့်ရုပ်ကား ဖောက်ပြန်ရုံမျှဖြင့် သူ့ကိစ္စပြီးစီး၏။ တစ်ဖက်ဝေဒနာစသည်သို့ ဘာတစ်ခုမျှကူလည်းမကူ၊ ကူးလည်း မကူး။

၂။ သင့်ရှိဝေဒနာကား ခံစားရုံမျှဖြင့် ပြီးစီး၏။ ထို့ထက်မပို။

၃။ သင့်ရှိသညာကား မှတ်သားရုံမျှဖြင့်ပြီးစီး၏။ ထို့ထက်မပို။

၄။ သင့်ရှိသင်္ခါရတို့ကား တွန်းအားပေးရုံမျှဖြင့် ပြီးစီး၏။ ထို့ထက်မပို။

၅။ သင့်ရှိဝိညာဏ်ကား သိ-သိမှုတစ်ပါး ဘာမျှဆက်လက်၍ မပြုကျင့်တတ်။

(က) သင့်ထံရှိ ၄င်းတို့အုပ်စုငါးစုကို သင်ကြည့်လျှင် အမိန့်ခံ အောက်ငယ်သားများက ဗုံးတစ်လုံးဖောက်ခွဲပေးလိုက်သဖြင့် မြည်ဟီးသံကြီးနှင့်အတူ မီးခိုးလုံးကြီးများ ကောင်းကင်သို့ ပျံ့တက်သွားပါသည်ကို သူ့ဆိုင်ရာတာဝန်ခံလေးဦးတို့ တန်းစီရပ်ကြည့်နေကြရာမှ-

(ခ) တစ်ဦးကား မှိုပွင့်ကြီးအတိုင်းပဲ ဆိုပြီးရပ်သွား၏။

(ဂ) တစ်ဦးကား မှိုပွင့်ဆိုတာသည်လိုကြီးပါကလားဖြင့် ရပ်သွားပြန်၏။

(ဃ) တစ်ဦးကား ပုံပန်းသဏ္ဌာန်သေချာသည်ထက် သေချာရန် မျက်ခြေမပြတ်ကြည့်လျက်က ပြီးသွား၏။

(င) နောက်ဆုံးတစ်ဦးက မှိုပွင့်ဖုံးမီးခိုလုံးကြီးက မီးခိုးမဆုံး မိုးမဆုံးပဲ ပြီးသွား၏။

အထက်ပါငါးမျိုးတို့တွင်-

ဗုံးပေါက်ကွဲရာမှ ဖြစ်ပေါ်လာသော မိုင်းခိုးသည် မှိုပွင့်မဟုတ်သည်ကား အမှန်။ တစ်ဖန် ထိုမိုင်းခိုးကြည့်သူမရှိ၊ သူ့ချည်း မိုးသို့တက်သွားက ပြဿနာမရှိ။ ပြဿနာကိုလည်း ထိုမိုင်းခိုးက ရှာမသွားတတ်၊ ဖောက်ခွဲ၍ ပေါက်ကွဲသွားခြင်းသက်သက်မျှ ဖြစ်နေ၍။ တစ်ဖန် ကွယ်ရာတစ်ဦးတည်းချင်း မှိုပွင့်ကြီးအတိုင်းပဲ ပြောနေလည်း နားထောင်သူ နားလည်သူမရှိက ပြဿနာမရှိ။ အရင်းမပါအဖျားမရှိသောကြောင့် နားထောင်သူရှိသော်မှ နားလည်ရန်မရှိ။

သည့်အတူ ကျန်သုံးဦးတို့လည်း လူသူကွယ်ရာကွယ်ခင်းတွင်သွားရောက်၍ မိမိတို့သိထားသောအတိုင်း တစ်ယောက်တည်းပြောနေကြ ဆိုနေကြသော် အရင်းမဲ့အဖျားမဲ့များချည်း ဖြစ်နေကြ၍ ပြဿနာမရှိပြီ။

အကယ်တိတိ အများပရိသတ်၏ရှေ့မှာပင် ဗုံးကလည်းပေါက်ကွဲပြမည်။ ကျန်လေးဦးဟို့ကလည်း ကိုယ်စွမ်းရာ စွမ်းရာအတိုင်း သုံးသပ်ပေးသူကသုံးသပ်၊ မှတ်တမ်းတင်သူကတင်၊ ထိုမှတ်တမ်းကြီးကိုင်ပြသူကကိုင်ပြ၊ နောက်ဆုံးလူကလည်း ရှင်းလင်းပြပြုလုပ်လိုက်လျှင် ပြဿနာကား တစ်ခုမဟုတ်တစ်ခု ပေါ်မည်သာ။

နတ်တလူစာစဉ်

* ခံစားတတ်ရာဝေဒနာမှပင် တဏှာဥပါဒါန်တို့ ဝင်လာပြီး လည်ပတ်ကောင်းလည်ပတ်မည်။
* မှတ်သားတတ်ရာ သညာမှလည်း ဝိပ္ပလ္လာသ(မှားယွင်းမှု)ဝင်လာပြီး လည်ပတ်ကောင်း လည်ပတ်မည်။
* စေတနာပါ သင်္ခါရများမှလည်း ကံမြောက်မှုဖြစ်ပေါ်စေပြီး လည်ပတ်ကောင်း လည်ပတ်မည်။
* ဝိညာဏ်ခေါ် အသိပေးရာမှလည်း နာမ်ရုပ်များ ဖြစ်ပေါ်လာစေပြီး လည်ပတ်ကောင်း လည်ပတ်မည်။

ထိုလည်ပတ်မှု အစိတ်အပိုင်းအားလုံးတို့သည်ပင် -

ရုပ်နှစ်ခု(အာရုံပြုရုပ်နှင့် အာရုံယူရုပ်) တို့ တိုက်မိကြရာမှချည်း စတင်လာခြင်းကြောင့် အာရမ္မဏသတ္တိလည်း မကင်းတတ်ချေ။ တစ်ဖန် ဖောက်ပြန်မှုအကြောင်းခံ၍ သိမှုခေါ်ခံစားခြင်း စသည် အကျိုးစု ဖြစ်ပွားလာခြင်းကြောင့်လည်း ဟေတုသတ္တိ၏အစွမ်းလည်း မကင်းတတ်ချေ။ ထိုဟေတုကမ္မတာဝန်ခံသတ္တိများနှင့်အတူ ကျန်အခြံအရံပြုသတ္တိများလည်း သင့်ခန္ဓာစဉ်၌ သူ့နေရာနှင့်သူ ထိုက်သင့်သလို ပါဝင်ပတ်သက်လာကြမည်။ သို့ကြောင့်-

သင့်၏ခန္ဓာခေါ် ထိုငါးအုပ်စုတို့သည် ပဋ္ဌာန်းဆက်နှင့်မကင်း၊ ထိုခန္ဓာ့ဖြစ်စဉ်၌ ရုပ်ခန္ဓာမှ နာမ်ခန္ဓာတို့ကို ကျေးဇူးပြုရာဖြစ်၍ ပုရေဇာတကား အထူးပါဝင်မည်။ ဟေတုကား အကြောင်းခံ အကျိုးဆက်ရည်၍သာ ပါသည်ဆိုရ၏။ ရုပ်နာမ်ဆက်ရာ၌ကား ပုရေဇာတကဲ့သို့ အရာမဝင်။

တစ်ဖန်လည်း ဝေဒနာစသည် နာမ်ခန္ဓာတို့မှပင် တဏှာ-ဥပါဒါန်စသည်များ အမှတ်မဲ့ခံစားသူတိုင်း ပါလေ့ရှိတတ်ကြရာ ထိုခန္ဓာ

ခေါ် ငါးအုပ်စုတို့သည် ပဋိစ္စသမုပ္ပါဒ်စက်နှင့်လည်း မကင်း၊ သည့်အတူ အပုညာ၏ကိုလေသာသံယောဇဉ် စသည် အယုတ်တရားအားလုံးတို့နှင့်လည်းမကင်း၊ ပုညာ၏ဒါန-သီလ စသည် အမြတ်တရားအားလုံးတို့နှင့်လည်းမကင်း၊ သို့ကြောင့် သင်က သင့်ခန္ဓာအား ဆွဲကိုင်လိုက်မိလျှင် ထိုသင့်၌ တစ်နွယ်ငင် တစ်စင်ပါနွှန်း ထိုခန္ဓာနှင့် မကင်းရာ အကုန်လုံးတို့လည်း ပါလာတော့သည်သာ။

ခန္ဓာကိုင်မိလျှင် အာယတနဓာတ်သစ္စာတို့သည်လည်း မကင်းရာ မကင်းကြောင်းဖြင့် ပါမြဲပါမည်။

ခန္ဓာကိုင်မိလျှင် ကံ-စိတ်-ဥတု-အဟာရများလည်း မကင်းရာမကင်းကြောင်းဖြင့်ပါမည်။

ခန္ဓာကိုင်မိလျှင် မြေ-ရေ-လေ-မီး ဓာတ်အားပေးကြီးများလည်း (လူ-တိရစ္ဆာန်တို့၌) ပါမည်။ ဘာကျန်နေသေးသည်ဟူ၍ကား သင့်၌ဆိုစရာမရှိပြီ။ သို့ဆိုသော်-

* ဖြစ်လိုလျှင်လည်း သင့်အဖို့ သင့်ခန္ဓာမှပင် ဖြစ်ချဘို့ပင် မဟုတ်လော။
* ပတ်လိုလျှင်လည်း သင့်အဖို့ သင့်ခန္ဓာမှပင် ပတ်ဖို့ပင်မဟုတ်လော၊ စင်စစ် သင်ကိုင်ထားသော သင့်ခန္ဓာသည်ကား ဖြစ်လမ်းနှင့်ပတ်လမ်းကြီးပင်တည်း။

# အမေဝမ်းအောင်းမှ သင်္ချိုင်းမြေအောင်းသို့

ဖြတ်လိုသူတို့အတွက် ဒါန-သီလ-ကုသိုလ်မှုပြုလျက်ကပင် ဥပါဒါန်ကင်း ခန္ဓာမျှကြွင်းသည်ထိလည်းကောင်း၊ ယင်းခန္ဓာသော်မှလည်း နောက်ထပ်တဏှာသစ် ဥပါဒါန်သစ်များ ခိုကပ်ခြင်း ကင်းသွားသဖြင့် နောက်ထပ်ခန္ဓာစားမရတော့ဘဲ ခန္ဓာအစား ဖြစ်ပျက်မစပ် အငြိမ်းဓာတ်မျှကျန်ပုံအထိလည်းကောင်း၊ (ခ)အဆင့်မှနေ အကျယ်ပြဆိုခဲ့ပြီးပြီ။

ဤ၌ကား သင်ဆိုသော ငါ့စွဲ စိတ်ထားအားကြီးနေသူကို

(က) သင်သည် အပတ်သမားဖြစ်နေသေးသော် ခန္ဓာနှင့်ဥပါဒါန် သေကွဲ-ကွဲဖြင့် အိုးစားကွဲသွားကြရန်၊

(ခ) သို့မဟုတ် သင်သည် ဖြတ်သော်မှလည်း မပြတ်စဲသေးသူ ဖြစ်နေသေးသော် ခန္ဓာနှင့်ဥပါဒါန်တို့ သေကွဲ-ကွဲဖြင့် အိုးစားကွဲသွားကြရန် သင့်အား ဤနေရာမှနေကာ အနေမှအသေသို့ ငါတို့က ပို့တော့မည်။

သင်သည် လိုလားစိတ်ဖြင့် ကောင်းမှုပြုခဲ့သူပီပီ

၁။ လူ့စဉ် ငါ၌ စိတ်ညွတ်နေမိသဖြင့် ကိုယ့်ကိုယ့်ကိုလည်း ခင်မင်မှုအား ကြီးကောင်းကြီးနေမည်။

၂။ လူ့စဉ် သူ၌စိတ်ညွတ်နေမိသဖြင့် သူတစ်ပါးတို့အပေါ်၌လည်း ခင်မင်မှုအား ကြီးကောင်းကြီးနေမည်။

၃။ လူ့စဉ် အလှူပစ္စည်း၌စိတ်ညွတ်နေမိသဖြင့် အာရုံတို့အပေါ်၌ လည်း ခင်မင်မှုအား ကြီးကောင်းကြီးနေမည်။

လိုလားစိတ်နှင့်ပြုသော သင့်ကောင်းမှုမှန်သမျှ ထိုသုံးခု တစ်ခုခု

၌ ငြိဘို့သေချာသည်။ ၎င်းတို့အကျိုးပေးအဖြစ် ထိုသုံးခု တစ်ခုခု ငြိလျက်က သင်လူဖြစ်လာရသော်-

သင်ကား ကာမာဝစရ (အလိုကာမ၌ စိတ်သက်ဝင်ထားသော) လူစားတည်း။

ထိုသင်သည် ကာမာဝစရကောင်းမှုရှင်ပီပီ-

ဤဘဝလူဖြစ်နေစဉ် တစ်ဖက်၏သက်ရှိ-သက်မဲ့အာရုံတို့က သင့်အား လာရောက်ထိတွေ့ကြလေတိုင်း-

သင်သည် ကလေးဘဝက ကလေးဘာဝဖြင့်လည်း ခံစားခြင်း စသည်များ၏ စိတ်ထားရာအတွင်းသို့ ထိုလိုစိတ် ထားသွင်းလျက်က ပူဆာခဲ့သည်ချည်း မဟုတ်လော။

သည့်အတူ သင်၏အခြားဘာဝတို့ဖြင့် ကာလသားပိုင်းရောက်သောအခါ၊ အိမ်ထောင်သည် လူလတ်ပိုင်းရောက်သောအခါ၊ လူကြီးပိုင်းဖြစ်သော ဘဝလွန်၊ ယခုသက်ရောက် အဘိုးအို အဘွားအိုပိုင်းသို့ ရောက်လာသည့်တိုင်အောင်ပင် - တစ်ဖက်အာရုံတို့က သင်၏ဆိုင်ရာ တံခါးပေါက်များဆီသို့ လာရောက်ထိတွေ့ အငွေ့ငွေ့တို့ဖြင့် ဟပ်လေတိုင်း ခံစားနေခြင်း၊ မှတ်သားနေမိခြင်း စသည်များနှင့်အတူ ထိုလိုစိတ်သည် အရွယ်လိုက်၍ ကြိုက်ဖြစ်လိုက်သည်ချည်းပင် မဟုတ်လော။ သည့်အတူ မကြိုက်သည်လည်း ထိုကြိုက်ခြင်း၏တွဲဘက်ဖြစ်နေရကား ကြိုက်လိုမှသည် မကြိုက်လိုအဖြစ် ပြောင်းလဲသွားကာ မုန်းပစ်လိုက်သည်ချည်း မဟုတ်လော။

သင်၏အရွယ်အလိုက်ဖြစ်သော ထိုကြိုက်ရာတိုင်းတို့၌ပင် ဥပါဒါန်သည် ဘယ်တုန်းကဘယ်လိုလေးဟူသော အစွဲအတေး ကလေးများနှင့်အတူ သို့မဟုတ် ထိုအာရုံမျိုးခံစားခွင့်ရစဉ်တုန်းက

ဖော နှောင်မှကပ်၍ အာရုံယူထားသော တဒါရုံက သင့်အားလှုပ်နှိုး ပေးလိုက်သည့်အတိုင်း ၎င်းဥပါဒါန်၏ ရှေ့ရှိ တဏှာကို (ဟေး မင်းကောင်ကြီး ငူတူတူလုပ်နေတယ် ကြည့်ပြီး ပညာပြလိုက်ဦး ပမာ) ခန္ဓာသို့မေးငေါ့ပြလိုက်ရာ သင့်ခန္ဓာရှိသောထိုတဏှာသည် ဝိဉာဏ က္ခန္ဓာရှိ သင့်အစွဲသိကို မရ-အရယူပေးရန် အရေးဆိုသောအားဖြင့် ပူဆာလိုက်တော့သည်။

ထိုသို့ ပူဆာရာ၌ ထိုတဏှာသည် သူကိုင်စိတ်၏ အညာကို သိထားသည်ပီပီ ပညတ်ဖြင့် ပုံဖော်အတွေးခိုင်း၏။ နောက်ကြောင်းရှိ ခံစားခဲ့ဘူးပုံများကို ပြန်လှည့်တွေးစေ၏။ ထိုအခါ သင့်ထံရှိ ထိုစွဲ စိတ် မျက်စိပင်မှိတ်မရတော့။ သို့ကြောင့် ထိုစွဲစိတ်သည်

- သင့်ရှိ သူပိုင်ရုပ်ကိုယ်ကြီးအား ဆိုင်ရာတံခါးကို ကျယ်ကျယ် အဖွင့်ခိုင်းထားလိုက်၏။
- သင့်ရှိ ဝေဒနာကိုလည်း ဝင်လာသမျှ ပုံတိုက်အာရုံများကို ဆက်စပ်ခံစားခိုင်းလိုက်၏။
- သင့်ရှိသညာကိုလည်း ခံစားရသမျှ ထိုအဆက်အစပ်များကို တိကျပုံပေါ်လွင်လာရန် မှတ်သားခိုင်းလိုက်၏။
- သင့်ရှိသင်္ခါရများကိုလည်း ဆက်စပ်မှတ်သားပေးထားသမျှ ထိုပုံစံပုံရိပ်များကို ရှေ့နောက်လည်း ခွင်ကျဖြစ်စေ၊ လွတ် ကျလည်းမသွားစေရန် ကြောင့်ကြစိုက်ပေးခိုင်း၏။ အစွဲသိပါ ၎င်းကိုယ်တိုင်လည်း ထိုအဆက်အစပ်တို့နေသားတကျ ထပ်မိ နေစေရန် မပြတ်သိ-သိပေးနေ၏။ ထိုစဉ် သင်အားထားရာ တဏှာသည် သင့်ဝေဒနာကို ခွစီး-စီးလျက်ကပင် တစ်ဖက်က သင့်ဥပါဒါန်ကို အထိန်းခိုင်းလျက်ကလည်းကောင်း၊ တစ်ဖက်

က ဖသသခေါ်အတွေ့ကို အထိန်းခိုင်းလျှက်ကလည်းကောင်း၊ အကြိုက်နှိုက်၍ သာယာတော့ပြီသာ။

ထိုအာရုံပုံရိပ်နှင့် အာရုံပုံရိပ်ရှင်တစ်ဖက်သားခများသည် လည်းကောင်း၊ မိမိသည်လည်းကောင်း၊ ထိုတဏှာအာသာမပြယ်သေးသမျှ သူ့အလိုကျ အသုံးတော်ခံဘဝအဖြစ် အသုံးချခံနေကြရရှာတော့မည်။

အကယ်တိတိ ပြတ်သွားတော့လျှင်ကား သူရောကိုယ်ပါ လှည့်၍ပင်အကြည့်မခံရတော့ပါပြီ။

သို့နှင့်ပင် တဏှာဥပါဒါန်တို့ခိုင်းသမျှ သင့်ဘဝ၊ သင့်ခန္ဓာမည်မျှအလုပ်လုပ်ပေးခဲ့ပြီးပြီနည်း။ သို့နှင့်ပင် သင့်ဘဝ၊ သင့်သက်တမ်း၏ စက္ကန့်နာရီနှင့်အမျှ အလုပ်လုပ်ပေးနေရသူက သင့်ခန္ဓာသုံးခွင့်ရများက ဝေဒနာနှင့်တဏှာမှတ်တမ်းထိန်းက သညာနှင့်ဥပါဒါန်(အိမ်ရှင်ဘက်ကသညာ ဧည့်သည်ဘက်ကဥပါဒါန်)များကလည်း သင့်၌အခါပေါင်းအကြိမ်ပေါင်း ဘယ်နှစ်ပြန်ရှိနေပါပြီနည်း။ ဘဝပေါင်းလည်း သင့်၌ ဘယ်နှစ်ပြန်ရှိနေပြီနည်း။

* ယနေ့သင့်ဘဝ၊ သင့်ခန္ဓာသည် တဏှာဥပါဒါန်တို့ခိုင်းသမျှ စိတ်အဆွေ၊ ရုပ်မထတော့သဖြင့် လုပ်မပေးနိုင်တော့ပါပြီ။
* ထိုနေ့မှာပင် သဘောချင်းမတိုက်ဆိုင်တော့သဖြင့် မယားကြီးကိုကွာ၊ မယားငယ်အသစ်ရှာပေါင်းသည့်ပမာ ထိုတဏှာ၊ ဥပါဒါန်တို့သည် သင့်လက်ရှိခန္ဓာနှင့် အိုးစားခွဲခဲ့၍ လာမည့်ဘဝသစ်ထဲသို့ ခြေစုံပစ်ကူးဝင်သွားကြတော့မည် မုချဧကန်တည်း။

ထိုသို့ တစ်ဘဝ-တစ်ခန္ဓာသေဆုံးရာတွင်

သင်ဆိုသော ရုပ်ခန္ဓာကြီးသည်-

(က) ရုပ်သည် ဖောက်ပြန်တတ်သောသဘောကို ပြသလျက်က

မြေကျင်းထဲဝင်သွားပြီ။ သို့မဟုတ် ထင်းပုံထက် မီးစွဲပြာအဖြစ်ဖြင့် လေထဲလွင့်မျောသွားပြီ။ သင့်ရုပ်က မည်သည့်အသိ၊ မည်သည့်အစွဲကိုမျှ အဖော်ခေါ်မသွား သူ့အစုနှင့်သူ အပျက်သို့တာစူ။

(ခ) သည့်အတူ သင့်နာမ်ခန္ဓာလေးခုထဲမှ ဝေဒနာသည်လည်း ထိုရုပ်သက် ကုန်ဆုံးသည်နှင့် စုန်းစုန်းမြုပ်ပျောက်ကွယ်သွားပြီ။ မည်သည့်အရာကိုမျှခေါ်မသွား ဘဝသစ်တည်ရာတဏှာဥပါဒါန်တို့နောက်လည်း ပါမသွား။ သို့ကြောင့် လူမှ ကူးသွားသောခွေး-လူလိုမခံစားတတ်။

(ဂ) သညာသည်လည်း ထိုရုပ်သက်ကုန်ဆုံးသွားသည်နှင့် စုန်းစုန်းမြုပ်ပျောက်ကွယ်သွားတော့ပြီ။ မည်သည့်အရာကိုမျှလည်း ခေါ်မသွား မည်သူ့နောက်မှလည်းမလိုက် သို့ကြောင့် လူမှကူးသွားသောခွေး လူလိုသညာမရှိ။

(ဃ) စေတနာနှင့်တကွသော သင်္ခါရလုပ်သားများလည်း ထိုရုပ်သက်ကုန်ဆုံးသွားသည်နှင့် စုန်းစုန်းပျောက်ကွယ်သွားကြပြီ။ မည်သည့်အရာကိုမျှ ယူမသွား၊ မည်သည့်နောက်သို့မျှလိုက်ပါမကြောင့်ကြ။ သို့ကြောင့် လူမှဖြစ်သောခွေး-လူလိုမပြုလုပ်တတ်။

(င) အသိခေါ် ဦးစီးဝိညာဏ်သည်လည်း ထိုရုပ်သက်ကုန်ဆုံးသွားသည်နှင့် စုန်းစုန်းမြုပ်ပျောက်ကွယ်သွားရပြီ။ မည်သည့်အရာကိုမျှဆွဲမသွား။ မည်သည့်နောက်မျှလည်းမလိုက်။ သို့ကြောင့် လူမှဖြစ်သောခွေး-လူလိုမသိတတ်။

ထိုခန္ဓာတို့ကား သူ့သဘာဝကံသတ္တိပြအတိုင်း ဖြစ်ပေါ်လာ

ကြရပြီး သူတို့၏သဘာဝအတိုင်းပင် အသီးအသီးသတ္တိပြကြကာ ကံရှိန် သတ္တိကုန်သည်နှင့်အုပ်စုခွဲ၍ ပျောက်ကွယ်သွားချေပြီ။ ဥပါဒါန် လွတ်ခန္ဓာခေါ် ထိ-သိတို့၏ အနတ္တသဘော မပြောဘဲနှင့်သိနိုင် လောက်ကြပြီ။

သင်လက်ခံထားသော တဏှာနှင့်ဥပါဒါန်တို့သည်သာ လက် ဆက်သောအားဖြင့် ဥပါဒါန်သည် ခန္ဓာကုန်ဆုံးသွားသည်နှင့် တစ်ဖက် သို့ တဏှာကူးသွားသာရန် လက်ရှိဘဝသင်အသုံးပြုပြီး ကံ-ကမ္မ နိမိတ်၊ ဂတိနိမိတ်အဖြစ်ဖြင့် တံတားပမာပုံဖော်ပေးထားကာ တဏှာ ကိုကူ၏။ တဏှာသည်လည်း ထိုအစွဲဥပါဒါန်ဖန်ပေးထားသော ထိုပုံရိပ်ကိုလျှင် အာရုံယူလက်ခံအတည်ပြုလိုက်တော့ကာ ဘဝသစ် ထဲသို့ တဏှာရောဥပါဒါန်ပါ လွဲခုန်ဝင်သွားကြတော့ရာ ၎င်းတို့ဝင် သွားသော ဘဝခန္ဓာသစ်ခမျာ ကြက်သည်မ မွေးထားသောခြင်းတွင်း ဝင်ကြက်များပမာ မွေးပြီးနောက် အစားခံရတော့မည်မှာကား မလွဲ ပြီ။

ဤနည်းဖြင့်ပင် တဏှာဥပါဒါန်တို့ကြောင့် သင်သည် ဘဝ ကူးဆက် အောက်ဘက်လည်းကျခဲ့ရပြီ။

ဤနည်းဖြင့်ပင် ယင်းနှစ်ပါးတို့ကြောင့် သင်သည် ဘဝကူး ဆက် အထက်လည်းတက်ခဲ့ပေါင်းလည်း များလှပြီ။

နောင်လည်း ထိုနှစ်ပါးတို့ သင်လက်ခံထားနေသမျှ ထိုသင် ကား ဘဝဘယ်မျှရှည်းမည်၊ ယူဦးမည်နည်း။

ဥပါဒါန်မလွတ်သောအစွဲသိလက်ဝယ်ရှိ ခန္ဓာခေါ်ထိ-သိတို့၏ အတ္တဆန်ပုံသဘော ဤမျှဆိုမပြောဘဲနှင့်သိနိုင်လောက်ကြပြီ။ ဥပါဒါ နက္ခန္ဓတို့သဘာဝ သည်မျှဆိုရှင်းသင့်ပြီထင်၏။

**နတ်တလုစာစဉ်**

ငါတို့သည် -

ဘုရားရှင်၏ဝေနေယျအများထဲမှ ငါတို့နှင့်သက်ဆိုင်သမျှသော ဝေနေယျတို့အတွက် မိမိကျင်လည်ခဲ့ရာမှရသော အတွေ့အကြုံများဖြင့်လည်းကောင်း၊ မိမိသဘောပေါက်သမျှသော အသိများဖြင့် လည်းကောင်း၊ ဆရာမြတ်တို့ သင်ကြားပို့ချပေးထားသော ဩဝါဒများဖြင့် လည်းကောင်း ဝေနေယျတို့ အကျိုးဖြစ်ထွန်းမည့် တရားစကားများကို ထုတ်ဆိုရေးသားခဲ့ပြီးပြီ။

ထိုသို့ရေးသားရာ၌ -

ငါတို့၏အတွေ့အကြုံ၊ အတွေးအသိများကသာ မိမိ၏ဉာဏ်၊ ဝါသနာ၊ စရိုက်တို့အလိုက် လုံးချင်းရိုက်လျက်တွဲဘက် ပါလာချေရာ ငါတို့ဆိုသမျှ အားလုံးအမှန်ချည်းပါဟူ၍ကား ဝန်မခံသာပြီ။ ဘုရားဟော ဒေသနာစဉ်နှင့် အပိုအလိုမရှိ ကွက်တိပါဟူ၍လည်း ဝန်မခံသာပြီ။

ပိုသော်လည်း ပိုရာ၏။ လိုသော်လည်း လိုရာ၏။ သည့်အတူ မှန်သော်လည်း မှန်ရာ၏။ မှားသော်လည်း မှားရာ၏။

သို့ပါသောကြောင့် -

ဤကျမ်းစာလေ့လာသူ (ငါတို့ရေးသမျှ အားလုံးပါ) အကြင် ပညာရှင် သူတော်ကောင်းများသည် ပညာရှိသူတော်ကောင်း ပီသစွာ မိမိရေးသောကျမ်းစာကဲ့သို့ သဘောထားကာ ပိုသောအရာတွေ့က နုတ်ပယ်တော်မူခဲ့ကြပါကုန်။

လိုသောအရာတွေ့ ဖြည့်စွက်တော်မူခဲ့ကြပါကုန်။ သည့် အတူလျှင် အမှားတွေ့က ပြင်ဆင်ခြင်း၊ အမှန်တွေ့က ထောက်ခံခြင်းများဖြင့်လည်း နောက်နောင်းသုတေသီတို့အား လမ်းမှူးများ

ပြုသတော်မူခဲ့ကြပါကုန်။

ထိုယောနိသောမနသိကာယထား သူတော်ကောင်းတို့ ကူပံ့အားကြောင့်လည်းကောင်း၊ ငါတို့တတ်စွမ်းသမျှ ရေးသားထုတ်ဆိုအပ်သော သမ္ဗပဓာန်များကြောင့်လည်းကောင်း-

ဘုရားသာသနာတော်ကြီးနှင့် လောကကား အားလုံးကြီးပွားတိုးတက်ခြင်းသို့ ရောက်ကြပါစေသတည်း။

ဘုရားသာသနာတော်ကြီးကိုလည်းကောင်း၊ လောကသားအားလုံးတို့ကိုလည်းကောင်း၊ နတ်အားလုံးတို့ကလည်း စောင့်ရှောက်ကြပါစေသတည်း။

ထိုသို့လျှင်-

* နိယျာနိကခေါ် လွတ်မြောက်ရာလမ်းကို ပေးတတ်သော ဘုရားသာသနာ-
* ထိုလွတ်မြောက်လမ်းသို့ မှန်းချိန်လျက်သွားနေကြသော ဘုရားရင်ပွား-လောကဖွားများကို လွတ်မြောက်လမ်းစရလျက်ကရှိကြကုန်သော နတ်တို့ကအစောင့်အရှောက်ပေးနေသော် ထိုဘုရားရင်ပွား ထိုလောကဖွားများကလည်း

ဗုဒ္ဓါနုဿတိ - ဒေဝတာနုဿတိဖြင့် ၄င်းတို့အရှိ ကျေးဇူးသိသောအားဖြင့်…

မိမိ၌ရှိသောခန္ဓာတို့၏အစုများကိုလည်း သူ့အစုနှင့်သူ ခွဲထားပေး အကြည့်ဖြင့်ကြည့်နေ သိနေခြင်း၊

မိမိခန္ဓာစုများသို့ လာရောက်တိုက်ခိုက်ကြကုန်သော တစ်ဖက်ခန္ဓာစုများ၏ အာရုံထင်နှင့် အာရုံမှုင်များကိုလည်း အရိပ်နှင့်အရိပ်၏အရိပ်မျှအသိဖြင့် သိနေ-ကြည့်နေတတ်ခြင်း၊

တစ်ဖန် သူ့အစု-ကိုယ့်အစု အတွေ့အဖြစ် အရိပ်ချင်းထိကြရာသို့ အာရုံ၏ဆွဲငင်ရာမှတစ်ဆင့်လည်းကောင်း၊ မိမိရှိ ဝေဒနာ၊ သညာ၊ ဝိညာဉ်တို့၏ချဲ့ကားရာ အရိပ်၊ အရုပ်ကိုအဟုတ်လုပ်ပြရာ ပညတ်နှင့်ညှိ၍လိမ်လှည့်ပြရာမှလည်းကောင်း၊ ကြားဝင်လာကြသော တဏှာရေ့သွား နောက်ပါဥပါဒါန်တို့၏ခြေရှုပ်ပုံများကိုလည်း လိုရာဆွဲ၍ အမြဲနိုင်းစားနေသူများအဖြစ်ဖြင့် သိနေ ကြည့်နေတတ်ခြင်းများ ပွားများနိုင်ကြပါစေကုန်သတည်း။

ဘုရားကလမ်းပြအဖြစ်ဖြင့်ကူ-

နတ်တို့က လမ်းသွားမမှောင့်ရန် အစောင့်ဖြင့်ကူ-

ထိုအကူတို့ကို အခွင့်ကောင်းယူကာ ထိုသို့သိလာ-မြင်လာရန် ပွားများပြီးသည့်နောက်

ဩော်… ငါသည်ကား…

ကိလေသာ့ဝန်-ကမ္မဝန်-ခန္ဓာ့ဝန်-အထုပ်အပိုးများကို ထမ်းပေးနေရသူ ဝန်ထမ်းကြီးပါတကား။

ဩော်… ငါ၏အထက်၌ကား…

ကိလေသာ့ဝဋ်-ကမ္မဝဋ်-ဝိပါကဝဋ်တို့ကို လည်ပတ်စေလျက်က ဥပါဒါန်(တဏှာ)သည် စေတစ်လုံးပိုင်ပမာ လိုက်နေပါသည်တကား။

ဤသို့လျှင် မိမိကားကျွန်-ဥပါဒါန်ကားသခင်အဖြစ်ကို ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထိုးဖောက်ဖောက် သဘောပေါက်ကာ သူ့လက်အောက်မှ လွတ်မြောက်နိုင်ကြပါစေကုန်သတည်း။

သတ္တာနံ သန္တိမေခန္ဓာ၊ ဥပါဒါနာစ ဒွေတေသု။
ခန္ဓာစ ဒါသီယံဠာတိ၊ သာမိကေယေဝုပါဒါနော။
ယထာယေသံ ခန္ဓေခန္ဓေ၊ ဝေါပဇ္ဇာ ယောဂဝံပတိ။
အနုရက္ခာစ ဝိမိယော၊ အာဏာတ္တာစ ပေဒယိတာ။
သယံဝသီ နုဂစ္ဆတိ၊ ဥပါဒါနဿ တဏှာယ။
အဝိဇ္ဇာယ ဝသာယဝါ၊ ဇီဝဏာ ဝတ သံသာရေ။ ။

သတ္တာနံ -သတ္တဝါတို့၏၊ ဘဝေ ဘဝေ- ဘဝတိုင်း ဘဝတိုင်းဝယ်၊ ခန္ဓာစ-ရုပ်လျှင်ပေါင်းစု နာမ်ပေါင်းစုဟူသော အစုဝေးထား ခန္ဓာငါးပါးတို့သည်လည်းကောင်း၊

ဥပါဒါနာစ - ငါ့ကိုယ်-ငါ့ဟာ-ငါ့ဥစ္စာဟု စွဲလမ်းမှုအစုစုတို့သည် လည်းကောင်း၊

ဣမေဒွေ - ဤနှစ်ပါးတို့သည်၊

သန္တိ - ပုထုဇဉ်ဖွား သတ္တဝါအားလုံး၌ ထင်ရှားနေကြပါကုန်၏။

တေသု-ခန္ဓာနှင့်ဥပါဒါန် နှစ်တန်တွဲဘက် ထိုနှစ်ချက်တို့တွင်၊

ခန္ဓာစ - ခန္ဓာငါးပါးသည်ကား၊

ဒါသီယံဠာတိ - ကျွန်အရာ၌ တည်ပါချေ၏။

ဥပါဒါနော - ဥပါဒါန်သည်သာ သာမိဏာဠာတိ - သခင်အရာ တည်ပါ၏။ ယထာ - ဥပမာပေးရပါသော်၊

ယောဂဝံပတိ - အကြင်နွားရှင်သည်၊ ဝေါပဇ္ဇာ - နွား၏နောက်ပါးမှ

* အနုရက္ခာယစ အစဉ်လိုက်ပါ စောင့်ရှောက်ကာဖြင့်လည်းကောင်း၊

* ဝိဒီယာစ - နွားနှင့်တန်စွာ အလုပ်မှန်သမျှတို့ကို ကျနပီပြင်စီစဉ်ကာဖြင့်လည်းကောင်း၊

* **အာဏတ္တာစ** - ဝဲယာကွေ့စေ-ရှေ့တက်စေဖြင့် မြန်သွက်နှောက်ဆုတ် အလုပ်လုပ်စေခြင်းလည်းကောင်း၊
* **ဝေဒယိတာစ** - နွားလုပ်ပေးရာ သူ့ဥစ္စာကိုစားကာ၊ သောက်ကာ၊ သုံးဖြုန်းကာဖြင့်လည်းကောင်း၊
* **သယံဝသီ** - မိမိအလိုကျအတိုင်း၊ **အနုဂစ္ဆတိယထာ** - နိုင်းလျက်ကသာ လိုက်ပါနေဘိသို့၊

**တထာ** - ထိုဥပမာအတူ-

**ယေသံ** - အကြင်သတ္တဝါတို့၏၊ **ခန္ဓေ-ခန္ဓေ** -ခန္ဓာတိုင်း ခန္ဓာတိုင်း-

* **ဥပါဒါနဿ ဝသာယဝါ** - ဥပါဒါန်၏အလိုကျလည်းကောင်း၊
* **တဏှာယ ဝသာယဝါ** - တဏှာ၏အလိုကျလည်းကောင်း၊
* **အဝိဇ္ဇာယ ဝသာယဝါ** - အဝိဇ္ဇာ၏အလိုကျလည်းကောင်း၊
* **ကမ္မကတောဝ** - အမှုထမ်းလျက်ကသာ-
* **သံသာရေ** - သံသရာ၌၊ **ဇီဝကောဝက** - အသက်ရှင်ကြရချေသည်တကား။

ခန္ဓာ-ဥပါဒါန်တို့နှင့်စပ်ဆိုင်ရာစကား ဤတွင်အပြီး။

မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီဥေယျာမ္မသာမိထေရ်

၁၃၆၁ ခုနှစ်
နတ်တော်လဆန်း-၃ ရက်၊ သောကြာနေ့
မောနေယျတော(စကား)
ပုံတောင်-ပုံညာစခန်း၊ ဂန့်ဂေါ။

နတ်တလူစာစဉ်

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

## မဟာဗောဓိမြိုင်ဆရာတော်

## ဝနဝါသီဥဒေယျဓမ္မသာမိထေရ် ၏

### ဓမ္မစာပေတရားတော်များပြန့်ပွားရေး

### ထာဝရငွေပဒေသာပင်

### အလှူရှင်များစာရင်း

၁။ စေတနာရှင်မိသားစု (ခေတ္တ၊ဘန်ကောက်) ငါးသိန်းကျပ်

၂။ ဒေါက်တာတင်ထွန်းအောင်+ဒေါ်ခင်မြတ်မျိုးဆင့်
မိသားစု တစ်သိန်းငါးသောင်းကျပ်

၃။ ဗိုလ်မှူးကြည်စိုးဝင်း+ဒေါက်တာခိုင်ခိုင်လင်း၊
သမီး–မသက်ထားဝင်း မိသားစု၊ ရန်ကုန်။ တစ်သိန်းကျပ်

၄။ ဦးခင်မောင်သန်း+ဒေါ်ငွေ
ရန်ကြီးအောင်ရပ်၊ ဇီးကုန်းမြို့ ကန့်ဘလူမြို့နယ်။ ငါးသောင်းကျပ်

၅။ ဒေါ်သောင်း၊ သား–ဒေါက်တာအိုကော၊
အနောက်ဈေးရပ်၊ ရွှေဘိုမြို့။ ငါးသောင်းကျပ်

၆။ ဒေါက်တာလှထွန်းဝင်း+ဒေါ်ရီရီဝင်း
အောင်သိဒ္ဓိရပ်၊ ဇီးကုန်းမြို့ ကန့်ဘလူမြို့နယ်။ ငါးသောင်းကျပ်

၇။ ဦးအေးသိုက်+ဒေါ်ဝင်းဝင်းစိုး၊ သား–မောင်ဝင်းပြည့်ဖြိုးမိသားစု
အမှတ်–၁၅၊ စကြာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ရန်ကုန်။ ဖုန်း (ရုံး)–၂၂၂၇၇၇၊ (အိမ်)–၅၄၃၆၈၈ ငါးသောင်းကျပ်

၈။ ဦးသွေးချွန်+ဒေါ်နန်းရွှေအေး၊
သုဝဏ္ဏသျှပ်စာစဉ်မိသားစု၊ ရန်ကုန်။ ငါးသောင်းကျပ်

၉။ ဦးမြင့်စိုး+သုမေ့္ဓသိဂီ ဒေါ်သန်းသန်း၊
သား-ကိုမောင်မောင်စိုးသန်းမိသားစု၊ ပျဉ်းမနားမြို့။ သုံးသောင်းကျပ်
၁၀။ဦးကျော်မင်းနိုင်+ဒေါ်စောမွန်လတ် မိသားစု၊ ရန်ကုန်။ နှစ်သောင်းခွဲကျပ်
၁၁။ဦးသန်းအောင် နဝရတ်မိတ္ထူ မိသားစု
လှည်းတန်း၊ ရန်ကုန်။ နှစ်သောင်းကျပ်
၁၂။ဦးဝင်းမောင်+ဒေါ်စိုးစိုးမြင့် မိသားစု၊ မန္တလေးမြို့။ နှစ်သောင်းကျပ်
၁၃။ဦးမြတ်သူ+ဒေါ်အေးမြတ်မွန် M.H.T ဆောက်လုပ်ရေး၊
ရန်ကုန်။ နှစ်သောင်းကျပ်
၁၄။တပ်ကြပ်ကြီးသန်းဝင်း+ဒေါ်ဥမ္မာထွန်း မိသားစု၊
ရန်ကုန်။ တစ်သောင်းငါးထောင်ကျပ်
၁၅။ဦးခင်မောင်ကြည်+ဒေါ်ကျော့ကျော့မိုးမိသားစု
လ/ထမန်နေရှာ(သစ်ထုတ်ရေး)၊ တောင်ငူ(မြောက်)သစ်ထုတ်ရေးအေသ
မြန်မာ့သစ်လုပ်ငန်း၊ တောင်ငူမြို့။ တစ်သောင်းကျပ်
၁၆။ဦးမြသောင်း+ဒေါ်အေးအေးမင်း၊ ရွှေဆိုင်၊
လယ်ဝေးမြို့ တစ်သောင်းကျပ်
၁၇။ဦးမောင်မောင်အေး(တရားရုံးချုပ်ရှေ့နေ)+ဒေါ်တင်မြင့်(သူနာပြု-ငြိမ်း)
အမှတ်(၄)ရပ်ကွက်၊ သာစည်မြို့။ တစ်သောင်းကျပ်
၁၈။ဒေါက်တာမျိုးသန့်+ဒေါ်ခိုင်ခိုင်မော်၊ သမီး-မြကေသီသန့်
ပြည်သူ့ဆေးရုံ၊ သာစည်မြို့။ တစ်သောင်းကျပ်

**နတ်တလုစာစဉ် - ၁**

ဘုရားရှင်နှင့်မခြား တစ်သားတည်းကျလိုသော ရဟန်းတော်များအတွက် . . .

မဟာဗောဓိမြိုင်ဆရာတော်

ဝနဝါသီဥဒေယျမ္မသာမိထေရ်

ရေးသားစီရင်တော်မူသည့်

# ဝိနယ သင်္ဂဟ ကထာ

[စာမူခွင့်ပြုချက်-၉၇/၉၉(၂)၊ မျက်နှာဖုံးခွင့်ပြုချက်-၄၉/၂၀၀၀(၁)]

**နတ်တလုစာစဉ် - ၂**

အမျိုး ဘာသာနှင့် သာသနာတော်ကို ကာကွယ်စောင့်ရှောက်တတ်ဖို့ . . .

မဟာဗောဓိမြိုင်ဆရာတော်

ဝနဝါသီဥဒေယျမ္မသာမိထေရ်

ရေးသားစီရင်တော်မူသည့်

# ကမ္ဘာ့ဘဏ်တိုက်

[စာမူခွင့်ပြုချက်-၄၈၅/၂၀၀၀(၇)၊ မျက်နှာဖုံးခွင့်ပြုချက်-၆၃၆/၂၀၀၀(၁၀)]

**နတ်တလုစာစဉ် - ၃**

သုညမှစလာခဲ့ရသော ဘဝသင်္ခါရတို့အကြောင်း . . .

မဟာဗောဓိမြိုင်ဆရာတော်

ဝနဝါသီဥဒေယျမ္မသာမိထေရ်

ရေးသားစီရင်တော်မူသည့်

# သုညသင်္ခါရကထာ

[စာမူခွင့်ပြုချက်-၅၆၆/၂၀၀၁(၉)၊ မျက်နှာဖုံးခွင့်ပြုချက်-၅၃၇/၂၀၀၁(၉)]

နတ်တလုသာသနာပြုအသင်းမှ စီစဉ်ထုတ်ဝေသည်။

ဖြန့်ချိရေး - သုဝဏ္ဏသျှမ်စာစဉ် (ဖုန်း - ၆၆၀၆၇၀)

# ဂီယာခြောက်ချက်နှင့် လူကား

လူသားများသည် . . .
မိမိတို့လက်ဝယ်ရောက် ခန္ဓာကိုယ်ကောင်ကြီးကို တိုး-ဆုတ်-ကွေ့-ပတ် တန်းတန်းမတ်သွားစေလိုရာ၌ စရိုက်ခေါ် တပ်မက်သောအကျင့်၊ ပြစ်မှားသောအကျင့်၊ သိမှားသောအကျင့်၊ ယုံသောအကျင့်၊ စိစစ်သောအကျင့်၊ မျှော်ခေါ်သောအကျင့် ထိုခြောက်ပါးတို့တွင် တစ်ပါးပါးလက်ကိုင်ထားလျက်က တက်စေ-သက်စေ၏။ အမူရာပြဂီယာများတည်း။

ထိုသို့သွားစေရာ၌ . . .
အကယ်တိတိ မြို့တွင်း-ရွာတွင်းသွား ခရီးလမ်းကြမ်းဖြစ်ပါမူ တပ်မက် ပြစ်မှားတွေဝေမှား သုံးချက်၊ တစ်ချက်ချက်ကို လူသူတို့ ကြိတ်ကြိတ်တိုးလေ ကြပ်ကြပ်ထိုးလေဖြင့် မိမိတို့ခန္ဓာယာဉ် မောင်းနှင်ပေးကြလေကုန်၏။ အကယ်တိတိ လူသူကင်းရှင်း တောတောင်တွင်းဖြစ်ပါမူကား ယုံ-တွေး-သိ သုံးချက် တစ်ချက်ချက်ကို အာရုံငြိမ်သက် သွားလမ်းညက်လေ သွက်သွက်ထိုးလေဖြင့် မောင်းနှင်ကြရလေကုန်၏။

ထိုခြောက်ချက်တို့ အလုပ်လုပ်နေကြစဉ်ကား . . .
စေတနာကား ခြေထောက်လီဗာနင်းသည့်ပမာ စေ့ဆော်လျက်ကသာ . . .
သဒ္ဓါကား ဦးခေါင်းဘယ်-ညာ ငဲ့ပမာ အာရုံတိုက် အလိုက်သင့်ကာသာ . . .
ဆန္ဒ၊ဝီရိယကား လက်နှစ်ဖက်နှင့် စတီယာပမာ အာသာစွဲရဲလျက်ကသာ . . .
စိတ္တ၊ဝီမံသကား မျက်လုံးစုံအကုန်ဖွင့်ကြည့်ပမာ အကြောင်းလမ်း စူးစမ်းနေသည်သာ . . .

သို့ဖြင့်ပင်လူသားတိုင်း မိမိတို့ကိုယ်ခန္ဓာ လိုရာရာခရီးစဉ်မောင်းနှင်နေကြလေရာ . . .

ရံတစ်ခါ လမ်းကြောင်း လမ်းစောင်း လမ်းသရောင်းပေါ်မှာ . . .
ရံတစ်ခါ လမ်းဖြောင့် လမ်းညက် လမ်းကောင်းဘက်ထဲမှာ . . .